www.burmeseclassic.com

မဟိဒ္ဓိစာပေ

# ပြစ်မှု

မဂ္ဂဇင်း

လစဉ် အခန်းဆက်ရသ ဝတ္ထုရှည်များ...

ကျော်ပြည့်သန်း ၏ ပလက်ဖောင်းမင်းသား
မင်းဟိန်းထိဒ် ၏ အတိတ်အကြောင်း
မြဝင် ၏ သွေးချောင်းကလျှံ
ဖိုးကျော့ ၏ ဝေယံကတိုက်ပွဲ
မောင်ရွှေစွန် ၏ အဖော်ကောင်းရှင်




- ကောတီအောင်သိန်း ၏ သူကျန်ကူမှု ပြစ်ဒဏ်......(စာမျက်နှာ - ၄၀)
- ညီမင်းလွင် ၏ မှောင်ခိုကလေး ရောင်းစားခြင်း...(စာမျက်နှာ - ၁၀၃)
- ခင်မောင်ထွန်း(သင်္ဘောတော်)၏ ကျွန်းပြန်ဘုရင်......(စာမျက်နှာ - ၁၅၄)
- ဟန်သီဝင် ၏ မင်းနဲ့ရှုံ ရှေ့မတက်တော့ပါ..........(စာမျက်နှာ - ၂၀၂)
- သိုက်မွှယ် ၏ လက်တစ်ဖက်ရဲ့ ဖြောင့်ချက်........(စာမျက်နှာ - ၂၀၆)
- ဦးစိသုကာ ၏ တရားခံဘယ်သူလဲ...............(စာမျက်နှာ - ၂၁၂)
- ဒါရိုက်တာ ဇော်မော်လင်း၏ မျက်နှာချောတစ္ဆေမ....(စာမျက်နှာ - ၂၃၂)


Graphic: Aung Myo Thant

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

28 MAR 2014

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

ဒေါ်ပုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ စန္ဒာညွန့် ပုံနှိပ်တိုက်၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ မေလ၊ အမှတ်(၂၂၄)

## ကဗျာ ပြစ်မှု

မင်းဂိုင်(မောင်တော)၊ အောင်ဝင့်(မြောင်းမြ)၊ ဆုမွန်ဦး(ဟသ်ာတ)၊ ကိုတူး၊ လွမ်းသျှင်နောင်(မဟာသာရွာ)၊ နေရဲချို၊ မောင်မြမွန်(ချောင်းဦး)၊ စောအောင်ခ(ဘားအံ)။

## ကာတွန်း ပြစ်မှု

မြေဇာ၊ စိုးလွင်အောင်၊ လင်းထူးဇော်၊ ငွဲနေ၊ မိမန်းလေး(တောင်ငူ)၊ သခွတ်၊ ရန်ကြီးအောင်၊ သိမ်းထွန်း။

## ဆောင်းပါး ပြစ်မှု


သိပ်ကောင်းတဲ့စကား
တင်အောင်မိုး(အိမ်မဲ) —— ၃၇

ကမ္ဘာပေါ်ရှိဘာသာစကားများအနက် ထက်ဝက်ကျော်ခန့် ကွယ်ပျောက်မည့်အန္တရာယ်ရှိနေ
မောင်မောင်ခန်းထွေး —— ၁၂၇

ကြွက်ငယ်တစ်ခု အရင်းပြု
သောင်းညာထက်(ပန်းတော်ကျွန်း) —— ၂၄၉

www.burmeseclassic.com

## ရသ ပြစ်မှု


သဲလွန်စမဲ့
မြမြလှိုင် —————— ၆၂

ပြက္ခဒိန်ရာဇာ၏ နောက်ဆုံးခရီး
ဦးဦးသိန်း —————— ၁၅၈

အကြားအမြင် ဦးဘာခန်းနှင့် ဘုရားဗျာပနာဖောက်ထွင်းမှု
အောင်ဘုန်းမြင့်(ကချင်မြေ) —————— ၁၆၂

အမှောင်လွှမ်းသည့် ဆည်းဆာညအကျည်းတန်အလှ
ခင်မောင်အေး(မန္တလေး) —————— ၁၇၂

အမှောင်ခန်းမှ သင်္ကေတများ
ဝသုန်ဟိန်းထက် —————— ၁၈၂

တိမ်သလ္လာဖုံးပါလို့
ရဲမြတ်တင် —————— ၁၉၀

မစိန်ရွှေ ရွှေမဝတ်တော့ပါ
ဟန်သီဇင် —————— ၂၀၂

လက်တစ်ဖက်ရဲ့ ပြောင့်ချက်
သိုက်နွယ် —————— ၂၀၆

တရားခံ ဘယ်သူလဲ
ဦး(ဗိသုကာ) —————— ၂၁၂

တမလွန်ရောက်ချစ်သူ
တာတေကြီး —————— ၂၂၆

မျက်နှာချော တစ္ဆေမ
ဒါရိုက်တာဇော်မော်လင်း —————— ၂၃၂

ရေစိုခဲ့လေသော တစ်ခါတစ်ရံများ
ဝေလွင်မြင့်မောင် —————— ၂၃၈

အပြစ်အတွက် အချစ်က တရားခံ
မိုးပန်းမွှန်(ရာမည) —————— ၂၄၄


## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


တရုတ်ပြည် လူကုန်ကူးမှု(ကလေးရောင်းဝယ်မှု)ပြစ်ဒဏ်
ကောင်း-အောင်သိန်း —————— ၄၁

မွေးကင်းစကလေးများကို လူကုန်ကူးရောင်းစားခဲ့သော
ညိုမင်းလွင်(မော်ကျွန်း) —————— ၁၀၃

ဆေးရုံက ကလေးမှားပေးမိသဖြင့်
ဖြစ်ရသည့်ကြေကွဲဖွယ် ဇာတ်လမ်း
ညိုမင်းလွင်(မော်ကျွန်း) —————— ၁၀၄

စိတ္တဇလူသတ်သမားလေး
ကောင်းအောင်သိန်း —————— ၁၀၅

အလှမယ် အသတ်ခံရမှု တစ်နိုင်ငံလုံးဆူပွက်
ဦးဦးသိန်း —————— ၁၃၁

လိမ်လည်မှု၊ အလစ်သုတ်မှုတို့ကို ကျူးလွန်ခဲ့သော
မိန်းမချောလေး
ဦးဦးသိန်း —————— ၁၅၇

ရှေးရေစက်ကြောင့်လေလား
စိန်ဝင်းမော် —————— ၁၇၇

လူကုန်ကူးခံခဲ့ရသူ လူငယ် နှစ် ၂၀ ကြာမှ
မိသားစုနှင့် ပြန်လည်စုစည်းမိ
ကြည်ဇေဟန် —————— ၁၉၇


## စာပေသုခုမ သတင်းလွှာ


ပြစ်မှုစာအုပ်စင်
ကသစ်နီ —————— ၂၅

သုခုမသတင်းလွှာ
အမ်ကေ —————— ၂၇


## ရယ်စရာ ပြစ်မှု


ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား —————— ၂၉


www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု


မာယာအရိပ်အတိတ် ကျိန်စာသင့်ခဲ့ပြီ(ဇာတ်သိမ်း)
**ကျော်မင်းနိုင်** ———————— ၄၄

ပလက်ဖောင်းမင်းသား(၅)
**ကျော်မြသန်း** ———————— ၈၀

ထောင်မှူးများအလိုရှိသည်(၈၆)
**ဖယိုးဇော** ———————— ၉၈

အတိတ်အကြောင်း ပြောင်းသည်မရှိ(၁၁)
**မင်းဟိန်းထိုဝ်** ———————— ၁၀၆

သွေးချောင်းကာလျှံ(ဇာတ်သိမ်း)
**မြဇင်** ———————— ၁၁၆

သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(ဇာတ်သိမ်း)
**ဒိုးကျော** ———————— ၁၃၂

အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၅)
**မောင်ရွှေန်** ———————— ၁၄၄


## နိုင်ငံရပ်ခြား ရသပြစ်မှု


ဘုရားသခင်ကို မယုံကြည်သော လူနီကြီး
**ရှန်းရှန်းထင်** ———————— ၄၈

မင်း ဘယ်ပြေးမလဲ အချစ်ရယ်(ဇာတ်သိမ်း)
**ရှုအောင်** ———————— ၆၄

သမ္မတကို လုပ်ကြံသူ(ဇာတ်သိမ်း)
**အောင်သန့်ချစ်** ———————— ၇၄

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
**လှမိုး(ပညာရေး)** ———————— ၉၀

စွန့်လွှတ်စွန့်စား မီးသတ်သမား
**သူတော်စိန်** ———————— ၂၄၆

သိုးထိန်း
**ဖန်မော်ဇော်လှိုင်** ———————— ၂၆၂


## ဥပဒေ ပြစ်မှု


အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
**ဦးစောလှိုင်** ———————— ၉

ကျွန်းပြန်ဘာရင်နှင့် ကိုရွှေမိုးတို့ဇာတ်လမ်း
**ခင်မောင်ထွန်း(လမ်းမတော်)** ———————— ၁၄၄

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
**စလင်း-ဦးအောင်သိန်း** ———————— ၁၆၇

ရာဇဝတ်ပြစ်မှု ကျူးလွန်သူများနှင့် စပ်လျဉ်းပြီး· · ·
**ကောတီအောင်သိန်း** ———————— ၂၃၂


## တစ်မျက်နှာ ပြစ်မှု

**ကိုကိုအောင်(မြကန်သာ)၊ မောင်လင်းလတ်၊ အောင်ဆန်းလင်း(ဘီအေ)၊ မြင့်နိုင်၊ ထက်အောင်ထူး၊ ရှမ်ခွင်ကျော်-မောင်တော်သီး၊ ကိုကိုလှ(ကမာမြေ)၊ ဝင်းယုမောင်၊ ကိုမိုးတင်အောင်၊ နောင်ပေါ့မာန်(တောင်ငူ)၊ ဝေသွန့်ဟိန်းထက်၊ ပိုက်မင်းဝေ၊ ကိုကိုလှ(ကမာမြေ)။**

## ဖေဒင် ပြစ်မှု


သိဿာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
**ဒေါက်တာ စောယုနွယ်** ———————— ၂၈၂



| | | |
|---|---|---|
| မျက်နှာဖုံးဂရပ်ဖစ် | - | အောင်မျိုးသန့် |
| အတွင်းဖလင် | - | မျိုးဝင်းကျော် |
| ကွန်ပျူတာစာစီ | - | တင်မိုးနိုင်။ |
| စာအုပ်ချုပ် | - | ရှုကီး(၁၁၄) လမ်း။ |
| အတွင်းပန်းချီ | - | ကျော်ဦး၊ KN ၊သန့်ဇော်သစ်၊ ပညတ်၊ ဖိုးအောင်၊ မောင်းခြင်ဝ်၊ စံလွင်မောင်၊ နေဝင်းအုံ။ |

www.burmeseclassic.com

"ဝမ်းနည်းပါတယ်၊ ကျွန်တော်
သေသေချာချာ စစ်ဆေးတာပါ၊
သူ့မှာရှိတဲ့
နဂိုရောဂါအခြေခံကြောင့်
နှလုံးရပ်ပြီး ဆုံးရတာပါ"

မြမြလှိုင်————၄၂

သဲလွန်စမဲ့







"အဲဒါဟာ မာယာပေါ့ကွယ်၊
မရှိဘူး မဟုတ်ဘူး၊
ရှိခဲ့ဖူးတယ်၊
ဒါပေမဲ့..."

ကျော်မင်းနိုင်————၅၄

မာယာအရိပ်အတိတ်

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို
အရာဝန် လာကြည့်ပြီးသွားပြီပဲ၊
သူက ကိုယ်ခေါ်လိုက်လို့ ...
မမှတ်မိတော့ဘူးလားကွ"

လူအောင်————၆၄

**မင်း ဘယ်ပြေးမလဲ အချစ်ရယ်**

"ခင်များတို့က
ဖစ်းလားဆီးလားနဲ့
မပေါင်ရာ ဆီလူးမနေစမ်းပါနဲ့၊
ကျုပ်တို့မှာ ကျုပ်တို့
အပိုပေးကြည့်နိုင်လို့ကြည့်တာ"

ကျော်မြသန်း————၇၀

**ပလက်ဖောင်းမင်းသား**



www.burmeseclassic.com

www.burmeseclassic.com

"ဒါ…သက်သက် မဟုတ်ဘူး၊
မောင်လေးရဲ့ တည်ခဲ့မှာကျော့တဲ့
စိတ်ကလေးကို သိထားလို့
ဒီကိစ္စကို…"

မင်းပဟိန်းထိဝ်———၁၀၆

အတိတ်အကြောင်း
ပြောင်းသည်မရှိ






"အေး…ဒါပေမဲ့
မင်းတို့နှစ်ယောက် သတိထား၊
သူတို့က မင်းတို့ကို
ဒီလိုခိုင်းပြီး ဘယ်လိုများ
ဆက်သွယ်မလဲလို့ …"

မြဝတီ———၁၁၆

သွေးချောင်းကလျှို့

www.burmeseclassic.com

www.burmeseclassic.com



"ခင်များတို့ ကျွန်တော်တို့

မသေလို့ ပြန်တွေ့ကြရတာနော်၊

ဘယ်လိုဖြစ်ရတာလဲ ပြောစမ်းပါဦး၊

ခင်များတို့ သူ့ရဲ့ကောင်း ..."

ဖိုးကျော့———၁၃၂

**သေမင်းကိုအာခံ**

**ဝေယံကတိုက်ပွဲ**




"တော်တော် အလိုက်ကန်းဆိုး

မသိတဲ့ရဲ၊ လူ့ဖူရေးကို

တကယ်နားမလည်တာပဲလား၊

မသိသားဆိုးရွားတာပဲလား"

ခင်မောင်အေး(မန္တလေး)

———၁၇၂

**အမှောင်လွှမ်းသည့်**

**ဆည်းဆာည**

www.burmeseclassic.com

www.burmeseclassic.com



# လှူရှင်းပွဲ

အောင်ဝင်း(မြောင်းမြ)

□ "[illegible]ဓာတ်
ဓာတ်မကြောင်ပေမဲ့
ဓာတ်ဆောင်က ဒီမောင်တွေပဲ"

□ "ဟ ... ဖိုးထောင်ရေ မင်းစဉ်းစားကြည့်
မချိအောင်နာနေတဲ့ ဒို့ရဲ့သရုပ်
ဒီမောင်တွေ မဖော်ထုတ်နိုင်ဘူး
အပုပ်နံ့ညှီစို့ သူတို့ရဲ့မျက်နှာရရေး
သူတို့အရေးပေး က,လိမ့်မပေါ့
ဒွ ... ကျသကွာ"

□ "မ,စပါလို့
ကျုပ်ပြောပေးရမလား အဘိုး"

□ "ပိုဆိုးသွားပါ့မယ် ချက်ဖောင်းရယ်
အသက်ပေါင်းများစွာ စတေးခဲ့ရတဲ့တို့
မစိုမပို့နဲ့တော့ မရဘူးနော်"

□ "အိမ်ပျက်ပျက် မီးလောင်လောင်
တောင်ပြိုပြို ပြေပျောက်ပျောက်
သေကံမရောက် သက်မပျောက်တဲ့ အဘိုးရေ့
ဒီနေ့ကစ ဆိုးနေတဲ့ ဓာတ်လမ်းနဲ့ သရုပ်ဆောင်
ထွက်မလာရဲအောင်
ကျုပ်တို့ ပြောင်သွားအောင် ရှင်းကြစို့"။ ။



www.burmeseclassic.com

www.burmeseclassic.com



## ညှိုသိုးများ

ဝင်းနိုင်(တောင်တော)

■ အမြို့မှာနိုက်
လောက်ဆုံးမှုက်၍
မှုဆိုက်သမျှ
တာမှုမကျန်
ကံအကျိုးပေး
အနွန့်စရေလေး
စဦးတော့စရာ
ရှိမှာတော့စရှ
ထင်သာမြင်သာ
မရှိပါဘူး
ရောက်ရှာသွားကြ
ပြန်လာကြနှင့်
ဧဒဘဝနိုးကျွန်
လွမ်းပြင်အခါ ပြန်နှုတ်ကြ ။



www.burmeseclassic.com

www.burmeseclassic.com

# တက်ပေါင်းသန်း

[illegible]



- မရှုန်းပါနဲ့
  မင်းဟာ နှံ့မှုမဟုတ်တာ . . .။
- မသွားပါနဲ့
  မင်းဟာ ညှော်သည့်မှုမဟုတ်တာ . . .။
- မကွယ်မပျောက်ပါနဲ့
  မင်းဟာ ညတစ်ညမှုမဟုတ်တာ . . .။
- နားလည်မှုတွေပြတ်တောက်
  မုသားတွေ တောင်လိုမောက်တဲ့အထိ
  အလွမ်းတွေ
  ဖြိုင်ဖြိုင်သွန်းနေပါရစေ
  ခွဲခြမ်းစိတ်ဖြာ
  ဘဝအလှာမခြားဘဲ
  တဖြုတ်ဖြုတ်လွင့်ကြွေ
  ဘာကြောင့် သမုဒယတွေ အရည်ပျော်နေသလဲ
  ငွေငွေငေးငေးအတွေးတစ်စုံနဲ့
  သောကတောမှာ ငိုင်မနေပါနဲ့
  ဖြိုင်နေတာမဟုတ်ဘူး
  မင်းတီမ်းမယ့်ယိမ်းမှာ
  ကိုယ်တစ်ယောက်
  ပါဝင်ကပြခွင့် ရပါရစေ . . .။ ။



www.burmeseclassic.com

www.burmeseclassic.com

# နောက်ပြန်လှည့်ကြည့်ခြင်း

ဇေအောင်ဒ(ဘားအံ)

- အိမ်နံရံကို လောင်နေတဲ့မီးထဲမှာ
  တစ်ပီသာရုလုံး မျက်ရည်နဲ့
  ငိုနေလုံးဝေသွးပါသွားတယ်။

- လောင်ကျွမ်းစရာ အပိုင်းစများက
  ရွှေ့နဲ့ဓာ ဖြစ်သွားတဲ့အခါ
  မျက်လုံးဖွင့်ပြီး အိပ်မက်မက်ခဲ့ရ။

- ကံဆိုးခြင်းတွေ
  ငိုသွေးထဲကနေ ဖြစ်လာတော့
  နှစ်သိမ့်စရာ နှလုံးသားတစ်ခုပဲရှိတော့တယ်

- တရားရှာဖွေရင်း
  မျှော်လင့်ချက်ကို တူးသွားပေါ်မှာတင်မိတော့
  ဒုက္ခကို သတိပြုစရာမရှိတော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com

# ကျောမွဲကဗျာ

ထိုထူး

□ သခင်မျိုးဟေ့ တို့ဗမာ ရဲရဲတောက်ကာ ကြွေးကြော်ခဲ့ကြ
မျက်မှောက်ကာလ သည်ချိန်ခါ ကျွန်ဖြစ်ဖို့ရာ ပြေးရလွှားရ
ထိုင်း ဒူဘိုင်း စင်ကာပူ နိုင်းသမျှလုပ်ရ မငြူရ
မလေး ဂျပန် ကိုရီးယား ကျွန်ခံကြစို့လား။

□ ကျွန်မသားကြီး စင်ကာပူ သားငယ်က ဂျပန်မှာပေါ့
သမီးငယ်က ဒူဘိုင်းမှာ သားတိုင်းမိခင် ဂုဏ်ချင်းပြိုင်ကြ
လိမ္မာကြပါ သားတို့ရေ နိုင်းသမျှလုပ်ပါ ငွေချွေတာလို့
ရလာသမျှ စုဆောင်းပြန်ပို့။

□ လုပ်စားရိုးခေါင်း ချွေးကဟောင်း ကမ္ဘာမီးလောင် သားကောင်ချနင်း
အိုးမကွာအိမ်မကွာ ကျွန်ဖြစ်အောင် တရုတ်စကားတောင် တတ်ဖို့လိုအပ်
မျိုးမစောင့်ဇာတ်တူ အမဲဖျက်ယူ ဟာသံကိုးသောင်းမျက်တဲ့မှု
ရေဝတီ စစ်တောင်း ရွှေကောင်းမယူ အမြီးအရင်းကောင်းရင် ရက်သားရက်သား
ဂက်စ်လား ကြေးလား ရွှေတွင်းလား အလကားနီးပါး အကုန်သာယူ
လူကိုယူပါ အကုန်ယူပါ လုပ်ချင်ရာလုပ် ခွင့်ပြုမှာပေါ့
အိုးမကွာအိမ်မကွာ လာပါလာပါ သခင်ကြီးတို့။

□ ဘဘကြီးတို့ အစီအမံတော် နိုင်ငံတော် ဖွတ်ကျောပြာစု
ဖြတ်သန်းခဲ့ နှစ်ငါးဆယ်ကျော် မရှင်သနော် နင့်ကျောငါထု
ထားရစ်ခဲ့တဲ့အမွေနော် ဘတို့ပျော်ပျော် တိုင်ချွတ်ရောင်းစား
မြက်မနုလို့ ရေမကြည်သနော် ငါတို့တော်တော် ကျွန်ဖြစ်လို့သွား
ရင်ထဲလှိုက်ကာ မချိပါလား။ ။





www.burmeseclassic.com

www.burmeseclassic.com

# သရုပ်မှန်

ဆောင်မြှား(ချောင်းဦး)

- ဆောကာစားပြေး၊ ညီညွတ်သေး၏
  အိမ်မွေးခြံပေါက် ခွေးနှစ်ကောင် ...။

- သူနိုးဝင်လျှင်၊ ဟောင်သံဆင်၍
  ဘဝင်စိတ်ကြွ၊ မာန်စွယ်ပြ၍
  စည်းလုံးကြကာ၊ ကိုက်ခဲပါ၏ ...။

- သခင်လှုံဆော်၊ အို .. အို .. ခေါ်က
  မြူးပျော်ရွှင်ပြ၊ ပြေးလွှားကြ၏
  အာဂခွေးချင်း ကျရှိုင်းမင်း ...။

- သို့သော်လည်း
  အမဲရိုးသာ၊ မြင်ကြပါသော်
  ဟိန်းကာဟောက်လိုက်၊ လုယက်ကိုက်၍
  တိုက်ခိုက်ဆိုးညစ်၊ ဇီဇဝင်သည့်
  ခွေးတွင်ခွေးစိတ် မပျောက်တကား ...။





www.burmeseclassic.com

www.burmeseclassic.com



# အနှစ်စစ် သစ္စာ

လွင်ဆွေနောင်(ဗေဒသစ္စာ)

- ကျောက်တို့ကို ပုံတော်ထု
  ကြေးသတ္တုကို ပုံသွန်းခံ
  အိမ်ဦးခန်းရဲ့ စင်မြင့်ယံမှာ
  နေ့စဉ်ဦးခိုက် ပူဇော်လိုက်ကြတာ
  ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာ။

- ဘုရားနှင့်အတူ နှစ်ဆူသောဘုရား
  ကိုယ့်အနီးနားက မိဘနှစ်ပါးကို
  သက်ရှင်ကိုယ်တွေ့ ဆုံးမမှုတွေရှိနေသရွေ့လည်း
  အရေးမယူ အမှုမထား
  ဘဝတစ်ခုမှာ လှည့်ကွက်များရင်
  ဖြစ်နိုင်ပါ့မလား ဗုဒ္ဓဘာသာ။

- ဘုရားမလှူ ကုသိုလ်မရ
  မိဘမကျွေး ငရဲဘေးတဲ့
  ရှေးရိုးစကား ရှိလို့ထားခဲ့
  စေ့စေ့တွေး ရေးရေးပေါ်
  ကျေးဇူးတရားရဲ့ ဇာတ်ခုံပေါ်ကို
  ကြည့်မိစမ်းပါ ဗုဒ္ဓဘာသာ။

- မေတ္တာတရားရဲ့ အနှစ်
  သစ္စာတရားရဲ့ အစစ်အမှန်
  အပေါ်ယံမဆန်တဲ့ အေးမြမှုသဏ္ဌာန်(၁)
  မိဘတိုင်းမှာ ရှိပါတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



# ဆောင်းချိုချို

ရဲ့ရိ

□ မုခါး

□ နှင်းခါး

□ ဇွေခါး
ခရစ်တော်မပေါ်မီက အချစ်နဲ့
အေဒီသက္ကရာဇ်ရဲ့ သံယောဇဉ်စကားလုံးတွေပေါ့။

□ ချိုသာတဲ့ ရာသီဥတုကို
ကြိုဘ်သန်းခဲ့ရတဲ့ အထောက်အထား
သမိုင်းတွေရှားပါးကုန်ပြီ နှင်းရယ်။

□ ဒီတစ်ဆောင်းတော့ဖြင့်
ပျောင်းသွယ့်သွယ့်နှင်းရနံ့နဲ့
သင်းပျံ့တဲ့သဇင်မြေ
ရှိရှိသမျှ ဇကြာဝဋ္ဋာတွေကိုပါချန်မထား
အမုန်တရားတွေနဲ့ အေးမြလို့ပေါ့
မခါးပါစေနဲ့တော့လားနှင်းရယ်။ ။



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com




ကာတွန်း ဝင်းကြီးအောင်.



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဆင်ဖြူကျွန်းကျော်လှိုင်ဦး၏ အဝလွန် အဆီတိုးနှင့် ရောဂါအဖုံဖုံ ကုထုံးအဖြာဖြာ

မြန်မာ့ဝိုင်းရင်းဆေးပညာရှင် စာရေးဆရာ ဆင်ဖြူကျွန်းကျော်လှိုင်ဦး ရေးသားပြုစုသော ကျန်းမာရေးဆောင်းပါး ဖြစ်သည်။

ဤစာအုပ်တွင် အဝလွန်အဆီတိုးနှင့် ရောဂါအဖုံဖုံ ကုထုံးအဖြာဖြာကို ထောင့်စေ့အောင် ဖော်ပြထားရာ ကျန်းမာရေးကို လွန်စွာမှ အထောက်အကူပြုသည့် စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရမည်။ ဤစာအုပ်၏ ကောင်းမွန်ခြင်းဂုဏ်အင်္ဂါရပ်တို့အား သမားတော်ကြီး ဦးသောင်းနိုင်၊ သမားတော်ဒေါက်တာသက်ဆွေ၊ ဆရာအောင်ကျော်စိုး၊ ဆရာမြင့်ဝင်းနီ၊ Health Update ဂျာနယ်အယ်ဒီတာ ဒေါ်နွဲ့တင်တို့၏ အမှာစာများတွင် တွေ့ရသည်။ ဆရာ့ဆရာများ ရည်ညွှန်းထားသလိုပင် ဤစာအုပ်သည် လူတိုင်း လက်စွဲပြုထားသင့်ပေသည်။ ဤစာအုပ်ကို လေးလေးနက်နက်ဖတ်ရှုပြီး ဆောင်သင့်သည်ကိုဆောင်၊ ရှောင်သင့်သည်ကိုရှောင်ပါ။ မိမိတို့ ကြုံတွေ့နေရသည့် ရောဂါဝေဒနာများ လျင်မြန်စွာ ပျောက်ကင်းပြီး အမြတ်ဆုံးဖြစ်သော "အာရောဂျ ပရမာ လာဘာ"တည်းဟူသော တန်ဖိုးမဖြတ်နိုင်သည့် လာဘ်လာဘသုခများနှင့် ပြည့်စုံနိုင်လိမ့်မည်။

အဝလွန်အဆီတိုးနှင့် ရောဂါအဖုံဖုံ ကုထုံးအဖြာဖြာစာအုပ်အား ပန်းချီမြင့်ဦးက မျက်နှာဖုံးသရုပ်ဖော်၍ ဆေဇာလင်းက အတွင်းသရုပ်ဖော်ထားလျက် သပ်ရပ်ခံ့ညားစွာ ထုတ်ဝေထားပြီး ကုသလဝါယမစာပေက တန်ဖိုး ၂၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ရာ အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

## နိုင်မျိုးသစ္စာ(နမ္မတူ)၏ အနာဂတ်အလုပ်သမားများ ကဗျာပေါင်းချုပ်

ကလေးများအတွက် အထူးတလည် လိုအပ်နေသော စာပေအမျိုးအစားတွင် ဆရာဆရာနိုင်မျိုးသစ္စာ (နမ္မတူ)၏ အနာဂတ်အလုပ်သမားများအမည်ရှိ ကလေးကဗျာများ စာအုပ်သည် တစ်တပ်တစ်အား ပါဝင်အားဖြည့်လိုက်ပြီ ဖြစ်သည်။

ဤစာအုပ်တွင် ပညာရေးရာ ကလေးကဗျာများ၊ သုတလိမ္မာကလေးကဗျာများ၊ ကုသိုလ်ရေးရာ ကလေးကဗျာများ၊ ပွဲတော်ချိန်ခါ ကလေးကဗျာများ၊ နေ့မြတ်မဟာကလေးကဗျာများ၊ ရွတ်ကြမယ်လေ ကဗျာရှည်များ စသည်ဖြင့် အခန်းကဏ္ဍ (၆)ခုခွဲကာ ကဗျာပုဒ်ရေ စုစုပေါင်း(၁၀၂)ပုဒ်တိတိ ဖော်ပြထားပေသည်။ ကလေးကဗျာဟူသည် လူကြီးကဗျာကဲ့သို့မဟုတ်။ ကလေးတို့ နားလည်သဘောပေါက်လွယ်မည့် ဝေါဟာရစကားလုံးတို့ကို ရွေးချယ်သုံးနှုန်းရသကဲ့သို့ ငြိမ့်ညောင်းသာယာ၍ ရွတ်ဆိုဖွယ်ကောင်းသည့် အသံကာရန်တို့ဖြင့် ဖွဲ့စည်းရသည်။ ဆရာနိုင်မျိုးသစ္စာ(နမ္မတူ)သည် ကလေးတို့အပေါ်တွင် ချစ်ခင်စိတ်ကြီးမားစွာဖြင့် လုံ့လဥဿဟပြုကာ ဤစာအုပ်ကို ရေးသားထုတ်ဝေလိုက်ခြင်းအတွက် များစွာမှ နှစ်ထောင်းအားရဖြစ်မိသည်။ ဤစာအုပ်၌ အမျိုးသားစာပေဆု(ကလေးစာပေ) နှစ်ထပ်ကွမ်းရ ဆရာမင်းရွှေမင်း(အင်းစိန်)က အမှာစာရေးသားပြီး ခံ့ညားသပ်ရပ်သော အပြင်အဆင်၊ လှပသော အရောင်အသွေးတို့ဖြင့် ရုပ်ပုံကလေးများ ထည့်သွင်းကာ ထုတ်ဝေလိုက်ရာ ရင်သွေးငယ်ရှိသော မိဘတိုင်း ဝယ်ယူလျက် ကလေးတို့ကို မလွဲမသွေ ပေးဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းဆိုလိုပါသည်။

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ တန်ဖိုး ၁၅၀၀/-ကျပ် သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီ ဖြစ်၏။

## အောင်ကြည်ညွန့်(တက္ကသိုလ်)၏ ပုလဲရတနာ ဘာသာပြန်သုတဆောင်းပါးများ

စာပေသက်တမ်းအားဖြင့် ၃၈ နှစ်ခန့်ရှိပြီဖြစ်သော ဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)၏ ဘာသာပြန်သုတဆောင်းပါးများ စုစည်းမှုဖြစ်သည်။ ၂၀၀၇ ခုနှစ်မှ ယနေ့တိုင် ရေးသားခဲ့သော ဘာသာပြန်ဆောင်းပါးများအနက် သင့်တော်ရာ ဆောင်းပါး ၃၈ ပုဒ်ကို ရွေး



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ထားခြင်းလည်း ဖြစ်သည်။

ဆရာအောင်ကြည်ညွန့်(တက္ကသိုလ်)သည် ပညာရေးလောကတွင် အဆင့်မြင့်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး စာနယ်ဇင်းများစွာတွင် ဘာသာပြန်၊ ပင်ကိုရေး သုတရသစာပေများစွာ ရေးသားနေသူဖြစ်သည့်အပြင် စာနယ်ဇင်းအချို့တွင် အယ်ဒီတာ၊ အကြံပေး အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ ဒု-ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်သာကမရုပ်ရှင်လောကတွင်လည်း ကျင်လည်ခဲ့သည့်အပြင် မြန်မာနိုင်ငံ မူးယစ်ဆန့်ကျင်ရေးအသင်း(ဗဟို)တွင်လည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ထမ်းဆောင်လျက်ရှိပေသည်။

ဤစာအုပ်၌ ဖော်ပြထားသော ဘာသာပြန်သုတဆောင်းပါးများမှာ စာဖတ်ပရိသတ်အတွက် အတိုင်းအတာတစ်ခုတစ်ခုထိ အကျိုးပြုမည်မှာ သေချာသည်။ ဘာသာပြန်အတတ်ပညာ ကျွမ်းကျင်သည့်အလျောက် ပညာရေး ကျန်းမာရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေး သိပ္ပံနှင့်သမိုင်း စသည့် သုတဘာသာရပ် ကဏ္ဍပေါင်းစုံတို့ကို ဖတ်ချင့်စဖွယ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ထားပေသည်။ ဤစာအုပ်အား မင်းထက်နိုင်၏ ဒီဇိုင်းဖြင့် မွမ်းမံထားပြီး မြစုရတနာစာပေမှ တန်ဖိုး ၁၅၀၀/- ကျပ်ဖြင့် ဖြန့်ချိလိုက်သည်။

## တာတေ၏ သချိုင်းရှင်မ မဖဲဝါ

"ညမဖတ်ရ"ဟူသည့် ရည်ညွှန်းစာနှင့်အတူ သရဲတစ္ဆေဝတ္ထုစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ထွက်ရှိလာသည့် စာရေးဆရာ တာတေ၏ ဝတ္ထုသစ်ဖြစ်သည်။ မဖဲဝါကို သင်္ချိုင်းစောင့်သည့် အရှင်သခင်မဟု အများနားလည်ထားကြသည်။ သင်္ချိုင်းနှင့်ပတ်သက်သည့် တစ္ဆေသရဲဝတ္ထုများသည် ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ် ဘယာနကရသကို ပေးစွမ်းနိုင်သည့်အတွက် စွဲလမ်းစွာဖတ်ရှုနေကြသော ပရိသတ်တို့မှာ တစ်ပုံတစ်ပင်။

ဤသင်္ချိုင်းရှင်မ မဖဲဝါစာအုပ်၌ ဝတ္ထုတို ၅ ပုဒ် ပါဝင်သည်။ မဖဲဝါရဲ့ ခွေးကြီး၊ ကဝေမျိုးရဲ့ အချစ်၊ ကြိုးနဲ့ကာတဲ့ခြံ၊ နို့ဆွဲ၊ အင်းသရဲတို့ ဖြစ်ကြသည်။ ဝတ္ထုတစ်ပုဒ်ချင်းမှာပင် ဆွဲဆောင်မှုက အပြည့်။ တစ်ပုဒ်နှင့်တစ်ပုဒ်ကလည်း သီးခြားမဆန်ဘဲ အဆက်အစပ်ရှိနေသည့်အတွက် တာတေ၏ စာအုပ်များကို ပရိသတ်လက်ခံဖတ်ရှုနေကြခြင်း ဖြစ်၏။ မျက်နှာဖုံးဒီဇိုင်း ယမုံစိုး၏ မွမ်းမံမှုဖြင့် အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၃၀၀/- ကျပ် သတ်မှတ်ကာ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ကြည်အေးခင်၏ အမှန်တကယ်အောင်မြင်ရန် လိုအပ်သော လျှို့ဝှက်ချက်များ

လူငယ်စာရေးဆရာမ ကြည်အေးခင်၏ တက်ကျမ်းအမျိုးအစားဝင် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။ ဤစာအုပ်၌ (၁) ဘာပဲလုပ်လုပ် စမ်းတဝါးဝါး မလုပ်ပါနဲ့၊ (၂) စိတ်ကို ရေချိုးပေးပါ၊ အာဟာရဖြည့်ပေးပါ၊ (၃) မိမိဟာ ဘာလုပ်ချင်တာလဲ၊ (၄) မိမိက ခံနိုင်ရည်ကော ဘယ်လောက်ရှိပါသလဲ၊ (၅) မိမိကရော ဘယ်လောက်ကောင်းပါသလဲ၊ (၆) မိမိရဲ့စွမ်းအင်အား ဘယ်လောက်ပြင်းပြပါသလဲ၊ (၇) ကိုယ့်ကိုယ်ကို အားကိုးတတ်စိတ် မွေးမြူပါ၊ (၈) မိမိသည် အဘယ်မျှလောက်ရိုးဖြောင့်တည်ကြည်ပါသလဲ စသည့် အခန်း(၈)ခန်းဖြင့် အောင်မြင်မှုလမ်းကြောင်းများကို ပြသထားပေသည်။

အောင်မြင်ကြီးပွား တိုးတက်လိုသူတိုင်း မလွဲမသွေ ဖတ်ရှုလေ့လာသင့်သော ဆရာမ ကြည်အေးခင်၏ "အမှန်တကယ် အောင်မြင်ရန် လိုအပ်သော လျှို့ဝှက်ချက်များ"စာအုပ်အား အလီမှာစာပေမှ တန်ဖိုး ၈၀၀/-ကျပ် သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ကာသစ်နီ



www.burmeseclassic.com

www.burmeseclassic.com

## ကာတွန်း(ဦး)ဖေသိန်း အလွမ်းပြေကာတွန်းပြပွဲ ကျင်းပ

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကာတွန်းဆရာကြီး ဦးဖေသိန်းရဲ့ နှစ်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် သူ့ကာတွန်းလက်ရာများ အမှတ်တရပြပွဲကို (၁.၂.၂၀၁၄)နေ့ နံနက် ၁၀း၀၀ နာရီကစလို့ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ Gallery 65 မှာ ခင်းကျင်းပြသခဲ့ပါတယ်။

အဲသည်ပြပွဲမှာ ကာတွန်းဆရာကြီးဦးဖေသိန်းရဲ့ ဘဝသမိုင်းမှတ်တမ်း ဓာတ်ပုံများ၊ ပုံကြမ်းများနဲ့ လက်ရေးမူရင်းများ၊ ၎င်းဖန်တီးခဲ့တဲ့ ခေါင်းစီးစာလုံးများ၊ စီးပွားရေးကြော်ငြာများ၊ ရုပ်ရှင်ကြော်ငြာများ၊ ရုပ်ပြစာအုပ် မူရင်းလက်ရာများ၊ ပြည်သူ့သို့ အစီရင်ခံစာများ အပါအဝင် မူရင်းသရုပ်ဖော်ပုံများ စုစုပေါင်း ၁၀၀ ကျော် ပြသခဲ့ပါ၏။ အဲသည်ပြပွဲကို ဖေဖော်ဝါရီလ ၃ ရက်နေ့ထိ နေ့စဉ် နံနက် ၁၀း၀၀ နာရီက ၅း၀၀ နာရီထိ ပြသခဲ့ပြီး ကာတွန်းပုံရောင်းရတဲ့ငွေတွေကို ကာတွန်းဦးဖေသိန်းဖောင်ဒေးရှင်းထူထောင်လို့ ပရဟိတလူမှုရေးအဖွဲ့အစည်းတွေကို လှူဒါန်းသွားမယ်လို့ သိရှိရပါတယ်။

---

## အဆုံးမဲ့အချစ် ဒီဗီဒီ ခံစားနားထောင်ရတော့မည်

အချစ်သီချင်း အေးအေးချိုချိုကလေးတွေကို ကြိုက်နှစ်သက်ကြသူတွေအတွက် တေးသံရှင် ချမ်းချမ်း၊ L-ဆိုင်းဇီ၊ ပန်းပန်တို့နဲ့ စုံတွဲသီဆိုထားတဲ့ သီချင်းတွေ ပါဝင်မယ့် "အဆုံးမဲ့အချစ်" ဒီဗီဒီဟာ ဖေဖော်ဝါရီလအတွင်းမှာပဲ ပရိသတ်ထံ ရောက်ရှိပါတော့မယ်။

အဆိုပါ ဒီဗီဒီမှာ တေးရေးစောခူဆဲ၊ မြင့်မိုးအောင်၊ မျိုးကျော့မြိုင်၊ ကမ်လီ၊ ပြုံးကြီးနဲ့ တေးသံရှင် ဂျက်ဆန်ထွန်း ကိုယ်တိုင်ရေးသားထားတဲ့ သီချင်းတွေ ပါဝင်ပါတယ်။ Pop နဲ့ R & B သီချင်းအမျိုးအစားတွေ ဖြစ်ကြပြီး သီချင်းတွေကို ဒါရိုက်တာဇော်ကြီး၊ ဘုဏ်းသိုက်၊ ရဲမင်းသူနဲ့ ဂျက်ဆန်ထွန်းတို့ ရိုက်ကူးပေးထားတဲ့အကြောင်း သိရှိရပါတယ်။

---

## သီးလေးသီးအဖွဲ့၏ အခမဲ့ ဖျော်ဖြေပွဲ

မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ နိုင်ငံသားတွေရဲ့ လူနေမှုဘဝအခက်အခဲတွေကို ထင်ဟပ်စေတဲ့ ပြက်လုံးတွေကြောင့် သီးလေးသီးအဖွဲ့ကို ပရိသတ်တွေ များစွာမှ နှစ်ထောင်းအားရ ဖြစ်ခဲ့ကြပါတယ်။

အဆိုပါ သီးလေးသီးအဖွဲ့ဟာ ပရိသတ်ရဲ့မေတ္တာကို တုံ့ပြန်တဲ့အနေနဲ့ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့)က ရန်ကုန်မြို့ ကန်တော်ကြီးမျှော်စင်ကျွန်းမှာ အခမဲ့ဖျော်ဖြေခဲ့ပါတယ်။ အစီအစဉ်ထဲမှာ ဇာဂနာနဲ့ မင်းကိုနိုင်တို့ ရေးစပ်ထားတဲ့ သီချင်းတစ်ပုဒ်အပြင် တိုင်းရင်းသားအရေးနဲ့ဆိုင်တဲ့ ပြက်လုံးတစ်ခုပါရှိကြောင်း သတင်းရရှိပါတယ်။

---

## Myanmar International Fashion Week 2014

Myanmar International Fashion Week 2014 ကို ဒုတိယအကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီလ ၇ ရက်မှ ၉ ရက်နေ့အထိ ရန်ကုန်မြို့ရှိ Junction Square မှာ (ညနေ ၆း၀၀ နာရီမှ ည ၉း၀၀ နာရီအတွင်း) ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါပွဲမှာ ထိုင်းနိုင်ငံက ဒီဇိုင်နာတွေရဲ့ အဝတ်အစားဒီဇိုင်းတွေကို နာမည်ကျော် မော်ဒယ် ၃၀ ကျော်က ဝတ်ဆင်ပြသခဲ့ပါတယ်။ ဒီဂျေသောသောနဲ့ Dancer တွေရဲ့ ကပြဖျော်ဖြေမှုအစီအစဉ်များ၊ အဆိုတော်များရဲ့ တေးသီချင်း

www.burmeseclassic.com

သီဆိုမှုများ၊ မျက်လှည့်ဖျော်ဖြေပွဲများ၊ နိုင်ငံခြားက အနုပညာရှင်များရဲ့ ဖျော်ဖြေတင်ဆက်မှုများ ပါဝင်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

## Iron Cross အဖွဲ့၏ Valentine Day အကြိုဖျော်ဖြေပွဲ

Bagan Entertainment က စီစဉ်တဲ့ Iron Corss အဖွဲ့ရဲ့ Valentine Day အကြိုဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၉ ရက်နေ့ ည ၇း၀၀ နာရီက ၁၁း၀၀ နာရီထိ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်မှာ ကျင်းပခဲ့ပါတယ်။

အဆိုပါပွဲမှာ Iron Cross အဖွဲ့ရဲ့ နာမည်ကျော် တေးသီချင်းဟောင်းတွေကိုသာမက တေးသီချင်းအသစ်တွေနဲ့ပါ သီဆိုဖျော်ဖြေသွားခဲ့ပါတယ်။ လက်မှတ်ရောင်းဈေးကတော့ ကျပ် ၇၀၀၀ိ/- ဖြစ်ပါသတဲ့။

## ဒုတိယအကြိမ်မြောက် မြို့တော်ရန်ကုန် ဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲ

ဒုတိယအကြိမ်မြောက် မြို့တော်ရန်ကုန် ဓာတ်ပုံပြိုင်ပွဲနဲ့ ပြပွဲ ၂၀၁၄ (Beauty of Colourful Yangon Photo Contest & Exhibition 2014) ကို လာမယ့် မတ်လမှာ ကျင်းပမယ်လို့ သိရပါတယ်။

အဲသည်ဓာတ်ပုံပြိုင်ပွဲမှာ ရန်ကုန်မြို့တော်ရဲ့ ပွဲတော်များ၊ မြို့တော်သားများရဲ့ လူနေမှုဘဝများ၊ စိမ်းလန်းနေတဲ့ ဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့တော်ရဲ့ သမိုင်းဝင်အဆောက်အအုံများ စတဲ့ ကဏ္ဍလေးခုကို ထည့်သွင်းကျင်းပဖို့ရာ စီစဉ်ထားပါတယ်။ ပြိုင်ပွဲပြပွဲကို မတ်လ ၁၉ ရက်မှ ၂၁ ရက်နေ့ထိ ရန်ကုန်မြို့တော်ခန်းမ ပထမထပ်မှာ ကျင်းပသွားမယ့်အကြောင်း သတင်းရရှိပါတယ်။

## ဂီတနက်သန် ဂန္ထဝင်ရေစီး စာတမ်းဖတ်ပွဲ

၁၈-၁-၂၀၁၄ နေ့ နံနက် ၁၁း၀၀ နာရီအချိန်က မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)၊ ပန်းဆိုးတန်းလမ်း၊ အမှတ်-၁၇၃/၁၇၅)၊ (၈)လွှာရှိ စာရေးဆရာအသင်းခန်းမမှာ စာရေးဆရာ မော်ဝန်းကြည်မြတ်က သုတေသနပြုရေးသားထားတဲ့ "ဂီတနက်သန် ဂန္ထဝင်ရေစီး" စာတမ်းကို ဖတ်ကြားတင်သွင်းခဲ့ပါတယ်။

အခမ်းအနားမှာ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဆရာမနုသယကျော်ဝင်းက အမှာစကားပြောကြားခဲ့ပါတယ်။ သည့်နောက်မှာတော့ စာတမ်းရှင် ဆရာမော်ဝန်းကြည်မြတ်က ဂီတနက်သန် ပထမခေတ်ဖြစ်တဲ့ ကိုစောညိန်းရဲ့ ဘဝအတ္ထုပ္ပတ္တိနဲ့ သူ့ရဲ့သီချင်းများအကြောင်းကို အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့နဲ့ တွဲဖက်တင်ဆက်ခဲ့ပါတယ်။ ဂီတနက်သန်တေးသီချင်းတွေကို ဆရာလယ်တွင်းသားစောချစ်၊ ဆရာမကြူကြူသင်း၊ ဆရာမောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ ကာတွန်းရွှေမင်းသား အစရှိတဲ့ စာပေပညာရှင်တွေက သီဆိုပေးခဲ့ကြပြီး ဆရာကြီးဂီတနက်သန်ဦးအုန်းလွင်၊ တယောဦးတင်ရီ စတဲ့ အနုပညာရှင်တွေက တီးမှုတ်ပေးခဲ့ကြပါတယ်။

**အမ်ကော** (စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com



## အာဂသူခိုး

တရားရုံးတစ်ခုတွင် ဖြစ်သည်။ ခိုးမှုဖြင့် တရားစွဲခံထားရသော တရားခံအား တရားသူကြီးသည် တရားခွင်၌ အမှုစစ်လေ၏။

"မောင်မင်း...ဟန်းဆက်ရောင်းတဲ့ဆိုင်ထဲကို ဝင်ပြီး လေးကြိမ်လေးခါတိတိ ဟန်းဆက်ခိုးခဲ့တယ်လို့ဝန်ခံတယ်နော်"

"ဝန်ခံပါတယ် တရားသူကြီးမင်း"

"အေး...တစ်ခါဝင်တိုင်း ဟန်းဆက်တစ်လုံးခိုးလိုက်နဲ့ လုပ်နေတာ အံ့ဩစရာတော့ အကောင်းသား။ ဘာကြောင့် မင်းသည်လို လေးကြိမ်တိတိ လုပ်ခဲ့ရတာလဲ"

"အဲ...ကျွန်တော့်မိန်းမက ပထမသုံးကြိမ်စလုံး ကျွန်တော်ခိုးလာခဲ့တဲ့ ဟန်းဆက်အမျိုးအစားကို မကြိုက်ဘူးလို့ ပြောလို့ပါ တရားသူကြီးမင်း"

"ဟေ..."

*****

## ဒါတော့လည်း ဟုတ်တာသားပဲ

ကားသာမောင်းတတ်ပြီး ကား၏စက်ကိရိယာအစိတ်အပိုင်းကို ဘာမျှနားမလည်သော သမီးဖြစ်သူက ကုမ္ပဏီရုံးခန်း၌ရှိနေသော ဖခင်ထံသို့ ဖုန်းလှမ်းဆက်နေ၏။

"သမီး လမ်းဘေးကနေ ပြောနေတာ ဒက်ဒီ။ အခု သမီးရဲ့ မော်တော်ကား ပြဿနာတက်နေတယ်"

ဤတွင် တစ်ဖက်မှ ဖခင်ကလည်း ပြန်ဆက်သွယ်၏။

"နေစမ်းပါဦး...သမီးမောင်းတဲ့ကားက ဘယ်လိုများ ပြဿနာတက်ရတာတဲ့လဲ"

"ကာပရိုက်တာထဲ ရေဝင်နေလို့ ဒက်ဒီရဲ့"

"ဟဲ့...ကျားသားမိုးကြီး။ ကာပရိုက်တာထဲ ရေတွေဝင်နေတယ်ဟုတ်လား။ ပေါက်ကရတွေမပြောစမ်းပါနဲ့ သမီးရယ်"

"အမှန်တကယ် ပြောနေတာပါ ဒက်ဒီရဲ့။ သမီးပြောတာကို ယုံပါ"

"အဟား...ဟား...ယုံချင်စရာမှ မဟုတ်ဘဲလား

www.burmeseclassic.com

ကွယ်။ သမီးက ကားကို မောင်းရုံပဲ မောင်းတတ်တာ။ ကားမှာ ရှိတဲ့ ကိရိယာအစိတ်အပိုင်းတွေဆိုတာ ဘာမျှသိလို့တုံး။ အခုတော့ ကြည့်စမ်း။ ကာပရိုက်တာကို ရေတွေဝင်နေသတဲ့။ အလကား ယုံတမ်းစကား"

"ဒက်ဒီ···မယုံရင်လာကြည့်ပါ။ ကားက ရေမြောင်းထဲ ထိုးကျသွားတာ"

"အယ်···"

*****

## သိပ်သိပ်ပြီးတော့ ဆိုးပါသည်

စိတ်ကျန်းမာရေး အထူးကုန်ဆေးခန်းရှိ ပါရဂူထံသို့ လူကြမ်းဇာတ်သမားတစ်ယောက် ရောက်လာပြီး သူခံစားနေရသော ဝေဒနာအတွက် ဖွင့်ဟအကူအညီတောင်းခံသည်။

"ဆရာရယ်···ကျွန်တော်က ယခုနေကပွဲက လူကြမ်းမင်းသား မိုကောက်ပါ"

"ဟုတ်ပါပြီ။ ခင်ဗျားရုပ်ရည်နဲ့ ကောက်နေတဲ့ နှုတ်ခမ်းမွေးက လိုက်ဖက်ပါတယ်။ ကိုင်း···ဘာများဖြစ်လာလို့လဲ"

"သည်လိုပါ ဆရာ။ ကျွန်တော်ဟာ ကိုယ်သရုပ်ဆောင်ရမယ့် အခန်းပြီးလို့ အိပ်ရာထဲခေါင်းချပြီး အိပ်ပျော်သွားတဲ့အခါ အိပ်မက်ဆိုးတွေ အမြဲလို မက်တယ်ဆရာ"

"အလို···ဘယ်လိုမျိုး အိပ်မက်ဆိုးပါလိမ့်။ ပြောစမ်းပါဦး"

"သည်လိုပါ။ အိပ်ပျော်လို့ အိပ်မက်မက်ပြီဆိုရင် ကျွန်တော့်အပေါ်မှာ မိုးစက်ပိုင်တို့၊ ခင်ဝင့်ဝါတို့၊ လုံးလုံးတို့၊ နီနီခင်ဇော်တို့၊ မြူမြူကျော်သိန်းတို့ ဝိုင်းလာကြပြီး သူ့ထက်ငါ အတင်းကာရော ဖက်ဖို့၊ နမ်းဖို့ ကြိုးစားကြတယ်ဆရာရဲ့"

"ဟား···ဟား···ဟား··ခင်ဗျားနယ်ဗျာ။ ဒါအိပ်မက်ဆိုးဖြစ်မလားဗျာ။ လူတစ်သန်းမှာ တစ်ယောက်မက်ဖို့ မလွယ်တဲ့ အိပ်မက်ကောင်းဥစ္စာ။ ကျုပ်တောင် နေရာချင်း လဲလို့ရရင် လဲလိုက်ချင်သေးတယ်"

"ဆရာရယ်···အိပ်မက်မက်နေတုန်းမှာ ကျွန်တော့် အနေအထားကိုလည်း မေးဦးမှပေါ့"

"နေပါဦး။ အိပ်မက်ထဲမှာ ခင်ဗျားက ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမလဲ ဆရာ။ အိပ်မက်ထဲမှာ ကျွန်တော်က မိန်းကလေးဖြစ်နေတယ်တဲ့ ခင်ဗျာ"

"ဟိုက်···သေလိုက်"

*****

## မှတ်သားလောက်ပါတယ် ...ဟော့

ဉာဏ်ကြီးရှင်ပြိုင်ပွဲတစ်ခု၌ "ယောက်ျားနှင့် မိန်းမတို့၏ ကွာခြားချက်များ" ဟူသည့် ခေါင်းစဉ်ဖြင့် ပြိုင်ပွဲကျင်းပရာ စာရင်းပေးထားသူအသီးသီး ဝင်ပြိုင်ကြသည်။

ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ ယှဉ်ပြိုင်လာကြသော အဖြေလွှာများကို စိစစ်ပြီးသည့်နောက် အကောင်းဆုံးအဖြေလွှာတစ်ခုကို ရွေးချယ်ကာ ဆုချီးမြှင့်လေ၏။ ဆုချီးမြှင့်ပွဲ၌ "ယောက်ျားနှင့် မိန်းမတို့၏ ကွာခြားချက်များ" ဆုရ အဖြေလွှာကိုပါ အများသူငါ သိရှိဖတ်ရှုနိုင်ရန်အတွက် ဖော်ပြပေးထားရာ အောက်ပါအတိုင်း ဖြစ်ချေ၏။

"ယောက်ျားနှင့် မိန်းမတို့ ကွာခြားချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ယောက်ျားဆိုသည်မှာ အခြားမည်သူမဆို ပြောလာသောစကားများအား တစ်ဖက်နားကသာ အဝင်ခံပြီး ကျန်သည့်နားတစ်ဖက်မှ ပြန်၍ထုတ်ပစ်တတ်ပါသည်။

မိန်းမဆိုသည်မှာမူ အခြားမည်သူမဆို ပြောလာသောစကားများအား ဘယ်ဘက်နားမှသော်လည်းကောင်း၊ ညာဘက်နားမှသော်လည်းကောင်း ဝင်နိုင်သမျှ အဝင်ခံပြီးသည့်နောက် ပါးစပ်မှ အကုန်အစင် ပြန်ထုတ်ပစ်တတ်ပါသည်။

ဤအချက်မှာ မိန်းမနှင့်ယောက်ျားတို့၏ ကွာခြားချက်ဖြစ်ပါသည်။"

ဟူ၏။ မှတ်သားလောက်ပါလေစွတကား။

*****

## တည့်ချင်ပေမယ့် လွဲသွားတယ်

ကိုဝင်းမောင်နှင့် မမြင့်ရီတို့၏ အိမ်ထောင်ရေးမှာ သာသာယာယာမရှိ။

ကြာလေ အစေးမကပ်သလို ဖြစ်နေခဲ့သည်။

သည့်အတွက် မိသားစုမဂ္ဂဇင်း၌ အိမ်ထောင်ရေးဆောင်းပါးများရေးနေသော သုတေသီဆရာကြီးဆိုသော ဆရာ

www.burmeseclassic.com

www.burmeseclassic.com

ကြီးက တပည့်ရင်းဖြစ်သော ကိုဝင်းမောင်ကို ခေါ်ယူကာ အကြံကောင်း၊ ဉာဏ်ကောင်းများ ပေးလေ၏။

"ဟေ့ကောင် ဝင်းမောင်၊ အိမ်ထောင်ရေးသာယာစေချင်ရင် မိန်းမတွေရဲ့ စိတ်ကို နားလည်သိထားဖို့ လိုတယ်ကွ။ [illegible]သဘောအရ အိမ်ထောင်ရှင်မိန်းမတွေဟာ လင်[illegible]တို့ရဲ့ ချီးမွမ်းမှုကို ခံယူချင်တယ်တဲ့ကွ။ သူ့အပေါ် ချီးမွမ်းစရာတွေရှာဖွေပြီး စိတ်ထဲကမပါတဲ့တိုင်အောင် [illegible]ဆောင်ပန်ခေတင်နဲ့ ချီးမွမ်းပေးစမ်းပါကွာ။ မင်းတို့အိမ်ထောင်ရေးဟာ သိပ်ကိုသာယာသွားလိမ့်မယ်"

"ဆရာငြိမ်းရယ်···ကျွန်တော့်မိန်းမမှာ ဘာမှ ချီးမွမ်း[illegible]စရာမရှိဘူးခင်ဗျာ။ အဲဒါ ဘာကိုသွားလို့ ချီးမွမ်းရမှာလဲ"

"မင်း တော်တော်ဒုံးဝေးပါလား ဝင်းမောင်။ နရင်းအုပ်[illegible]လိုက်ရ၊ နားရွက်တွေ ပြားသွားရော့မယ်။ သည်လိုလုပ်၊ [illegible]ရောက်လို့ မင်းမိန်းမက ထမင်းခူးခပ်ကျွေးရင် အရသာ[illegible] မြင့်ရေ···မြင့်ဒီနေ့ချက်ကျွေးတဲ့ ဟင်းတွေကတော့ [illegible]တယ့်ကိုရှယ်ပဲ။ လျှာရင်းကိုမြက်လို့ အကြောပေါင်း[illegible] စိမ့်သွားတော့တာပဲလို့ တော်ကီတွေ တစ်ခါ



တည်း ပစ်ထည့်လိုက်စမ်း။ မင်းမိန်းမ မမြင့်ရီ သဘောအကျကြီးကျပြီး သည်ညအဖို့ စိုပြည်သွားလိမ့်မယ်"

"တကယ်ပဲလား ဆရာ"

"တကယ်ပဲပေါ့ တပည့်ကြီးရယ်။ ကိုင်း···ကိုင်း··ဆရာ့စကား မြေဝယ်မကျ နားထောင်ပြီး ဆရာညွှန်ပြသလိုသာ အကောင်အထည်ဖော်လိုက်စမ်းပါ။ ဆရာ့စကား နားထောင်ပြားက ကမ်းနားရေကြော ငါးတွေပေါ၏···တဲ့ကွ"

"ဟုတ်ကဲ့ပါ ဆရာ၊ အိမ်ပြန်ရောက်တာနဲ့ ဆရာညွှန်ကြားတဲ့အတိုင်း မပျက်မကွက် ဆက်ဆက်ကြီးကို အကောင်အထည်ဖော်ပါ့မယ် ဆရာ"

"သည်လိုမှပေါ့ မောင်ဝင်းမောင်ရယ်။ ဆရာကောင်း တပည့်ဆိုတာမျိုးဟာ ပန်းကောင်းကိုမှ ပန်ကြရစမြဲပါ"

မောင်ဝင်းမောင်လည်း ပေါ့ပါးလန်းဆန်းစွာဖြင့် အိမ်သို့ပြန်သွားလေ၏။

နောက်တစ်နေ့ ဆရာငြိမ်းထံသို့ မောင်ဝင်းမောင် ဝင်လာ၏။ မျက်နှာကား ကြည်ကြည်လင်လင် မရှိ။

"ဟေ့ကောင် ဝင်းမောင်၊ မင်းမျက်နှာကလည်း ရက္ခိုးခရမ်းသီး မီးဖုတ်ထားတဲ့အတိုင်းပါပဲလား။ ဘယ်လိုဖြစ်ရတာတဲ့လဲ"

"ပြော···မပြောချင်တော့ပါဘူး ဆရာရယ်"

"ဘာလဲ၊ မင်းနဲ့ မင်းမိန်းမ မမြင့်ရီတို့ ပြဿနာတက်ပြန်ပြီပေါ့"

"သေချာတာပေါ့ ဆရာ"

"ဟ·· မင်းငါ့ညွှန်ကြားတဲ့အတိုင်း မပြောမဆိုဘူးလား"

"ပြောဆိုတာပေါ့ ဆရာ။ အဲသည်လို ပြောဆိုလို့ ပြဿနာထတက်တာပေါ့"

"ဟေ့ကောင်···သေသေချာချာရှင်းပြစမ်း"

"မနေ့ညက အိမ်ပြန်ရောက်တော့ သူကျွေးတဲ့ထမင်းနဲ့ဟင်းကို စားရင်း ဆရာညွှန်ကြားတဲ့အတိုင်း သူ့ဟင်းချက်လက်ရာကို ချီးမွမ်းခန်းဖွင့်မိတာနဲ့ ပြဿနာတက်တော့တာပါပဲ"

"ဟ···ဘယ်လိုကြောင့်လဲ"

"ဟွန်း···သေနာကောင်၊ ခါတိုင်းနေ့ချက်တဲ့ ထမင်းဟင်းတွေကျတော့ မချီးမွမ်းဘူး။ သည်နေ့ဟင်းတွေကျ

www.burmeseclassic.com

www.burmeseclassic.com

နှိုးမွမ်းရသလား။ ဒါတွေကို ငါချက်တာမဟုတ်ဘူး။ လမ်းထိပ်ဆိုင်က ဝယ်ထားတဲ့ဟာတွေဟဲ့ဆိုပြီး ရန်ပွဲစတော့တာပဲ ဆရာရယ်"

"သေလိုက်ပေတော့ ဝင်းမောင်ရေ"

ဆရာပြုံးလည်း မည်သို့ထပ်မံ၍ အကြံပေးရမှန်းမသိအောင် ဖြစ်သွားရလေသတည်း။

*****

## အားလုံးပေါင်းမှ အဖြေမှန်

မခင်မှုတစ်ယောက် အမျိုးသမီးသီးသန့်အလုပြင်ဆိုင်သို့သွားတော့ ကားကို လွတ်လွတ်ကင်းကင်း နေရာထိုးလိုက်ကာ ကိုမြကြီးလည်း အပတ်စဉ်ထုတ်ဂျာနယ်တစ်စောင်ကို ဖတ်ကာ အချိန်တွေဖြုန်းနေလိုက်တော့သည်။

အချိန်မဖြုန်း၍လည်း မဖြစ်။

ဘယ်လိုပဲဖြစ်စေ မခင်မှုအဖို့ စိတ်တိုင်းကျ အလှပြင်မည်ဖြစ်သည့်အတွက် အနည်းဆုံး အချိန်တစ်နာရီလောက်တော့ ကုန်မှာသေချာသည်။

အမှန်တကယ်လည်း အချိန်တစ်နာရီကျော်လောက်မှာ ဖုန်းဝင်လာတော့ အလှပြင်ခန်းမရှေ့သို့ ကားမောင်းကာ မခင်မှုကို ခေါ်ရသည်။ စိတ်တိုင်းကျ အလှပြင်ဆင်ပြီးခဲ့ပြီဖြစ်၍ မခင်မှုလည်း ကားတံခါးကိုဖွင့်ကာတက်ထိုင်လိုက်သည်။

သို့ဖြင့် ကိုမြကြီးသည် ကားကို ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနှင်လာခဲ့သည်။ ဤတွင် မခင်မှု တစ်စခန်းထလာသည်။

"ကိုကိုမြ…"

"ဘာတုံး…မှု"

"မှုကိုကြည့်စမ်းပါ"

"အို…ကားမောင်းနေတယ်လေကွာ။ အိမ်ရောက်မှ စိမ်ပြေနပြေ ကြည့်လို့မဖြစ်ဘူးလား"

"ဟင့်အင်း…အိမ်ရောက်မှဆို ကြာတယ်။ ခုပဲကြည့်။ ကားမောင်ရခက်နေရင် ကားစက်သတ်ပြီး လမ်းဘေးခဏ ထိုးရပ်လိုက်"

တကယ့်လူအေးလူဖြောင့်ကြီး ကိုမြကြီးလည်း ဇနီးသည် မခင်မှု၏ စကားကို လွန်ဆန်ဖို့ရာ မဝံ့သဖြင့် လမ်းဘေးလူရှင်းရာတစ်နေရာ၌ ကျွဲခနဲ ကားကို ထိုးရပ်လိုက်သည်။

"ကဲ…ကြည့်ပေတော့ ကိုကိုမြ။ ကိုကိုမြ မှုကို ကြည့်ပြီး ရိုးရိုးသားသားနဲ့ ပြောစမ်းပါ။ ခုလို ခေတ်မီအလှအပပစ္စည်းတွေနဲ့ ပြင်လိုက်ဆင်လိုက်၊ မွမ်းမံခြယ်သလိုက်တော့ မှုအသက်အရွယ် ဘယ်လောက်ဖြစ်သွားတယ်ဆိုတာ အနီးကပ်ဆုံး ခန့်မှန်းပြီးပြောစမ်းပါ ကိုကိုမြ"

နဂိုကတည်းက အေးအေးလူလူနေတတ်သော ကိုမြကြီးလည်း ဇနီးသည်အလိုကျ တစ်ကိုယ်လုံးကို သိမ်းကြုံးကာကြည့်လိုက်ရင်း…

"အင်း…ကိုယ်ခန့်မှန်းပြီး ပြောမယ်နော်"

"အို…ပြောပါဆို"

"အင်း…ပြောရမယ်ဆိုရင် မှုရဲ့အသားအရေ အနေအထားအရဆိုရင် မှုအသက်က နှစ်ဆယ်ကျော်လောက်လို့ ပြောရမှာပဲ"

"အို…တကယ်လား။ ပျော်လိုက်တာ။ ဆက်ပါဦး"

"အင်း…ဆံပင်အနေအထားအရဆိုရင်တော့ အသက် ၁၈၊ ၁၉ လောက်ပေါ့ မှု"

"ဟယ်…ဝမ်းသာလိုက်တာ။ ကိုယ်လုံးကိုယ်ပေါက်ကိုလည်း ပြောဦးလေ"

"အင်း…ကိုယ်လုံးကိုယ်ပေါက်ကိုကြည့်ပြီး အသက်ကို ခန့်မှန်းရရင်ဖြင့် ၂၅ နှစ်လောက်ပဲပေါ့ မှုရယ်"

"ဟင်း…ဟင်း…ဟင်း…ကိုကိုမြကတော့ တကယ့်ကို ခန့်မှန်းတာ သိပ်တော်တာပဲ။ ဒါကြောင့် မှုက သိပ်ချစ်နေရတာရှင့်"

ဤတွင် လူရိုးကြီး ကိုမြကြီးမှာ ပျူးပျူးပျာပျာဖြစ်ကာ လက်ဝါးနှစ်ဖက်ကို ကာရင်း…

"နေဦးလေ မှု၊ ကိုကိုမြပြောတဲ့စကား မဆုံးသေးဘူး"

"ဘာဖြစ်လို့ မဆုံးသေးတာလဲ"

"စောစောကပြောတဲ့ အသက်တွေအားလုံး မပေါင်းရသေးဘူးဆိုတာလေ"

"ဟင်…ရှင်…ရှင်"

ပတ်ဝန်းကျင်ကောင်းကင်မှာတော့ ကြည်လင်နေသော တိမ်တိုက်သည် ရုတ်ခြည်းဆိုသလို အမှောင်ကျသွားလေသတတ်။

မြို့မေတ္တာအိုးမယ့်

■ ကိုရွှေတောသား

www.burmeseclassic.com



# အစက ရိုးရိုး . . .

ကိုကိုအောင်(မြကန်သာ)

ကျွန်တော် ဒီမြို့လေးကို T.M.O (မြို့နယ်ဆရာဝန်ကြီး)အဖြစ် ရာထူးတိုး ရောက်လာခဲ့သည်မှာ သုံးလပဲ ရှိသေးသည်။ မြို့ရဲ့အခြေအနေကို မလေ့လာဖူးသေးပါ။

တစ်နေ့ ကျွန်တော့်ဇနီးနှင့်အတူ ဈေးဝယ်လိုက်ခဲ့သည်။ ဇနီးဖြစ်သူက ကြက်သားဝယ်အပြီး၊ ကုန်စိမ်းတန်းဘက်သို့လှည့်ကာ အသီးအရွက် ဝယ်ဦးမည်ဆို၍ ထွက်ခဲ့ပြန်သည်။ တွေးတောဆင်ခြင်စရာများကို ဟန်မဆောင်ပါဘဲ ပွင့်လင်းစွာ ပြောတတ်သော ကုန်စိမ်းတန်းမှ ဈေးသည်များကို ကျွန်တော် ခင်မင်မှုရှိရင်းစွဲ ရှိခဲ့သည်။

"ဟော . . . ဆရာနဲ့ ဆရာကတော်ကိုယ်တိုင် ဈေးဝယ်ထွက်လာကြတာလား"

"ရှင် . . . ဪ . . . ဟုတ် . . . ဟုတ်ကဲ့ရှင့် . . ."

ခရိုက်ချည်သီသည့် အမျိုးသမီးကြီး နှုတ်ဆက်လိုက်သံကြောင့် မမှတ်မိသေးသည့် [illegible] ကျွန်တော့်ဇနီးက ပြုံးပြုံးလေး [illegible] . . . ကျွန်တော့်ဇနီးက –

"[illegible]

အလုံးမာတာလေးတွေ ရွေးပြီးရောင်းပေးပါဦးရှင်"

"ဟုတ်ကဲ့ . . . ဆရာကတော်။ ပိုပိုသာသာ ထည့်ပေးလိုက်ပါ့မယ်။ နောင်လည်းလာဝယ်ဦး ဆရာကတော်ရေ"

ကျွန်တော့်ဇနီးက ကျသင့်ငွေကို ပေးချေပြီး ပြန်ထွက်လာကြစဉ် ဘေးဆိုင်က အမျိုးသမီးတစ်ဦးထံမှ စပ်စုသံကို ကြားလိုက်ရသည်။

"ဒေါ်ကြီးအေး . . . သူတို့က ဘာဆရာလဲ . . . ဘယ်ဌာနကလဲ"

"ဪ . . . ကောင်မရယ်။ ဒီမြို့ဆေးရုံကို ပြောင်းလာတဲ့ ဆရာဝန်ကြီးနဲ့ ဆရာကတော်ဟဲ့။ လူရိုးလူဖြောင့် သဘောကောင်း မနောကောင်းတွေပါအေ။ လာဘ်ပေးလာဘ်ယူကလည်း ကင်းမှကင်း"

"အမလေး . . . ဒေါ်ကြီးအေးရယ်။ လူရိုးဆိုတာ သချိုင်းကုန်းမှာတောင် ရှားနေပြီ ဒေါ်ကြီးအေးရဲ့။ မီးသဂြိုဟ်ပစ်နေကြလို့လေ"

"ဪ . . . ဒီကလေးမနှယ် ခက်ပါပြီ။ ငါက ကိုယ်တွေ့ဟဲ့။ ငါ့အိမ်နားက 'မိညက်'သား 'ဖိုးထောင်' နေမကောင်းလို့ ဆေးရုံတက်တာ ပိုကရှိကအောင်ဆိုပြီး ဦးကျွမ်းလုံချည် တစ်ကွင်း၊ ကြက်ဥ အလုံးနှစ်ဆယ်၊ မိညက်နဲ့အတူ သူတို့အိမ် သွားကန်တော့တာ မယူလိုက်ဘူးဟဲ့။ မလုပ်ပါနဲ့ဗျာ၊ အဒေါ်တို့ ပြန်ယူသွားကြပါ။ ကြက်ဥကို လူနာ ညီလေးပဲ ပြုတ်ကျွေးပါ။ လုံချည်ကိုလည်း ညီလေး ဝတ်ပါစေဆိုပြီး လက်ဖက်ရည်တောင် တိုက်လိုက်သေး . . ."

"တော်ပါ ဒေါ်ကြီးအေးရယ်။ ရောက်ခါစ အရာရှိတွေက ဒါမျိုးပဲများပါတယ်။ သူ့အရင် ဆရာဝန်ကြီး ကြည့်ပါလား။ ဒီစတိုင်ပါပဲ။ အနေလည်း ကြာလာရော ဇာတိပုတ်က ပြလာတယ်လေ။ ကေသရာဇာခြင်္သေ့မင်းကတောင် လက်မှိုင်ချရလိမ့်ဦးမယ်"

ကျယ်လောင်စွာ ထွက်ပေါ်လာသော အမျိုးသမီးအသံကြောင့် ကျွန်တော့်ရင်ထဲမှာ 'ဒိတ်'ခနဲ တုန်လှုပ်သွားပြီး လှမ်းနေသော ခြေလှမ်းများ ယိမ်းယိုင်သွားသဖြင့် ပြန်မတ်လိုက်ရသည်။ ကျွန်တော်နှင့် ကျွန်တော့်အမျိုးသမီးဖြစ်သူတို့ မတိုင်ပင်ဘဲ တစ်ဦးမျက်နှာတစ်ဦး ပြိုင်တူကြည့်ခဲ့မိကြပါတော့သည်။

ကိုကိုအောင်(မြကန်သာ)



www.burmeseclassic.com

www.burmeseclassic.com



# ဖတ်စာအမှား

မောင်လင်းလက်

"မေကြီးကို ကန်တော့ပါတယ်။ ဖေကြီးကို ကန်တော့ပါတယ်"

ညစဉ် အိပ်ရာဝင်ခါနီးတိုင်း အဖေနှင့် အမေကို ကန်တော့၍ အိပ်လေ့ရှိသော သားဖြစ်သူ ပထမတန်းကျောင်းသားလေး မောင်ဟိန်းဇော်အောင်ကို ဖခင်ဖြစ်သူ ကိုညီမြိုင်းက အနီးသို့ခေါ်လိုက်သည်။

"အဖေ့ဆီလာပါဦး သားရဲ့။ သားအရင်ညတွေက အဖေ့ကို အရင်ဦးချပြီးမှ အမေ့ကို ဦးချတယ် မဟုတ်လား။ ဒီနေ့ ဘာလို့ အစီအစဉ်ပြောင်းသွားတာလဲ"

"အရင်တုန်းကမသိလို့ပါ အဖေ"

"ဟေ ..."

အံ့သြလွန်း၍ ကိုညီမြိုင်းနှုတ်မှ ဤမျှသာ ...။

"ဒီလိုပါအဖေရဲ့။ ဒီနေ့ ကျောင်းမှာ ဟောပြောပွဲလာလုပ်တယ်။ ခေါင်းစဉ်က 'မိဘမေတ္တာ'တဲ့။ ဟောပြောတဲ့ဆရာကြီးက ဆရာကြီး သိပ္ပံမှူးတင်။ ဆရာကြီးကပြောတယ်။ အမေတွေဟာ သားသမီးတွေကို ကိုးလလွယ်၊ ဆယ်လဖွားရတဲ့အကြောင်း၊ ကိုယ်ဝန်ဆောင်ရတာ အသက်အန္တရာယ်ကြီးတဲ့အကြောင်း၊ အမေ့ကျေးဇူးတွေ မြင်းမိုရ်တောင်မက ကြီးတဲ့အကြောင်း။ စုံလို့ပါပဲ အဖေရာ။ ဒါနဲ့ သားလည်း စဉ်းစားကြည့်တယ်။ 'မိဘမေတ္တာ'ဆိုတဲ့ စကားကိုက အမေရှေ့က၊ အဖေနောက်က ဖြစ်နေတယ်။ အမေကို ရှေ့ကထားကတည်းက အမေ့မေတ္တာက ပိုလို့ပေါ့။ အဖေက ပိုတယ်ဆိုရင် အဖေကို ရှေ့ကထားပြီး 'ဖမိမေတ္တာ' လို့ ပြောမှာပေါ့။ ဒါကြောင့် ဒီနေ့ညကစပြီး သား အမေ့ကိုအရင်ကန်တော့ပြီးမှ အဖေ့ကို ကန်တော့တာပါ။ ဖေကြီးက စိတ်ဆိုးလို့လား"

"ငါ့သားက အလာကြီးပါလားကွ။ အဖေ စိတ်မဆိုးပါဘူးကွာ"

"ဩော် ... မနက်ဖြန် ကျောင်းရောက်ရင် ဖတ်စာအုပ်မှားနေတာကို ဆရာမကို သားပြောရဦးမယ်"

"မင်းဟာက လွန်လာပြီ။ ဖတ်စာအုပ်တောင် မှားတယ်ဖြစ်ရသေးတယ်။ ကဲ ... ဖတ်စာအုပ်က ဘာမှားနေလဲ အဖေ့ကိုပြောစမ်း"

"ဟုတ်တယ် ဖေကြီးရဲ့။ ဖတ်စာအုပ်က တကယ်မှားနေတာ။ သာ
တို့ မြန်မာစာသင်တော့ ကျွန်တော်၏
အကြောင်းသင်ရတယ်။ စာအုပ်ထဲမှာ
ကျွန်တော်၏ အမည်သည် မောင်လှ
ဖြစ်ပါသည်။ ကျွန်တော်၏ အဖေ
သည် ဦးဘဖြစ်ပါသည်။ ကျွန်တော်၏
အမေသည် ဒေါ်မြ ဖြစ်ပါသည်တဲ့။
အဲသည်မှာ မှားနေတာလေ။ အဖေ့ကို
ရှေ့ကရေးထားတယ်။ အဲဒါ လုံးဝမှာ
နေတာပေါ့။ ဖေကြီးက လူကြီးဖြစ်ပြီ
ဒါလေးတောင် မသိဘူးလား။ ဒီကိစ္စ
ကို သား ဆရာမကို ပြောမှဖြစ်မယ်
အဖေ"

သားဖြစ်သူ၏ ကလေးအတွေး
ဖြင့် ချက်ကျလက်ကျ ပြောလိုက်သော
စကားများကို ကိုညီမြိုင်း ဖြေရှင်းချက်
မပေးနိုင်တော့။ ခေါင်းကိုသာ တဗျင်း
ဗျင်းကုတ်ရင်း နားထဲမှာတော့ "ဖတ်
စာမှားနေတယ် အဖေ။ ဖတ်စာမှားနေ
တယ်အဖေ"ဆိုသော သားဖြစ်သူ၏
အသံလှိုင်းများက ပဲ့တင်ရိုက်ခတ်လို့

■ မောင်လင်းလက်

www.burmeseclassic.com

www.burmeseclassic.com



# နှစ်သတိုး ကြိုးစားသူ

ဒေါင်ဆန်းလင်း(ဘီ-ဒေအ)

ဖိုးအောင်၏ သားနှစ်ယောက်သည် တစ်ပြိုင်နက် တက္ကသိုလ်တက်ချိန်နှင့် ကြုံကြိုက်သွားသဖြင့် ဘဝတစ်ကွေ့တွင် လေးဘီးကားသမားဘဝဖြင့် ဝင်ငွေရှာလိုက်ရသေးသည်···။ အနှုရာယ်များပြီး လူပေါင်းစုံနှင့် လမ်းပေါ်မှာ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်ရတတ်လေ့ရှိသော ကားသမားဘဝကို မနှစ်မြို့သော်လည်း မရှောင်နိုင်တော့ပါ။

ယခုအခါ ယာဉ်အိုယာဉ်ဟောင်းစာရင်းဝင်သွားသော လေးဘီးကားကိုလည်း ရောင်းထုတ်လိုက်ပြီ။ သားနှစ်ယောက်သည်လည်း ကိုယ်စီအလုပ်နှင့် ဖြစ်နေလေပြီ။ ဖိုးအောင် အနားရလေသည်။ အနားရသည်နှင့် အိမ်တွင်းမှာသာ နေတော့သည်။

တစ်နေ့တွင် ကားသမားဘဝက ပတ်သက်ရင်းနှီးခဲ့သော ဇော်ဝမ်းဝပ်ရှော့ရုံတွင် ဇော်ဝမ်း၏ ယောက္ခထီး နာရေးကိစ္စကြောင့် ရောက်ခဲ့သည်။ မတွေ့တာကြာပြီဖြစ်သော ကားသမားများနှင့် ဆုံမိသည်။ အားလုံးက ဖိုးအောင်ကို ဝိုင်းမေးကြသည်။

"လုံးဝမတွေ့တာကြာပြီ။ ဘယ်သွားနေသလဲ၊ ဘာလုပ်နေသလဲ။ ကားဝယ်ပြီး ပြန်မောင်းပါတော့လား။ ကားဈေးတွေ ကျနေတယ်လေ"

"ကားမမောင်းတော့ပါဘူးဗျာ။ အသက်က ခြောက်ဆယ်ကျော်လာတော့ ညပိုင်းရောက်လို့ မောင်းမိရင် မျက်နှာချင်းဆိုင်က ကားမီးထိုးတာနဲ့ဆို မျက်စိပြာပြီး ဘာမှမမြင်ရတော့ဘူး။ အန္တရာယ်များလွန်းလှတယ်။ ပြီးတော့ ဒီကနေ့ ရန်ကုန်မြို့ကြီးမှာ ကားတွေများပြားလွန်းလို့ ကားမောင်းချင်စိတ်ကုန်ပါတယ်"

"အောင်မယ်···အောင်မယ်။ အသက်ခြောက်ဆယ်ကျော်တာလေးကို စာဖွဲ့နေသေးတယ်။ ဒီမှာ အသက် ၇၂ နှစ်ရှိပြီကွ။ မျက်စိမကောင်းတော့ မျက်မှန်တပ်မောင်းလိုက်တာ ဒီနေကပဲ။ ကားတွေများလို့ လုံးဝမမောင်းဘဲနေရင် ကားမမောင်းတတ်တဲ့လူလို ဖြစ်သွားမယ်နော်၊ သတိထား"

လေးဘီးကားသမားဘဝတုန်းက ဘယ်ကားကမှ မသယ်ချင်တဲ့ ငါးပိ၊ ငံပြာရည်ကို တစ်ဦးတည်းနိုင်ခဲ့သယ်ဆောင်တတ်၍ "ငါးပိဘိုးတော်"ဟု နာမည်ရသူ ဦးဘကျော်က ဖိုးအောင်ကို ပြောလိုက်ခြင်းဖြစ်သည်။

ဖိုးအောင်အနီးတွင် ထိုင်နေသူတစ်ဦးကလည်း···

"အေးဗျာ၊ ဟုတ်တယ်။ ကျွန်တော်လည်း အသက်ကြီးပြီဆိုပြီး ကားမမောင်းတော့တာပါ။ အသက်ကတော့ ၇၁ နှစ်ရှိပြီ။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးထားရဦးမယ်"

ထိုစဉ် ဦးဘကျော်က ထိုင်နေရာမှထသွားစဉ် ကြုံ၍ ဖိုးအောင်က -

"အစ်ကို···ဒီဘိုးတော်ကို ကျွန်တော်တို့က အကြောင်းသိတွေဗျ။ မြန်မာပြည်မှာ လန်ချားဆိုတာ မရှိတော့လို့။ ရှိသေးရင် လန်ချားလည်း သူက ဆွဲမှာဗျ။ သူက အစ်ကိုတို့၊ ကျွန်တော်တို့ထက် နှစ်ဆတိုးပြီး ကြိုးစားဝင်ငွေရှာရတာ။ သမိုင်းပေးတာဝန်လေ။ သူ့မှာက မယားနှစ်ယောက်ရှိတယ်။ သူ့ကိုယှဉ်မယ်ဆို နည်းနည်းစဉ်းစားဦးပေါ့"

"ဪ···လတ်စသတ်တော့ ဒါကြောင့်ကိုး"

**ဒေါင်ဆန်းလင်း(ဘီ-ဒေအ)**

www.burmeseclassic.com

www.burmeseclassic.com



# လိမ်နည်းတစ်ခု

မြင့်နိုင်

ခင်မင်မှုကို ယုံကြည်အောင် အယုံသွင်းပြီး လိမ်ယူတဲ့နည်းတစ်ခုကို စာဖတ်သူများ သတိပြုဆင်ခြင် ရှောင်ရှားနိုင်ပါရန် တင်ပြရခြင်းပါ။

ကျွန်တော်တာဝန်ထမ်းဆောင်နေတဲ့ တည်းခိုရိပ်သာတစ်ခုမှာ ဖြစ်ပါတယ်။ ယခုဖော်ပြမယ့် ဇာတ်ကောင်နှစ်ဦးမှာ တစ်နယ်တစ်ရပ်ဆီမှ သီးခြားစီ၊ သူ့ကိစ္စနှင့်သူ လာကြရင်းက ကျွန်တော်တို့ တည်းခိုရိပ်သာမှာ တွေ့ဆုံကြခြင်းဖြစ်ပါတယ်။ သိပ်မကြာခင်မှာ သူတို့နှစ်ဦး စကားပြော၊ နှုတ်ဆက်၊ ရယ်မော တရင်းတနှီးတွေ့ရတယ်။ အပြင်မှာ လက်ဖက်ရည်ဆိုင်တဲ့အထိ တွေ့ရတယ်။ ဒီနေ့မနက်တော့ မရွှေချောက ပြန်မယ်တဲ့။ အခန်းသော့လာအပ်တယ်။ ကိုရွှေချောကလည်း ကားဂိတ်လိုက်ပို့မှာဆိုပဲ။ ထားပါ။ ဒါ...သူတို့ကိစ္စပါ။

မရွှေချောက မနက် ၈ နာရီမှာ ပြန်ထွက်သွားတယ်။ ကိုရွှေချောလည်း လိုက်ပို့ပြီး ညေ့ရိပ်သာကိုပြန်လာပြီး-

"ဂျာကြီး"

"ပြော...ညီလေး"

"ဟိုလေ...ဂျာကြီးတို့ဖုန်းနဲ့ ဘဏ်က ငွေလွှဲတာ အကြောင်းကြားရင် ကျွန်တော့်ကို ပြောပေးပါနော်"

"သြော်...အေး ပြောမယ်လေ။ ကိုယ့်ညီနာမည်နဲ့လား"

"ဟုတ်..."

"ဘယ်ကပို့မှာလဲ"

"ဟို...ရန်ကုန်ကလေ"

"သြော်..အေး အေး ပြောမယ်"

ဒီလိုနဲ့... ၁ နာရီထိုးလည်း အကြောင်းမကြား။ ၂ နာရီထိုးလည်း အကြောင်းမကြား။ ကိုရွှေချောက ဖင်တကြွကြွဖြစ်လာပြီ။

"ဂျာကြီး လာပြီလားဟင်"

"မလာသေးဘူးကွ"

"ကြာလိုက်တာနော်။ ရန်ကုန်က ပို့တာပဲ"

"အေးကွ။ ၃ နာရီပဲထိုးတော့မယ်။ ဘဏ်ကို သွားမေးပါလား"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနဲ့ ထွက်သွားတယ်။ တည်းခိုရိပ်သာနဲ့ ဘဏ်က နီးတယ်လေ။ တော်ကြာတော့ ပြန်ရောက်လာတယ်။

"မရောက်သေးဘူး"တဲ့။

"အင်းလေ...ပို့တာနောက်ကျလို့များလားကွာ။ မနက်ဖြန် စောင့်ကြည့်ပါဦး"

"ဟုတ်"

သည်လိုနဲ့ နှစ်ရက်ဆက်စောင့်တယ်၊ ဘဏ်မှာ ဘာငွေလွှဲစာမှ မရောက်။

"သွားပြီ ဂျာကြီးရေ"

"ဘာလဲကွ။ မင်းကောင်မလေး ပြန်သွားတာ ကြာပေါ့"

"တောက်...ကမြင်းမ"

"ဟာ...ဘယ်လိုဖြစ်တာလဲကွ။ မင်းဇာတ်လမ်း"

"ဒီလို ဂျာကြီးရ။ သူက ကျွန်တော်နဲ့ တော်တော်ရင်းနှီးသွားတယ်ဗျ"

"အေး.. ပြောပါဦး"

"ပြန်ခါနီးကျတော့ စရိတ်လိုလို့ အိမ်ကိုလှမ်းမှာထားတယ်တဲ့။ အဲဒါ အိမ်ကငွေပို့တာ မစောင့်နိုင်လို့တဲ့။ အစ်ကို့ မှတ်ပုံတင်နံပါတ်ပြောပါ၊ အစ်ကို့နာမည်၊ အစ်ကို့မှတ်ပုံတင်နဲ့ ငွေပို့ပေးဖို့ ဖုန်းဆက်လိုက်မယ်၊ သိလားတဲ့။ အဲဒါနဲ့ ကျွန်တော့်ဆီက ငွေငါးသောင်းကြိုယူသွားတယ်ဗျ။ ဟိုက ပြန်ပို့ပေးလိုက်မယ်တဲ့"

"အင်း...ဆက်ပါဦး"

"ဘာဆက်စရာလိုသေးလဲ ဂျာကြီးရာ။ ကျွန်တော့်ငွေငါးသောင်း ဆုံးပြီပေါ့။ ညာသွားတာလေ။ အခု လေးရက်ရှိပြီ လာမှမလာတာ"

သြော်...လိမ်နည်းတစ်မျိုး သတိထားကြဖို့ လိုလိမ့်မယ်ဆိုတဲ့ ခံယူချက်နဲ့...။ ။ ■

www.burmeseclassic.com



# သိပ်ကောင်းတဲ့ စကား

တင်အောင်မိုး
(အိမ်မဲ)

ကျွန်တော်တို့ မြို့လေးမှာ အင်မတန်နာမည်ကြီးတဲ့ ရှေ့နေတစ်ယောက် ရှိပါတယ်။ သူ့နာမည်က ကိုရွှေရည်တဲ့။ ရွှေလို အရည်အသွေးတောက်ပြောင်မယ့်သားလို့ အဓိပ္ပာယ်ရအောင် သူ့အမေက နာမည်ပေးထားတာတဲ့။ ရှေ့နေပီသပြီး အင်မတန် အာပေါင်အာရင်းသန်သူ၊ စကားကို အကိုးအကောက်နဲ့ပြောတတ်သူ၊ သူ့အပ်တဲ့ အမှုတော်တော်များများလည်း အနိုင်ရတယ်ဆိုတော့ ကျွန်တော်တို့မြို့မှာတော့ စတားပဲ။

သူ့နဲ့ အငြင်းအခုန်ဖြစ်ရင်လည်း သူပဲအမြဲနိုင်အောင် ငြင်းခုန်နိုင်တယ်။ ဥပမာ ငွေတိုးချေးစားသူနှင့် ကြွေးဆပ်ရမယ့်သူ အမှုဖြစ်လျှင် တရားခံဘက်ကလိုက်ရင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ငွေတိုးချေးစားခွင့် လိုင်စင်ရှိလို့လားဆိုတဲ့ အကြောင်းပြချက်နဲ့ အနိုင်ရအောင် ကြိုးစားတတ်တယ်။ ဟော…တရားလိုဘက်က နေရရင်လည်း လူတစ်ဦးမှာ အတိုးစားပိုင်ခွင့် တစ်ကြိမ်ရှိတယ်ဆိုတဲ့ အချက်နဲ့ နိုင်အောင်ကြိုးစားတယ်။

အလှူခံဇာနမှာ ဟောပြောလည်း သူပဲ။ တစ်နေ့ အလှူထည့်တဲ့သူက ငွေနှစ်ထောင်လှူတာကို သူက တစ်ထောင်နဲ့မှားပြီး ကြေညာလိုက်တယ်။ လှူတဲ့ အဒေါ်ကြီးက ကျွန်မလှူတာနှစ်ထောင်ဆိုပြီး ပြောတော့ သူက ချက်ချင်းပြန်ပြီး ကြေညာလိုက်တာက ဟုတ်ကဲ့၊ အလှူ့ဒါယိကာမကြီး ဒေါ်ငွေကွက် သဒ္ဓါပေါက်လို့ လှူဒါန်းတာကတော့ ကျွန်တော်အခုနက ကြေညာတာထက် တစ်ဆပိုတယ်ဗျာ။ တစ်ထောင်မဟုတ်ပါဘူး။ နှစ်ထောင်ပါတဲ့ခင်ဗျာ။

မှတ်မှတ်ရရတစ်နေ့ တရားရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ တပ်ကဆရာကြီးအခွင့်နဲ့ ပင်စင်ယူထားတဲ့ စစ်ပြန်တစ်ယောက်နဲ့ ကိုရွှေရည်တို့ တွေ့တဲ့ပွဲလေးက အလွန်လှတယ်။ ဆရာကြီးက ကောလက်လို့ခေါ်တဲ့ ဖုန်းလေးနဲ့ သူ့မကြာမီကမှ ယူထားတဲ့ မိန်းမငယ်ငယ်လေးဆီ အသံကျယ်ကျယ်နဲ့ ခဏခဏဆက်နေတယ်။ အဲဒီတုန်းက CDMA ဖုန်းတွေ ခုလိုမရှိသေးဘူး။ ကြာတော့ ကိုရွှေရည် အမြင်ကတ်လာရော။ အဲဒါနဲ့ -

"ဗျို့ ဆရာကြီးခင်ဗျာ။ ဖုန်းက ဆက်လို့ကောရရဲ့လားဗျာ"

ဆရာကြီးက -

"ရတာပေါ့ ရှေ့နေကြီးရဲ့။ ရလို့လည်း ကျုပ်မိန်းမဆီ ဆက်နေတာ ဒီမှာမတွေ့ဘူးလား"

"ဒါကတော့ဗျာ။ တစ်ယောက်တည်းပြောနေလည်း ဘယ်သူသိတာမှတ်လို့"

ဆိုတော့ ဆရာကြီး နည်းနည်းတင်းသွားတယ်။

"ကဲ…မယုံရင် ရော့ဒီမှာ။ ကျွန်တော့်မိန်းမဆီဆက်။ မိန်းမရေ…ရှေ့နေကြီးနဲ့ စကားနည်းနည်းပြောလိုက်"

ဆိုပြီး ကောလက်ကို ရှေ့နေလက်ထဲ ထည့်ပေးလိုက်တယ်။

ရှေ့နေ ကိုရွှေရည်လည်း ချက်ချင်းယူပြီး တစ်ဖက်မှ မိန်းကလေးအသံလည်းကြားရော ဘာမှမဟုတ်ပါဘူးကွာ။ မင်းယောက်ျား အစ်ကိုတို့တရားရုံးရောက်နေလို့ ဆက်တာပါ"

ဆိုပြီး ဖုန်းကို ဆရာကြီးလက်ထဲ ထည့်ပေးလိုက်တယ်။ ဆရာကြီးကလည်း မလျှော့ဘူး။

"တွေ့ပြီလား။ ခင်ဗျားကိုပြောသားပဲ ဆက်လို့ရပါတယ်"

ဆိုပြီး ခံ့ခံ့ကြီးလုပ်နေလိုက်တယ်။

"ခင်ဗျား ပျော်မနေနဲ့ ဆရာကြီး။ ဒီဖုန်းသေချာအောင် ဆက်ကြည့်တာ။ တစ်ဖက်ကလည်း ပြန်ပြောတော့ နှစ်လုံးဆိုတာ သေချာတယ်။ ဒီတော့ ဒါတွေက လိုင်စင်မဲ့ဗျာ။ ဆက်သွယ်ရေးဥပဒေနဲ့ ဆရာကြီးကို တရားစွဲလို့ရတယ်နော် သတိထား"…တဲ့။

အဲဒီလောက် နိုင်ကွပ်ရပေမယ့် ကိုရွှေရည် မကျေနပ်သေးဘူး။

"အဲဒါနဲ့ စကားမစပ် ဆရာကြီး ဘာဖြစ်လို့ ပင်စင်ယူတာလဲ။ ဆရာကြီးအသက်နဲ့ဆို သက်ပြည့်မင်စင်တော့ မဖြစ်နိုင်ဘူးထင်တယ်။ ကျွန်တော်ဆိုတပ်ထဲဝင်ချင်သေးတာ။ ခုအရွယ်နဲ့ဆိုမှ ရတော့လို့ဗျ"

"ကျုပ်က ဆေးပင်စင်နဲ့ တပ်ကထွက်တာ။ ကျန်းမာရေးမကောင်းဘူး။ ဗိုက်ခွဲထားရလို့"

"ဒါတော့ မဖြစ်နိုင်ဘူး။ ကျုပ်လည်း ဗိုက်ခွဲထားရတာပဲ ဆရာကြီး။ ခင်ဗျားသက်သက် အကြောင်းပြပြီး တပ်ကထွက်တာမဟုတ်လား"

ဆရာကြီး အတော်တင်းနေပြီ။ မျက်နှာကြီးဆိုတာ ရဲလို့။

"ဒီမှာ ရှေ့နေကြီး။ ခင်ဗျားဗိုက်ခွဲတာ ဘယ်နှချက်ချုပ်ရလဲ ပြောစမ်း"

ရှေ့နေကြီးက -

"ကျုပ်ဗိုက်ခွဲတာ ငါးချက်ချုပ်ရတယ်လေ"

"ဒီမှာ ရှေ့နေကြီး။ ကျုပ်ဗိုက်ခွဲတုန်းက ၁၅ ချက်တောင် ချုပ်ရတာ။ ကျန်းမာရေးမကောင်းလို့ နိုင်ငံတော်ကတောင် ခွင့်ပြုပြီး ပင်စင်ပေးထားတာဗျာ။ သိရဲ့လား"

လို့ဆိုပြီး ရှေ့နေကြီးကို အပြတ်ချေမှုန်းပြီး အောင်နိုင်ပြီဆိုတဲ့အသိနဲ့ ဘယ့်နှယ်လဲဆိုတဲ့အနေနဲ့ ပြောချလိုက်တယ်။ ကျွန်တော်တို့လည်း ဒီတစ်ခါတော့ တို့ရှေ့နေ ခံရပြီပေါ့။ အဲဒီအချိန်မှာပဲ ကိုရွှေရည်ပဲ။ ကိုရွှေရည်ချေပပြောဆိုလိုက်တာက -

"အဲဒါပြောတာပေါ့ဗျာ။ အဲဒီကျန်းမာရေးကိုပဲ ချုပ်ရိုးနဲ့တိုင်းပြောလို့ခက်တာပေါ့ဗျာ။ ကျွန်တော်ဗိုက်ခွဲတုန်းက ငါးချက်ချုပ်ရတယ်။ ခွဲစိတ်တဲ့ဆရာ

www.burmeseclassic.com

ဝန်ကြီးက ခင်ဗျားကျန်းမာရေးကတော့ ဂွတ်(Good) သွားပြီ။ ခင်ဗျားဗိုက်ထဲက မကောင်းတဲ့အရာတွေကို ခွဲထုတ်လိုက်ပြီလို့ ပြောတယ်။ ဒီတော့ကာ ကျွန်တော့်ဗိုက်ထဲက ငါးချက်လောက်ချုပ်တဲ့ အရာနဲ့ မကောင်းတာတွေ ထုတ်တာနဲ့စာရင် ဆရာကြီးဗိုက်ထဲက ၁၅ ချက်လောက်ချုပ်ရတဲ့ ချုပ်ရိုးနဲ့ ထုတ်လိုက်တော့ မကောင်းတာတွေ ပိုပြီးထုတ်လိုက်တာမဟုတ်ဘူးလား။ ဆရာကြီးကျန်းမာရေးက ကျွန်တော့်ထက် ပိုကောင်းရမယ်လေ။ သေချာတာကတော့ ကျွန်တော့်ကျန်းမာရေးကို Good လို့ပြောရင် ဆရာကြီးကျန်းမာရေးက Very Very Good အလွန့်အလွန်ကောင်းပြီပေါ့ဗျာ။ ကျွန်တော်တောင် ဂွတ်လောက်နဲ့ တပ်ထဲဝင်ချင်သေးရင် ဆရာကြီး Very Very Good နဲ့ တပ်ကထွက်တာတော့ လွန်လွန်းတာပေါ့"

လို့ ပြောချလိုက်တယ်။

ဆရာကြီးလည်း အတော်စိတ်ဆိုးပြီး ခင်ဗျားစကားတတ်တိုင်း လိုက်ပြောတယ်ဆိုပြီး ဆိုင်ထဲက ထွက်သွားတော့တယ်။ ကျွန်တော်တို့တွေလည်း ဒီတော့မှပဲ နားအေးသက်သာတော့တယ်။ ရွှေနေကြီးရဲ့ စကားတွေက Good တယ်ဗျာ…။

××× ××× ×××

တစ်နေ့ ကျွန်တော်တို့တွေ ပန်းခြံလက်ဖက်ရည်ဆိုင်မှာ အဖွဲ့ကျကြတယ်။ ကျွန်တော်ရယ်၊ ရွှေနေကြီးရယ်၊ ထက်ဝေးဆိုတဲ့ စာရေးဆရာ၊ တိုင်းရင်းဆေးဆရာရယ်၊ အင်္ဂလိပ်ဆရာ ဦးတင်တွေးရယ်၊ တရားဓမ္မကို အတော်အတန်လိုက်စားတဲ့ ဦးဘကျော်ရယ်ပေါ့။ ကျွန်တော်က ဦးရွှေရည်ကို စပြီးထောင်ပေးလိုက်တယ်။

"ခင်ဗျားက ကလေးတွေအတော်မွေးထားတယ်ဆိုဗျ။ ရွှေနေကြီး တစ်ယောက်မွေးတိုင်း စားစရာပါးစပ်တစ်ပေါက် တိုးလာတော့ စီးပွားရေးကျပ်တည်းမှာပေါ့။ နည်းနည်းလျှော့ဦး"

ဆိုတော့ ရွှေနေကြီးက ချက်ချင်းပဲ -

"ဒီလိုမတွက်ပါနဲ့ ဆရာရယ်။ တစ်ယောက်မွေးတိုင်း ပါးစပ်ပေါက်တစ်ပေါက် တိုးလာသလို၊ အလုပ်လုပ်မယ့်လက်နှစ်ဖက်တိုးလာတယ်လို့ ယူဆရင် စီးပွားရေးပိုချောင်လည်လာရမယ်ဗျာ။ မလျှော့နိုင်ဘူး။ တရုတ်ပြည်ကို အမီလိုက်မယ်ဗျာ။ တစ်ခါတစ်ရံ ရှေးရိုးအစွဲတွေက စီးပွားရေးကို နောက်ကျစေတယ်ဗျာ"

လို့ အစချီကာ စကားဝိုင်းကို သူပဲ စိုးမိုးထားတယ်။

"ဒီလိုဗျ။ ကျွန်တော့်ရဲ့အဖေလေး။ ကျွန်တော်က စီးပွားရေးကို ဖြစ်ထွန်းချင်တော့ ကန်ဝယ်ပြီး ငါးမွေးတယ်။ အဲဒါကို အကုသိုလ်အလုပ် မလုပ်ပါနဲ့ဆိုပြီး ကန့်ကွက်တယ်ဗျာ။ အဲဒီရှေးရိုးစကားတွေ စွဲနေရင် စီးပွားရေးအောင်မြင်မှာမဟုတ်ဘူး။ ကျွန်တော်လည်း နားမထောင်ဘဲ ဇွတ်လုပ်လို့သာ ခုလို ငါးကန်သုံးကန်နှင့် စီးပွားရေးချောင်လည်နေတာ။ ဟိုတစ်နေ့ကတော့ ကျွန်တော့်အဖေကိုယ်တိုင် ကျွန်တော့်ကို လက်နက်ချလိုက်ရတယ်။ ပုစွန်ကန်က ပုစွန်အကောင်ကြီးတွေရတော့ အဖေ့ကို ပုစွန်တုပ်ကြော်ကျွေးတယ်။ အဲဒီတော့မှ အဖေက ပြောတယ်၊ ငါ့သားလက်ထက်ကျတော့မှပဲ ပုစွန်တုပ်ကြီးကြီးတွေ အဖေ အားရပါးရ စားရတော့တယ်။ လူကြီးတွေရဲ့ ရှေးရိုးစွဲအယူအဆတွေကို တော်လှန်ရမယ်"

ဆိုပြီး ဂုဏ်ယူစွာ ပြောနေတော့တယ်။

အဲဒီအချိန်မှာပဲ ငြိမ်ပြီးနားထောင်နေတဲ့ ဦးဘကျော်က -

"ရွှေနေကြီးရေ…စကားတတ်တိုင်း အကိုးအကောက်တွေနဲ့ လိုရာဆွဲပြီး အနိုင်ယူပြောပါဗျာ။ ခင်ဗျားအဖေကိုတော့ အနိုင်မယူချင်စမ်းပါနဲ့။ ခင်ဗျားအဖေက ငါးကန်လုပ်တုန်းက တားတာပုစွန်ကြီးတွေ စားရတော့ ချီးကျူးတာတွေဟာ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးဖြစ်ဟန်မတူပါဘူး။ အကုသိုလ်အလုပ်ကို တားမရတဲ့အဆုံး မိဘကို ကျွေးချင်တဲ့စိတ်နဲ့ မွေးမြူတဲ့အလုပ်လုပ်တဲ့ စိတ်ကလေးဖြစ်အောင် ခင်ဗျားစိတ်ကို ပြောင်းပြီး ကုသိုလ်စိတ်ကလေးဖြစ်အောင် လုပ်လိုက်တဲ့သဘောပါဗျာ"

လို့ ပြောချလိုက်တယ်။ ဒီအချိန်မှာတော့ ရွှေနေကြီးထံမှ တစ်ခွန်းမှ ထွက်မလာနိုင်တော့ဘဲ တွေတွေကြီး ငြိမ်သက်သွားပါတော့တယ်။ ကျွန်တော်တို့ ဇာတ်လိုက်ကျော်ကြီး ရွှေနေဦးရွှေရည်ရဲ့ စကားတိုင်းဟာ Good တယ်ဗျာ ဆိုရင် ဒီနေ့ ဦးဘကျော်ပြောတဲ့စကားကတော့ Very Very Good ဖြစ်မှာ သေချာတယ်။

**တင်အောင်မိုး(အိုးမဲ)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ပြည် လူကုန်ကူးမှု (ကလေးရောင်းဝယ်မှု)

# ပြစ်ဒဏ်

**ကေတီအောင်သိန်း**
(ရန်ကုန်တက္ကသိုလ်)

ယခုအခါ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာအရပ်ရပ်တွင် လူကုန်ကူးမှု၊ ကလေးရောင်းဝယ်မှု အတော်ခေတ်စားလျက်ရှိပေသည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ ပေကျင်းမြို့မှလာသော သတင်းတစ်ရပ်တွင် တရုတ်ပြည်၊ ရှန်စီပြည်နယ်၊ ဖူပင်းမြို့ သားဖွားနှင့် ကလေးစောင့်ရှောက်ရေးဆေးရုံတွင် အမှုထမ်းဆောင်နေသော ဆရာဝန် ဒေါက်တာကျန်သည် လွန်ခဲ့သော ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွင်း၌ အမြွှာပူးနှစ်ယောက်အပါအဝင် ကလေးခုနစ်ယောက်ကို မှောင်ခိုရောင်းစားခဲ့သည်ဆိုသည်။ ယင်းသတင်းတွင် ရဲတပ်ဖွဲ့သည် ဆောင်ရွက်ရာတွင် မွေးကင်းစမိန်းကလေးတစ်ဦး သေဆုံးသွားခဲ့ပြီး ကျန်ကလေးခြောက်ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု ဆိုထားပါသည်။ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ဒေါက်တာကျန်သည် ကလေးတစ်ယောက်ကို ခိုးယူမှုဖြစ်ပွားပြီးသည့်နောက် ဒေါက်တာကျန်နှင့် အပေါင်းပါ အခြားသံသယရှိသူများတို့အား အရေးယူ ဖမ်းဆီးခဲ့၏။

ထို့ပြင် ဒေါက်တာကျန်နှင်က ဆက်နွယ်နေသည့် အမှု ၂၆ မှုအပါအဝင် ဆက်စပ်ဆက်နွယ်နေလျက်ရှိသော အမှုပေါင်း ၅၀ ကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

ယခုအခါတွင် သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူများတို့က ၎င်းတို့၏ ကလေးများမှာ လူကုန်ကူး မှောင်ခိုရောင်းချခြင်းခံရကြောင်း ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ခြင်းကြောင့် အဆိုပါ ဒေါက်တာကျန်အား ပထမဦးစွာ အရေးယူဖမ်းဆီးပြီး ရုံးတင်စစ်ဆေးခဲ့ရာ သက်ဆိုင်ရာတရားရုံးတော်မှ အမှုကို ကြားနာစစ်ဆေးပြီး ပြစ်မှုထင်ရှားတွေ့ရှိသဖြင့် ဒေါက်တာကျန်အပေါ် သေဒဏ်ချမှတ်ခဲ့သည်။ စီရင်ချက်တွင်မူ အဆိုပါ ဒေါက်တာကျန်ကို နှစ်နှစ်ဆိုင်းငံ့ခြင်းဖြင့် သေဒဏ်စီရင်ချက် (အမိန့်) (ဝါ) (ဆိုင်းငံ့သေဒဏ်)ချမှတ်ခဲ့သည်ဟု ဖော်ပြပါရှိသည် ဆိုပါသည်။

**ကေတီအောင်သိန်း**
(ရန်ကုန်တက္ကသိုလ်)

***Ref:-***

ဘီဘီစီ (၁၅·၁· ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပါရဂူ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၀၂

၃၃-၃၄လမ်းကြား။ ၈၀-၈၁ လမ်းကြား။ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ၀၁/ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water


20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (ဖ) ရပ်ကွက်၊ ခုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၁...


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သဲလွန်စမဲ့

● မြမြလှိုင်

*မောင် ...*

*ဒီည ဆယ့်နှစ်နာရီကျော်မှ လာခဲ့။*

*သူအိမ်ပြန် နောက်ကျလိမ့်မယ်။*

*သူပြန်လာရင် သူသောက်မယ့် အရက်ထဲမှာ အိပ်ဆေးခတ်ထား လိုက်တယ်။*

*ချစ်လေး*

မင်မလိုက်သည့် ဘောပင်နှင့် ဖိပြီး ရေးထားသဖြင့် အောက်ခံရှိနေသည့် စာရွက်ပေါ်တွင် စာကြောင်းတို့က ထင်နေ၍ ထိုစာကြောင်းတို့ပေါ်တွင် ခဲသားမှုန့်ကို ဖြူးပြီး ဖြည်းဖြည်းလေး လက်ညှိုးဖြင့် ပွတ်ဆွဲလိုက်သည့် အခါတွင် အထက်ပါ စာပိုဒ်လေးက ပေါ်လာသည်။ သူငေးစားလိုက်သည်။ မည်သူ့ကိုရည်ညွှန်းပြီး မည်သူက ရေးပါလိမ့်။ သူစားပွဲပေါ်တွင် ရှိနေသော မှတ်စုစာအုပ်ပေါင်းမှ တွေ့ရခြင်းဖြစ်သည်။ မူလရေးထားသည့် စာရွက်ကတော့ မရှိတော့။ ထင်ကျန်ခဲ့သော အောက်ခံစာရွက်တွင် ရုံးကိစ္စ အရေးကြီးသည့် စာများ ရေးမှတ်ရသည်မှအပ တခြားမသုံးပေ။ အလုပ်ကိစ္စမရှိလျှင် သူစာဖတ်သည်။ ဝရန်တာတွင် ထွက်ကာ စာကြည့်မီးပွင့်လေးဖွင့်ပြီး ညင်ညင်သာသာတိုက်သည့် လေအေးနှင့် စည်းစိမ်ယူကာ စာဖတ်သည်။ စိတ်ဝင်စားဖွယ်ရာကောင်းလှသည့် စာအုပ်တစ်အုပ်ကို သူဖတ်ရလျှင် သူ့အတွက် လောကစည်းစိမ်ပင် ဖြစ်သည်။

သူ့စိတ်ထဲတွင် ယခုလို အနှစ်သာရရှိသည့် စာမျိုးကို ဖတ်သည့် အချိန်တွင် နွယ်တစ်ယောက် အိပ်နေပြီ။ ပြောရလျှင် အနားယူနေပြီ။ နွယ်သည် ပျော့ပျောင်းနွဲ့လွန်း၊ နုလွန်းသည်။ လှလည်းလှသည်။ စိတ်အားလည်း ငယ်တတ်သည်။ နှလုံးအခြေခံက သိပ်မကောင်းချင်လှ။ ဆရာဝန်က စိတ်ကို ငြိမ်းအေးစွာထားပြီး နားနားနေနေ နေရမည်ဟု ပြောသည်။ သူကလည်း ဖနီးသည်အပေါ် ညှာတာပါသည်။ ပိုးဟပ်ဖြူလေးပမာ ဖြူလွှသွယ်လျသော နွယ်၏ ယဉ်စစအလှနှင့် ဆင်မယဉ်သာ လှမ်းတတ်ပုံလေးကိုပင် မြင်နေရလျှင် သူကကျေနပ်သည်။

နွယ့်ကို သူကချစ်သည်။ နွယ့်အလှကို သူစတင်တွေ့တွေ့ချင်း မြင်စကတည်းက သူ့ရင်မှာ စွဲငြိရသည်။ သွယ်သွယ်လျလျ ခန္ဓာကိုယ်၊ ဖြူစင်ဝင်းမွတ်သော အသား၊ ရွှန်းလဲ့သော မျက်လုံးအစုံ၏အောက်တွင် စင်းပြေပြေ နှာတံအလှနှင့် နှင်းဆီပုံနှစ်လွှာသော နှုတ်ခမ်းအလှပိုင်ရှင် ဖြစ်သည်။ ဆံပင်၏ကောင်းခြင်းနှင့်လည်း ပြည့်စုံသည်။ သို့သော် အခြေခံပညာ စာဖတ်တတ်ရုံလောက်သာ တတ်သည်။ ခနအင်အားနည်းပါးသော အဆင့်မှ နွယ့်ကို သူက တင့်တင့်တယ်တယ် လက်ထပ်ယူခဲ့သည်။ သူ့မိဘအသိုင်းအဝိုင်းတို့အား ကျေနပ်အောင် ဖြည့်ဆီးပေးသည်။ နွယ်နှင့် ဆွေမျိုးနီးစပ်တော်သည့် အစ်ကိုဝမ်းကွဲ ကိုသောင်းလှကိုပင် စက်ရုံမှာ ခန့်ထားပေးသည်။ နွယ့်ကိုချစ်သည့်အတွက် အရာအားလုံးကို ဖြည့်ဆည်းပေးလိုက်သည်။

"အစ်ကို့ကို နွယ်ကျေးဇူးတင်ပါတယ်"

စပြီး အိမ်ထောင်ကျကတည်းက ချစ်ပါသည်ဆိုသည့် စကားလုံးအစား ထိုဝါကျတစ်ခုသာ နွယ့်နှုတ်ဖျားမှ ဆင်းကျလာသည်။ နွယ်သည် သူ့အတွက် အရုပ်လေးတစ်ရုပ် ဖြစ်နေသည်။ ထားရာမှာနေသည်။ ကျွေးတာစားပြီး ပေးတာယူသည်။ ရင်ထဲမှလာသော ဆန္ဒစကားတို့ကို ဖော်ထုတ်ပြခြင်း မရှိခဲ့။ သူကလည်း နွယ့်



www.burmeseclassic.com

www.burmeseclassic.com

အတွက် အဖော်အဖြစ် အမျိုးသမီးတစ်ယောက်ကို ထားပေးဖို့ စဉ်းစားသည်။ နွယ်က လက်မခံ။ အိမ်၏ ဝေယျာဝစ္စမှန်သမျှကို နွယ်က သူ့ဘာသာသူ စိတ်အေးလက်အေး လုပ်မည်ဟုဆိုသည်။ သူကလည်း စက်ရုံကို မနက်စောစောလာပြီး မိုးချုပ်မှ အိမ်ပြန်ရသည်။ အကြောင်းတစ်ခုခု ကိစ္စရှိလျှင် ကိုသောင်းလှကို အိမ်သို့ မကြာခဏလွှတ်ရသည်။

ကိုသောင်းလှကလည်း သူနိုင်းသမျှကို မညည်းမညူ ဆောင်ရွက်ပေးသည်။ နွယ်က အိမ်သို့လာသော ကိုသောင်းလှနှင့် သူစားဖို့အတွက် နေ့လယ်စာတစ်ခုခုကို ထည့်ပေးတတ်သည်။

"ညီမလေးက ဆရာ့ကို သိပ်ဂရုစိုက်တာပဲနော်"

အိမ်ထောင့်ဝတ္တရား ကျေလှသည့် နွယ့်အပေါ် သူကလည်း ပိုမိုကာ အလိုလိုက် အကြိုက်ဆောင်သည်။ နွယ်အပြင်တွေဘာတွေ သွားချင်လျှင် ကားတစ်စီး ထားပေးသည်။ ကိုသောင်းလှအား မောင်းစေသည်။

ညအချိန်ရောက်လျှင် နွယ်တစ်ယောက် သူ့ကိုစောင့်ရင်း ဧည့်ခန်းထဲတွင် အိပ်ပျော်နေ၍ သူပြန်လာမှ နွယ့်ကိုချီပွေ့ပြီး အိပ်ရာထဲသို့ ရွှေ့ရသည်။ ကလေးပမာ ပွေ့ချီယူသွားသော်လည်း နွယ်က အိပ်ဆေးသောက်ထားသည့်ပမာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ ထိုသို့ ပွေ့ချီလာရင်းကပင် အိပ်ရင်းက ယောင်ကာ တချို့တလေ၏ နာမည်တွေ ဘာတွေ ယောင်ကာခေါ်သည်။ နွယ်သည် အစွဲအလမ်းကြီးသူ ဖြစ်သည်။ ရင်ထဲရှိသမျှကို ခံစားမှုဖြင့် ဖော်ထုတ်တတ်သည်။ နွယ်၏ ခံစားမှုကို သူ့ရင်ထဲမှ မှတ်ထားလိုက်သည်။ နွယ်ခံစားသလို သူလည်း ခံစားရသည်။ တစ်နေကုန် အိမ်ထဲမှာ နေရသူ၏ ခံစားမှုကို သူနားလည်ပါသည်။ ထို့ကြောင့်လည်း တစ်ယောက်တည်း အိမ်ထဲတွင် နေရသဖြင့် ပျင်းနေရှာမည့် နွယ့်ကို သူက အပျော်စိတ်လေးတွေဝင်သွားအောင် သူဖြည့်ပေးချင်သည်။

"ဟင် ... အစ်ကို မအိပ်သေးဘူးလား။ ညဉ့်နက်နေပြီ။ မနက်လည်း စက်ထဲစောစောသွားရဦးမှာ မဟုတ်လား။ နွယ်လည်း ပျင်းပျင်းနဲ့ ညနေက အိပ်လိုက်တာ အစ်ကို့အတွက် ဖန်ခွက်ထဲမှာ အရက်ထည့်ထားသေးတယ်။ သောက်ပြီးပြီလား"

"သောက်လိုက်တယ်။ ဘာဖြစ်လို့များ ဒီလောက် ပင်ပန်းတဲ့ကြားထဲက အစ်ကို့တာဝန်ကို လုပ်ရသေးလားကွယ်"

"ရပါတယ် အစ်ကို။ နွယ့်ယောက်ျားပဲ"

"အစ်ကိုတို့ ကလေးယူရအောင်လား။ နွယ် တားဆေးတွေ မသုံးပါနဲ့တော့လားဟင်"

"အစ်ကိုရယ် ကလေးရဲ့ ကရိကထတွေ နွယ်မခံနိုင်လို့ပါ။ နောက် နွယ့်ကျန်းမာရေးကလည်း ရှိသေးတယ်လေ"

"ဟုတ်ပါတယ်။ နွယ့်ကျန်းမာရေးကို အစ်ကို ဂရုစိုက်ရမှာပေါ့။ အစ်ကိုလည်း မနက်ကို အသုဘတစ်ခု သွားရဦးမယ်။ ကိုယ့်စက်ရုံက ဝန်ထမ်းဆိုတော့ မသွားလို့ မဖြစ်ဘူး"

"ဘယ်သူ ဘာဖြစ်လို့လဲဟင်"

"အလုပ်သမား တစ်ယောက်ပါကွာ"

"ဘယ်လိုဖြစ်တာလဲ အစ်ကို"

"စက်ထဲမှာ ထိခိုက်မှုပေါ့နွယ်ရယ်။ သူ့မိသားစုဆီတော့ အစ်ကို အကြောင်းကြားလိုက်မယ်။ လောလောဆယ်တော့ ခေါင်းနောက်နေတာနဲ့ အကြောင်းမကြားရသေးဘူး"

"ဖြစ်မှဖြစ်ရလေ"

"ဒါပေါ့ ... အစ်ကိုလည်း စိတ်မကောင်းဘူး။ သူ့ခမျာ သူ့ချစ်သူရဲ့ မှာတမ်းစာရွက်လေးကို လက်ထဲမှာ ဆုပ်ကိုင်လျက်နဲ့ သေသွားတာ။ မြန်မာလူမျိုး အယူအရဆိုရင် သေချာတယ်။ သူ့ကောင်မလေးဆီ သွားမှာပဲ။ သူတို့က ချိန်းတွေ့ဖို့ သွားမှာကိုး။ စက်ထဲမှာ သံပတ်ကြိုးလွတ်ပြီး သူ့ကိုသွားထိတာ။ ခေါင်းပြတ်လုတဲ့တဲ့နဲ့ သွေးသံရဲရဲ သေသွားရရှာတာ"

"အမလေး လေး၊ အစ်ကိုရယ် ကြားရတာ မသက်သာလိုက်တာ"

"လာလေ နွယ်။ ဟောဒီဝရန်တာမှာ အစ်ကိုနဲ့အတူ လာထိုင်ပါလား။ လသာသာနဲ့ဆို နေရတာ သိပ်အေးချမ်းတာ။ လာ ... နွယ် အစ်ကို့အနားမှာ လာထိုင်"

ထိုင်နေရာမှထပြီး နွယ့်ကို သူ လက်ဆွဲခေါ်လိုက်သည်။ နွယ်က တစ်စုံတစ်ရာကို စိုးရိမ်သည့်အလား မျက်လုံးလေးဝိုင်းလည်နေသည်။ သူ့အနားတွင်ရှိသည့် ကြိမ်ကုလားထိုင်ပုလေးတွင် နွယ်ထိုင်လိုက်သည်။

"နွယ်က အစ်ကိုပြောတာကြားရုံနဲ့ စိတ်မသက်မသာ ဖြစ်လိုက်ရတာ။ အစ်ကိုက ကိုယ်တိုင်မြင်ရ၊ စီစဉ်ပေးရတာ အဲဒီကောင် တော်တော်ချစ်တတ်

www.burmeseclassic.com

တာ။ သူ့ပါးစပ်က သူ့ချစ်သူလားမသိဘူး။ နာမည်ကို တမ်းတမ်းတတနဲ့ခေါ်နေတာ။ နောက်ပြီး သူ့လက်တစ်ဖက်ထဲမှာ စာရွက်လေးတစ်ရွက် ချိန်းတဲ့စာထင်တယ်။ အင်း.. သူ့ဝိညာဉ်တော့ သူ့ချစ်သူဆီ ရောက်သွားရောပေါ့''

သူကပြောရင်း ချစ်ဇနီး နွယ့်ကို ခေါင်းငုံ့ကြည့်လိုက်သည်။ နွယ့်မျက်နှာတွင် သွေးဆုတ်သွားသလို ဖြူရော်ရော်ဖြစ်နေသည်။ မေးဖျားချိုင့်ခွက်လေးတွင် ချွေးစက်လေးတွေ စို့ထွက်နေသည်။

''ဟင်... နွယ် ဘာဖြစ်နေတာလဲ။ တစ်ကိုယ်လုံးတုန်နေပါလား။ ချမ်းလို့လား''

''ဟိုလေ ...စိတ်မကောင်းစရာအကြောင်းကို ကြားလိုက်ရလို့ပါ။ အဲဒီလူက သူ့ချစ်သူနဲ့ ချိန်းထားတယ်ဟုတ်လား''

''ဟုတ်တယ် နွယ်ရဲ့။ စာရေးစက္ကူ ဖျော့ဖျော့လေးမှာ သွေးတွေစွန်းလို့၊ ဒီည ချိန်းထားတာနဲ့ တူတယ်။ နွယ်က ဘာလုပ်မလို့လဲ''

''ဟိုလေ... နွယ်... နွယ်က သိချင်လို့ပါ''

''ဟော... နွယ် ချမ်းနေပြီနဲ့တူတယ်၊ ဒီမှာ ခဏနေဦး။ အစ်ကို နွယ့်အတွက် အနွေးထည်အနီလေး သွားယူမယ်''

သူ အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ စားပွဲပေါ်ရှိ လက်ကိုင်ဖုန်းကို ဖွင့်ကာ တစ်နေရာသို့ဆက်လိုက်သည်။

''အေး... ငါအခု အဲဒီစာရင်းစာအုပ်ကို ကြည့်ချင်တယ်။ ဟုတ်တယ်လေ ညနေအပြန် ရုံးက မင်းအလုပ်လုပ်ဖို့ ယူသွားတဲ့ ဖိုင်စာအုပ်ပေါ့။ မင်းကို ကျေးဇူးတင်ပါတယ် သောင်းလှရယ်။ မင်းက ဘာမဆိုလုပ်ရည်ကိုင်ရည် ရှိတဲ့သူပဲ။ မင်းကို ငါစိတ်ချထားတာပေါ့။ အေး ... မင်းချက်ချင်းလာခဲ့။ အိမ်က သိပ်မဝေးဘူး ဆိုတော့ လမ်းလျှောက်လာခဲ့ပေါ့''

နွယ့်အတွက် သိုးမွေးဆွယ်တာအနွေးထည်အနီလေးကိုယူပြီး သူအိပ်ခန်းထဲမှ ပြန်ထွက်လာသည်။

''အမှန်တော့ ... နွယ် စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲနေတာ။ အဲဒီလို မချိမဆန့်ဖြစ်ပြီး သေသွားတာ။ အစ်ကိုတို့နဲ့ သိပ်ရင်းနှီးတဲ့သူပေါ့''

''ဘယ်သူလဲဟင် အစ်ကို''

''သူက ခဏနေဦး။ ဖုန်းလာနေသလား မသိဘူး''

နွယ့်ကို ဝရန်တာမှာ နေခဲ့စေပြီး သူအိမ်ထဲသို့ အမြန်ဝင်လာခဲ့သည်။ ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။ သူထူးလိုက်သည်။ တစ်ဖက်က ပြန်ပြောသည်လား မပြောသည်လား မသိ။ ဖုန်းကိုချခဲ့ပြီး ဝရန်တာသို့ ထွက်လာသည်။

''ဘယ်ကလဲ အစ်ကို''

''မသိဘူး အသက်ရှူသံ ပြင်းပြင်းကို ကြားရတယ်။ ဘာစကားမှ မပြောဘူး''

''ဒါနဲ့ စက်ရုံမှာ သေသွားတာ ဘယ်သူလဲဟင်။ ပြောပါဦး အစ်ကို''

''မသိချင်ပါနဲ့တော့ နွယ်ရယ်။ နွယ်သိရင် စိတ်မကောင်းဖြစ်နေဦးမယ်။ သူက အစ်ကိုနဲ့ နွယ့်ကိုခင်တယ်။ သိပ်ခင်တော့ သူစွဲလမ်းပြီး မကျွတ်မလွတ် ဖြစ်နေရင် ဒုက္ခ''

''သူက ဘယ်သူလဲဟင်။ ဘယ်သူလဲလို့ ပြောပါဦး အစ်ကိုရယ်။ နွယ်သိချင်လို့ပါ''

''ပြောရမှာ သိပ်စိတ်မကောင်းစရာ ကောင်းလွန်းလို့ပါ။ သူ့နာမည်ကို ပြောလိုက်ရင် နွယ်က ပိုပြီး စိတ်မကောင်းဖြစ်မှာ။ အစ်ကိုသိပ်ပြီးမပြောချင်ဘူး''

''အစ်ကိုရယ် သူက နွယ်တို့နဲ့ သိပ်ခင်တဲ့သူ ဖြစ်နေလို့လား။ ဘယ်သူလဲဟင်''

''ကဲ ... နွယ် ဒီလောက်သိချင်ရင်လည်း သောင်းလှလေ၊ သောင်းလှ။ ဒါပေမယ့် သူ့ခမျာ ဒီနေ့ည သူ့ချစ်သူနဲ့ ချိန်းထားတယ်ထင်တယ်''

သူနှင့်နွယ် နေထိုင်သည့် ရိပ်မြုံလေးမှာ တစ်ထပ်တိုက်၊ ဒီဇိုင်းလှလှနှင့်ဆောက်ထားသော တိုက်ကလေးဖြစ်သည်။ ခြံထဲတွင် သရက်ပင်၊ သီးပင်၊ ပန်းပင်တို့နှင့် ဝေဆာနေသည်။ ညဥ့်နက်လာပြီ။ လေအေးအေးကလည်း စိမ့်စိမ့်လေး တိုက်နေသည်။ လရိပ်လရောင်က ခြံထဲတွင် ဖိတ်ယိုဆင်းကျနေသည်။ ခြံထဲ မီးထွန်းထားသော်လည်း မီးအားက သိပ်မကောင်း။ နီကျင်ကျင်လောက်သာ ဖြာကျလျက်။ ရုတ်တရက် လေပြင်းတိုက်လိုက်သည်။ ဓာတ်တိုင်မှာ မီးကြိုးလက်သွားသည်။ မီးခဏပိတ်သွားသည်။ လရောင်ကြောင့် အလင်းရောင်က ရှိနေသည်။

''ဒေါက် .. ဒေါက် ... ဒေါက်''

''အစ်ကို ... အစ်ကို ... ဟိုဟို ... တံခါးခေါက်သံ ကြားရတယ်''

''နွယ်လေး သွားဖွင့်လိုက်ပါ။ အစ်ကို ဗိုက်နာလို့ အိမ်သာဘက်ခဏသွားလိုက်ဦးမယ်''

သူက ဝမ်းဗိုက်ကိုနှိပ်ပြီး အိမ်


www.burmeseclassic.com

www.burmeseclassic.com

အတွင်းဘက်သို့ ခပ်သွက်သွက် ပြေးဝင်သွားသည်။ နွယ်တစ်ယောက် အိမ်တံခါးဝဆီသို့ ခြေလှမ်းကို စမ်းတဝါးဝါးလှမ်းပြီး လျှောက်လာသည်။

"ဒေါက် ‥ ဒေါက် … ဒေါက်"

"ဘယ် … ဘယ် … ဘယ်သူလဲဟင်"

နွယ်က ခပ်တိုးတိုး စိုးထိတ်ရွံ့စွာဖြင့် တံခါးနားကပ်ပြီး မေးလိုက်သည်။

"ချစ်လေး … ချစ်လေးလား မောင်ပါ"

ပြန်ပြောသံကို ကြားရသည်။ ထို့ပြင် သူတို့တွေ့သည့် အချိန်အတိုင်း အချက်ပေး တံခါးခေါက်သံကိုပါ ကြားရ သည်။

"ဒေါက် … ဒေါက် … ဒေါက် … ဒေါက် … ဒေါက် … ဒေါက် … ဒေါက်"

တံခါးလက်ကိုင်ဘုကို ဆွဲဖွင့်လိုက်သည်။

"အား … သူ … သူ မလာနဲ့ မလာနဲ့"

မြင်လိုက်ရသည်က မျက်နှာပေါ်တွင် အရိပ်မည်းကြီးနှင့် အစွယ်ဖွေးဖွေး မျက်လုံးကလည်း ပြူးပြူး၊ ဆံပင်တွေက ဖွာလံကျဲစွာဖြင့်။

"ဟာ ‥ နွယ်လေး နွယ်လေး"

အိမ်ထဲမှ သူပြေးထွက်လာသည်။ နွယ်လေး၏ စူးစူးရှရှ ထိတ်လန့်တကြား အော်သံကြောင့် အလျင်အမြန် ပြေးထွက်လာခဲ့ရသည်။ အိမ်တံခါးဝ အတွင်းဘက်တွင် နွယ်လေးမှာ သတိလစ်ကာ မေ့ပြီးနေသည်။ တံခါးခေါက်သူက လက်နှိပ် ဓာတ်မီးဖွင့်လျက် မေ့နေသော နွယ်လေးကို ပွေ့လျက်ရှိသည်။

"ဟင် ‥ သောင်းလှ မင်းဘာလာလုပ်တာလဲ"

"ဆရာ ‥ ဆရာခေါ်လို့ စာရင်းစာအုပ်ကြည့်ချင်တယ်ဆိုလို့ ယူလာတာ"

"ကဲ … ကဲ နောက်မှပြောမယ်။ မီးအားမြှင့်လိုက်ဦးမယ်။ ငါ ဆရာဝန်ဆီ ဖုန်းဆက်ခေါ်လိုက်မယ်"

သူအလျင်အမြန် ဖုန်းဆက်ခေါ်လိုက်သည်။ သုံးခြံကျော်တွင် သူနှင့် ခင်မင်ရင်းနှီးသော ဆရာဝန်ရှိသည်။

နာရီဝက်ခန့် အကြာတွင် ဆရာဝန် ဦးအောင်သောင်း ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ ဦးကျော်လှ"

"ကျွန်တော့်ဇနီး နွယ်လေးမှာ နှလုံးရောဂါ ရှိတာရယ်၊ သွေးအားနည်းနေတာရယ်ကို ဆရာသိပါတယ်နော်"

"သိတယ်လေ။ သူ့အမြဲ ထရီမင့်ပေးနေရတာပဲ။ အခု ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်က ရေချိုးခန်းဖက် ခဏသွားတယ်။ တံခါးခေါက်သံကြားလို့ သွားဖွင့်တယ်နဲ့တူပါတယ်။ နောက် သူ့ အထိတ်တလန့်အော်သံ ကြားရတယ်။ ကျွန်တော် အပြေးလာတာပဲ။ တံခါးဝမှာ သူမေ့ပြီးနေတာတွေ့ရတယ်"

"ဒါနဲ့ ဒီလူက ဘယ်သူလဲ"

"ကျွန်တော့်အလုပ်ထဲက စာရေးပါ။ အလုပ်ကိစ္စအတွက် ကျွန်တော် အရေးတကြီး ခေါ်လိုက်တာ။ မနက်ကျ စက်ရုံမှာ ဆုကြေးပေးဖို့ရှိတာနဲ့ သူ့ကိုခေါ်လိုက်တာ"

ဆရာဝန် ဦးအောင်သောင်းက လဲကျနေသည့် နွယ့်အား စမ်းသပ်မှုပြုနေသည်။

"အသက်မရှိတော့ပါဘူး ဦးကျော်လှ"

"ခင်ဗျာ … နွယ် … နွယ် ‥ အသက်မရှိတော့ဘူး ဟုတ်လား"

"ဟင် ‥ ညီမလေးနွယ် အသက်မရှိတော့ဘူး။ သေသွားပြီလား"

"ဝမ်းနည်းပါတယ်။ ကျွန်တော် သေသေချာချာ စစ်ဆေးတာပါ။ သူ့မှာရှိတဲ့ နဂိုရောဂါအခြေခံကြောင့် နှလုံးရပ်ပြီး ဆုံးရတာပါ။ ရှော့ဖြစ်သွားတာပါ။ ကဲ … ကျွန်တော်ကပဲ သက်ဆိုင်ရာတွေကို သတင်းပို့လိုက်ပါ့မယ်။ ဦးကျော်လှ နားလိုက်ပါဦး"

ဆရာဝန် ဦးအောင်သောင်း ခြံထဲမှ ကားမောင်းပြီး ထွက်သွားသည်။

"သောင်းလှ"

"ခင်ဗျာ …"

"မင်းတို့ ဘာလုပ်ခဲ့သလဲဆိုတာကို ငါအစပြန်မဖော်ချင်တော့ဘူး။ မင်းရဲ့ နွယ်မရှိတော့တဲ့အတွက် မင်းကိုလည်း ဒီစက်ရုံမှာ ငါမတွေ့ချင်တော့ဘူး။ မင်းကိုငါ အသက်သာဆုံး အပြစ်ပေးလိုက်တာပဲ။ သားရေပေါ်အိပ်၊ သားရေနားစားတဲ့ မင်းရဲ့အကျင့်ဟာ သည့်ထက်မက အပြစ်ပေးသင့်တယ်။ သစ္စာမရှိတဲ့ မင်းတို့နှစ်ယောက်အတွက် ငါ့ဘဝကို ဘယ်တော့မှ မပျက်စီးစေရဘူး။ ဒါဟာ သဲလွန်စမရှိတဲ့ ငါ့ရဲ့တုံ့ပြန်မှုပေါ့ကွာ။ ငါကလည်း အိပ်ဆေးစပ်ထားတဲ့ အရက်ကို နွယ်မမြင်အောင် သွန်လိုက်ရတယ်"

● မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ရမှာတဲ့လဲ

ထက်အောင်ထူး

"ဟော့ကောင်တွေ··သည်ကထိန်ပွဲမှာ ဘယ်သူ့ကိုမှ ပါဆယ်မထုပ်ကြစေနဲ့၊ ကြားလား။ လူတန်းစားမရွေး မျှမျှတတကျွေး"

"ဟုတ်ကဲ့ပါ ဘောစိ"

ဘောစိ ဦးကြည်အေးဟာ အသံကျယ်ကျယ်နဲ့ ဝိုင်းဝန်းလုပ်ကိုင်နေကြတဲ့ လူငယ်၊ လူလတ်၊ လူကြီးတွေကို ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ပြောဆိုပြီး လှည့်ပြန်သွားခဲ့တယ်။ ဦးကြည်အေးဆိုတာ သည်ဘုံကထိန်ပွဲမှာ သူက အများဆုံး ငွေကြေးထည့်ဝင် လှူဒါန်းထားသည်ကို။ ရွာရဲ့ ဘုံကထိန်ပွဲဆိုတာ ရွာရှိ အိမ်ထောင်စုဝင်အားလုံး ရှိလျှင် ရှိသလို၊ မရှိလျှင် မရှိသလို ခွဲတမ်းချ စုပေါင်း အလှူငွေထည့်ဝင်ကြရတာ မဟုတ်လား။

ကျွေးမှာက ဝက်သား။

တစ်မိသားစုလုံး တန်အောင်စားဖို့ လာတဲ့လူတွေက တစ်ပြုံတစ်ခေါင်း။ ထမင်းစားဖို့ လက်မှတ်ဝေတဲ့လူတွေက ဆွေမျိုးတွေကို ဦးစားပေး၊ ဟင်းလိုက်ထည့်ပေးသူတွေက ဆွေမျိုးဆို အဆီဖတ်ကိုဖယ်၊ အသားဖတ်တွေဆို အတုံးလိုက်အတစ်လိုက်။ ချက်ရေးပြုတ်ရေးအဖွဲ့က အရက်ပုလင်းကိုထောင်၊ အသားဖတ်ဆောင်ရင်း အဆီဖတ်ဆို အိုးထဲပြန်ထည့်။ စားနေသူတွေကလည်း ငါ့အမျိုးတွေ ကျွေးမွေးဧည့်ခံတဲ့နေရာမှာ နေရမှာ။ ခုတော့ သူတို့က အကျွေးအမွေးမှာ မပါတော့ အဆီဖတ်ပဲ စားရတာဟု စိတ်မသက်မသာ ဖြစ်နေကြတော့တာပေါ့။

××× ××× ×××

"ဟဲ့···ငါ့သမီး မျက်နှာမကောင်းပါလား"

"အမေရယ်···ကျောင်းမှာ ထမင်းစားရတာ အများနဲ့မို့ ပျော်မလားမှတ်တယ်။ အခုတော့ အဆီဖတ်ချည်းပဲ။ ခေါင်းတောင်မူးတယ်"

"ဟား···ဟား···ဒါကြောင့် သမီးကို ကျောင်းအသွားနဲ့လို့ ပြောတာပေါ့။ နင့်အဖေဟာ ဘောစိကြည်အေးပါ။ ဟဲ···ဟဲ··အထိုင်ကပဲ စောင့်တယ်။ ကဲ··ကဲ···အမေကြီးရေ မီးဖိုချောင်ထဲက ဒန်အိုးကြီး ဖွင့်ပြလိုက်ပါဦး"

"ဟယ်···ဝက်အသားတုံးကြီးတွေပါလား"

"ဟဲ···ဟဲ···ဟဲ၊ ဘယ်ရမှာတဲ့လဲ၊ နင့်အဖေပဲဟာ။ ရှယ်အသားတုံးတွေကို ချက်ပြုတ်နေတဲ့ အဖေ့တပည့်တွေကို ယူခိုင်းလိုက်တာ အပြည့်ပဲ··အပြည့်ပဲ"

"ဝို···"

ထက်အောင်ထူး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရွှန်းရွှန်းလင်း

## ဘုရားသခင်ကို မယုံကြည်သော ဆူနီကြီး

( ဘ ၁ သ ၁ ပြန် )

ဝံပုလွေတွေဟာ တန်ခြိုသမင်အုပ်ကို တိတ်ဆိတ်စွာ ခိုးကပ်လိုက်ကြတယ်။ မီးခိုးရောင်ဝမ်းဗိုက်တွေကို ခြေကြီးတွင် ကပ်လိုက်ကြတယ်။ ဝံပုလွေတွေက ကိုယ်ဝန်ဆောင်သမင်မကို ဝိုင်းပတ်ကာ ဆွဲလှဲချလိုက်ပြီး သည်းတိုင်ကို ကိုက်ခဲဆုတ်ဖြဲပစ်လိုက်ကြတယ်။ ကျန်တဲ့ တန်ခြိုသမင်တွေသည်း အရပ်မျက်နှာအသီးသီးကို ပြန့်ကျဲပြေးထွက်သွားကြလေသည်။ ဝံပုလွေများ အစာစားကြလေပြီ။

အလာစကာပြည်နယ် အစွန်အဖျား၌ နောက်ထပ်တစ်ခါ ဝမ်းနည်းကြေကွဲဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်ပွားခဲ့လေသည်။ ဒီဒေသမှာတော့ ရှေးကပင်ရှိခဲ့သော ဤတောအုပ်ကြီးအတွင်း၌ အားနည်းသူကို အားကြီးသူက သတ်ဖြတ်အနိုင်ယူကြသည်မှာ နှစ်ထောင်သောင်းကြာခဲ့လေပြီ။

ဤဒေသ၌ သက်တံခုံးအဆုံးမှာ အင်ဒီးယန်းလူမျိုးနွယ်စုငယ်လေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

လည်း နေထိုင်လေသည်။ သို့ရာတွင် သူတို့၏ ကျောက်ခေတ်ဘဝက အဆုံး သတ်သွားပြီ ဖြစ်သည်။ ရွှေရောင် ဆံပင်နဲ့ အပြာရောင်မျက်လုံးပိုင်ရှင် လူစိမ်းများသည် မြောက်ပိုင်းနယ်မြေ များကို ရှာဖွေတွေ့ရှိခဲ့ကြလေသည်။ အကြီးအကဲတွေက လူစိမ်းတွေကို တိုက်ထုတ်ဖို့ သူတို့စစ်သည်များကို အမိန့်ပေးကြသည်။ ကျောက်တုံးမြား တွေနှင့် ကျည်ဆန်များ ဆုံတွေ့ကြ သည်။ သို့သော် အင်ဒီးယန်းတို့သည် လူစိမ်းများကို မရပ်တန့်နိုင်ကြချေ။ လူ ဖြူများက ရေခဲတမျှ အေးစက်နေ သော မြစ်ကို ပေါ့ပါးသော ကနူးလှေ ကလေးများဖြင့် အောင်မြင်စွာ ကျော် ဖြတ်ခဲ့ကြသည်။ သူတို့ဟာ မှိုင်းညို့နေ တဲ့ သစ်တောများကို ထိုးဖောက်ဝင် ရောက်ပြီး ကျောက်တောင်ကျောက် တန်းများကို တက်ရောက်ကျော်ဖြတ်ခဲ့ ကြသည်။

ထိုလူဖြူများထဲမှ တစ်ဦးသည် မြစ်နံဘေးရှိ ရွက်ဖျင်တဲ၏အရှေ့တွင် ထိုင်နေလေသည်။ သူသည် မီးဖို၏ မီးတောက်နှင့် မီးခိုးများကို သူစခန်းချ ထားရာနေရာကနေ မဝေးမှသော အင်းဒီးယန်းကျေးရွာလေးကို ကြည့် နေလေသည်။

သူ့ရွက်ဖျင်တဲ၏ အထဲမှ နာ ဖျားနေတဲ့ ကလေးငယ်တစ်ဦးရဲ့ ငိုသံ ထွက်လာသည်။ တစ်ဆက်တည်းမှာပဲ ကလေးမိခင်၏ သားချော့တေးသံ အေးအေးငြိမ့်ငြိမ့်လေး ထွက်ပေါ်လာ သည်။ သို့သော် ထိုလူက ဂရုမစိုက် အား။ ခုလေးတင် ထွက်သွားသော အင်းဒီးယန်းရွာလူကြီး၊ လူနီကြီး ဘတ်တစ္စတေအကြောင်းကို သူစဉ်း စားနေလေသည်။

"ကျုပ်တို့ ဒီမှာ ခင်ဗျားကို အလိုမရှိဘူး"လို့ ဘတ်တစ္စတေက သူ့ကိုပြောသွားသည်။ "ကျုပ်တို့က ခင်ဗျားကို ကျုပ်တို့ရဲ့ မီးပုံဘေးမှာ ထိုင်ခွင့်ပေးလိုက်ရင် ခင်ဗျားနောက်က နေ ခင်ဗျားရဲ့ ဘုရားကျောင်းရောက် လာမယ်။ ခင်ဗျားရဲ့ ဘုန်းကြီးတွေ ရောက်လာမယ်။ ပြီးရင် ခင်ဗျားတို့ရဲ့ ဘုရားသခင်ပါ ရောက်လာလိမ့်မယ်" လူနီကြီး ဘတ်တစ္စတေသည် လူဖြူ တို့၏ ဘုရားသခင်ကို မုန်းတီးလေ သည်။ သူ၏ဖခင်မှာ ဂုဏ်သရေရှိလူ ကြီးလူကောင်း အင်္ဂလိပ်လူမျိုးဖြစ်ပြီး သူ့မိခင်မှာ အင်းဒီးယန်းလူမျိုးခေါင်း ဆောင်၏သမီး ဖြစ်သည်။ ဘတ်တစ္စ တေသည် လူဖြူတို့ကြား၌ ကြီးပြင်းခဲ့ လေသည်။

သူ အရွယ်ရောက်သောအခါ ပြင်သစ်လူမျိုးတစ်ဦး၏ သမီးနှင့် ချစ် ကြိုက်မိလေသည်။ သို့ရာတွင် သူမ၏ ဖခင်က သူတို့ရဲ့ လက်ထပ်ပွဲကို သဘောမတူပေ။ ခရစ်ယာန်ဘုန်း တော်ကြီးက သူတို့နှစ်ဦးကို လက်ထပ် ပေးဖို့ ငြင်းဆန်ခဲ့သည့်နောက်တွင် ဘတ်တစ္စတေသည် မိန်းကလေးကို တောထဲသို့ ခေါ်ဆောင်သွားခဲ့လေ သည်။ သူ့အမေဘက်က လူတွေထံ တွင် နေထိုင်ရန် သွားခြင်းဖြစ်သည်။ နောက်တစ်နှစ်အကြာတွင် မိန်းကလေး သည် သူမ၏ ပထမဆုံးရင်သွေး မိန်း ကလေးကို မီးဖွားရင်း သေဆုံးခဲ့ရ ရှာလေသည်။ ဘတ်တစ္စတေသည် ကလေးကို လူဖြူတွေကြားမှာ နေထိုင် ဖို့ ပြန်ခေါ်ဆောင်လာခဲ့သည်။ နှစ် ပေါင်းများစွာ သူတို့နဲ့အတူ ငြိမ်းချမ်း စွာ နေထိုင်ခဲ့လေသည်။ သူ့သမီး ကလေး အရွယ်ရောက်တော့ အရပ် ရှည်ရှည်နဲ့ လှလှပပလေး ဖြစ်သည်။ တစ်ည ဘတ်တစ္စတေ အဝေးသို့ ရောက်ရှိနေခိုက်တွင် လူဖြူတစ်ဦး သည် သူတို့၏အိမ်ကို ချိုးဖျက်ဝင် ရောက်ပြီး သမီးကလေးကို သတ်၍ သွားလေသည်။ ဘတ်တစ္စတေက တရားမျှတစွာ စီရင်ပေးဖို့ တောင်းဆို တော့ လူဖြူတို့၏ဘုရားသခင်သည် အပြစ်အားလုံးကို ခွင့်လွှတ်တော်မူ သည်လို့ ပြောလွှတ်လိုက်လေသည်။ ဒါကြောင့် သူဟာ သူ့သမီးကို သတ်ခဲ့ တဲ့ လူသတ်သမားကို သူ့လက်နဲ့ ကိုယ်တိုင်သတ်ပြီး သူ့မိခင်ဘက်က လူမျိုးများရှိရာ တောထဲသို့ အပြီးပြန် သွားခဲ့လေသည်။

"ကျုပ်ရွာကို လာတဲ့ မည်သည့် လူဖြူမဆို အသက်ရှင်လျက် နေချင် ရင် သူတို့ရဲ့ဘုရားသခင်ကို ငြင်းပယ် ရမယ်လို့ ကျုပ်သစ္စာဆိုထားတယ်" လို့ သူက ဟေးစတော့ဒ်ကိုပြောသည်။

"ဒါပေမယ့် ခင်ဗျားက ဒီကို ပထမဆုံးရောက်လာတဲ့လူဖြူဖြစ်နေတော့ ခင်ဗျားပြန်သွားမယ်ဆိုရင် ကျုပ်အဲဒီ လို မလုပ်ဘူး။ ဒီတော့ ခင်ဗျားမြန်မြန် သာ ပြန်ပါ"

"ကျုပ်ဆက်နေရင်ကော"လို့ ဟေးစတော့ဒ်က ဆေးတံကို ဆေး ဖြည့်ရင်း တည်တည်ငြိမ်ငြိမ်နဲ့ပြော သည်။ "ဒီလိုဆိုရင် ခင်ဗျားမကြာခင် ခင်ဗျားတို့ရဲ့ ဘုရားသခင်နဲ့ တွေ့ရမှာ ပေါ့။ ခင်ဗျားတို့ရဲ့ ဆိုးရွားလှတဲ့ ဘုရား သခင်၊ လူဖြူတွေရဲ့ ဘုရားသခင်နဲ့ လေ" အင်းဒီးယန်းလူမျိုး အကြီးအကဲ သည် မတ်တတ်ထရပ်ပြီး ဟေးစ

www.burmeseclassic.com

တော့ကဒ်၏ စခန်းကိုထားရစ်ကာ သူ၏ရွာသို့ ပြန်လေသည်။

နောက်တစ်နေ့မနက်တွင် ပေါးစတော့ကဒ်သည် လူသုံးဦး ကနူးလှေကလေးဖြင့် မြစ်ကမ်းကိုဆိုက်လာသည်ကို ဒေါသမျက်စိဖြင့် ကြည့်လေသည်။ သူတို့ထဲက နှစ်ယောက်က အင်ဒီးယန်းတွေဖြစ်ပြီး တတိယတစ်ယောက်က လူဖြူတစ်ဦး၊ သူ့ခေါင်းမှာ အနီရောင်တောက်တောက် အဝတ်စကြီးစည်းလို့ ပေါးစတော့ကဒ်ရဲ့ လက်က သူ့သေနတ်ဆီ ရောက်သွားတယ်။ ပြီးတော့မှ စိတ်ပြောင်းသွားတယ်။ ကနူးလှေကမ်းကပ်တာနဲ့ လူဖြူသည် ခုန်ချကာ ပေါးစတော့ကဒ်ရှိရာသို့ ပြေးလာသည်။

"ကဲ ... ကျုပ်တို့တွေ့ကြပြန်ပြီ ပေါးစတော့ကဒ်။ ငြိမ်းချမ်းမှုသည် သင်နှင့်အတူ ရှိပါစေ။ ခင်ဗျားဟာ အပြစ်သားဆိုတာ ကျုပ်သိပါတယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ကျေးကျွန်ဖြစ်တဲ့ ကျုပ်စကော့ဂျက်အိုဝင်ဟာ သင့်ကို ကျုပ်တို့ရဲ့ ဘုရားကျောင်းကို ပြန်လည်ခေါ်ဆောင်သွားပါ့မယ်"

"ကျုပ်ပြောတာ နားထောင်ပါဦး"လို့ ပေါးစတော့ကဒ်က သတိပေးသည်။ "ခင်ဗျားတို့ဒီမှာနေရင် ခင်ဗျားနဲ့ ခင်ဗျားလူတွေ ဒုက္ခရောက်လိမ့်မယ်။ ခင်ဗျားတို့ အသတ်ခံရလိမ့်မယ်။ အဲဒီလိုပဲ ကျွန်တော့်ဇနီး ကျွန်တော့်ကလေးနဲ့ ကျွန်တော်ပါ အသတ်ခံရမှာပဲ"

အိုဝင်က ကောင်းကင်ကို မော့ကြည့်ပြီး "ဘုရားသခင်ကို သူ၏နှလုံးသားထဲမှာ ဆောင်ယူပြီး တရားတော်ကို သူ၏လက်တွင်းမှာ ထားသူသည် စောင့်ရှောက်ခြင်းကို ခံရမည်"

အဲဒီမနက် နောက်ပိုင်းမှာ ဘတ်တစ္စတေသည် စကော့ဂျက်၏ စခန်းကို ပြန်ရောက်လာသည်။ "ဘုန်းတော်ကြီးကို ထုတ်ပေးပါ"လို့ သူက တောင်းဆိုသည်။ "ဘုန်းကြီးကိုထုတ်ပေးရင် ခင်ဗျားကို အေးအေးချမ်းချမ်းနဲ့ ပြန်ခွင့်ပေးမယ်။ မဟုတ်ရင်တော့ ခင်ဗျားသေရလိမ့်မယ်"

စကော့ဂျက်အိုဝင် ကျမ်းစာအုပ်ကို ဆုပ်ကိုင်ထားသည်။ "ကျုပ်မကြောက်ဘူး"လို့ သူက ပြောသည်။ "ဘုရားသခင်က ကျုပ်ကို ကာကွယ်စောင့်ရှောက်လိမ့်မယ်။ ဘုရားသခင်က သူ့ရဲ့လက်ယာလက်နဲ့ ဆောင်ယူစောင့်ရှောက်လိမ့်မယ်။ ကျုပ်အခု ဘတ်တစ္စတေနဲ့ သူ့ရဲ့ရွာကို လိုက်သွားဖို့ အသင့်ပဲ။ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ကျုပ် သူ့ရဲ့ဝိညာဉ်ကို ကယ်တင်မယ်"

ပေါးစတော့ကဒ်က ခေါင်းကို ခါလေသည်။ "ဒီမယ် ဘတ်တစ္စတေ၊ ဒီဘုန်းတော်ကြီးကို ဒီကို ကျုပ်ခေါ်လာတာ မဟုတ်ဘူး။ ဒါပေမယ့် သူအခု ဒီကိုရောက်နေပြီဆိုမှတော့ သူ့ကို ကျုပ်သတ်ခွင့်မပြုနိုင်ဘူး။ ကျုပ်တို့ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်ကြမယ်ဆိုရင် ခင်ဗျားရဲ့လူတွေ အများကြီးသေကုန်မှာပဲ"

ဘတ်တစ္စတေသည် စတော့ကဒ်မျက်ဝန်းထဲကို စူးစိုက်ကြည့်လိုက်လေသည်။ "ဒါပေမယ့် အသက်ရှင်သန်နေတဲ့သူတွေကတော့ သူစိမ်းဘုရားသခင်ရဲ့ တရားတော်တွေကို နာယူရလိမ့်မယ်မဟုတ်ဘူး"လို့ သူက ပြောသည်။

တဒင်္ဂ တိတ်ဆိတ်သွားပြီးနောက် ဘတ်တစ္စတေသည် သူ့စခန်းရှိရာကို လှည့်ပြန်သွားလေသည်။ အိုဝင်စကော့ဂျက်လည်း သူ့လူနှစ်ယောက်ကို ခေါ်ပြီး အုံးဦးသား ဒူးထောက်ဆုတောင်းကြသည်။ စတော့ကဒ်နဲ့ သူ့ဇနီးကတော့ တိုက်ပွဲအတွက် သူတို့စခန်းကို စပြင်ဆင်ကြလေသည်။

သူတို့တိုက်ပွဲအတွက် ပြင်ဆင်မှုတွေ လုပ်နေရင်း ရွာထဲကတီးလိုက်တဲ့ စစ်ခေါ်ဗုံသံတွေကို ကြားလိုက်ရသည်။

အိုဝင်သည် ဆုတောင်းနေရင်းနှင့်ပင် သူ၏ပြင်းပြတဲ့ ဘာသာရေးယုံကြည်မှုဟာ အေးစက်လျော့ပါးလာတယ်လို့ ခံစားမိလာသည်။ သူ၏ စိတ်နှလုံးတွင် မျှော်လင့်ချက်အစား ကြောက်ရွံ့မှုက အစားထိုးဝင်ရောက်လာလေသည်။ နောက်ဆုံးမှာ ဘဝကို မြတ်နိုးတွယ်တာတဲ့စိတ်က သူ၏စိတ်နှလုံးထဲက ဘုရားသခင်ကို ကိုးကွယ်မြတ်နိုးတဲ့စိတ်ကို အစားထိုးနေရာယူသွားလေပြီ။ ဘဝကို တပ်မက်မှုဆိုပါလား။ သူ့အဲဒီစိတ်ခံစားမှုကို ဘယ်လိုမှ ရပ်တန့်မပစ်နိုင်ဘူး။ သူသိတယ်။ စတော့ကဒ်လည်း သူ့ဘဝကို သူတပ်မက်မှာပဲဆိုတာ။ သို့ပေမယ့် စတော့ကဒ်က အရှက်ဖြင့် ရှင်သန်ဖို့ထက် အသက်စွန့်ဖို့ကို ရွေးချယ်ပေလိမ့်မည်။

စစ်ခေါ်ဗုံသံတွေ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပြီးတော့ ရုတ်တရက် ရပ်တန့်သွားလေသည်။

မည်းမည်းလှုပ်နေသော ခြေထောက်လှိုင်းလုံးကြီးတစ်လုံး စကော့ဂျက်၏ စခန်းရှိရာကို ပြေးဝင်လာသည်။ မြားတံတွေ လေထဲကို ဖြတ်ပြီး တရှိန်ရှိန်းဝင်ရောက်လာသည်။ လှံတစ်



www.burmeseclassic.com

www.burmeseclassic.com

ချောင်းက စတော့ကဒ်ရဲ့ ဖနီးကို ထိုးဖောက်မုန့်သွားတယ်။ စတော့ကဒ်က ကျည်ဆန်တွေနဲ့ ပြန်အဖြေပေးလိုက်တယ်။ အင်ဒီးယန်းစစ်သည် လှိုင်းလုံးကြီးတွေက တစ်လုံးပြီးတစ်လုံး ခံတပ်ကို ချိုးဖြတ်ဝင်ရောက်လာတယ်။ စကော့ဂျက်အိုဝင်သည် သူ့တဲအတွင်းသို့ ပြေးဝင်သွားလေသည်။ သူ့လူနှစ်ယောက်က ချက်ချင်းပင်ကျဆုံးသွားလေသည်။ ဟေးစတော့ကဒ်တစ်ဦးသာ အင်းဒီးယန်းတွေကို တိုက်ခိုက်တွန်းလှန်ရင်း ရပ်တည်ကျန်ရစ်လေသည်။

သူသည် လက်တစ်ဖက်တွင် ပုဆိန်ကိုကိုင်ထားပြီး ကျန်တစ်ဖက်တွင်မူ သေနတ်ကို ကိုင်ထားလေသည်။ သူ့နောက်ကနေပြီး လက်မည်းပြီးတစ်ဖက်က ကလေးငယ်၏ သေးလှိုတဲ့ခြေထောက်ကိုဆွဲပြီး မိခင်၏ ရင်ခွင်ထဲမှ ထုတ်ယူသွားလေသည်။ အင်ဒီးယန်းသည် ကလေးငယ်ကို လေတွင်ဝှေ့ယမ်းပြီး ဦးခေါင်းကို သစ်သားတိုင်နှင့် ရိုက်ခွဲလိုက်လေသည်။ စတော့ကဒ်က လှည့်ကာ အင်ဒီးယန်း၏ဦးခေါင်းကို ပုဆိန်ဖြင့် ခုတ်ဖြတ်လိုက်လေသည်။

ရက်စက်ရိုင်းစိုင်းသော မျက်နှာများက စတော့ကဒ်ဆီကို ကပ်လာလေသည်။ နှစ်ကြိမ်တိုင်တိုင် သူ့ဆီကို တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ကြသည်။ သို့သော် အကြိမ်တိုင်းတွင် သူက ပြန်လည်တွန်းလှန်နိုင်ခဲ့ပါသည်။ သူတို့ သူရဲ့ခြေရင်းမှာ လဲကျသေဆုံးကြတာနဲ့အမျှ မြေကြီးသည်လည်း သွေးတို့ဖြင့် စိုစွတ်လာလေတော့သည်။ နောက်ဆုံးမှာ ဘတ်တစ္စတေက သူ့လူတွေကို ပြန်ခေါ်လိုက်လေသည်။

"စတော့ကဒ်"လို့ သူကအော်ပြောတယ်။ "ခင်ဗျားဟာ ရဲရင့်သူတစ်ဦးပါ။ ခင်ဗျားတို့ရဲ့ ဘုရားသခင်ကို ငြင်းပယ်လိုက်ပါ။ ဒါဆိုရင် ကျုပ် ခင်ဗျားကို အသက်ရှင်ခွင့်ပေးမယ်"

အင်ဒီးယန်းနှစ်ယောက်က စတော့ဂျက်အိုဝင်ကို တဲထဲကနေ ဆွဲထုတ်လာကြသည်။ သူဒဏ်ရာမရဘူး။ သူ့မျက်လုံးတွေကတော့ ကြောက်စိတ်နဲ့ ပြူးကျယ်လို့။

သူ့ကို အခုလို အားနည်းလွန်းတဲ့ လူတစ်ယောက်ဖြစ်အောင် ဖန်ဆင်းထားတဲ့ ဘုရားသခင်ကို သူစိတ်ဆိုးဒေါသထွက်မိသည်။ ဘာကြောင့်များ ဘုရားသခင်က သူ့ကို အားအင်မရှိဘဲနဲ့ ယုံကြည်မှုကို အပ်နှံထားပါလိမ့်။

အိုဝင်သည် လူနီကြီးဘတ်တစ္စတေ၏ရှေ့တွင် တုန်တုန်ယင်ယင်ဖြင့် ရပ်နေလေသည်။ "အခု ခင်ဗျားတို့ရဲ့ ဘုရားသခင် ဘယ်မှာလဲ"လို့ အင်ဒီးယန်းခေါင်းဆောင်က မေးလိုက်သည်။

"ကျွန်တော်မသိဘူး"လို့ အိုဝင်က တီးတိုးပြန်ဖြေသည်။

"ခင်ဗျားမှာ ဘုရားသခင်ရှိသလား"

"အရင်က ရှိခဲ့ပါတယ်"

"အခုရော ရှိသေးလား"

"မရှိတော့ပါ"

"သိပ်ကောင်းတယ်"လို့ ဘတ်တစ္စတေက ပြောသည်။

"ကဲ . . . ဒီလူကို လွတ်လွတ်လပ်လပ် သွားခွင့်ပေးလိုက်ပြီ။ သူ့ကို ဘာတစ်ခုမှ မဖြစ်စေနဲ့။ ပြီးတော့ သူ့ကို သူ့လူမျိုးတွေရှိရာကို ပြန်ပို့ပေးလိုက်။ ဒါမှ ဘုရားသခင်မရှိတဲ့ လူနီကြီး ဘတ်တစ္စတေရဲ့ဒေသအကြောင်း သူ့ဘုန်းတော်ကြီးတွေကို သူပြန်ပြောနိုင်မှာ"

ဘတ်တစ္စတေက ဟေးစတော့ကဒ်ဘက်လှည့်ပြီး "ဘုရားသခင်ဆိုတာ မရှိဘူး"လို့ ပြောလိုက်သည်။ စတော့ကဒ်က ရယ်တယ်။ အင်ဒီးယန်းစစ်သည်တစ်ဦးက သူ့လှံတံကို မ,လိုက်လေသည်။

"ခင်ဗျားမှာ ဘုရားသခင်ရှိသလား"လို့ ဘတ်တစ္စတေက အော်ပြီးမေးတယ်။ စတော့ကဒ်သည် အသက်ကို ပြင်းပြင်းရှူသွင်းလိုက်သည်။ "ရှိပါတယ်"လို့ ပြန်ပြောလိုက်သည်။ "ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်ကိုးကွယ်ခဲ့တဲ့ ဘုရားသခင်ပါ"

လှံတံသည် လေဟုန်ကိုခွင်းဖောက်ပြီး စတော့ကဒ်၏ ရင်အုံကို ထိုးဖောက်ဝင်ရောက်သွားလေသည်။ စတော့ကဒ် ဖြည်းဖြည်းချင်း လဲကျသွားသည်ကို စတော့ဂျက်အိုဝင် မြင်တွေ့လိုက်ရလေသည်။ ပြီးတော့ အင်ဒီးယန်းတွေက အိုဝင်ကို ကနူးလှေပေါ် တင်လိုက်ကြလေသည်။ ထို့နောက် သူသည် လူဖြူတို့၏ ဘုရားသခင်ကို မယုံကြည်သော လူနီကြီးဘတ်တစ္စတေအကြောင်းကို သယ်ဆောင်ကာ မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားလေသည်။

**ထွန်းထွန်းလင်း**

**(The God of His Father by Jack London)**

www.burmeseclassic.com




# ယပက်လက်ဦးချိုနဲ့ ပြောင်

## ရှစ်ခွင်ကျော်-ဖောင်တော်သီ

ကျုပ်ဆိုတဲ့ မောင်ဘိုကြီးဟာ စစ်မှုထမ်းဟောင်းပါ။

ဆိုလိုချင်တာက စစ်မှုထမ်းသက် နှစ်နှစ်ဆယ်ကျော်မှာ ချင်းပြည်နယ်နဲ့ ရောဝတီတိုင်းကလွဲလို့ ပြည်နယ်စုံ၊ တိုင်းဒေသကြီး အစုံက တောတွေ၊ တောင်တွေ ခြေရာချင်းထပ်အောင် နဲ့ စပ်တယ်။ တောတောင်သားရဲတိရစ္ဆာန် တွေရဲ့ သဘာဝ ဗဟုသုတကြွယ်ဝတဲ့ အကြောင်းပါ။ ဒါကြောင့် မုဆိုးစာရေး ဆရာတွေရဲ့ ဝတ္ထုကောင်းပါးတွေကို စွဲစွဲလမ်းလမ်း ဖတ်ပါတယ်။

ဘယ်လိုတွေ ဆက်စပ်မှုရှိသလဲဆို တော့...

ဆိုပါတော့။ တောတောင်တွေ ကြားက စမ်းချောင်းလေးတစ်ခုလို့ ဆို လိုက်ရင်ပဲ ကျုပ်မျက်စိထဲမှာ တငြိမ့် ငြိမ့်စီးဆင်းနေမယ့် အေးမြကြည်လင် ပြီး ကြမ်းပြင်က ကျောက်စရစ်ခဲလေး တွေကို မြင်ရမယ်။ ငါးလေးတွေ ကူးခပ် နေမယ်လို့ ပုံရိပ်ထင်နေတာကြောင့်ပါ။

မုဆိုးစာရေးဆရာတွေထဲမှာတော့ ဆရာကျော်စိုးဗိုရဲ့ အရေးအသား အဖွဲ့ အနွဲ့ တင်ပြချက် ရသမြောက်လွန်းလို့ စွဲလမ်းမိပါတယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင် တဲ့သဘောလည်း ဖြစ်မှာပါ။ ဘာ ကြောင့်ဆို လူချင်းကလည်း ညီရင်း အစ်ကိုလို ရင်းနှီးကျွမ်းဝင်နေလို့ပါပဲ။

ဒါပေမဲ့...

ပြီးခဲ့တဲ့နှစ်က ဝတ္ထုတိုပေါင်းချုပ် စာအုပ်လေးထဲမှာ ဆရာကျော်စိုးဗိုရဲ့ ဝတ္ထုတစ်ပုဒ်ပါပါတယ်။ ရေးထားတာက "ပြောင်" ဆိုတဲ့ သတ္တဝါအကြောင်း။ ဘျော်စာတစ်ကြောင်းတောင် ဆုံးအောင် မဖတ်ဖြစ်ဘူး။ တစ်မျက်နှာဆို ဝေး ရောပဲ။

ဘယ့်နှယ်ဗျာ...။ ပြောင်ဆိုတဲ့ တောရိုင်းတိရစ္ဆာန်ရဲ့ ဦးချိုဟာ ပစောက် ပုံ ကွေးညွတ်ပြီး အဖျားရှူးသွားတာ ဖန်တီးထားသလိုပဲ၊ လုမှလု။ ဆရာ ကျော်စိုးဗို ပြောင်ဝတ္ထုသရုပ်ဖော်ပန်းချီ ပုံထဲမှာက ပြောင်ဦးခေါင်းသေးတိုက် ထွက်၊ အောက်ဘက်ကို ကွေးညွတ် ကိုင်းကျပြီး အပေါ်ကိုဝိုက်ပြီး တက်သွား တာ ရှေ့တည့်တည့်ကကြည့်ရင် ယပက် လက်ပုံကြီး။

အဲဒါ ကျွဲဖျိုးကျွဲ...ဘင်္ဂလားကျွဲ။

**ရှစ်ခွင်ကျော်-ဖောင်တော်သီ**

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

# မဟာအာဂုံ

# အတိတ်ကိုနိုးတာသင့်ခဲ့ပြီ

ကျော်မင်းနိုင်

[ စ ၁ တ် သိ မ်း ပိုင်း ]

(လေး)

တောင်ကမ်းပါးယံမှ မြင်ကွင်းများကို အလှုပ်အရှားမဲ့သွားစေခြင်းဖြင့် အဆုံးသတ်သွားစေသည်။

တစ်ဖက်တောင်ကြောကို မီးခှောင်နှင့် လူတန်းကြီး တိုးဝင်သွားသောအခါ အားလုံးငြိမ်သက်သွားစေသောသည်။

ထက်ရှားအဖို့ ဆက်လက်၍ ကြည့်နေစရာ စိတ်ဝင်စားမှုများမရှိတော့ဟု ထင်သည်။ ရွက်ထည်တဲပြတင်းတံခါးကို အသာပြန်ချကာ ဆွဲခိတ်ကို ပိတ်စေ့ပစ်လိုက်သည်။

မျက်နှာကို ပြတင်းပေါက်မှခွာပြီး အတွင်းဘက်သို့ ပြန်လှည့်လိုက်သောအခါ အဘိုးဦးအောင်ထွန်းအရှားထိုင်ပြီး၍ အိပ်ရာထဲကျောခင်းကာ မျက်စိမှိတ်ထားလေပြီ။ ဦးစိုင်းနောင်ပါ အိပ်မောကျလျက်ရှိနေပြီ။

ရွက်ထည်တဲကလေး အတွင်းမှာ အလှုပ်အရှားမဲ့ ငြိမ်သက်နေလေပြီး စိတ်မငြိမ်တာက ထက်ရှား။

သို့သော် သူလည်း အိပ်ရာခင်းပေါ် လှဲချလိုက်သည်နှင့် အဘိုးနှင့် ဦးစိုင်းနောင်တို့နည်းတူ အိပ်ပျော်နိုင်ရန် ကြိုးစားရပေတော့မည်။

ထက်ရှားအိပ်ပျော်နိုင်ရန် ကြိုးစားနေစဉ် အပြင်ဘက်မှာ ငြိမ်ငြိမ်သက်သက် မရှိတော့ကြောင်း သိလိုက်ရပြန်သည်။

အော်သံဟစ်သံတွေ၊ ကြိမ်းမောင်းဟစ်အော် ခြိမ်းခြောက်သံတွေ။

"ဒီကောင်တွေကို ဝင်ဖမ်းကြစမ်း"

"တစ်ကောင်မှ မလွတ်စေနဲ့။ လွတ်ပြေးမယ်ထင်ရင် အသေသာပစ်သတ်လိုက်"

ထိုသို့ ဟစ်အော်ကြိမ်းမောင်းသံတွေနှင့် တစ်ဆက်တည်း သေနတ်သံတွေပါ ကြားလိုက်ရသည်။

"ဒိုင်း ... ဒိုင်း"

"ရှီ .. ညှောင့် ... ဒိုင်း"

သေနတ်သံတွေကြောင့် စိုးရိမ်စိတ်တွေ ဝင်လာသည်။

ခေါင်းထောင်လျက် အိပ်ရာက ထထိုင်ကာ သူ့ဘေးမှာ အိပ်နေသော အဘိုးဦးအောင်ထွန်းနှင့် ဦးစိုင်းနောင်တို့အား လှမ်းကြည့်မိသည်။

အဘိုးတို့နှစ်ယောက် ဘာမှ မဖြစ်သလို အိပ်ရာမှာအိပ်နေကြသည်။

ထက်ရှားအဖို့ ဤအဖြစ်အပျက်များကြားသို့ သူတစ်ယောက်တည်း ကျရောက်နေသလိုဖြစ်နေ၏။ အဘိုးနှင့် အဘိုးတပည့် နှစ်ယောက်က သိပင်သိလိုက်ကြပုံ မပေါ်။

သေနတ်သံတွေ ဆူညံလာပြန်သည်။

"ဒိုင်း ..."

"ရှီ ... ညှောင့် .. ဒိုင်း"

"ဒီကောင်တွေကို ဝင်ဖမ်းကြစမ်း"

"တစ်ကောင်မှ မလွတ်စေနဲ့။ လွတ်ပြေးမယ်ထင်ရင် အသေသာပစ်သတ်လိုက်"

ဟိန်းဟောက်သံတွေ၊ သေနတ်သံတွေကြောင့် ထက်ရှားမှာ မနေ



www.burmeseclassic.com

www.burmeseclassic.com

သာတော့။

စောစောက စေ့ပိတ်ထားခဲ့သော ရွက်ထည်တဲပြတင်းတံခါးကို အသာဖွင့်ပြီး ကြည့်မိပြန်သည်။

ထိုအခါကျမှ သူတစ်ခါမျှ မကြုံဖူးသော အတွေ့အကြုံကို တွေ့ကြုံလိုက်ရသည့်အဖြစ်။

သူတို့ ယာယီစခန်းချနေရာနှင့် မနီးမဝေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်ပျက်နေသော အရာများ။

စစ်မြင်းကြီးများနှင့် စစ်သားများကိုလည်း တွေ့ရသည်။ ပြီးတော့ တောင်ပေါ်သို့ လားများနှင့် ဆွဲတင်နေသော မြေပြင်ပေါင်းပစ် အမြောက်ကြီးများ။ ရုပ်ရှင်ပိတ်ကားတစ်ကားလို၊ ဗီဒီယိုကားတစ်ကားလို လှမ်းမြင်နေရသည့် မြင်ကွင်းမို့ ထက်ရှားအံ့အားသင့်နေသည်။

တစ်ဖက်နှင့်တစ်ဖက် အသည်းအသန်ကို တိုက်ခိုက်နေခြင်းပင်။ ကုလားစစ်သားများလည်း ပါသည်၊ တရုတ်စစ်သားများလည်း ပါသည်၊ ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ဝတ်စုံနှင့် ဗမာမျိုးချစ်စစ်သားများကိုပါ တွေ့နေရသည်။

"အိန္ဒိယအင်ဖား စစ်မြေပြင်ကို ဒီကောင်တွေရောက်မသွားအောင် ချေမှုန်းနိုင်မှ ဒီအင်္ဂလိပ်စစ်တပ် ဗမာပြည်စစ်မြေပြင်ကို ပြန်ဝင်မလာနိုင်မှာ"

သူတို့တစ်တွေ တိုက်ခိုက်နေကြပုံမှာ လူမျိုးပေါင်းစုံပါဝင်သော ကမ္ဘာစစ်ကြီး ဖြစ်နေပုံမခြား။

"ဝီ ... ဝီ ... ဝီ ... ဝီ"

ကောင်းကင်ယံမှ အမေရိကန်လေတပ်တံဆိပ်ပါ တိုက်လေယာဉ်ပျံများကိုပါ မြင်နေရသည်။

ရေခဲတောင်ခါးပန်းကို ကွေ့ဝိုက်၍ ပျံသန်းရင်း ဟိုမှ သည်မှ လူးလာခေါက်တုံ့။ ထိုလေယာဉ်များကိုတော့ ဂျပန်တပ်တွေက ဂရုထားသည်။

အမေရိကန်လေယာဉ်တွေ တောင်ကြားတွေမှ ပေါ်လာပြီဆိုလျှင် သူတို့၏ လားဆွဲအမြောက်ကြီးများကို ပုံဖျက်ကာ ဝှက်ကွယ်ထားကြသည်။ ထိုသို့ ဝှက်ကွယ်မထားနိုင်ပြန်လျှင်လည်း ပေါ်ပေါ်ထင်ထင်ပင် ပြန်လှန်ပစ်ခတ်ကြသည်။

"ဝီ ... ဝီ ... ဝီ"

"ဝုန်း ... ဝုန်း ... ဝုန်း"

"ရှိုး ... ဝေါ ... ဝေါ"

တချို့လေယာဉ်ပျံကြီးတွေကို အမြောက်ကျည်ဆန်တွေ ထိမှန်ပြီး တောင်ကြားသို့ မီးလောင်ထိုးကျသွားသည်ကို မြင်ရသည်။

"ဝုန်း ... ဒုန်း ... ဒုန်း"

လေယာဉ်ပျံတွေပေါ်ကလည်း ဗုံးတွေကြဲချလျှင် ကြဲချ၊ ကြဲချ၍မရလျှင် စက်သေနတ်နှင့် ပြန်ပစ်သည်။

"ဒက် ... ဒက် ... ဒက်"

"အား .. ခူးရား .. ဘတ်ကရိုး"

"အီး ... ဘလယ်ဒီ"

အနီးကပ်တိုက်ပွဲ၊ အဝေးပစ်တိုက်ပွဲတွေနှင့် ဆူညံနေ၏။ ရွက်ထည်တဲအပြင်ဘက် ပတ်ဝန်းကျင်တစ်ဝိုက် တကယ့်တိုက်ပွဲကြီးအသွင် ပြာကျသွားနိုင်၏။

သူတစ်ခုခုလုပ်မှ ဖြစ်တော့မည်။ အသံအားလုံး သူတို့၏ ရွက်ထည်တဲအပြင်မှာ တကယ်ပင်ဖြစ်ပျက်နေတာကတော့ သေချာနေလေပြီ။

ထက်ရှား ထိုအဖြစ်အပျက်များကို လုံးဝသိပုံမရကြသော အဘိုးကြီးနှစ်ယောက်ကို စိတ်ပူသွားလေသည်။

နှိုးလိုက်မည်ဟု ကြံစည်မိပြီးမှ ထိုအကြံအစည်ကိုဖျက်ကာ သူ့ဘေးမှာအိပ်နေသည့် မုဆိုးကြီးဦးစိုင်းနောင်ဘေးမှ အသာဖြတ်လျှောက်ပြီး အပြင်သို့ထွက်ကြည့်ရန်ဆုံးဖြတ်လိုက်သည်။

သူကိုင်နေကျ သေနတ်ကိုဆွဲပြီး ထရပ်သည်။

သည်တော့မှ ...

"ဒါကဘာလုပ်တာလဲ ငါ့မြေး"

အဘိုးဦးအောင်ထွန်းအသံကို ကြားလိုက်ရမှ အဘိုးဆီသို့ သူပြန်လှည့်ကြည့်လိုက်မိသည်။

အဘိုးလည်း ထထိုင်ကာ သူ့ကို လှမ်းကြည့်နေသည်ကို ထက်ရှားသိလိုက်၏။

"အပြင်မှာ ဆူဆူညံညံအသံတွေ။ ပြီးတော့ ပစ်ခတ်နေကြတဲ့အသံတွေ ကြားလို့ပါ အဘိုး"

"အဘိုးတော့ မကြားမိဘူး။ စိုင်းနောင်ကြီးလည်း သိပုံမရဘူး"

"ဒီလောက် အနီးကပ်ပြီး ဆူညံနေတာကို ဘာဖြစ်လို့မကြားရမှာလဲ"

"တကယ်ဖြစ်ပျက်နေတာတွေ မဟုတ်လို့ မကြားရတာနေမှာပေါ့ မြေးရဲ့"

ထက်ရှားအတွက် အထူးအဆန်းသဖွယ် အံ့အားသင့်သွားရပြန်သည်။ အဘိုးက သူ့ကို မဟုတ်တာတွေ ပြောလိမ့်မည်တော့ မဟုတ်။ သီလ၊ သမာဓိ၊ သစ္စာ တည်ကြည်သော အဘိုးသာ ဖြစ်၏။

"ဒီနယ်မြေတွေက ကြမ်းတမ်းတယ် မြေးရဲ့။ တစ်ချိန်က စစ်လမ်းကြောင်းကျခဲ့တဲ့ နယ်မြေပေါ့။ ဒုတိယကမ္ဘာစစ်တုန်းက အင်္ဂလိပ်နဲ့

www.burmeseclassic.com

ဂျပန်တပ်တွေ၊ တရုတ်တပ်တွေ၊ ဗမာ့တော်လှန်ရေးတပ်တွေ ဒီဘက်မှာ အဆုံးအဖြတ် တိုက်ပွဲတွေ ဖြစ်ခဲ့ဖူးတဲ့ နေရာ။

အိန္ဒိယနဲ့ တရုတ်ပြည်ကြီးကို ဖြတ်ဝင်ဖို့ တောင်ကြားလမ်းတွေ အခုအထိ ရှိနေသေးတာ အထင်အရှားပဲ။ ဒီကြားထဲ အမေရိကန်ရဲ့ ကာနယ်ဝင်းဂိတ် ဦးဆောင်တဲ့ လေတပ်ကလည်း ဂျပန်တွေ တရုတ်ပြည်ဝင်မသိမ်းနိုင်အောင် ကောင်းကင်က စစ်ကြောင်းတစ်ကြောင်းဖွင့်ပြီး စစ်ဆင်ခဲ့သေးတယ်။

ပြီးတော့ ဗမာ့လွတ်လပ်ရေးတပ်မတော်က ဗိုလ်မှူးဗထူးဦးဆောင်တဲ့ တပ်တွေနဲ့ ဂျပန်တပ်တွေပူးပေါင်းပြီး ဒီမြောက်ပိုင်းလမ်းတွေကတစ်ဆင့် အိန္ဒိယပြည်မှာရှိတဲ့ အင်္ဂလိပ်စစ်တပ်အခြေစိုက်တဲ့ အင်ဖားကို ဝင်စီးနိုင်အောင် ဒီဘက်ကလည်း စစ်ချီကြတယ်။ ဒါ့ကြောင့် ဒီဗမာပြည်မြောက်ပိုင်းမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်က အပြင်းအထန် ဒီနယ်မြေတွေမှာ ဆင်နွှဲခဲ့ကြဖူးတယ်''

အဘိုးစကားကြောင့် ထက်ရှားမှာ အတွေးရခက်သွားသည်။ ထိုအချိန်၌ အဘိုး၏တပည့် မုဆိုးကြီး ဦးစိုင်းနောင်ပါ နိုးလာ၍ ထထိုင်ကာ အဘိုးစကားကို စိတ်ဝင်စားစွာ နားထောင်ရင်း ..

“မောင်ထက်ကို ဘဘကလည်း ပြောမလို့ကွယ်။ ဒီလိုနယ်မြေကြမ်းတဲ့ နေရာတွေကိုရောက်ရင် ဘုရားတရား မမေ့ဖို့၊ တရားဘာဝနာ ပွားဖို့ ပြောမလို့ဟာ အဘက သေနတ်ကိုင်တဲ့ မုဆိုးဖြစ်နေတော့ မောင်ထက်က တစ်မျိုးမြင်သွားမှာကို စိုးရိမ်ပြီး မပြောဖြစ်တာ''

“ပြော် ... ပြော် ... အဘဦးစိုင်းနောင်ပြောပုံဆိုရင် အဲဒါတွေ မလုပ်ရင် ဒါမျိုးတွေ တွေ့တတ်တယ်လို့ ပြောလိုပုံရတယ်။ ဒါဆိုလည်း ခပ်ကောင်းကောင်းမို့ ကျွန်တော် ဘိုးဘိုးနဲ့ ဘဘတို့လို တရားဘာဝနာ မပွားဘဲ အိပ်မိလို့ ဒီနေရာ၊ ဒီမြေကြမ်းက အဖြစ်အပျက် သမိုင်းနောက်ကြောင်းပြန်တွေ မြင်ရ၊ ကြားရတာဆို ခပ်ကောင်းကောင်းပါပဲ။ ကျွန်တော့်အတွက် ဗဟုသုတတွေပေါ့ ခင်ဗျာ''

ဘိုးဘိုးဦးအောင်ထွန်းကတော့ ထက်ရှားစကားကို သိပ်ပြီးဘဝင်ကျချင်ပုံမရ။

“ဘုရားမေ့၊ တရားမေ့နေလို့ အတွေ့အကြုံသစ်တွေ၊ အထူးအဆန်းတွေ ကြုံရတာ ဝမ်းသာစရာ၊ ဗဟုသုတရတယ်လို့ တစ်ယူသန် စွဲမှတ်ဖို့ မသင့်ဘူးကွယ့်။ အဲဒါတွေဟာ အတွေ့အကြုံသစ်၊ သင်ခန်းစာထူးတွေတော့ မဟုတ်ပေဘူး။ အနိဋ္ဌာရုံကို တွေ့ရခြင်းဟာ ကောင်းသောလက္ခဏာလည်း မဟုတ်ပေဘူး။ ခု ဘိုးဘိုးတို့ နိုးလာလို့သာပေါ့။ နို့မို့ရင် ငါ့မြေးဟာ သေနတ်ကို ဆွဲပြီး အပြင်ဘက်ကို ရောက်သွားမယ်။ အပြင်ဘက်က တိုက်ပွဲတွေကြားထဲ တကယ်ထင်မှတ်ပြီး သွားရာက နောက်တစ်နေ့မနက်မှာ တောင်ကမ်းပါးပေါ်က ပြုတ်ကျပြီး သေနေတဲ့ အလောင်းကောင်တစ်ကောင် ဖြစ်နေတတ်တယ်''

ဘိုးဘိုးဦးအောင်ထွန်း ပြောပြသော စကားကြောင့် ထက်ရှားကလည်း ဘိုးဘိုးဦးအောင်ထွန်းကို ပြန်ဘဝင်မကျ ဖြစ်သွားပြန်သည်။

မြေးအဘိုးနှစ်ယောက် စိတ်ထက်သောသူတွေ ဖြစ်နေ၍ တစ်ဖက်နှင့်တစ်ဖက် ဘဝင်မကျနိုင်ကြသည်မှာ အဆန်းတော့မဟုတ်ချေ။

“အဲဒါဟာ မာယာတွေကွ .. မာယာတော်။ လောကကိုလှည့်စားတတ်တဲ့ မာယာတွေပဲ။ ဒါပေမယ့် မာယာဟာ တကယ်မရှိတဲ့အရာပဲလို့ ဆိုပြန်ရင်လည်း ခက်နေပြန်တယ်။ ဒီလိုကွာ ... ငါ့မြေးရယ်၊ မင်းတို့သိပ္ပံခေတ်မှာ သိပ္ပံသမားတွေ၊ လောက

**နှင်းမှုန်တိုင်း တိုက်ခတ်သံတွေ ကြားက ယမန်နေ့ညကလို အသုဘ ချလာသလိုလို၊ တစ်ခုခုကို အထိမ်းအမှတ်ပြု တီးခတ်လာသလိုလို ဆိုင်းသံတွေ ကြားလာရပြန်၏။**



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဆရာကြီးတွေ စကြဝဠာအတွင်း မှာ မြင်နေရတဲ့ ကြယ်ကြီးတွေ၊ ကြယ်စုကြယ်ဝေး၊ ကြယ်တံခွန်တွေ လိုပေါ့ကွာ။ အခုကမ္ဘာမြေပေါ်ကနေ ကြည့်နေရင် မြင်နေရတာတော့ ဟုတ်တယ်။ ဒါပေမယ့် တကယ်ရှိ သလားဆိုတော့ အခုမရှိတော့ဘူး။

အဲ ...အခုမရှိလို့ အရင်က မရှိခဲ့ဘူးလို့ ပြောကြဆိုကြပြန်ရင် လည်း မဟုတ်ပြန်ဘူး။ ဟိုအရင်က တကယ်ရှိခဲ့လို့ အခုမြင်တွေ့နေရ။ ဘယ်လိုမြင်တွေ့နေရတာလဲ ဆိုပြန် တော့ စကြဝဠာကြီးရဲ့ အလင်းနှစ် ပေါင်း သိန်းသန်းကုဋေနဲ့ချီပြီး ရှိခဲ့၊ ဖြစ်ခဲ့တာကြောင့် တွေ့နေနိုင်တာ။ သို့သော် တကယ်ရှိနေတုန်းလားဆို ပြန်တော့ အဖြေရခက်နေပြန်ရော။ အေး ... အဲဒီလိုပါပဲ။ ကမ္ဘာကြီးပေါ် မှာ ဖြစ်ပျက်သွားခဲ့တဲ့ အဖြစ်အပျက် တွေ ဆိုတာကလည်း တကယ်ဖြစ်နေ သလားမေးရင် အဖြေရခက်နေပြန် တယ်။ တကယ်မဖြစ်ဘူးပြောပြန်ရင် လည်း မဟုတ်တော့ပြန်ဘူး။ ကဲ ... ဘယ်လောက် ထူးဆန်းနေကြသလဲ ကွယ်"

ဘိုးဘိုးဦးအောင်ထွန်း၏ စိတ် ရှည်လက်ရှည် ရှင်းပြမှုကြောင့် တစ် ယူသန် ထက်ရှားအဖို့ နားလည်လက် ခံနိုင်စ ပြုလာသည်။

"ဒါဆို .. ရာဇဝင်သမိုင်းဖြစ်ရပ် တွေဟာလည်း စကြဝဠာကြီးရဲ့ အလင်းနှစ် အလင်းပြန်တွေလို ဖြစ် နေတတ်တယ်ဆိုတာ သားလက်ခံလို့ ရသွားပြီ ဘိုးဘိုး။ ဒါပေမယ့် ဒါတွေ ဟာ ဘိုးဘိုးပြောသလို မာယာတွေ၊ တကယ်မဟုတ်တဲ့ တုံ့ပြန်သက်ရောက် မှု ပရိယာယ်တွေအဖြစ် သားလက်ခံ လို့ရပြီ။ ဒါကြောင့် ဒီလို အနိဋ္ဌာရုံကြုံ တိုင်း မာယာကို မာယာမှန်းသိလို့ သတိရှိဖို့ လိုအပ်တာ သားသဘော ပေါက်သွားပြီ"

"ဟုတ်တယ်။ သတိရှိဖို့ အသိ ဉာဏ်ပညာ အမှန်ပဲလိုအပ်တယ် ကွယ့်။ အဲဒါကြောင့် အသိကို သတိ တင်၊ ပညာဉာဏ်နဲ့ ဆင်ခြင်ဖို့ ဝိပဿ နာ ဘာဝနာမှာ ဆိုဆုံးမထားတယ်။ လူငယ်တွေအတွက် မှတ်ရလွယ် အောင်ပြောရရင် မာယာကို မာယာ မှတ်၊ ပရိယာယ်ကို ပရိယာယ်အဖြစ် နားလည်တတ်ရမယ်၊ ဉာဏ်မျက်စိ အလင်းရှိရမယ်"

"ကောင်းပါပြီ ဘိုးဘိုးရယ်။ အဲဒီ အနိဋ္ဌာရုံမာယာတွေနဲ့ ထပ်မကြုံရ အောင် သားအသိသတိနဲ့ နေနိုင် အောင် သားကြိုးစားပါ့မယ်"

ထက်ရှား သူ့အဘိုးဦးအောင် ထွန်းကို ကတိပေးပြီး ထိုညအဖို့ ပြန် အိပ်ရန် ကြိုးစားရတော့သည်။

လက်မှနာရီကို ကြည့်လိုက် တော့ ည ၂ နာရီကျော်ပေပြီ။

## (ငါး)

ထက်ရှား မအိပ်ခင်ကလေးမှာ ဘိုးဘိုးဦးအောင်ထွန်းက ယာယီ ဘုရားစင်မှ သောက်တော်ရေစွန့်ပြီး ထက်ရှား၏ မျက်နှာကို လက်ကလေး ဖြင့် တောက်၍ ရေစင်ဖျန်းပက်ပေး သည်။

"အဲဒါ ဘိုးဘိုးအမြဲတမ်းရွတ် ဆိုနေတဲ့ မေတ္တသုတ်ပရိတ်ရေပဲကွယ့်။ ကိုယ်တိုင်လည်း မေတ္တသုတ်ကို ယုံ ယုံကြည်ကြည်နဲ့ ရွတ်ဖတ်သရဇ္ဈာယ် နိုင်အောင် ကြိုးစားကျက်မှတ်ထားရ တယ်။ မေတ္တသုတ်အကျိုးကတော့ ကောင်းစွာ အိပ်စက်နိုင်တယ်၊ နတ် ကောင်းနတ်မြတ်တွေ ချစ်ခင်ပြီး အစောင့်အရှောက်ပေးနိုင်တယ်။ အခြောက်အလှန့်၊ အနိဋ္ဌာရုံအိပ်မက် တွေ မမက်နိုင်သလို၊ ကိုယ့်အပေါ် မကောင်းကြံသူတွေလည်း မကောင်း မကြံစည်နိုင်ဘူး"

ဘိုးဘိုးဦးအောင်ထွန်းက မြေး ဖြစ်သူ ထက်ရှားကို တရားစကား အနက်တွေ သိပ်အလေးကြီးမပြော။ အကြမ်းဖျင်းလောက်သာ ပြောဆိုခြင်း ဖြစ်၏။

သူ့မြေးကို သူ့အနေဖြင့် လျှော့ တွက်၍ ထိုသို့သဘောမျှလောက် ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ထက်ရှား ကိုယ်တိုင် သိနေလေသည်။

အမှန်တော့ ဘိုးဘိုးကြီးသည် မြေးကို လျှော့တွက်ထားပုံရသည်။

ခေတ်လူငယ်တွေကို ဘာသာ ရေးတွင် သိပ်အလေးအနက်ရှိကြပုံ မရဟု ယူဆထားပုံရလေသည်။

ဒါကလည်း မြန်မာရှေးဟောင်း အဘိုးကြီးတွေကို အဆိုးမဆိုသာပါ ချေ။ ခုခေတ်လူငယ်တွေကလည်း ဘာသာရေးနှင့် နီးစပ်သူတွေရှိသလို၊ ဝေးနေသူတွေလည်း ရှိတတ်လေ သည်။

သို့သော် ထက်ရှားက သစ် တောဌာနတွင် အမှုထမ်းစဉ်ကာလ ကပင် တောထဲတောင်ထဲ အန္တရာယ် နှင့်ရင်ဆိုင်ပြီး နေရသည်မို့ ဘာသာတရား ၌ ကိုင်းရှိုင်းခဲ့သည်ကို အဘိုးက သိ ထားပုံမရ၍ ဆုံးမနေခြင်းသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေသရဲ၊ ပရလောကသားများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို သူ့နေရာနှင့်သူ အလေးပေး၊ အရေးထားရသည်များကို သိထားနှင့်ပြီးသား ဖြစ်၏။

ယခု မြောက်ပိုင်းခရီးတွင်မူ ထက်ရှားကိုယ်တိုင်က မေ့မေ့လျော့လျော့နေလိုက်မိတာလည်း ပါသည်။

အမှန်က သူ၏ချစ်သူဟောင်း 'တိဘက်သူမလေး လိုင်တန်ဆင်း'ကို တွေ့ချင်ဇောနှင့် လိုက်ပါလာခြင်းဖြစ်၍ စိတ်စောကာ ပေါ့ပေါ့လျော့လျော့နေခဲ့မိခြင်းသာ။

ဘိုးဘိုးနှင့် ဘိုးဘိုးကြီး၏တပည့် မုဆိုးကြီး ဦးစိုင်းနောင်တို့က ညဘက်တွင် ဘာသာရေးလုပ်ပြီး အိပ်ရာဝင်ကြသော်လည်း သူက လိုင်တန်ဆင်း ရှိမည်ထင်သော တိဘက်နယ်ဆီသို့ အချိန်ပြည့် လှမ်းပြီးလွမ်းနေသဖြင့် ဘုရားမေ့၊ တရားမေ့ မေ့နေခဲ့ခြင်း ဖြစ်တော့သည်။

ဒါသည်ပင် နယ်ကြမ်း၊ မြေကြမ်းကို ရောက်လာသောသူအတွက် အမှားကစ်ခုလုပ်မိခြင်း ဖြစ်၏။ လူကြီးတွေနှင့် လိုက်ပါလာခဲ့သည်။ ဘုရားအလုပ်၊ တရားအလုပ်ကို လူကြီးတွေလုပ်လျှင် ပြီးပြီဟု ယူဆမိခြင်းက သူ့အမှား။

ယင်းကြောင့်ပင် ...

ရွက်ထည်တဲအတွင်းတွင် အဘိုးကြီးနှစ်ယောက်နှင့်သူ နေထိုင်ခဲ့သော်လည်း ဘိုးဘိုးကြီးနှစ်ယောက်မှာ တရားဘာဝနာဖက်၍ ကောင်းမွန်ချမ်းသာစွာ အိပ်စက်နိုင်ခွင့်ရသော်လည်း သူ့မှာ အဘိုးကြီးနှစ်ယောက်ကဲ့သို့ ကောင်းမွန်စွာ အိပ်၍မရတော့သာ အလင်းနှစ်မိုင်သာ၊ သို့မဟုတ် ရာဇဝင်သမိုင်း အချိန်ယန္တရားကြား ညပ်ပါသွားကာ အန္တရာယ်နှင့် လက်တစ်ကမ်းအကွာ ရောက်ရှိခဲ့ရသည်။

ခုတော့ သူ့ဘိုးဘိုးကြီး ဦးအောင်ထွန်း၏ မေတ္တာပရိတ်ရေကြောင့် ထက်ရှားမှာ အိပ်ရာထက်တွင် လဲ့ချပြီး ခဏအကြာတွင် အိပ်ပျော်၍ သွားလေ၏။

□□□□□□□

## (မြောက်)

ညက ၂ နာရီကျော်ကျော်မှ အိပ်ရသဖြင့် သည်မနက် အိပ်ရာကနိုးတော့ နံနက် ၁၀း၀၀ နာရီထိုးနေလေပြီ။

မြောက်ဖျားဒေသဖြစ်၍ နံနက် ၁၀ နာရီထိုးသော်လည်း နေလုံးကို မမြင်ရသေး။

သို့သော် အလင်းရောင်ကမူ အတော်ကြီးပွင့်လျက် ရှိချေပြီ။ ရွက်ထည်တဲအတွင်းမှာ ဘိုးဘိုးဦးအောင်ထွန်းနှင့် ဘဘဦးစိုင်းနော်ကို မမြင်ရတော့။

သို့သော် ယာယီခေါက်စားပွဲပေါ်တွင် မနက်စောစောစာ စားစရာများအဖြစ် ပေါင်မုန့်နှင့် ကြက်ဥကြော်များကို ထက်ရှားနိုးလျှင် စားနိုင်စေရန် အဆင်သင့် ပြင်ဆင်ထားလေသည်။

ဒါကို ဘဘဦးစိုင်းနောင် စောစောနိုးနေပြီး စီစဉ်ထားခဲ့ဟန် တူသည်။

ထက်ရှား ရွက်ထည်တဲပြင်ထွက်သည်။ အပြင်ဘက်တွင် အလင်းရောင် ထင်ထင်လင်းလင်း ပွင့်နေလေပြီ။ ဒါဆို မကြာခင် နေလုံးကို မြင်ရတော့မည်။

အရှေ့ဘက် ကောင်းကင်ယံ မြင့်မြင့်တွင် ဖလ်နေဝန်းသည် နေထီးဆောင်းသဖွယ် နှင်းစက်ဝိုင်းအတွင်း ခပ်ရေးရေးပေါ်နေ၏။

ရွက်ထည်တဲအပြင်ဘက်မှာ ကွေ့ဝိုက်စီးဆင်းစပြုနေသော စမ်းချောင်းမှ ရေကို ခပ်ယူပြီး သွားတိုက်၊ မျက်နှာသစ်၊ သန့်ရှင်းရေးလုပ်နေစဉ်မှာ နေဝန်းက ထင်ထင်လင်းလင်း နေလုံးအဖြစ် ပေါ်ထွက်လာခဲ့သည်။

သန့်ရှင်းရေးကိစ္စ ပြီးစီးအောင် လုပ်ဆောင်ပြီးမှ ရွက်ထည်တဲအတွင်းသို့ ထက်ရှားပြန်ဝင်လာခဲ့သည်။

ကျောက်စိမ်းဘုရား ဆင်းတုတော်ကို ဘိုးဘိုးဦးအောင်ထွန်း၏ ခေါင်းရင်း ယာယီဘုရားစင်မှာ သောက်တော်ရေအဖြစ် ကော်ဖီမစ်နှင့် ပေါင်မုန့်ကြက်ဥကြော် ကပ်ထားသည်ကို တွေ့လိုက်ရသဖြင့် သူပါ ဝတ်ပြုကန်တော့ ဘုရားရှိခိုးလိုက်သည်။

ဘုရားတရားကို မေ့ထားခြင်း မရှိစေရန် ဘိုးဘိုးညက ပြောခဲ့သည့် စကားကို ထက်ရှားအလေးထားခဲ့ခြင်း ဖြစ်၏။

ဘုရားရှိခိုးပြီးမှ သူ့အတွက်ပြင်ဆင်ပေးထားသော မနက်စောစောစာကို စားသည်။ ဓာတ်ဘူးထဲမှာ ရေနွေးအဆင်သင့်ရနေပြီဖြစ်၍ ကော်ဖီမစ်တစ်ခွက် ဖျော်သောက်ပြီးချိန်မှာ လူသည် လန်းလန်းဆန်းဆန်း ဖြစ်သွား၏။

ထက်ရှား ရေခဲတောင်တက်ဖိနပ်၊ တောစီးဝတ်စုံကိုဝတ်ပြီး သူကိုင်စွဲနေကျ သေနတ်နှင့် လက်နက်ကိရိယာတန်ဆာပလာများကိုယူပြီး ရွက်ထည်တဲအပြင် ပြန်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရေခဲပြင်ခရီးအတွက် လက်နက်ကိရိယာတန်ဆာပလာများမှာ ကြိုးဆိုင်းသံချိတ်၊ နှစ်ဖက်သွား အပေါ့်စားပေါက်ချွန်း၊ ပေါက်ပြားတို့သာ ဖြစ်၏။

အပြင်ဘက်ရောက်သည်နှင့် ဘိုးဘိုးဦးအောင်ထွန်းနှင့် ဘဘဦးစိုင်းနောင်တို့ ထွက်သွားရာ ခရီးလမ်းကို ခြေရာခံရသည်။ ပွင့်လင်းနေခြည်အောက်မှာ ဘိုးဘိုးတို့ ဝေးဝေးလံလံ ခရီးထွက်သွားကြလိမ့်မည် မဟုတ်။

ယမန်နေ့ရက်များက တူးဖော်ရှာဖွေခဲ့သော ဂမုန်းဥများရှိရာ တောင်စောင်းတစ်နေရာရာမှာ ရှိနေလိမ့်မည်ဟု ထက်ရှားတွက်ဆပြီးသား ဖြစ်၏။

နေရောင်ခြည်ရလာ၍ ရေခဲလွှာပါးပါးမှာ မြေပြင်ပေါ်မှာ တင်းတင်းရင်းရင်း တင်ကျန်မနေတော့ဘဲ အရည်ပျော်လျက် မြေသားပြင်များ ဟိုတစ်ကွက်၊ သည်တစ်ကွက် ပေါ်ထွက်နေလေပြီ။

သို့တိုင် ရာသီဥတုက အရှေ့မြောက်ပြန်လေနှင့် အေးစက်စက်တော့နိုင်နေသေး၏။

ထက်ရှားဝတ်ဆင်ခဲ့သော အအေးခံဝတ်စုံက သာသာယာယာရှိနေသော ထိုရာသီဥတုနှင့် အနေတော်ရှိသဖြင့် ထက်ရှား၏ လှုပ်ရှားမှုများမှာ သွက်သွက်လက်လက်ရှိလေသည်။

ရွက်ထည်စခန်းမှနေ၍ တောင်တစ်တောင်ကို ကျော်လိုက်သောအခါ အဘိုးတို့ ယမန်နေ့က သစ်မြစ်၊ ဂမုန်းဥများတူးသော တောင်စောင်းသို့ ရောက်ရှိလာ၏။

အဘိုးသည် ဂမုန်းဥတူးဖော်ရှာဖွေခြင်းအလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ဆောင်နေရာမှ တပည့်ကြီးဖြစ်သော မှဆိုးကြီးစိုင်းနော်အား ဂမုန်းအကြောင်း၊ ဆေးမြစ်များအကြောင်း ပညာပေးရှင်းပြသွားလေသည်။

"ဒီ . . . ဥပန်းရောင်အသွေးကို ဂမုန်းနီခေါ်တယ်။ ရေခဲဖုံးနေတဲ့ ခုလိုရာသီမှာ အရွက်မထွက်တော့ဘူး။ ရေခဲတွေပျော်ကျပြီး မကြာခင်ကာလတွေရောက်ရင်တော့ အရွက်တွေထွက်စပြုလာလိမ့်မယ်။ အရွက်တွေထွက်လာရင် အရွက်တွေက နီလာသလို၊ အရိုးတွေ၊ ဥတွေကလည်း နီလာလိမ့်မယ်။ အဲဒီလို အားလုံးနီလာတဲ့အချိန်မှာ တူးဖော်စုဆောင်းရင် ဂမုန်းဥနီရဲ့ အစွမ်းအာနိသင်ဟာ စွမ်းရည်အထက်ဆုံး၊ အမြင့်ဆုံးအချိန်ပဲ။ ဂမုန်းဥနီဟာ ရေခဲပြင်အောက်မှာ နေတဲ့အတွက် သူ့ကို တူးဖော်ပြီးရင် ခြောက်သွေ့တဲ့နေရာမှာ မထားမိဖို့ လိုတယ်။ ထားမိရင် နနွင်းဥခြောက်သွေ့သလို ခြောက်သွေ့သွားတတ်တယ်"

"ဂမုန်းဥနီတွေ ခြောက်သွေ့သွားရင် ဘာဖြစ်တတ်သလဲ ဆရာကြီး"

"ဂမုန်းရဲ့ သဘောက ဆေးဘက်အမျိုးမျိုးဝင်တယ်ဆိုတဲ့ အခြေခံကို သိထားရမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"အပင်အနေနဲ့ အပင်အစွမ်းရှိတယ်။ ဥလတ်လတ်ဆတ်ဆတ်အနေနဲ့ လတ်လတ်ဆတ်ဆတ် အစွမ်းရှိတယ်။ ခြောက်သွေ့သွားရင်လည်း ခြောက်သွေ့သွားတဲ့ အစွမ်းတွေ ရှိနေတာပဲ။ ဒါပေမယ့် အစွမ်းထက်မြက်ပုံတွေ အားလုံးဟာ အပင်၊ ဥစို၊ ဥခြောက် ပြောင်းသွားသလို ရုပ်ဝတ္ထုပုံသဏ္ဌာန်ပြောင်းသလို စွမ်းရည်တွေလည်း ပြောင်းသွားတတ်တယ်။ အပင်၊ ဥစိုတွေဟာ ဂမ္ဘီရပညာအတွက် စွမ်းရည်ထက်သလို၊ ဥခြောက်ကတော့ ဗိန္ဒောဆေးပညာရပ်မှာ အသုံးတည့်သွားပြန်တယ်။ ဥခြောက်ကို အမှုန့်ကြိတ်၊ ပျားရည်နဲ့ရောပြီး လုံးထားရင် အသက်ငယ် သြသမဆေးနီတော်အဖြစ် လိုရာသုံးကြပြန်ရော။ ကဲ . . . ရေခဲချပ်တွေ ပျော်ကျတုန်း ကျောက်ကုန်းမြေကြားထဲက ဂမုန်းဥနီ ဆက်တူးကြရအောင်"

အဘိုးနှင့် အဘတို့ ဂမုန်းဥနီများ ဆက်၍ တူးဖော်နေစဉ် ထက်ရှားက အဘိုးတို့လုပ်ငန်း ပျက်သွားမည်စိုး၍ အသာရှောင်ကွင်း၍ တစ်ဖက်တောင်ကြောသို့ ကွေ့တက်လာခဲ့သည်။

သို့သော် မျက်စိလျင်လွန်းသော ဘိုးဘိုးကြီးနှင့် ဘိုးဘိုး၏တပည့် မုဆိုးကြီး ဦးစိုင်းနောင်က လှမ်းမြင်ဖြစ်အောင် မြင်လိုက်သေးသည်။

"မြေးလေး . . . ဒါက ဘယ်ကိုလှည့်ထွက်သွားဦးမလို့လဲ။ ဒီမြောက်ဖျားဒေသမှာ ရှားရှားပါးပါး နေလုံးကြီး ပြည့်ပြည့်ဝဝထွက်လာတာကို မြင်ရတော့မယ်။ နေလုံးထွက်ပေါ်လာချိန်ဟာ ၁၂း၀၀ နာရီတိတိပဲ။ ၁၂း၀၀ နာရီကနေ နာရီဝက်အတွင်း နေလုံးပြန်ပျောက်သွားလိမ့်မယ်။ နေလုံးပြန်ပျောက်သွားရင် အအေးတွေပြန်ဖွဲ့ပြီး လေထုသိပ်သည်းဆများပြီး အေးပေါ့နေတဲ့ တောင်ကြားလေဟာနယ်အရပ်ကို လေးတဲ့ လေထုက တိုးဝင်လာလိမ့်မယ်။ အဲဒီအခါကျတော့ အပူနဲ့အအေး ထိတွေ့ပြီး ရေခဲနှင်းငွေ့မိုးတွေ ရွာမယ်၊ မြောက်ပိုင်းအအေးမုန်တိုင်း ကျတော့မယ်။ မြေးကလေး ရှေ့ခရီးကိုမဆက်ဘဲ ဘိုးဘိုးတို့နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com

စခန်းကိုပြန်လိုက်ခဲ့ဖို့ ပြန်လှည့်ခဲ့ပါ''

ဘိုးဘိုးကြီးဦးအောင်ထွန်း၏ မြောက်ဖျားအတွေ့အကြုံများကို ထက်ရှား ဥပေက္ခာမပြုရဲချေ။

ဘိုးဘိုးကြီး ဒီမြောက်ဖျားဒေသမှာ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သော အတွေ့အကြုံတွေက ရှိထားလေလသည်။

ယင်းကြောင့်ပင် ထက်ရှား ဘိုးဘိုးကြီးတို့ကိုကျော်ပြီး ရှေ့ခရီးကို ဆက်သွားရန် မဝံ့ရဲတော့ချေ။

ဘိုးဘိုးကြီးနှင့်အတူ သူ့တပည့်ကြီး ဦးစိုင်းနောင်တို့ လုပ်ငန်းလက်စသတ်ပြီး စခန်းသို့ပြန်လာချိန်မှာ သူပါစိတ်ဓာတ်ကျပြီး ပြန်လာခဲ့ရသည်။

စခန်းချရာသို့ ပြန်ရောက်သည့်တိုင် ဘိုးဘိုးတို့သည် ရွက်ထည်တဲအတွင်းသို့ မဝင်သေးဘဲ သူ့တပည့်ကြီးနှင့်အတူ ပျောက်ကွယ်မသွားသေးသော နေလုံးကြီးဘက် မျက်နှာမူလျက် လက်အုပ်ချီ ရှိခိုးပူဇော်ခြင်းပြုလေသည်။

''ဒီအရပ် ဒီဒေသမှာ မြင်ရခဲ၊ ထွက်ပြူဆဲဖြစ်တဲ့ နေမင်းကြီးကို အကြောင်းပြုပြီး အနှိုင်းမဲ့ ရှင်တော်မြတ်ဘုရားရဲ့ ဂုဏ်တော်၊ တန်ခိုးတော်အနန္တကို ရည်စူးပြီး ပူဇော်ကြရအောင် တပည့်ကြီးစိုင်းနော်''

''ဟုတ် ... ဟုတ်ကဲ့ပါ ဆရာကြီး''

ဘိုးဘိုးကြီးဦးအောင်ထွန်းက ရွက်ထည်တဲရှေ့တွင် သယ်ဆောင်လာသော ပစ္စည်းပစ္စယများချပြီး ထွန်းလင်းတောက်ပနေသော နေလုံးကြီးဘက် မျက်နှာမူ လက်အုပ်ချီ ရှိခိုးသမှု ပြုနေစဉ် ထက်ရှားမှာလည်း မနေသာနိုင်ဘဲ ဘိုးဘိုးကြီးဦးအောင်ထွန်းတို့နှင့်အတူ ရှိခိုးခြင်းအမှုကို ပြုရလေတော့သည်။

oooooo

## (ခုနစ်)

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိယာ ဘာထိအန္ဓိယာ။
သန္နဒွေါ ခတ္တိယောတပတိ၊
ဈာယီတပတိ ဗြာဟ္မဏော။
အထသဗ္ဗ အဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ ...။

ဘိုးဘိုးကြီးဦးအောင်ထွန်း ပါဠိနှင့်တကွ အနက်ကိုပါ အနုလုံ ပဋိလုံ ရှိသေစွာ ရှိခိုးခြင်းပြုနေခိုက် ထက်ရှားမှာလည်း စိတ်ပါလက်ပါ အာရုံပြုနေမိလေ၏။

''အာဒိစ္စော – ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည်၊ ဒိဝါ – နေ့အခါ၌သာလျှင်၊ တပတိ – ထွန်းလင်းတောက်ပ၏''

''ညအခါ၌ကား သွားရာလမ်းကြောင်း မထင်ရှားချေ။ နေ့အခါပင်ဖြစ်စေကာမူ ဆီးနှင်းမြူတိမ် မီးခိုးတို့ကြောင့် ကွယ်ပပျောက်ပြယ်တတ်လေ၏''

''စိန္ဒိယာ – လမင်းကြီးသည်လည်း၊ ရတ္တိံ – ညအခါ၌သာလျှင် အဘာထိ – ဆီးနှင်းမြူတိမ် သူရိန် မီးခိုး ညစ်မျိုးငါးဝ ကင်းစင်မှသာလျှင် ထွန်းလင်းတောက်ပနိုင်၏''

''လမင်းသည် တိမ်တိုက်စသည်တို့မှ လွတ်မြောက်သည်ရှိသော်လည်း ညအခါ၌သာ တင့်တယ်၏၊ နေ့အခါ၌ မသာနိုင်ချေ''

'ခတ္တိယော – ရေမြေသနင်း ပြည့်ရှင်မင်းသည်လည်း၊ သန္နဒွေါ – မင်းမြတ်တန်ဆာကို ဝတ်ဆင်မှသာလျှင်၊ တပတိ – မင်းတို့ကျက်သရေ ထွန်းလင်းတောက်ပနိုင်၏''

''ရွှေ ငွေ၊ ပတ္တမြားတို့ဖြင့် ဆန်းကြယ်သော ဝတ်စားတန်ဆာအားလုံးတို့ဖြင့် တန်ဆာဆင်လျက် အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ခြံရံမှသာလျှင် ဘုရင်မင်းသည် တင့်တယ်၏။ မထင်မရှားနေခြင်းဖြင့် မထင်ရှားသော အသွင်သာရှိသဖြင့် တင့်တယ်ခြင်းမရှိနိုင် ...''

''ဗြာဟ္မဏော – ကိလေသာကုန်ခန်းသည့် ရဟန္တာမြတ်တို့သည်ပင်လျှင်၊ ဈာယီ – အရမ္မဏူနှစ်ဆူ ဈာန်မြတ်သမာပတ်ကို ဝင်စားနေမှသာလျှင်၊ တပတိ – ရဟန်းတို့ ကျက်သရေထွန်းလင်းတောက်ပနိုင်၏''

''အထ – ထိုမှတစ်ပါး၊ ဗုဒ္ဓေါ – မြတ်စွာဘုရားရှင်သည်သာလျှင်၊ သဗ္ဗံ အဟောရတ္တိံ – နေ့ရောညပါ အခါခပ်သိမ်း၊ တေဇသာ – ပညာသီလ ဂုဏ်ဝမ္မနှင့် ပညတေဇော် ငါးမျိုးသော အာနုဘော်တို့ဖြင့်၊ တပတိ – စိန်ရွှေမြရောင်၊ နေလရောင်ထက် အခေါင်တက်၍ ပြောင်လျက်ထိန်ဝေ ထွန်းလင်းတောက်ပနိုင်စွမ်းပေ၏''

ဘိုးဘိုးကြီးဦးအောင်ထွန်း၏ အောင်မြင်ခံ့ညားသော ဗုဒ္ဓဇနိယ ပူဇော်သံကြီးမှာ နေမင်း၊ လမင်းကိုချည်း ရှိခိုးအာရုံပြုခြင်းမဟုတ်ဘဲ ကမ္ဘာ့သမိုင်းလာ ကမ္ဘာ့ဦးလူတို့ နေလကိုသာ ကိုးကွယ်အားထားသည့်ပမာ မဟုတ်ဘဲ သုံးလောကထွတ်ထား သွန်သင်ညွှန်ကြား အသိဉာဏ်ရင့် ကျက်ပွားများစေသည့် မြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com

ရှင်၏ ဂုဏ်တော်၊ တန်ခိုးတော် အနန္တကို ပူဇော်ညွတ်တွားသွားခြင်း သာလျှင် ဖြစ်ကြောင်း ထက်ရှားနှလုံး သွင်းမိကာ ရင်၌ များစွာချမ်းမြေ့ပီတိ ဖြစ်မိလေသည်။

ဘိုးဘိုးဦးအောင်ထွန်း ဘုရားရှိခိုး ပူဇော်သံနှင့်အတူ နေလုံးကြီးမှာလည်း ရှုကြည့်နေရင်က မြူတိမ်နှင်းငွေ့များအကြား တစ်စတစ်စ ဝင်ရောက်ပျောက်ကွယ်စပြုသွားလေပြီ။

"ကဲ ... နှင်းမှုန်တိုင်းကျတော့ မယ့် အခြေအနေမျိုးပဲ။ ရွက်ထည်တဲ ထဲဝင်ပြီး ဒီနေ့တစ်နေ့တာအတွက် နားကြရအောင်။ မြေးလေးအတွက် လည်း မြေးလေးရဲ့ချစ်သူ 'လိုင်တန်ဆင်း'ရှိတဲ့ ဟိုဘက်တောင်ကမ်းပါးယံ နယ်မြေကို နောက်နေ့ ခြေခင်းလက် ခင်းသာတဲ့အခါ သွားကြတာပေါ့ ကွယ်"

ဘိုးဘိုးကြီး၏ စကားအဆုံးမှာ နှင်းမှုန်တိုင်းကြောင့် ထိုနေ့တစ်နေ့တာ မှာလည်း ချစ်သူ 'လိုင်တန်ဆင်း'ရှိနေမည့် တောင်ကမ်းပါးယံနယ်မြေကို ထိုနေ့အဖို့ သွားရောက်နိုင်လိမ့်မည် မဟုတ်ကြောင်း စိတ်ဓာတ်ကျစွာ ထက်ရှားသိလိုက်ရပြီးနောက် နှင်းရေခဲမုန်တိုင်းကြားမှာ အထီးတည်း ကြံ့ကြံ့ခံနေမည့် ရွက်ထည်တဲကလေး အတွင်းသို့ ဝင်ခဲ့ရလေတော့သည်။

ooooooo

## (ရှစ်)

ရေခဲတောင်ကြော လေပြည်သည် လေချွန်သံ တီးလုံးတေးသွားနှင့်အတူ တဝေ့ဝေ့တဝဲဝဲ တစ်သုတ်ပြီးတစ်သုတ် တိုးသက်ဝင်ရောက်လာလေပြီ။

"ရှီ ..ရှီ"

"ဗိုး ...ဗိုး"

"ရှီ ...ရှီ"

"ရှီး ...ဗိုး ...ဗိုး ...ရှီး"

နှင်းမှုန်တိုင်းပျိုးသံတွေ နောက်မှာ လေပြင်းတွေရလာပြီး ရာသီဥတုက သိမ်မွေ့လာရာက ကြမ်းတမ်းရိုင်းပျလာမည့် အရိပ်အရောင်တွေ ထင်သာ၏။

"ရှီး ...ဗိုး"

"ဝေါ ..ဝေါ"

"ဗိုး ...ဗိုး"

"ဝုန်း ..ဒုန်း ...အုန်း"

နှင်းရေခဲမုန်တိုင်းနှင့်အတူ ရေခဲတောင်စွန်းတောင်စွယ်တွေ ဟိုအဝေးတောင်မြင့်တွေပေါ်မှာ ပဲ့ကျသံတွေကိုပါ ကြားလာရသည်။

ဘိုးဘိုးဦးအောင်ထွန်းနှင့် ဘိုးဘိုး၏ တပည့်ကြီး ဦးစိုင်းနောင်တို့သည် နှင်းမုန်တိုင်းကြားမှာ သူတို့နေ့စဉ်ပြုမူနေကျအတိုင်း တရားထိုင်၊ ဘာဝနာပွားခြင်း၊ သမထပုတီးစိပ်ခြင်း အမှုကိုပြု၍ မကြောက်တရားကို မျက်ကွယ်ပြုလိုက်ကြသည်။

လူငယ်ဖြစ်သော ထက်ရှားအဖို့မှာမူ သမထ ပုတီးစိပ်ရန်၊ တရားထိုင် ဘာဝနာပွားများရန် ကြိုးစားရက်ခဲနေလေသည်။

အဘိုးဦးအောင်ထွန်းနှင့် ဘဘဦးစိုင်းနောင်တို့ နှစ်ယောက်သား ဘိုးဘိုးဦးအောင်ထွန်း၏ ကျောက်စိမ်းဘုရားဆင်းတုတော်ကလေးရှေ့မှာ ထက်ဝက်ဖွဲ့ခွေ တရားရှုမှတ်နေသည်မှာ အေးအေးချမ်းချမ်း အပူပင်ကင်းလှသည်။

အပူအပင်မကင်းနိုင်သော ထက်ရှားအဖို့မှာမူ ...

"တုံ ...တုံ"

"နောင် ...နောင်"

"တုံနောင် ...တုံနောင်"

"ချမ်း ...ချမ်း"

"တုံနောင်ချမ်း ...တုံနောင်ချမ်း"

နှင်းမုန်တိုင်း တိုက်ခတ်သံတွေကြားက ယမန်နေ့ညကလို အသံသာ ချလာသလိုလို၊ တစ်ခုခုကို အထိမ်းအမှတ်ပြု တီးခတ်လာသလိုလို ဆိုင်းသံတွေကြားလာရပြန်၏။

မြောက်ဖျားတောင်ပေါ်မှ နှင်းမုန်တိုင်းသည် အစိုးမရသလို၊ မြောက်ဖျား တောင်ပေါ်အသံသာဆိုင်းသံတွေကလည်း အစိုးမရခြင်းများလား။

အတွေးတွေ၊ ဒွိဟသံသယတွေဖြင့် ဝိစိကိစ္စာ ထွေပြားဝေဝါးသော စိတ်တွေနှင့် ထက်ရှားရင်မှာ လှုပ်လှုပ်ရှားရှား မတည်မငြိမ် ဖြစ်နေရသည်။

ထိုမတည်မငြိမ်ဖြစ်နေသော စိတ်ကြောင့်ပင် ရွက်ထည်တဲအတွင်း ထိုင်နေရာက ရွက်ထည်တဲ ပြတင်းပေါက်ဇစ်ကို ဆွဲ၍ဖွင့်လှစ်မိသည်။ အေးစက်နေသော ရေခဲလေအေးအေးကို သူမမှုနိုင်တော့ပြီ။

တစ်ပေမျှသာရှိသော ရွက်ထည်တဲပြတင်းအပေါက်ကလေးမှ သူမနေ့က မြင်ကွင်းမျိုး မြင်နေရမည်ထင်သော တောင်ပေါ်ဂူပေါက်များရှိရာသို့ လှမ်းကြည့်မိပြန်သည်။

နှင်းမုန်တိုင်းကြောင့် ဝေဝေဝါး ဝါး မကွဲမပြားရှိလှသည်။ ဆိုင်းသံတွေကိုတော့ ထူးထူးခြားခြားပင် ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

"တုံ ... တုံ"

"နောင် ... နောင်"

"တုံနောင် ... တုံနောင်"

"ချမ်း ... ချမ်း"

"တုံနောင်ချမ်း ... တုံနောင်ချမ်း"

ဆိုင်းသံပီပီပြင်ပြင် ကြားနေရမှ တော့ မြင်ကွင်းတွေလည်း ပီပီပြင်ပြင် သဲသဲကွဲကွဲရှိရလိမ့်မည်။

ထက်ရှား သိလို၊ မြင်လိုသော ဇောနှင့် ယမန်နေ့ညကလို စစ်ပြန်ဘိုးဘိုးကြီး ဦးအောင်ထွန်း၏ စစ်သုံးမှန်ဘီလူးကို လှမ်းယူပြီး မျက်စိမှာအပ်၍ ကြည့်လိုက်မိသည်။

ပထမတော့ ဖြူဖြူဖွေးဖွေး နှင်းထုကမွလာအလွှာထုထည်ကြီး နောက်တော့မှ မနေ့ကလို မြင်ကွင်းများ တောင်ကမ်းပါးယံ ဂူပေါက်တွေဘက်မှာ ခပ်ရေးရေးပျပျ မြင်စရပြုလာခဲ့သည်။

ထိုအခိုက် ထက်ရှားအနီးသို့ ဘိုးဘိုးဦးအောင်ထွန်း၏တပည့်ကြီး မုဆိုးကြီး ဦးစိုင်းနောင်သည် ပုတီးစိပ်နေရာက ထလာပြီး ထူးထူးဆန်းဆန်း စကားတစ်ခုကို ပြောလေတော့သည်။

"မောင်ထက်ရှား ... အဲဒါတွေဟာ သားရဲ့အဘိုး ဆရာကြီးပြောသလို မာယာတွေပါပဲကွယ်။ အမှန်တော့ သားရဲ့ချစ်သူ 'လိုင်တန်ဆင်း' တို့တစ်တွေ ဒီနယ်စပ်ဒေသမှာ မရှိဘဲ ကြာသွားပြီကွဲ့"

"ဒါဖြင့် ဘယ်ကိုရောက်သွားကြသလဲ ဘဘ"

"စစ်တွေဖြစ်ပြီး သားတစ်ကွဲ မယားတစ်ကွဲ မိသားစုတွေ ပျက်စီးပြီး သွတ်ရာကျွတ်ရာ ပြေးကြရင်း တို့အဝေးဒေသတွေကို ရောက်သွားကြပါပြီကွယ်။ လိုင်တန်ဆင်းတို့တစ်တွေ ဒီအရပ်ဒီဒေသကို ပြန်လာနိုင်ကြတော့မယ် မထင်တော့ပါဘူး"

"ဟာ ... မဟုတ်တာဘဲ ဘဘရယ်။ ညကပဲ တောင်ခါးပန်းပေါ်က ဂူသချိုင်းတွေရှေ့မှာ သူတို့ဘာသာထုံးတမ်းစဉ်လာအတိုင်း အသုဘချကြတယ်လေ။ သူတို့လူမျိုးစုံမရှိရင် သူတို့မသာခလေ့ထုံးတမ်းစဉ်လာလည်း ဘယ်ရှိပါ့မလဲ ဘဘရယ်"

"အဲဒါဟာ မာယာပေါ့ကွယ်။ မရှိဘူးမဟုတ်ဘူး၊ ရှိခဲ့ဖူးတယ်။ ဒါပေမယ့် အခုရှိခဲ့တာမဟုတ်ဘူး။ တစ်ချိန်က ရှိခဲ့ဖူးတယ်။ စွဲစွဲလမ်းလမ်းရှိတတ်တဲ့လူမျိုးစု တစ်စုရဲ့ စကြဝဠာက အလင်းနှစ်သန်းပေါင်းများစွာနဲ့တူတဲ့ မာယာတွေပေါ့။ မင်းတကယ်သွားကြည့်ရင် ညကမြင်ခဲ့တာတွေကို တကယ်တွေ့နိုင်လိမ့်မှာ မဟုတ်ဘူး"

"ဒါကို သိပ္ပံသမားတွေက ဘာဖြစ်လို့ ရေးသားအဖြေမထုတ်ခဲ့ကြတာလဲ"

"မာယာဆိုတာ အဲဒါမျိုးပဲကွဲ့။ အဟောင်းတွေပေါ်မှာ အလျှင်ခံတွေရှိပြီး ထပ်ဆင့်ပြီးပေါ်လာတဲ့ သဲလွန်စတွေ၊ အရိပ်တွေပေါ့။ ပြောရရင်တော့ ဂမ္ဘီရဆန်တဲ့ မာယာတွေပေါ့။ မာယာမှန်သမျှ တကယ်မရှိခဲ့ဘဲ ဖြစ်ပေါ်လာတာတော့ မဟုတ်ဘူး။ ဒါတွေကို သိပ္ပံသမားတွေ တစ်နေ့နေ့ တစ်ချိန်ချိန် အမိအရ သက်သေထုတ်ပြနိုင်ကြပါလိမ့်မယ်ကွယ်"

ဘဘဦးစိုင်းနောင်၏ စကားတွေကြောင့် ထက်ရှားမှာ အဝေခွဲရခက်သွားလေပြီ။ ဒါပေမယ့် မယုံဘဲနေလို့မဖြစ်ကြောင်း တွေးရပြန်၏။

ထိုအခိုက် နှင်းမှုန်တိုင်းက သိပ်သည်းစွာ ကျဆင်းလာခဲ့ပြန်၏။ တရွှီးရွှီး တဝေါဝေါ လေမုန်တိုင်းတိုက်သံတွေ ကြားမှာ တီးခတ်သံတွေ၊ မသာချ ငိုချင်းလိုလို ဆိုင်းသံတွေ ပျောက်ပြယ်သွားခဲ့ပြန်လေသည်။

တစ်ဖက်နယ်မြေမှ ချစ်သူဟောင်းဖြစ်ခဲ့ဖူးသော တိဘက်အမျိုးသမီးချစ်သူလေး လိုင်တန်ဆင်းကို သူတွေ့ချင်ပေမည့် မတွေ့နိုင်တော့ပြီ။ လိုင်တန်ဆင်းတို့တစ်တွေ သူတို့မွေးဖွားကြီးပြင်းခဲ့ရာ ထိုရေခဲတောင်တန်းနေရာမှာ ယခင်ကရှိခဲ့ပေမည့် ယခုတော့မရှိတော့။

မရှိတော့၍ တကယ်မရှိခဲ့တာလားဟု အဖြေထုတ်ပြန်လျှင်လည်း မှားယွင်းသော အဖြေသာ ထွက်ပါလိမ့်မည်။

သဘာဝ၏ အဖြစ်အပျက်၊ အချိန်ကာလ၏ ဖြစ်စဉ်ကြောင့် လိုင်တန်ဆင်းတို့တစ်တွေ ပျောက်ပျက်လွင့်ပါးသွားခြင်းတော့ မဟုတ်တန်ရာ။ လူလူချင်းကြီးစိုးလိုသော၊ နယ်မြေအပိုင်စီးလိုသော လောဘတွေ၊ အတ္တတွေကြောင့် ထိုသို့သော အဖြစ်အပျက်တွေက ဖြစ်ပျက်နေရခြင်းပင်။

ဤကမ္ဘာလောကကြီးတွင် ထိုသို့သော အဖြစ်ဆိုးမျိုးတွေ နောက်ထပ်၊ နောက်ထပ် အဘယ်မျှ ထပ်၍ ထပ်၍ ဖြစ်နေဦးမည်မသိ။ မသိနိုင်ပါလေတော့ ...။

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မင်းဘယ်ပြေးမလဲ အချစ်ရယ်...

## Don't Drink The Water

JEFFERY ARCHER

□ လူအောင်

ဇာတ်သိမ်းပိုင်း

ဆယ်နာရီ မထိုးခင် မိနစ်အနည်းငယ်တွင် ဒစ်နှင့်မော်ရင်းတို့ ဇနီးမောင်နှံ ဟားမီးတေ့ချ် ပန်းချီပြတိုက်ကြီးရှိ မျက်နှာစာ ဂိတ်ဝတံခါးကြီးမှဝင်ခဲ့ကာ တန်းစီထားသော လူတန်းရှည်ကြီးတစ်ခု၏ အဆုံးကမှ ဝင်ရပ်ရသောအဖြစ် တွေ့လာကြရသည်။ ပြတိုက်လာပရိသတ်မှာ နှစ်ယောက်တွဲ စီရသည်။ လူတန်းကြီးမှာ အရိပ်အာဝါသကင်းမဲ့သော ကျောက်လုံးခင်းလမ်းအတိုင်း တရွေ့ရွေ့နှင့် ရှေ့ကို သွားနေရသည်။

မော်ရင်းကတော့ သူ့လမ်းညွှန်စာအုပ်ကိုသာ တစ်ရွက်ပြီးတစ်ရွက် လှန်လှောကြည့်ရင်း ပါလာသည်။ သို့ကြည့်နေသည့် စပ်ကူးမပ်ကူး ကြားချိန်များတွင် ရေကို တစွပ်စွပ် သောက်လာ၏။

သူတို့ လင်မယားမှာ ဆယ်နာရီနှင့် မိနစ်လေးဆယ်ရှိတော့မှ လက်မှတ်ရုံအပေါက်ဝသို့ ရောက်ကြသည်။

"ကျွန်မတို့ ဘာပဲလျှောက်ကြည့်ကြည့် မိုက်ကယ်အိန်ဂျလို (၁၄၇၅-၁၅၆၃)ရဲ့ *'ခုန်အုပ်ဖို့ အလစ်ချောင်းနေတဲ့ လုလင်'*၊ ရဲဖယ်(၁၄၈၃- ၁၅၃၀)ရဲ့ *'အပျိုစင်'* ပြီးတော့ လီယိုနာဒို (၁၄၅၂-၁၅၁၉)ရဲ့ *'မက်ဒေါနား ဘင်နွား'* ဆိုတဲ့ ပန်းချီကားတွေကတော့ လွတ်သွားလို့မဖြစ်တဲ့ လက်ရာကားတွေပဲ ယောက်ျား။ ဒါတော့ ကျွန်မတို့ သေချာမှ ဖြစ်မယ်"ဟု ပြောနေလေသည်။

ဒစ်က သူ့စကားကို လက်ခံကြောင်း ပြုံးပြလိုက်သည်။ အမှန်ပြောရလျှင် သူ့သဘောက ပန်းချီအကျော်အမော်ကြီးတွေဆိုသည့် ကိစ္စကို စိတ်ထဲတွင် အာသီသရှိလှသည် မဟုတ်။ ဒါတော့ သူ့ဟာသူ ကောင်းစွာသိသည်။

ကြီးမားကျယ်ဝန်းလှသော သလင်းကျောက် လှေကားကြီးမှ သူတို့တက်လာကြသည်။ လှေကားမှ တက်လာစဉ် လက်ရာမြောက်လှသော လူ့သက်ရှိ အရွယ်အစား ကျောက်ဆစ်ရုပ်တုတွေကို နံရံအတွင်း ခိုက် အကန့်များတွင် အများအပြားတွေ့လာရသည်။ ဟားမီးတေ့ချ် ပန်းချီပြတိုက်ကြီးကတော့ ခမ်းနားထည်ဝါလှပေသည်။ ကြီးလည်းကြီးမားပါပေသည်။ ပြတိုက်ကြီး၏ ထည်ဝါမှုကို မြင်တွေ့ရသောအခါ ဒစ်မှာ တအံ့တအား ဖြစ်ရသည်။ ကျန်ခဲ့သည့် သုံးနှစ်အတွင်း မိမိ စိန့်ပီးတာ့စ်ဘာ့ဂ်သို့ အကြိမ်ကြိမ်ရောက်ခဲ့ပါလျက် ပြတိုက်အဆောက်အဦထဲ ဝင်မကြည့်ဖြစ်ဘဲ အပြင်ကသာ ငေးမောသွားဖြစ်ခဲ့ပါလားဟု တွေးမိသည်။

"ဇာဘုရင် ပီတာရဲ့ အနုပညာ ပစ္စည်း အစုအဆောင်းတွေကတော့ အထပ်သုံးထပ်နဲ့ကို ပြထားရတယ် ယောက်ျား။ အဲသလိုပြထားတဲ့ အခန်းတွေကပဲ အခန်းပေါင်း နှစ်ရာကျော်သတဲ့"

မော်ရင်းသည် သူ့လမ်းညွှန်စာအုပ် ဖတ်ရင်း ဒစ်ကို ရှင်းပြလာသည်။

"ကဲ . . ကျွန်မတို့စကြရအောင်"

မနက် ဆယ့်တစ်နာရီခွဲ ရှိချိန်တွင် သူတို့နှစ်ယောက် ပထမအထပ်တွင် ပြထားသော ဒက်ချ်နှင့် အီတလီ ပန်းချီကားတွေကိုပဲ ကြည့်၍ ပြီးသေး

www.burmeseclassic.com

သည်။ ထိုအချိန်တွင် မော်ရင်းမှာ အီဗီယန်ရေပုလင်းကြီးကို တစ်ပုလင်းလုံးကုန်အောင် သောက်ပြီးသွားပြီဖြစ်သည်။

ဒစ်က နောက်ထပ် အီဗီယန် သောက်ရေပုလင်း တစ်လုံးလောက်သွားဝယ်ပေးမည်ဟု အလိုအလျောက်ကမ်းလှမ်းသည်။ ဇနီးကို ထားခဲ့ပြီး သူထွက်လာသည်။ မော်ရင်းကတော့ အီတလီပန်းချီကျော် ကာရာဗာဂျိုး (ခန့်မှန်း ၁၅၆၅-၁၆၀၉)၏လက်ရာ *'ရွှေဗျတ် စောင်းတီးခတ်သူ'* ပန်းချီကားကို ရှုစားကျန်ခဲ့၏။

ထိုအချိန်တွင် ဒစ်သည် အနီးဆုံးဖြစ်သော သန့်စင်ခန်းတစ်ခန်းအတွင်း မသိမသာ လျှိုဝင်လာခဲ့သည်။ အထဲရောက်လျှင် အီဗီယန်ရေပုလင်းလွတ်ကို ဘုံဘိုင်ရေဖြင့်ဖြည့်သည်။ ပုလင်းကို ရေဖြည့်ပြီးမှ သူ့မိန်းမဆီ ပြန်ရောက်သွားသည်။

မော်ရင်းသာ အကယ်၍ ပြတိုက်အထပ်တိုင်းတွင်ရှိသော သောက်ရေကောင်တာတွေအနက်က ကောင်တာတစ်ခုခုတွင် အချိန်အနည်းအပါးယူလျက် စူးစမ်းဖြစ်မည်ဆိုပါက ဟားမီးတော့ချ်ပြတိုက်ကြီးတွင် အီဗီယန်သောက်ရေ သီးသန့်စီစဉ်ပေးမထားသည့်အဖြစ်ကို တွေ့လာလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဗောလ်ဗစ်ကုမ္ပဏီကို ကန်ထရိုက်ပေးပြီး ပြတိုက်လုပ်ငန်း စာချုပ်ရာ၌ ဤကိစ္စက စာချုပ်တွင် အကျုံးဝင်ပါမသွားခဲ့သောကိစ္စဖြစ်နေသောကြောင့်ပင်။

နေ့လယ် ဆယ့်နှစ်နာရီခွဲသည့်တိုင် သူတို့လင်မယားမှာ ပြခန်းဆယ့်ခြောက်ခန်းအထိသာ ကြည့်၍ ပြီးသေးသည်။ ထိုအခန်းများမှာ ရီနေဆွန်းခေတ် ပန်းချီအကျော်အမော်ကြီးများ၏ လက်ရာကားတွေကိုသာ အဓိကထားပြသော ပြခန်းများ ဖြစ်သည်။ သို့ဖြင့် နေ့လယ်စာစားချိန်ကျပြီဆိုခြင်းကို နှစ်ယောက်စလုံး သဘောတူသွားသည်။ ပြတိုက်အဆောက်အအုံကြီးထဲမှ သူတို့ ပြန်ထွက်လာခဲ့သည်။ နေ့လယ် နေပူကျဲကျဲအောက်သို့ ပြန်ရောက်သွားကြသည်။

သူတို့ဇနီးမောင်နှံ မှိုင်ကာမြစ်ကမ်းနံဘေးအတိုင်း အတန်ကြာလျှောက်လာကြသည်။ မားရင်းစကီးနန်းတော်ရှေ့၌ရှိသော တံတားပြာပေါ်တွင် တိုက်တိုက်ဆိုင်ဆိုင် သွားဆုံနေသော သတို့သမီးနှင့် သတို့သားစုံတွဲကို ကိုယ်ဟန် အနေအထားပါပါ အရပ်ခိုင်းလျက် ဓာတ်ပုံ အမှတ်တရ ရိုက်ယူကြသေးသည်။ လမ်းတစ်လျှောက်လုံး ခဏတစ်ဖြုတ် ရပ်နားတာဆို၍ သည်တစ်ခုပဲရှိသည်။

"ဒါ သူတို့အရပ် ဒေသ ထုံးတမ်းစဉ်လာတစ်ခုပေါ့ရှင်"

မော်ရင်းက လက်ထဲက လမ်းညွှန်စာအုပ်ကို နောက်စာမျက်နှာထပ်လှန်ရင်း ပြောပြသည်။

နောက်ထပ် တစ်ဘလောက်လျှောက်လာကြသည်။ သည်တော့မှ ပစ်ဇာမုန့်စားသောက်ဆိုင် အသေးလေးတစ်ခုရှေ့တွင် ရပ်သွားမိကြသည်။ ဆိုင်တွင် ခင်းကျင်းထားသည့် ကလေးထောင့်စားပွဲတွေ။ အနီနှင့်အဖြူ အကွက်တုံး စားပွဲခင်းတွေ ခင်းထားသည်။ ရိုးရိုးယဉ်ယဉ်ကလေးနှင့် မျက်စိပသာဒရှိသည်။ စားပွဲထိုးတွေကလည်း သေသပ်ကျနစွာ ဝတ်ထားရာ ဆိုင်ထဲမဝင်ဝင်ချင်အောင် ဖမ်းစားသည်။

မော်ရင်းက "ကျွန်မ သန့်စင်ခန်းဝင်မှဖြစ်မယ်။ ရင်ထဲမှာ နည်းနည်း ဖျို့တို့တို့ကြီး ဖြစ်လာလို့။ နေပူဒဏ်ကြောင့်ပဲ ဖြစ်မယ်ထင်ပါရဲ့" ပြောကာ တစ်ဆက်တည်း "ကျွန်မအတွက် ရွက်စုံသုပ်တစ်ပွဲနဲ့ ရေတစ်ဖန်ခွက်ပဲ မှာပေးထားတော့" ဟု မှာသွားသည်။

ဒစ်ပြုံးသည်။ မော်ရင်း အိတ်ကြီးအတွင်းမှ အီဗီယန်ရေပုလင်း ထုတ်လိုက်သည်။ မော်ရင်း ရောက်လာလျှင် ထိုင်မည့် စားပွဲတစ်ဖက်ခြမ်းရှိ သောက်ရေဖန်ခွက်ထဲသို့ ရေထည့်ထားလိုက်သည်။

စားပွဲထိုး ရောက်လာသည့်အခါ [illegible] သူ့မိန်းမအတွက် ရွက်စုံသုပ် တစ်ပွဲ [illegible] သူ့အတွက် အချိုရည်နှင့် တို့စားသော [illegible] ရာဗီယိုလီ အီတလီမုန့်တစ်ပွဲနှင့် ကိုယ် [illegible] ရည်စစ်အောင် သူသောက်နေကျ [illegible] ကိုကာအကြီးတစ်လုံး မှာလိုက်သည် [illegible] သူ့ခံတွင်းက တစ်ခုခုကို အ[illegible] အမင်း သောက် ချင်နေမိသည်။

မော်ရင်းမှာ ရွက်စုံသုပ် [illegible] သွားသည်နှင့် နည်းနည်းရွှင်ရွှင်[illegible] လန်း ပြန်၍ဖြစ်သွားသည်။ [illegible] နန်းတော်သို့သွားသည့်အခါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေကြည့်သင့်သလဲ ဆိုသည်ကို ပင် ပြောစပြုလာ၏။

အငှားယာဉ်တစ်စီးဖြင့် မြို့မြောက်ပိုင်းသို့ အတော်ကြာကြာ စီးလာကြရသည်။ လမ်းတွင် မော်ရင်းက သူ့လမ်းညွှန်စာအုပ်မှ ကောက်နုတ်ချက်များကို ဒစ်အား ဆက်လက်ဖတ်ပြလာသည်။

*"ပီတာသယ် ဂရိတ်ဘုရင်ကြီးသည် ဗာဆေးသို့ အလည်ရောက်ပြီးနောက်တွင် နွေရာသီနန်းတော်ကို တည်ဆောက်သည်၊ ရုရှားသို့ အပြန်တွင် ပြင်သစ်ဂန္ထဝင်လက်ရာများ ပြန်လည်ဖန်တီးရေးအတွက် အတော်ဆုံး မြေပြုပြင်မှုပညာရှင် ဥယျာဉ်မှူးများ၊ လက်ရာအမြောက်ဆုံး လက်မှုပညာသည်များအား စုဆောင်းခန့်ထားခဲ့သည်၊ ဥရောပအနှံ့အပြားရှိ ယဉ်ကျေးမှုဟန်၏ ခေါင်းဆောင်မှုအဖြစ် သူအထူးချီးမွမ်းလေးစားသည့် ပြင်သစ်တို့အပေါ် အရှိအသေ အလေးအမြတ်ပြုသောအားဖြင့် လက်ရာမြောက် အနုပညာအကောင်အထည်ဖော်ရန် ရည်သန်ခဲ့သည်ဖြစ်သည်"*

မော်ရင်း အလျဉ်မပြတ် ဖတ်ပြနေသည်ကို အငှားယာဉ်ကားသမားက သူသိထားသည့် ဗဟုသုတ အတိုအစတစ်ခုဖြင့် ကြားဝင်ပြောလာသည်။

"မကြာသေးခင်ကမှ ဆောက်တဲ့ ဆောင်းရာသီနန်းတော်ကို အခု ကျွန်တော်တို့ဖြတ်သွားနေတာပဲခင်ဗျ။ သမ္မတကြီးပူတင် စိန့်ပီးတာ့စ်ဘာ့ဂ် ရောက်တဲ့အခါတိုင်း ဒီဆောင်းရာသီနန်းတော်မှာ တည်းတာပေါ့ဗျာ"

ကားဆရာ စကားဆိုင်းလိုက်သည်။ နောက်ဆက်ပြောသည်။

"နောက်ပြီး အမျိုးသားအလံ လွှင့်ပျံနေပြီဆိုရင် ဒါ သမ္မတကြီး မြို့မှာ ရှိကိုရှိနေရမယ်"

"သူ မော်စကိုကနေ လေယာဉ်နဲ့ ရောက်နေတာဟာ အထူးသဖြင့် ကျုပ်နဲ့ တွေ့ဖို့ပေါ့ဗျာ"ဟု ဒစ်က ဝင်ပြောလိုက်၏။

ကားဆရာက ဝတ္တရားရှိစွာ တဟားဟား ရယ်တော့သည်။

*****

နာရီဝက်ကြာသောအခါ အငှားယာဉ်သမားက နွေရာသီနန်းတော် ဂိတ်ဝဝင်းတံခါးကြီးမှ ဖြတ်မောင်းဝင်ခဲ့ပြီး သူ့ခရီးသည်နှစ်ဦးကို စည်ကားကျပ်ညပ်နေသော ကားရပ်ကွင်းတွင် ချပေးလိုက်သည်။ ကွင်းထဲတွင် လှည့်လည်ကြည့်ရှုသူများ၊ ဆိုင်ကနားဖြင့် ပစ္စည်းရောင်းသူများ ပျားပန်းခပ် စည်ကားနေသည်။

ဈေးသည်တို့က ရွှေ့ပြောင်းတပ်ဆင်လို့ရသော သူတို့ဆိုင်ကလေးများနောက်တွင် ရပ်လျက် ဈေးပေါပေါ အမှတ်တရပစ္စည်းကလေးများ ရောင်းလျက်ရှိသည်။

"ကဲ . . . တကယ့်အရာ အစစ်အမှန်ကို သွားကြည့်ကြစို့"ဟု မော်ရင်းက ဆိုလာသည်။ သည်မှာ ကားသမားက "ဆရာတို့ကို ကျွန်တော် ဒီကပဲ စောင့်နေမယ်။ အပိုကြေး မယူပါဘူးဗျာ။ ဆရာတို့ ဘယ်လောက်ကြာမလဲ"ဟု မေးလာသည်။

"အင်း . . နှစ်နာရီလောက်ကြာမယ်ထင်တာပဲ။ ဒီ့ထက်မပိုပါဘူး"

ဒစ်က ပြန်ပြောလိုက်သည်။

"ဒီကပဲ ကျွန်တော် စောင့်နေမယ်လေ"

*****

ကြီးကျယ် ခမ်းနားလှသော ဥယျာဉ်ပန်းခြံကို သူတို့ဇနီးမောင်နှံ လှည့်လည်ရှုစားသည်။ ပန်းခြံ၏ ထည်ဝါမှုကို တွေ့ရလျှင် လမ်းညွှန်စာအုပ်၌ 'လွတ်မသွားသင့်သော' ဥယျာဉ်အဖြစ် ကြယ်ငါးလုံးနှင့် ပြထားသည်ကို ဘာကြောင့်ဆိုတာ ဒစ်သဘောပေါက်သွားသည်။

မော်ရင်းသည် ရေကို တစ်ငုံပြီး တစ်ငုံသောက်ရင်းက သူ့ကိုရှင်းပြလာသည်။

"နန်းတော်ကို ဝန်းရံထားတဲ့ ဥယျာဉ်ပန်းခြံမြေဟာ ဧက တစ်ရာကျော်တယ်။ ရေပန်းအလှ နှစ်ဆယ်ကျော်၊ နန်းတော်တမျှ ခမ်းနားတဲ့ စံအိမ်တွေကချည်း ဆယ့်တစ်ခု"

နေက ခြစ်ခြစ်တောက် မပူသော်လည်း ကောင်းကင်က ကြည်လျက်ရှိသည်။ မော်ရင်းသည် ရေကိုသာ တစွပ်စွပ်သောက်လာသည်။ ဒစ်ကိုလည်း သောက်ရန် အကြိမ်ကြိမ် ရေပုလင်း လှမ်းပေးသည်။ သူပေးလာတိုင်း "နေပစေ၊ ကျေးဇူး" [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒစ်က အမြဲပြန်ပြောသည်။

နန်းတော်အတွင်းဝင်ရန် လှေကားအတိုင်း တက်သွားကြသောအခါ နောက်ထပ်လူတန်းရှည်ကြီး တစ်ခုနှင့် သွားကြုံရပြန်သည်။ သည်မှာ မော်ရင်းက သူနည်းနည်းနုန်းနေသည့် အဖြစ် ခံစားနေရသည်ဟု ထုတ်ပြောလာသည်။

"ဒီလောက်အထိ တပင်တပန်း လာခဲ့ရပြီးမှ နန်းတော်ထဲ ဝင်မကြည့်တော့ဘူးဆိုရင် နှမြောစရာပဲကွာ"ဟု ဒစ်ကပြောနေရာ သူ့ဇနီးမှာ စိတ်မပါဘဲ သဘောတူလိုက်ရသည်။

လူတန်း၏ ထိပ်သို့ ရောက်သွားသည့်အခါ ဒစ်က အဝင်လက်မှတ်နှစ်စောင် ဝယ်လိုက်သည်။ နောက်ပြီး အပိုကြေး အနည်းအပါး ထပ်ပေးလျက် သူတို့ကို နန်းတော်အတွင်း လိုက်လံပြပေးမည့် အင်္ဂလိပ်စကားပြောလမ်းညွှန်တစ်ယောက် ငှားလိုက်သည်။

"ကျွန်မသိပ်မကောင်းတော့ဘူး ယောကျ်ားရယ်"

ကက်သရင်း ဘုရင်မကြီး၏ အိပ်ခန်းဖြစ်သော ပြခန်းအတွင်းသို့ ဝင်လာကြစဉ် မော်ရင်းက ဆိုလာပြန်သည်။ မော်ရင်းသည် ပါးစပ်ကလည်းပြော လက်ကလည်း ဘုရင်မကြီး၏ ခုတင်တိုင်ကို လှမ်းတွယ်ဖက်ထားလိုက်သည်။

"အခုလို ပူတဲ့နေရာမှာ ရေများများ သောက်ပေးရတယ်ခင်ဗျ"

ဧည့်လမ်းညွှန်က နှုတ်၏ ဆောင်မခြင်းအနေဖြင့် ဝင်၍ပြောလာသည်။

စတုတ္ထမြောက် နစ်ကိုးလပ်ဇာဘုရင်၏ စာကြည့်ဆောင်သို့ ရောက်လာကြပြန်သည်။ ထိုအချိန်တွင် မော်ရင်းသည် ယောကျ်ားဖြစ်သူကို သူမူးလဲတော့မည်ထင်သည်ဟု ပြောလာတော့၏။ ဒစ်မှာ ဧည့်လမ်းညွှန်အား ခွင့်ပန်၍ ဇနီးသည်အား ပခုံးဖက်ထားရင်း နန်းတော်ပြင်သို့ ဖေးခေါ်ထုတ်ရသည်။ ကားရပ်ကွင်းဆီသို့ အရောက် ခြေကျမမှန်သော ခြေလှမ်းများဖြင့် မနည်းတွဲ၍ ခေါ်လာခဲ့ရသည်။

အငှားယာဉ်မောင်းသမားကို မူလနေရာတွင် ကားဘေးရပ်လျက် စောင့်နေသည်ကို တွေ့ရသည်။

ဒစ်က ကားသမားကို "ကျုပ်တို့ ဂရင်းပဲလေ့စ်ဟိုတယ် ချက်ချင်းပြန်မှဖြစ်တော့မယ်"ဟု ပြောလိုက်သည်။ မော်ရင်းအဖြစ်က အခြေအနေဆိုးလှသည်။ စနေနေ့ည အရက်ဘားဆိုင်အတွင်းမှ အပြင်သို့ ဆွဲထုတ်အပစ်ခံရသော အမူးသမားနှယ် ကား၏ နောက်ခန်းထိုင်ခုံပေါ်သို့ ပစ်လဲကျသွားသည်။

စိန့်ပီတာစ်ဘာ့ဂ်သို့ ခရီးရှည်ကြီး ပြန်လာကြရသည်။ လမ်းတွင် မော်ရင်းမှာ ကားနောက်ခန်းထဲ၌ အပြင်းအထန် ခံစားရရင်း ပါလာသည်။ မော်ရင်းဖြစ်နေပုံနှင့် စပ်လျဉ်း၍ ကားသမားက ဘာထင်မြင်ချက်မျှ မပေး။ ကားကိုသာ အဝေးပြေးလမ်းမကြီးပေါ်တွင် အရှိန်တစ်သမတ်တည်း တစ်လျှောက်လုံး မောင်းမြဲမောင်းလာ၏။

မိနစ်လေးဆယ် ကြာသွားသောအခါ ဂရင်းပဲလေ့စ်ဟိုတယ် မျက်နှာစာတွင် အငှားကား ရပ်သွားသည်။ ကားသမားကို ဒစ်က ငွေစက္ကူတွေ တစ်ထောကြီးပေးရင်း အားနာစကားဆိုရသည်။ ထိုအခါ ကားသမားက "အစ်မ မကြာခင် ပြန်ကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ် ဆရာ"ဟု ဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . ဒီလိုပဲ မျှော်လင့်ကြပါစို့ကွာ"

ဇနီးသည် ကားထဲမှ အထွက်တွင် ဒစ်မှာ ဖေးကူရပြန်သည်။ ဟိုတယ်အတွင်းသွား လှေကားထစ်အတိုင်း တွဲခေါ်တက်ရသည်။ မျက်နှာစာရှေ့ခန်းမထဲ ရောက်လျှင် လူအများအာရုံစိုက်စရာ မဖြစ်ရအောင် မိန်းမဖြစ်သူအား ဓာတ်လှေကားဆီ မြန်မြန်ထက်ထက် ဖေးခေါ်လာခဲ့သည်။

နောက်ခဏအတွင်း မော်ရင်းကို သူတို့အခန်းပဒေသာကြီးထဲ၌ လုံခြုံစိတ်ချစွာ ပြန်လည်ခေါ်သွင်းထားလိုက်နိုင်တော့သည်။

မော်ရင်းမှာ အခန်းတွင်း ရောက်သည်ဆိုသည်နှင့် ရေချိုးခန်းတွင်း ခရေကြီးသုတ်ပျာ တန်းဝင်ပျောက်သွားသည်။ သို့သော် ရေချိုးခန်းတံခါး ပိတ်ထားသည့်တိုင် သူ့ဆီမှ တအေ့အေ့နှင့် ပျို့နေသော အသံများကို ဒစ်မှာ အတိုင်းသား ကြားနေရသည်။

ဒစ် အခန်းအနှံ့ လိုက်ကြည့်သည်။ သူတို့မရှိစဉ် အီဗီယန် ရေပုလင်းတွေအားလုံး အသစ်လဲပေးထားသည်ကို သူတွေ့လာရသည်။ အမှန်က မော်ရင်းအိပ်ရာဘက်အခြမ်း ပုလင်းကို ရေသွန်ထုတ်ဖို့အတွက်သာ သူက အရေးထားသည်။ ထိုပုလင်းကို မီးဖိုဆောင် အသေးစားကလေးရှိ ဘုံဘိုင်ရေဖြင့် လဲလှယ်ဖြည့်ထားသည်။

နောက်ဆုံးတွင် မော်ရင်း ရေချိုးခန်းအတွင်းမှ ပြန်ထွက်လာသည်။ အိပ်ရာပေါ် ပုံလျက်သား ပစ်လှဲချသည်။ "တွန်မ သိပ်ကို ဆိုးဆိုးဝါးဝါး ခံစားနေရတယ် ယောကျ်ားရယ်"ဟု လင်ဖြစ်သူကို ယဲ့ယဲ့ကလေးပြောသည်။

"မင်း . . . အက်စပရင်နှစ်ပြားလောက် သောက်သင့်တယ်။ ပြီးတော့ တစ်ရေးလောက် အိပ်လိုက်ကွာ"

မော်ရင်း နုန်းမောစွာ ခေါင်းညိတ်သည်။ "ယူပေးပါလားကွယ်။ တိုလီမိုလီထည့်တဲ့ အိတ်လေးထဲရှိတယ်"

"ယူပေးမယ် ယူပေးမယ် မိန်းမ"

ဆေးပြားရလာသည်နှင့် ဒစ်သည် မိန်းမဘေးသို့ မသွားခင် ဖန်ခွက်ကို ဘုံဘိုင်ရေထည့်သည်။ မော်ရင်းမှာ အောက်ခံအဝတ်ပါး အကျႌမှလွဲလျှင် ကိုယ်ပေါ်က အဝတ်အစားတွေအားလုံး ချွတ်ထားပြီးဖြစ်သည်။ သူ့ကို ဝိုင်းကူမပေးရင်းနှင့် သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသည်ကို ဒစ် ပထမဆုံး သတိထားမိသွားသည်။

မော်ရင်းက ဒစ်ယူလာပေးသည့် ဖန်ခွက်ရေဖြင့် အက်စပရင်နှစ်ပြား သောက်ချလိုက်သည်။ ဆေးသောက်ပြီးသွားသည်နှင့် မိန်းမကို ခေါင်းအုံးပေါ်သို့ အသာအယာ ဖေးချပေးလိုက်သည်။ နောက် ပြတင်းလိုက်ကာတွေ သွားချသည်။ အိပ်ခန်းတံခါးသွားဖွင့်သည်။ နောက် 'အနှောင့်အယှက်မပေးပါနှင့်' ဆိုသော သတိပေးကတ်ပြားလေးကို တံခါးလက်ကိုင်သီးပေါ်၌ တင်ထားလိုက်သည်။

ယခု သူ့၌ နောက်ဆုံးလိုအပ်သည့် ကိစ္စက ကြောင့်ကြစိုက်တတ်သော ဟိုတယ်အခန်းသမတစ်ဦးဦး အခန်းတွင်းဝင်လာပြီး သူ့မိန်းမကို ယခုဖြစ်နေသည့် အခြေအနေအတိုင်း မြင်တွေ့မသွားရေး ဖြစ်သည်။

ဒစ်သည် မော်ရင်း အိပ်ပျော်သွားသည်မှာ သေချာပြီဆိုတာနှင့် ညစာစားရန် ဟိုတယ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

နေရာ၌ ဒစ်ထိုင်မိလျှင်ပင် စားပွဲထိုးချုပ်ရောက်လာပြီး "အစ်မကော ဒီည ဆရာနဲ့အတူ ညစာလာမသုံးဆောင်ဘူးလားခင်ဗျာ"ဟု ဖူးစမ်းသည်။

"ဟင့်အင်း။ ဝမ်းနည်းစရာပါပဲကွာ။ သူ ခေါင်းတစ်ခြမ်း နည်းနည်းကိုက်နေလို့ နေပူအတော်မိသွားတယ် ထင်တာပဲ။ ဘာပဲဖြစ်ဖြစ် နက်ဖြန်ပြန်ကောင်းမှာ သေချာပါတယ်ကွာ"

"ဒီလိုပဲ မျှော်လင့်ကြပါစို့ ဆရာ။ ဒီည ဆရာ့စိတ်တိုင်းကျ ဖြစ်ရအောင် ဘယ်လိုများ ကျွန်တော်တို့ ဧည့်ခံပြုစုရပါ့မလဲ ခင်ဗျာ"

စားသောက်ဖွယ် စာရင်းကို ဒစ် အချိန်ယူကြည့်သည်။ နောက်ဆုံးကျမှ "ဘဲငန်းအသည်း စဉ်းကောနဲ့ အရင်စစားမယ်။ နောက်မှ ပေါင်သားစတိတ်ပွဲ လိုက်တာပေါ့ကွာ"ပြောပြီး ရပ်သွားသည်။ "ဪ . . . မကျက်တကျက်လုပ်နော်"ဟု ထပ်မှာလိုက်သည်။

"အကောင်းဆုံး ရွေးချယ်မှုပေါ့ ခင်ဗျာ"

ဒစ်သည် စားပွဲပေါ်ရှိ ပုလင်းထဲမှ ရေတစ်ဖန်ခွက် ငှဲ့ယူသည်။ ရေကို အငမ်းမရသောက်သည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ နောက်တစ်ဖန်ခွက် ထပ်သောက်ပြန်သည်။

ညစာကျတော့ အလျှင်စလို မစား။ ညဆယ်နာရီ ထိုးပြီးခါစတွင် သူ့အခန်းပြန်တက်သောအခါ သူ့မိန်းမ အိပ်မောကျနေသည်ကို တွေ့သဖြင့် အားရကျေနပ်သွားသည်။ မော်ရင်း၏ ရေဖန်ခွက်ကို ကောက်ယူပြီး ရေချိုးခန်းထဲ ယူလာသည်။ ဘုံဘိုင်ရေ ဖွင့်ထည့်သည်။ နောက် မော်ရင်းဘက် ခုတင်ဘေး[illegible] သားချထားလိုက်သည်။

ဒစ်က အဝတ်အစားချွတ်သည့်ကိစ္စကို အချိန်ဆွဲလုပ်သည်။ နောက်ဆုံးကျမှ သူ့မိန်းမဘေး၌ စောင်အောက်သို့ အသာလျှောဝင်လိုက်သည်။ အိပ်ရာဘေးရှိ မီးကိုလှမ်းပိတ်ပြီး နှစ်ခြိုက်စွာ အိပ်တော့သည်။

*****

နောက်နေ့မနက် အိပ်ရာမှ သူနိုးလာသောအခါ သူကိုယ်တိုင်လည်း ချွေးတွေရွှဲနစ်နေသည်ကို ဒစ်တွေ့လာရသည်။ စောင်၊ အိပ်ရာခင်းတို့လည်း စိုနေသည်။ မိန်းမဘက် လှည့်ကြည့်လိုက်သောအခါ မော်ရင်းမှာ ပါးပြင်တွေ ရောင်ယှက်နေသည်ကို တွေ့ရသည်။

ဒစ်သည် အိပ်ရာပေါ်မှ ဖြည်းဖြည်းသက်သာ ဆင်းသည်။ ရေချိုးခန်းအတွင်း ဝင်ခဲ့သည်။ ရေပန်းဖြင့် စိမ်ပြေနပြေ ရေချိုးပစ်လိုက်သည်။ ရေချိုးပြီး၊ ရေသုတ်ပြီးသွားသောအခါ ဟိုတယ်ကပေးသည့် မွေးပွဝတ်ရုံကြီးဝတ်ပြီး အိပ်ရာဆီ ပြန်သွားသည်။

သူ့မိန်းမဘက်အခြမ်းဆီ ရောက်သွားသည်။ ရေကုန်နေပြီဖြစ်သည့် ဖန်ခွက်ကိုယူ၍ ဘုံဘိုင်ရေထည့်သည်။ ညက သူ့မိန်းမ တစ်ရေးနိုးခဲ့သည်မှာ ရှင်းနေသည်။ သို့သော် သူ့ကို အနှောင့်အယှက်မပေးခဲ့။

ပြတင်းလိုက်ကာတွေ သွားစေ့လိုက်သည်။ နောက် တံခါးလက်ကိုင်သီးပေါ်တွင် 'အနှောင့်အယှက် မပေးပါနှင့်" ကတ်ပြားလေး နေရာတွင် ရှိ/မရှိကြည့်သည်။ နောက်မှ မိန်းမဘက် ခုတင်ဘေးသို့သွားကာ ကုလားထိုင်ဆွဲထိုင်သည်။ ဟာရိုးထရိုဖွန်းသတင်းစာ ကောက်ယူဖတ်သည်။

အားကစားကဏ္ဍ စာမျက်နှာများဆီသို့ ရောက်သောအချိန်တွင် မော်ရင်းနိုးလာသည်။ မော်ရင်းပြောသည့်စကားက မပီသဘဲ ဝါးနေသည်။ "ကျွန်မ ဆိုးဆိုးဝါးဝါး ခံစားနေရတယ်"ဆိုသော စကားကို သူ့မှာ မနည်းကြိုးစားပြောနေရ၏။

စကားက အတန်ကြာ ပြတ်သွားသည်။

နောက်မှ "ကျွန်မ ဆရာဝန်နဲ့ ပြသင့်တယ် ထင်လားဟင်"ဟု မေးလာသည်။

"မင်းကို ဆရာဝန်လာကြည့်ပြီးသွားပြီပဲ။ ညက ကိုယ်ခေါ်လိုက်လို့။ မမှတ်မိတော့ဘူးလားကွာ။ ဆရာဝန်တစ်တောင် မင်းကို ပြောသွားသေးတယ်၊ မင်း အဖျားဝင်တာပါတဲ့။ အဖျားထွက်သွားအောင် မင်းမှာ ချွေးထုတ်ဖို့ပဲ လိုတယ်တဲ့"

"ဆေးလုံးတွေ ဘာတွေ ပေးမသွားဘူးလား"

မော်ရင်း ငိုညည်းသံဖြင့် မေးသည်။

"ဟင့်အင်း . . မင်းဘာမှ မစားရဘူးလို့ပဲ ပြောသွားတယ်။ ဒါပေမယ့် ရေတော့ တတ်နိုင်သမျှ များများ သောက်ပါတဲ့"

သို့ပြောကာ သူက သူ့မိန်းမနှုတ်ခမ်းတွင် ရေဖန်ခွက် တေ့ပေးလိုက်သည်။ မော်ရင်းမှာ ရေဝင်သွားအောင် ကြိုးစားသောက်နေရသည်။ "ကျေးဇူးပါ"ဟုပင် ယဲ့ယဲ့လေး ကြိုးစားပြောလိုက်သေးသည်။ နောက် ခေါင်းအုံးပေါ်သို့ ပြန်၍ ပုံလဲကျသွားသည်။

ဒစ်က ဖျောင်းဖျသည်။

"မပူပါနဲ့ မိန်းမရယ်။ မင်း ပြန်ကောင်းသွားမှာပါ။ ပြီးတော့ ကိုယ်ကတိပေးတယ်။ မင်းအပါးက ကိုယ်ဘယ်မှမသွားဘူး။ ခဏကလေးတောင် မသွားဘူး"

ဒစ်သည် မော်ရင်းပေါ်သို့ ကိုင်း၍ နဖူးကို အသာအယာနမ်းလိုက်သည်။ မော်ရင်းမှာ တစ်ချီ အိပ်ပျော်သွားပြန်တော့သည်။

ထိုနေ့က ဒစ် သူ့မိန်းမအပါးမှ ခွာသည့်အကြိမ်က ဟိုတယ်အခန်းသမအား အိပ်ရာခင်းတွေ၊ စောင်တွေကို သူ့မိန်းမက လဲလှယ်ပေးမနေစေလိုကြောင်း ထပြောရခြင်း၊ မိန်းမဘေးရှိ ရေပုလင်းကို ရေထဖြည့်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး ညနေစောင်းတွင် ဝန်ကြီးဆီမှ ဖုန်းလာသည်ကို ထပြောရခြင်း စသည်လောက်ပဲ ရှိသည်။

ဝန်ကြီးက ပြောလာသည့် အဖွင့်စကားမှာ "သမ္မတကြီး မနေ့ကလေ ယာဉ်နဲ့ရောက်လာပြီ"ဟူ၍ ဖြစ်သည်။

"အခု သမ္မတကြီး ဆောင်းနန်းတော်မှာ တည်းနေပြီ။ အခုပဲ သူ့ဆီက ကျုပ်ထွက်လာခဲ့တာလေ။ သူက မိတ်ဆွေကြီးနဲ့ မိတ်ဆွေကြီး ဇနီးကို တွေ့ဆုံရေးအတွက် ဘယ်လောက်ငံ့မျှော်ပါကြောင်းဆိုတာ ကျုပ်ကို အသိပေးစေချင်နေတယ်ဗျ"

"ဖော်ရွေလှချေလားခင်ဗျာ"ဟု ဒစ် ပြန်ပြောလိုက်သည်။ "ဒါပေမယ့် ကျွန်တော့်မှာ ပြဿနာဖြစ်နေတယ် ဝန်ကြီး"

"ပြဿနာ"

ပြဿနာဆိုသည်များကို နားဝလေသံ မကြားချင်သူ ဝန်ကြီးက ပြန်မေးသည်။ အထူးသဖြင့် သမ္မတကြီး ကိုယ်တိုင် မြို့သို့ တကူးတက ရောက်ရှိနေသော ယခုလို အချိန်အခါတွင် ဖြစ်သည်။

"မော်ရင်းတစ်ယောက် အဖျားဝင်သလို ဖြစ်တာပါ ဝန်ကြီး။ ကျွန်တော်တို့ ဇနီးမောင်နှံ မနေ့က တစ်နေတုန်း နေပူစပ်ခါး သွားခဲ့မိတယ် ခင်ဗျာ။ ဒါကြောင့် လက်မှတ်ထိုးပွဲ အခမ်းအနားမှာ ကျွန်တော်တို့နဲ့အတူ ဝါဝင်တက်ရောက်နိုင်လောက်အောင် ထူထူထောင်ထောင်မှ သူပြန်ဖြစ်ပါ့မလားဆိုတာ ကျွန်တော့်စိတ်ထဲ သိပ်မသေချာတာပါ။ ဒီတော့ ကျွန်တော်ပဲ ကိုယ့်ဘာသာ တစ်ယောက်တည်း ရောက်လာနိုင်စရာ ရှိတယ်ခင်ဗျာ"

"ဒီလိုကြားရတာ စိတ်မကောင်းပါဘူးဗျာ"ဟု ဝန်ကြီးချင်ကော့က ဆိုသည်။ "ဒါနဲ့ မိတ်ဆွေ ကိုယ်တိုင်ရော"

"ဒီထက်ကောင်းတာ မကြုံဖူးသေးဘူးခင်ဗျ"

"ကောင်းတာပေါ့လေ" စိတ်သက်သာရာ ရသွားသည့် အသံဖြင့် ချင်ကော့ ပြန်ပြောသည်။ "ကိုင်း ကျုပ်တို့ သဘောတူထားတဲ့အတိုင်း မနက်ကိုးနာရီမှာ ခင်ဗျားကို ကျုပ်လာခေါ်မယ်။ သမ္မတကြီးဘက်က စောင့်နေရတဲ့ အဖြစ်တော့ အဖြစ်မခံနိုင်ဘူးဗျာ"

"ကျွန်တော့်ဘက်ကလည်း အလားတူပါ အနာတို့"

ဝန်ကြီးကို ဒစ် အာမခံနှစ်သိမ့်လိုက်သည်။ "ကိုးနာရီမထိုးခင် စောစောကတည်းက ကျွန်တော့်ကို ဟိုတယ်ဧည့်ခန်းက စောင့်နေတာ တွေ့ရစေမှာပါ ဝန်ကြီး"

ထိုအခိုက် တံခါးခေါက်သံ ပေါ်လာသည်။ ဒစ်သည် လက်ထဲက ဖုန်းကို ကပျာကယာ ချလိုက်သည်။ သူတို့အခန်းတွင်းသို့ တစ်စုံတစ်ယောက် ဖြုန်းစားကြီး ဝင်မလာနိုင်ခင် သူက အလျင်ဦးအောင် ကသုတ်ကရက် တံခါးသွားဖွင့်သည်။

စင်္ကြံတွင် အခန်းသမကလေး တစ်ဦးကို တွေ့ရသည်။ သူ့ဘေးတွင် လက်တွန်းထရော်လီလှည်း။ လှည်းပေါ်တွင် အိပ်ရာခင်းတွေ၊ မျက်နှာသုတ်ပဝါတွေ၊ ဆပ်ပြာတောင့်တွေ၊ ရှမ်ပူ ခေါင်းလျှော်ရည်ပုလင်းတွေ၊ ပြီးတော့ အီဗီယန် ရေဘူးများ . . .။

"လူကြီးမင်းတို့ အိပ်ရာ ပြင်ခေါက်ပေးဖို့ လိုပါသလားရှင်"

အလုပ်သမကလေးက အပြုံးဖြင့် မေးသည်။

"ဟင့်အင်း . . ကျေးဇူးပါကွာ။ ငါ့မိန်းမ သိပ်နေထိုင်မကောင်း ဖြစ်နေလို့ပါ" ပြောရင်း ဒစ်က "အနှောင့်အယှက်မပေးပါနှင့်" ကတ်ပြားလေးကို လက်ညှိုးထိုးပြသည်။

"ရေကတော့ နောက်ထပ်လိုမှာပေါ့ရှင်"

သူငယ်မက အီဗီယန် ရေပုလင်း အကြီးကို ကိုင်မြှောက်ပြသည်။

"ဟင့်အင်း"

သူက ခပ်တင်းတင်း ပြန်ပြောပြီး အခန်းတံခါး ဆွဲပိတ်ပစ်လိုက်သည်။

ထိုညဦးပိုင်းတွင် နောက်တစ်ချီ လာသည့်ဖုန်းက ဟိုတယ်မန်နေဂျာ ထံမှ ဖြစ်သည်။ မန်နေဂျာက ဒစ်အား အစ်မကြီး ဟိုတယ်ဆရာဝန်နှင့် ပြကြည့်ဖို့ လိုအပ်ပါသလားဟု ယဉ်ကျေးဖွယ်ရာ မေးလာသည်။

ဒစ်က "ဟင့်အင်း . . ကျေးဇူးပါ။ သူ နေပူနည်းနည်း မိသွားတာပါ။ ယခု ပြန်ကောင်းစပြုနေပါပြီ။ မနက်ကျရင် အရှင်းပြန် ထူထူထောင်ထောင် ဖြစ်သွားမှာပါ။ ကျွန်တော့်စိတ်ထဲ ဒါ အသေအချာ ခံစားရပါတယ်"

ထိုအခါ ဟိုတယ်မန်နေဂျာက ပြောပြန်သည်။

www.burmeseclassic.com

"တကယ်လို့များ အစ်မကြီး စိတ်များပြောင်းသွားရင် ကျွန်တော့်ဆီ ဖုန်း သာဆက်လိုက်ပါနော်။ ဟိုတယ် ဆရာဝန် မိနစ်ပိုင်းအတွင်း ရောက်လာမှာပါ"

"ကိုယ့်လူက မြင်တတ်သားပဲ။ ဒါပေမယ့် လိုအပ်မယ် မဟုတ်ပါဘူး ဗျာ" ဟု စကားပိတ်ပြောလျက် ဒစ်တယ်လီဖုန်းချလိုက်သည်။

သူ့မိန်းမဘေးသို့ သူပြန်ရောက်သွားသည်။

မော်ရင်းမှာ အသားအရေက ဖြူဖပ်ဖြူရော်ဖြစ်နေပြီ။ အစွန်းအကွက်၊ အဖုအပိမ့်တွေလည်း ထနေပြီ။ ဒစ်သည် ရှေ့ကိုကိုင်းပြီး မိန်းမနှုတ်ခမ်းတွေကို ထိကိုင်ကြည့်လုနီးပါး ဖြစ်သွားသည်။ မော်ရင်းမှာ အသက်တော့ ရှူလျက်ပင်။

ရေခဲသေတ္တာဆီ သူလျှောက်သွားသည်။ မဖွင့်ရသေးသည့် အီဗီယန်ရေပုလင်းတွေ အကုန်ထုတ်သည်။ ပုလင်းနှစ်လုံးကို ရေချိုးခန်းထဲသွားထားပြီး အိပ်ရာဘေးတွင် တစ်ပုလင်းဆီ ချထားလိုက်သည်။

နောက် ကိုယ်ပေါ်က အဝတ်မချွတ်ခင် သူ နောက်ဆုံးလုပ်သည့် လုပ်ရှားမှုက "ဒီရေမသောက်ပါနှင့်" ဆိုသော သတိပေးကတ်ပြားလေးကို သူ့ဒတ်စုံသေတ္တာထဲမှထုတ်ပြီး လက်ဆေးကန်ပေါ် ပြန်ထားလိုက်ခြင်းသာ ဖြစ်သည်။

* * * * *

နောက်နေ့မနက် ကိုးနာရီမထိုးခင် မိနစ်အနည်းငယ်အလိုတွင် ဂရင်းပဲလေ့စ်ဟိုတယ် မျက်နှာစာတွင် ဝန်ကြီးချင်ကော့၏ကား ရပ်သွားသည်။ ဝန်ကြီးကို နောက်ခန်းတံခါး ဖွင့်ပေးရန် ယာဉ်မောင်း ကားလ်က မော်တော်ကားထဲမှ ခုန်ထွက်သည်။

ချင်ကော့သည် လှေကားအတိုင်း ခပ်သွက်သွက် တက်သွားသည်။ ဟိုတယ်အတွင်း ဝင်သွားသည်။ ဧည့်ကြိုခန်းအတွင်း ဒစ်အား ထိုင်စောင့်လျက်သား တွေ့ရလိမ့်မည်ဟု မျှော်လင့်ရင်းဖြင့် ဝင်သွားခြင်း ဖြစ်သည်။

လူသူစည်ကားနေသော စင်္ကြံတစ်လျှောက် စုန်ချည်ဆန်ချည် သူကြည့်သည်။ သို့သော် သူ့လုပ်ငန်းပါတနာ၏ အရိပ်အယောင် အလျဉ်းမတွေ့။

ဝန်ကြီး ဧည့်ကြိုကောင်တာဆီ လျှောက်သွားသည်။ တာဝန်ကျအား သူ့အတွက် မစ္စတာဘန်းစလေး တစ်စုံတစ်ရာ မှာထားခဲ့သည်များ ရှိသေးလားဟု မေးကြည့်သည်။

"မှာထားတာ မရှိပါဘူး ဝန်ကြီးခင်ဗျာ"

ဧည့်ကြိုတာဝန်ခံက ပြန်ဖြေသည်။ "သူ့အခန်းကို တယ်လီဖုန်းဆက်ပေးစေချင်ပါသလား ခင်ဗျာ"ဟု ဆက်မေးသည်။

ဝန်ကြီးက ခပ်သွက်သွက်ခေါင်းညိတ်သည်။ သူတို့နှစ်ဦး တစ်ဖက်မှ ဖုန်းထူးသံကို အတန်ကြာ စောင့်ဆိုင်းနားထောင်၏။ နောက်တာဝန်ခံက -

"ဖုန်း ပြန်ဖြေမယ့်သူ မရှိပါဘူး ဝန်ကြီး။ ဧကန္တ မစ္စတာဘန်းစလေး အောက်ကိုဆင်းလာနေပြီ ထင်ပါရဲ့"

ချင်ကော့ ခေါင်းညိတ်ပြန်သည်။ ဧည့်ခန်းတွင် စုန်ဆန်လျှောက်ရင်း မျက်လုံးက ဓာတ်လှေကားဆီ မပြတ်ကြည့်နေ၏။ နောက် လက်ပတ်နာရီ ကြည့်သည်။

ကိုးနာရီခွဲပြီး၍ ဆယ်မိနစ် ရှိသွားချိန်မှာတော့ ဝန်ကြီးမှာ သူတို့ကို သမ္မတကြီးက ပြန်၍စောင့်ရသော အဖြစ်ကို အလျှင်းမလိုလားနိုင်သည်ကြောင့် ဂနာမငြိမ် ဖြစ်သထက် ဖြစ်လာသည်။

ဧည့်ကြိုကောင်တာဆီသို့ ပြန်လှည့်သွားသည်။

"ထပ်ကြိုးစားစမ်းကွာ"ဟု ဧည့်တာဝန်ခံကို တောင်းဆိုလိုက်သည်။

မစ္စတာ ဘန်းစလေး အခန်းက တယ်လီဖုန်းနံပါတ်ကို ဧည့်တာဝန်ခံက ကသောကမျော လှည့်ပြန်သည်။ သို့သော် တစ်ဖက်မှ ပြန်မဖြေဟူ၍သာ တင်ပြနိုင်ပြန်သည်။

သည်မှာ ဝန်ကြီးက "မန်နေဂျာခေါ်စမ်းကွာ"ဟု ခပ်ဆတ်ဆတ် ငေါက်တော့သည်။ ဧည့်ကြိုတာဝန်ခံ ခေါင်းညိတ်ပြီး တယ်လီဖုန်း ကိုင်ပြန်သည်။ တစ်ခုတည်းသောနံပါတ်ကို လှည့်သည်။

ခဏနေသော် အရပ်မြင့်မြင့်နှင့် ဝတ်စုံနက် သားနားစွာဝတ်ထားသည့် လူတစ်ဦး ဝန်ကြီးချင်ကော့ဘေးတွင် ရပ်လာသည်။

"ကျွန်တော် ဝန်ကြီးကို ဘာလို



www.burmeseclassic.com

www.burmeseclassic.com

အကူအညီပေးရပါမလဲခင်ဗျာ”ဟု ထိုလူက မေးသည်။

“ကျုပ် မစ္စတာဘန်းစလေး အခန်းကို တက်ဖို့လိုနေတယ်”

“ရပါတယ် ဝန်ကြီး၊ ကျွန်တော်နဲ့သာ တစ်ဆိတ်လိုက်ခဲ့ပါ”

သူတို့သုံးဦး ဟိုတယ်၏ နဝမအထပ်သို့ ရောက်သောအခါ တော်စတွိုင်း ပဒေသာအပတ်မင့် အခန်းကြီးဆီသို့ ရေးကြီးသုတ်ပျာ သွားကြသည်။ အခန်းကြီး ရှေ့ရောက်လျှင် “အနှောင့်အယှက် မပေးပါနှင့်” ဆိုသော သတိပေးကတ်ပြားလေး တံခါးလက်ကိုင်သီး၌ တွဲလောင်းချိတ်နေသည်ကို တွေ့လာကြရသည်။

တံခါးကို ဝန်ကြီးက ခပ်ကျယ်ကျယ်ထုသည်။ သို့သော် အခန်းတွင်းမှ ဘာတုံ့ပြန်ချက်မျှ ပေါ်မလာ။

“တံခါးရအောင် ဖွင့်ကွာ”ဟု သူတောင်းဆိုလိုက်သည်။ ဧည့်ကြိုတာဝန်ခံ တုံ့ဆိုင်းမနေဘဲ နာခံသည်။

အခန်းတွင်းသို့ ဝန်ကြီး မာန်နှင့်ဝင်သွားသည်။ သူ့နောက်မှ ဧည့်ကြိုတာဝန်ခံနှင့် ဟိုတယ်မန်နေဂျာ ပါသွားသည်။ ဝန်ကြီးချင်ကော့ တုံ့ခနဲရပ်သွားသည်။ ခုတင်ပေါ် တွင် အလှုပ်အရှားမဲ့နေသော ခန္ဓာကိုယ်နှစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ဧည့်ကြိုတာဝန်ခံမှာ ဆရာဝန်ခေါ်ဖို့ ပြောနေစရာပင် မလိုတော့။

* * * * *

ဝမ်းနည်းစရာ ဖြစ်ရသည်က ဆရာဝန်အဖို့ ကုန်ခဲ့သည့်လက ယခုလိုအဖြစ်မျိုး သုံးခုကြုံခဲ့ရပြီးပြီ။ သို့သော် ခြားနားချက်က တစ်ခုပဲရှိသည်။ အဆိုပါ ဆုံး ပါးရသူများက အားလုံး သူတို့ဒေသခံတွေချည်း ဖြစ်သည်။ ယခု ဆရာဝန်က သူ့လူနာနှစ်ယောက်ကို အတန်ကြာ စစ်ဆေးကြည့်ပါသေးသည်။ နောက်မှ “ဆိုက်ဘီးရီးယန်းရောဂါ”ဟူ၍ အတည်ပြုသည်။ တီးတိုးပြောသလောက်နီးနီး အသံဖြင့် ပြောခြင်းဖြစ်သည်။

ဆရာဝန် စကားတုံ့ဆိုင်းသွားသည်။ ဝန်ကြီး၏မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။

“အမျိုးသမီးကြီးကတော့ ညကဆုံးတာ ယုံမှားစရာမရှိပါဘူး၊ လူကြီးမင်းကတော့ လွန်ခဲ့တဲ့ တစ်နာရီအတွင်းကမှ ဆုံးတာပါ ဝန်ကြီး”

ဝန်ကြီး ဘာထင်မြင်ချက်စကားမျှ ဝင်မပြော။

ဆရာဝန်က ဆက်လက်ရှင်းပြသည်။

“ကျွန်တော် ရှေးဦး ကောက်ချက်ကတော့ အမျိုးသမီးကြီးဟာ ဒေသရေကို အတော်များများ သောက်သုံးမိရာက ဒီရောဂါ ဝင်လာပုံ ရပါတယ်”

ဆရာဝန်က စကားဖြတ်ပြီး အသက်မရှိတော့သော ဒစ်၏ကိုယ်ကို တစ်ချက် ငုံ့ကြည့်သည်။

“လင်သားဖြစ်သူကတော့ သူ့ဇနီးဆီကနေ ဗိုင်းရပ်ပိုး ရသွားတာပဲဖြစ်မယ်။ ညတွင်းချင်းပေါ့လေ။ ဒါလင်ကို မယားတွေ့ကြားမှာ မဆန်းတော့တဲ့ကိစ္စတော့ မဟုတ်ဘူးခင်ဗျာ” ဟုပြောပြီး ထပ်ဖြည့်စွက်သည်။

“သူဟာ ကျွန်တော်တို့နိုင်ငံသားယောကျ်ား အတော်များများလိုပဲ ဒါကိုသတိမထားမိတာ ရှင်းနေပါတယ်။ ဘယ်လိုလဲဆိုတော့ . . .”ဆရာဝန် စကားဆိုင်းသွားပြီး နောက်တော့ ဝန်ကြီးရှေ့မှာပင် ထိုစကားလုံးကို ပြောချလိုက်တော့သည်။

“ဆိုက်ဘီးရီးယပ်စ် ရောဂါဟာ အင်မတန်ရှားလှတဲ့ ရောဂါတွေထဲကတစ်ခုခင်ဗျ၊ သူက လူချင်း ထိတွေ့ရာကနေ ကူးစက်ရုံမကဘူး၊ လေထဲကပါ အလွန့်အမင်း ကူးစက်ပြန့်ပွားပါတယ် ဝန် ကြီး”

သည်မှာ ဟိုတယ်မန်နေဂျာ ဝင်ပြောသည်။

“ဒါပေမယ့် ကျွန်တော် မနေ့ညက သူ့ဆီ ဖုန်းလှမ်းဆက်ပြီး ဆရာဝန်နဲ့ ပြချင်ပါသလားလို့တောင် မေးခဲ့ပါသေးတယ်။ သူက မလိုပါဘူးတဲ့၊ သူ့မိန်းမ ပြန်ကောင်းလာနေပါပြီတဲ့။ ပြီးတော့ မနက်ဖြန်ဆို အပြည့်အဝ ထူထူထောင်ထောင် ပြန်ဖြစ်မယ်ဆိုတာ သူယုံကြည်ပါသတဲ့လေ”

“ဝမ်းနည်းစရာပဲ”ဟု ဆရာဝန်က ဆိုသည်။

“ဟုတ်ကဲ့”လို့သာ သူပြောခဲ့ရင်း “အင်း . . . သူ့မိန်းမကတော့ အဖတ်ဆယ်ဖို့ဆိုတာ သိပ်ကို နောက်ကျနေမှာပါ။ သူ့ကိုတော့ ကျုပ်ကယ်နိုင်ပါသေးတယ်ဗျာ”

လူထွေးခင်



www.burmeseclassic.com

www.burmeseclassic.com

# သမ္မတကို လုပ်ကြံသူ



ဇာတ်သိမ်းပိုင်း

□ အောင်သန်းချစ်

**ပဥ္စမမြောက်နေ့**

တိတ်ဆိတ်နေတဲ့ လမ်းထဲမှာရှိတဲ့ အိမ်အိုတစ်ဆောင်ထဲမှာ အမျိုးသမီးကြီးတစ်ဦးက စောင့်မျှော်ငေးမောနေတယ်။ နေ့ရောညပါ မျှော်နေရတာကြောင့် သူအိပ်လို့မရတော့ပါ။ ပဥ္စမမြောက်နေ့ ည ၉ နာရီမှာတော့ အိမ်နောက်ဘက် ပြတင်းပေါက်ကနေပြီး အသံတစ်သံကို သူကြားရတယ်။

သူအပြေးသွားပြီး ပြတင်းပေါက်ကို ဖွင့်မိတယ်။ တစ်မိနစ်အတွင်း အဲလ်လက်စ်ရင်ခွင်ထဲ သူရောက်သွားခဲ့တယ်။ ခေတ္တလောက် စကားမပြောနိုင်ဖြစ်နေခဲ့ကြတယ်။

ပြီးမှ သူတို့မိတ်ဆွေတွေနဲ့ သူတို့အိမ်ထောင်စုအကြောင်းတွေကို ပြောခဲ့ကြတယ်။ အိုလီဗီယာက -

"ကလေးတွေကိုတော့ ကျွန်မညီမဆီ ပို့ထားတယ်။ သူတို့အတွက် အဲဒီနေရာက ပိုကောင်းတယ်။ ပေါ်လီအကြံပေးတဲ့အတိုင်း ကျွန်မကတော့ ရှုံးမရှိတာကြောင့် ဒီအိမ်ကနေပြီး ရှင့်ကိုစောင့်နေခဲ့တယ်။ ဒီနိုင်ငံက ရှင်ထွက်မသွားခင် ကျွန်မက တွေ့ချင်နေသေးတယ်လေ။ အဲလ်လက်စ်ရယ်···ရှင့်အတွက် ကျွန်မ သိပ်ကို စိုးရိမ်ကြောက်လန့်နေရတယ်"

အဲလ်လက်စ်က -

"လွတ်ဖို့တော့ တော်တော်ခက်ပါတယ်။ ပေါ်လီကို ငါဖုန်းနဲ့ပြောပြခဲ့သလိုပါပဲ။ ရဲတွေကခြေရာခံလိုက်နေကြတယ်"

အိုလီဗီယာက ချက်ချင်းပဲ -

"အိုး···ထောင်ထဲကနေတောင် ရှင်လွတ်လာပြီပဲ။ ရှင့်မှာ မိတ်ဆွေ[illegible] တစ်ပုံကြီးရှိနေတယ်လေ။ [illegible]

www.burmeseclassic.com

ကယ်ကောင်းကယ်နိုင်ပါလိမ့်မယ်"

"ဟုတ်ပါတယ်။ ငါ့မှာ မိတ်ဆွေကောင်းတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ရန်သူတွေလည်း ဝိုင်းဝိုင်းလည်နေတယ်။ အန္တရာယ်ပေးမယ့် အကောင်ကြီးကြီးတွေက စောင့်နေကြတယ်"

ရုတ်တရက် အိုလီဗီယာက အဲလ်လက်စ်ရဲ့လက်တွေကို ကြည့်မိသွားပြီး -

"အိုး・・・အဲလ်လက်စ်ရယ်၊ ရှင့်လက်တွေ ဘယ်လိုဖြစ်ကုန်တာလဲ"

အဲလ်လက်စ်က သူ့လက်တွေကို ပြန်ကြည့်ရင်း -

"ဒါတွေက ထောင်ထဲမှာ ညှဉ်းဆဲခံခဲ့ရတာပါ။ ဓားနဲ့ခွဲပြီး စီးကရက်မီးနဲ့ ထိုးထားတာလေ"

"ဘာကြောင့် ဒီလောက်တောင် နှိပ်စက်ကြတာလဲဟင်"

"သူတို့က နာမည်တစ်ခုကို သိချင်ကြတယ်။ ငါက မပြောဘူး"

"ဘာနာမည်လဲ"

"သမ္မတကိုသတ်တဲ့သူရဲ့ အမည်ပါ"

အိုလီဗီယာက -

"ဒါပေမဲ့ ရှင်သတ်တယ်လို့ သူတို့က ကြေညာထားတယ်"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ငါမှ မသတ်တာဘဲ။ ရဲတွေသိပါတယ်"

"တရားခံ ဖော်ချင်တာကြောင့် ရှင့်ကို ထောင်ထဖြည့်ထားကြတာပေါ့"

"ဟုတ်တယ်။ ပြီးတော့ ငါက ဒီနိုင်ငံအစိုးရနဲ့ ဒီနိုင်ငံရဲ့ သမ္မတဟောင်းအကြောင်း စာအုပ်ကိုရေးခဲ့သူကိုး။ သူတို့က အဲဒီစာအုပ်ကို သိပ်ဒေါသထွက်နေကြတယ်၊ မင်းမမှတ်မိဘူးလား။ သမ္မတဟောင်းကတော့ ငါ့စာအုပ်ကို သိပ်သဘောကျခဲ့တယ်လေ။ သမ္မတဟောင်းက လူဆိုးမဟုတ်ပါဘူး။ ပြည်သူပြည်သားတွေ ဘဝတိုးတက်ကောင်းစားရေးကို လိုလားသူပါ။ ဒီနိုင်ငံမှာ အပြောင်းအလဲတွေ သူက လုပ်ချင်ခဲ့တယ်။ ဒါပေမဲ့ သူမလုပ်နိုင်ခဲ့ဘူး။ ရဲအဖွဲ့နဲ့ စစ်တပ်က သူ့ကို ရုပ်တန်းက ရပ်စေခဲ့တယ်။ အခုလက်ရှိ သမ္မတသစ်ကတော့ ရဲတပ်ဖွဲ့ စစ်တပ်တို့ရဲ့ မိတ်ဆွေဖြစ်ပုံရတယ်။ တကယ့်ကို မိတ်ရင်းဆွေရင်းတွေပါကွာ・・・ဟား・・・ဟား・・・ဟား။ သမ္မတဟောင်းကိုသတ်တာ ဘယ်သူလဲဆိုတာ ရဲတွေသိနေတာပဲ။ ဒါကို ဖုံးထားကြတယ်လေ။ ဒီတရားခံအမည်ကို တစ်ပြည်လုံးက မသိရလေအောင် လျှို့ဝှက်ထားကြတယ်။ သမ္မတဟောင်းကို သတ်ခဲ့တာ ဘယ်သူလဲဆိုတာ ငါသိနေတယ်လို့ တွက်ဆပြီး ထောင်ထဲမှာ ငါ့ကို အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ခဲ့ကြတယ်"

အိုလီဗီယာက ကြောက်လန့်တကြားနဲ့ -

"ဒါဆို ရှင်・・・ရှင်သိနေတယ်ပေါ့"

အဲလ်လက်စ်က ဖြူဖပ်ဖြူရော်နဲ့ မျှင်မပျဖြစ်နေတဲ့ ဇနီးသည်ရဲ့မျက်နှာကို ကြည့်ပြီး -

"ငါသိတာပေါ့။ မင်းကိုတော့ ဖွင့်မပြောဘူး။ သိပ်ကိုအန္တရာယ်ကြီးတယ်"

အဲလ်လက်စ်က ခပ်မြန်မြန်စားပြီးတာနဲ့ အဝတ်လဲတယ်။ ပြီးတော့ သူ အိပ်နေခိုက်မှာ အိုလီဗီယာက ပြတင်းပေါက်ကနေ လမ်းကို စောင့်ကြည့်ပေးခဲ့တယ်။

××× ××× ×××

ဖီလစ်က ရုံးထဲမှာထိုင်ပြီး သတင်းတွေစောင့်နေခဲ့တယ်။ သတင်းစောင့်ရင်း သူ့ရဲ့လုပ်ငန်းကို ပြန်တွေးနေမိတယ်။ သူထမ်းဆောင်နေရတဲ့တာဝန်၊ အသတ်ခံလိုက်ရတဲ့ သမ္မတနဲ့ အခုလက်ရှိ သမ္မတသစ်၊ အဘွားအို မာတာ၊ ရဲမှူးချုပ် အီဗာဟိုင်းနဲ့ အဲလ်လက်စ်ဒိုင်နွန်။

ညကိုးနာရီရောက်တော့ သူ့စားပွဲက တယ်လီဖုန်းခေါ်သံ ပေါ်ထွက်ခဲ့တယ်။ တယ်လီဖုန်းနားထောင်ပြီးတာနဲ့ သူထခုန်ပြီး အဒမ်ကို ခေါ်တော့တယ်။

"ဒိုင်နွန် သူ့ဇာတိမြို့ကို ပြန်ရောက်နေပြီ။ အခု သူ့ဆရာမဟောင်း အိမ်မှာကွ။ သူရောက်နေတာ သုံးမိနစ်ပဲရှိသေးတယ်"

အဒမ်က ရယ်ရယ်မောမောနဲ့ -

"ကျွန်တော်တို့လည်း ဒီသတင်းကို အခုပဲ ရပြီးကြပါပြီ"

ဖီလစ်က ချက်ချင်းပဲ -

"နားထောင်၊ မင်းနဲ့ နောက်ထပ်ရဲသား ၁၀ ယောက်ခေါ်သွားပြီး ဒိုင်နွန်မြို့ဆီ ကားနဲ့အမြန်ဆုံးသွားကြ။ အိမ်ထဲတော့ တန်းပြီးဝင်မသွားကြနဲ့။ ရဲမှူးချုပ်ဆီ တယ်လီဖုန်းနဲ့ သတင်းပို့ပြီးရင် မင်းတို့နောက်ကို ငါလိုက်ခဲ့မယ်"

အဒမ်က -

"ဟုတ်ကဲ့"ဆိုပြီး အခန်းထဲက ခပ်သွက်သွက်ထွက်သွားတယ်။ ဖီလစ်က ရဲမှူးချုပ်ဆီ တယ်လီဖုန်းနဲ့ သတင်းပို့လိုက်တော့ ရဲမှူးချုပ်က -

"ကောင်းတယ်၊ လောလောဆယ် အဲဒီကပဲ စောင့်နေပါ။ ၁၀ မိနစ်လောက်ကြာရင် မင်းဆီကို အကြောင်းပြန်မယ်"

ဖီလစ်ဒေါသထွက်မိတယ်။ အခန်း

www.burmeseclassic.com



တကြိုး ချက်ချင်း တရားခံရှိရာဆီ သွားရမှာ မဟုတ်ပါလား။ ဒိုင်နွန်က ဖိလစ် မေးမယ့် ပဟေဠိကို သိချင်သိနေနိုင်တယ်လေ။ မကြာခင် တယ်လီဖုန်းသံ ထွက်လာပြီး -

"နားထောင်စမ်း ရဲအုပ်၊ အိမ်ထဲကို မဝင်နဲ့။ လမ်းပေါ်ကနေပြီး စောင့်ကြည့်ကြ"

ဖိလစ်က -

"ကျွန်တော်တို့ အိမ်ထဲဝင်ပြီး သူ့ကိုဖမ်းလို့ရနိုင်တာပဲ။ ဘာကြောင့် မဖမ်းဘဲ စောင့်ကြည့်နေကြရမှာလဲ"

"သွားမလုပ်နဲ့ သိပ်အန္တရာယ်ကြီးတယ်။ သူ့ဇနီးနဲ့ ကလေးတွေပါ အိမ်ထဲမှာ ရှိနေနိုင်တယ်"

"သူ့ကလေးတွေက သူ့ဇနီးရဲ့ ညီမအိမ်မှာပါ။ ကျွန်တော်တို့ အသေအချာသိပါတယ်။ ဒါကြောင့်…"

"ငါ့အမိန့်ကို နားထောင်စမ်း ရဲအုပ်"

ဖိလစ်က ပြန်မပြောတော့ပါ။

"ငါ့အမိန့်ကို မင်းကြားတယ်မဟုတ်လား ရဲအုပ်"

ဖိလစ်က လေအေးလေးနဲ့ -

"ဟုတ်ကဲ့၊ ကြားရပါတယ်"

"အခုတော့ အိမ်ထဲမှာ ဒိုင်နွန် ကြာရှည်နေလို့ မရတော့ဘူး။ လမ်းမှာ လူတွေပြတ်တဲ့ ညဘက်ရောက်ရင် ဒီကောင် အပြင်ထွက်လိမ့်မယ်။ သူ ဘယ်လိုမှ လွတ်စရာမရှိတော့ပါဘူး။ စစ်သားတွေက စောင့်ကြည့်နေကြတယ်"

"စစ်သားတွေ…စစ်သားတွေက ဘာလုပ်ကြတာလဲ။ ကျွန်တော့်အတွက် စစ်တပ်မလိုပါဘူး"

ဖိလစ်ရဲ့ဒေါသကို ရဲမှူးချုပ် ရှင်းပြခဲ့တယ်။

"ရဲအုပ်ရေ…ဒီကောင် ဒိုင်နွန်က သိပ်အရေးကြီးတဲ့ တရားခံကွ။ ဒါကြောင့် မင်းမှာ အကူတွေ လိုတယ်။ အဲဒီအိမ် တစ်ဝိုက်မှာ စစ်သား ၃၀၀ ချထားတယ်။ ဒိုင်နွန်ကို ဒီည ငါ့အမိဖမ်းရမယ်"

ရဲမှူးချုပ် ဖုန်းချသွားတော့ ဖိလစ်က စားပွဲကိုငေးရင်း သူ့ခေါင်းထဲမှာတော့ အသေရရ၊ အရှင်ရရဆိုတဲ့ အမိန့်သံ ပဲ့တင်ထပ်နေခဲ့တယ်။ ရဲမှူးချုပ်ကော သမ္မတသစ်ကပါ ဘာကြောင့် ဒိုင်နွန်ကို သေစေချင်နေကြရတာလဲ။

ဒိုင်နွန်ဇာတိမြို့ကို ဖိလစ်ရောက်သွားချိန်မှာ ဒိုင်နွန်ရှိနေတဲ့ အိမ်နောက်ဘက်က လမ်းမှာ အဒမ်စောင့်နေတာကို တွေ့ရတယ်။ နှစ်ဦးသား ကားထဲမှာထိုင်ပြီး ဆွေးနွေးကြတယ်။

ဖိလစ် မျက်နှာတင်းမာနေတာကို ကြည့်ရင်း အဒမ်က -



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ဘာကို ဒေါသထွက်နေတာလဲ။ အိမ်ထဲမှာ ဒိုင်နွန်ရှိနေတယ်။ အပြင်ထွက်လာရင် ဖမ်းလိုက်ရုံပဲ။ ဒီတစ်ခါတော့ မလွတ်နိုင်တော့ပါဘူး"

ဖီလစ်က -

"ဟုတ်တယ်။ ငါစိတ်ဆိုးနေတယ်ကွ။ ဒီညမှာ ဒီမြို့လေးကို စစ်တပ်နဲ့ဝိုင်းထားတယ်။ ငါက အိမ်ထဲဝင်ပြီး ဖမ်းချင်တယ်။ ရဲမှူးချုပ်က ခွင့်မပြုဘူး။ စစ်သားတွေ စောင့်ကြည့်နေကြတယ်တဲ့။ ငါကတော့ ဒိုင်နွန်ကို တို့ရဲတပ်ဖွဲ့က အရင်လက်ရဖမ်းချင်နေတယ်"

အဒေါ်ကလည်း သူ့အတွေ့အကြုံအရ ပြန်ပြောပြတယ်။

"ဒါဟာ မလွယ်တဲ့ကိစ္စပဲ။ စစ်သားတွေက အရင်ပစ်ကြမှာပါ။ သေပြီးမှ ကျွန်တော်တို့က စစ်ဆေးရမှာ မဟုတ်လား"

ဖီလစ်က လေးလေးပင်ပင်နဲ့ -

"အေးပါကွာ။ အဲလ်လက်စ်ကို သူတို့ ပစ်သတ်ကြမှာပါ။ တို့က တားပိုင်ခွင့်မှ မရှိတာဘဲ"

## ဆဋ္ဌမမြောက်နေ့

နံနက် ၃ နာရီမှာ အဲလ်လက်စ် အိပ်ရာကထပြီး ပြတင်းပေါက်ကနေ လမ်းဘက်ကြည့်နေတုန်း အိုလီဗီယာက

"အခုပဲ ရှင်သွားတော့မှာလား"

"အေးပေါ့။ ငါကြာကြာနေလို့ မဖြစ်ဘူး။ အခုဆောင် ရဲတွေ အပြင်မှာ ရောက်နေပြီလား မသိဘူး။ ငါ့မိတ်ဆွေတွေအိမ် အားလုံးကို စောင့်ကြည့်နေတယ်လို့ ပေါ်လီက ပြောပြထားတယ်"

သူက ဖိနပ်စီး၊ ကုတ်အင်္ကျီဝတ်ပြီးတာနဲ့ ဇနီးသည်ကို ကြည့်လိုက်တယ်။

"အိုလီဗီယာရေ…ဂရုတစိုက်နဲ့ အေးအေးဆေးဆေးနေထိုင်ပါ။ မင်းကိုလည်း ရဲတွေက စောင့်ကြည့်နေကြတယ်။ တစ်နှစ်လောက်ကြာရင်တော့ ကလေးတွေပါခေါ်ပြီး ဒီနိုင်ငံအပြင်ကို တိတ်တဆိတ်ထွက်ခဲ့ပေတော့။ ငါ့မိတ်ဆွေတွေက ကူညီကြပါလိမ့်မယ်။ တိုင်းပြည်သစ်မှာ အိမ်သစ်၊ ဘဝသစ် ထူထောင်ပါ"

အိုလီဗီယာက ငိုရင်း -

"ရှင်လည်း အဲဒီနိုင်ငံကို လိုက်လာမှာ မဟုတ်ဘူးလား"

အဲလ်လက်စ်က ပြုံးပြီး -

"ဟုတ်တယ်၊ လိုက်နိုင်ကောင်းလိုက်လာနိုင်မှာပါ" ဆိုပြီး ရင်ခွင်ထဲမှာ ဇနီးသည်ကို ပွေ့ဖက်ထားလိုက်တယ်။

"မငိုပါနဲ့ အချစ်ရယ်။ ငါထွက်မသွားခင် မင်းအပြုံးလေးကို မြင်သွားပါရစေ"

အိုလီဗီယာကတော့ ငိုနေရင်း -

"ကျွန်မ သိပ်ကြောက်တယ်"

ပြီးတော့ တီးတိုးလေသံလေးနဲ့ -

"ရှင့်ကို သိပ်ချစ်တယ်။ မြန်မြန်သွားပါ။ ဂရုလည်း စိုက်နော်"

အဲလ်လက်စ်က စိတ်မကောင်းစွာနဲ့ ပြုံးပြရင်း -

"သွားပြီဟေ့…အချစ်ရေ"

သူက အိမ်ကို အလျင်အမြန်ကျောခိုင်းလိုက်ပြီး အမှောင်ထဲ ဝင်သွားတယ်။ ဆယ်မိနစ်လောက် တံခါးမကြီး





www.burmeseclassic.com

www.burmeseclassic.com

မှာ စောင့်ဆိုင်းနားစွင့်တယ်။ ဘာသံကိုမှ မကြားရတဲ့အပြင် ဘာကိုမှလည်း သူမတွေ့ရတာကြောင့် လမ်းပေါ်ထွက်ခဲ့တယ်။ လမ်းပေါ်ရပ်ပြီး အကဲခတ်လိုက်တော့ အပေါ်ထပ်ပြတင်းပေါက်ကနေ သူ့ကိုစောင့်ကြည့်နေတာ မြင်ရတယ်။

ဒါကြောင့် အဲလ်လက်စ်လည်း လမ်းမြန်မြန်လျှောက်တော့တယ်။ အိမ်တွေနားကပ်ပြီး နောက်ကြောင်းကို မကြာခဏ အဖန်ဖန်လှည့်ကြည့် စစ်ခဲ့မိသေးတယ်။ မီတာ ၂၀၀ အကွာလောက်မှာ ရပ်ထားတဲ့ ကားတစ်စီးကို တွေ့ရပေမဲ့ ကားထဲမှာ လူတစ်ယောက်မှ မရှိတာကြောင့် သူက ကားကို ဖြတ်ကျော်လိုက်တယ်။

ရုတ်တရက် အသံတွေနဲ့ မီးရောင်တွေ ပေါ်ထွက်လာတဲ့အပြင် သေနတ်ကိုင်ထားတဲ့ စစ်သားတွေကိုပါ သူမြင်ရတယ်။ ဒါကြောင့် အဲလ်လက်စ် ထွက်ပြေးခဲ့တယ်။ ဒါပေမဲ့ ဖြည်းဖြည်းချင်းမှာပဲ သေနတ်သံ လေးငါးချက် ပေါ်ထွက်လာပြီး အဲလ်လက်စ် ဆက်မပြေးနိုင်ဘဲ မလှုပ်မယှက် လဲနေတော့တယ်။

××× ××× ×××

ဖိလစ်က လမ်းပေါ်ပြေးသွားပြီး ခန္ဓာကိုယ်ကြီးကို ငေးနေမိတယ်။ အဒမ်က သူ့အရင် ဒီနေရာရောက်နေတာကြောင့် ဖိလစ်က -

"အသက်ရှိနေသေးသလား"

အဒမ်က မတ်မတ်ရပ်ရင်း -

"လုံးဝ လုံးဝ အသက်မရှိတော့ပါဘူး"

ဖိလစ်ဒေါသထွက်သွားပြီး -

"စစ်သားတွေက သူ့ကို အသေပစ်သတ်ခဲ့ကြပြီလေ"

အဒမ်က ဖိလစ်မျက်နှာကိုကြည့်ရင်း -

"ဟုတ်တယ်လေ။ သူတို့တာဝန်အရ သူတို့ထမ်းဆောင်ခဲ့တာပဲ။ ဒိုင်နွန်ထွက်ပြေးလို့ စစ်သားတွေက ပစ်ခတ်ဖမ်းဆီးခဲ့တယ်လေ။ ရဲမှူးချုပ်ကိုယ်တိုင်က အသေရရ၊ အရှင်ရရလို့ အမိန့်ပေးခဲ့တာပဲ မဟုတ်လား။ အခု သူ့ကို ကျွန်တော်တို့ရပြီ။ ဒါဟာ အရေးကြီးဆုံးပဲ"



ဖိလစ်ကတော့ အဲလ်လက်စ်ဒိုင်နွန် မျက်နှာကို စူးစိုက်ကြည့်ရင်း -

"သူနဲ့ငါ စကားပြောချင်တာကွ။ သူ့ကို မေးစရာတွေရှိတယ်"

အဒမ်က -

"ဘာတွေများ မေးမလို့လဲ"

ဖိလစ်က ပြန်မဖြေဘဲ အသက်မဲ့နေတဲ့ ခန္ဓာကိုယ်ကြီးကိုသာ ငုံ့ကြည့်နေခဲ့တယ်။ ပြီးတော့ -

"ဘာမှမဟုတ်ပါဘူးကွာ။ ဒါက အရေးမပါပါဘူး"

အခုတော့ လမ်းပေါ်မှာ အသံတွေ ဆူညံလာတယ်။ စစ်သားတွေကော၊ ရဲတွေပါ ဟိုဟိုသည်သည် လျှောက်နေကြတယ်။ ရဲကားတွေလည်း လာလိုက်၊ သွားလိုက်နဲ့ ရှုပ်ယှက်ခတ်နေတော့တယ်။ မြို့သူမြို့သားတွေကတော့ အိမ်ပြတင်းပေါက်တွေကနေပြီးသာ ကြည့်နေကြတယ်။ ဘယ်သူမှ လမ်းပေါ်ထွက်မလာကြပါ။ ဘယ်သူကမှလည်း မေးခွန်းမထုတ်ကြပါ။ လူနာတင်ကားတစ်စီး ရောက်လာပြီး အလောင်းကို သယ်သွားတယ်။

ရဲမှူးချုပ်ရုံးခန်းထဲ ဖိလစ်ရောက်သွားတော့ ရဲမှူးချုပ်က -

"သူသေသွားပြီ။ မင်းဝတ္တရားကျေပါတယ် ဖိလစ်။ သမ္မတက မင်းကို သိပ်ပြီးကျေးဇူးတင်နေတယ်"


ရဲမှူးချုပ်က သူ့ကို ရဲအုပ်လို့သာ ခေါ်လေ့ရှိခဲ့ပေမဲ့ အခုတော့ ထူးထူးခြားခြား ဖိလစ်လို့ ခေါ်ခဲ့တယ်။

ဖိလစ်က ထိုင်ရင်း အီဗာဟိုင်... ကြည့်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



“လူများစုကတော့…” ဆိုပြီး ခေတ္တစကားဖြတ်ပြီးမှ “အဲလ်လက်စ်နိုင်နွန်ဟာ သမ္မတကို လုပ်ကြံတဲ့လူလို့ မထင်ကြဘူး”

ရဲမှူးချုပ်က ပြုံးရင်း -

“လူပါးစပ်ပေါက်ကတော့ လူအမျိုးမျိုး စိတ်အထွေထွေပဲ။ မျိုးစုံပြောကြမှာပေါ့။ သူတို့ပြောတာတွေကို နားမထောင်နဲ့။ သူတို့က အများတွေပြောနေကြတာပါ။ မင်းက တာဝန်ကျေတဲ့ ရဲဝန်ထမ်းတစ်ဦးပါ။ အမေးအမြန်းတွေ ထူမနေနဲ့”

ဖီလစ်က လေအေးအေးနဲ့ -

“ဒါပေမဲ့…ပြည်သူအများစုပြောတာ အမှန်တွေပါ။ ပြီးတော့ ရဲတစ်ဦးရဲ့ တာဝန်က မေးရမြန်းရမှာပါ”

ဖီလစ်အနီးကို အီဗာဟိုင်းလာရပ်ပြီး ဖီလစ်မျက်နှာကို ငုံ့ကြည့်တယ်။ ရဲမှူးချုပ်ရဲ့ အညိုရောင်မျက်လုံးတွေ အေးတိအေးစက် ဖြစ်နေတယ်။

“နားထောင်စမ်း။ တစ်စုံတစ်ယောက်က သမ္မတဟောင်းကို သတ်သွားတာ ဖြစ်နိုင်တယ်။ ဟုတ်တယ်နော်။ ပြီးတော့ တို့သမ္မတသစ်က လူသတ်တရားခံကို ချက်ချင်းဖော်ထုတ်ပေးချင်တယ်။ ဒါကြောင့် သူ့အတွက် လူသတ်တရားခံတစ်ယောက်အဖြစ် အဲလ်လက်စ်နိုင်နွန်ကို တို့က ဖော်ထုတ်ပေးနိုင်ခဲ့ပြီ။ ဒီနိုင်ငံမှာ လူသတ်မှုကျူးလွန်သူတွေကို သေဒဏ်မပေးပါဘူး။ ထောင်ပဲချတယ်။ ဒါပေမဲ့ နိုင်နွန်က ထောင်ထဲကနေ ထွက်ပြေးခဲ့တယ်။ ခုတော့ သူသေပြီ။ သမ္မတကို လုပ်ကြံခဲ့တဲ့တရားခံ သေသွားပြီ။ ဒါဟာ လမ်းဆုံးပဲ။ အမှုပိတ်လိုက်ရုံ ရှိတော့တယ်”

တစ်ခန်းလုံး တိတ်ဆိတ်သွားခဲ့တယ်။ ရဲမှူးချုပ်က ဖီလစ်ကို စောင့်ကြည့်အကဲခတ်နေခဲ့တယ်။ ဖီလစ်ကတော့ သူ့လက်တွေကိုသာ ငုံ့ကြည့်ပြီး တစ်ခွန်းမှ မဟာခဲ့ပါ။ အတန်ကြာမှ အီဗာဟိုင်းရဲ့ အေးတိအေးစက် မျက်လုံးတွေကို မော့ကြည့်ပြီး မေးတော့တယ်။

“ဒါဆိုရင် သမ္မတဟောင်းကို ဘယ်သူသတ်တာလဲ”

အီဗာဟိုင်းက မျက်နှာသွင်ပြင်ပြောင်းလဲမသွားဘဲ ဖီလစ်ကိုသာ စူးစိုက်ကြည့်နေခဲ့တယ်။ ဖီလစ်ကလည်း အီဗာ့မျက်နှာကို ပြန်ပြီးစိုက်ကြည့်နေခဲ့တယ်။

အတန်ကြာတော့မှ ရဲမှူးချုပ်က–

“ဒါဆိုရင် မင်းအလုပ်သစ်ရှာတော့မယ်ပေါ့။ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပေါ့ကွာ”

လူငယ်က ရဲမှူးချုပ်မျက်နှာကို တစ်ချက်ကြည့်ပြီးတော့ ပြတင်းကနေပြီး အပြင်ဘက်ကို ငေးနေတော့တယ်။ နှစ်မိနစ်လောက်ကြာတော့ မတ်တတ်ရပ်ပြီး တံခါးဆီ သူလျှောက်ခဲ့တယ်၊ တစ်ခါ ရဲမှူးချုပ်ကို ပြန်လှည့်ကြည့်ခဲ့တယ်။ သူ့ပါးစပ်က လေအေးအေးလေးနဲ့ -

“လူသတ်တရားခံ ဘယ်သူဆိုတာကို ကျွန်တော်သိချင်တယ်။ သိအောင်လည်း ကျွန်တော်ကြိုးစားမယ်”

တံခါးဖွင့်ပြီးတာနဲ့ သူက -

“နှုတ်ဆက်ခဲ့ပါတယ် ရဲမှူးချုပ်”


ဆိုပြီး အပြင်ဘက်ထွက်ကာ နောက်ဆုံးအနေနဲ့ တံခါးကို ပိတ်ပေးပြီး ရဲစခန်းကို ကျောခိုင်းထွက်ခွာခဲ့တော့တယ်။

[THE PRESIDENT'S MURDERER BY JENNIFER BASSETT ကို ဘာသာပြန်ပါတယ်။]

**အောင်သန်းချင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပလက်ဖောင်းမင်းသား

## ( အ စ န် း ဆ က် ဝ တ္ထု ရှ ည် )

● ကျော်မြသန်း

ယခင်လမှအဆက်

✦ ခြောက် ✦

ငါ့နာမည် ရေခဲကွ။

လက်မထောင်၊ ရင်ကော့ပြီး ပြောနိုင်သည့်အဆင့်သို့ တန်းဝင်လာသည်။

နှုတ်နှင့်လက် တစ်ပြိုင်တည်း မောင်ရေခဲ ဖြစ်လာသည်။ ဟိတ်ဟန် အထာပေး ကောင်းသည်။

နာမည်အေးပေမယ့် လူက မအေး။ အသက် ဆယ့်ခုနစ်နှစ်သား အရွယ်လောက်ကတည်းက လူပွေ လူစွာလေး ဖြစ်လာသည်။

စားဝတ်နေရေး လုံးပန်းနေရသည့် အမေကလည်း ရာဇဝတ်မှုနှင့် ကင်းအောင်နေရင်ပြီးရော သဘောမှုပြီး လွှတ်ပေးထားရသည်။

သူကလည်း ရဲနှင့် မရှုပ်ထွေးအောင်၊ အချုပ်နှင့် မပတ်သက်အောင် အလှည့်အပြောင်း၊ အတိမ်းအရှောင် ကျွမ်းသည်။

လုပ်စရာရှိ၍ လုပ်ရသည့်တိုင် သွေးထွက်သံယိုမှု မဖြစ်စေသည့်၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် ဒဏ်ရာကြီးမျိုး မဖြစ်စေသည့်နည်းမျိုးဖြင့် ရှင်းသည်။ လက်လွန်ခြေလွန်မှု မဖြစ်အောင် ထိန်းပြီး လုပ်သည်။

ကိုင်စရာရှိရင် အထိုးအကြိတ်လောက်နှင့် ကိစ္စပြတ်အောင်ကိုင်သည်။ ရဲစခန်းရောက် ဘာရောက် ဆိုသည်မျိုး မရှိခဲ့။

လူပွေ၊ လူစွာလေး ဖြစ်လာသည့် မောင်ရေခဲမှာ ငယ်ငယ်က အလွန်အေးသည်။ မွေးကတည်းက အငို အရယ် နည်းပြီး အမေဈေးရောင်းသည့် ရင်ခွင်ထဲမှာ၊ ထင်းရှူးသေတ္တာလေးပေါ်မှာ ဘယ်လိုထားထား ငိုသံမကြားရလောက်အောင်ပင် အနေအေးတတ်လွန်းသောကြောင့် ဆိုင်နီးနားချင်းများက ရေခဲတုံးလေးဟု ချစ်စနိုး ကင်ပွန်းတပ်ခဲ့ရာမှ ပညတ်အမည် မောင်ရေခဲ ဖြစ်လာသည်။

သူက ဗုဒ္ဓဟူးသား။ နေ့နံလည်း သင့်သောကြောင့် အထူးတလည် နာမည်မရွေးတော့ဘဲ မောင်ရေခဲလို့ပဲ ခေါ်တွင်စေခဲ့သည်။

မိဘဖြစ်သူများက သူတို့၏ အခြေအနေအရ ဗေဒင်ဆရာများကို နာမည်ရွေးစေပြီး ဖိတ်စာကမ်း၍ ကင်ပွန်းတပ်မင်္ဂလာ မကျင်းပဘဲ သင့်မြတ်ရာနာမည်ကိုရွေးပြီး အသိအမှတ်ပြုလိုက်ကြသည်။

ငယ်ငယ်က အေးသောကလေးများ ကြီးရင်ပူသည်။ ငယ်ငယ်က ပူသောကလေးများ ကြီးရင် အေးသည်။ လူကြီးသူမများက ထိုသို့နှယ် အဆိုစကား ထားရှိခဲ့သည်။

မောင်ရေခဲမှာ ထိုဆိုစကားနှင့် ကိုက်ညီသူ ဖြစ်လိမ့်မည်။ ငယ်ငယ်က ရေခဲတုံး၊ ကြီးတော့ ရေနွေးအိုး ဖြစ်လာသည်။

"ငါ့နာမည် ရေခဲ"ဆိုသည့် ပြောလုံးကို သူကလည်း အသုံးလေ့လာသည်။

သူက လက်သွက်လက်မြန်သလို၊ ခြေရာဖျောက် အတိမ်းအရှောင်လည်း လျင်သည်။

သူပါသည့်ပွဲတွင် နာမည်သာ ကျန်လေ့ရှိသည်။ လူမကျန်။ နာမည်သာကျန်ပြီး လူမကျန်သောကြောင့် အလီဘိုင်ပြလို့ ကောင်းသည်။

အလီဘိုင်ဆိုတာက သူမဟုတ်ပါဘူး။ ထင်ကြေးနှင့် စွပ်စွဲတာပါ။ အဲဒီအချိန်က သူဘယ်မှာရှိနေသည်ကို သက်သေသက္ခာယနှင့် အထောက်အထားပြသခြင်း ဖြစ်သည်။

နာမည်သာ ကျန်ပြီး လူမကျန်တော့ အရေးယူမှုစက်ကွင်းနှင့် မချိတ်မိ။ အခုံးစွန်အားဖြင့် ခေါ်ယူသတိပေး

www.burmeseclassic.com

ထားတာမျိုးလောက်သာ ခံရနိုင်သည်။

သူက သို့ကလိုအလှည့်အပြောင်း လုပ်တတ်မှု၊ အတိမ်းအရှောင် လျင်မြန်မှုကို ငယ်စဉ်ကတည်းက အလေ့အကျင့် ရှိခဲ့သည်။ ကျွမ်းဝင်ခဲ့သည်။

အဲဒီအလေ့အကျင့်က ရုပ်ရှင်လက်မှတ်မှောင်ခိုရှာဖာ ဖြစ်လာတော့ အသုံးတည့်ခဲ့ပြန်သည်။

ပညတ်က ရေခဲ။ ပရမတ်က အရှိန်။ ဒါက သူ၏ ငယ်စဉ်ဘဝ ဖြတ်သန်းခဲ့ရသည့် လမ်းကြောင်း။

xxxxx

မောင်ရေခဲ၏ရုပ်ရည်မှာ အချောဘက်သို့ မန္တယ်။ ရွက်ကြမ်းရေကျို ယောက်ျားပီသသည့် အင်္ဂါရုပ်နှင့် လိုက်ဖက်ညီသော ရုပ်ရည်။

အသားညိုသည်၊ အရပ်နှင့် ကိုယ်လုံးကိုယ်ပေါက်မှာ အနေတော်။ သူ၏အပြုံးမှာ ချစ်စဖွယ်မဟုတ်သော်လည်း နှစ်လိုဖွယ်ရာရှိသည်။

စကားပြော မြန်သည်။ လေပေါက်မှာ မပျော့။ မထန်။ အကြောင်းကိစ္စရှိ၍ မာစရာ၊ ထန်စရာရှိပြီဆိုရင်တော့ ပြောနေကျလေသံထက် ခက်ထန်မာကျောသည့် လေသံဖြင့် ရင်ဆိုင်တတ်သည်။

သူ့အကြောင်းကို သူ့တပည့်တွေက အသိဆုံး။ အပြုံးရိပ်ပျောက်၍ လေသံမာကျောလာပြီဆိုရင် လက်ပါလာတော့မှာ သေချာသည်။

တပည့်တွေကို ကိုင်တွယ်ရာတွင် အထာကျသည်။ သူ့ကို ကြောက်လို့မရ။ ကြောဖို့ကြိုးစားသူတိုင်း မောသွားစမြဲ ရှိကြသည်သာ။

လုန်ဖို့တော့ မကြိုးစားနဲ့။ မှတ်လောက် သားလောက်အောင် အကိုင်အတွယ် နပ်သည်။ ကိုယ့်အပေါ် ပြန်ပတ်လာမည့် အကြမ်းနည်းကို သုံးခဲသည်။ တပည့်လက်သား အချင်းချင်း ဖြေရှင်းသည့်နည်းဖြင့် အလှည့်အပြောင်းလုပ်ပေး၍တစ်မျိုး၊ ထောင်ထဲပို့ပေးသည့် နည်းဖြင့် တစ်သွယ်၊ သူတို့လောကထဲကနေ အပြီးအပိုင်ထွက်သွားအောင် ကျင့်နည်းသုံး၍ တစ်ဖုံ ရှင်းပစ်သည်။

သူ့ဩဇာကို ခံနေရသူတွေထဲမှာ သူ့ကိုမကြိုက်နှစ်သက်၊ မခင်တွယ်သူများလည်း ရှိသည်။

သို့တစေ ...

သူနှင့် လက်တွဲမဖြုတ်ရဲကြ။

သူ့ကြောင့် သူတို့အလုပ်ဖြစ်နေကြသည်ကိုတော့ သူတို့ နှစ်နှစ်ကာကာ သဘောပေါက်ကြသည်။

ပြီး ... သူက ငါစားကြီးမလုပ်။ ပေးစရာရှိသည်ကို ပေးသည်၊ ကျွေးစရာရှိသည်ကို ကျွေးသည်။ သည်ကြားထဲက ဗွေဖောက်လျှင် သူနှင့်လက်တွဲဖြုတ်။

တပည့်တပန်းများ၏ မိသားစုစားဝတ်နေရေးကို အထိုက်အလျောက်ပြေလည်အောင် ဖန်တီးဖြေရှင်းပေးသည့် သူ့ကို ဘယ်သို့လျှင် လက်တွဲဖြုတ်နိုင်လိမ့်မှာပ။

ကိုရေခဲက ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သည်။ လုပ်ငန်းကို အနှောင့်အယှက်ပေးနိုင်သူများနှင့် လမ်းကြောင်းတည့်အောင် ဖန်တီးနိုင်သည်။

ဘယ်သူ့ဆီကို ဘယ်လိုဝင်ရမည့် အထာကျွမ်းသည်။ အောက်စီးက ဝင်ရမလား၊ အလယ်စီးက ဝင်ရမလား။ အထက်စီးက ဝင်ရမလား။ ဝင်ရမည့်လမ်းကြောင်းကို သိပ်ရွေးတတ်သည်။

အချိုကြိုက်သူကို အချို၊ အပူအအေးကြိုက်သူကို အပူအအေး၊ အဆိမ့်ကြိုက်သူကို အဆိမ့် ပေးရာတွင် ကျေညက်သည်။

ဘယ်လိုပုံစံနှင့်ဝင်ပြီး ဘယ်လိုပုံစံနှင့် အပေးအယူ လုပ်ရမည်ဆိုသည်ကို သူမတူအောင် ကျွမ်းကျင်သောကြောင့် အထာကိုင်တော်သောကြောင့် ဥပဒေနှင့် မလွတ်ကင်းသည့် လုပ်ငန်းကို အထင်ကရ လုပ်နေပါလျက် သူ့ဘက်သို့ မြားဦးမလည်ခဲ့ပေ။ အုတ်ရိုးအတွင်းလူ အဖြစ်သို့လည်း မရောက်ခဲ့။ အုတ်ရိုးအပြင်လူအဖြစ် ယပ်ခတ်၊ ဒူးနှံ့ပြီး နေနိုင်ခဲ့သည်။

တရားဝင် လုပ်ငန်းကြီးသို့နှယ် လှုပ်ရှားနိုင်ခဲ့သည်။ ငယ်သူကို ငယ်သူအလျောက်၊ ရွယ်တူကို ရွယ်တူအလျောက်၊ ကြီးသူကို ကြီးသူအလျောက် ဝင်ဆံ့အောင် အထာပေးရာတွင် ချောမွေ့သည်။

ညီလေး ခေါ်ရမည့်လူကို ညီလေး၊ အစ်ကိုကြီး ခေါ်ရမည့်သူကို အစ်ကိုကြီး၊ ဆရာလေး၊ ဆရာကြီး ခေါ်ရမည့်သူကို ဆရာလေး၊ ဆရာကြီး အခေါ်အဝေါ်များဖြင့် သူ့ခွင် သူ့စည်းဝိုင်းထဲရောက်အောင် ဆွဲသွင်းမှု ကျွမ်းသည်မှာ သူ့အထာ။

မောင်ရေခဲက သည်လုပ်ငန်းကို ဘလိုင်းကြီး ဝင်လုပ်ခဲ့သည်တော့ မဟုတ်သလို မတော်တဆ ရောက်လာသည်လည်း မဟုတ်ပေ။

ကိုမောင်မောင်တို့နှင့် တွဲပြီး ပန်းဆိုးတန်းတွင် ဘဝလမ်းကြောင်း အခြေချခဲ့စဉ်က သည်လုပ်ငန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဆက်နွယ်ရာဟု ဆိုနိုင်သော ဘေးထွက်ပြဇာတ်လက်မှတ် အရောင်းလမ်းကြောင်းပေါ်တွင် သူလည်း ပါဝင်လျှောက်လှမ်းခဲ့သည်။

ဂျပန်ခေတ်တွင် တစ်ခေတ်ဆန်းသစ်ခဲ့သည့် ပြဇာတ်မှာ စစ်ပြီးခေတ်တွင်လည်း ပြန်လည်ဆန်းသစ်လာပြန်သည်။

ရုပ်ရှင်ရုံများ ဝန်းကျင်မှာ နေရာပြန်ယူလာနိုင်သည်။

စစ်မဖြစ်ခင် ကျော်ညွန့်၊ ချစ်ဈေးအတွဲဖိုက်တင်ကားများ ပြသခဲ့သည့် စတားရုံကို ပြဇာတ်ရုံအဖြစ် ပြောင်းလဲလိုက်သည်။

ဝင်းဝင်းရုံ။ ဒဂုံဆရာတင်၊ ဘိုကလေး တင့်အောင်တို့၏ စင်တင်ပြဇာတ်များခေတ်စားလာသည်။ ပရိသတ်၏ ထူးထူးကဲကဲ အားပေးမှုကြောင့် အောင်မြင်ခဲ့သည်။

ရုပ်ရှင်က အရိပ်။ ပြဇာတ်က ကိုယ်ထင်ပြသည့်ပွဲ။ လူကိုယ်တိုင် လှုပ် ရှားသည်ကို ကြည့်ရသည်မှာ ပို၍ အားပါးတရရှိသည်။

ငယ်ကျွမ်းဆွေ ပြဇာတ်မှာ နှစ်ပေါင်းလေးဆယ်ကျော် ကြာမြင့်ခဲ့သည့်တိုင် တသသပြောနေရစမြဲ။ယနေ့ထက်တိုင်လည်း ငယ်ကျွမ်းဆွေနာမည်ကြီးနေဆဲ။

ရုပ်ရှင်မင်းသား မင်းသမီးများ သီချင်းဆိုသည့်အခါ ကိုယ်တိုင်သီဆိုသူက လေးငါးယောက်ထက် မပို။

ကျန်မင်းသားမင်းသမီး အများစုမှာ ပါးစပ်လှုပ်ရုံသာ။ သီချင်းနှင့်လိုက်ဖက်အောင် အိုက်တင်လုပ်ရုံသာ။

သူတို့အတွက် အဆိုတော်များက နောက်ခံသီဆိုပေးရသည်။ပြဇာတ်မှာက အငှားပါးစပ်နှင့် သရုပ်ဆောင်၍ မရ။ ကိုယ်တိုင်သီဆိုပြီး သရုပ်ဆောင်ရသည်။

ပြဇာတ်မင်းသမီးများမှာ တစ်မျိုးကောင်းနှင့်မရ။ သုံးမျိုးသုံးဖလှယ် စုံရသည်။ အသံကောင်းရမည်၊ အဆိုပိုင်ရမည်၊ ရုပ်ချောရမည်၊ သရုပ်ဆောင်အမူအရာ နိုင်နင်းရမည်။

တစ်မျိုးကောင်း တစ်ခုကောင်းနှင့် စင်ပေါ်တက်လို့ မရ။ မျိုးချစ်ခင်အုံးမြင့်မှာ ပြဇာတ်စတား။ ပရိသတ်အကြိုက်ဆုံး စုံတွဲ။

ခင်မောင်မြင့်၊ ကြည်ကြည်ဌေး၊ မြင့်မြင့်ဌေး၊ မေရီမြင့်တို့လည်း ပြဇာတ်လောကတွင် ထင်ပေါ်ခဲ့သည်။ ကျွန်တော်ချစ်မောင်၊ မြင့်ဖေတို့ အတွဲမှာ ပရိသတ် လက်ခံသည့် လူရွှင်တော်အတွဲ။ ဂီတလုလင်မောင်ကိုကို တီးဝိုင်းမှာ ပရိသတ် အကြိုက်နှစ်သက်ဆုံး ဂီတဝိုင်း။

ရုပ်ရှင်ရုံကို ပြဇာတ်ရုံအဖြစ် ပြောင်းလဲသည့်အခါ ရုံတွင်းထိုင်ခုံများကိုပါ ပြောင်းပစ်လိုက်ရသည်။

ရုပ်ရှင် အရိပ်လှုပ်ရှားမှုက နောက်ဘက်ကျလေ ကြည့်ကောင်းလေ။ လူကိုယ်တိုင် လှုပ်ရှားရသည့် ပြဇာတ်က ရှေ့ဆုံးကျလေ ကြည့်ကောင်းလေ။

ရုပ်ရှင်ရုံဝင်ခမှာ ရှေ့ဆုံးအတန်းက ဈေးအနည်းဆုံး။ ပြဇာတ်ကျတော့ ရှေ့ဆုံးတန်းက ဈေးအကြီးဆုံး။

စပေါ့လိုက်ထိုးရန် အတွက်ကိုမူ ရုပ်ရှင်ပြစက် ကာပွန်အလင်းတန်းထိုးသည့် အပေါက်များကပင် ထိုးပေးရသည်။ ယနေ့ခေတ်လို မီးကစားပေးသည့် စက်မှုပိုင်းဆိုင်ရာတီထွင်မှု မရှိသေး။ ရုံဝင်ခမှာ ပြဇာတ်က ရုပ်ရှင်ထက် ဈေးကြီးသည်။

အဲဒီအချိန်က တစ်နေ့ နှစ်ပွဲ၊ သုံးပွဲ ပြလို့လည်းမရ။ စနေ၊ တနင်္ဂနွေ နှစ်ရက်တွင်သာ နှစ်ပွဲပြသည်။ ကျန်ရက်များမှာ တစ်နေ့တစ်ပွဲ။

ရုံဝင်ခဈေးကြီးပေမယ့် ပရိသတ်အကြိုက် ပြဇာတ်များမှာ ရုံလျှံစမြဲ။ ပြဇာတ်ခေတ်မှာ ဘေးထွက်လက်မှတ် ရှိလာသည်။

လက်မှတ်ဝယ်တယ်၊ ပြန်ရောင်းတယ်။
လုပ်ငန်းသဘော ဒါပဲမဟုတ်လား။
အရောင်းအဝယ်လုပ်ငန်း
သဘောသက်ရောက်ပေမယ့်
ဥပဒေဘောင်မဝင်သော တရားမဝင်
လုပ်ငန်းဖြစ်သောကြောင့် ဥပဒေနှင့် ငြိစွန်းသည်။
အကြံအဖန်လုပ်ကွက်၊ အတိမ်းအရှောင်
လှည့်ကွက်၊ မကျွမ်းရင် ခံကြ

www.burmeseclassic.com

လက်မှတ်ရောင်းသည့်နေရာတွင် ဝယ်မရဘဲ ဘေးမှာ ဝယ်လို့ရသည့် လက်မှတ်ကို ဘေးထွက်လက်မှတ်ရယ်လို့ ခေါ်တွင်လာကြသည်။

ရှေ့ဆုံး တစ်ဆယ်တန်း နှစ်တန်း၊ သုံးတန်း အလယ်နေရာများမှာ ပရိသတ်အကြိုက် ဈေးကွက်ဝင်နေရာ။ ဘေးထွက်လက်မှတ် ကိုင်သူထဲမှာ မောင်ရေခဲလည်း ပါသည်။

သို့တစေ ...

ရုပ်ရှင်ရုံလို လေးပွဲမပြဘဲ တစ်နေ့ တစ်ပွဲသာ ပြသသောကြောင့် ဟုတ္တိပတ္တိ အလုပ်မဖြစ်။ အပျော်သဘောပဲ အလုပ်ဖြစ်ခဲ့သည်။

အဲဒီတုန်းကတော့ ဝမ်းရှိုးသမားပေါ့။ နောက်ပိုင်းကျမှ ဝမ်းရှိုးအလုပ်သဘောကို အခြေခံပြီး ဖိုးရှိုးလုပ်ကွက်ကို တီထွင်ဖန်တီးနိုင်ခဲ့ခြင်း ဖြစ်၏။

ဖိုးရှိုးလောကမှာ ကင်း။ ရုပ်ရှင်လက်မှတ် မှောင်ခိုလုပ်ငန်း၏ ရာဇာကြီး။ ထိုလောကသားများ၏ ခေါင်းကိုင် အဖေ ဂေါ့ဖားသား။

ငါ့နာမည် ရေခဲလို့ ဟစ်ကြွေးစရာ မလိုတော့။ လူကိုမမြင်ဖူးပေမယ့် ရေခဲဆိုသည့် နာမည်မှာ ရုပ်ရှင်ဝါသနာအိုးများ၏ကြားတွင် ထင်ပေါ်ကျော်ဝင့်လာခဲ့သည်။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူ၊ ဖြန့်ချိသူများအတွက် သူတို့ ရုပ်ရှင်ကားများ ငွေးရမ်းခြင်း ကန့်ထရိုက်ဈေးကွက်တွင် တန်းမြင့်ဈေးကွက်ဝင်ရန် ဖန်တီးပေးသူ ဖြစ်လာသည်။ မှောင်ခိုလုပ်ငန်းကနေ တစ်ဆင့် တက်လာသည့် လုပ်ငန်း။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်ဖြန့်ချိသူများက အရေးတယူ ဆက်ဆံရသူ၊ ညှိဝတ်ပြုပြီး အကူအညီတောင်းရသူ အဆင့်အထိ ပေါက်ရောက်အောင်မြင်လာသည်။

နောက်ပိုင်းကျတော့ ရုပ်ရှင်လက်မှတ်သာမက ဈေးကောင်း ဈေးကွက်ဝင်သည့် ပြည်နယ်နှင့်တိုင်းဘောလုံးပွဲလက်မှတ်၊ နိုင်ငံခြားဘောလုံးပွဲ လက်မှတ်၊ ဂီတပဒေသာပွဲလက်မှတ်၊ နာမည်ကြီး ဇာတ်သဘင်ပွဲလက်မှတ်တွေကို ကိုင်ခဲ့သူအဖြစ် လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်ခဲ့သည်။

ချဲ့ထွင်သလောက်လည်း အလုပ်ဖြစ်ခဲ့သည်။ လက်ဖျား ငွေသီးခဲ့သည်။

အထူးသဖြင့် တစ်ချိန်သောအခါက ဘောလုံးပရိသတ် ဗြိမ့်ဗြိမ့်သဲသဲအားပေးခဲ့သည့် တိုင်းဘောလုံးပွဲနှင့် နိုင်ငံခြားဘောလုံးပွဲ ဘေးထွက်လက်မှတ် အဝယ်ဈေးနှုန်းနှင့် အရောင်းဈေးနှုန်းမှာ သူ့နှုတ်ဖျားတွင် တည်သည်။

အထူးတန်း၊ ငါးကျပ်တန်း၊ လက်မှတ်တစ်စောင်ကို ငါးဆ၊ ခြောက်ဆ၊ ရှစ်ဆ တက်ဈေးနှုန်းကို သူက သတ်မှတ်သည်။

အထပ်လိုက် ကိုင်ထားသော ဘောလုံးပွဲလက်မှတ်များမှာ မကုန်ဘဲ ကျန်နေသည်ဟူ၍ မရှိ။ လက်မှတ်မရ၍ တလည်လည်ဖြစ်နေသည့် ဘောလုံးဝါသနာအိုးပရိသတ်သာ ကျန်စမြဲရှိသည်။

တိုင်းဘောလုံးပွဲ၊ နိုင်ငံခြားဘောလုံးပွဲ လက်မှတ်က အဲဒီလောက်ကို အလုပ်ဖြစ်သည်။

မုဆိုးစိုင်သင် ဆိုသကဲ့သို့ လုပ်ရင်းကိုင်ရင်းမှာ စားကျက်သစ်တွေ မြင်တွေ့လာပြီး အကွက်သစ်တွေ တီထွင်ခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ ကိုရေခဲက သူများတီထွင်ပြီးသား လမ်းဟောင်းအပေါ် နင်းလျှောက်တတ်သူ မဟုတ်။ ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်အကြံအဖန်ဖြင့် လမ်းကြောင်းသစ်ကို တီထွင်ပြီး ပိုင်ပိုင်နိုင်နိုင် အကွက်သစ်တွင် ၍ လျှောက်ခဲ့သည်မှာ ရေခဲဟူ၍ ဖြစ်လာရသူပါ။

သူကိုယ်တိုင် လှုပ်ရှားခဲ့သည့် လုပ်ငန်းက အပေါ်ယံကြောကြည့်လျှင် လွယ်လွယ်လေးပါဟု ဆိုနိုင်လှ၏။ ဘာခက်တာမှတ်လို့လည်း ဟူ၍လည်း ပြောနိုင်ရာ၏။

လက်မှတ်ဝယ်တယ်၊ ပြန်ရောင်းတယ်။ လုပ်ငန်းသဘော ဒါပဲ မဟုတ်လား။ အရောင်းအဝယ် လုပ်ငန်းသဘောသက်ရောက်ပေမယ့် ဥပဒေဘောင်မဝင်သော တရားမဝင် လုပ်ငန်းဖြစ်သောကြောင့် ဥပဒေနှင့် ငြိစွန်းသည်။ အကြံအဖန်လုပ်ကွက်၊ အတိမ်းအရှောင်လှည့်ကွက်၊ မကျွမ်းရင် ခံကြော။

အန္တရာယ်လမ်းကြီးပေါ်မှာ လူးလွန့်လှုပ်ရှားပြီး ဥပဒေကြိုးတန်းပေါ်မှာ လှုပ်ကာလဲ့ကာ လျှောက်နေရသောကြောင့် လစ်နေအောင် လျင်မှ။ လွှာနေအောင် ပါးမှ။ သွက်နေအောင် နစ်မှ။ ပွနေအောင် ကျေမှ။ လုပ်ငန်းအထာနှင့် အံဝင်ခွင်ကျ ဖြစ်မည်။ နို့မဟုတ်ရင်တော့ လုံးတီးစကားပဲ ပြောရမည်။

အပေါ်ယံတိမ်ပေမယ့် အတွင်းနှိုက်တော့ နက်သည့် လုပ်ငန်းသဘော ရှိသောကြောင့် သည်လုပ်ငန်းခွင်ထဲသို့ တိုးဝင်မလာရဲကြ။

အန္တရာယ် ကြိုးတန်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဟန်ချက်ညီအောင် ထိန်းရင်း လက်ဖျားငွေသီးဖြစ်လာသည့် ကိုရေခဲမှာ လုပ်ငန်းအောင်မြင်သူအဖြစ် ရပ်တည်နေခဲ့ရာမှ။

တုတ်နှောင်မိလိမ့်မည်ဟု မထင်မှတ်ခဲ့သည့် ဥပဒေကြောင်းကွင်း၏ သုံးလွန်းတင်ကြိုးနှင့် တုတ်နှောင်မိသွားသောအခါ . . .။

✦ ခုနစ် ✦

မှောင်ခိုနှင့် ဝယ်ရောင်း။

သူတို့ကို အများက အခေါ် အဝေါ် ပြုကြသည်မှာ မှောင်ခို။

ရုပ်ရှင်ရုံ လက်မှတ်ရောင်းသည့်နေရာမှအပ ပြင်ပတွင်ရောင်းသည့် လက်မှတ်များကို မှောင်ခိုလက်မှတ်ဟု ခေါ်ကြသည်။

တရားဝင်မဟုတ်သော လုပ်ငန်းဟူသမျှကို မှောင်ခိုလုပ်ငန်း၊ တရားမဝင် မဟုတ်သော အရောင်းအဝယ်မှန်သမျှကို မှောင်ခို အရောင်းအဝယ်ဟု ခေါ်ဝေါ်သုံးစွဲသည့် အသုံးအနှုန်းဖြစ်ပေါ်ခဲ့သည်မှာ မော်လမြိုင်၊ မြဝတီလမ်းကြောင်းမှ စတင်ခဲ့သည်။

ပုန်းလျှိုးဝှက်လျှိုး သယ်ယူရောင်းဝယ်မှန်သမျှသည် မှောင့်ခို။ ရုပ်ရှင်လက်မှတ် ပုန်းလျှိုးဝှက်လျှိုးရောင်းဝယ်သည့်သူတို့ကိုလည်း မှောင်ခိုဟု ခေါ်ကြသည်။

သူတို့ကမူ ထိုအခေါ်အဝေါ် အမည်နာမကို လက်မခံ။

သူတို့ဘက်မှ သူတို့အမြင်၊ အကြောင်းပြချက်များဖြင့် စောဒကတက်လာကြသည်။

ဒင်္ဂါးကို ခေါင်းဘက်မှကြည့်သူက ခေါင်းဟုပြောလျှင် မှန်သည်။ ပန်းဘက်မှ ကြည့်သူက ပန်းဟုပြောလျှင် မှန်သည်။ သူတို့က ကျွန်တော်တို့ မှောင်ခိုမဟုတ်ပါဟု စောဒကအဆိုပြုလာသည်။ ကျွန်တော်တို့က ဝယ်ရောင်းတွေပါ။ သူတို့ရှုထောင့်က အဲဒီလို အဆိုအပြော ရှိလာသည်။

သူတို့အကြောင်းပြချက်မှာ ခိုင်လုံသည်ဟု မဆိုသာပေမယ့် ယုတ္တိကင်းမဲ့သည်ဟု မပြောသာပြန်။ သူတို့က ဤသို့ဆိုကြသည်။

ကျွန်တော်တို့ဟာ ပြည်သူပိုင် ရုပ်ရှင်ရုံတွေရဲ့ ဝင်ငွေကို တစ်ပြားတစ်ကျပ်သော်မှ ထိခိုက်အောင် နစ်နာဆုံးရှုံးအောင်လုပ်နေသူတွေ မဟုတ်ပါဘူး။ ဝင်ငွေတိုးအောင် တစ်ဘက်တစ်လမ်းကအထောက်အကူ ပြုနေသူတွေပါ။ ပံ့ပိုးပေးနေသူတွေပါ။

ကျွန်တော်တို့ကြောင့် ရုပ်ရှင်ရုံတွေ ဝင်ငွေလုံးဝမထိခိုက်ဘဲ ဝင်ငွေပိုကောင်းတယ်ဆိုတာ ငြင်းလို့မရပါဘူး။

ကျွန်တော်တို့ကြောင့် ဝင်ငွေထိခိုက်နစ်နာမှု ရှိတယ်လို့ ပြောစရာပြစရာအကြောင်းရှိရင် သာဓကရစရာအကြောင်းလေးတစ်ခုလောက် ပြောပြစမ်းပါ။ အဲဒီလို ကျွန်တော်တို့က ပြောရင် ဆရာတို့မှာ ပြစရာအကြောင်းမရှိပါဘူး။

သူတို့က သို့ကလို ပြောလာသည်ကို ကျွန်တော်တို့က မချိပြုံးလေးပြုံးပြီး ခေါင်းညိတ်ဝန်ခံလိုက်ရသည်။ သူတို့ ပြောလာသည်ကလည်း အမှန်ဖြစ်နေသည်။

တကယ်တမ်း ဆိုရပါမူ သူတို့ကြောင့် ရုပ်ရှင်ဝင်ငွေ မထိခိုက်ခဲ့ပါ။ မနစ်နာခဲ့ပါ။ ရုပ်ရှင်ကြည့် ပရိသတ်အတွက် ငွေပိုပေးရပြီး စိတ်အနှောင့်အယှက် ဖြစ်ရသည်မျိုးတော့ ရှိပါသည်။ ဒါကလည်း ရုပ်ရှင်ကြည့် ပရိသတ်အားလုံးနှင့်တော့ မသက်ဆိုင်ပါ။ အနည်းစု တချို့ပရိသတ်က သူတို့ရှိသည်ကို လိုလိုလားလား ထောက်ခံကြသည်။

ကျွန်တော်တို့နှင့် ထိပ်တိုက်လာတွေ့ပြီး ပြောသူများပင် ရှိခဲ့သည်။ သည်အကြောင်း နောက်ပိုင်းတွင် ပါလာပါမည်။ ခု . . သူတို့ပြောသည့်အကြောင်း အပြည့်အစုံကို ဆက်ပါမည်။

ရုပ်ရှင်ကားတစ်ကား လဲတော့မည်ဆိုရင် အဲဒီဇာတ်ကားဟာ ဘယ်လိုဇာတ်ကားမျိုးဖြစ်မယ်၊ ပရိသတ်အကြိုက်တွေ့မယ့် ဇာတ်ကားမျိုးလား၊ ပရိသတ် မကြိုက်မယ့် ဇာတ်ကားမျိုးလားဆိုတာ မသိဘဲ တစ်ပတ်စာလက်မှတ်တွေကို ကြိုတင်ဝယ်ထားရတာပါ။

နမူနာ အပြကောင်းပေမယ့် တကယ့်ဇာတ်ကားပြတော့ နမူနာမှာ ပါတဲ့ ကောင်းခန်းလေးပဲပါပြီး အာလူးဖုတ်တဲ့ ကားမျိုးနဲ့တိုးရင် ကျွန်တော်တို့ ခွက်ခွက်လန်အောင် ရှုံးပါလေရော။

ကျွန်တော်တို့က ဘာမသိ ညာမသိနဲ့ ကြိုတင်ရင်းလိုက်ရတာပါ။ ပြီးတော့ ကျွန်တော်တို့က လေးကျပ်တန်းကို လေးကျပ်၊ ငါးကျပ်တန်းကို ငါးကျပ်၊ ရှစ်ကျပ်တန်းကို ရှစ်ကျပ်နှုန်းထား အပြည့်ပေးပြီး ဝယ်ရတာပါ။

တန်းစီခိုင်းရတဲ့ လူတွေအတွက် ကြိုတင်လက်မှတ် စလစ်တစ်စောင်ကို တစ်ဆယ်ပေးရပါတယ်။ ငါးကျပ်တန်း လေးဆောင်ကို ဈေးရင်း နှစ်ဆယ် ကျပါတယ်။ ကျွန်တော်တို့က သုံးဆယ်ပေးဝယ်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ဘေးထွက် လက်မှတ်ကျတော့ တစ်စောင်ကို အနည်းဆုံး စတော့ သုံးကျပ်၊ ဒီစီငါးကျပ် ပေးရပါတယ်။

ကျွန်တော်တို့က လက်မှတ်တစ်စောင်ကို ရှစ်ကျပ်၊ တစ်ဆယ် ရင်းလိုက်ရတာပါ။

ဘေးထွက်စရိတ်ပါ ထည့်တွက်လိုက်ရင် ဒီစီလက်မှတ် တစ်စောင်ရဲ့ တန်ဖိုးဟာ တစ်ဆယ့်သုံးကျပ် အနည်းဆုံး ရှိပါတယ်။ ဒါကို ကျွန်တော်တို့က နှစ်ဆယ်အစိတ်နဲ့ ရောင်းရပါတယ်။ ကားသိပ်ကောင်းမှ သုံးဆယ်၊ သုံးဆယ့်ငါးကျပ် ရတာပါ။

ဒါကြောင့် ကျွန်တော်တို့ဟာ ပြည်သူပိုင် ရုပ်ရှင်ရုံတွေရဲ့ ဝင်ငွေတိုးတက်အောင် တစ်ဘက်တစ်လမ်းက ကူညီနေသူတွေလို့ ပြောရခြင်းဖြစ်ပါတယ်။ တန်းစီပြီး ဝယ်ခိုင်းလို့ရတဲ့ လက်မှတ်က နေရာမကောင်းပါဘူး။ ဘေးဘက်ကျတဲ့ နေရာမျိုးပဲ ရတတ်ပါ တယ်။

သိပ်အကြမ်းပတမ်းတိုးတဲ့ ကားမျိုးကျရင် နေရာဘေးဘက်ကျတဲ့ လက်မှတ်က ဈေးကောင်းမရပါဘူး။ ရုံကထွက်တဲ့ ဘေးထွက်လက်မှတ်ကျမှ အတန်းကောင်း၊ နေရာကောင်းတွေ ရပါတယ်။ ရောင်းပန်းလှပြီး ဈေးကောင်းလည်း ရပါတယ်။

ကျွန်တော်တို့ လုပ်ရကိုင်ရတာမ လွယ်ပါဘူး။

လေးကျပ်တန်းကို လေးကျပ်နဲ့ရပြီး နှစ်ဆယ်အစိတ် ပြန်ရောင်းရင် ကျွန်တော်တို့ဝင်ငွေဟာ ဂဏန်းကြီးတွေ ဖြစ်ကုန်မှာပေါ့။

ဘေးထွက် အထွေထွေစရိတ်က နည်းတာမှ မဟုတ်တဲ့ဟာ။ ကျွန်တော်တို့အကြောင်း ဆရာတို့ ပိုသိပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာက ငွေရင်းငွေနှီး အလုံးအခဲရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့က ရသုံး ဖြုန်းကုန် သမားတွေပါ။

လွယ်လွယ်ရတဲ့ ငွေကြေးကို လွယ်လွယ်ဖောဖော သုံးပစ်ကြပါတယ်။ ကားသစ်၊ ကားကောင်း လဲတော့မည်ဆိုသည့်အခါ လက်ထဲမှာ သောင်းဂဏန်းငွေကြေးရှိဖို့ လိုလာပါတယ်။ အဲဒီလို အခါမျိုးမှာ ငွေရှင်တွေဆီက နှစ်ဆယ်အတိုးပေးပြီး ယူရပါတယ်။ တစ်သောင်းယူရင် ရှစ်ထောင်ပဲရပါတယ်။ ပြန်ပေးတော့ တစ်သောင်း ပြန်ပေးရပါတယ်။ အတိုးကို ငွေစရေးကတည်းက ဖြတ်ယူထားလိုက်တဲ့ သဘောပါ။

ကျွန်တော်တို့ဆီက ခေါင်းမြီးခြုံပြီး ထွက်သွားတဲ့ စာရင်းပျောက်ငွေက နည်းတာမှ မဟုတ်ဘဲကိုး။ ရင်းနှီးရတဲ့ငွေနဲ့ ရမယ့်အမြတ် တွက်သားကိုက်အောင် ကျွန်တော်တို့ကလည်း ဈေးနှုန်းကို လေးငါးဆတင်လိုက်ရတော့တာပါပဲ။

လက်မှတ်ပြန်ရောင်းတဲ့ အခါမှာ ပို့ရဖို့ရ ပေးရကမ်းရဆိုတဲ့ ခေါင်းမြီးခြုံတွေ ကျွေးစရိတ်တွေ နုတ်လိုက်ရင် ကျွန်တော်တို့မြတ်တဲ့ အမြတ်ငွေဟာ လက်မှတ်တစ်စောင်ပေါ်မှာ အများဆုံး တစ်ဆယ်လောက်ပဲ ကျန်တာပါ။အဲဒီ တစ်ဆယ်ကို ကျွန်တော်တို့ ဝေမျှစားသောက်ကြရတာပါပဲ။

ကျွန်တော်တို့ လုပ်ငန်းက စွန့်စားခြင်းကို အရင်းတည်ထားရတာပါ။ ပရိသတ်အကြိုက် ကားမျိုးနဲ့တိုးရင် ကျွန်တော် ဖလဲပေါ့။ ပရိသတ်အကြိုက်နဲ့ မတိုးရင် ကျွန်တော်တို့ အကွဲပေါ့။ ကွဲပြီဆိုရင်လဲ ဟက်တက်ပဲ။

တစ်ခါတလေများ ဒီစီကို တစ်ကျပ်နဲ့ ရောင်းလို့မရလို့ အရပ်မှာ အလကား ဝေပေးရတာမျိုးလည်း ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိတ်ဓာတ်မကျစေတဲ့ မျှော်လင့်ချက်လည်း ရှိတာပေါ့လေ။

သည်တစ်ကားကွဲရင် နောက်တစ်ကား ဖလဲဖြစ်မယ်ဆိုတဲ့ မျှော်လင့်ချက်ပေါ့။

တကယ်တော့ ကျွန်တော်တို့က မှောင်ခိုမဟုတ်ပါဘူး။ ဝယ်ရောင်းပါ။

ရုပ်ရှင်လက်မှတ်ကို သတ်မှတ်နှုန်းပေးပြီး ဝယ်တယ်။ ကြိုက်ဈေးနဲ့ ပြန်ရောင်းတယ်။

ကျွန်တော်တို့က ဝယ်သူကို ခြိမ်းခြောက်ပြီး အတင်းအကျပ် မရောင်းပါဘူး။ ကျွန်တော်တို့ ရောင်းနိုင်တဲ့ဈေးကို ခေါ်ပြီးမှ ရောင်းသူဝယ်သူ ကြည်ကြည်ဖြူဖြူ ရောင်းချဝယ်ကြတာပါ။

သူတို့ဘက်က အတွေးအမြင်ကို ဤသို့လျှင် ရင်ဖွင့်ပြောပြသွားသည်။

xxxxx

တကယ်တော့ မှောင်ခိုပဲဆိုဆို၊ ဝယ်ရောင်းပဲ ဆိုဆို၊ သူတို့သာ မရှိရင် ရုပ်ရှင်ကြည့် ပရိသတ်မှာ အပိုကြေးပေးရသည့် ထွက်ငွေသက်သာမည်ကို တော့ ငြင်းချက်ထုတ်လို့ မရနိုင်ပါပေ။

သူတို့သာ မရှိရင် ရုပ်ရှင်ကြည့် ပရိသတ်မှာ အေးအေးဆေးဆေးလာပြီး ကိုယ်ကြည့်မည့်အတန်းက လက်မှတ်ကို အေးအေးလူလူဝယ်၍ စ[illegible] ကျကျ ဝင်ကြည့်ရုံသာ။



www.burmeseclassic.com

www.burmeseclassic.com

ခု သူတို့ရှိနေသည့်အတွက် ကြိုတင်လက်မှတ် ဝယ်မထားရင် ရုပ်ရှင်ကြည့်ဖို့များ စိတ်ကူးထဲတောင်မထည့်ပါလေနဲ့ဟု ပြောရမည်သို့ ရှိပါချေ၏။

သူတို့ကြောင့် သက်သောင့်သက်သာ အပန်းဖြေရန် လာရောက်ကြသည့် ရုပ်ရှင်ကြည့်ပရိသတ်က စိတ်အနှောင့်အယှက်ဖြစ်ရသလို ငွေကြေး ပိုမိုကုန်ကျခံရသည့် အခက်အခဲကိုလည်း တွေ့ကြုံရသည်။

လေးကျပ်တန်း လက်မှတ်ကို နှစ်ဆယ်အစိတ် ပေးကြည့်ရသောကြောင့် နပ်နာသည်။ ရုပ်ရှင်ရုံလက်မှတ်ရောင်းသည့်နေရာတွင် အလွယ်တကူ ဝယ်မရဘဲ သူတို့ရှိရာ နေရာနောက်ကို အမောတကော လိုက်ဝယ်ရသည်။

တစ်ခါတစ်ရံ အဖမ်းအဆီးရှိသော အခါမျိုးတွင် သူတို့က အရှောင်အတိမ်းလုပ်နေကြသည်။ အဲဒီအခါမျိုးတွင် သူတို့ရှိရာနေရာသို့ လိုက်ရသည်မှာ ချွေးပြန်သည်။

သမ္မတရုံ ရောက်ပြီးကာမှ ကားအသွားအလာများသည့် အလံပြဘုရားလမ်းမကြီးကို ဖြတ်ကူးပြီး ရန်ကုန်ဘူတာကြီးနားအထိ၊ အောင်ဆန်းကွင်း အထူးတန်းရှေ့အထိ၊ ယောက်လမ်းခြုံကြိုခြုံကြားထဲအထိ လိုက်ဝယ်ရသည့် ဒုက္ခမှာ မသေးပါ။

ရောင်းသည့်လူကို တွေ့ပေမယ့် လက်မှတ်ကို ချက်ချင်းမရ။ သူတို့တစ်တွေက လက်မှတ်ကို ကိုယ်ပေါ်မှာ မထား။ ဝှက်ထားသည့်နေရာကို သွားယူပြီးမှ ပေးသည်။

ကိုယ်ရောစိတ်ပါ မောကြောဆိုက်ရသည်၊ ရုံ့အနားတွင် စောင့်

ဘဲအုပ်ကြီး လုပ်ချင်သလို လုပ်နေသည်ကို မဗေဒါတစ်ပွင့်တည်းက ဘယ်ပြောလို့ ဖြစ်လိမ့်မှာပ။ ဘဲအုပ်က အုပ်စုလိုက် ပြန်ကန်လိုက်မှဖြင့် မဗေဒါ ညက်ညက်ကြေ သွားမည်မှာ သေချာသည်။ သူတို့နှင့် ဖက်ဖြစ်ဖို့ကလည်း မဖြစ်။ နာပြီးရင်း နာရမည်မှာ ကိုယ်သာပါ။

ကျန်နေရစ်သည့် မိသားစုမှာလည်း ရင်တမမ။ စိတ်တမောမော။ လည်ပင်း တရှည်ရှည်နှင့် မောမျှော် မျှော်နေကြရသည်။

တဒင်္ဂ သောကပွေပြီး စိတ်ထွေနေရသည်။ လက်မှတ်ရပါ့မလား၊ ဘယ်အထိအောင်များ လိုက်နေရပါလိမ့်၊ လက်မှတ် မရခဲ့သော် . . .။

လူကြီးတွေချည်းက အကြောင်းမဟုတ်။ ဂျီတိုက်တတ်သည့် ကလေးပါလာရင် မလွယ်ကြော။ အိမ်ကထွက်လာတုန်းက စိတ်လက်ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း။ ရုပ်ရှင်ရုံရောက်တော့ စိတ်ထွေပြားပြီး လေးလံထိုင်းမှိုင်းမှုနှင့် ဆုံဆည်းလိုက်ရသည်။

ရုပ်ရှင်ကြည့်ချင်စိတ် ကုန်ခန်းရမတတ် ဖြစ်ကြရသည်။ စိတ်လက်ကြည်ကြည်သာသာနှင့် အပန်းဖြေဖို့လာကာမှ ရုပ်ရှင်တစ်ခါကြည့်ရဖို့ အရေး တော်ပါတော့ဟု အောချ ပြောစမှတ်ပြုရသည်။

မကြည့်ဘဲလည်း မနေနိုင်။ သူတို့နှင့် ကင်းလွတ်အောင် ကြိုတင်လက်မှတ်ဝယ်ထားမည်ဟု တန်းစီပြီးတော့လည်း လက်မှတ်ရဖို့မလွယ်။

ကြိုတင်လက်မှတ်ရောင်း ဘုတ်ကင်ဖွင့်သည့်အချိန်က ၁၀ နာရီ။ တန်းစီဖို့ အိမ်ကထွက်ရသည့် အချိန်က ၇ နာရီ။ ရုံနားရောက်တော့ ၈ နာရီ မထိုးတတ်သေး။

အဝေးကနေ မြင်ကွင်းကြောင့် စိတ်ရောကိုယ်ပါ မောဟိုက်သွားသည်။ ဘဲအုပ်က တစ်ရာနှစ်ရာ မဗေဒါက တစ်ပွင့်တည်းဆိုသော တန်းထဲသို့ ဝင်စီရသည်။

ဘဲအုပ်ကြီးကို တစ်ပွင့်တည်း

www.burmeseclassic.com

သော ပေဒါလေးက ကျော်လွှားပြီး လက်မှတ်ရောင်းသည့် အပေါက်ရှေ့ သို့ ရောက်ဖို့က မလွယ်။

လက်မှတ်ယူပြီး ပြန်ထွက်လာသည့် သူတို့အုပ်စုသမားတွေက သူတို့ လူတွေကြားသို့ တစ်ကြော့ပြန်ဝင်ကြပြန်သည်။

တကယ်ရုပ်ရှင်ကြည့်မည့် တန်းစီနေသူများမှာ ရှေ့သို့ ခြေတစ်လှမ်းစာ ရွေ့ဖို့ အနည်းဆုံး ဆယ့်ငါးမိနစ် စောင့်ရမည်။

ဘဲအုပ်ကြီး လုပ်ချင်သလို လုပ်နေသည်ကို မပေဒါတစ်ပွင့်တည်းက ဘယ်ပြောလို့ ဖြစ်လိမ့်မှာပဲ။

ဘဲအုပ်က အုပ်စုလိုက် ပြန်ကန်လိုက်မှဖြင့် မပေဒါ ညက်ညက်ကြေသွားမည်မှာ သေချာသည်။ သူတို့နှင့် ဖက်ဖြစ်ဖို့ကလည်း မဖြစ်။ နာပြီးရင်း နာရမည်မှာ ကိုယ်သာပါ။

ရဲအစောင့်အကြပ်ရှိရာသို့ သွားပြောပြန်တော့လည်း အကြောင်းမထူး။ ရုပ်ရှင်ရုံဝန်ထမ်းကလည်း သူ့အကြောင်းနှင့်သူ။ သူတို့ သုံးဦးသုံးဖလှယ်ကြားထဲမှာ အကြောင်းကြောင်းတွေ ရှိနေကြသည်။

တကယ်ရုပ်ရှင်ကြည့်မည့် တန်းစီပရိသတ် လက်မှတ်ရောင်းသည့် အပေါက်သို့ ရောက်သွားသည့်အချိန်မှာ မွန်းတည့်ချိန် အတော်ကြီး လွန်သွားပြီ။ ရက်ကောင်း၊ ပွဲကောင်း၊ နေရာကောင်းတွေ ကုန်ပြီ။

မနက် ၁၀ နာရီခွဲပွဲ၊ ညနေ ၄ နာရီခွဲပွဲ၊ ဘေးအစွန်ဆုံးနေရာတွေလောက်ပဲ ကျန်တော့သည်။ ၁ နာရီခွဲပွဲ၊ ၇ နာရီခွဲပွဲကိုတော့ စိတ်ကူးထဲတောင် ထည့်မကြည့်ပါလေနဲ့။ အဲဒီ လက်မှတ်တွေက ဘဲအုပ်တွေအတွက်။

မပေဒါတို့ အတွက်ကတော့ တစ်ခုံတလေ ကတ်ကတ်သပ်သပ် အကျန်လေးသော်မှ မရနိုင်။ ဘုတ်ကင်ခေါ် ကြိုတင်လက်မှတ် ရောင်းသူကလည်း အဲဒီအရောင်းဇယားကြီးကို လှန်ပြလိမ့်မည် မဟုတ်။

မေးရင်လည်း နှုတ်အဖြေမပေး။ ပွဲစဉ်ဇယား ဆိုင်းဘုတ်ရှိရာကို လက်ညှိုးထိုးပြလိမ့်မည်။ ဆိုင်းဘုတ် အကွက်ကလေးတွေမှာ အက်(ဖ)ယူ၊ အယ်လ်၊ အယ်လ်စာလုံးလေး တွေ့ရမည်။ ဖူး(လ်)။ ပြည့်ပြီ (ဝါ)ကုန်ပါပြီ။

သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက်စာ တစ်ဆယ့်နှစ်ပွဲသော လက်မှတ်များ ဘလက်မတ်ကတ် မောင်ရေခဲတို့နှင့် ပိုက်မတ်ကတ်ခေါ် အထူးပြုရောင်းရသော လက်မှတ်များကြောင့် သုံးရက်စာ လက်မှတ်ရောင်းချိန်မှာ နှစ်နာရီထက်မပို။ ၁၀ နာရီ ကြိုတင် လက်မှတ် အရောင်းဖွင့်သည်။ ၁၂ နာရီမထိုးခင် ကုန်သည်။

ပိုက်မတ်ကတ်ဆိုတာက စက္ကူဖြူပေါ်တွင် တံဆိပ်အမျိုးမျိုး ရိုက်နှိပ်၍ ဝယ်နိုင်သော အထူးပုဂ္ဂိုလ်များအား ရောင်းချပေးရသော လက်မှတ်များ ဖြစ်၏။

ကားသစ်လဲလို့ ကြိုတင်လက်မှတ်ရောင်းတော့မည်ဟု ကြော်ငြာလိုက်သည်နှင့် စာရွက်ဖြူသမားများမှာ နှစ်ရက်ခန့် ကြိုတင်ရောက်လာပြီး စာရွက်ဖြူများကို ပေးသွားကြ၏။

ကြိုတင်လက်မှတ် မရောင်းမီက တည်းက ရောင်းချမည့် ဇယားပေါ်တွင် နေ့စွဲနှင့် ပွဲစဉ်ကိုကြည့်၍ သီးသန့်မှတ်သားပေးရသည်။

စာရွက်ဖြူများကို သုံးမျိုးသုံးစား ခွဲပြီး နေရာကောင်း၊ နေရာသင့်၊ နေရာမကောင်းဟူ၍ ခွဲခြားမှတ်သားပေးရသည်။ ပိုက်မတ်ကတ်သမားတွေက တန်းစီစရာမလို။

တစ်ရက် ကြိုတင်၍ စာရွက်ကလေးသာပေးပြီး နောက်တစ်ရက် ခြားပြီး လက်မှတ်စလစ် လာယူရုံသာ။

ပိုက်မတ်ကတ်သမားတွေကို ရောင်းရသည့် လက်မှတ်အရေအတွက်ကလည်း နည်းနည်းနောနော မဟုတ်ပါ။ သုံးရက်စာ ပွဲကောင်းလက်မှတ် အရေအတွက် ထက်ဝက်နီးပါးရှိသည်။ တစ်ခါတစ်ရံ ထက်ဝက်ကျော်သေးသည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး သုံးလေးနာရီ တန်းစီရရှာသည့် သာမန်ရုပ်ရှင်ကြည့်ပရိသတ်မှာ ဘလက်မတ်ကတ်နှင့် ပိုက်မတ်ကတ်ကြားတွင် ညပ်ပြီး အမောသာ အဖတ်တင်ကြရသည်။

ဘယ်သွားနေသလဲ မောင်ရေခဲတို့ အုပ်စီးထားသည့် လွန်လေပြီးသောအချိန်က ဤသို့သော ဖြစ်ကြောင်းဖြစ်ရပ် ရှိခဲ့သည်ကို ရုပ်ရှင်ကြည့်ပရိသတ်တိုင်း သိရှိခံစားခဲ့ကြရသည်။

မောင်ရေခဲတို့ဘက်က သူတို့အမြင်၊ သူတို့အပြောရှိသလို ရုပ်ရှင်ကြည့်ပရိသတ်ကလည်း သူတို့နှင့်ပတ်သက်၍ ပြောကြမည်ဆိုလျှင် သူတို့မရှိတာ အကောင်းဆုံးပါဟု တညီတညွတ်တည်း ပြောကြလိမ့်မည်သာပါ။

သို့တစေ ရုပ်ရှင်ကြည့် ပရိသတ်မှာလည်း နှစ်မျိုးနှစ်စား ရှိပြန်သည်။

တစ်မျိုးသော အများစု ရုပ်ရှင်ကြည့်ပရိသတ်က ကြည့်ချင်သည့်နေ့

www.burmeseclassic.com

ကြည့်ချင်သည့်ပွဲကို အလွယ်တကူ ကြိုတင်လက်မှတ်ကိုဝယ်ယူပြီး ကြည့်လိုသည့် ဆန္ဒရှိသူက တစ်မျိုး။

တစ်မျိုးသော အနည်းစုကမူ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ပွဲ ကြည့်မည်ဟု ကြိုတင်သတ်မှတ်ချက်မထားနိုင်လောက်အောင် စီးပွားရေးလုပ်ငန်းများနှင့် ဂျင်ခြေလည်နေသူများနှင့် နယ်မှ အရောင်းအဝယ်ကိစ္စဖြင့် လာရင်း အချိန်လု နေရသူများမှာမူ မောင်ရေခဲတို့ရှိမှ အလုပ်ဖြစ်ကြသည်။

ထိုသူမျိုးတွေကတော့ ငွေကြေးသည် သူတို့အတွက် အကြောင်းမဟုတ်။ သူတို့အားလပ်ခိုက် အချိန်ရခိုက် ရုပ်ရှင်ကြည့်ဖို့ အပြေးအလွှား ရောက်လာစဉ် နေရာကောင်းကောင်းက လက်မှတ်ရဖို့ပဲ လိုသည်။

ဈေး ဘယ်လောက်ပိုပေးရ ပိုပေးရ ဈေးကို အဓိကမထား။ သူတို့ ရောက်လာစဉ် လက်မှတ်ရဖို့ ရုပ်ရှင်ကြည့်ရဖို့ပဲ အဓိကထားသည်။

သူတို့က ရုံမှာ လက်မှတ်ရှိသေးသလား၊ လက်မှတ်ရှိဦးမလား ဆိုသည်ကို အရေးမထား။ သွားမေးတာတို့၊ စုံစမ်းတာတို့လည်း လုပ်လေ့လုပ်ထ မရှိ။ သူတို့ဝယ်နေကျ မျက်မှန်းတန်းမိသူ အရောင်းသမားများထံ၌ လက်မှတ်ဝယ်ယူပြီး ရုံထဲသို့ ခပ်ကြော့ကြော့ကလေး ဝင်သွားကြသည်သာ။

နယ်က ခဏတစ်ဖြုတ် လာသူတွေကလည်း ထိုနည်းလည်းကောင်းပင် အချိန်ပို ရက်ပို မပေးနိုင်။

ရသည့် အချိန်ကလေးအတွင်း အလုအယက်ရုပ်ရှင်ကြည့်ပြီး သင်္ဘောဆိပ်ကို ဆင်းကြသည်။ ဘူတာရုံသို့ ပြေးကြသည်။ ကားထွက်မည့်နေရာကို ဒရောသောပါး သုတ်ခြေတင်ကြရသည်။

ထိုသူမျိုးတွေကတော့ ကိုရေခဲတို့ကို ကျေးဇူးတောင်တင်သေးသည်။ မောင်မင်းကြီးသားတွေ ရှိပေလို့ သမ္မတရုံကကားကို ကြည့်လို့ရတာ။ အဲဒီကားမျိုးကို သူတို့နယ်မှာ ကြည့်ရဖို့ နှစ်ချီစောင့်ရသည်။ အခု အစောကြီး ကြည့်လို့ရတော့ နယ်ပြန်ရောက်ရင် အပေါင်းအသင်းတွေကြားမှာ ကြွားနိုင်၊ ဝါနိုင်၊ မော်နိုင်ပြီ။

သည်တော့လည်း ပလက်ဖောင်းမင်းသားတွေကို ကျေးဇူးတင်ရသည်ပေါ့။ ထိုသို့သော အထာသဘောရှိသည်ကို ရုပ်ရှင်ကြည့်ပရိသတ်များ သတိမူမိ သိရှိမိ ရှိကြလိမ့်မည်မထင်ပါ။

စာရေးသူက ရုပ်ရှင်ရုံဝန်ထမ်း လုပ်ခဲ့ဖူးသောကြောင့်သာ ထိုအထာသဘောကို သိရှိခဲ့ခြင်း ဖြစ်ပါသည်။

တချို့ကဆို မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်ဆိုသလို စာရေးသူတို့ကို ချဲသွားဆဲသွားဖူးသည်များ ရှိခဲ့သည်။ တစ်ခါတစ်ရံ နယ်မြေခံက မဟုတ်ဘဲ အထက်ဆိုင်ရာက စီမံချက်ဖြင့် အ ဖမ်းအဆီးကြီး လုပ်သည်မျိုးလည်း ရှိသည်။

ထိုအခါမျိုးတွင် နယ်မြေခံများကပါ ပါဝင်ကြရသည်။

ထိုသို့သော အခြေအနေမျိုး ရှိလာသည့်အခါ ဘယ်သွားနေသလဲ မောင်ရေခဲလည်း မတတ်နိုင်တော့။

တပည့်တပန်းတွေကို အခြေအနေကြည့်လုပ်ပေတော့ဟုပဲ ထားခဲ့ပြီး သူကိုယ်တိုင်ပင် ကိုယ်ရောက်ဖျောက်၍ လျှို့နေ၊ ခိုနေရသည်။

ငွေအကြောင်းမဟုတ်။ လက်မှတ်သာ အကြောင်းဆိုသူတွေက ကျွန်တော်တို့ဆီ ရောက်လာကြသည်။ ခါးထောက်ပြီး မျက်နှာထားတင်းတင်းနှင့် ...

"ခင်ဗျားတို့က ဖမ်းလားဆီးလားနဲ့ မယောင်ရာ ဆီလူးမနေစမ်းပါနဲ့။ ကျုပ်တို့ဟာကျုပ်တို့ အပိုပေးကြည့်နိုင်လို့ ကြည့်တာ။ ခင်ဗျားတို့ပဲ လက်မှတ်တွေ မှောင်ခိုထုတ်ပြီး ခုမှ ဖမ်းလားဆီးလားနဲ့"

ဘုကြည့်ကြည့်ပြီး အဲဒီလို အခြောက်တိုက် ကလိသွား ရိသွားတာမျိုးလည်း ကြုံဖူးသည်။

အခြောက်တိုက်လာပြီး ချဲတာကြောင့် ထိုးရကြိတ်ရသည့် အဖြစ်မျိုး ရောက်သွားသည်မျိုးလည်း ရှိခဲ့ဖူးသည်။ မောင်ရေခဲတို့မှာ အများအတွက် ရှိမကောင်း။ လက်မှတ်သာ ဆိုသည့် လူတချို့အတွက်တော့ မရှိမကောင်းဟု ဆိုရလေမလား။

မည်သို့ပင် ရှိစေ။ ရုပ်ရှင်ရုံများအား ပြည်သူပိုင်သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ရုပ်ရှင်ရုံလက်မှတ် မှောင်ခိုလုပ်ငန်းမှာ အရှိန်အဟုန်ဖြင့် ကြီးထွားလာသည်မှာ ရုပ်ရှင်ပြသမှု အခြေခံ အပြောင်းအလဲရှိသောကြောင့်ဟု ဆိုရမည်ဖြစ်ပေသည်။

ထိုအခြေခံ အပြောင်းအလဲမှာ။

(ဆက်လက်ဖော်ပြပါမည်။)

**ကျော်မြသန်း**

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

● လှမိုး(ပညာရေး)



ဘက်တီလွန်

ကျွန်တော်သည် ဤ"မြစ်မှူ"မဂ္ဂဇင်းကြီးတွင် မှုခင်းဆေးပညာနှင့် ပတ်သက်သော ဆောင်းပါးများ၊ ခေတ်သစ်ရှားလော့ဟုမ်းဟု ယနေ့သတင်းမီဒီယာများက ကင်ပွန်းတပ်ထားသော ယနေ့ နိုင်ငံတကာနောက်ကွယ်မှ စာတ်ခွဲခန်းစုံထောက်ကြီးများအကြောင်း ဆောင်းပါးများနှင့် သူတို့ ခဲခဲယဉ်းယဉ်း ဖော်ထုတ်ခဲ့ရသော မှုခင်းများအကြောင်း ဆောင်းပါးများကို အခါအားလျော်စွာ ရေးသားဖော်ပြခဲ့ပါသည်။

ဤအတွင် အလျဉ်းသင့်သဖြင့် ကမ္ဘာ့မှုခင်းသမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ခေတ်သစ်မှုခင်းဆေးပညာနှင့် စုံထောက်အတတ်ပညာ၏ ဘိုးတော်ကြီးဖြစ်သော ပြင်သစ်အမျိုးသားမှုခင်းသိပ္ပံပညာရှင်နှင့် စုံထောက်ကြီး အဲ(လ်)ဖွန်မာဘက်တီလွန် (Alphouse Bertillon) ၏ အဆိုအမိန့်တစ်ခုကို ဖော်ပြလိုပါသည်။ ထိုအဆိုအမိန့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com



"ခေတ်သစ် စုံထောက်အတတ်ပညာတွင် ဓာတ်ခွဲခန်းမရှိလျှင် မဖြစ်ပါ။ ရာဇဝတ်မှုနှင့် ဥပဒေပညာရပ်တွင် အထူးလိုအပ်သော ဓာတ်ခွဲခန်းများကို အဆောတလျင် တည်ဆောက်၍ ကျွမ်းကျင်သော ပညာရှင်များကို ဓာတ်ခွဲခန်းပညာရှင်များအဖြစ် ခန့်ထားနိုင်မှသာ ခေတ်မီသော စုံထောက်လုပ်ငန်း ဖြစ်လာပေမည်ဟု ဆိုခဲ့သည်။

မှန်ပါသည်။ ဥပဒေစောင့်ရှောက်ကြရသည့် ဥပဒေဘက်တော်သားများနှင့် ဥပဒေကို နည်းလမ်းအမျိုးမျိုးနှင့် ချိုးဖောက်ကြသူ ဒုစရိုက်သမားများသည် သမိုင်းအဆက်ဆက် မျဉ်းပြိုင်ကဲ့သို့ သူ့အနိုင်၊ ကိုယ့်အနိုင် ယှဉ်ပြိုင်ခဲ့ကြရသည်။ ဒုစရိုက်သမားဆိုသည်မှာလည်း ဦးချိုပေါက်နေသူများ မဟုတ်ကြ။ သာမန် လူထဲကလူများ ဖြစ်ကြ၏။ အကြောင်းအမျိုးမျိုးကြောင့် ဒုစရိုက်လောကသို့ ရောက်လာကြရကာ ၎င်းတို့အား တားမြစ်နိုင်ရန်၊ သို့မဟုတ် ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများကို ဖော်ထုတ်နိုင်ရန် ဥပဒေဘက်တော်သားများ ဖြစ်ကြသော ရဲနှင့် စုံထောက်များအဖို့ နည်းလမ်းအမျိုးမျိုး ရှာကြံ၍ ဥပဒေပိုက်ကွန်ကို ဖြန့်ကားနိုင်ရမည်ဖြစ်ရာ ရဲနှင့် စုံထောက်တို့အဖို့ ဒုစရိုက်သမားကို အရေးယူနိုင်ရန်၊ သူတို့ကျူးလွန်သော မှုခင်းများကို တရားဥပဒေအတိုင်း အရေးယူနိုင်ရန် အမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရာဇဝတ်မှုကျူးလွန်သူ တစ်ရာ အပြစ်အတိုင်း အရေးယူခံရခြင်းထက် ပြစ်မှုကို အမှန်တကယ် ကျူးလွန်ခြင်းမရှိသူတစ်ယောက်အား မှားယွင်း၍ အပြစ်ဒဏ်ချမှတ်မိမည်ဆိုပါက အလွန်စင်ကြယ်သော တရားဥပဒေအား အမည်းစက် စွန်းထင်းရခြင်း ဖြစ်မည်ဖြစ်၏။ သို့ဖြစ်၍ ဒုစရိုက်သမားများ ကျူးလွန်ခဲ့သော မှုခင်းများကို ဥပဒေဘက်တော်သားများက အနိုင်အမာ တည်ဆောက်နိုင်စေရန် ဓာတ်ခွဲခန်းများ တည်ဆောက်ရမည်ဟု ပြင်သစ်စုံထောက်ကျော် မှုခင်းသိပ္ပံပညာရှင် ဘက်တီလွန်က ထောက်ပြခဲ့ခြင်းဖြစ်သည်။

အမှန်အားဖြင့် ပြင်သစ်မှုခင်းသိပ္ပံပညာရှင်နှင့် စုံထောက်ကြီး ဘက်တီလွန်သည် ပြင်သစ်စုံစမ်းထောက်လှမ်းရေးဌာနများအတွက် ခေတ်သစ်သိပ္ပံပညာရပ်များကို ပထမဆုံး အသုံးပြုရန် စီမံခဲ့သော မှုခင်းသိပ္ပံပါရဂူဖြစ်သည်။ ဘက်တီလွန်သည် စာသင်ကျောင်းတွင်း ပညာဆည်းပူးခဲ့စဉ်က ထူးချွန်သော ကျောင်းသားတစ်ဦး မဟုတ်ခဲ့သည့်သာမက အထက်တန်းပညာရပ်များကို ဆည်းပူးခဲ့သူတစ်ယောက်လည်း မဟုတ်ခဲ့။ သူ့အား ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင် ပါရီမြို့တွင် ဖွားမြင်ခဲ့သည်။ သူ၏ဖခင်ဖြစ်သူမှာ အနုဿဗေဒပညာရှင် တစ်ဦးဖြစ်ရာ သားဖြစ်သူ ဘက်တီလွန်ကိုလည်း နာမည်ကျော် တက္ကသိုလ်ကျောင်းတိုက်ကြီးများတွင် ပညာဆည်းပူး၍ သူ့ကဲ့သို့ မနုဿဗေဒပညာရှင်တစ်ဦး ဖြစ်စေလိုသည်။ ဖခင်ဖြစ်သူ ဒေါက်တာ လူဝီအယ်(လ်)ဖွန်ဒီဘက်တီလွန်မှာ သားဖြစ်သူ ဘက်တီလွန်အား သူ့ခြေရာကို နင်းစေလိုသည်။ ဒေါက်တာ လူဝီအယ်(လ်)ဖွန်ဒီမှာ ပြင်သစ်ဆေးပညာရှင် လောကတွင်သာမက မနုဿဗေဒပညာရှင်များ လောကတွင် နေမင်းတစ်ဆူဟု တင်စားလောက်အောင် ထူးချွန်သူဖြစ်၏။

ထိုကာလက ပြင်သစ်မနုဿဗေဒပညာရှင်များ အသင်းကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသူဖြစ်ရကား နိုင်ငံတကာမှ လေးစားရသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ သို့သော် သားဖြစ်သူမှာ မနုဿဗေဒပညာရပ်ကို ဝါသနာပါခဲ့သည်။ လူမျိုးနွယ်များ တစ်စုနှင့်တစ်စု မတူကွဲပြား ခြားနားရသည့် အကြောင်းများကို စိတ်ဝင်စားသည်။ သို့သော် တက္ကသိုလ်ပညာ မရသဖြင့် ပါရီမြို့တော်ရှိ ဘဏ်ကြီးတစ်ခုတွင် စာရေးအဖြစ် အမှုထမ်းခဲ့ရသည်။ ထိုဘဏ်မှ မကြာမီ နုတ်ထွက်ခဲ့ရသည်။ ဤတွင် ဒေါက်တာဘက်တီလွန်သည် သားဖြစ်သူအား ပါရီမြို့တော် ရဲအဖွဲ့ ဌာနချုပ်တွင် မှတ်တမ်း




www.burmeseclassic.com

ထိန်းဌာနသို့ စာရေးအဖြစ် အမှုထမ်းစေခဲ့၏။ ယင်းဌာနတွင် ဘက်တီလွန်၏ တာဝန်မှာ ပြင်သစ်စုံထောက်အဖွဲ့နှင့် ရဲအဖွဲ့တို့မှာ ဖမ်းဆီးထားသည့် ဒုစရိုက်မှုခင်းကျူးလွန်သူများကို စနစ်တကျ မှတ်တမ်းတင်ပြုစုရသည့် တာဝန်ကို ထမ်းဆောင်ရ၏။ ဤတွင် သူ့ဖခင်နှင့် သူ့ဖခင်၏ မိတ်ဆွေ ဘယ်(လ်)ဂျီယန်နိုင်ငံသား လင်ဘတ်ကွီတီလက်တို့၏ ဆွေးနွေးချက်များကို သတိရသည်။ သူ့ဖခင်၏မိတ်ဆွေ လင်ဘတ်ကွီတီလက်မှာ ဘယ်(လ်)ဂျီယန်နိုင်ငံသားများ စာရင်းပြုစုရေးဌာနမှ ညွှန်ကြားရေးဝန်ဖြစ်၏။

သူ၏အယူအဆမှာ "ဤလောကတွင် လူသားတို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝ ဘစ်ထေရာတည်း တူနိုင်စရာမရှိ"ဟူ၏။ သူ့အယူအဆကို ဘက်တီလွန်ဖခင် ဒေါက်တာ လူဝီဘက်တီလွန်က ထောက်ခံသည်။ ဤတွင် ဘယ်(လ်)ဂျီယန် ဘရပ်ဆယ်မြို့မှ ထောင်မှူးသည် ထောင်တွင်းရှိ အကျဉ်းသားများ၏ အရပ်၊ ရင်အုပ်၊ ခေါင်း၊ ခြေ နားရွက်များကို တိုင်းတွာ၍ မှတ်တမ်းပြုစုခဲ့သည်။

ဘက်တီလွန်ကလည်း သူတာဝန်ယူ မှတ်သားရသည့် ရာဇဝတ်သားများကို ဘယ်(လ်)ဂျီယန်တို့၏ မှတ်သားနည်းကို အသုံးပြု၍ မှတ်တမ်းတင်ခဲ့၏။ ဤနည်းမှာ ပြင်သစ်စုံထောက်ပညာသမိုင်းတွင် ပထမဆုံးအသုံးပြုသော နည်းနာကျင့်ထုံးဖြစ်သည်။ ဘက်တီလွန်သည် ဤနည်းကိုအသုံးပြု၍ အကျဉ်းထောင်မှ ပြစ်ဒဏ်ခံနေရသော အကျဉ်းသားများ၊ ပြင်ပတွင်ရှိသော ယခင်လက်စလက်နရှိသော လူဆိုးများအား မှတ်တမ်းတင်နေသည့် သတင်းကို ကြားသိရသောအခါ ပါရီမြို့တော် ပုလိပ်(ရဲ)မင်းကြီးသည် ဘက်တီလွန် လူဆိုးများ၏ ခေါင်း၊ ခြေ နားရွက်၊ ရင်အုပ်၊ အရပ်အမောင်း၊ အမှတ်အသားကို မှတ်တမ်းတင်နေခြင်းကို လာရောက်ကြည့်ရှုခဲ့၏။

ဤတွင် ဘက်တီလွန်မှာ နာမည်ကျော် မနုဿဗေဒပညာရှင် ဒေါက်တာ လူဝီဘက်တီလွန်၏ သားဖြစ်ကြောင်း သိရှိသွားခဲ့၏။ ပါရီစုံထောက်ဌာနမှ တာဝန်ရှိသူများကလည်း ဘက်တီလွန်အား လာရောက်တွေ့ဆုံ၍ သူ၏နည်းနာများကို လေ့လာကြသည်။ ထိုစဉ်က ပါရီမြို့မှ ထုတ်ဝေသော ပါရီဂေဇက်သတင်းစာ၊ ပါရီသံတော်ဆင့်သတင်းစာနှင့် အခြားဒေသခံ သတင်းစာကလည်း ဘက်တီလွန်၏ နည်းနာကျင့်




ထုံးသစ်ကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသဖြင့် ဘက်တီလွန်မှာ သာမန် အမှုတွဲထိန်းနှင့် လူဆိုးမှတ်တမ်းတင်စာရေးကလေးမှ နေ့ချင်းညချင်း ဟိုးဟိုးကျော်လာခဲ့သည်။ ဥရောပတိုက် နိုင်ငံအသီးသီးမှ ရဲနှင့် စုံထောက်ဌာနများမှ တာဝန်ရှိသူများသည် ဘက်တီလွန်၏ လူဆိုးမှတ်တမ်းတင်နည်းသစ်ကို စောင့်ကြည့်ကြ၏။

ထိုစဉ်က ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေကြီးဟု အသိအမှတ်ပြုထားသော စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကြီးမှ တာဝန်ရှိသူအများကလည်း ဘက်တီလွန်၏ နည်းသစ်ကို စိတ်ဝင်စားခဲ့ကြသဖြင့် စောင့်ကြည့်ခဲ့ကြသည်သာမက သူ့နည်းသစ်အတိုင်း ဆောင်ရွက်ရန် စီမံခဲ့ကြသည်။ ဤတွင် ပါရီရဲမင်းကြီး လီအင်ဒရူးသည် ဘက်တီလွန်အား ခေါ်တွေ့ဆုံပြီး သူ့ကျင့်ထုံးသစ် မှတ်တမ်းကို သုံးလ စမ်းသပ်ပြုလုပ်

www.burmeseclassic.com

ရန် အမိန့်ပေးခဲ့၏။

ထိုကာလက ပြင်သစ်နိုင်ငံတွင် ဟိုးဟိုးကျော်စပြုနေသော အမျိုးသား ဆူရီတေး စုံထောက်အဖွဲ့မှ စုံထောက်မင်းကြီးသစ်(ညွှန်ချုပ်) မွန်ဆီယာရှူးစတာပ်(ဖ်)မာဆေးသည် ဘက်တီလွန်မှတ်တမ်းတင်ထားသော လူဆိုးတို့၏ မှတ်တမ်းများကို သူကိုယ်တိုင် လာရောက်စစ်ဆေးခဲ့သည်သာမက ဘက်တီလွန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဆိုသည်။ ဤသို့ အားပေးမှုများ ရှိလာသော ဘက်တီလွန်သည် နေ့မအိပ်၊ ညမအိပ် သူ့လူဆိုးမှတ်တမ်း ပြုစုဌာနတွင် လူဆိုးအကျဉ်းသားများ၏ ရာဇဝင်မှတ်တမ်းနှင့် ကိုယ်အမှတ်အသားအတိုင်းအတာ ကတ်ပြားများကို သူ့လက်ထောက်များဖြင့် စနစ်တကျ ပြုစုခဲ့ရာ သူ့အား ပါရီရဲမင်းကြီးခွင့်ပြုထားသည့် သုံးလအတွင်း ရာဇဝင်လူဆိုး ၁၆၀၀ တို့၏ မှတ်တမ်းများကို စနစ်တကျ ကတ်ပြားအစီအစဉ်၊ အက္ခရာအစီအစဉ်များနှင့် ပြုစုထားခဲ့သည်။

> ထို့အတူ အင်္ဂလန်နိုင်ငံမှ ဗိတိုရိယဘုရင်မကြီးနှင့် ဝေလမင်းသား(နောင်အခါ သတ္တမမြောက် အက်ဒဝက်(ဒ်)ဘုရင်ဖြစ်လာသူ)တို့မှာလည်း လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခြင်းခံရ၏။ စပိန်ဘုရင်နှင့် အီတလီဘုရင်တို့မှာလည်း မင်းမဲ့ဝါဒီတို့၏ လုပ်ကြံခြင်းခံခဲ့ရသဖြင့် ဥရောပနိုင်ငံအသီးသီးတွင် ရဲနှင့်စုံထောက်တို့မှာ အလုပ်ရှုပ်ခဲ့ရသည်။

တစ်နေ့တွင်မူ ဘက်တီလွန်၏ နည်းသစ်ကို လူအများ ပို၍လေးစားစေရန်နှင့် ရဲနှင့် စုံထောက်အဖွဲ့ဝင်များက အသိအမှတ်ပြုစေရန် ဖြစ်ရပ်တစ်ခု ပေါ်လာသည်။ ထိုအမှုမှာ ပါရီမြို့တော် ရဲစခန်းတစ်ခုမှ ဖောက်ထွင်းမှု၊ ခိုးမှုများနှင့် သင်္ကာမကင်းသူတစ်ဦးအား ဖမ်းဆီးရမိသဖြင့် လူဆိုးစာရင်းမှတ်တမ်းတင်ပြုစုရန် ဘက်တီလွန်ထံ ပို့ဆောင်ပေးခဲ့သည်။ ဘက်တီလွန်ကလည်း သူ့လုပ်ထုံးလုပ်နည်းအတိုင်း ဦးခေါင်း၊ ရင်ဘတ်၊ အရပ်အမောင်း၊ ခြေ လက်တို့၏ အတိုင်းအထွာကို မှတ်တမ်းပြုစုပြီး ခံပင်အရောင်၊ မျက်လုံးအရောင်၊ ကိုယ်ခန္ဓာပေါ်ရှိ သိသာသော မွေးရာပါ အမှတ်အသား၊ အမာရွတ် စသည်တို့ကို မှတ်တမ်းတင်နေစဉ် ထိုလူဆိုးအား တစ်ချိန်ချိန်က မှတ်တမ်းယူခဲ့သော ရာဇဝင်လူဆိုး ဖောက်ထွင်းပိဋကတစ်ဦး၏ ကိုယ်အတိုင်းအတာ၊ မွေးရာပါ အမှတ်အသားများ တူနေသည်ကို အံ့ဩဖွယ် တွေ့ရ၏။

ထိုလူဆိုးကမူ သူ၏အမည်မှာ ဒူပွန်ဆိုသူ ဖြစ်ပါသည်ဟု ဘက်တီလွန်အား ပြောပြထားသည်။ သင်္ကာမကင်းဖြစ်လာသော ဘက်တီလွန်သည် သူ့ဌာနတွင် မှတ်တမ်းတင်ထားသော မှတ်တမ်းဟောင်းများကို ပြန်လည်စစ်ဆေးခဲ့သောအခါ ယင်းဒူပွန်ဆိုသူမှာ လွန်ခဲ့သော သုံးနှစ်ခန့်က ပါရီမြို့တော်၊ ဗစ်တာဟူရိုးလပ်ရှိ စတိုးဆိုင်တစ်ဆိုင်အား ဖောက်ထွင်းဝင်ရောက်၍ ငွေသေတ္တာတွင်းမှ ငွေများ၊ အဖိုးတန်ပစ္စည်းများ ခိုးယူခဲ့ဖူးသဖြင့် ပြစ်ဒဏ်ကျခံရဖူးသော ဖောက်ထွင်းပိဋက "မာတင်"ဆိုသူ ဖြစ်နေသည်ကို တွေ့ရတော့သည်။ ဤတွင် "ဒူပွန်"ဆိုသူမှာ သူသည် ဘက်တီလွန်လူဆိုးမှတ်တမ်းဝင် ဖောက်ထွင်းပိဋက "မာတင်"ဖြစ်ပါသည်ဟု ဖြောင့်ချက်ပေးရတော့သည်။

ဤသတင်းသည် တောမီးပမာ ပျံ့နှံ့သွားခဲ့ရာ သတင်းမီဒီယာများအဖို့ ရေးကွက်ကောင်းဖြစ်ခဲ့ရာ ပါရီမြို့ထုတ် သတင်းစာကြီးများသည် ဘက်တီလွန်၏ လူဆိုးမှတ်တမ်းတင်နည်းသစ်၏ အံ့ဖွယ်သရဲ ဖြစ်ရပ်အား မျက်နှာဖုံးသတင်းအဖြစ် စိတ်ဝင်စားဖွယ် ခေါင်းစဉ်များဖြင့် ဖော်ပြပေးခဲ့ကြသည်။ ပါရီရဲအဖွဲ့မှ ရဲမင်းကြီးနှင့် အမျိုးသားဆူရီတေး စုံထောက်အဖွဲ့မင်းကြီးတို့၏ တိုက်တွန်းချက်အရ ပြင်သစ်အစိုးရသည် ၁၈၈၈ ခု၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပါရီမြို့တွင် "Police



www.burmeseclassic.com

www.burmeseclassic.com

Identification Service" ရဲအဖွဲ့ မှတ်တမ်းထိန်းဌာန ဖွင့်လှစ်ခဲ့ပြီး ဘက်တီလွှန်အား ထိုဌာနသစ်၏ ညွှန်ကြားရေးဝန် (ညွှန်ကြားရေးမှူးချုပ်)အဖြစ် ခန့်ထားခဲ့၏။

ပါရီသတင်းမီဒီယာများကမူ "စုံစမ်းထောက်လှမ်းရေးပညာ၏ ခေတ်ဆန်းချိန် ရောက်ခဲ့ပြီဟု အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသဖြင့် ဘက်တီလွှန်၏ ရာဇဝတ်သားမှတ်တမ်းတင်ဌာနမှာ နိုင်ငံတကာမှ ရဲအဖွဲ့ဝင်များ၊ စုံထောက်အဖွဲ့ဝင်များ၏ စိတ်ဝင်စားဖွယ် ဌာနသစ်ဖြစ်ခဲ့ရ၏။ ပြင်သစ်၊ အမျိုးသားအဘိဓာန်၌ "Bertillonage" ဘက်တီလွှန်၏ နည်းနာသစ်၊ သို့မဟုတ် Anthropometry ဟူသော ဝေါဟာရသစ် ဖော်ပြခဲ့ရတော့၏။

ရှေးယခင်ကမူ လူဆိုးများကို မှတ်တမ်းတင်ရာတွင် မျက်နှာရှေ့တည့်တည့်ကသာ ဓာတ်ပုံရိုက်ခဲ့သည်။ ဘက်တီလွှန်ကမူ ရာဇဝတ်သား၏ ရှေ့နောက်နှင့် ဘေးစောင်းပုံတို့ကိုပါ မှတ်တမ်းတင်စေပြီး ရာဇဝတ်သား၏ စကားပြောသံ၊ နှာခေါင်း၊ မျက်စေ့ အနေအထား၊ ပါးစပ် စသည်တို့ကိုပင် အသေးစိတ် မှတ်တမ်းတင်စေသည်။ ထိုလုပ်ထုံးလုပ်နည်းစနစ်သစ်ကို "Potrait Parle" ဟု အမည်ပေးထားခဲ့သည်။

ဤသို့အတွင်း ဘက်တီလွှန် ဟိုးဟိုးကျော်သည့် ထူးခြားဖြစ်စဉ်တစ်ရပ် ဖြစ်ခဲ့သည်။ ၂၀ ရာစု နှစ်ဆန်းစသည် ဥရောပတိုက် နိုင်ငံအသီးသီးတွင် မင်းမဲ့ဝါဒီတို့၏ အကြမ်းဖက်လုပ်ကြံမှုများ ဒီရေအလား တစ်နေ့တခြား တိုးတက်လာခဲ့၏။ သာဓကအားဖြင့် ဂျာမနီနိုင်ငံ၏ ပထမမြောက် ကိုင်ဇာဘုရင်ကြီးမှာ အကြမ်းဖက်သမား မင်းမဲ့ဝါဒီတို့၏ နှစ်ကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်မှု ခံခဲ့ရသည်။ ကံအားလျော်စွာ လုပ်ကြံခဲ့ရမှုဘေးမှ လွတ်မြောက်ခဲ့ရသည်။

ထို့အတူ အင်္ဂလန်နိုင်ငံမှ ဗိတိုရိယာဘုရင်မကြီးနှင့် ဝေလမင်းသား (နောင်အခါ သတ္တမမြောက် အက်ဒဝက်(ဒ်) ဘုရင်ဖြစ်လာသူ)တို့မှာလည်း လုပ်ကြံသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခြင်းခံရ၏။ စပိန်ဘုရင်နှင့် အီတလီဘုရင်တို့မှာလည်း မင်းမဲ့ဝါဒီတို့၏ လုပ်ကြံခြင်းခံခဲ့ရသဖြင့် ဥရောပနိုင်ငံအသီးသီးတွင် ရဲနှင့် စုံထောက်တို့မှာ အလုပ်ရှုပ်ခဲ့ရသည်။

ထိုကာလက ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်မှာ နိုင်ငံတကာမှ ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည့် ပြည်ပြေးများ မင်းမဲ့ဝါဒီများ၊ နိုင်ငံရေးအကြမ်းဖက်သူများ၏ ခိုလှုံရာဖြစ်သည်။ နိုင်ငံရေးအကြမ်းဖက်သမားများနှင့် မင်းမဲ့ဝါဒီများ ပါရီမြို့တော်တစ်ခွင်တွင် ဗုံးပေါက်ခွဲမှုများ၊ အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ကြသည်။ မင်းမဲ့ဝါဒီများအား ပြစ်ဒဏ်ပြင်းပြင်းထန်ထန် ချမှတ်ခဲ့သော အထူးရာဇဝတ်ခုံရုံးတော်၏ တရားသူကြီး မွန်ဆီယာဘင်နော့၏ နေအိမ်အား အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ဤတွင် နိုင်ငံရေးအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်သူများကို ဘက်တီလွှန်၏ မှတ်တမ်းထိန်းဌာနက မှတ်တမ်းများ ယူထားခဲ့သည်။

ပါရီမြို့တော်တစ်ခွင်တွင် အကြမ်းဖက်သမားများသည် ဗုံးဖောက်ခွဲမှုများ၊ အကြမ်းဖက်မှုများ ပြုလုပ်ခဲ့ကြသဖြင့် ပါရီမြို့တော်သူ၊ မြို့တော်သားတို့မှ ကျိုးလန့်စာစား ဖြစ်ခဲ့ရသည်။ တစ်နေ့တွင် ပါရီမြို့တော်၊ လူစည်ကားရာ နေရာတွင် ဗုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ သင်္ကာမကင်းသူ မင်းမဲ့ဝါဒီတစ်ဦးအား အမျိုးသားဆူရီတေး စုံထောက်အဖွဲ့မှ ဖမ်းဆီးရမိခဲ့၏။ ထိုသူက သူ့နာမည်မှာ မည်သူဖြစ်ပါသည်ဟုဆိုကာ ထိုပြစ်မှု ကျူးလွန်ခြင်းမရှိခဲ့ဟု ငြင်းဆိုခဲ့သည်။

ဤတွင် အမျိုးသားဆူရီတေး စုံထောက်အဖွဲ့သည် ဘက်တီလွှန် ရုံးအဖွဲ့မှတ်တမ်းတင်ဌာန၏ အကူအညီကို တောင်းခံခဲ့ရသည်။ ဘက်တီလွှန်သည် သူ့မှတ်တမ်းထိန်းဌာနတွင် မှတ်တမ်းတင်ထားသော ပြစ်မှုကျူးလွန်သူများ၏ မှတ်တမ်းကတ်ပြားများကို စိစစ် စစ်ဆေးသောအခါ ထိုသူမှာ တစ်ချိန်က ဗုံးဖောက်ခွဲမှုကို ကျူးလွန်ခဲ့သောသူတစ်ယောက် ဖြစ်ခဲ့သည်။

ပြင်သစ်အစိုးရသည် နောင်အခါ ရဲအဖွဲ့မှတ်တမ်းထိန်းဌာနကို တည်ထောင်သူ ဘက်တီလွှန်အား ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဘွဲ့ Legion of Honour ကို ပေးအပ်ချီးမြှင့်ခဲ့သည်ဟု ဆိုကြပါကြောင်း။

■ လှမိုး(ပညာရေး)

ကျမ်းကိုး

Cause of Death By F. Smyth



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေ ပြေအေးစေမယ့် ဥပဒေအကြံပေးအဖြေ

ဦးစောလှိုင်[ B.A (HIST:) H.G.P., R.L ]

## လက်ထပ်ဖို့ ကြိုတင်စုဆောင်းထားတဲ့ ပစ္စည်းတွေကို တရားစွဲပြီး တောင်းဆိုလို့ရပါသလား

ဆရာရှင့်...

ကျွန်မမှာ မိဘချင်းသဘောတူထားတဲ့ ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ နှစ်ဖက်မိဘတွေက ပင်စင်စားအစိုးရဝန်ထမ်းတွေဖြစ်တဲ့အပြင် ကျွန်မတို့နှစ်ယောက်ကလည်း ဝန်ထမ်းတွေဖြစ်နေတော့ ငွေကြေးအခက်အခဲ ရှိတာပေါ့ရှင်။ ဒါကြောင့် ကျွန်မချစ်သူ ကိုကိုမောင်က ရေရှည်စီမံကိန်းဆွဲပြီး ကျွန်မတို့ လက်ထပ်ရင် သုံးစွဲဖို့ အိမ်ထောင်သုံးပစ္စည်းတွေကို တဖြည်းဖြည်းချင်း ဝယ်ယူပြီး ကျွန်မဆီမှာ စုဆောင်းအပ်နှံထားခဲ့ပါတယ်။ ကျွန်မကလည်း မင်္ဂလာပစ္စည်းတွေဖြစ်နေတော့ ဒရိမ်ဦးခန်းမှာ သေချာထုပ်ပိုးပြီး စာရင်းဇယားနဲ့ သီးသန့်သိမ်းဆည်းထားခဲ့ပါတယ်။

အဲဒါ တစ်နေ့မှာတော့ လုံးဝမထင်မှတ်ထားတဲ့ ပြဿနာတစ်ခု အိမ်ပေါ်ကို ပြုန်းစားကြီး ရောက်လာပါတော့တယ်။ မြင့်မြင့်စန်းဆိုတဲ့ အမျိုးသမီးတစ်ယောက်ပါ ဆရာ။ သူပြောတာက သူဟာ ကိုကိုမောင်ရဲ့ လက်အောက်က လက်နှိပ်စက်စာရေးမတစ်ယောက်ဖြစ်ပြီး ကိုကိုမောင်နဲ့ ငြိစွန်းနေတာလည်း ကြာပြီတဲ့ရှင်။ ကိုကိုမောင်က လက်ထပ်ဖို့ ကတိပေးလို့ လွန်လွန်ကျူးကျူးဖြစ်ခဲ့ရာက ကိုယ်ဝန်တောင် တစ်ခါဖျက်ချခဲ့ရပြီးပြီဆိုပဲ။ အဲဒါကြောင့် ကျွန်မနဲ့ ကိုကိုမောင်နဲ့ လက်ထပ်ဖို့ကိစ္စကို မိန်းမသားချင်းကိုယ်ချင်းစာပြီး နောက်ဆုတ်ဖျက်သိမ်းပေးဖို့ ငိုကြီးချက်မနဲ့ လာတောင်းပန်နေတာပါပဲရှင့်။

အမလေး...ဆရာရယ်၊ မကြားဝံ့မနာသာ ကြားရတာနဲ့တင် နားရှက်လိုက်ပါတီ။ တကယ်လို့သာ ဒီကိစ္စက အမှန်သာဆိုလျှင် ဒီလိုအောက်တန်းကျပြီး ယုတ်မာတဲ့လူမျိုး ဘယ်မှာရှိပါတော့မလဲ။ ဒါပေမယ့် ခုဟာက ကျွန်မတစ်ခါမှ မမြင်ဖူးတဲ့ မြင့်မြင့်စန်းဆိုတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ တစ်ဖက်သတ် စွပ်စွဲစကားသက်သက်ပဲ ရှိသေးတာလေ။ အမှန်တကယ် ဟုတ်မဟုတ်ဆိုတာ ကျွန်မကိုယ်တိုင် စုံစမ်းဖော်ထုတ်ဖို့ လိုသေးတယ်မဟုတ်လားရှင်။

ကြည့်စမ်း။ တရားနတ်စောင့်ဆိုတဲ့စကားက တကယ်လည်း မှန်ပါလားရှင်။ ကံအားလျော်စွာ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကိုကိုမောင် အိမ်ပေါ်ရောက်လာတာကိုးရှင့်။ မြင့်မြင့်စန်းကိုလည်း မြင်လိုက်ရော ကိုကိုမောင်ဟာ တစ္ဆေသရဲတစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသလို သူ့မျက်လုံးတွေ အဆမတန် ပြူးကျယ်သွားပါတော့တယ်။

ဒါပေမယ့် သူက ချက်ချင်းဣန္ဒြေဆည်လိုက်ပြီး မြင့်မြင့်စန်းကို "နင် ဒီကိုဘာလာလုပ်တာလဲ"လို့ အထက်စီးလေသံနဲ့ မေးတယ်။ မြင့်မြင့်စန်းက "ကျွန်မတို့ဇာတ်လမ်းကို လာရှင်းပြနေတာလေ"လို့လည်း ပြန်ဖြေလိုက်ရော ကိုကိုမောင့်မျက်နှာ မည်းခနဲဖြစ်သွားပြီး ကျွန်မမျက်နှာကို မလုံမလဲ လှမ်းကြည့်တယ်။

www.burmeseclassic.com

ကျွန်မ သူ့ကိုပြန်ကြည့်လိုက်တဲ့ မျက်လုံးထဲမှာ "ရှင်တို့အကြောင်းတွေ ကျွန်မ သိပြီးပါပြီ"ဆိုတဲ့ အဓိပ္ပါယ်လက္ခဏာတွေကို ခံစားမိသွားတယ်နဲ့တူပါတယ်။ မြင့်မြင့်စန်းကိုပဲ မျက်တောင်နီကြီးနဲ့ တစ်ချက်စူးစိုက်ကြည့်ပြီး ဘာတစ်ခွန်းမှ မပြောတော့ဘဲ ချာခနဲလှည့်ထွက်သွားပါတော့တယ်။ အဲဒါဟာ ကျွန်မ ကိုကိုမောင့်ကို နောက်ဆုံးမြင်လိုက်ရတာဖြစ်သလို ကျွန်မတို့လက်ထပ်မယ့် စီမံကိန်းဟာလည်း အဲဒီနေ့မှာပဲ အစိတ်စိတ်အမြွာမြွာ ပြိုကွဲသွားခဲ့ပါတော့တယ်။

ဒါပေမယ့် နောက်နှစ်လလောက်အကြာမှာ ကိုကိုမောင့်သူငယ်ချင်းတစ်ယောက်က ကျွန်မဆီ ဖုန်းဆက်ပြီး ကျွန်မဆီမှာ အပ်ထားခဲ့တဲ့ပစ္စည်းတွေကို ပြန်ပို့ပေးဖို့ ပြောလာတယ်။ တကယ်လို့ ပြန်မပေးရင် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုနဲ့ တရားစွဲမတဲ့ရှင်။

အံ့ရော ဆရာရေ…အံ့ရော။ ယုံချင်ယုံ မယုံချင်နေ ဖြစ်ရင်ဘာ ဘုရားစူး၊ မိုးကြိုးပစ် တကယ့်ဖြစ်ရပ်အမှန်ပါရှင်။ ဘုရားသိကြားမလို့ သူနဲ့လက်မထပ်ခင်သိလို့ တော်ပါသေးရဲ့ ဆရာ။

အမှန်အတိုင်းဝန်ခံရရင် ကျွန်မကလည်း အဲဒီပစ္စည်းတွေကို အိမ်ဦးခန်းမှာထားရတာ မသတီတော့ပါဘူး။ သူပြန်မတောင်းရင်တော့ တစ်စက္ကန့်လေးတောင် မမြင်ချင်တော့လို့ ပြန်ပို့ဖို့တောင် စီစဉ်နေပါပြီ။

ဒါပေမယ့် ပစ္စည်းတွေပြန်မပေးရင် တရားစွဲမယ်ဆိုတဲ့ သူ့စကားကိုလည်း ကြားလိုက်ရရော မိန်းမတို့ရဲ့ ငုပ်လျှိုးနေတဲ့ မာနဟာ ဝုန်းခနဲပေါ်ထွက်လာပါတော့တယ်။ တကယ်တော့ ဒီကိစ္စဟာ သူလူမှုရေးဖောက်ပြန်လို့ ဖြစ်ရတဲ့ကိစ္စမဟုတ်လားဆရာ။ ကျွန်မစိတ်ထဲမှာ အံ့ဩလွန်းလို့ ဒေါသထွက်ပြီး အဲဒီပစ္စည်းတွေကို တစ်စမကျန်အောင် အမှုန့်ကြိတ်ပစ်လိုက်ချင်တာပါပဲ။

ကျွန်မမေးချင်တာက တရားဥပဒေမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုပြဋ္ဌာန်းထားပါသလဲ။ ပစ္စည်းတွေ ပြန်မပေးရင် တကယ်ပဲ တရားစွဲလို့ရပါသလားဆိုတာပါပဲ။ အမြန်ဆုံးဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင့်…။

လေးစားစွာဖြင့်

မဉမ္မာဇော်

ဝိုင်းဂနိုင်းရပ်၊ ပဲခူးမြို့။

မဉမ္မာဇော်ခင်ဗျား…

ဒီလိုကိစ္စမျိုး လောကမှာ အနည်းနဲ့အများတော့ ရှိနေတတ်ပါတယ်။ တချို့လည်း ကံကောင်းထောက်မပြီး ကြိုတင်သိလိုက်ရတာမျိုး ရှိသလို၊ တချို့ကျတော့လည်း လက်ထပ်ပေါင်းသင်းပြီးမှ သိရတော့ ပေါက်တဲ့နဖူး မထူးတော့ပါဘူးဆိုပြီး ရင်နာနာနဲ့ ပေါင်းသင်းနေရရှာတာမျိုးလည်း ရှိပါတယ်။

မဉမ္မာဇော်လို ကံကောင်းတဲ့သူတွေအဖို့တော့ မြင့်မြင့်စန်းတို့လို သတ္တိကောင်းတဲ့ မိန်းမတွေကိုယ်တိုင် အရှက်အကြောက်မရှိ ပေါ်ထွက်လာတော့တာကိုးဗျ။ တချို့ ရှက်တတ်လွန်းတဲ့မိန်းမတွေဆို ဘာမှမပြောရဲလို့ ဒူးနဲ့မျက်ရည်သုတ်နေရတာတွေမှ အများကြီးရယ်။

ဥပဒေအရ ပြောရရင် လက်ထပ်ပြီး အတူနေတဲ့အခါ သုံးဖို့ပစ္စည်း ဝယ်ယူပြီး စုဆောင်းစေခဲ့တာကို ပြန်မပေးရင် ယုံကြည်အပ်နှံရေးဖောက်ဖျက်တဲ့သဘော မသက်ရောက်ပါဘူး။ ဒါကြောင့် ခုကိစ္စမှာ ပြစ်မှုကြောင်းအရ တရားစွဲလို့မရနိုင်ပါဘူး။ ဒါပေမယ့် တရားမကြောင်းအရ စွဲမယ်ဆိုရင်

ကိုခင်အောင်အနေနဲ့ အထက်က အဆင်ပြေရာ ပုဂ္ဂိုလ်တွေဆီက ထောက်ခံချက်တောင်းခံပြီး ဖခင်ဖြစ်သူရဲ့ ကိုယ်စားလှယ်လွှဲစာ၊ ဖခင်ရဲ့ လက်ဝဲဘက်လက်မ လက်ဗွေရာတွေနဲ့ အတူတူပူးတွဲပြီး ဘဏ်(၃) ပင်စင်ဌာနမှာ တင်ပြလိုက်ရင် အဆင်ပြေသွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

တော့ ဖြစ်နိုင်စရာအကြောင်းရှိပါတယ်။

အဲဒါကြောင့် ဆရာအကောင်းဆုံးအကြံပြုချင်တာက တော့ သူ့ပစ္စည်းတွေကို စာရင်းဇယားနဲ့တကွ အသိသက်သေ နှစ်ယောက်ရှေ့မှောက်မှာ လက်မှတ်ထိုးပြီး အပြည့်အစုံ လက်ခံရရှိကြောင်း တရားဝင်စာရယူထားတာပါပဲ။ ဒါမှလည်း မေတ္တာသံယောဇဉ်တွေ ပြည့်ဖုံးကားချပြီး ဓမ္မသစ္စာကို ဒီဘဝ ဒီမျှနဲ့ပဲ အပြတ်ရှင်းလင်းပြီးသား ဖြစ်သွားပါလိမ့်မယ် မဥမ္မာဇော်ရေ…။

xxx xxx xxx

## ပင်စင်ကိုယ်စားလှယ်စာမှာ ဘယ်သူတွေရဲ့ ဘာအတွက်ထောက်ခံချက် ပူးတွဲတင်ပြရမည်လဲ

ဆရာခင်ဗျား…

ကျွန်တော့်ဖေဖေဟာ ဦးစီးဌာနတစ်ခုက သက်ပြည့်ပင်စင်ယူထားတာ ငါးနှစ်ရှိပြီး လစဉ်မှန်မှန် မြန်မာ့စီးပွားရေးဘဏ်ခွဲ အမှတ်(၃)မှာ ကိုယ်တိုင်သွားထုတ်ယူနေသူပါ။ ခရက်ပိုင်းကျမှ နဂိုက အခံရှိနေတဲ့ သွေးတိုးရောဂါ ဖောက်လာတာကြောင့် ဆေးထိုး၊ ဆေးစားပြီး အိမ်မှာပဲ အနားယူနေရပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဖေဖေနေမကောင်းဖြစ်နေတဲ့ ရက်ဟာ ဖေဖေပင်စင်ထုတ်နေကျ လကုန်ရက် ဖြစ်နေပါတယ်။ ဒီလတော့ ဖေဖေကိုယ်တိုင် သွားထုတ်နိုင်မှာ မဟုတ်တဲ့အတွက် သူ့ကိုယ်စား ကျွန်တော့်ကို သွားထုတ်ဖို့ ကိုယ်စားလှယ်လွှဲစာ ရေးပေးပါတယ်။ ကျွန်တော်သိရသလောက် ကာယကံရှင်ရဲ့ ထောက်ခံချက်တစ်ခုတည်းနဲ့ မရဘဲ အခြားထောက်ခံချက်တွေပါ တင်ပြရမယ်လို့ ကြားဖူးပါတယ်။

အဲဒါ ဘယ်လိုထောက်ခံချက်တွေကို ဘယ်လိုပုဂ္ဂိုလ်တွေဆီမှာ တောင်းခံတင်ပြရမယ်ဆိုတာ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာခင်ဗျား…။

ရိုသေလေးစားစွာဖြင့်
**မောင်ခင်အောင်**
(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ။

ကိုခင်အောင်ခင်ဗျား…

ပင်စင်ကိုယ်စားလှယ်လွှဲစာနဲ့အတူတူ ပူးတွဲတင်ပြရမှာက ပင်စင်စား သက်ရှိထင်ရှားရှိသေးကြောင်း ထောက်ခံစာပါ။ ဒီထောက်ခံစာကို သာမန်အားဖြင့် ဘယ်ပုဂ္ဂိုလ်က လက်မှတ်ထိုးထိုးရပါတယ်။ ငွေထုတ်သူအရာရှိ ကျေနပ်ရင် မြို့ပြပြန်ထမ်းစည်းမျဉ်းဥပဒေ အပိုဒ်(၉၄၆) (C.S.R 946) မှာ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်တွေမဟုတ်ပေမယ့် ပင်စင်လစာငွေကို ထုတ်ပေးနိုင်ပါတယ်။

အဲဒီအပိုဒ်(၉၄၆)မှာ ပြဋ္ဌာန်းထားတဲ့ ထောက်ခံချက်ပေးခွင့်ရှိတဲ့ ပုဂ္ဂိုလ်(၄)မျိုးကတော့ -

(၁) မြန်တမ်းဝင် အရာရှိများ
(၂) လက်ထောက်မှတ်ပုံတင်အရာရှိ
(၃) အစိုးရဘဏ်ခွဲ့ထွေးဂုဏ်ထူးရပုဂ္ဂိုလ်များ
(၄) ပင်စင်မယူမီ တရားသူကြီးအာဏာရှိခဲ့သူ ပင်စင်စား

ကိုခင်အောင်အနေနဲ့ အထက်က အဆင်ပြေရာ ပုဂ္ဂိုလ်တွေဆီက ထောက်ခံချက်တောင်းခံပြီး ဖခင်ဖြစ်သူရဲ့ ကိုယ်စားလှယ်လွှဲစာ၊ ဖခင်ရဲ့ လက်ဝဲဘက်လက်မ လက်ဗွေရာတွေနဲ့ အတူတူပူးတွဲပြီး ဘဏ်(၃) ပင်စင်ဌာနမှာ တင်ပြလိုက်ရင် အဆင်ပြေသွားမှာပါ။

ဒါ့ထက်ပိုအဆင်ပြေမယ့် နည်းလမ်းကတော့ ဘဏ်(၃) ပင်စင်ဌာနမှာ "အငြိမ်းစားလစာကို အငြိမ်းစားကိုယ်တိုင်လာရောက်မထုတ်ယူနိုင်သည့်အခါ အသုံးပြုရန်" ဆိုတဲ့ ပုံစံစာရွက် ရှိပါတယ်။ အဲဒီ ပုံစံစာရွက်မှာ အငြိမ်းစားရဲ့ ကိုယ်ရေးအကြောင်းအရာ၊ ငွေရရှိကြောင်း ဝန်ခံစာ၊ အသက်ရှိနေသေးကြောင်း ထောက်ခံစာနဲ့ ကိုယ်စားလှယ်လွှဲစာဆိုတဲ့ ဖြည့်ပေးမယ့်ခေါင်းစဉ်ငယ်လေးတွေ ပါပါတယ်။

အဲဒီပုံစံစာရွက်ကို တောင်းယူပြီး လိုအပ်တာလေးတွေ ဖြည့်စွက်ပြီး ပင်စင်ဌာနမှာ တင်ပြလိုက်မယ်ဆိုရင် ကိုခင်အောင်ဖခင်ရဲ့ ပင်စင်လစာငွေကို ချက်ချင်းထုတ်ယူရရှိမှာဖြစ်ကြောင်း ဖြေကြားပေးလိုက်ပါတယ်။

အောင်မြင်ပါစေ…

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**

www.burmeseclassic.com



# ထောင်မှူးများ အလိုရှိသည်

အပိုင်း (၉၆)

www.burmeseclassic.com

www.burmeseclassic.com

# တောင်မှူးများ

# အလိုရှိသည်

## အပိုင်း(၈၆)

### အကျဉ်းဦးစီးဌာနရဲ့ ရုံးချုပ်များ

တူးတူးတို့ရေ…

ရောမရောက်ရင် ရောမလိုကျင့် ရမယ်လို့ သိုးဆောင်းစကားပုံ ရှိတယ် မဟုတ်လားဗျာ။ မြန်မာ့ဆိုရိုးစကားမှာ လည်း "ကာလံဒေသံ အဂ္ဂံ ခနံ" ဆို ထားတယ်နော်။ သဘောက လူဆိုတာ ကိုယ်ရောက်ရာနေရာဒေသရဲ့ သဘာဝ နဲ့ လိုက်လျောညီထွေရှိအောင် နေတတ် ရမတဲ့ဗျာ။

ဒါဟာ ကိုယ်တို့ဝန်ထမ်းတွေကို အဓိကရည်ညွှန်းနေသလိုပါပဲ။ ကြည့် လေ။ ကိုယ်တို့ အကျဉ်းဦးစီးဝန်ထမ်း တွေ တာဝန်ကျနိုင်တဲ့ နေရာဌာနက [illegible]ရှိတယ်နော်။ အကျဉ်းထောင် [illegible] အလုပ်စခန်းရှိတယ်၊ ဗဟိုပစ္စည်းသို [illegible]ရှိတယ်၊ အကျဉ်းဦးစီးဌာနရုံး [illegible] ဆိုပါတော့။ အဲဒီလေးဌာနက [illegible] လုပ်ငန်းသဘာဝချင်း [illegible]

အကျဉ်းထောင်မှာဆိုလျှင် မနက် ကိုးမနီးခင် အိပ်ရာကထပြီး ထောင်ဖွင့် ပေးရတယ်။ ညနေကျရင်လည်း မိုးစုန်း စုန်းချုပ်တဲ့အထိ ထောင်ပိတ်ပေးပြီးမှ အိမ်ပြန်ရတယ်။ တစ်ခါတစ်ရံ ထောင် ပိတ်မရလို့ ညသန်းခေါင်သန်းလွဲမှ အိမ် ပြန်ရောက်တတ်တယ်။

အဲဒါကြောင့် ဝန်ထမ်းသားသမီး တွေက သူ့အဖေကို မမှတ်မိကြဘူးဗျ။ ဘာလို့ဆို အဖေက သူတို့အိပ်ရာက မနိုးခင် ထောင်ထဲဝင်သွားပြီ၊ သူတို့အိပ် ပျော်နေမှ အိမ်ပြန်ရောက်တတ်တာကိုး။ အဲ…နေ့ခင်းနေ့လယ် ခဏတစ်ဖြုတ် ထမင်းစားပြန်လာတော့လည်း သူတို့က ကျောင်းတက်နေကြတယ်လေ။

အလုပ်စခန်းတွေကျပြန်တော့ လည်း အကျဉ်းထောင်နဲ့ သိပ်မကွာခြား လှပါဘူး။ သူတို့လည်း မနက်စောစော ထောင်ဖွင့်ပြီး ညနေကျရင် ထောင်ပိတ် ရတာပါပဲ။ ဒါပေမယ့် ထောင်လိုတော့ အချိန်နှစ်ရီ တိတိကျကျလုပ်ဖို့ မလိုဘူး။

ပတ်ဝန်းကျင်မှာ နှင်းကျနေမယ်၊ မိုးကြီးနေမယ်ဆိုရင်တော့ အချိန်နောက် ကျမှ ဖွင့်လည်းရတယ်။ ညနေကျရင် လည်း ရာသီဥတုအခြေအနေကြည့်ပြီး နေမဝင်ခင် ပိတ်ထားလည်း ဖြစ်တယ်။ အဓိကကတော့ အလုပ်စခန်းလုံခြုံရေး စိတ်ချရအောင်ပါပဲ။

ဗဟိုပစ္စည်းသိုလှောင်ရေးရုံး (ဗပ သ)ကျတော့ ရုံးချုပ်ရဲ့ ဖွဲ့စည်းပုံထဲပါ ပေမယ့်လည်း သူ့သဘာဝက တစ်မျိုး။ သူက ရုံးဆိုတဲ့အတိုင်း မနက်ရုံးချိန်မှာ ဖွင့်ပြီး ညနေရုံးဆင်းချိန် ပိတ်ရတယ်။ သူက အကျဉ်းထောင်၊ အလုပ်စခန်း တွေလို "လူ"နဲ့မဆိုင်ဘူး။ "ပစ္စည်း"တွေ ကို သိုလှောင်ထိန်းသိမ်းထားရတာ။ ထောင်စခန်းတွေမှာ အသုံးပြုဖို့ လိုအပ် တဲ့ လုပ်ငန်းသုံးပစ္စည်းမှန်သမျှ ဒီဗပသ

ဗဟိုစော



www.burmeseclassic.com

www.burmeseclassic.com

က ဒိုင်ခံထုတ်ပေးရတာလေ။

ရုံးချုပ်ကျပြန်တော့ နည်းနည်းကျယ်ပြန့်လာတယ်။ ညွှန်ချုပ်ရုံး၊ ဒုချုပ်ရုံး၊ ဦးဌာနစု၊ ရေးဌာနစု၊ ထောက်ဌာနစုတွေအပြင် စီမံကိန်း၊ စိုက်/မွေး၊ ကျောက်ထုတ်နဲ့ မော်တော်ယာဉ် စတဲ့ ဌာနစုတွေ အစီအရီရှိနေတယ်။

သူကလည်း ဗပသလို "လူ"နဲ့တော့ မဆိုင်ဘူး။ "မှု"နဲ့ပဲ ဆိုင်တယ်။ အကျဉ်းထောင်အလုပ်စခန်းတွေကို စီမံကွပ်ကဲရတဲ့ အမိကအုပ်ချုပ်ရေးဌာနချုပ်ကြီးပါပဲ။ ထောင်စခန်းနဲ့ ဗပသဟာ ရုံးချုပ်ရဲ့ အမိန့်ညွှန်ကြားချက်တွေအတိုင်း အချိန်နဲ့ တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရတဲ့ လက်အောက်ခံဌာနတွေပဲ ဖြစ်တယ်။

ကိုယ်ကတော့ အဲဒီလေးဌာနစလုံးမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဆိုတော့ ဒီဌာနတွေရဲ့ လုပ်ငန်းသဘာဝကို အတွင်းကျကျ သိပြီးသားလေ။ ဌာနစုတိုင်းမှာတော့ အားသာချက်တွေရှိသလို၊ အားနည်းချက်တွေလည်း ရှိနေတာပါပဲ။ အကောင်းနဲ့အဆိုး ဒွန်တွဲနေတယ် ဆိုပါတော့ဗျာ။

ကိုယ်က အခု ရုံးချုပ်စီမံကိန်းဌာန ရောက်နေတော့ ရုံးချုပ်ရဲ့ တစ်နေ့တာ လုပ်ငန်းသဘောကို သုံးသပ်တင်ပြချင်ပါတယ်။ အဲ···အကျဉ်းဦးစီးမှာ ကိုယ်သိရသလောက် ရုံးချုပ်သုံးမျိုး ရှိခဲ့တယ်ဗျ။ ရန်ကုန်ရုံးချုပ်ရယ်၊ အင်းစိန်ရုံးချုပ်ရယ်၊ နေပြည်တော်ရုံးချုပ်ရယ်ပေါ့။

ရန်ကုန်ရုံးချုပ်ကတော့ ကိုယ်တို့တူးတူးအဖွဲ့ အလုပ်စဝင်တဲ့နှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ ပြည်လမ်းထောင့်မှာ ရှိသေးသဗျ။ သိပ်တော့လည်း ဝိုဝိုပြင်ပြင်ကြီး မဟုတ်တော့ပါဘူး။ ၁၉၆၄ ခုနှစ်က ဖျက်သိမ်းလိုက်တဲ့ ရန်ကုန်အကျဉ်းထောင်ကြီးရဲ့ အနောက်တောင်ဘက်ခြမ်း ရာဟုထောင့်မှာ ကျန်ခဲ့တဲ့ မိုးကြိုးတိုက်ဝန်းကျင်က အဆောက်အဦတချို့မှာ ဖွင့်ထားခဲ့တာနော်။

ရန်ကုန်ထောင်ကြီးရဲ့ အုတ်ရိုးတချို့တစ်ဝက်တောင် အနောက်နဲ့ မြောက်ဘက်တစ်ခြမ်းမှာတော့ မြင်နေရသေးတယ်။ ကျန်ပြည်လမ်း တစ်ခြမ်းမှာတော့ အုတ်ရိုးတွေပျောက်ပြီး အကျဉ်းသားအိပ်ဆောင်တွေခများ စစ်ကြောရေးနဲ့ တည်းခိုရေးစခန်းတွေ ဖြစ်နေကြလေရဲ့။

တကယ်ဆို ဦးစီးဌာနတစ်ခုရဲ့ ရုံးချုပ်ဆိုတာ ဟိတ်နဲ့ဟန်နဲ့ ခံ့ခံ့ညားညားထည်ထည်ဝါဝါ ဖြစ်သင့်တယ် မဟုတ်လားဗျာ။ အမှန်တော့ အကျဉ်းဦးစီးရုံးချုပ်ဆိုတာ ဟိုတုန်းက ၂၇ လမ်းထဲမှာဆိုပဲ။ ဘယ်လောက်သားနားတယ်ဆိုတာ ကိုယ်တို့မမီလိုက်တော့ မသိဘူး။ အဲလိုဖြစ်ရတာကလည်း ဒီဌာနဟာ ဟိုတုန်းက တရားရေးဌာနရဲ့ လက်အောက်မှာ ရှိခဲ့လို့တဲ့ဗျ။ ဦးစီးအဆင့်မရောက်သေးတဲ့ အကျဉ်းဌာနလို့ပဲ ခေါ်ခဲ့ကြသေးတယ်။

အဲဒါ ၁၉၇၄-၇၅ ခုနှစ်လောက်မှာ ထင်ပါရဲ့။ တရားရေးဌာနလက်အောက်ကနေ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာန လက်အောက်ကို ပြောင်းရွှေ့လာရတော့ ၂၇ လမ်းက တရားရေးအဆောက်အဦမှာ နေခွင့်မရှိတော့ဘူးလေ။

ပြောရရင် ဦးစီးဌာနဖြစ်လာပေမယ့် ရုံးချုပ်နေရာကတော့ ဘုံပျောက်သွားတာပေါ့ဗျာ။ အဲဒီအခါ လူကြီးတွေကြံရာမရဖြစ်ပြီး ရန်ကုန်ထောင်ဟောင်းရဲ့ ကြွင်းကျန်နေတဲ့ အဆောက်အဦတွေမှာ ယာယီရုံးချုပ် ဖွင့်ခဲ့ရတာတဲ့လေ။

ဒီကြားထဲ တာမွေဘက်မှာ ပြည်ထဲရေးနဲ့ သာသနာရေးဝန်ကြီးဌာန အဆောက်အဦအသစ်ကြီး ဖွင့်မယ်။ အဲဒီမှာ လက်အောက်ခံဦးစီးဌာနတွေ အကုန်ထားမယ်။ ပြည်သူ့ရဲတပ်ဖွဲ့က ဘယ်နေရာ၊ အကျဉ်းဦးစီးက ဘယ်နံထပ်မှာဆိုပြီး ရုံးချုပ်သစ်ရဲ့ပုံစံဇယားတွေနဲ့ မစားရဝခမန်း ဖြန့်ဝေထားတာကို တွေ့ကြရတယ်။

နောက်တော့ ဘယ်လိုဖြစ်တယ် မသိဘူး။ အဲဒီမှာ အကျဉ်းဦးစီးဌာနအတွက် နေရာမရတာနဲ့ အင်းစိန်ထောင်ဝင်းထဲက သင်တန်းကျောင်းအဆောက်အဦနေရာကို ယာယီပြောင်းရွှေ့ခဲ့ရပြန်ပါတယ်။ နောက်ပိုင်းတော့ ယာယီမဟုတ်တော့ဘဲ တကယ့်ပတ်ကားအဆောက်အဦတွေနဲ့ ရုံးချုပ်အဖြစ် နှစ်ပေါင်းအစိတ်ကျော်ကျော် ဝိုဝိုပြင်ပြင် ဖြစ်ခဲ့သေးတာပေါ့ဗျာ။

ခုတော့ အကျဉ်းဦးစီးရုံးချုပ်ဟာ အင်းစိန်ထောင်မြေမှာ တွယ်ကပ်မနေနိုင်တော့ဘဲ အများနည်းတူ နေပြည်တော်ဆီ ချီတက်ခဲ့ရပြီပေါ့လေ။ ဒီအချိန်မှာ ကိုယ်တို့ တူးတူးတစ်ဖွဲ့လုံးနီး သက်ပြည့်ပင်စင် သွားခဲ့ရပြီဆိုတော့လည်း နေပြည်တော်ရုံးချုပ်ဆိုတာ သလား။ မည်းသလား မသိကြ ဘူး။ ကိုယ်တို့စိတ်ထဲမှာတော့ နေပြည်

www.burmeseclassic.com

တော်နေရာကို အကျဉ်းဦးစီးရုံးချုပ်ရယ်လို့ ခံစားလို့မရနိုင်တော့ပါဘူး။

တကယ်တမ်း ကိုယ်တို့ တွေးတွေးတွေရဲ့ ရုံးချုပ်ဆိုတာက အင်းစိန်ထောင်ဝင်းထဲက ဘူမိနက်သန် နရသိမ်ထောင်မြေကြီးကိုပဲ ရင်ထဲစွဲနေခဲ့ကြတာမဟုတ်လားဗျာ။ ဒါဆို အဲဒီ အင်းစိန်ရုံးချုပ်ရဲ့ တစ်နေ့တာလုပ်ငန်းသဘာဝကို လေ့လာကြည့်ရအောင်လား။

ရုံးချုပ်ဆိုတာ အကျဉ်းထောင်၊ အလုပ်စခန်းမဟုတ်တော့ အကျဉ်းသားမရှိဘူး။ အကျဉ်းသားမရှိတော့ ကျီးမနိုးခင် မနက်စောစော အိပ်ရာထပြီး ထောင်ဖွင့်ဖို့ မလိုတော့ဘူးပေါ့နော်။

ဒါဆို ဘယ်အချိန် အလုပ်စဆင်းကြရလဲ။ ရုံးချုပ်ဆိုမှတော့ ရုံးချိန် မနက် ၉ နာရီခွဲပေါ့ဗျာ။ ဒါပေမယ့် အကျဉ်းဦးစီးဆိုတာ သာမန်အရပ်သားတွေမှ မဟုတ်တာ။ ယူနီဖောင်းဝတ် တပ်ဖွဲ့ဝင်တွေလေ။

ဒီတော့ တပ်ဖွဲ့ဝင်တို့ရဲ့ သဘာဝအတိုင်း မနက်ရုံးမတက်ခင် နိုင်ငံတော်အလံတိုင်ရှေ့မှာ တန်းစီအလေးပြုတာတွေ၊ ဝန်ထမ်းသစ္စာ ဆိုတာတွေ လုပ်ကြရသေးတာပေါ့ဗျာ။ အဲဒီမှာ ယူနီဖောင်းဝတ်တွေတင်မကဘူး။ အရပ်ဝတ်နဲ့ စာရေးစာချီတွေပါ တန်းစီ အလေးပြုကြရတာ မဟုတ်လား။

အဲလို တန်းစီအလေးပြုတာက ဘယ်လောက်မှ ကြာတာတော့ မဟုတ်ဘူး။ အလွန်ဆုံး ၁၅ မိနစ်၊ မိနစ် ၂၀ ပေါ့ဗျာ။ ဒါပေမယ့် ဝန်ထမ်းတွေကလည်း အခက်သားကလား။ အဲဒီလောက်လေးကြာတာကို သည်းမခံနိုင်ကြဘူး။ တန်းစီအလေးမပြုချင်ကြဘူး။

အကြောင်းအမျိုးမျိုးပြပြီး ရှောင်တိမ်းချင်ကြတယ်။ တခြား အလုပ်တာဝန်ပြပြီး မလာဘဲနေကြတယ်။ တန်းစီရတာက ညွှန်ချုပ်ရုံးရှေ့က ကွက်လပ်မှာဆိုတော့ အမိုးအကာမရှိဘူး။ ဒါကြောင့် မိုးတွင်းဆို မိုးရွာနေရင် တန်းမစီကြရတော့ဘူး။ ဒါ့ကြောင့်လည်း ဝန်ထမ်းတွေက တန်းစီချိန်မှာ မိုးရွာဖို့ ဆုတောင်းကြတယ်။

အံ့ဩစရာကောင်းတာက ကိုရွှေမိုးပဲ။ မနက်မိုးလင်းကတည်းက တစ်ချိန်လုံး စွေနေခဲ့တဲ့ မိုးဟာ တန်းစီချိန်ရောက်တာနဲ့ မြင်းကိုဇက်ကြိုးဆွဲလိုက်သလို မြန်းခနဲ တိတ်သွားပါလေရော။ အဲဒီအခါ ဝန်ထမ်းတွေခမျာ မိုးကို တပျစ်တောက်တောက် ကျိန်ဆဲရင်း တန်းစီကွင်းဆင်းရပါတော့တယ်။ အဲဒီ ကိုရွှေမိုးကိုလည်း တညီတညွတ်တည်း နာမည်ပေးလိုက်ကြသေးတယ်။ "ရုံးချုပ်မိုး" . . . တဲ့။

အဲလို မနက် ၉ နာရီ တန်းစီအလေးပြုပြီးပြီဆိုရင်တော့ ကိုယ်တာဝန်ကျရာ ဌာနအသီးသီးထဲဝင်ပြီး အလုပ်လုပ်ကြရတော့တာပေါ့။ ဦး၊ ရေး ထောက်၊ စီမံ၊ စိုက်/မွေး၊ ကျောက်စသဖြင့် . . .။

ဒီဌာနစုတွေက တစ်နေ့တစ်နေ့ ထွက်လာတဲ့ စာကြမ်းတွေက နည်းနည်းနောနောမှ မဟုတ်ဘဲဗျာ။ စာအားလုံးကတော့ ဒုညွှန်ချုပ်ကတစ်ဆင့် ညွှန်ချုပ်ဆီ ဦးတည်နေတာပါပဲ။ ညွှန်ချုပ်ဆီက ပြန်ကျလာတဲ့ စာတွေကိုလည်း မှတ်ချက်ပါအတိုင်း သက်ဆိုင်ရာ အကျဉ်းထောင်၊ အလုပ်စခန်းတွေဆီ အမိန့်ညွှန်ကြားချက်တွေ ထုတ်ပြန်ရပြန်ပါတယ်။

ထောင်စခန်းတွေကလည်း အဲဒီ အမိန့်ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ပြီးကြောင်း သတ်မှတ်ရက်အတွင်း အစီရင်ခံရပြန်ပါတယ်။ ဒါဟာ အကျဉ်းဦးစီးအုပ်ချုပ်ရေးယန္တရားကြီး ပုံမှန်လည်ပတ်နေနိုင်ဖို့အတွက် ရုံးချုပ်နဲ့ အကျဉ်းထောင် အလုပ်စခန်းတွေရဲ့ နိစ္စဓူဝ ဆက်ဆံရေးသံသရာ တစ်ခုပါပဲ။

ပုံမှန်အတိုင်းဆိုရင်တော့ ရုံးချုပ်ဟာ မနက် ၉း၃၀ နာရီ တက်ပြီး ညနေ ၄း၃၀ နာရီ ရုံးဆင်းရမှာပါ။ ရုံးကိစ္စနဲ့ ပြည်ထဲရေးဝန်ကြီးရုံးနဲ့ တခြားဌာနတွေကို သွားနေရတဲ့ အရာရှိဝန်ထမ်းတွေကတော့ ရုံးချုပ်ကို ပြန်ရောက်ချိန်နောက်ကျရင် ရုံးဆင်းချိန်ဟာလည်း တစ်ခါတစ်ရံ ၅ နာရီကျော်၊ ၆ နာရီနီးပါး ဖြစ်သွားတတ်ပါတယ်။

ကိုယ်တို့ ဥပဒေအကြံပေးအဖွဲ့ဝင်တွေလည်း ထိုနည်းလည်းကောင်းပါပဲ။ လှည်းကူးမြို့နယ် အမြန်လမ်းမကြီးဖောက်လုပ်ရေး အလုပ်စခန်းမှာ တာဝန်ကျနေတဲ့ အဖွဲ့ဥက္ကဋ္ဌ ရုံးချုပ်ကို အရောက်နောက်ကျရင် ဥပဒေအစည်းအဝေလည်း ရုံးချုပ်ကို လွန်သွားတတ်ပါတယ်။

ခက်တာက အချိန်နောက်ကျနေလို့ဆိုပြီး တက်သုတ်ရိုက်လုပ်လို့ မရပါဘူး။ အဆင့်ကျော်လုပ်လို့လည်း မဖြစ်နိုင်ပါဘူး။ ဥပဒေအကြံပေးအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း အမှုတစ်မှုချင်း



www.burmeseclassic.com

www.burmeseclassic.com

အလိုက် တွေ့ရှိချက်၊ သုံးသပ်ချက်၊ ထောက်ခံချက်တွေကို အသေးစိတ် ဖတ်ရှုတင်ပြရပါတယ်။

အဲဒါပြီးမှ အဖွဲ့ဝင်တွေရဲ့ ဥပဒေအရ တွေ့ရှိသုံးသပ်ချက်အမြင်တွေကို စနစ်တကျ ဆွေးနွေးတင်ပြရပါတယ်။ အဲလို တင်ပြဆွေးနွေးချက်တွေအပေါ်မှာ အဖွဲ့ဥက္ကဋ္ဌက ထပ်ဆင့်သုံးသပ်ပြီး ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့က ထောက်ခံတင်ပြထားတဲ့ ပြစ်ဒဏ်ဟာ ဥပဒေနဲ့ ညီညွတ်မှုရှိမရှိ ညှိနှိုင်းအကဲဖြတ်ကြပြီး နောက်ဆုံးမှာ အဖွဲ့ရဲ့ ထောက်ခံတဲ့ ပြစ်ဒဏ်ကို အများသဘောတူ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီတော့မှာပဲ အမှုတစ်ခု နိဂုံးချုပ်ပါတော့တယ်။

ဒီတော့ အစည်းအဝေးတစ်ခါထိုင်ရင် အမှု ၁၀ မှုထက်မနည်းအောင် ဆုံးဖြတ်ရလေ့ရှိတာကြောင့် တစ်ခါတစ်ရံ နေဝင်သွားတာကိုတောင် သတိမပြုလိုက်မိအောင် အလုပ်ထဲ နစ်မျောနေတာမျိုးလည်း ရှိခတ်ပါတယ်။ အဲဒီအခါ ကိုယ်နဲ့ ဥပဒေအဖွဲ့ ကိုဇာကေအာမက်တို့၊ ထောင်မှူးဒေါ်သန်းသန်းကြူတို့ ပြန်နေကျ ဖယ်ရီကား မရှိတော့ပါဘူး။ ဒါ့ကြောင့် အဖွဲ့ဥက္ကဋ္ဌက ရုံးချုပ်မော်တော်ယာဉ်ဌာနနဲ့ ညှိပြီး ကိုယ်တို့ အိမ်ပြန်ဖို့ ကားတစ်စီး စီစဉ်ပေးရတတ်ပါတယ်။

ဒါက ကိုယ်တို့ ဥပဒေအကြံပေးအဖွဲ့ရဲ့ ကြုံရတတ်တဲ့ အခြေအနေကို ပြောပြတာပါ။ အလားတူပဲ တခြား ဦးရေး ထောက်၊ စီမံ၊ စိုက်/မွေး ကျေးလက် ဌာနစုတွေမှာလည်း သူတို့လုပ်ငန်းသဘာဝအရ အစည်းအဝေးထိုင်နေလို့ အချိန်ပိုဆင်းနေရလို့ ရုံးဆင်းနောက်ကျရတာမျိုးလည်း ရှိတတ်ပါသေးတယ်။

အဲဒါတွေက ရုံးချုပ်က ဌာနစုတွေရဲ့ တစ်ဌာနချင်း၊ တစ်ဖွဲ့ချင်း နေ့စဉ်လိုလို ဖြစ်ပေါ်နေတတ်တဲ့ လုပ်ငန်းအခြေအနေတွေပါ။ အဲ… ရုံးချုပ်တစ်ခုလုံးမှာရှိတဲ့ အရာရှိဝန်ထမ်းအားလုံး မတက်မဖြစ် တက်ကြရတဲ့ စုပေါင်းအစည်းအဝေးတစ်ခုကတော့ သောကြာနေ့ ညနေတိုင်း ကျင်းပလေ့ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေရဲ့ မိန့်ခွန်းဖတ်ကြား ဆွေးနွေးပွဲပါပဲ။

အဲဒီအစည်းအဝေးမှာ ဌာနစုတစ်ခုက အရာရှိတစ်ဦးက နေ့စဉ်ထုတ်သတင်းစာပါ သတ်မှတ်ထားတဲ့ မိန့်ခွန်းတစ်ခုကို "ထောက်ခံ" ဆွေးနွေးရပါတယ်။ အဲဒါကို တစ်ဌာနစုထဲက ဝန်ထမ်းတစ်ယောက်က ထပ်ဆင့်ထောက်ခံ ဆွေးနွေးရပါတယ်။

ပြောရရင် နိုင်ငံ့ခေါင်းဆောင်ရဲ့ မိန့်ခွန်းကို အရာရှိဝန်ထမ်းနှစ်ယောက်လုံးက ထောက်ခံ(ထောက်ခံ)ဆွေးနွေးရတာပါ။ သူတို့ ထောက်ခံဆွေးနွေးမယ့် အကြောင်းအရာတွေကို ရေးဌာနကို တစ်ရက်ကြိုတင်ပြီး တင်ပြထားရပါသေးတယ်။

တကယ်တမ်း သောကြာနေ့ ညနေ စုပေါင်းအစည်းအဝေးမှာ ဆွေးနွေးတဲ့အခါမှာလည်း ကြိုတင်တင်ပြထားတဲ့အတိုင်းပဲ ဖြစ်ရပါမယ်။ အကြောင်းအရာ၊ အချက်အလက်တွေ တစ်လုံးတစ်ပါဒမှ ချော်ထောင့်သွားလို့ မဖြစ်ပါဘူး။ အကယ်၍များ ကြိုတင်တင်ပြထားတာတွေနဲ့ တလွဲတချော် ဖြစ်သွားရုံတင်မကဘူး။ ခေါင်းဆောင်ကြီးရဲ့ မိန့်ခွန်းအပေါ် သရော်သလိုလို၊ ရယ်သွမ်းသွေးသယောင်ယောင် လေသံတစ်ချက်ပါသွားလို့ကတော့ ကိုယ့်လူ ဘာမှ လျှောက်လဲချက် ပေးမနေနဲ့တော့။ အထုပ်အပိုးပြင်ပြီး အောင်ဖျာလိပ်ဖို့သာ အဆင်သင့်ပြင်ထားပေတော့ဗျို့။

တူးတူးတို့ရေ…

ဒါတွေကတော့ တစ်ပါတီ အာဏာရှင်ခေတ် စစ်အစိုးရလက်ထက် နဝတနယ်က အခါသမယက အင်းစိန်ရုံးချုပ်မှာ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခုပေါ့လေ။

အခု ဒီမိုကရေစီခေတ်မှာတော့ နေပြည်တော်က အကျဉ်းဦးစီးရုံးချုပ်မှာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဝေဖန်ထောက်ပြခွင့် စတဲ့ မီဒီယာ အသီးအပွင့်တွေကို အပြည့်အဝ ခံစားရရှိနေပြီ ထင်ပါရဲ့ဗျာ။

*(ဆက်လက်ဖော်ပြပါမည်။)*

မဗှိဓော

www.burmeseclassic.com

# မွေးကင်းစကလေးများကို လူကုန်ကူးရောင်းစားခဲ့သော တရုတ်ပြည်က ဆေးပညာရှင်များ

ညီမြင်းလွင်(မော်ကျွန်း)

တရုတ်နိုင်ငံ၊ အနောက်မြောက် စီရင်စုဒေသ ရှာအန်ဇီရှိ လင်ဝီပြည်သူ့ တရားရုံးတော်က ဖူပိန်းကောင်ထရီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးရုံမှ တာဝန်ရှိ အကြီးတန်းဝန်ထမ်းအချို့နှင့် သားဖွားပညာရှင်တစ်ဦးတို့ကို မွေးကင်းစကလေးငယ်များ ရောင်းစားပြီး လူကုန်ကူးခဲ့သဖြင့် ပြစ်မှုပြစ်ဒဏ်အရ ထောင်ဒဏ်နှင့် သေဒဏ်ပေးလိုက်ကြောင်း ၂၄-၁-၁၄ နေ့ သတင်းစာတွင် ဖော်ပြလိုက်သည်။

ဖူပိန်ကောင်ထရီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးရုံသည် ဒေသတွင်းရှိ မိခင်များ မီးဖွားခြင်း၊ မိခင်နှင့်ကလေးများ မကျန်းမာပါက ဆေးကုသပေးသော ဆေးရုံဖြစ်သည်။ ထိုဆေးရုံတွင် မစ္စတာဝမ်လီ(ဆေးရုံအုပ်)၊ အိုဂျန်မင်း(ဒု-ဆေးရုံအုပ်)၊ စီဇင်(ထုတ်ယူထွက်ခွာခွင့် အခန်းများကို စီမံခန့်ခွဲတာဝန်ခံ)၊ ဒါရိုက်တာ ယောင်ဂေအိုဝမ်နှင့် ဇီယန်ရှုဇင် (သားဖွားကျွမ်းကျင်ပညာရှင်) စသည့် အရာရှိ အခြားဝန်ထမ်းများ အသီးသီး တာဝန်ထမ်းဆောင်နေကြသည်။

ဇီဟန်ရှုဇင်သည် သားဖွားပညာကို လက်တွေ့ စာတွေ့ကျွမ်းကျင်ပြီး တစ်ဖက်သားကျေလောက်အောင် အပြောကောင်းသူဖြစ်သည်။ ၂၀၁၃ ခုနှစ်က မျိုးရိုးစဉ်ဆက်အမည် ဒေါင်ဟု ခေါ်သော အမျိုးသမီးသည် ၎င်းဆေးရုံတွင် မီးဖွားခဲ့ရာ သားယောက်ျားကလေး မွေးခဲ့သည်။ ထိုအခါ ဇီဟန်ရှုဇင်က ဒေါင်နှင့် ခင်ပွန်းကို ၎င်းတို့၏ မွေးကင်းစကလေးသည်(ကုသမရသော ဝမ်းတွင်းပါရောဂါပါလာသည်)ဟု လိမ်လည်လှည့်ဖျားပြောကာ စိတ်ပျက်အောင် ဖန်တီးခဲ့၏။ ကလေးကို ကျန်းမာရေးချို့ယွင်းဟန် ဖန်တီးထားသည်။ ဆက်လက်၍ ကလေးကို စွန့်ပစ်လိုက်တော့ရန် တိုက်တွန်းစည်းရုံးသဖြင့် ဖခင်၊ မိခင်တို့သည် ကလေးကို စွန့်လွှတ်ခဲ့သည်။ သို့ရာတွင် ဒေါင်နှင့် ခင်ပွန်းတို့သည် တအံ့နွေးနွေးဖြစ်ပြီး လေ့လာစုံစမ်းသောအခါ ဒေါင်တို့နေသော ဒေသနှင့် ကပ်လျက်ရှိသော ဟိနန်ပြည်နယ်တွင် သူတို့မွေးခဲ့သော ကလေးကို ကျန်းမာစွာရှိနေပါကြောင်း ပြန်တွေ့ရသဖြင့် ၂၀၁၃၊ ဩဂုတ်လတွင် ဖြစ်စဉ်ကို ရဲဌာနတွင် အမှုဖွင့်တိုင်ကြားခဲ့၏။ စုံစမ်းဖော်ထုတ်ချက်အရ ဇီဟန်ရှုဇင် (သားဖွားကျွမ်းကျင်)သည် ဒေါင်၏ ကလေးကို ရောင်းစားလူကုန်ကူးခဲ့ခြင်း ဖြစ်သည်။ ဆက်လက်ဖော်ထုတ်ချက်အရ ဇီဟန်ရှုဇင်(သားဖွားကျွမ်းကျင်)သည် ဒေါင်၏ကလေးကို ရောင်းစားလူကုန်ကူး ခဲ့ခြင်း ဖြစ်သည်။ ဆက်လက်ဖော်ထုတ်ချက်အရ ဇီဟန်သည် ကျား/မမွေးကင်းစကလေးပေါင်း (၇)ဦးကို ရောင်းခဲ့ပြီး တစ်ဦးမှာ သေဆုံးခဲ့ရသည်။ အခြား အမြွှာညီအစ်မနှစ်ဦးကို ရှန်ဒေါင်းဒေသတွင်တစ်ဦး၊ ရှန်ဇင်းဒေသတွင် တစ်ဦး ကယ်တင်နိုင်ခဲ့သည်။

ဇီဟန်ရှုဇင်(သားဖွားကျွမ်းကျင်)၏ ကျူးလွန်ပုံမှာ မွေးဖွားသောကလေးများကို ရောဂါရှိဟန်/ဆက်လက်အသက်ရှည်ရန် အကြောင်းမရှိကြောင်း၊ မွေးမိခင်ဖခင်တို့ကို စည်းရုံးခြောက်လှန့် စိတ်ပျက်အောင်ပြောပြီး ကလေးကို စွန့်ပစ်ရန် လှည့်ဖျားပြောဆိုခဲ့သည်။ မိဘများက စိတ်ပျက်စွန့်လွှတ်သောအခါ ဌာနမှူး ယောင်ဂေအိုဝမ် စသည်တို့နှင့် ပူးပေါင်းပြီး အသေစာရင်းပြကာ စီဇင်(ထုတ်သူထွက်ခွာခွင့် အခန်းများ စီမံခန့်ခွဲရေးတာဝန်ခံ)၏ လုပ်ပိုင်ခွင့်အောက်မှ ဆေးရုံပြင်ပအရောက်သယ်ပြီး လူကုန်ကူးရောင်းစားခြင်း ဖြစ်သည်။

ဤလူမဆန်သော လူသားအချင်းချင်း စာနာထောက်ထားခြင်းမရှိသော ဆေးဝန်ထမ်းတို့၏ ဝိသမသမားတို့ကို အောက်ပါအတိုင်းပြစ်ဒဏ်ချမှတ်ခဲ့သည်။

- ဆေးရုံအုပ်ကြီး ဝမ်လီမှအပ ဒုဆေးရုံအုပ် အိုဂျန်မင်း ထောင်ဒဏ် (၆)လ ဆိုင်းငံ့ တစ်နှစ်။



www.burmeseclassic.com

www.burmeseclassic.com

- မီးယပ်သားဖွားဌာန ဒါရိုက်တာ ဂေအိုဝ်မ်ပင် ထောင်ဒဏ်တစ်နှစ်၊ ဆိုင်းငံ့ ၂ နှစ်။

- ပေးအပ်သော တာဝန်ဝတ္တရား ပျက်ကွက်မှုဖြင့် ထွက်ခွာ-ထုတ်ယူခွင့် အခန်းများ စီမံအုပ်ချုပ်သူ စီဇင်၊ ထောင်ဒဏ်တစ်နှစ်၊ ဆိုင်းငံ့ကာလ နှစ်နှစ်။

- အင်္ဂါတာဝန်ရှိ ကျူးလွန်သော တရားခံ ဇီပာန်ရှင် (သားဖွားကျွမ်းကျင်ပညာရှင်)ကိုတော့ သေဒဏ်ပေးပြီး ဆိုင်းငံ့ကာလ နှစ်နှစ်ပေးခဲ့သည်။

ဆိုင်းငံ့ကာလ ပေးထားခြင်းမှာ ယခုစိစစ်တွေ့ရှိသော အမှုအပြင် အခြားအမှုများ ကျူးလွန်ရှိခြင်း ရှိ/မရှိ ဆက်လက်စုံစမ်းရန် ဖြစ်သည်။

ညိုမြင့်လွင်(မော်ကျွန်း)

*Ref:*-
XINGUA News,
24.11.2014

---

# ဆေးရုံက ကလေးများပေးမိသဖြင့် ဖြစ်ရသည့် ကြေကွဲဖွယ်ဇာတ်လမ်း နှစ်ပေါင်း(၆၀)ကြာမှ အမှန်ပေါ်

ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်ရှိ ဆေးရုံတစ်ရုံကို လွှန်ခဲ့သော နှစ်ပေါင်း ၆၀ က လေးများယွင်းမှု တာဝန်ရှိသဖြင့် နစ်နာကြေးငွေ ယန်း ၃၈ မီလီယံ ပေးအပ်ရန် အမိန့်ချမှတ်လိုက်ကြောင်း ၂၇-၁၂-၁၃ သတင်း၌ ဖော်ပြလိုက်သည်။

အခင်းဖြစ်ပွားပုံမှာ ၁၉၅၃ ခုနှစ်တွင် တစ်နေ့တည်းပြိုင်တူ မွေးဖွားခဲ့သော ယောကျ်ားကလေးနှစ်ဦးကို မိဘအမည်များ မှားယွင်းတပ်မိသဖြင့် ကလေးများသည် မိဘရင်းမဟုတ်သူများထံတွင် ကြီးပြင်းခဲ့ကြသည်။ မှားယွင်းရောက်သွားသော ကလေးတစ်ဦးမှာ မိဘများ စီးပွားရေးကောင်းသဖြင့် တက္ကသိုလ်အထိပင် စာသင်နိုင်ခဲ့သည်။ သူ၏အောက်တွင် နောက်ထပ်ညီသုံးဦးပင် မွေးဖွားလာသဖြင့် ညီအစ်ကိုလေးယောက် ဖြစ်ကာ တစ်ခုတစ်ဝေးတည်း အရင်းဟုထင်ကာ နေခဲ့ကြသည်။ သို့ရာတွင် ညီသုံးဦးသည် အစ်ကိုအကြီးဆုံး၏ ရုပ်ရည်၊ နေထိုင်ပုံဟန်တို့မှာ ၎င်းတို့သုံးဦးနှင့်မတူဘဲ ကွဲပြားခြားနားနေကြောင်း ညီများ သတိပြုမိကြသည်။ သို့ဖြစ်၍ ညီသုံးဦးသည် လျှို့ဝှက်စွာ အစ်ကိုကြီး၏ DNA (သတ္တဝါနှင့် အပင်တို့၏ ကလပ်စည်းများတွင်ရှိသော ဇီဝလက္ခဏာဆောင် ဓာတုပစ္စည်း)ကို ဓာတ်ခွဲစစ်ဆေးသောအခါ ၎င်းသုံးဦးတို့၏ DNA နှင့် မတူကြောင်း တွေ့ရသဖြင့် အစ်ကိုကြီးသည် ၎င်းတို့သွေးသားမတော်စပ်ကြောင်း သိခဲ့ကြသည်။ သို့ရာတွင် ထိုကိစ္စကို ၂၀၀၉ တွင် သိထားကြသော်လည်း အစ်ကိုကြီးကိုပင် မပြောကြားဘဲ လျှို့ဝှက်ထားခဲ့သည်။ ညီသုံးဦးသည် အစ်ကိုကြီးကို မွေးဖွားခဲ့သော ဆေးရုံ၏ ၁၉၅၃ မှတ်တမ်းများကို ပြန်လှန်ရှာဖွေ ခြေရာကောက်ခဲ့ကြရာ ၂၀၁၂ ခုနှင့် ၎င်းတို့၏ အမှန်အစ်ကိုကြီးကို တွေ့ခဲ့ရသည်။

သို့ရာတွင် အမှန်အစ်ကိုကြီးမှာ ဆင်းရဲစွာဖြင့် လုပ်ကိုင်စားသောက်နေခဲ့ရပြီး သူ့ကို ကြီးပြင်းစေခဲ့သည့် မိဘများလည်း ကွယ်လွန်ခဲ့သလို သူ၏မိဘရင်းများလည်း ကွယ်လွန်ကုန်ကြပြီး ဆင်းရဲသားလက်ရောက် အစ်ကိုကြီးခမျာ အသက်ကြီးပြီး အတိဒုက္ခရောက်နေတော့သည်။ သူ၏ မိဘရင်းများကိုလည်း တွေ့ပင်မတွေ့လိုက်ရတော့ပေ။ အလားတူ ညီသုံးဦးနှင့် အတူနေခဲ့သည့် အစ်ကိုကြီးမှာလည်း အဆင်ပြေသော်လည်း မိဘရင်းများကို မတွေ့လိုက်ရပေ။ ဤကဲ့သို့ဖြစ်ခြင်းကြောင့် နှစ်ဦးစလုံး စိတ်ဖိစီးဆင်းရဲခဲ့ကြရသည်။ သို့ဖြစ်၍ ဆင်းရဲသားဘဝရောက်နေသော အစ်ကိုကြီး(၆၀ နှစ်)နှင့် ညီရင်းသုံးယောက်က မူလမွေးဖွားခဲ့သော ဆေးရုံကို ကလေးမှားယွင်းမှုကြောင့် နစ်နာကြေး ယန်းငွေ ၂၅၀ သန်း ပေးရန် တောင်းဆိုခဲ့သည်။ လူမှုဘဝ ဖူလုံရေးကော်ပိုရေးရှင်းက ဆေးရုံကို ဆင်းရဲသားဘဝရောက်ခဲ့ရသည့် အဘိုးအို (ညီသုံးဦး၏အစ်ကိုရင်း)ကို နစ်နာကြေးငွေ ယန်း ၃၈ သန်း ပေးရန် အမိန့်ချမှတ်ခဲ့သည်။

ညိုမြင့်လွင်(မော်ကျွန်း)

*Ref:*- Kyodo News, 27.12.2013



www.burmeseclassic.com

www.burmeseclassic.com

# စိတ္တဇလူသတ်သမားလေး

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



၁၄.၁.၂၀၁၄ ရက်၊ အင်္ဂါနေ့က စိတ္တဇကလေးပစ်ခတ် လူသေဆုံးခဲ့မှုကြောင့် ထိတ်လန့်နေသော ကျောင်းသားမိဘများအချို့ကို တွေ့ရစဉ်

အမေရိကန်နိုင်ငံသည် လက်နက်ပေါသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သေနတ်လိုင်စင်ကို အလွယ်တကူ ချပေးလေသည်။ လက်ရှိ သမ္မတ အိုဘားမားကသည်း လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်ကို အချိန်အသေမှအပ ကျန်အသေများတွင် လုံးဝမပိတ်ပင်သေးပေ။ မိဘ၊ အုပ်ထိန်းသူလူကြီးက လိုင်စင်ဖြင့် ကိုင်ဆောင်ထားသော လက်နက်ကို လုံခြုံအောင် မသိမ်းထားနိုင်သဖြင့် ပေါ့ဆမှုများကြောင့် ကလေး စိတ္တဇဝေဒနာရှင်၏ လက်ထဲသို့ ရောက်ရှိသွားပြီး ရုပ်ရှင်မှ ကူးစက်လာသောရောဂါကြောင့် သေနတ်ကိုင်ဆောင်၍ လက်တည့်စမ်းပစ်ခတ်သေ့ရှိရာ လူများသေဆုံးမှုများ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိသည်ကို တွေမြင်ကြားသိရပေသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ ဂို့(စ်)ဝဲလ် (U.S.A) မှလာသော သတင်းတစ်ရပ်တွင် စိတ္တဇဝေဒနာရှင် အမည်မဖော်ပြထား၊ အကို ၁၂ နှစ်အရွယ်ရှိ အလယ်တန်း ခုနစ်တန်းကျောင်းသားလေးတစ်ဦးသည် ၎င်းဖခင်(အုပ်ထိန်းသူ)၏ ပြောင်းဟိုသေနတ်တစ်လက်ကို ခိုးယူလာပြီး U.S.A နယူးမက္ကဆီကိုပြည်နယ်၊ ဂို့(စ်)ဝဲလ်မြို့ရှိ အလယ်တန်းကျောင်းတစ်ကျောင်းအတွင်းထဲသို့ ခိုးယူဆောင်လာခဲ့ပြီး သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကျောင်းသားလေးနှစ်ယောက် ပြင်းထန်စွာ ထိမှန်ဒဏ်ရာများရရှိ၍ ဆေးရုံသို့ တင်ပို့ထားလိုက်ရ၏။ ထိုနယ်ရှိ ရဲတပ်ဖွဲ့က ထိုစိတ္တဇကလေးကို ခေါ်ယူစစ်ဆေးပြီး စိတ်ရောဂါကုဆေးရုံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အခင်းဖြစ်သည့်နေ့ကား ၁၄.၁.၂၀၁၄ ရက်က အင်္ဂါနေ့ကဖြစ်ပြီး အခင်းဖြစ်စဉ်က အလယ်တန်းကျောင်းဆရာတစ်ဦးက အဆိုပါ စိတ္တဇဝေဒနာရှင်ကလေးအား အရဲစွန့်ကာ လက်နက်ချရန် ချော့မော့ဖျောင်းဖျပြောဆိုနိုင်ခဲ့ပြီး ရဲတပ်ဖွဲ့သို့ အပ်နှံနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

**ကေတီအောင်သိန်း**

**(ရန်ကုန်တက္ကသိုလ်)**

*Ref:-*

(i) V.O.A.

(ii) A.P. (15.1.2014)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မင်းသိင်္ခ

## အတိတ်အကြောင်း ဟောင်းသည်မရှိ(၁၁)

အခန်းဆက်ဝတ္ထုရှည်

(ယခင်လမှအဆက်)

မောင်အေးချမ်း ထမင်းဆိုင်မှ ထွက်လာသည့်အချိန်တွင် ည ၇ နာရီ ကျော်နေပြီ။ ပါလာသော သတင်းစကားကို သွားမပြော၍လည်း မဖြစ်ပေ။ ထို့ကြောင့် ထမင်းဆိုင်တန်းမှ ထွက်ပြီး အရှေ့ပိုင်းရပ်ကွက်ကို ဆက်လျှောက်သည်။

ကျောက်ဆရာ ကိုမောင်တင့်၏ အိမ်နားကိုရောက်လျှင် ဝင်းကပ်များကာရံထားပြီး တမာပင်ကြီးကလည်း အုပ်ဆိုင်းနေသဖြင့် အတော်လေးပင် မှောင်မိုက်နေသည်။ အတော်အတန်လင်းပြီး ရှင်းသည့်ဘက်ကို ကပ်လျှောက်သည်။ ရဲခိုင်နှင့် ရဲနိုင်တို့က သူတို့မိတ်ဆွေများနှင့် လူစုခွဲပြီး မောင်အေးချမ်းအား လိုက်မလုပ်ဟု မပြောနိုင်။ သူတို့က မြို့ခံဆိုတော့ မိုက်ဂုဏ်လည်းရှိနေကြ၍ လျှော့မတွက်သင့်ပေ။ ထို့ကြောင့် မောင်အေးချမ်းသည် သိပ်ပြီးအကြောင်းမရှိဘဲ ဝရန်တာတွင် ထွက်ရပ်နေကြသော ကျောက်ဆရာ ကိုမောင်တင်တို့ လင်မယားကို နှုတ်ဆက်လိုက်သည်။

"အဲဒီအနေအထား ကင်မရာပါရင် ရိုက်လိုက်ချင်ရဲ့"

ကိုမောင်တင်က သူ့မိန်းမမျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အဆင်ပြေလောက်တယ်။ ပုံကြီးချဲ့ရင်လေ"

ဟု သဘောကျစွာဖြင့်ဆိုသည်။

မောင်အေးချမ်း ရှေ့ကို ဆက်လျှောက်သည်။ သိပ်ပြီး မကြာလိုက်။ ရှေ့လမ်းချောင် မှောင်ရိပ်တွင် မဲဆိုင်းဆိုင်း လူလေးယောက်ကို မြင်၍ မောင်အေးချမ်း ရပ်လိုက်၏။

"ကဲ . . . သိုင်းသမားလား။ လက်ဝှေ့ဆရာလား။ တစ်ပွဲတစ်လမ်း စမ်းကြည့်ရအောင်ကွာ"

ရဲနိုင်၏အသံ။ တစ်ဆက်တည်းပင် ရဲနိုင် ရှေ့ကိုတိုးလာနေ၏။ ရဲနိုင်၏လက်ထဲတွင် ဘာမျှမပါ။ မောင်အေးချမ်းမသိသော နှစ်ယောက်၏လက်ထဲတွင် သံတုတ်ကိုယ်စီ ကိုင်ထားကြသည်။ ရဲနိုင်ကမူ ခပ်အေးအေးအမူအရာဖြင့် ရပ်ကြည့်နေသည်။ ဤတွင် မောင်အေးချမ်း လက်နှေးနေ၍ မရတော့ပေ။

ရဲနိုင်ကို သံတုတ်ကိုင်ထားသော တစ်ယောက်ဘက်သို့ ဆောင့်တွန်းလိုက်၏။ နှစ်ယောက်လုံး ဖင်ထိုင်ကျသွားကြသည်။ ပြီး . . . အတော်လေးလည်း နာကျင်သွားကြ၏။ နှစ်ယောက်လုံး အော်ညည်းနေကြလေသည်။ မောင်အေးချမ်းလည်း လဲမလိုဖြစ်ပြီး ယိုင်သွားသည်။ ဤသည်ကို အလစ်ဝင်လာပြီး သံတုတ်ကိုင်ထားသော လူတစ်ယောက်က မောင်အေးချမ်းအား ဖြတ်ရိုက်လိုက်ရာ ငုံ့ရှောင်လိုက်၍ မောင်အေးချမ်း၏ ချိုင်းစောင်းကို ချပ်ထိပြီး ရဲနိုင်၏ ဦးခေါင်းကိုမူ နာနာထိသွားလေသည်။

သံတုတ်သမားက မထင်မှတ်ဘဲ သူ့လူကိုထိသွား၍ အံ့ဩပြီး ငေးနေစဉ် မောင်အေးချမ်းက ဗိုက်ကို ဆောင့်ကန်လိုက်သဖြင့် ရေမြောင်းထဲသို့ ကျသွားလေ၏။ ရဲနိုင်ကား တောင့်တောင့်ကြီး ရပ်ကြည့်နေသည်။ မောင်အေးချမ်းက ရဲနိုင်ကို ခါးကကောက်ထမ်းပြီး လဲနေကြသော သံတုတ်သမားနှင့် ရဲနိုင်တို့အပေါ်သို့ ပေါက်သတ်လိုက်၏။

"ဟေး . . . ဟေး ဘာကောင်တွေလဲ။ ဘာဖြစ်ကြတာလဲ။ အားလုံး လက်မြှောက်လိုက်ကြစမ်း"

ပတ်တရောင် လှည့်လာကြသော ရဲအဖွဲ့နှင့် တန်းတိုး၏။ မောင်အေးချမ်း လက်ကိုမြှောက်ထားလိုက်သည်။ ရဲအဖွဲ့တွင် မောင်အေးချမ်းနှင့် တူဝရီးတော်သော ဂါတ်စာရေးကြီး ဦးခင်သိန်းလည်း ပါလာသည်။

"ဘာဖြစ်ကြတာလဲ။ ပြောကြစမ်း"

ဦးခင်သိန်းက မေး၏။ ရဲနိုင်က

"ကျွန်တော်တို့ လမ်းလျှောက်လာနေကြတုန်း မောင်အေးချမ်းက သံတုတ်နဲ့ ဆီးရိုက်ပါတယ်"

ဟု မောင်အေးချမ်း၏မျက်နှာကို လက်ညှိုးထိုးပြီးပြော၏။ ဦးလေးနှင့် ရဲအားလုံး၏ အဲကြည့်သည်လည်း မောင်အေးချမ်း၏အထံသို့ ပြုကျလာ၏။ မောင်အေးချမ်း တစ်ချက်ပြုံးလိုက်ပြီး . . .

"ယုတ်မာလှချည်လား ကိုရဲနိုင်။ ခင်ဗျားတို့ညီအစ်ကိုဟာ မခင်တင့်အိမ်ပေါ်မှာလည်း ထိုးကြိတ်ခဲ့ကြပြီ။ ခုလည်း ခင်ဗျားတို့က ဝိုင်းရိုက်တာကို ကျွန်တော်ရိုက်တယ်လို့ ပြောပြန်ပြီ။ ဒီတော့ သာဓကကို ကျွန်တော်ပြောဝံ့မယ်။ ကျွန်တော် လမ်းလျှောက်လာနေတုန်း ကျောက်ဆရာ ကိုမောင်တင်တို့ လင်မယားနဲ့ ရပ်ပြီး စကားပြောခဲ့ပါသေးတယ်။ ကျွန်တော့်လက်မှာ ကိုင်ပြီး သံတုတ်ပါမပါ မေးကြည့်နိုင်ပါတယ်။ ဟိုမှာ သူတို့ လင်မယား ခုထိ ဝရန်တာမှာ ရပ်လို့ရှိနေကြတုန်းပါ။ ဒီထက်ထင်ရှားတာ တစ်ခုကိုပြရရင် သံတုတ်က နှစ်ချောင်းပါ။ ကျွန်တော်က ခင်ဗျားတို့ကို သံတုတ်နှစ်ချောင်းနဲ့ ရိုက်ပါသလား။ ဟိုမှာ ခင်ဗျားလူတစ်ယောက်ရဲ့လက်မှာ သံတုတ်ကိုင်လို့ ရှိနေတုန်းပဲ"

ရေမြောင်းထဲသို့ ကျသွားသော လူ၏လက်တွင် သံတုတ်ကိုင်ထားသည်ကို ရဲအားလုံးပင် မြင်သွားကြ၏။ ထို့ကြောင့် စွပ်စွဲပြောဆိုသော ရဲနိုင် မျက်နှာ ပျက်သွားလေသည်။ ရဲနိုင်ကား သူ့လူတစ်ယောက် မောင်အေးချမ်းကို ရိုက်လိုက်သော သံတုတ် လွဲချော်ပြီး သူ့ဦးခေါင်းကို နာနာထိထားသောကြောင့် အတော်လေးပင် အီသွားပုံရသည်။ ခေါင်းမှ သွေး တောက်တောက်ကျလျက် ငိုင်၍သာနေ၏။

မောင်အေးချမ်း၏ ဆံပင်ကြားမှ စွေးခနဲတွေ့လိုက်၍ လက်နှင့်သပ်ကြည့်လိုက်ရာ သွေးစများ ပါလာ၏။ တိုလူ သံတုတ်နှင့်အရိုက်တွင် ရှောင်သော်လည်း ကောင်းစွာမလွတ်လိုက်ဘဲ ချိုင်းစောင်းအောက်နားကို ရှပ်ထိသွားသော ဒဏ်ရာမှကျသော သွေးဖြစ်သည်။ ဦးခင်သိန်း မောင်အေးချမ်း၏လက်က သွေးကို မြင်သွားသည်။

"ဟင် . . . မင်းမှာလည်း ခေါင်းကွဲသွားသလား"

"ဟိုလူ သံတုတ်နဲ့ရိုက်တာကို ရှောင်ပေမယ့် မလွတ်လိုက်ဘဲ ကျွန်

www.burmeseclassic.com

တော့်ခေါင်းကို ရှပ်ထိပြီးမှ ရဲနိုင်ရဲ့ ခေါင်းကို သွားထိတာပါ။ အဲဒါ ရှပ်ထိသွားတဲ့ ဒဏ်ရာကကျတဲ့ သွေးပါ။ သိပ်ပြီးမများပါဘူး''

"မများဘူးသာ ပြောတယ်။ မင်းလက်မှာ သွေးတွေနဲ့ပါလားကွ။ သွားမောင်တင်ဆီမှာ ဆေးတောင်းလူးလိုက်။ ဒီအမှုကိစ္စနဲ့ ပတ်သက်လို့ မင်းကိုလည်း လိုအပ်ရင် မနက်ဖြန်ခေါ်မယ်။ ဘယ်မှာ ညအိပ်မလဲ ပြောထားခဲ့ဦး''

"ကျွန်တော် စိမ်ကိန်းရုံး သွားအိပ်မှာပါ''

ဦးလေးနှင့် ရဲတပ်ဖွဲ့များသည် ရဲနိုင်တို့လူစုအား ရဲစခန်းသို့ ခေါ်သွားကြလေ၏။ မောင်အေးချမ်းလည်း ခေါင်းကဒဏ်ရာကို ကိုမောင်တင်ထံတွင် ဆေးတောင်းလူးပြီးနောက် ဦးမောင်လေးမှာလိုက်သော သတင်းစကားကို ယောက္ခမဖြစ်သူ ဦးမဲအား ပြောပြကာ မခင်တင့်အိမ်သို့ ပြန်လာခဲ့သည်။

အပြင်က ဘာသံမှ မကြားရသော်လည်း ဧည့်ခန်းတွင် မခင်တင့်နှင့် ယုမေတို့ ထိုင်၍ရှိနေကြသည်ကို တွေ့ရသည်။ မောင်အေးချမ်း၏ ခေါင်းကပတ်တီးကိုမြင်လျှင် သူတို့နှစ်ယောက် အံ့သြပြီး မျက်လုံးပြူးသွားကြ၏။ မခင်တင့်က ...

"ဟင် မောင်လေး ဘာဖြစ်တာလဲ၊ ခေါင်းမှာလည်း ပတ်တီးစည်းလို့ပါလား''

ဟု အသံတုန်တုန်ဖြင့်မေးသည်။

"ဟိုအနားက လမ်းချောင်မှာ ရဲနိုင်နဲ့ ရဲခိုင်တို့ လူစုဖွဲ့ပြီး သံတုတ်နဲ့ဝိုင်းရိုက်ကြလို့ ရှပ်ထိသွားတာပါ။ သိပ်ပြီးမများပါဘူး''

ဟုပြောပြီး မောင်အေးချမ်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဖြစ်မှဖြစ်ရလေ မောင်လေးရယ်။ ရဲနိုင်နဲ့ ရဲခိုင်တို့ကလည်း မိုက်ပဲမိုက်လှချည်လား''

ဟု အသံနိမ့်ပြောပြီး မခင်တင့်သည် မောင်အေးချမ်း၏ ခေါင်းကဒဏ်ရာကို ဓာတ်မီးနှင့် ထိုးကြည့်သည်။ ယုမေလည်း အနားသို့ရောက်လာပြီးကြည့်သည်။ မခင်တင့်က ဒဏ်ရာကို စိုက်၍ကြည့်နေသော်လည်း ယုမေကမူ ဒဏ်ရာကိုကြည့်လိုက်၊ မခင်တင့်၏မျက်နှာကို ကြည့်လိုက်နှင့် နှုတ်ခမ်းထော်လန်လေးဖြင့် အကဲခတ်၍သာနေသည်။ မခင်တင့်ကမေးသည်။

"မောင်လေး ဘယ်လိုနေသေးလဲ''

"ဘယ်လိုမှ မနေပါဘူး။ သူတို့ ကျွန်တော့်ကို ကိုမောင်တင်အိမ် ဟိုဘက်က လမ်းချောင်မှာ သံတုတ်တွေနဲ့ ဝိုင်းရိုက်ကြတယ်။ သူတို့လူတစ်ယောက် ကျွန်တော့်ကို သံတုတ်နဲ့ လွှဲရိုက်တာကို ရှောင်ပေမယ့် မလွတ်နိုင်ပဲ အဲဒီနေရာကို ရှပ်ထိသွားတယ်။ အဲဒီသံတုတ်က ကျွန်တော့်ကို ရှပ်ထိရုံနဲ့ မနေဘဲ ရဲနိုင်ရဲ့ဦးခေါင်းကိုပါ ထိသွားလို့ ရဲနိုင် အတော်လေးနာသွားတယ်။ ကင်းလှည့်လာတဲ့ ရဲအဖွဲ့နဲ့ တိုးလို့လည်း သူတို့ အဖမ်းခံလိုက်ကြရတယ်။ ဒါပေမယ့် ကျွန်တော်က တိုင်တာတောတာမရှိတော့ သူတို့ တစ်ညအပြင် အချုပ်မကျလောက်ပါဘူး။ ဒါကြောင့် မနက်စောစော မခင်တင့် သူတို့ကို အချုပ်ကသွားထုတ်လိုက်ပါ''

မခင်တင့်သည် တရှိုက်ရှိုက်ဖြင့် မောင်အေးချမ်း၏ ခေါင်းကဒဏ်ရာကို လက်ကလေးနှင့် တို့ကြည့်နေ၏။ ယုမေက ဘာမျှဝင်မပြောပေ။ တည်ငြိမ်သော မျက်နှာလေးနှင့်သာ စိုက်ကြည့်နေသည်။ မောင်အေးချမ်း၏ မျက်နှာလည်း အမူအရာပြောင်း၍ မသွားပေ။ ပကတိ အနေအထားမျှသာ။

"ပြဿနာတွေတော့ ရှုပ်ကုန်ပါပြီ။ ငါ့ဘဝမှာ ဖြေရှင်းလို့ရမယ့် အနေအထားလည်း မရှိတော့ပါဘူး''

ဟု မခင်တင့်က ညည်းသလို ပြော၏။

မောင်အေးချမ်းက တစ်ချက်ပြုံးလိုက်ပြီး –

"မခင်တင့်ရယ် ကျွန်တော့်ဘဝမှာ ဒါလေးက မဆန်းပါဘူး။ ဘဝဆိုတာ တိုက်ပွဲဝင်ဖို့ ဖြစ်လာတယ်လို့ပဲ ကျွန်တော်နားလည်ထားပါတယ်။ သေနတ်နဲ့ အဝေးကချောင်းပစ်တာကို နှစ်ကြိမ်၊ အနီးကပ် လေးနဲ့ပစ်တာကို တစ်ကြိမ်၊ ဓားနဲ့ချောင်းခုတ်တာ နှစ်ကြိမ်နဲ့ ဓားမြှောင်နဲ့ ဝင်ထိုးတာကို ခုနစ်ကြိမ် ခံဖူးပါတယ်။ ဒါကြောင့် ဒီကိစ္စလေးက သာမန်သဘောပဲ ရှိပါတယ်။ ဘယ်လိုမှလည်း မခံစားမိပါဘူး''

"ဒါ သက်သက်မဟုတ်ဘူး မောင်လေး။ မောင်လေးရဲ့ တည်ခံ့မာကျောတဲ့ စိတ်ကလေးကို သိထားလို့ ဒီကိစ္စကို အချိန်လေးနဲ့ ကုစားလိုက်ရင် ရနိုင်သေးပေမယ့် နှလုံးသားမှာ ရလာတော့မယ့် ဒဏ်ရာကို မမ ဘယ်လိုလုပ်ပြီး ကုစားလို့ ရနိုင်တော့မှာလဲ။ မမရဲ့ရင်ထဲကို ဝင်မကြည့်ဘဲ သိနိုင်တဲ့သူ ရှိပါ့မလား''

"မခင်တင့်ပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်အနေနဲ့လည်း လုပ်သင့်တာတွေကို ဆက်လုပ်ရမယ်။ မလုပ်ဘဲနေရင် တာဝန်မကျေဘူး။ ကျွန်တော် တာဝန်မဲ့လူတစ်ယောက် မဖြစ်ချင်ဘူး။ တာဝန်သိသိနဲ့ တာဝန်ရှိတဲ့လူ တစ်ယောက်ပဲ ဖြစ်ချင်တယ်။ လောကအပေါ်မှာရော၊ ဘဝနဲ့ ပတ်ဝန်းကျင်တွေမှာ တာဝန်ကျေတဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်။ ဒါမှလည်း လူဖြစ်ရကျိုးနပ်မယ်။ တာဝန်မကျေ၊ အကြွေးတစ်ထမ်းနဲ့ အနိမ့်ဆုံးလမ်းတွေကို လျှောက်လှမ်းမယ့်အထဲမှာ ကျွန်တော်မပါဘူး။ ကျွန်တော့်စကားလုံးဝမှားစေရဘူး။ မခင်တင့် စောင့်ကြည့်ပါ''

မခင်တင့်သည် မောင်အေးချမ်း၏ မျက်နှာကို ငေး၍ကြည့်နေ၏။ ယုမေကမူ အဝေးကိုသာ လှမ်းမျှော်ပြီး ကြည့်နေသည်။ မောင်အေးချမ်းက ဆက်ပြောသည်။

''မခင်တင့်ရဲ့ ရွှေပျောက်တဲ့ကိစ္စကို လခွဲလောက် စုံစမ်းခွင့်ပေးပါ။ လခွဲစုံစမ်းလို့ ရလာရင် စုံစမ်းနေတဲ့ကာလမှာ ကုန်ကျတဲ့ ငွေကြေးကို မခင်တင့် ကျခံပါ။ လခွဲစုံစမ်းလို့မှ မရရင် မခင်တင့် ကြိုက်သလိုဆုံးဖြတ်နိုင်တယ်။ ရွှေပျောက်တုန်းက အိမ်မှာရှိနေကြတဲ့ လူသုံးယောက်လုံးကို ထင်ရင် တူအရင်းနှစ်ယောက်အတွက်ကိုတော့ မခင်တင့် တာဝန်ယူပါ။ ယုမေအတွက်ကို ကျွန်တော်ပေးပါ့မယ်။ ယုမေကိုသာ ထင်တယ် ဆိုရင်လည်း ရွှေသုံးကျပ်သားနဲ့ လက်စွပ်ကျောက်တန်ဖိုးကို ကျွန်တော်ပေးပါ့မယ်။ ကံဆိုးမယုမေလေးရဲ့ ဘဝ နောက် ဘယ်တော့မှ ဒုက္ခမရောက်စေရဘူးလို့ ကျွန်တော် ကတိပေးထားတဲ့အတိုင်း ကျွန်တော် အသက်ရှင် ကျန်းမာနေသမျှကာလပတ်လုံး ယုမေကို ကြည့်ရှုစောင့်ရှောက်ပြီး မြေတောင်မြှောက်သွားမှာပါ။ အခုကိစ္စတွေအားလုံး ရှင်းပြီးလို့ မိုးဦးကျလောက်မှာပဲ ယုမေကို စာသင်ဖို့ ကျောက်ဖြူကိုပို့တော့မယ်။ ပြောခဲ့တဲ့ ရွှေပျောက်တဲ့ကိစ္စအားလုံး ရှင်းသွားပြီးတဲ့နောက် မခင်တင့်က ယုမေကို လက်မခံတော့ဘူးလို့ဆိုရင်လည်း ကျွန်တော် သင့်တော်တဲ့နေရာကို သွားပို့ထားပါ့မယ်။ ဒါကတော့ မခင်တင့်ရဲ့အပေါ်မှာပဲ မူတည်ပါတယ်''

တစ်အောင့်လေး စဉ်းစားလိုက်ပြီးနောက် မခင်တင့်ပြောသည်။

''မမလည်း ယုမေလေးကိုတော့ သံယောဇဉ်ဖြစ်နေမိတယ်။ သူ့ဖြတ်သန်းလာခဲ့ရတဲ့ အဖြစ်တွေကို ကြားရလို့လည်း ရင်ထဲနင့်မိတယ်။ ဒါကြောင့် ယုမေလေးကိုတော့ မမလည်း မခွဲချင်ဘူး။ ဒါပေမယ့် ပညာရေးကိစ္စဆိုတော့လည်း မပြောတော့ပါဘူး။ ဘွဲ့တစ်ဘွဲ့ရရှိရေးကိစ္စ ဘယ်လောက်အထိ ခဲယဉ်းတယ်ဆိုတာ မမကိုယ်တိုင်ဖြတ်သန်းခဲ့ရလို့ နားလည်ရပါတယ်။ ဒီတော့ မောင်လေး ယုမေအတွက် ပညာသင် ကာလတစ်လျှောက်လုံး ကုန်ကျစရိတ် တစ်ဝက်ကို မမကျခံမယ်ဆိုရင် မောင်လေးလက်ခံမလား''

''မလုပ်နဲ့ မခင်တင့်၊ မခင်တင့်ရဲ့စေတနာကို လေးစားမိပေမယ့် ကျွန်တော် မခင်တင့်ရဲ့တူနှစ်ယောက်နဲ့ မပတ်သက်ချင်တော့ဘူး။ တော်တော်ကို အောက်တန်းကျတဲ့ လူတွေပါ။ လူယုတ်မာလက္ခဏာအပြည့် ရှိကြတယ်။ ခုတင်က အိမ်ပေါ်က ဆင်းအသွားမှာတောင် ယုမေကို ကျိန်းသွားသေးသတဲ့။ ဂြိုဟ်ကောင်မ နင်နေနှင့်ဦး ဆိုလားပဲ''

မခင်တင့်သည် တကယ်ပင် ယုမေအား မိန်းကလေးချင်း ကိုယ်ချင်းစာစိတ်ဖြင့် ချစ်ခင်သနားမိနေဟန် ရှိ၏။ ယုမေအား ငြိမ်ငြိမ်သာသာလေး ဖက်ပြီး နဖူးဆံစလေးတွေကို နမ်း၍နေ၏။

''ဒီတော့ မခင်တင့် ကျွန်တော် ပြန်မယ်။ ဒီည ကျွန်တော် မင်းဘူး-အမ်းလမ်း စိမ်ကိန်းရုံးမှာ သွားအိပ်မယ်။ မိုးလင်းတာနဲ့ ညက အရိုက်ခံခဲ့ရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရဲစခန်းကို သွားရဦးမယ်။ ပြီးတော့ မခင်တင့်ရဲ့ ရွှေပျောက်တဲ့ကိစ္စကို စုံစမ်းမယ်။ လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး ရိုးမကိုလည်း ရံခါ သွားကြည့်ရမယ်။ မခင်တင့်ရဲ့ ရွှေပျောက်တဲ့ကိစ္စကို စုံစမ်းလို့မရမချင်း ဒီလိုမှမဟုတ်ရင်လည်း မခင်တင့်ဆီမှာ ပြောထားတဲ့ စုံစမ်းချိန်ကာလ ဆယ့်ငါးရက်မပြည့်မချင်း မခင်တင့်အိမ်ကို ကျွန်တော် မလာဘူး။ ဒီကြားထဲမှာ အကြောင်းထူးကိစ္စရှိရင်တော့ လှမ်းခေါ်လိုက်ပါ''

မောင်အေးချမ်းသည် မခင်တင့်အိမ်ပေါ်မှ ဆင်းလာခဲ့၏။ မခင်တင့်နှင့် ယုမေတို့ အိမ်ခန်းအလယ်မှာပင် ရပ်ကျန်ခဲ့ကြသည်။ အပြင်တွင် လူခြေတိတ်စပင် ပြုနေချေပြီ။ ခရမ်းချဉ်သီးသာသာမျှ အရောင်အဆင်းရှိသော လမ်းမီးရောင်ကိုအားပြုပြီး မောင်အေးချမ်း စိမ်ကိန်းရုံးဘက်သို့ လျှောက်လာခဲ့လေသည်။

☆ ☆ ☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

"ဟေး ... မောင်အေးချမ်း"

"ဗျာ ..."

အခန်းအပြင်က လမ်းဗိုလ် ဦးလှမြင့် ခေါ်သံကိုကြားလိုက်ရ၍ အိပ်ပျော်နေရာမှ လန့်နိုးပြီး ထူးလိုက်၏။

"ထတော့။ ဒီမှာ မင်းကို ဧည့်သည်တွေ စောင့်နေကြတယ်"

"ဟုတ်ကဲ့ ဆရာ"

မောင်အေးချမ်းက ကပျာကယာ လူးလိုမ့်ထပြီး စောင်၊ ခေါင်း အုံး၊ ခြင်ထောင်များကို ခေါက်သိမ်းကာ သွားတိုက်၊ မျက်နှာသစ်၊ အိမ်သာ တက်ပြီးနောက် အပြင်ခန်းသို့ ထွက်လာခဲ့သည်။ ဧည့်ခန်းတွင် လမ်းဗိုလ် ဦးမြင့်နှင့် ရဲသုံးယောက်တို့ လက်ဖက်ရည်သောက်နေကြသည်ကို တွေ့လိုက်ရသည်။

"မင်းကို ဆရာဦးခင်သိန်းက ခေါ်ခိုင်းလိုက်တယ်"

ဟု ရဲတစ်ယောက်က ပြောသည်။

"ဟုတ်ကဲ့ ကျွန်တော် အခုပဲ လိုက်ခဲ့ပါ့မယ်"

"ရေနွေးလေးဘာလေး သောက်ပါဦး။ အဲလောက်ထိလည်း အရေးမကြီးပါဘူး"

မောင်အေးချမ်း ထမင်းကြော်စားပြီး ရေနွေးသောက်၏။ ထို့နောက် လမ်းဗိုလ်ဦးလှမြင့်အား နှုတ်ဆက်ကာ ရဲသုံးယောက်နှင့်အတူ စီမံကိန်းရုံးခန်းထဲမှ ထွက်လာခဲ့ကြသည်။ မောင်အေးချမ်း ညက စိတ်နှလုံးများရှုပ်ထွေးပြီး တွေဝေနေသဖြင့် အတော်လေးညဉ့်နက်မှ အိပ်ပျော်သွားခဲ့သည်။ ထို့ကြောင့် ယခု နာရီကိုကြည့်မိရာ မနက် ရှစ်နာရီထိုးနေ၏။

စီမံကိန်းရုံးသည် မြို့ပြင်မှာ ဖြစ်၏။ ပတ်လမ်းကိုလျှောက်ပြီး ရုံးခြံဝင်းကြီးကိုဖြတ်ကာ ရဲစခန်းထဲသို့ ချိုးဝင်လိုက်ကြသည်။ ဦးလေးခင်သိန်း ရုံးခန်းအတွင်းထိုင်နေသည်ကို တွေ့ရသည်။ ဦးလေး ငုံ့ပြီး စာရေးနေရာမှ မော့်လာပြီး မောင်အေးချမ်းအား ကြည့်သည်။

"မင်း ... မနေ့ညက ခေါင်းကွဲသွားတာ ဘယ်လိုနေသေးလဲ"

"ဘာမှမဖြစ်ပါဘူး ဦးလေးရဲ့။ နည်းနည်းလေး ရှပ်ထိသွားတာပါ။ ကိုမောင်တင်ဆီက ဆေးတောင်းထည့်လိုက်ရုံနဲ့ပဲ လုံလောက်သွားပါတယ်"

ဦးလေးက ပတ်တီးကိုဖြေပြီး ကြည့်သေးသည်။ ထို့နောက် ပတ်တီးကို ပြန်စည်းပေးလိုက်ပြီး –

"မင်းဘာဖြစ်ချင်သလဲ။ ဟိုကောင်တွေကိုတော့ အချုပ်ထဲ ထည့်ထားတယ်။ သံတုတ်ထိသွားတယ်ဆိုတဲ့ အကောင်ကတော့ ဆေးရုံမှာ"

ဟုဆိုသည်။

"ဘာမှ မဖြစ်ချင်ပါဘူး ဦးလေးရာ။ ကျွန်တော်လည်း အလုပ်များတယ်။ ရုံးမတက်ချင်ဘူး"

"ဒါဆိုလည်း ပြီးရော။ နောက်ရန်မဖြစ်နဲ့။ ရန်ဆို ဝေးဝေးကရှောင်"

ဦးလေးက အပြစ်မယူလိုကြောင်းကို လက်မှတ်ထိုးခိုင်းပြီး ထိုလက်မှတ်ကို စခန်းမှူးအား တင်ပြကာ အချုပ်ခန်းထဲက မောင်အေးချမ်းအား ဝိုင်းရိုက်ကြသည့်လူများကို လွှတ်ပေးလိုက်သည်။ ထို့နောက် ဦးလေးသည် မောင်အေးချမ်းအား ဆေးရုံကြီး၏ အပြင်ဆေးခန်းကို ခေါ်သွားပြီး ခေါင်းကဒဏ်ရာကို ပြန်ပြသည်။

ကြည့်ရှုစစ်ဆေးသည့် ဆရာဝန်က –

"ဘာမှမဖြစ်ပါဘူး။ ဒဏ်ရာလို့ဆိုလောက်ရုံ အရေပြားလေး ပြဲသွားတာပါ"-

ဟုပြောပြီး ဆေးထပ်လူးပေး၏။ ထို့နောက် ပတ်တီးကိုပင် မစည်းတော့ပေ။

ဦးလေး သူ့ရုံးခန်းသို့ ပြန်သွားသည်။ မောင်အေးချမ်းလည်း ဦးလေးနောက်ကို မလိုက်တော့ဘဲ မြို့ထဲသို့ ထွက်လာခဲ့သည်။ အင်းမြို့တွင်ရှိသော အပေါင်ဆိုင်များကို စဉ်းစားသည်။ အနောက်ပိုင်းတွင် ဦးမောင်သာလှ တစ်ဆိုင်သာ လိုင်စင်ရပြီး အခြားနားလည်မှုဖြင့်လုပ်နေကြသော အပေါင်ဆိုင်များလည်း သုံးလေးဆိုင်ရှိသည်။ အောက်ရွာမှာလည်း နှစ်ဆိုင်ရှိသည်။

အပေါင်ဆိုင် အားလုံးကိုပင် ပျောက်ဆုံးသွားသော မခင်တင့်၏ လက်ဝတ်ရတနာများအကြောင်းကို ပြောပြသည်။ လာရောက်ပေါင်နှံနိုင်သောလူများကိုလည်း ခန့်မှန်းခြေအားဖြင့် ပြောပြသည်။ ထိုပစ္စည်းများကို လာရောက်ပေါင်နှံကြလျှင် မောင်အေးချမ်းလာမေးသောအခါ ထုတ်ပေးရန်နှင့် ပေါင်နှံသူကိုပေးလိုက်ရသော ငွေကြေးအပြင် အတိုးနှုန်းကိုလည်း ဆတိုးပေးရွေးမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောပြလိုက်သည်။

မောင်အေးချမ်း ပြောပြသည်ကို အပေါင်ဆိုင်ရှင်များ လက်မခံချင်ကြပေ။ ထိုခိုးမှုကိစ္စကြီး လူသိရှင်ကြားဖြစ်သွားလျှင် သူတို့အပေါင်ဆိုင် နာမည်ပျက်မည်ကို စိုးရိမ်နေကြသည်။ ထို့ကြောင့် မောင်အေးချမ်းက ဖျောင်း

www.burmeseclassic.com

ဖျပြောပြလိုက်သည်။

ဤကိစ္စသည် ခိုးမှုကြီးဖြစ်သည့်အကြောင်း၊ ခိုးမှုကြီးကို အမှန်အတိုင်း ဝန်ခံဖြေရှင်းပေးလိုက်သဖြင့် နာမည်မပျက်သည့်အပြင် နာမည်တက်မည်သာ ဖြစ်သည့်အကြောင်း၊ သည်အတိုင်းသာ ဖုံးကွယ်ပြီး အပေါင်လက်ခံနေမယ်ဆိုလျှင် နောက်လည်း ခိုးရာပါပစ္စည်းများရောက်လာနိုင်၍ တကယ်နာမည်ပျက်လာပြီး သူခိုးပစ္စည်းလက်ခံမှုနှင့်ပင် ရင်ဆိုင်လာရမည် ဖြစ်သည့်အကြောင်း၊ ယခု ပစ္စည်းပျောက်ဆုံးခြင်းနှင့် ပတ်သက်၍လည်း တိုင်ခြင်းတောခြင်းကို မလုပ်သေးဘဲ ငြိမ်းချမ်းသောနည်းဖြင့်သာ ပျောက်ဆုံးသွားသော ပစ္စည်းများကို လိုက်လံရှာဖွေနေခြင်း ဖြစ်သည့်အကြောင်း စသည်ဖြင့် ပြောပြလိုက်၍ အပေါင်ဆိုင်အားလုံးကပင် မောင်အေးချမ်း၏စကားကို လက်ခံကြ၏။

☆ ☆ ☆ ☆ ☆

"အဲလောက်ထိ အလုပ်တွေများနေတုန်း မင်းထွက်သွားမနေသင့်ဘူးကွ။ မင်းကိုအပ်ထားတဲ့ လုပ်ငန်းတွေ မင်းမရှိလို့ ဖြစ်မလား။ အလုပ်သမားတွေကလည်း တိုးတိုးလာနေတယ်။ အဲဒီအလုပ်သမားတွေကို အလုပ်မပြတ်အောင် ပေးထားနိုင်မှ ကိုယ့်မှာလည်း အလုပ်တွင်။ သူတို့မှာလည်း တွက်ခြေကိုက်မှာပေါ့"

ဝန်ထောက်ကြီးက မောင်အေးချမ်းအား ခေါ်ဆူနေ၏။ မောင်အေးချမ်းလည်း ဘာမျှမပြောသာ။ တာဝန်ပျက်နေ၍ ငြိမ်နေရ၏။ သို့သော်လည်း ဆရာသမားတို့အပေါ်၌ မိမိအားနည်းချက်နှင့် ပျက်ကွက်ခဲ့ရသည့်အကြောင်းကို တင်ပြပြီး တောင်းပန်ရန် လို၏။

"ဆရာ မခင်တင့်မှာ ရွှေသုံးကျပ် ပျောက်တဲ့ကိစ္စနဲ့ သူ့သွေးသားအတွင်း ကိစ္စတွေရှိနေလို့ မဖြစ်မနေကျွန်တော်သွားနေရတာပါ။ ဒါလေးတော့ ဆရာနားလည်ပေးပါ။ အခုလည်း ကျွန်တော် လက်ခွဲအလုပ်သမား ခေါင်းဆောင်တွေကို လိုအပ်တာ ပြောဆိုထားခဲ့ပြီး သွားရဦးမယ်။ မဖြစ်မနေကိစ္စကြီးကြောင့် ဖြင်းလို့လည်းမကောင်းတတ်လို့ ဆရာ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါဦး။ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးလည်း အားလုံးအဆင်ပြေအောင် လုပ်ထားခဲ့မှာပါ။ အလုပ်သမားစခန်းတွေ အားလုံးကိုလည်း သွားရောက်ကြည့်ရှုပြီး လိုသလို မှာထားခဲ့မှာပါ"

မခင်တင့်ကို ဝန်ထောက်ကြီးလည်း သိ၏။ မောင်အေးချမ်း ဈေးဝယ်သွားတုန်း ကြုံ၍ ဝန်ထောက်ကြီးလည်း မခင်တင့်အိမ်ကို သုံးလေးကြိမ်ရောက်ဖူးသည်။ ထို့ကြောင့် ဝန်ထောက်ကြီး တစ်အောင့်လေး စဉ်းစားလိုက်ပြီး

"အေးလေ ... ကိုယ်နဲ့ မကင်းရာမကင်းကြောင်း မိန်းမတစ်ယောက်ရဲ့ အရေးကြီးတဲ့ကိစ္စ ဆိုတော့လည်း တတ်နိုင်တဲ့ဘက်က ကူညီပေးရတော့မှာပေါ့။ ဒါပေမယ့် ကိုယ့်လုပ်ငန်းတွေကလည်း အရေးကြီးတဲ့အပိုင်းကို ရောက်နေတယ်။ ဒါကြောင့် လုပ်ငန်းတွေကိုလည်း ဂရုစိုက်လိုက်ဦးပေါ့"

ဝန်ထောက်ကြီးက ထိုမျှသာ ပြော၏။ ဝန်ထောက်ကြီးကား အလွန်စကားနည်းသည်။ စကားကို လိုအပ်မှ ပြောသည်။ အပိုလည်း ပြောလေ့မရှိပေ။ အနေအေးပြီး စကားနည်းသော ဝန်ထောက်ကြီး ဖြစ်သည်။

သို့သော်လည်း မောင်အေးချမ်းဘက်က ပေါ့၍မရပေ။ ဆရာသမားတို့၏ ငြိုငြင်ခြင်းကိုလည်း မောင်အေးချမ်းမခံလိုပေ။ လုပ်သက်တစ်လျှောက်လုံးတွင်လည်း လစ်ဟင်းခြင်း ကင်းစွာဖြင့် မောင်အေးချမ်း လုပ်ကိုင်လာခဲ့သည်။ ယခုလည်း မောင်အေးချမ်း လုပ်ငန်းအားလုံးကို လိုက်ကြည့်သည်။ လက်ခွဲအလုပ်သမားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းနှင့်စပ်ဆိုင်သောစကားများ ပြောဆိုတိုင်ပင်သလို အလုပ်သမားများကိုလည်း အိမ်အပြန်တွင် တစ်ဆုပ်တစ်ခဲ ပါသွားနိုင်ကြစေရန်အတွက် အလုပ်ကြိုးစားကြရန် တိုက်တွန်းသည်။ ဝန်ထောက်ကြီးတစ်ပိုင်တွင်ရှိသော လုပ်ငန်းခွင်အားလုံးကို နှံ့စပ်အောင် ငါးရက်တိတိမျှ သွားရောက်ကြည့်ရှုပြောဆိုပြီးမှ မောင်အေးချမ်း အမ်းကို ပြန်သည်။

အမ်းကို ပြန်သော်လည်း ကတိစကား ပြောထားခဲ့သည့်အတိုင်း မခင်တင့်၏အိမ်ကို လုံးဝမသွားဘဲ စီမံကိန်းရုံးမှာသာ တည်းသည်။ ထို့နောက် အပေါင်ဆိုင်များကိုသွားပြီး လေ့လာသည်။ မြို့ပေါ်က အပေါင်ဆိုင်များတွင် တစ်စုံတစ်ခုသော သတင်းကိုမျှ မရဘဲ အောက်ရွာက အပေါင်ဆိုင်မှာသာ ရွှေထည်ပစ္စည်းနှစ်ခုကို ရရှိလေသည်။

မိန်းမဝတ် လက်စွပ်တစ်ကွင်းနှင့် ဆွဲကြိုးတစ်ကုံးဖြစ်၏။ ရဲနိုင်၏ သူငယ်ချင်းတစ်ယောက် ငွေတစ်ထောင်နှင့် လာပေါင်သွားသည်ဟု အပေါင်ဆိုင်ရှင်က ပြောပြသည်။ အတိုးက တစ်ရာ ရှစ်ကျပ်နှုန်းဟု ပြော၍ သုံးရက်



www.burmeseclassic.com

www.burmeseclassic.com

ဒိတ်မှုသာ ရှိသေးသည်ကို မောင်အေးချမ်းက ကျေးဇူးတင်စွာဖြင့် အတိုးအရင်း ထောင့်နှစ်ရာပေးပြီး ပစ္စည်းကိုရော အပေါင်လက်ခံဖြတ်ပိုင်းကိုပါ ယူလာခဲ့သည်။

ချက်ချင်းပင် မောင်အေးချမ်းသည် မြင်းလှည်းတစ်စီးကို နှစ်ကျပ်ပေးငှားပြီး ခပ်မြန်မြန် မောင်းနိုင်းကာ ထွက်လာခဲ့၏။ ဆိုခဲ့သည့်အတိုင်း အောက်ရွာနှင့် အမ်းမြို့သည် နှစ်မိုင်မျှသာလှမ်းသောကြောင့် နာရီဝက်ပင် မကြာလိုက်ဘဲ မခင်တင့် အိမ်ရှေ့သို့ ရောက်လာ၏။

ထိုအချိန်၌ မခင်တင့်၏အိမ်တွင် ရောက်နေကြသည်မှာ မခင်တင့်၏ အစ်မကြီး၊ အစ်ကိုကြီးနှင့် ရဲခိုင် ရဲနိုင်တို့ ရှိနေကြသည်။ မခင်တင့်၏ အစ်ကိုကြီးမှာ ရဲခိုင်နှင့် ရဲနိုင်တို့၏ အဖေ ဖြစ်သည်။ ယုမေက ဧည့်ခန်းထောင့် တစ်နေရာတွင် ကြက်သွန်ရွေးနေသည်။

မောင်အေးချမ်း အိမ်ပေါ်သို့ ခပ်သုတ်သုတ် ခပ်မြန်မြန် တက်လာသည်ကို မြင်လျှင် ဧည့်ခန်းတွင် ရှိနေကြသော လူအားလုံးပင် အံ့ဩသော အကြည့်များဖြင့် စိုက်ကြည့်နေကြ၏။ မောင်အေးချမ်းက ဂျင်းဘောင်းဘီအိတ်ထဲမှ လက်စွပ်၊ ဆွဲကြိုး၊ ဖြတ်ပိုင်း သုံးခုလုံးကို ထုတ်ယူပြီး စားပွဲပေါ်တွင် ပုံလိုက်သည်။ မခင်တင့်နှင့် အစ်ကိုကြီး၊ အစ်မကြီးတို့က အံ့ဩနေ ကြပြီး ရဲခိုင်နှင့် ရဲနိုင်တို့မှာမူ ဖက်ကျိုးလှမတတ် ခေါင်းငိုက်ဆိုက်ချ၍သာ ငြိမ်နေကြလေသည်။

"ကဲ ... မခင်တင့် ကျွန်တော့်တို့ ငွေထောင့်နှစ်ရာပေးပါ။ အပိုမတောင်းပါဘူး။ ဖြတ်ပိုင်းမှာ ပါတဲ့အတိုင်း အပေါင်ဆိုင်ကို သွားမေးကြည့်လည်း ရပါတယ်။ ကျန်တဲ့ပစ္စည်းတွေကိုတော့ မခင်တင့်ကိုယ်တိုင် မေးမြန်းပြီး တောင်းယူလိုက်ပေါ့"

မခင်တင့်၏ အစ်ကိုကြီးက ဖြတ်ပိုင်းကို ကောက်ယူပြီး ကြည့်သည်။ ထို့နောက် မောင်အေးချမ်းအားမေး၏။

"ဖြတ်ပိုင်းမှာပါတဲ့ နာမည်က ဘယ်သူလဲကွ"

"ဒါတော့ ဦးကြီးရဲ့ရှေ့မှာ ရှိနေကြတဲ့ သားနှစ်ယောက်ကို မေးကြည့်ပေါ့။ ဦးကြီးရဲ့သား ကိုရဲခိုင်က ပေါင်ခိုင်းလို့ လာပေါင်သွားတဲ့လူရဲ့ နာမည်ပါ"

မခင်တင့်၏ အစ်ကိုကြီးသည် မျက်လုံးများ ပြူးဝိုင်းသွားပြီး သားနှစ်ယောက်ကို မိုးကြိုးကျသကဲ့သို့ စိုက်ကြည့်နေလေသည်။ ထို့နောက် တက်တစ်ချက်ကို ကျယ်လောင်စွာဖြင့် ခေါက်လျက် စားပွဲကို လက်သီးဖြင့် ထုကာ ထရပ်လိုက်ပြီး သူ့သားနှစ်ယောက်တို့အား -

"လက်စသတ်တော့ ငါ့သားနှစ်ယောက်က ကိုယ့်အရီးလေးရဲ့ လက်ဝတ်ရတနာတွေကို ခိုးတဲ့ သူခိုးတွေ ဖြစ်နေကြတာကိုး။ တောက် ... သေကြပေရော့ကွာ"

ဟု ကျယ်လောင်စွာဖြင့် အော်ပြောလိုက်ပြီး သားနှစ်ယောက်၏ ဆံပင်ကို ဘယ်တစ်ယောက် ညာတစ်ယောက် ဆွဲကာ နဖူးနှင့်စားပွဲ တဒုံးဒုံးဖြင့် တိုက်လေသည်။

အစ်မကြီးဖြစ်သူက ထရပ်ပြီး

"ဟဲ့ ... ရဲကြီး လွှတ်မယ်။ တော်တော့ ... ဟဲ့ ... ရဲကြီး"

ဟု အော်လည်းအော်၊ တွန်းလည်း တွန်းလိုက်မှ ရဲခိုင်နှင့် ရဲနိုင်တို့လည်း သူတို့ဖခင်၏လက်မှ လွတ်၍ နောက်ဘက်သို့ လန်ကျသွားကြလေသည်။ မခင်တင့်ကား ရှိုက်၍သာနေ၏။ ယုမေက မတ်တတ်ရပ်ပြီး ငေးကြည့်နေသည်။

ရဲခိုင်နှင့် ရဲနိုင်တို့၏ အဖေသည် ဒေါသမပြေနိုင်သေးဘဲ နောက်တောက်တစ်ချက်ကို ကျယ်လောင်စွာ ခေါက်လျက် -

"ဒီကောင်တွေကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး။ ကြာလေ အရှက်ရလေပဲ ဖြစ်မယ်"

ဟုဆိုကာ သူထိုင်နေသော ကုလားထိုင်ကို နောက်သို့ တွန်းထားခဲ့ပြီး သားနှစ်ယောက်ဆီသို့ ပြေးသွားကာ ဖနောင့်နှင့် အချက်ပေါင်းများစွာ ပေါက်လေသည်။

"ဟဲ့ ... ရဲကြီး တော်ပြီဟဲ့။ ဟိုနှစ်ကောင် ဘာလုပ်နေတာလဲ။ နင်တို့အဖေ စိတ်ကို သိကြတယ်မဟုတ်လား။ တော်ကြာ သေတော့မှာပဲ။ ထပြေးကြတော့"

ဟု သူတို့အရီးကြီးက အော်ပြောလိုက်မှ ရဲခိုင်နှင့် ရဲနိုင်တို့လည်း အပြင်သို့ ထွက်ပြေးကြလေသည်။

ထိုခဏအတွင်း ဧည့်ခန်းသည် အပ်ကျသံကိုပင် ကြားနိုင်လောက် တိတ်ဆိတ်သွား၏။ မခင်တင့်က စားပွဲနှင့်မျက်နှာ ဟပ်ထားပြီး ရှိုက်နေသည်။ အစ်မကြီးဖြစ်သူက မျက်လုံးများ ပြူးကျယ်ပြီး တူနှစ်ယောက် ထွက်ပြေးသွားကြသည့်ဘက်ကို ကြည့်လိုက်၊ မောင်ဖြစ်သူ ရဲခိုင်နှင့် ရဲနိုင်တို့အဖေကို ကြည့်လိုက်နှင့်။ ရဲခိုင်နှင့် ရဲနိုင်တို့

www.burmeseclassic.com

အဖေကမူ ဒေါသမပြေနိုင်သေးဘဲ လက်နှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ကာ အသက်ပြင်းပြင်း ရှူရှိုက်နေသည်။

မောင်အေးချမ်းက –

"ကဲ ... မခင်တင့်၊ ကျွန်တော် ပြန်မယ်။ ညနေမော်တော်နဲ့ တပ်တောင်ကိုလိုက်မယ်။ မနက်ဖြန် သင်္ဘောနဲ့ ကျောက်ဖြူကိုလိုက်မယ်။ ယုမေကို ဘော်ဒါထားမယ့်ကိစ္စပါ။ မခင်တင့် တပ်တောင်ကို မှာစရာရှိရင် စီမံကိန်းရုံးကို လာခဲ့ပါ။ ကျွန်တော် မော်တော်မထွက်ခင် နာရီဝက်အလို အထိ စီမံကိန်းရုံးမှာ ရှိနေမယ်"

ဟု ပြောလိုက်၏။

မခင်တင့် မျက်ရည်ကိုသုတ်လိုက်ပြီး သူ့အစ်ကိုနှင့် အစ်မများဘက် တစ်ချက်ငဲ့ကြည့်ကာ ...

"လာ"ဟု မောင်အေးချမ်းအား အပေါ်ထပ်သို့ခေါ်လာခဲ့သည်။ သေတ္တာကိုဖွင့်ပြီး သားရေကွင်းဖြင့် စည်းထားသော ငွေများကို မောင်အေးချမ်း၏ လက်ထဲသို့ ထည့်ပေး၏။ မောင်အေးချမ်း ရေကြည့်သည်။ ထောင့်ငါးရာဖြစ်သည်။

မောင်အေးချမ်းက ပိုသောငွေသုံးရာကို မခင်တင့်အား ပြန်ပေး၏။ မခင်တင့်က မယူဘဲ ငွေကိုရော မောင်အေးချမ်း၏လက်ကိုပါ ရောပေါင်းသိမ်းဖက်ပြီး တရှိုက်ရှိုက်ဖြင့် နမ်း၏။ မခင်တင့်ပေးသောငွေမှာ ထောင့်ငါးရာ ဖြစ်နေ၍ ဆန်း၏။ အဓိပ္ပာယ် အမျိုးမျိုးထွက်နေသည်ဟုလည်း မောင်အေးချမ်းယူဆ၏။ သို့သော်လည်း ထိုထို အဓိပ္ပာယ်များကို မောင်အေးချမ်း မဖော်လိုတော့ပေ။

မခင်တင့်သည် မောင်အေးချမ်းအား တစ်အောင့်ကြာအောင် ဖက်ထားပြီး –

"ငါ့ဘဝမှာ အချစ်ဆုံးသူတွေနဲ့ ခွဲရတော့မှာပါလား"

ဟု ဆို၏။ ထို့နောက်ငို၏။ ထို့နောက် မျက်နှာနှင့် အမူအရာကို ပြင်လိုက်ပြီး အောက်ထပ်သို့ ဆင်းလာကြသည်။ မောင်အေးချမ်း အောက်ထပ်တွင် မနားခဲ့ဘဲ အိမ်ပြင်သို့ တန်းထွက်လာခဲ့သည်။

မခင်တင့်ကို မသနား၍ မဟုတ်ပေ။ မခင်တင့်အပေါ်တွင် နားလည်မှုလည်း ရှိ၏။ သို့သော်လည်း လုပ်သင့်သည်ကို လုပ်ရမည်သာ ဖြစ်၏။ နှောင့်နှေးနေ၍ မဖြစ်ပေ။ ထို့ကြောင့် မောင်အေးချမ်း၏ စိတ်သည် သည်ညနေတွင် တပ်တောင်၊ မနက်ဖြန်ညနေတွင် ကျောက်ဖြူဟု တွန်းလျက်သာ ရှိနေလေသည်။

☆ ☆ ☆ ☆ ☆

မြစ်ပြင်လေသည်ကား တဝုန်းဝုန်း တိုက်ခတ်နေ၏။ အမ်းဗိုလ်မော်တော်ကြီးသည် ရေကိုခွဲ၍ မြစ်ကြောအတိုင်း အစုန်ပြေးလျက်ရှိသည်။ ဒီရေအကျတွင်ဖြစ်သောကြောင့် မော်တော်သည် သာ၍ပြေးသည်။ မြစ်ပြင်၌ အစုအစု ရှိနေကြသော အမှိုက်သရိုက်၊ ဒိုက်သရောများ မော်တော်ကြီးကို သီကာပွတ်ကာဖြင့် တျှန်နေခဲ့သည်။

မြစ်ပေါ်က ကျွဲမြှောင်းနေသေး၍ ဟိုအကျကမ်း သည်ဘက်ကမ်းများတွင် ကိုင်းလုပ်နေကြသော လူအတော်များများကိုလည်း တွေ့နေရသည်။ မော်တော်သံကိုကြားလျှင် ဆောင်းထားသော ခမောက်ကို မပြီး လှမ်းကြည့်သည်။ တချို့က လက်ထောင်၍ ယမ်းပြကြသည်။

တံငါလှေကလေးများ လှိုင်းပုတ်သဖြင့် နိမ့်ချည်မြင့်ချည် ရှိနေကြသည်။ ရေပျော်ငှက်ကလေးများက တံငါလှေများကို လှည့်ကာ ပတ်ကာဖြင့် ပျံဝဲနေကြသည်။ ပိုက်သမားလက်မှ လွတ်သောငါးများကို အချောင်ကောက်စားရန် ချောင်းနေကြဟန်ထင်၏။ သူတို့သည်လည်း ငှက်တံငါများသာ ဖြစ်ကြ၏။

အောက်ရွာဆိပ်ကမ်းမှ ထွက်လာသော အမ်းဗိုလ်မော်တော်သည် စခမ်းမော်၊ ဝက်မြီးတို၊ တိုက်မော်ဟု သုံးဆိပ် ကမ်းမျှသာ ဆိုက်ကပ်၍ ပါစင်ဂျာများကို တင်ပြီးနောက် တပ်တောင်ရွာကြီးကို ဒါရိုက်မောင်းသည်။ တပ်တောင်ကို ညနေ မိုးမချုပ်မီ ရောက်သည်။

မောင်အေးချမ်းသည် ဆိပ်ကမ်းဖောင်တော်ကို တက်ပြီးနောက် ငွေတောင်ကြားကားဂိတ်မှူး မောင်လှရွှေ၏ အိမ်ကို တန်းသွားသည်။ မောင်လှရွှေက မောင်အေးချမ်းနှင့် တစ်ရွာတည်းသား ကျောင်းနေဘက်ဖြစ်ပြီး မောင်အေးချမ်းအောက် အသက်အနည်းငယ်မျှ ငယ်သည်။

မောင်လှရွှေသည် ဆိပ်ကမ်းအလုပ်သမား ခေါင်းဆောင်၊ ကားဂိတ်မှူး၊ စားသောက်ဆိုင်ဟု အလုပ်သုံးခုကို ထူထောင်လုပ်ကိုင်နေ၍ အားသည်ဟူ၍ မရှိလှ။ မိန်းမဖြစ်သူ လုံးလုံးခေါ် မအေးမြသိန်းမှာလည်း ကလေးတစ်ယောက်နှင့် ဆိုင်ကို တာဝန်ယူနေရသည်။ မောင်လှရွှေသည် ဆိပ်ကမ်းလမ်းဆုံက ဗာဒံပင်အောက်



www.burmeseclassic.com

www.burmeseclassic.com

တွင် စားပွဲခင်းပြီး စာကုန်းရေးနေရာမှ မောင်အေးချမ်းလာနေသည်ကို မြင်သည်နှင့် ထလိုက်လာပြီး မောင်အေးချမ်း၏လက်က ဟင်းဘစ်အိတ်ကြီးကို လာယူကူသည်။

"အိတ်ကြီးနဲ့ပါလား။ ဘယ်ကို သွားမလို့လဲ"ဟု မေးသည်။

"မနက်ဖြန် သင်္ဘောအထွက်နဲ့ ကျောက်ဖြူကို လိုက်မလို့ကွ"

မောင်လှရွှေသည် ဆိပ်ကပ်ထားသော သင်္ဘောကြီးကို တစ်ချက်မျှ ငဲ့ကြည့်လိုက်ပြီး –

"အရေးကြီးသလား။ အရေးမကြီးရင် နောက်ပတ်မှ လိုက်လေ။ မတွေ့ကြတာလည်း ကြာပြီပဲ"

"အဲလိုနေလို့ အဆင်ပြေမှာ မဟုတ်ဘူးကွ။ မြန်မြန်သွားပြီး မြန်မြန် ပြန်မှ ဖြစ်မယ်။ ရုံးမက လမ်းအလုပ်တွေ အရေးကြီးနေတယ်။ တော်ကြာ သကြံန်လည်း ကျတော့မယ်ဆိုတော့ ပိုပြီးအလုပ်များတယ်။ ဒီတော့ မင်း သင်္ဘောလက်မှတ်တစ်စောင်နဲ့ ကုလားထိုင်တစ်လုံးလောက် ဝယ်ပေးစမ်းပါ"

မောင်လှရွှေသည် သင်္ဘောလက်မှတ် တစ်စောင်နှင့် ကုလားထိုင်ကို သူ့တပည့်တစ်ယောက်အား ဝယ်ခိုင်းလိုက်ပြီး –

"ဒါဆိုရင် ဒီမှာ လူရှုပ်တယ်။ အိမ်သွားနားနေလိုက်။ ငါဒီကအလုပ်ပြီးမှ လာခဲ့မယ်"

ဟု ပြောကာ မောင်အေးချမ်း၏အိတ်ကို သူ့တပည့်တစ်ယောက်အား ထမ်းခိုင်းပြီး အိမ်ကို လိုက်ပို့ခိုင်းလေသည်။

အိမ်ကိုရောက်လျှင်လည်း ထိုညလည်းကောင်း အလုပ်သမားများ ခရီးသည်များ ရွှပ်ယှက်ခတ်နေသလို သင်္ဘောနှင့် တင်ပို့ရမည့်ပစ္စည်း၊ ကားနှင့်တင်ပို့ရမည့် ပစ္စည်းဟု အထုပ်ပစ္စည်းများကလည်း အပုံလိုက်၊ အထပ်လိုက် ရှိနေ၏။ ထို့ကြောင့် မောင်အေးချမ်းမှာ စိတ်ပျက်နေမိသည်။

လုံးလုံးက ရေနွေးကြမ်းနှင့် ငါးခြောက်မီးဖုတ်ဆီဆမ်း လာချပေးသည်။ ထို့နောက် ရေချိုးရန် စီစဉ်ပေးသည်။ ထမင်းစားခါနီးတွင် မောင်လှရွှေရောက်လာသည်။ ထမင်းစားသောက်ပြီးနောက် မိုးချုပ်သဖြင့် မောင်လှရွှေက လူမနေသော သူ့မိတ်များအိမ်ကို လိုက်ပို့ပေးသည်။ သူ့မိတ်များက ဥယျာဉ်ထဲမှာနေကြသည်။

သူ့မိတ်အိမ်က ပျဉ်ထောင်ပျဉ်ခင်းအိမ်ကြီးဖြစ်၍ ကျယ်သည်။ အောက်ထပ်ကို ဗွီဒီယိုပြပြီး အပေါ်ထပ်ကို ရှင်းထားသည်။ မောင်လှရွှေက ခုတင်တစ်လုံးကို လက်ညှိုးထိုးပြပြီး "အဲဒီခုတင်က အားနေတယ်"ဟု ဆိုသည်။ ဖြူဖြူမှာ မောင်လှရွှေအစ်မဖြစ်သည်။ နာမည်အရင်းက မျိုးချစ်သန်း။

မောင်လှရွှေ အောက်ထပ်ကို ဆင်းပြီး ဗွီဒီယိုခွေထိုးပြနေသည်။ မောင်အေးချမ်းလည်း စိတ်ထဲတွင် မကြည်မလင်ရှိနေ၍ ထိုင်လိုက်၊ လမ်းလျှောက်လိုက်နှင့် ညဉ်းချိန် ကုန်သွား၏။ မောင်လှရွှေ ဗွီဒီယိုပြ သိမ်းပြီးနောက် အပေါ်ထပ်ကို ပြန်တက်လာပြီး အိပ်ရာလိပ်ကို ဖြန့်ခင်းကာ ခြင်ထောင်ချပေးထားခဲ့ပြီး သူ့အိမ်ကို ပြန်သွားလေသည်။

မောင်အေးချမ်း အတော်ညနက်မှ ခုတင်ပေါ်တက်အိပ်သည်။ သို့သော်လည်း ကျောချသည်နှင့် ကြမ်းပိုးထိုးလေသည်။ မောင်အေးချမ်း ဓာတ်မီးနှင့် ထိုးကြည့်သည်။ နည်းနည်းပါးပါး မဟုတ်။ ကြမ်းပိုးများ အိပ်ရာလိပ်ကြောင်းများတွင် ရဲရဲနီနေသည်။ ထို့ကြောင့် မောင်အေးချမ်း ခုတင်ပေါ်မှဆင်းပြီး ပုဆိုး၊ အင်္ကျီများကိုပါ ခါထုတ်လိုက်ရသည်။ နောက်လည်း ခုတင်ပေါ် ပြန်မတက်ရဲတော့ပေ။

ဖြူဖြူအိပ်တုန်းက အိမ်တွင်းခန်းတွင် ဖြစ်ပေလိမ့်မည်။ မိန်းမပျိုလေး အိပ်သော ခုတင်တွင် ဤကဲ့သို့လည်း ကြမ်းပိုးထိုးလိမ့်မည် မဟုတ်။ ဖြူဖြူ လင်နောက်လိုက်သွားပြီးမှ ခုတင်ကို အပြင်ထုတ်ထား၍ သူတက်အိပ်၊ ငါတက်အိပ်နှင့် ကြမ်းပိုးများ ရောက်လာပြီး အုံဖွဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မောင်အေးချမ်း ဝရန်တာ ထွက်ထိုင်နေပြီး အတော်ညနက်သည်အထိ မအိပ်ဖြစ်ပေ။ သန်းခေါင်နီးမှ ကြမ်းပြင်ပေါ် လှဲအိပ်လိုက်သည်။ ခေါင်းအုံးမျှ ပင်မရှိ၍ ဘယ်လိုမှ အဆင်မပြေသော်လည်း တစ်အောင့်အကြာတွင် အိပ်ပျော်သွားသည်။

(ဆက်လက်ဖော်ပြပါမည်။)

မင်းဟိန်းထိပ်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သွေးချောင်းက လျှံ

## မြ ဝ ဦး

(အခန်းဆက် ဝတ္ထုရှည်)

---

ယခင်လမှအဆက်

"ကျွန်တော့်ကို သူ့တပည့်တွေနဲ့ အတူ ချောင်းရိုက်ပါတယ်။ သူဟာ ဦးမဲ ကြီးပါ။ သူက အလုပ် မလုပ်ပါဘူး။ ကျွန်တော်တို့က လမ်းကြီးပြီးအောင် ကြိုးစားလုပ်ပါတယ်။ ကျွန်တော်တို့ တောင် ဝမ်းရောဂါဖြစ်လို့ မနည်းကြီး ကုရပါသေးတယ်။

"ဗိုလ်ကြီးခင်က မကြာခဏ ခေါ် သွားတယ် မဟုတ်လား"

"ဟုတ်ပါတယ် မာစတာ၊ သူက တန်ချီတွေထဲမှာ အလုပ်ကြိုးစားတဲ့ သူကို ချစ်ပါတယ်။ သူက ဒီလမ်းကြီး ပြီးရင် အင်္ဂလိပ်တွေကို အပြုတ်တိုက် နိုင်မယ်လို့ ပြောပါတယ်။ ဒါကြောင့် အလုပ်ကို နားလည်အောင် ခေါ်ပြီး သွားခဲ့ပါတယ်"

ကျွန်တော်က ဂျပန်စကားဖြင့် ပြောလိုက်ခြင်းဖြစ်၏။ ထို့နောက်တွင်ကား ကျွန်တော်တို့အား အခြား အခန်း တစ်ခန်းထဲသို့ ခေါ်သွားစေပြန်ပါသည်။

သို့တစေ ဖမ်းခေါ်လာချိန်က လောက်တော့ ကျွန်တော်တို့အား တွန်းထိုး ရိုက်နှက်ခြင်း မရှိပါချေ။

အခန်း [၁၀]

### သွေးချောင်းက လျှံ

ကျွန်တော်တို့ ရောက်ရှိနေသော အချုပ်ခန်းမှာ ပထမ အချုပ်ခန်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ရောက်ရှိ သော အချိန်တွင် ဗိုလ်ကြီးခင်မှာ ခွေး ခြေကုလားထိုင် ထိုင်နေရတုန်းပင် ဖြစ်ပါ၏။

သို့တစေ ဗိုလ်ကြီးခင်မှာ ယခု အထိ ဣန္ဒြေမပျက်သေးပါချေ။

"ခင်ဗျား တော်တော် သတ္တိကြောင် တဲ့လူဗျာ"

ကျွန်တော်က ခပ်တိုးတိုးဖြင့် ပြော ရ၏။

"ဘာ . . . သတ္တိကြောင်ရမှာလဲ။ ကျုပ် ဟန်ဆောင်ကောင်းလွန်းလို့ ငရဲ ခန်းထဲက မြန်မြန်ထွက်ရတာ နားလည် လား"

ထို့နောက်တွင်ကား ကျွန်တော်နှင့် သူသည် ပါးစပ်ပိတ်လိုက်ကြ၏။ မှန် သည်၊ စစ်ဖိနပ်သံ တစ်သံကို ကြားရ သောကြောင့်ဖြစ်၏။

သည်နောက်မတော့ ဂျပန်စစ်သား တစ်ဦးသည် ကျွန်တော်တို့အား လာ၍ ကြည့်ပြီး ပြန်ထွက်သွား၏။ သူကား အစောင့်စစ်သားပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်မတော့ အော်ဟစ်ညည်းညူသံများကသာ ကျွန်တော်တို့နားထဲသို့ စိတ်မချမ်းမြေ့စွာ ဝင်ရောက်လာတော့၏။

ထိုနေ့ညအဖို့ ကျွန်တော်တို့တစ်တွေမှာ မည်သည့် အစာအာဟာရကိုမျှ မစားသောက်ရဘဲ တံတွေးကို မျိုချကာ အိပ်စက်လိုက်ရ၏။ သို့တစေ သန်းခေါင်ကျော် အချိန်တွင်ကား ကြောက်စရာကောင်းသော အော်ဟစ်သံကြီးကြောင့် လန့်နိုးလာပြန်၏။

ကျွန်တော်က လျင်မြန်စွာ ထ၍ ကြည့်လိုက်၏။ မြင်ရသည်မှာကား ဗိုလ်ကြီးခင်မှာ ဦးခေါင်း ငိုက်စိုက်ဖြင့် ထိုင်နေတုန်းတည်း။ သို့တစေ သူ့ရှေ့ မနီးမဝေးတွင် လူတစ်ယောက်အား ဂျပန်စစ်သားနှစ်ဦးက ခေါ်သွားပြီးသော် ထိုဂျပန်နှစ်ဦး ထိုင်ချလိုက်သောအခါမတော့ ဂျပန်တစ်ဦးက မတ်တတ်ရပ် ကျန်နေသော အကျဉ်းသား၏ ဦးခေါင်းအား ဂျပန်ဓားရှည်ဖြင့် ပိုင်းဖြတ်လိုက်သည်ကို တွေ့ရ၏။

အကျဉ်းသား၏ ဦးခေါင်းပြတ်ကြီးသည် လွင့်စဉ် ထွက်သွားကာ ဗိုလ်ကြီးခင်၏ရှေ့ မနီးမဝေးတွင် ဖုတ်ခနဲကျလာ၏။

ထို့ကြောင့် ဗိုလ်ကြီးခင်သည်ပင် ရုတ်တရက် တုန်လှုပ်သွားသည်ကို တွေ့ရပေ၏။ ထိုဦးခေါင်းပြတ်ကြီးကား ကျွန်တော်တို့ ပြည်သူ့ပြောက်ကျား ရဲဘော်များထဲမှ ရဲဘော်တစ်ဦး၏ ဦးခေါင်းပြတ်လော၊ သို့တည်းမဟုတ် တော်လှန်ရေးအတွက် ခေါင်းဆောင်မှု ပေးနေသော တို့ဗမာ သခင်တစ်ဦးဦး၏ ဦးခေါင်းပြတ်လော ဟူ၍ မသိချေ။

ဂျပန်စစ်သားသည် ထို ဦးခေါင်းပြတ်ကြီးရှိရာသို့ လာကာ ဦးခေါင်းပြတ်ကြီးအား ခြေထောက်ဖြင့် ဘောလုံးကန်သကဲ့သို့ ကန်၍ ကန်၍ သွား၏။ ခပ်စောစောက ဓားဖြင့် ခုတ်လိုက်၍ ဦးခေါင်းပြတ်ထွက်သွားသော အကျဉ်းသား၏ ကိုယ်ခန္ဓာကြီးမှာ ရုတ်တရက် လဲမကျသေးဘဲ ရှိနေရာ၊ ဦးခေါင်းပြတ်သွားသည့် လည်ပင်း ငုံးတိတိ နေရာမှ သွေးများ ဒလဟော ပန်းထွက်နေ၏။

ပြီးမှ ဂျပန်စစ်သား တစ်ဦးက ထိုခေါင်းမရှိသော ကိုယ်ကြီးကို တွန်းလှဲလိုက်၏။ ဦးခေါင်းပြတ်ကြီးအား ဘောကန်သကဲ့သို့ လိမ့်ကန်သွားခဲ့သော ဂျပန်စစ်သားသည် ကန်းမြင့်ကလေးပေါ်သို့ ကန်ပို့ပြီးနောက် မြေများကို ခြေထောက်ဖြင့် ယက်ကာ ဖို့လိုက်လေ၏။

ကျွန်တော်သည် ထိုအဖြစ်ကို မြင်ပြီးနောက် မျက်လုံးများ ကြောင်ကာ အိပ်မရတော့ချေ။ ဤသို့ အိပ်မရသည့်ကြားက "အမယ်လေး အမယ်လေးဗျ ကြောက်ပါပြီဗျ သေပါပြီဗျ" ဟူသော အော်သံ၊ "ဟေ့···မင်းတို့ သတ်ပေမယ့် ငါ့ဝိညာဉ်က မသေဘူးဟေ့၊ မင်းတို့ကို ကလဲ့စားချေပြမယ် ခွေးဂျပန်တွေရ၊ မင်းတို့တွေ အားလုံးကို တို့ ရဲဘော်တွေက တို့အစား ကလဲ့စားချေပြလိမ့်မယ်ကွ အား···အား···အား" ဟူသော နောက်ဆုံး အော်သံနှင့်အတူ တိတ်ဆိတ်ငြိမ်သက်သွားပေ၏။

ဂျပန်များကား တော်လှန်ရေး ရဲဘော်တစ်ဦးအား နောက်ဆုံး ဇာတ်သိမ်းခန်းသို့ ပို့လိုက်ကြပြီဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်များ၏ ရက်စက်သော ညှဉ်းပန်းမှုအောက်မှ ရဲရဲရင့်ရင့် ရင်ဆိုင်သွားခဲ့လေသော ရဲဘော်တစ်ဦး၏ အသံကို ကြားယောင်ကာ စိတ်ဓာတ်များပင် တက်ကြွလာရ၏။

"ခင်းတို့ ဂျပန်ဖက်ဆစ်တွေကို ငါ လွတ်တဲ့အချိန်မှာ ကလဲ့စားချေပြလိုက်မယ်ကွ"

ဤသို့ ဝမ်းထဲမှ ကြိမ်းဝါးလိုက်ရင်းက လက်သီးများကို ဆုပ်လိုက်မိပါ၏။

*

နံနက် မိုးလင်းသောအချိန်တွင် ကျွန်တော်တို့ကို ခေါ်ထုတ်ပြန်၏။ ခေါ်ထုတ်သော ဂျပန်မှာ ဂျပန်တပ်ကြပ်ကြီး ဖြစ်သည်။

"ခင်ဗျားတို့နော ဒီမှာ အလုပ်ကောင်းကောင်း လုပ်ပါ"

ထို စကားကြောင့် ကျွန်တော်တို့မှာ ဝမ်းသာသွားရ၏။ မှန်သည်၊ ဂျပန်များက ကျွန်တော်တို့အား အကျဉ်းသားများ၏ သေးအိုး၊ ချေးအိုးများကို ယူကာ



www.burmeseclassic.com

www.burmeseclassic.com

သွား၍ ပစ်စေ၏။ ပြီးတော့ အခန်းများ ထဲဝင်ကာ တံမြက်စည်းလှဲစေ၏။

သို့တစေ ဂျပန်စစ်သား လက်နက်ကိုင်တစ်ဦးက ကျွန်တော်တို့၏ နောက်မှ အမြဲလိုက်နေ၏။

ကျွန်တော်တို့ကို ဂျပန်ကင်ပေများက အနည်းငယ် သံသယ ရှင်းသွားသဖြင့် ကင်ပေရုံးမှာပင် အလုပ် လုပ်နိုင်ခြင်း ဖြစ်ပေသည်။

မည်သို့ဖြစ်စေ ကျွန်တော်တို့မှာ ဂျပန်တို့၏ ရက်စက်မှုအောက်မှ ချမ်းသာခွင့်ရပြီးသော်လည်း အခိုင်းအစေဘဝသို့ ပြန်၍ရောက်နေရ၏။ ထိုနေ့နံနက်တွင် ဗိုလ်ကြီးခင်အား ရုံးခန်းတွင်းသွင်းကာ စစ်ဆေးသည်ကို တွေ့ရသည်။ ပြီး ပထမ ထိုင်ခဲ့နေသော နေရာသို့ ခေါ်သွားပြီး အထိုင်ခိုင်းထားပြန်လေသည်။

ဂျပန်စစ်သားများ ကျွေးသော ထမင်းမှာ ထမင်းတစ်ဆုပ် ရေတစ်မှုတ်တည်း။

ကျွန်တော်တို့က လင်ပန်းတစ်ချပ်တွင် ထမင်းဆုပ်ကလေးများ ထည့်ကာ အကျဉ်းသားများ၏ အခန်းတိုင်းသို့ တစ်ဆုပ်စီ လိုက်ပေးရ၏။ ပြီး. . .ရေတစ်မှုတ်စီ ခပ်ပေးရ၏။

ဂျပန်စစ်သားက ရိုင်ဖယ်ကိုင်ကာ နောက်မှပါ၏။ ရေတစ်ခွက်၊ ထမင်းတစ်ဆုပ်ထက် ပိုပြီးလျှင် အကျဉ်းသားများကိုမပေးရ။ ပေးသော် "ခူးဒါး"ဟု အော်ကာ ပါးရိုက်ခြင်း ခံရ၏။

များသောအားဖြင့် အဖမ်းခံရသူများတွင် သခင်လင်း၊ သခင်စံခင်၊ ကိုဝင်းသိန်း စသော မျိုးချစ် တော်လှန်ရေးခေါင်းဆောင်များနှင့် ဗမာ့တပ်မတော်ရဲဘော်များ၊ ဗိုလ်များ၊ တော်လှန်ရေးကို ကူညီအားပေးသော ပြည်သူ ပြည်သားများအထိ လူပေါင်း ၁၀၀ ကျော် ဖမ်းဆီးထားခဲ့ကြောင်း သိရပေ၏။

ဤသို့ သိရခြင်းမှာလည်း ဖမ်းဆီးထားခြင်းခံရသော တော်လှန်ရေးရဲဘော်အချင်းချင်း ပြောဆိုသံကြောင့် ဖြစ်ပါသည်။

အချိန်ကား ၁၉၄၅ ခုနှစ် မတ်လဖြစ်လျက် ဂျပန်များကို တော်လှန်ရန် ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ကာ တပ်ဖျောက်သွားပြီဟု သိရ၏။

ဤသို့ သိရခြင်းမှာ ဂျပန်အစောင့်မသိခင် အဖမ်းခံ၊ အညှဉ်းဆဲခံကာ လက်နှစ်ဖက်စလုံး အဖြတ်ခံထားရသော မသေမရှင် ဖြစ်နေသည့် ရဲဘော်တစ်ဦးက အော်ဟစ် ပြောခြင်းကြောင့် သိရခြင်းဖြစ်၏။

"တို့ တပ်မတော်တွေ တပ်ဖျောက်ပြီဟေ့၊ မင်းတို့ ခွေးဂျပန်တွေလည်း သေဖို့ ပြင်ထားကွ"

ထိုရဲဘော်သည် အော်ဟစ်ရင်းက အုတ်နံရံကို ခေါင်းဖြင့် ဆောင့်ကာ သူ့ကိုယ်သူ သတ်သေသွားပေ၏။

ဂျပန်တို့အား ယခုအခါတွင် တစ်ပြည်လုံးက တော်လှန် တိုက်ပွဲဝင်နေပြီကိုလည်း ကျွန်တော်တို့ တဖြည်းဖြည်း သိလာရ၏။

မှန်သည်။ ကျွန်တော်တို့နှစ်ဦးသည် ထမင်းဆုပ်များနှင့် ရေများကို ယူကာ အညှဉ်းဆဲခံ ဖမ်းထားသူများဖြစ်သော သခင်ခေါင်းဆောင်များကို သွား၍ ပို့လေတိုင်း လျှို့ဝှက်စွာ ဂျပန်မမြင်အောင် ထမင်းဆုပ်ကို ပို၍ပေးရ၏။ တဖြည်းဖြည်းနှင့်လည်း ရင်းနှီးလာခဲ့ပါလေသည်။

ဂျပန်များက ကျွန်တော်တို့အား ဖမ်းဆီးလာရာမှ ယခုအခါတွင် အပြစ်မရှိဟု ထင်သဖြင့် လွှတ်ကာ ထမင်းနှင့်ရေများ ပို့ခိုင်းခြင်း၊ အကျဉ်းသားအခန်းများတွင် ဝင်ကာ တံမြက်စည်းလှည်းရခြင်းအကြောင်းကို အဖမ်းခံအာရုလူငယ်ခေါင်းဆောင်နှင့် သခင်များကို လျှို့ဝှက်စွာ ပြောကြားရ၏။

"အေး. . .ဒါပေမဲ့ မင်းတို့နှစ်ယောက် သတိထား။ သူတို့က မင်းတို့ကို ဒီလိုခိုင်းပြီး ဘယ်လိုများ ဆက်သွယ်မလဲလို့ တိတ်တိတ်ကြည့်နေလိမ့်မယ်။ သတိထား"

သခင်လင်းကြီးထံသို့ ထမင်းဆုပ်ကလေးများ သွား၍ ပို့သောအခါဝယ် ထမင်းယူရင်းက ခပ်တိုးတိုး ပြောလိုက်ခြင်းတည်း။

www.burmeseclassic.com

သခင်လင်းကြီး၏ မျက်နှာကို ဂျပန်များက ရိုက်နှက်ထားသောကြောင့် ဖူးရောင်နေ၏။ ပြီး သွားများပါ ကျိုးနေကာ ကြာပွတ်ဒဏ်ကြောင့် တစ်ကိုယ်လုံး သွေးသံရဲရဲ ဖြစ်နေ၏။

အပေါ်အင်္ကျီ မရှိဘဲ ကွန်ကရစ်ကြမ်းပြင်တွင် သည်အတိုင်းပင် ပစ်ထား၏။ သခင်လင်းကြီးကို အခြားခေါင်းဆောင်များနှင့် အတူမထားဘဲ သီးသန့် အချုပ်ခန်းကလေးထဲတွင် ဂျပန်များက ထည့်ထားခဲ့ပေ၏။

အချို့ သခင်ခေါင်းဆောင်များကိုမူ ရေနွေးဖြင့် မျက်နှာကို ပက်ထားကာ လက်များကို ရေနွေးဖြင့် စိမ်လိုက်ခြင်းကြောင့် လက်သည်းများ ကွာပြီးသော် ဖူးရောင်နေပေ၏။

အာရှလူငယ် တိုင်းမှူးကြီး ကိုဝင်းသိန်းမှာ အင်္ကျီ အဝတ်အစားများ ချွတ်ကာ သူ၏ အချုပ်ခန်းထဲဝယ် လက်ကောက်ဝတ်ကို ကြိုးဖြင့် ချည်၊ တွဲလောင်း ဆွဲထားပေ၏။ ဂျပန်များက ဝင်ရောက် ရိုက်နှက်ကာ မေးတိုင်း ဂျပန်များကို အော်ဟစ်ကာ ရှိနေ၏။ သို့တစေ ဂျပန်များက ရက်စက်စွာ မျက်နှာကို မီးတုတ်ဖြင့် မီးမြှိုက်ခဲ့ရာ "အား အား"ဟု အော်ကာ တွန့်လိမ်နေပေ၏။

မျက်နှာတွင် မည်းသွားကာ တစ်ခဏချင်း ဖူးရောင်လျက် အသားရေများကွာကျကုန်တော့၏။

ထိုသို့ ညှဉ်းဆဲခြင်းများကို ကျွန်တော်တို့ ထမင်းသွားပို့တိုင်း တွေ့ရ၏။ အမှန်တော့ အလွန်အကျွံ အနှိပ်စက်ခံထားရသော အာရှလူငယ်ခေါင်းဆောင်များနှင့် သခင်ခေါင်းဆောင်များကား လုံးဝပင် ထမင်းမစားနိုင်ပြီ။

ကျွန်တော်တို့မှာလည်း နေ့တွင် လုပ်စရာရှိသည်များကို လုပ်ရပြီးသော် ညပိုင်းတွင်မူ အချုပ်ခန်း တစ်ခန်းတွင် သော့ခတ်ကာ လှောင်ထားခြင်းခံရ၏။ ကျွန်တော်တို့ နောက်ထပ် ပြောင်းရွှေ့ အိပ်ရသော အိပ်ခန်းမှာ မော်တင်လိမ်းကျောင်းကြီး၏ အောက်ထပ်ရှိ လူသတ်ကျင်းတည်ရာနှင့် ကပ်နေပေ၏။

ထို့ကြောင့်ပင် ညတိုင်း ခေါ်ထုတ်ကာသတ်နေသော အကျဉ်းသမားများကို တွေ့နေရ၏။ ပြီး ဗိုလ်ကြီးခင်မှာလည်း ၃ ရက်လုံးလုံး ပထမထိုင်သော ထိုင်ခုံမှာပင် ထိုင်လျက် တွေ့နေရ၏။ အရင်ကလောက်တော့ မလန်းဆန်းတော့ချေ။ တဖြည်းဖြည်း ခါးကိုင်းကျနေပေပြီ။ ၃ ရက်မြောက်နေ့ ညနေစောင်း ၅ နာရီတွင် ကျွန်တော်တို့ကို အချုပ်ခန်းထဲသို့ ပြန်သွင်း၏။ ဤသို့ အချုပ်ခန်းထဲသို့ ပြန်သွင်း၍ ပြတင်းပေါက်မှ ကြည့်လိုက်မိသည်နှင့် ဂျပန်ကင်ပေနစ်ဦးက သခင်ခေါင်းဆောင်တစ်ဦးအား ညှပ်၍ လူသတ်ကျင်းဆီသို့ ခေါ်လာပေ၏။

"ခင်ဗျား ဖော်ပြောပါ။ ပြောက်ကျားစခန်း ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

"သခင်ခေါင်းဆောင်တွေ ဘယ်မှာ ပုန်းနေသလဲ၊ ပြောပါ"

"မသိဘူး"

"ခင်ဗျား ပြောရင် မသတ်ဘူး"

"ကျုပ်မှ မသိတာ၊ မပြောနိုင်ဘူး"

ဂျပန် ကင်ပေနစ်ဦးက တရွေ့ရွေ့ တွဲကာ ညှပ်၍ လူသတ်ကျင်းတည်ရာ ကုန်းမြင့်ကလေးဆီသို့ ခေါ်လာ၏။

လူသတ်ကျင်းနှင့် ကျွန်တော်တို့ အချုပ်ခန်းမှာ ပေ ၂၀ ခန့်သာကွာပါမည်။ ထို့ကြောင့်လည်း ထင်ထင်ရှားရှား မြင်ရ ကြားရ၏။

လူသတ်ကျင်း၏ အနီးတွင် ကင်းတဲကလေးရှိ၏။ ထိုတဲတွင် ဂျပန်စစ်သား အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် အစောင့်တစ်ဦးရှိတယ်။ ထို ဂျပန်အစောင့်သည် ဂျပန်ဓားရှည်ကို ညာဘက် ပခုံးပေါ်ထမ်း၍ မားမားကြီး မတ်တတ်ရပ်နေ၏။

တဖြည်းဖြည်းနှင့် သခင်ခေါင်းဆောင်အား မေးမြန်းလာသော ဂျပန်နှစ်ဦးသည် လူသတ်ကျင်း တိမ်တိမ်ကလေးထိပ် ရောက်သော် မတ်တတ်ရပ်လိုက်ကြ၏။

ဤတွင် ဓားရှည် ထမ်းထားသော ဂျပန်စစ်သား အရပ်မြင့်ကြီးက ပြို

www.burmeseclassic.com

ရပ်ကာ ဦးခေါင်းညွတ်၍ "ဂေါ်ကုရခပ်" ဟု ပြောလိုက်၏။

"ဟိုက်···ဂေါ်ကုရခပ်"ဟု ဂျပန် ကင်ပေများကလည်း ပြန်ပြောကာ အကျဉ်းသား သခင်အား "မှန်မှန်ပြောပါ" ဟု မေးနေ၏။

ဓားကိုင်ထားသော ဂျပန် လက်မရှံ့ကြီးမှာလည်း မားမားရပ်နေ၏။ ထို လက်မရှံ့ကြီးသည်ပင် ကျွန်တော်တို့ ပြည်သူ့ပြောက်ကျား ခေါင်းဆောင်များ နှင့် တပ်မတော် ရဲဘော်များ၊ အာရ လူငယ် ခေါင်းဆောင်များ၊ သခင်များကို အဘယ်လောက် ခေါင်းဖြတ်ကာ သတ်ခဲ့ပြီးသည်ကို မသိနိုင်ပါချေ။

ကျွန်တော်တို့မှာ အချုပ်ခန်းတွင်းမှ အသည်းတယားယားဖြင့် ကြည့်နေရပါ၏။

"ခင်ဗျား ပြောရင် မသေဘူး"

"ကျုပ် မသိပါဘူး"

သခင်ခေါင်းဆောင်ကား ဖွဲကြီးလှပါ၏။ တော်လှန်ရေး ရဲဘော်များအပေါ် သစ္စာရှိလှပါ၏။

"ခင်ဗျား မှန်မှန်ပြောပါ။ ခင်ဗျားတို့ သခင်ထဲက ဖွင့်ပြောနေပြီ"

ထိုအချိန်တွင် မတ်တတ်ရပ်ကာ မေးနေတုန်း။ ဂျပန် အစောင့်ကလည်း ဂျပန် ဓားရှည်ကို ထမ်း၍ သတိအနေ အထား ရပ်နေတုန်းပင်။

"ဘယ်သူလဲ၊ ကျုပ်တို့အထဲမှာ သစ္စာဖောက် မရှိပါဘူး"

"ဟဲဟဲ သခင်ထဲကပေါ့ကွ"

"မယုံဘူး၊ မယုံဘူး"

"ခင်ဗျား ဖွင့်ပြောပါ"

"ကျုပ် မသိဘူး"

ထိုသို့ သခင်ခေါင်းဆောင်က ပြောလိုက်ပြီးချိန်ဝယ် သခင်ခေါင်းဆောင်၏ ဘေးမှ ဂျပန် ကင်ပေ စစ်သား ၂ဦး သည် ရုတ်တရက်ပင် "ကီရိစ"ဟု အော်လိုက်ပြီး ထိုင်ချလိုက်၏။

သို့စက္ကန့်ပိုင်းကလေး အတွင်းမှာပင် ဓားရှည်ထမ်းကာ မတ်တတ်ရပ်နေသော ဂျပန် လက်မရှံ့စစ်သားကြီးသည် လက်ထဲဝယ် ဓားမြှောက်ကာ တစ်ဦး ထီးတည်း မတ်တတ်ရပ်ကျန်ခဲ့သော သခင်ခေါင်းဆောင်၏ လည်ပင်းအား ဓားဖြင့် ခုတ်ပိုင်းချလိုက်၏။

သခင်ခေါင်းဆောင်၏ လည်ပင်းမှ ဦးခေါင်းကြီးသည် ရုတ်တရက် ပြတ်ထွက် လွင့်စဉ်သွားသည်။

ကိုယ်ခန္ဓာကြီးမှာ ရုတ်တရက် လဲကျမသွားပေ။ နောက်မှ တွန်းချလိုက်ရ၏။ လွင့်သွားသော ဦးခေါင်းပြတ်ကြီးမှာ ကျွန်တော်တို့ အချုပ်ခန်းနှင့် ကပ်လျက်တွင် ကျလာသောကြောင့် ကြည့်လိုက်ရာ မျက်လုံးများပြူးကာ မျက်တောင်များ ခတ်နေသည်ကိုပင် ကျွန်တော်တွေ့လိုက်ရသဖြင့် ရင်ထဲဝယ် ဒိန်းခနဲ ဆောင့်သွားပါချေ၏။

ဂျပန်ကင်ပေ စစ်သားတစ်ဦးက ပြေးလာပြီးသော် သခင်ခေါင်းဆောင်၏ ဦးခေါင်းပြတ်ကြီးကို စစ်ဖိနပ်ဖြင့် ဘောကန်သကဲ့သို့ ကျင်းရှိရာ ကန်သွားသည်။

သွေးများကား အိုင်ထွန်းလျက် ကျန်နေပါချေပြီတကား။

*

ဂျပန် ဖက်ဆစ်စစ်သားများ၏ ရက်စက်မှုသည် အတိုင်းအတာ မရှိအောင် ရက်စက်လွန်းသည်။

ကျွန်တော်နှင့် ကိုအောင်သန်းအား လူသတ်ဖို့အတွက် ကျင်းများကို အတူး ခိုင်းသည်။ ထို ကျင်းများတွင် လူသေ အလောင်းများကို တစ်လောင်းပြီး တစ်လောင်း ထပ်၍ ထပ်၍ မြှုပ်ခဲ့သည်။

ညတိုင်း ညတိုင်းပင် အကျဉ်းသား အချို့ကို ဂျပန်စစ်ကားများဖြင့် ခေါ်ထုတ်သွားကြ၏။ ဤသို့ ခေါ်ထုတ်သွားခြင်းမှာလည်း အကျဉ်းသားများအတွက် လွတ်မြောက်သော နယ်မြေသို့ ပို့လိုက်ခြင်းသာဖြစ်၏။ လွတ်မြောက်သော နယ်မြေဟုခေါ်နေခြင်းမှာ ဂျပန် ကင်ပေအရာရှိ ဗိုလ်မောင်မောင်က သခင်ခေါင်းဆောင်များအား "ခင်ဗျားတို့ကို လွတ်မြောက်သော နယ်မြေဆီပို့ပေးမယ်"ဟု ပြောလေ့ရှိသည်။ လွတ်မြောက်သောနယ်မြေဆိုသည်မှာ လူ့ဘဝ အပြီးအပိုင် တစ်ခါတည်း လွတ်မြောက်သွားခြင်းသာ ဖြစ်သည်။

ဗိုလ်ကြီးခင်အား တစ်နေ့သော နံနက် ၈ နာရီတွင် စစ်ကားဖြင့် အပြင်သို့ ခေါ်ထုတ်သွားခဲ့လေသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့မှာ ဗိုလ်ကြီးခင်အတွက် အလွန် စိတ်မကောင်းဖြစ်၍ သတ်ရန်ခေါ်ထုတ်သွားလေသလောဟု စိုးရိမ်နေမိ၏။ ထိုသို့ ခေါ်ထုတ်သွားသောနေ့မှာပင်လျှင် လူတစ်ယောက်အား ဂျပန်ကင်ပေတိုင်များက ကြိုးများဖြင့် တုပ်ကာ ဖမ်းဆီးလာပေ၏။

ထိုသူ၏ မျက်နှာမှာ ဖူးဖူးရောင်နေသောကြောင့် မည်သူမည်ဝါဟူ၍ပင် မသိနိုင်ပါချေ။ သူ့အား ချက်ချင်းပင်လျှင် ငရဲခန်းသို့ ပို့လိုက်သည်။ ငရဲခန်းထဲတွင်လည်း မည်မျှ ရက်စက်နေသည်တော့ မသိချေ။ အလွန့် အလွန် နာကျင်လှသော ဝေဒနာကြောင့် အော်ဟစ်လိုက်သည့် အသံတစ်သံကို ကြားရသည်။

ထို့နောက်တွင်ကား ထိုလူအား ငရဲခန်းထဲမှ ဂျပန်ကင်ပေနှစ်ဦးက ခြေထောက်နှစ်ချောင်းကိုင်ကာ တရွတ်တိုက်ဆွဲလာ၏။ ထိုလူ ဝင်လာစဉ်က အင်္ကျီလုံချည် အပြည့်အစုံ ဖြစ်သော်လည်း ယခုအခါ မရှိတော့ချေ။ လက်နှစ်ဖက်စလုံးအား ရက်စက်စွာ မီးမြှိုက်လိုက်ပုံရသဖြင့် မီးလောင်ဖုကြီးများနှင့် အရေခွံများကွာကာ သတိမေ့လာပေ၏။

ဂျပန် ကင်ပေစစ်သား နှစ်ဦးတို့သည် ထိုလူအား ခွေးသေကောင်လင်းတ ဆွဲသလို ဆွဲယူလာခဲ့ပြီးနောက် ကျွန်တော်တို့ကို ထားသော အချုပ်ခန်းနှင့် မျက်စောင်းထိုး အခန်းတွင်းသို့ တံခါးဖွင့်ကာ ပစ်သွင်းလိုက်တော့၏။ သည့်နောက်တော့ တံခါးကိုပြန်ပိတ်ကာ တဟားဟား ရယ်မောလျက် ထွက်သွားကြသည်။

ထိုသူ့အား ကြည့်ကာ ကျွန်တော်တို့မှာ စိတ်မသက်သာလှအောင် ခံစားနေရ၏။ အချုပ်ခန်းတစ်ခန်းမှ "ရဲဘော်တစ်ဦး တိုးလာပြီဟေ့"ဟု အော်လိုက်သေး၏။

ကျွန်တော်တို့ကို အချုပ်သားများအား ထမင်းကျွေးချိန်မှ အခန်းတံခါးဖွင့်ပေးပြီးသော် ကင်ပေတိုင် ဗွာနချုပ်အတွင်းရှိ ထမင်းဖိုမှ ထမင်းထည့်ထားသော လင်ပန်းများ ယူခဲ့ရသည်။ ထမင်းချက်သော စားဖိုမှူး ဂျပန်စစ်သားဝဝကြီးသည် ထမင်းများကို သူကိုယ်တိုင် လက်ဖြင့် ဆုပ်၍ ဆုပ်၍ ပေးကာ စေတနာသဒ္ဓါ ရက်ရောစွာဖြင့် ဆားကလေးကိုပါ ဖြူးပေးလိုက်သေး၏။

ထို ထမင်းဆုပ်များကား လူတစ်ယောက်အား ထမင်းတစ်ဆုပ်စီ ပေးရမည်ဖြစ်၏။ မှတ်မိသလောက် ထမင်းဆုပ်ပေါင်း ၇၅ ဆုပ်မျှ ဆုပ်၍ ဆုပ်၍ ပေးရသည်။ ကိုအောင်သန်းက ရေပုံးကို ဆွဲ၍ လိုက်ရ၏။ ဂျပန်အစောင့်စစ်သားက နောက်မှလိုက်လာသည်။

အခန်းတစ်ခန်းလျှင် လူ၃ယောက်၊ ၅ ယောက်အထိ ချုပ်ထား၏။ နံနက်စာ ထမင်းတစ်ဆုပ်နှင့် ညစာ ထမင်းဆုပ်တစ်ဆုပ်သာ ရကြ၍အဘယ်မျှလောက်ဆာလောင် မွတ်သိပ်နေကြမည်ကို တွေးကာ ရင်ထုမနာ ဖြစ်နေရသည်။ ကျွန်တော်တို့ကိုယ်တိုင် ထမင်းတစ်ဆုပ်သာစားရသော်လည်းအခွင့်အရေးရသော အခါတွင်ကား ထမင်းတစ်ဆုပ် ပို၍ စားသောက်ရ၏။

နံနက် ၈ နာရီမှာ စစ်ကားဖြင့် ခေါ်ထုတ်သွားလေသော ဗိုလ်ကြီးခင်အား ဂျပန်များက သတ်လိုက်လေပြီလောဟုလည်း တွေးတောနေမိသည်။ ထမင်းဆုပ်များ လိုက်လံပေးရသော အခါမှပင် ပိုမို စိတ်ထိခိုက်မိကာ ဝမ်းနည်း၍ မဆုံးပါချေ။

မှန်သည်။ ထမင်းဆုပ်များကို လိုက်လံ ပို့ရစဉ်ဝယ် "ဗျို့ ကိုအောင်သောင်း တော်တော်ခံလိုက်ရပြီလား၊ စိတ်မပျက်နဲ့ဗျို့ ကျုပ်တို့လည်း ခင်ဗျားလိုပဲ၊ အခုနေအခါမှာ မြန်မြန်သေသွားရင် မြန်မြန်ကောင်းလေပဲ" ဟု တစ်ဖက်သော အချုပ်ခန်းမှ ပြောလိုက်သကဲ့သို့-

"ဟုတ်တယ် ဝင်းသိန်း၊ ဒါထက်တို့ရဲဘော်တွေ သစ္စာရှိတာ ငါတော့ သိပ်ဝမ်းသာတယ်ကွာ"

"စိတ်သာချ၊ ကျုပ်တို့အားလုံးဆီက သူတို့ စကားတစ်လုံးမှတော့ ရမှာမဟုတ်ဘူး။ မျက်လုံးတစ်လုံးပဲ ဖောက်လို့ရကြမယ်။ ကျုပ် မျက်လုံးတော့ ညထဲက အဖောက်ခံလိုက်ရပြီ"

"အင်း . . . ကျုပ်လက်လည်း မကောင်းတော့ပါဘူး။ အခုနပဲ မီးထဲကို



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တွေက ထိုးထည့်လိုက်လို့ လက်နှစ်ဖက်စလုံး တံတောင်ဆစ်ကနေပြီး အသားတွေ ကြေကျကုန်ပြီ။ အခု သွေးတွေ တော်တော်ထွက်နေပြီဗျ။ ကျွတ်ကျွတ် . . . တော်တော်ခံရတယ်ဗျာ”

“ဒါ အစ ရှိသေးတယ်ဗျာ။ ဒါထက် လုံခြုံပါသေးရဲ့လား။ ပါရင်ကြီးကွင်း လုပ်လိုက်တာပေါ့”

“ဘယ်ပါတော့မလဲဗျာ”

“အင်း . . . ဟုတ်သားပဲ၊ လုံချည်အကျႌ ပေးထားရင် ကျုပ်တို့ မြန်မြန်သေသွားကြမှာ စိုးရိမ်တယ်ဗျ။ ဒါကြောင့်အားလုံး ချွတ်ထားတယ်”

ကျွန်တော်တို့မှာ ထိုစကားများကို ကြားရသောကြောင့် စိတ်မချမ်းသာအောင်ဖြစ်နေရ၏။ တစ်ဖန် ထိုကိုအောင်သောင်းမှာ ပြည်သူ့ပြောက်ကျားခေါင်းဆောင် တပ်ရင်းမှူးဖြစ်ကာ အာရှလူငယ် တိုင်းမှူးကြီးဖြစ်သော ကိုအောင်သောင်းပင် ဖြစ်လေသလောဟု စိုးရိမ်မကင်း ဖြစ်ကြရသည်။

နောက်ဆုံး အစောင့် ဂျပန်စစ်သားက “အဘိမ္မော စကားများများ မပြောပါနဲ့”ဟု ဝိတ်လိုက်သော အခါမှ ပင်စကားနေးသွား၏။ သို့တစေ ဆက်သက်ပြောမြဲ ပြောနေသည်။

ကျွန်တော်တို့က ထမင်းဆုပ်များကို ဆေးနေစဉ် “အာရှတိုင်းမှူးကြီးလား”ဟု အခြား အခန်းများက မေးကြရာ “ဟုတ်တယ်၊ အာရှတိုင်းမှူးကြီး ကိုအောင်သောင်းဗျ”ဟု ကိုဝင်းသိန်းက တစ်ဖက်သော အခန်းသို့ ပြန်ပြောလိုက်သောကြောင့် -

“အာရှတိုင်းမှူးကြီး ကိုအောင်သောင်း ရောက်လာပြီဟေ့”

“ရဲဘော်ကြီးကို အလေးပြုပါတယ်ဗျို့”

“အလေးပြုပါတယ်ဗျို့”

အခန်းတိုင်း အခန်းတိုင်းရှိ နိုင်ငံရေးအချုပ်သား အားလုံး၏ ဆူညံသော အသံများက ပေါ်ထွက်လာကြ၏။

အကျႌလုံချည် လုံးဝမရှိဘဲ အရိုးပေါ် အရေတင်နေသော နိုင်ငံရေးအချုပ်သား တစ်ဦးက သံတိုင်ကို လက်ဖြင့် တကျိုင်းကျိုင်း ဆွဲကာ “တိုင်းမှူးကြီးကိုအောင်သောင်းအား အလေးပြုပါတယ်” ဟု အော်နေရာ ဂျပန်စစ်သားအစောင့်သည် ပြေးသွားကာ “ခူးဒါးဗာကဲရိုး” ဟူ၍ ဆဲရေးလိုက်ပြီးသော် သေနတ်ဒင်ဖြင့် သံတိုင်ကြားမှနေ၍ အော်ဟစ်နေသော နိုင်ငံရေး အချုပ်သားအားဆောင့်ထိုးလိုက်၏။

ထို နိုင်ငံရေး အချုပ်သမားမှာလည်း အားခန့်အော်ကာ အချုပ်ခန်းတွင်းသို့ လဲကျသွားရပါလေတော့သည်။

ထိုနေ့လောက် စိတ်မချမ်းသာ ဖြစ်ရခြင်းများကို ကျွန်တော့်ဘဝတွင် မတွေ့ရသေးချေ။

သခင်လင်းကြီး၏ အခန်းဆီသို့ မရောက်မီ အညှဉ်းဆဲခံနေရသော သခင်များ၊ အာရှ လူငယ်ခေါင်းဆောင်များအခန်းသို့ ကျွန်တော်တို့သွားကာ ထမင်းဆုပ်များ ပို့သော်လည်း ထမင်းများ မစားနိုင်ကြတော့ချေ။

သခင်လင်းကြီး အခန်းသို့ရောက်သောအခါတွင်ကား သခင်လင်းကြီးကို မတွေ့ရတော့ချေ။

ကျွန်တော်တို့၏ ရင်များသည် ဟာခနဲ ဖြစ်သွားချေသည်။

“သွားချေပြီ” ဟုသာ တွေးလိုက်မိသလို တစ်နည်းအားဖြင့် ဝမ်းသာသွားမိပါသေး၏။ ဤသို့ ဒုက္ခခံစားနေရမည့်အစား မြန်မြန်သာ ဇီဝိန်ချုပ်သွားရခြင်းကပင် မကောင်းပါလား။

အခြားသော အချုပ်ခန်းများသို့ ကူးပြောင်းခဲ့ရာ မနေ့က တွေ့ခဲ့ရသော သခင်စံခင်၏ အခန်းတွင် သွေးကွက်ကြီးကသာလျှင် ကျွန်တော်တို့အား နှုတ်ဆက်နေပါချေတော့၏။

ကျွန်တော်တို့၏ ခြေလှမ်းများ ယိမ်းယိုင်သွားကာ မျက်လုံးများပင် ပြာဝေ၍ သွားရသည်ဟု ထင်မိပါချေ၏။

*

တစ်ညတွင် သံတံခါးများကို ဖွင့်၍ ဂျပန်ကင်ပေစစ်သားများက ကျွန်တော်တို့နှစ်ဦးအား ခေါ်သွား၏။ ထိုနောက်တွင်ကား ကားတစ်စင်းပေါ်သို့ တင်၍ ခေါ်သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

သည့်တစ်ခါတော့မှ ကျွန်တော်တို့ နှစ်ဦးကို မော်လမြိုင် ထောင်ကြီးသို့ ပို့လိုက်ခြင်းဖြစ်သည်။

အထူး ကုသိုလ်ကံကောင်းခြင်းကား သေပြီဟု ယူဆလိုက်ရသော ဗိုလ်ကြီးခင်တို့နှင့် အိပ်ဆောင်တစ်ဆောင်တည်း၊ အိပ်ခန်းကြီး တစ်ခန်းတည်း နေရာချထားခြင်း ခံရသောကြောင့်ဖြစ်၏။

ကျွန်တော်တို့က ဝမ်းသာအားရဖြင့် ဂျပန်ကင်ပေ ဌာနချုပ်ဖြစ်သော မော်တင်လိန်း ကျောင်းကြီးတွင် တွေ့ရသည့် သခင်လင်းနှင့် သခင်စံခင်အကြောင်း၊ အာရှလူငယ် တိုင်းမှူးကြီးကို ခအောင်သောင်းတို့ အကြောင်းကို ပြောပြခဲ့ပါသည်။

"ဒီထောင်ထဲမှာ ကိုအောင်သောင်းတို့ကို ထားပြီးမှ ကင်ပေတိုင် အချုပ်ခန်းကို ခေါ်သွားတာကွ။ ပြီးတော့ သခင်လင်းကြီးကို လိုင်းဘွဲ့ တလယ်ရွာမှာ ပို့ထားတာ။ သူက မော်လမြိုင် ပြန်လာတော့ အဖမ်းခံရတာပေါ့ကွာ။ သူ့ကို အခု တောင်ပေါ် တရုတ်ကျောင်းထဲကို ပြောင်းပြီး ချုပ်ထားတယ်လို့ အခု ပြောင်းလာတဲ့ အချုပ်သားသစ်တွေက ပြောတယ်ကွ"

"ဟုတ်လား ဗိုလ်ကြီး၊ ဒီလိုဆို သေချင်မှ သေဦးမှာပေါ့နော်"

"ဒါတော့ ဘယ်သိမလဲကွာ"

ဗိုလ်ကြီးခင်က ခပ်ညည်းညည်း ပြောလိုက်သည်။ ပြီးတော့ ကျွန်တော်တို့ကို အဖမ်းခံနေရသော ကျောင်းဆရာ ဆရာသက်ပြင်း၊ ကိုမောင်မောင်တို့နှင့် မိတ်ဆက်ပေးသည်။

အခန်းတွင်းဝယ် စုစုပေါင်း ၁၃ဦး ရှိပြီးလျှင် ဂျပန်ကင်ပေတို့၏ ညှဉ်းပန်းမှုကြောင့် ရပ်ပျက်ဆင်းပျက် ဖြစ်လာသူများနှင့် လုံးဝ အညှဉ်းအဆဲမခံရသူများ ဟူ၍ ရောပြွမ်းလျက် ရှိနေပါ၏။

ကျွန်တော်တို့မှာ ကံကောင်း ထောက်မ၍ ဗိုလ်ကြီးခင်နှင့် လာရောက်တွေ့ရခြင်းဖြစ်ရာ စကားများကို တစ်ညလုံးပြောမပြီးအောင် ဖြစ်နေပါချေသည်။

ထိုနေ့ညတွင်ကား ထူးထူးခြားခြားပင် အင်္ဂလိပ် ဗုံးကြဲလေယာဉ်ပျံများက တစ်အုပ်ပြီး တစ်အုပ် လာရောက် ဗုံးကြဲနေပါ၏။

ဗုံးအချို့သည် ကျွန်တော်တို့ ထောင်ကြီးတွင်းသို့ ကျလေရာ ကျွန်တော်တို့ အိပ်ဆောင်ကြီးမှာ သွက်သွက်ခါသွားပါချေ၏။

ကျွန်တော်တို့မှာ ဂျပန်ဖက်ဆစ်များ၏ ညှဉ်းဆဲခြင်းဖြင့် မသေဘဲ အင်္ဂလိပ် ဗုံးကြဲလေယာဉ်ပျံများ၏ ဒဏ်ကြောင့် သေကုန်မည်လားဟုပင် စိုးရိမ်လာမိပါ၏။

လေယာဉ်ပျံ တစ်အုပ် ပျံသွားသောအခါတွင် ကျွန်တော်တို့မှာ အိပ်မရဘဲ ထိုင်၍ စကားပြောကြပြန်သည်။ သည့်တစ်ခါတော့မှ ဗမာ့တပ်မတော်က ဂျပန်များအား တော်လှန်တိုက်ခိုက်နေခြင်း၊ သခင်များနှင့် အာရှလူငယ်မှန်သမျှကို ဂျပန်များက ဖမ်းဆီးနေခြင်းများအကြောင်းပင်ဖြစ်၏။

တစ်ဖန် ဂျပန်များအား ဗမာ့တပ်မတော်နှင့် ပြည်သူ ပြောက်ကျားများက တနင်္သာရီတိုင်းတွင် ရတ်တရက် တိုက်ခိုက်ဖို့ မလွယ်ကြောင်း ဖြစ်၏။

အထက်ဗမာပြည်တွင် တိုက်ပွဲဖြစ်နေသဖြင့် ဂျပန်တပ်များ ပြိုဆင်းနေလေရာ များသောအားဖြင့် တနင်္သာရီတိုင်းသို့ တရွေ့ရွေ့ စုလာခြင်းဖြစ်၏။

ရန်ကုန်တွင် ရှိနေသော ဒေါက်တာဘမော်အစိုးရမှာလည်း ယခုအခါ မုဒုံသို့ ပြောင်းရွှေ့လာကြောင်းလည်း ပါဝင်သည်။

ဤအထဲတွင် စာရင်းနှင့်တကွ တင်ပြသော ဗိုလ်ကြီးခင် စကားများမှာ အလွန် မှတ်သားစရာ ကောင်းနေပါချေသည်။

၁၉၄၂ နှစ်ဦးတွင် ဗမာပြည်မှာ ဂျပန်တပ်ရင်းပေါင်း တပ်မကြီး ၄ တပ်ရှိပြီး (ဟာရာရှိ) ဘုတိုက်ခေါ် အမှတ် ၁၅ တပ်မ၊ တရုတ်-မြန်မာလမ်းတွင် တိုက်ပွဲဝင်နေသော "တာစု"ခေါ်အမှတ် (၅၆)တပ်မ၊ ရန်ကုန်နှင့် မြစ်ကြီးနားလမ်းတွင် တာဝန်ယူ တိုက်ပွဲဝင်နေသော အမှတ် (၁၈) (ဒီကုခေါ်)တပ်မ၊ ရခိုင်တွင် တာဝန်ကျနေသော အမှတ် (၃၃) "ယူမီ"ခေါ် တပ်မ၊ မြစ်ဝကျွန်းပေါ်တွင် တာဝန်ကျနေသော (ထာဝေး

www.burmeseclassic.com

ခေါ် အမှတ် (၄၅)တပ်မအပြင် ၁၉၄၃ နှစ်ကုန်ခါနီးတွင် တပ်မ (၇)နှင့် ယန္တရားတပ်များ ရောက်လာရာ ထိုတပ်များအား (ဟာရာရှိ)ဟူ၍စုပေါင်းခေါ်ထား၏။

တစ်ဖန် ၁၉၄၄ ဒီဇင်ဘာနှင့် ၁၉၄၅ ဖေဖော်ဝါရီလမှာပင် တပ်မဟာ ၃ ဖွဲ့ ရောက်လာပြန်၏။ ထို တပ်မဟာများမှာ အမှတ် (၁၅၊ ၂၀၊ ၃၃)တပ်ပေါင်းဖွဲ့များဖြစ်၏။ ပြီး ယန္တရားတပ် (၂)တပ်မှ (၃)တပ်အထိ တိုးလာကာ ထိုတပ်များမှာ အမှတ် ၁၀၊ ၇၂၊ ၂၄ ယန္တရားတပ်များ ဖြစ်၍ စုစုပေါင်း တပ်မကြီး ၁၂ တပ်မျှ ရှိနေကြောင်းပင် ဖြစ်၏။

ထိုနေ့ နံနက်ပိုင်းတွင်ကား ရုတ်တရက် အင်္ဂလိပ် ဗုံးကြဲ လေယာဉ်ပျံများ ထပ်မံတိုက်ခိုက် ဗုံးကြဲပြန်လေရာ ကျွန်တော်တို့သည်ပင် ဝပ်နေရာမှ လွင့်စဉ်သွားပေ၏။

မီးခိုးများ မှောင်နေသော အိမ်ခန်း။ အိမ်ဆောင်နှင့်အတူ အုတ်ရိုးကြီးပါ ပွင့်ထွက်နေသည်ကို တွေ့ရ၏။

"ဟေ့ကောင်လေးတွေ မြန်မြန်လာကြ"

ဗိုလ်ကြီးခင်သည် ကျွန်တော်တို့ကို ခေါ်၍ ပြေးထွက်တော့၏။ ကျွန်တော်တို့သည်း ဗိုလ်ကြီးခင်၏ နောက်မှ ပြေးလိုက်ကြသည်။

လွတ်ရမည့်အရေးအတွက် ဘာကိုမျှ ငဲ့ထားနိုင်ပါချေ။ လေယာဉ်ပျံတွေကလည်း ဝဲနေသည်။ မိုးကပင် မလင်းသေး။ ကျွန်တော်တို့ နောက်မှလည်း ကျောင်းဆရာ ကိုသက်ပြင်းနှင့် ကိုမောင်မောင်တို့ ပြေးလိုက်လာကြ၏။

ထောင်ကြီးမှ လွန်ကာ လမ်းကြို လမ်းကြားများကို ဖြတ်၍ ပြေးလာကြသည်။ မကြာမီ လမ်းတစ်လမ်းသို့ ရောက်ကာ အိမ်တစ်အိမ်အတွင်းသို့ ပြေးဝင်ကြ၏။

ထိုအိမ်ကား လူတစ်ယောက်တလေမျှ မရှိတော့ချေ။

"ကဲ...မဖြစ်ဘူး။ ပြည်သူ့ပြောက်ကျားစခန်းရှိတဲ့ တံခွန်တိုင်ရွာကို ပြေးကြမယ်"

ဗိုလ်ကြီးခင်က ပြောလိုက်၏။

ထိုအချိန်က မော်လမြိုင်နှင့် သထုံကြားရှိ အပေါင်မြို့နယ် ဒေးဗလိန်းရွာတွင် ပြည်သူ့ ပြောက်ကျားတပ် ဌာနချုပ်ဖွင့်ထားခဲ့ပါလေသည်။

သို့တစေ ကျွန်တော်တို့မှာ မုဒုံနှင့် မော်လမြိုင်ကြားရှိ တံခွန်တိုင် ဘုတာဆိုက်ရွာကြီးအရှေ့ဘက် ပြည်သူ့ပြောက်ကျားစခန်းသို့ သွားကြရမည် ဖြစ်ပါသည်။

မိုးမလင်းမီ တောလမ်းစခန်းရွာများမှ ပြေးလာစဉ်တွင် လမ်းဝယ် ကိုလုဖေပါဝင်သော ဗိုလ်ဝင်းမောင် အုပ်ချုပ်သည့် ပြည်သူ့ပြောက်ကျားတပ်ရင်း (၁၀၆) တက်လာသည်ကို တွေ့ပါ၏။

ကျွန်တော်တို့နှင့် ဗိုလ်ဝင်းမောင်တို့ တွေ့ခဲ့သော နေရာမှာ ဖအောက်ရွာအရှေ့ဘက် ဖြစ်သည်။ အားလုံးပင် ဝမ်းသာမဆုံးကြပါ။

ဗိုလ်ဝင်းမောင်တို့ ချီတက်လာခြင်းမှာ သထုံဘက်မှ ဖြတ်လာကြခြင်းဖြစ်သည်။ အမှန်တော့ အာရှလူငယ်အထွေထွေအတွင်းရေးမှူးကြီး ဖြစ်သော ကိုညီလေးအား သထုံတွင် ဖမ်းမိကာ သထုံအရှေ့ နောင်ကုလားကျေးရွာတွင် အသတ်ခံရသည်ကို ကယ်ဆယ်ရန် သွားခဲ့သည်။ သို့တစေ, သတ်ပြီးနေပြီ ဖြစ်၍ ပြန်လှည့်လာရာ မုဒုံ အရှေ့တွင် သခင်နှင့် အာရှလူငယ်များအား တွင်းပေါင်း ၇၅ ကျင်း အတူးခိုင်း၍ သတ်ဖြတ်ရန် လည်ပင်းထိ မြေမြှုပ်ထားကြောင်း။ ထို့ကြောင့် ကယ်ဆယ်ရန် အပြင်းအထန် ချီတက်နေရကြောင်းပင် ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့မှာ ပြည်သူ့ပြောက်ကျားတပ်ရင်း (၁၀၆)နှင့် ပေါင်း၍ မုဒုံဆီသို့ အပြင်းချီတက်ကြရပြန်သည်။

မုဒုံ အရှေ့ ယာကွင်းဝယ် အာရှလူငယ်နှင့် သခင်ခေါင်းဆောင်များကိုကား အသက်ရှင်လျက် ကျွန်တော်တို့ မမီချေတော့၊ ဂျပန်ဖက်ဆစ်ဘီလူးများက ဦးခေါင်းသာ ဖော်ထားပြီး ကိုယ်လုံးအား မြေမြှုပ်ထား၍ မျိုးချစ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်များကို ကားဖြင့် နင်းကာ ရက်စက်စွာ သတ်ပြီးလေပြီတကား။

ထို့ကြောင့် ကျွန်တော်တို့မှာ လျှို့ဝှက်စွာ စခန်းပြုလုပ်ထားသည့် ပြည်သူ့ပြောက်ကျားစခန်း တောတွင်းသို့ ရောက်လာရတော့သည်။

ကိုလှဖေမှာ ထိုစခန်းတွင် တာဝန်ခံဗိုလ်တစ်ဦး ဖြစ်နေကာ ကျွန်တော့်အား စခန်းရှိ တဲတစ်တဲဆီသို့ ခေါ်သွားခဲ့၏။

"ခင်ဗျားကို စောင့်နေတဲ့ အမျိုးသမီးတစ်ဦးကို ကျွန်တော် ပြမလို့ပါ ကိုအောင်နိုင်"

"ဘယ်သူများပါလိမ့်ဗျာ"

ကျွန်တော်ကား မယုံရဲ ယုံရဲ ဖြစ်နေပေ၏။ ခေါ်သွားသော တဲတစ်တဲရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်တည်းမှာပင် ကျွန်တော်၏ မျက်ခုံးများ မြင့်သွားရ၏။

မခင်မွေး...။

ဟုတ်ပေသည်။ မသေလို့ တွေ့ရသော မခင်မွေး၊ ယခုတော့ လက်ထဲဝယ် ဥလသား ကလေးနှင့် တွေ့ရသော အဖြစ်။

မခင်မွေးကလည်း ကျွန်တော့်အား မျက်လုံးကြီး ပြူးကာ စိုက်ကြည့်နေပြီးမှ "ကိုအောင်နိုင်၊ အမယ်လေး ကိုအောင်နိုင်ရယ်၊ တွေ့မှ တွေ့ပါဦးမလားလို့"ဟု ပြောကာ ကျွန်တော့်ထံ ပြေးလာသည်။

ကျွန်တော်ကလည်း သူမ၏ ကိုယ်လုံးကလေးအား ဖက်ထားမိသည်။ မခင်မွေးသည် ကလေးအား လက်နှစ်ဖက်ဖြင့် ထွေးရာမှ ကျွန်တော်၏ ရင်ခွင်ကျယ်ပေါ်သို့ ဦးခေါင်းကလေး တင်ကာ မျက်ရည်များ သွန်ချနေတော့၏။

"ဒါ သူညီမ မခင်အေး ကလေးဗျ၊ ဂျပန်ခွေးမျိုးက မတရားလုပ်လို့ ရတာလေ ကိုအောင်နိုင်"

"ဒါဖြင့် မခင်အေးကရော..."

"ချောင်းရေထဲ ခုန်ဆင်းပြီး သေသွားပြီဗျာ၊ အပြစ်မရှိတဲ့ ကလေးကိုတော့ ထားခဲ့ပါတယ်။ သမီးစိတ်နဲ့ ဒေါ်ပန်းမြလည်း သေရှာပြီ။ အဘ ဦးထွန်းရုံပဲ ကျန်ပါတော့တယ်ဗျာ"

ကိုလှဖေက ပြောနေချိန်တွင် အဘ ဦးထွန်းရုံ ရောက်လာသည်။ ပို၍ အိုမင်းသွားသည်ဟု ထင်လိုက်ရ၏။

"မောင်အောင်နိုင်...မောင်အောင်နိုင်၊ အဘတို့ ဆုတောင်းချက် ပြည့်ပါပြီကွယ်။ မင်းနှမကလည်း မင်းအတွက် ညရော နေ့ရော ဆုတောင်းနေရှာပါတယ်"

အဘ ဦးထွန်းရုံက ဤသို့ပြောကာ မျက်ရည်များ စီးကျနေရှာပါသည်။

"ကဲ...ငိုမနေပါနဲ့တော့ မွေးရယ် မောင်ကြီး တစ်ယောက်လုံး ရှိနေပြီမဟုတ်လားကွယ်။ စစ်ပြီးတာနဲ့ ကိုယ်လည်း အညာကို လိုက်ခဲ့ပါ့မယ်။ ဟုတ်လား"

ကျွန်တော်က မခင်မွေး၏ မေးစေ့ကလေးကို ဆွဲ၍ ပြောလိုက်ရသည်။ မခင့်မွေးသည် မျက်ရည်အပြည့်မျက်နှာဖြင့် မော့လာကာ ပြုံးပန်းပွင့်များ ပွင့်လာရှာပါသည်။

"လူတွေ သေနေရတဲ့ စစ်ကြီးကို မောင်ကြီး မမုန်းဘူးလားဟင်"

"အို...မုန်းပါသော်ကော မွေးရယ်၊ ဒါကြောင့် မြန်မြန်ပဲ စစ်ကြီးပြီးဖို့နဲ့ ငြိမ်းချမ်းပါစေလို့ ဆုတောင်းနေရတယ်လေ"

ကျွန်တော်တို့ စကားပြောနေချိန်ဝယ် ကိုလှဖေကား အဝေးသို့ ထွက်သွားတော့သည်။

သို့အခိုက် "ရဲဘော်တွေ တန်းစီကြ" ဟူသော ပြည်သူ့ပြောက်ကျား တာဝန်ခံ ဗိုလ်ဝင်းမောင်၏ အသံက ပေါ်ထွက်လာပါသတည်း။ ။

ပြီးပါပြီ။

မြဝတီ





www.burmeseclassic.com


www.burmeseclassic.com

# ကမ္ဘာပေါ်ရှိ ဘာသာစကားများအနက်

## ထက်ဝက်ကျော်ခန့်

# ကွယ်ပျောက်မည့်အန္တရာယ်ရှိနေ

မောင်မောင်စန်းဝေ




ယနေ့ကမ္ဘာပေါ်တွင် ဘာသာစကား အမျိုးပေါင်း ၆၀၀၀ ခန့် ပြောဆိုသုံးစွဲနေကြသည်။ သို့ရာတွင် ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ဘာသာစကားထက်ဝက်ခန့်သည် ကွယ်ပျောက်မည့်အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း၊ ထိုဘာသာစကားများထဲတွင် အမေရိကန်အင်းဒီးယန်းတို့၏ ဘာသာစကားလည်းအပါအဝင်ဖြစ်သည်။ ကွယ်ပျောက်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ဘာသာစကားများကို တိုင်းရင်းသားအုပ်စုများရှိ ရှေးလူကြီးများက ပြောဆိုနေကြသော်လည်း နေ့စဉ် လူမှုဘဝတွင် လူငယ်များ ပြောဆိုသုံးနှုန်းမှုမရှိဟု ဆိုသည်။ ရှေးလူကြီးများ ကွယ်လွန်ကြသည့်အခါ ၎င်းတို့ပြောဆိုသုံးနှုန်းသည့် ဘာသာစကားသည်လည်း ပါသွားခြင်းလည်း ဖြစ်သည်။

သို့ဖြစ်သည့်တိုင် မကြာမီ အချိန်ထိ လူများသည် ဘာသာစကားကွယ်ပျောက်သွားခြင်းအပေါ် စိုးရိမ်မှုမဖြစ်ခဲ့ကြဘဲ အပင်မျိုးစုံနှင့် တိရစ္ဆာန်အမျိုးမျိုး ကွယ်ပျောက်သွားခြင်းအပေါ် အထူးစိုးရိမ်မှု ဖြစ်ခဲ့ကြသည်ဆို၏။ ယခုအခါ သိပ္ပံပညာရှင်များ၊ ယဉ်ကျေးမှုကျွမ်းကျင်သူများနှင့် လူအတော်များများသည် ဘာသာစကားကွယ်ပျောက်မှုအတွက် အကာအကွယ်ပေးရန် စိုးရိမ်ပူပန်မှုများ ဖြစ်လာကြသည်။ ၎င်းတို့ သိထားနားလည်သဘောပေါက်သလောက်ဆိုလျှင် ဘာသာစကားတစ်ခုခု ကွယ်ပျောက်သွားသည့်အခါ ၎င်းဘာသာစကားနှင့် ဆက်နွှယ်လျက်ရှိသော ယဉ်ကျေးမှုနှင့် တိုင်းရင်းသားအသိုက်အဝန်းများမှ အသိပညာရပ်များသည်လည်း ကွယ်ပျောက်သွားမည်ဟု ဆိုသည်။

ဘာသာစကားများသည် လူများနေထိုင်သည့် ကမ္ဘာမြေကြီးအကြောင်းကို ရှင်းလင်းပြောကြားရန်ဖြစ်သည်။ သဘာဝကမ္ဘာမြေကြီးနှင့် ဆက်နွှယ်လျက်ရှိသော သစ်ပင်မျိုးတွင် ဆေးဖက်ဝင်အပင်မျိုးလည်း ဘာသာစကားကွယ်ပျောက်ခြင်းနှင့်အတူ ပါသွားသည်ဆို၏။ ကျွမ်းကျင်သူအချို့ကမူ ဘာသာစကားတစ်မျိုးမျိုး ကွယ်ပျောက်ခြင်းသည် လူတိုင်းအတွက် ဆုံးရှုံးမှုဖြစ်သည်သာမက တိုင်းရင်းသားများ တစ်ချိန်က ပြောဆိုသုံးနှုန်း

www.burmeseclassic.com

ခဲ့သည့် ဘာသာစကား လုံးဝကွယ်ပျောက်သွားသည်ဟု ဆို၏။

လွန်ခဲ့သော ရာစုနှစ်များအတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရများ၊ အမေရိကန်ပြည်ထောင်စုအပါအဝင် အစိုးရက တိုင်းရင်းသား ဘာသာစကားကို နှိပ်ကွပ်မှုပြုခဲ့၏။ ၁၈၇၈ ခုနှစ်တွင် သမ္မတ ယူလစ်ဆက်အက်စ်ဂရန့် (Ulysses S. Grant) က အမေရိကန် တိုင်းရင်းသား အင်းဒီးယန်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဖယ်ဒရယ်ကော်မတီတစ်ခု ဖွဲ့စည်းခဲ့၏။ အမေရိကန်တိုင်းရင်းသား အင်းဒီးယန်းများသည် ၎င်းတို့၏ နယ်မြေအတွက် တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်သည်။ ထိုအခါ ကော်မတီက ဘာသာစကား ကွဲပြားမှုကြောင့် ပြဿနာဖြစ်စေသည်ဟု ဆုံးဖြတ်ခဲ့သည်။ ကော်မတီ၏ ဆုံးဖြတ်ချက်တွင် အမေရိကန်ပြည်ထောင်စုရှိ လူများသည် ဘာသာစကား တစ်မျိုးတည်းကို ပြောဆိုခြင်းဖြင့် တူညီသော နည်းလမ်းတစ်ခုကိုသာ တွေးခေါ်ကြမည်ဆို၏။ ၎င်းကော်မတီက အမေရိကန်အင်းဒီးယန်းကလေးများကို ၎င်းတို့၏ နေအိမ်များမှ ခေါ်ယူလျက် ကျောင်းအိပ်ကျောင်းစား(ဘော်ဒါဆောင်)ထားပါက အမေရိကန်စကားတစ်မျိုးတည်းကိုသာ ပြောကြမည်ဟု ဆိုသည်။

ဖယ်ဒရယ်အစိုးရသည် ၁၉၇၉ ခုနှစ်တွင် ဘော်ဒါကျောင်းဆောင်တစ်ခုကို တည်ထောင်လျက် အမေရိကန် အင်းဒီးယန်းများကို ခေါ်ထားခဲ့သည်။ ကျောင်းဆောင်နေ ကလေးများသည် ၎င်းတို့၏ မိခင်ဘာသာစကားကိုပြောလျှင် အပြစ်ပေးခံရမည်။ အင်္ဂလိပ်စကားကိုသာ ပြောရမည်ဟု အမိန့်ထုတ်ထားသည်။ အမေရိကန်တိုင်းရင်းသား အင်းဒီးယန်းများ နှစ်ပေါင်း ၅၀ ကျော်ကြာ ကျောင်းအိပ်ကျောင်းစား နေခဲ့ကြပြီး၊ အင်္ဂလိပ်ပညာရေးစနစ်အတွက် အလုပ်လုပ်ခဲ့ကြသည်။ ၁၉၃၀ နှစ်များ နောက်ပိုင်းတွင် အထက်ဖော်ပြပါ ဘော်ဒါကျောင်းဆောင်အားလုံးကို ပိတ်ပစ်ခဲ့ရသည်။ အစိုးရက မည်မျှပင် ကြိုးပမ်းအားထုတ် လုပ်ဆောင်စေကာမူ အမေရိကန် အင်းဒီးယန်းတို့က ၎င်းတို့၏ မိခင်ဘာသာစကားကို ပြောမြဲပြောနေခဲ့ကြသည်။

**ဖယ်ဒရယ်အစိုးရသည် ၁၉၇၉ ခုနှစ်တွင် ဘော်ဒါကျောင်းဆောင် တစ်ခုကို တည်ထောင်လျက် အမေရိကန် အင်းဒီးယန်းများကို ခေါ်ထားခဲ့သည်။ ကျောင်းဆောင်နေ ကလေးများသည် ၎င်းတို့၏ မိခင်ဘာသာစကားကိုပြောလျှင် အပြစ်ပေးခံရမည်။ အင်္ဂလိပ်စကားကိုသာ ပြောရမည်ဟု အမိန့်ထုတ်ထားသည်။**

၁၉၆၀ နှစ်များတွင် တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာစကား ပိုမိုရှင်သန်ရေးအတွက် လုပ်ဆောင်ရန် စိတ်ဝင်စားခဲ့ကြသည်။ အစိုးရ၏ ပေါ်လစီကိုလည်း ပြောင်းလဲပစ်ခဲ့ကြသည်။ ၁၉၆၈ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၏ ပထမဆုံးသော တိုင်းရင်းသားဘာသာစကား အစီအစဉ်ကို အစိုးရကျောင်းများတွင် စတင်ရန် အကူအညီပေးခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် အမေရိကန်တိုင်းရင်းသားများအဖွဲ့မှ အစီရင်ခံစာတစ်စောင် ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။ ၎င်းအစီရင်ခံစာတွင် တိုင်းရင်းသားဘာသာစကား ထားရှိရန်နှင့် ဘာသာစကားကို အသုံးပြုခွင့်ပေးရန် ပါရှိသည်။ ထို့ပြင် ၎င်းအစီရင်ခံစာ၌ နှောင်းကာလအဖြစ် အပျက်များနှင့် ယုံကြည်ကိုးကွယ်မှု များ၊ အခမ်းအနားနှင့် ဖြစ်ပေါ်ခဲ့ပြီး သော သဘာဝဖြစ်ရပ်များကို သိရှိနိုင် ရန်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုကို ပိတ် ပင်ခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု ပြန်လည်ပြုပြင်ဆင်၍ ရနိုင်မည်မဟုတ် ကြောင်း ဖော်ပြခဲ့သည်။ ထိုနှစ်မှာပင် အမေရိကန်ပြည်ထောင်စု ကွန်ဂရက် လွှတ်တော်က တိုင်းရင်းသား အမေ ကန်ဘာသာစကား ဥပဒေကို ပြဋ္ဌာ ခဲ့သည်။ ဥပဒေတွင် ဖယ်ဒရယ် လစီက အမေရိကန်အင်းဒီးယန်းလူ စုများ၏ တည်တံ့ရေးကို ရည်ရွယ် သည်။ သို့ရာတွင် အမေရိကန်အစိ က အမေရိကန်အင်းဒီးယန်းများအ အင်္ဂလိပ်စကား အတင်းအကျပ် ဆိုခိုင်းသည့် နှစ်များသည် တိုင်း သားဘာသာစကား အ လုံး



www.burmeseclassic.com

www.burmeseclassic.com

**အစိုးရက တိုင်းရင်းသားများကို ဘာသာစကားတွင် နှိပ်ကွပ်မှုသည် ဘာသာစကားကို အကြောင်းပြခြင်း သက်သက်မဟုတ်မှုဘဲ ကမ္ဘာတစ်ဝန်းလုံးတွင် ကွယ်ပျောက်ခဲ့သည်။ လူငယ်များသည် ၎င်းတို့၏ ဇာတိလူမှု အသိုက်အဝန်းများမှ ထွက်ခွာ၍ အများသုံး ဘာသာစကားပြောဆိုသည့် မြို့ကြီးများသို့ သွားရောက်အလုပ်လုပ်ခဲ့ ကြသည်။**

အန္တရာယ်၊ သို့မဟုတ် ကွယ်ပျောက်သွားမည့် အဓိပ္ပာယ်သက်ရောက်ခဲ့သည် ဆို၏။

အစိုးရက တိုင်းရင်းသားများကို ဘာသာစကားတွင် နှိပ်ကွပ်မှုသည် ဘာသာစကားကို အကြောင်းပြခြင်း သက်သက်မဟုတ်မှုဘဲ ကမ္ဘာတစ်ဝန်းလုံးတွင် ကွယ်ပျောက်ခဲ့သည်။ လူငယ်များသည် ၎င်းတို့၏ ဇာတိလူမှု အသိုက်အဝန်းများမှ ထွက်ခွာ၍ အများသုံး ဘာသာစကားပြောဆိုသည့် မြို့ကြီးများသို့ သွားရောက်အလုပ်လုပ်ခဲ့ကြသည်။ စစ်ပွဲများ၊ ရေကြီးမှုများ၊ မိုးခေါင်မှုများ၊ သို့မဟုတ် မြေယာတွင် စိုက်ပျိုးမှုမလုပ်နိုင်ခြင်း စသည်တို့ကြောင့် တိုင်းရင်းသားများသည် ၎င်းတို့၏ အသိုက်အဝန်းမှ ထွက်ခွာပြီး၊ ၎င်းတို့၏ ဇာတိနယ်မြေများကို စွန့်ခွာသွားခဲ့ကြသည်။ တိုင်းရင်းသားများ အခြားတိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကြရာတွင် ၎င်းတိုင်းပြည်များတွင် ပြောဆိုသည့် ဘာသာစကားကို ပြောဆိုနေကြရသည်။ ထို့ပြင် ပြီးခဲ့သည့် နှစ်များက ရုပ်မြင်သံကြား၊ ရုပ်ရှင်နှင့် အင်တာနက်များကို ကမ္ဘာနှင့်အဝှမ်း အင်္ဂလိပ်ဘာသာစကားဖြင့် ထုတ်လွှင့်ပြသပေးနေသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းနေဆဲ ဖြစ်သည်။ ယူနက်စကိုသည် အပြည်ပြည်ဆိုင်ရာ ပေါ်လစီဖြင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ကွယ်ပျောက်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဘာသာစကားဖွံ့ဖြိုးရေးအတွက် အားပေးခဲ့သည်။ ၂၀၀၁ ခုနှစ်က ယူနက်စကိုသည် ယဉ်ကျေးမှုတိမ်ကောမည့်အကြောင်း ကမ္ဘာလုံးဆိုင်ရာ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် (၁) ဘာသာစကားအားလုံးကို အကာအကွယ်ပေးရန်၊ (၂) ကျောင်းများတွင် တိုင်းရင်းသားဘာသာစကား သင်ကြားပေးမှုကို ထောက်ခံအားပေးရန်၊ (၃) အခြားသော ဘာသာစကားများကိုလည်း အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ရေးအတွက် အကူအညီပေးရန်တို့ ဖြစ်သည်။

ယူနက်စကိုတွင် တိမ်ကောကွယ်ပျောက်မည့် ဘာသာစကားများအား အကူအညီပေးရေး အစီအစဉ်သစ်တစ်ခု ရှိသည်။ ၎င်းကို Register of Good Practices in Language Preservation = RGPLP ဟုခေါ်သည်။ ၎င်းသည် တိုင်းရင်းသားအုပ်စုများအတွင်းမှ ဘာသာစကားပြောဆိုနေသူများအကြောင်းကိုလည်း စုစည်းထားသည်။ ၎င်းအစီအစဉ်တွင် ဖွံ့ဖြိုးတိုးတက်နေသော အစီအစဉ်များ၊ သင်ကြားပေးသည့်ဆရာများ၊ ကွန်ပျူတာများတွင် ရိုးရာဘာသာစကား ဖန်တီးပေးမှုများလည်း ပါဝင်သည်။ သတင်းအချက်အလက်များကို အင်တာနက်မှတစ်ဆင့် မျှဝေပေးသည်။

တိုင်းရင်းသားဘာသာစကားဌာနသည် အမေရိကန်ပြည်ထောင်စုအတွင်း တိုင်းရင်းသားဘာသာစကား အဓွန့်ရှည်တည်တံ့ရေးအတွက် လုပ်ကိုင်ပေးသည်။ ၎င်းဌာနကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး ဌာနချုပ်ကို နယူးမက္ကဆီကိုပြည်နယ် အယ်လ်ဘူကွေကာမြို့တွင် ထားရှိသည်။ ၎င်းဌာန၏ ညွှန်ကြားရေးမှူးမှာ အင်နီးဆလောက်တာ (Inee Slaughter) ဖြစ်သည်။ ဆလောက်တာက အခြေခံလမ်းညွှန်မှုများသည် တိုင်းရင်းသားဘာသာစကားပြောဆိုသူများအား ကူညီပေးရန် ဖြစ်သည် ဆို၏။ သူမကပဲ တိုင်းရင်းသားဘာသာစကား တစ်ခုကို မပြောဘဲနေလျှင် ထိုဘာသာစကားသည် ရပ်တည်မနေတော့ဟု ဆိုသည်။ တစ်နည်းဆိုရသော် ရှင်သန်နေသည့် ဘာသာ

www.burmeseclassic.com

စကားမဟုတ်တော့ဟု ဆိုသည်။ တိုင်းရင်းဘာသာစကား သိပ္ပံဌာနသည် အမြန်ဆုံး လှုပ်ရှားဆောင်ရွက်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဘာသာစကား ကွယ်ပျောက်နေမှုကို ၁၀ နှစ်အတွင်း ပြန်လည်ဆက်လက်ရှင်သန်အောင် လုပ်နိုင်မည်မဟုတ်ဟု ဆိုသည်။ တိုင်းရင်းဘာသာစကားသည် ဘာသာစကားအသစ်ပြောရန် သင်ယူနေမှုများထက် အလျင်အမြန် ကွယ်ပျောက်လုနီးပါး ဖြစ်နေသည် ဆို၏။

တိုင်းရင်းဘာသာစကားသိပ္ပံသည် နည်းပေါင်းတစ်ရာကျော်ကို အသုံးပြု၍ တိုင်းရင်းဘာသာစကား ရှင်သန်ရေးအတွက် ကူညီဆောင်ရွက်ပေးသည်။ မစ္စဆလောက်တာက သူမ၏ ဌာနသည် တိုင်းရင်းသားများ အင်တာနက်ဝက်ဘ်ဆိုက်မှတစ်ဆင့် လက်လှမ်းမီသရွေ့ ကူညီဆောင်ရွက်ပေးနေသည် ဆို၏။ ဝက်ဘ်ဆိုက်ပေါ်တွင် အောင်မြင်မှုရနေသော အစီအစဉ်များ၊ ကွန်ဖရင့်အစီရင်ခံစာများနှင့် ဘာသာစကားနှင့် ဆက်နွယ်သည့် ဘာသာစကား ဆက်လက်ရှင်သန်ရေးအဖွဲ့များလည်း ရှိသည်။ တိုင်းရင်းဘာသာစကား၏ အောင်မြင်မှုမှာ "နိုးကြားလာနေပြီဖြစ်သော ကျွန်ုပ်တို့၏ ဘာသာစကားများ (Awakening Our Languages) စာအုပ်တွင် အတွဲလိုက် ထုတ်ဝေနိုင်ခဲ့သည်။ တိုင်းရင်းဘာသာစကား ကျွမ်းကျင်သော အဖွဲ့တစ်ဖွဲ့သည် အမေရိကန်ပြည်ထောင်စုအတွင်းရှိ လူမျိုးစု ၅၄ မျိုးရှိရာ ဒေသများသို့ သွားရောက်ခဲ့ကြသည်။ ထိုအဖွဲ့က ရှိးရာ ဘာသာစကားပြောဆိုသူအရေအတွက်နှင့် တိုးပွားလာသည့်အရေအတွက်များကို သိရှိရန်ဖြစ်သည်။ အတွဲလိုက်ထုတ်ဝေလိုက်သော စာအုပ်တွင် အောင်မြင်မှုအစီအစဉ်များနှင့် ဘာသာစကား သင်ကြားပေးမှုနည်းများလည်း ပါဝင်သည်ဆို၏။ အခြားစီမံကိန်းတစ်ခုမှာ ဘာသာစကားသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေးဌာန ဖြစ်သည်။ ကျွမ်းကျင်သူများက ဘာသာစကားသင်ကြားမှု အထောက်အကူပစ္စည်းများ စံပြအဖြစ်အသုံးပြုနိုင်ရန် မွမ်းမံစမ်းသပ်ပေးသည့်အပြင် ၎င်းဌာနမှပင် နည်းပညာဆိုင်ရာ သင်တန်းများပေးပြီး တိုင်းရင်းသားများက ကွန်ပျူတာနှင့် ပစ္စည်းများကို အသုံးပြုရန် ဖြည့်ဆည်းပေးသည်။

ကျွမ်းကျင်သူများသည် ကွယ်ပျောက်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဘာသာစကားများ ရှင်သန်ရေးအတွက် နည်းမျိုးစုံသုံးကာ တိုးတက်အောင်လုပ်ကြ၏။ ထိုသို့လုပ်ရာတွင် အချို့စီမံကိန်းမှာ သေးငယ်ပြီး သင်ကြားပေးသူနှင့် သင်ယူသူတို့ နေ့စဉ် တစ်နေ့တစ်နာရီ လူတွေ့စနစ်ဖြင့် သင်ကြားသလို၊ အချို့စီမံကိန်းများမှာ ကြီးမားပြီး တိုင်းရင်းဘာသာစကားတစ်မျိုးတည်းကိုသာ သင်ပေးသည့် စာသင်ကျောင်းမျိုးဖြစ်သည်။ ၎င်းကျောင်းမျိုးကို အမေရိကန်ပြည်နယ်တစ်ခုဖြစ်သော ဟာဝိုင်ယီပြည်နယ်တွင် ၁၉၈၃ ခုနှစ်တွင် စတင်ခဲ့သည်။ နယူးဇီလန်တွင် Maori လူမျိုးများအတွက် ၎င်းကျောင်းမျိုးကို တည်ထောင်ပေးသည်။ ဟာဝိုင်ယီမှ ပူနာနာလီယို (Punana Leo) သို့မဟုတ် ဘာသာစကား အသိုက်အမြုံ (Language Nest) စီမံကိန်းကို မူကြိုကျောင်းမှ ကလေးတစ်စုဖြင့် စတင်တည်ထောင်ခဲ့သည်။ ယခုအခါ ပူနာနာလီယိုစီမံကိန်းတွင် မူကြိုကျောင်း ၁၁ ကျောင်းရှိနေပြီဖြစ်သည်။ ထိုကျောင်းများတွင် အသက် ၃ နှစ်မှ ၁၈ နှစ်ကလေးများအား ဘာသာရပ်အားလုံးကို ဟာဝိုင်ယီဘာသာစကားဖြင့်သာ သင်ပေးသည်။ ဤစီမံကိန်းစတင်ချိန်တွင် ကလေး ၅၀ ထက်နည်းသော ကလေးများကသာ ဟာဝိုင်ယီစကားကို ပြောကြသည်။ ယခုအခါတွင် ကလေးပေါင်း ၂၀၀၀ နီးပါးသည် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားကို ပြောဆိုနေပြီဖြစ်သည်။ ကျောင်းသားများ၏ မိဘများကိုယ်တိုင် ပူနာနာလီယိုကျောင်းများတွင် ပါဝင်ခဲ့ကြသလို၊ အချို့သည် ကလေးများနှင့်အတူ သင်ယူလျက် နေအိမ်များတွင် ဟာဝိုင်ယီဘာသာစကား ပြောဆိုကြသည်ဆို၏။ ယခုကဲ့သို့ မိဘများပါဝင်မှုသည် အရေးကြီးပြီး ကျောင်းပြင်ပတွင် ဘာသာစကား ပြောဆိုနိုင်ရန် ဖြစ်သည်။

ဘာသာစကားတစ်မျိုးတည်းကို အသုံးပြုလျက် မည်သည့်အချိန်မဆို ပါဝင်လှုပ်ရှားပြီး နေ့စဉ်လူမှုဘဝတွင် ပြောဆိုအသုံးပြုခြင်းဖြင့် ထိုဘာသာစကားသည် အနာဂတ်တွင် ဆက်လက်ရှင်သန်နေမည်သာ ဖြစ်ပေသည်။

**မောင်မောင်စန်းထွေး**

**REF: American MOSAIC**



www.burmeseclassic.com

www.burmeseclassic.com

# အလှမယ် အသတ်ခံရမှု တစ်နိုင်ငံလုံး ဆူပွက်

တောင်အမေရိကတိုက်မှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဗင်နီဇွဲလားနိုင်ငံသည် ကမ္ဘာပေါ်တွင် လူသတ်မှုအများဆုံးဖြစ်ပွားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ကာရာဘတ်စ်မြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်၌ ဖော်ပြထား၏။

ထိုနိုင်ငံ၌ နှစ်စဉ်လိုလိုပင် လူပေါင်းထောင်ဂဏန်းချီ၍ သတ်ဖြတ်ခြင်းခံနေကြရ၏။

ယခု နောက်ဆုံးဖြစ်ရပ်တစ်ခုဖြစ်သည့် ၂၀၀၄ ဗင်နီဇွဲလားအလှမယ် မော်နီကာစပီးယား(ပုံ) အသတ်ခံလိုက်ရသည့်ဖြစ်ရပ်ကြောင့် ဗင်နီဇွဲလားတစ်နိုင်ငံလုံး ဆူပွက်သွားရာ သမ္မတသည် နိုင်ငံအတွင်းရှိ အုပ်ချုပ်ရေးမှူးများနှင့် မြို့တော်ဝန်များကို ရာဇဝတ်ထုတ်ရေး လူသတ်မှုများတားဆီးရေးကို ဆွေးနွေးနေရ၏။

ထိုအလှမယ်သည် လမ်းပေါ်တွင် လူဆိုးများ၏လက်ချက်ဖြင့် အသတ်ခံလိုက်ရခြင်းဖြစ်၏။

အလှမယ် မော်နီကာ (၂၉ နှစ်) သည် ခင်ပွန်းဖြစ်သူ ဘယ်ရီ(၃၉ နှစ်)နှင့် ၅ နှစ်အရွယ်သမီးနှင့်အတူ အဝေးပြေးလမ်းမပေါ်၌ ကားဖြင့်သွားကြခိုက် ကားလမ်းပေါ်၌ လူဆိုးများချထားသည့် အတားအဆီးကြောင့် ကားမှာ ရုတ်တရက်ရပ်သွား၏။ ဤတွင် အနီးအနားသို့ရောက်လာသော ကုန်တင်ကားတစ်စီးကို တား၍ ရပ်သွားသော သူတို့၏ကားကို လမ်းနံဘေးသို့ ဆွဲယူပေးရန် အကူအညီတောင်းနေခိုက် ကားလမ်းနံဘေးမှ




လူဆိုးအချို့ ထွက်လာသည်ကို ထရပ်ကားမောင်းသူက မြင်ရာ ထရပ်ကားမောင်းသူသည် ချက်ချင်းဆိုသလိုပင် ထိုနေရာမှ ထွက်ပြေးသွားလေတော့၏။ အလှမယ်မောင်နှံသည်လည်း အခြေအနေကိုရိပ်မိပြီး သူတို့၏ကားထဲ ဝင်ပုန်းနေကြရာ လူဆိုးများက ကားထဲသို့ သေနတ်များဖြင့်ပစ်ခတ်ပြီး ထွက်သွားကြသည်ဟု ရဲတို့က ပြော၏။ အလှမယ်၏ ငါးနှစ်သမီးမှာ ခြေထောက်တွင် ဒဏ်ရာရပြီး အလှမယ်နှင့် ခင်ပွန်းမှာ လူဆိုးများလက်ချက်ဖြင့် သေဆုံးသွားကြ၏။

လူဆိုးများသည် အလှမယ်ဆိုသည်ကိုလည်း သိဟန်မတူပါ။ ကားရပ်သွားလျှင် ရွှေငွေစသည်တို့ကို လုယူရန်သာ ရည်ရွယ်ချက်ရှိသည်ဟု ရဲတို့က ပြော၏။

အလှမယ်စပီးယားသည် အမေရိကန်နိုင်ငံ မီယာမီတွင် နေထိုင်ရာမှ ဗင်နီဇွဲလားသို့ ခေတ္တပြန်လာစဉ် ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံတွေ့သွားရခြင်းဖြစ်၏။

ဗင်နီဇွဲလားနိုင်ငံသားများသည် ဆိုးရွားသော လူသတ်မှုများကို မပိတ်ပင်နိုင်သော အစိုးရအား မကျေမနပ်ဖြစ်နေကြ၏။

၂၀၁၃ တွင် ဗင်နီဇွဲလား၌ လူသတ်မှုပေါင်း ၂၄,၇၆၃ မှု ရှိခဲ့၏။ လူဦးရေ သန်း ၃၀ ရှိသည့် ရေနံကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံသည် လူသတ်မှုနှုန်းအများဆုံး နိုင်ငံဖြစ်နေ၏။

ဗင်နီဇွဲလားထက် လူဦးရေ ဆယ်ဆပိုများသော အမေရိကန်နိုင်ငံ၌ပင်လျှင် လူသတ်မှုနှုန်းမှာ တစ်နှစ်လျှင် ၁၄,၀၀၀ ခန့်သာ ရှိ၏။


ဗင်နီဇွဲလားတွင် လူသတ်မှုများနှင့် အခြားရာဇဝတ်မှုများသည် မြို့ပြွန် ဆင်ခြေဖုံးဒေသများ၌ အများဆုံးဖြစ်သည်ဟု အေအက်ဖ်ပီမှ သတင်းရေးထား၏။

ဗင်နီဇွဲလားမှ ဒုစရိုက်သမားများသည် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကိုလည်း မရှောင်ဘဲ လုယက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်ကြသည်ဟု သိရသည်။

ဦးဦးသိန်း

*TST. 10.1.2014*

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ

(ဖြစ်ရပ်မှန်အခန်းဆက်ဝတ္ထုရှည်)

**ဝိုးကျော့**

## စာတ်သိမ်းပိုင်း

ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော် အေးတို့မှာ ရွာ၏အခြေအနေကို အကဲခတ်ပြီး ညနေ ၅ နာရီလောက်မှ ဖိုးလောင်းရွာကို ဝင်ရဲကြသည်။

အောင်မြေပန်းတိုင်ကိုတော့ ရောက်လာကြပြီ။ သို့သော် ပစ္စည်းများကတော့ ကြိုးစားနိုင်မှ ပြန်ရတော့မည်။ အသက်ချမ်းသာရေး ကြိုးစားချက်ကား အောင်မြင်ခဲ့ကြပြီ။ ဖိုးလောင်းရွာမှာ ကရင်ရွာကလေးဖြစ်သည်။ ရွာလူကြီးတစ်ဦးအိမ်ကို ဝင်မေးကာ အကျိုးအကြောင်း ပြောပြရသည်။ သူတို့ပြောပြသော သည်းထိတ်ရင်ဖို ဇာတ်လမ်းကို တစ်ရွာလုံးလာ၍ နားထောင်ကြ၏။ တစ်ရွာလုံးမှာ ကရင်ချည်းဖြစ်သဖြင့် အချင်းချင်းနားလည်ကာ ဘာအခက်အခဲမှမရှိ။ လိုလေသေးမရှိ အကူအညီတောင်းတိုင်းရ၏။ ရွာသားများမှာလည်း ကြားရချက်မသက်သာ၊ ဆတ်ဆတ်ခါအောင် မခံချင်ကြသဖြင့် အကြံပေးဉာဏ်ပေး

www.burmeseclassic.com

အားတက်သရော ကူညီကြသည်။

ဆောင်ရွက်စရာ ရှိသည်များကို ဗိုလ်သိန်းကျော်တို့မှာ ကြာကြာအချိန်ဆိုင်းနေ၍ မဖြစ်။ ကျန်ရှိခဲ့သော ငွေများကို အမြန်ဆုံး ပြန်လိုက်နိုင်မှ ပြန်ရစရာ ရှေမ်းရှိသည်။ ရက်ကြာလေ မျှော်လင့်ချက်မရှိလေ ဖြစ်နိုင်၏။

ထို့ကြောင့် ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာ နှစ်ယောက်သားတိုင်ပင်ကာ ရွာသူကြီးဆီက စာရွက်နှင့် ခဲတံတောင်းပြီး ဤစစ်ဆင်ရေးကို စီစဉ်ညွှန်ကြားခဲ့သူ ဗိုလ်ကြီးအော်စဘွန်းဆီသို့ စာတစ်စောင်၊ မြစ်ဝကျွန်းပေါ်ဌာနချုပ် စောစိန်မှုန်ဆီသို့ စာတစ်စောင်၊ ရဲဘော်ဖြူဗိုလ် တောင်ပိုင်းစစ်ဦးစီးချုပ် ဗိုလ်ညိုမှိုင်းဆီသို့ စာတစ်စောင်ကို အကျိုးအကြောင်းဖော်ပြကြ၊ အလျင်အမြန်ရေးကြရသည်။ ထိုစာများကိုမူ ဗိုလ်ကျော်အေးက လက်မှတ်ထိုးသည်။

စောစိန်မှုန်ဆီပို့ရန် လူနှစ်ယောက်၊ ဗိုလ်ကြီးအော်စဘွန်းရှိရာ ပင်လယ်ကမ်းခြေ ငဆော်ပူးကွဲရွာအတွက် လူနှစ်ယောက်၊ ဗိုလ်ညိုမှိုင်းအတွက်မှာမူ ဗိုလ်ကြီးအော်စဘွန်းဆီသွားသော လမ်းကြောင်းသင့်သဖြင့် ဗိုလ်ကြီးအော်စဘွန်းဆီက နောက်ထပ်လိုအပ်ချက်များ ဖြည့်စွက်ရေး၍ ပို့ပေးရန် စာထဲတွင် ထည့်ရေးလိုက်ကြသည်။

ကရင်လူငယ် ဆက်သားများကလည်း တစ်ညမဟုတ်၊ ဘယ်နှစ်ညသွားရသွားရ ညပင်မအိပ်ဘဲ သွားကြမည့် တက်တက်ကြွကြွ လူငယ်များဖြစ်ကြသည်။ ဆက်သားကို နှစ်ယောက်စီ လွှတ်လိုက်ကြရခြင်းမှာ တစ်စုံတစ်ခု လမ်းခရီး၌ အနှောင့်အယှက်ဖြစ်ပါက တစ်ယောက်မဟုတ် တစ်ယောက် မိမိတို့ဆီ သတင်းပို့နိုင်ရန် ဖြစ်သည်။ သွားကတည်းကပင် တစ်ယောက်နှင့်တစ်ယောက် နီးနီးကပ်ကပ် မသွားကြဖို့ တစ်ယောက်နှင့်တစ်ယောက် ပြောတစ်ကြား၊ ခေါ်တစ်ကြား သွားကြရမည့်အပြင် ပုံသဏ္ဌာန်ကိုလည်း တကယ့်ရွာသားတစ်ယောက်၏ သာရေးနာရေးအတွက် ဆွေမျိုးသားသမီး၊ မိဘများကို အကြောင်းကြားသွားသူများအဖြစ် ဗိုလ်သိန်းကျော်က မှာလိုက်ရသေးသည်။

ဖိုးလောင်းရွာနှင့် ယခု ဗိုလ်သိန်းကျော်တို့ ခိုင်းလိုက်ကြသော စခန်းများမှာ တစ်ညလုံးသွားပါက နံနက် ၉ နာရီခန့်တွင် ရောက်နိုင်သော ခရီးများချည်းဖြစ်သည်။ ခရီးနှစ်ခု၏ အကွာအဝေးမှာ သိပ်မထူးခြားလှချေ။

ထိုသို့ စီစဉ်ပြီး စိတ်ချလက်ချ ရေမိုးချိုး၊ အနားယူစားသောက်ပြီး အိပ်ရာ ဝင်လိုက်ကြသည်။ သို့သော် မည်မျှပင် ပန်းလာကြသော်လည်း သူတို့နှစ်ယောက်မှာ အိပ်မပျော်နိုင်ကြ။ ဟိုလှိမ့်လိုက်၊ သည်လှိမ့်လိုက်နှင့် မနေ့က ဖြစ်ပျက်ခဲ့ကြရသော အိပ်မက်ဆိုးနှင့် ယနေ့နံနက်က သေမင်းနှင့် လက်တစ်လုံးကြား စခင်းပြီး မချိမဆန့် ရုန်းကန်ပြေးခဲ့ကြရသည်ကို ပြန်တွေးလိုက်၊ ကျန်ခဲ့သော ငွေပြန်ရပါဦးမလားဟူသော အတွေးဝင်လာ လိုက်နှင့် သူတို့နှစ်ယောက်မှာ အိပ်မရရှုံအပြင် မနေတတ် မထိုင်တတ်သလိုပင် ဖြစ်နေကြသည်။

ဆက်သားများသာ လမ်းကြောင်းဖြောင့်ဖြောင့် ရောက်သွားနိုင်ကြလျှင် ချက်ချင်းအစီအစဉ်လုပ်၍ လိုက်လာကြပါက နောက်တစ်နေ့ မနက်စောစော ရောက်လာနိုင်ကြသည်ဟု စိတ်စောကာ ရွာပြင်မှာပင် နောက်တစ်နေ့ ၂၈–၆–၅၄ နံနက်စောစော ဆက်သားရောက်လာသည်။ စာတွေပါလာ၏။ ဗိုလ်ကြီးအော်စဘွန်းတို့မှာ နောက်က လိုက်လာနေကြောင်း၊ စောစိန်မှုန်ဆီက စာမှာ ဗိုလ်မြရင်နှင့် တပ်သားများ ထည့်လိုက်မည်ဖြစ်ကြောင်း အကြောင်းစုံပါလာသည်။

၉ နာရီမှာပင် ဗိုလ်ကြီးအော်စဘွန်းနှင့် ဗိုလ်ထွန်းလူတို့အသိုက် ရောက်လာကြသည်။ သူတို့နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရင်း ဗိုလ်မြရင်တို့ကို စောင့်နေကြ၏။ ဗိုလ်မောင်မောင်ဝေမှာ အပြင်းဖျားနေသဖြင့် မလိုက်လာနိုင်၍ ဌာနချုပ်ကို ပြန်သွားရကြောင်း၊ ဗိုလ်ကြီးအော်စဘွန်းလည်း ခြေထောက် ငုတ်ထိုးထားသဖြင့် မထောက်နိုင်ထောက်နိုင် ဖြစ်နေသော်လည်း တစ်ညလုံး လာခဲ့ရသည်။ သို့နှင့် ဗိုလ်မြရင်တပ်ကိုစောင့်ရင်း တိုင်ပင်စရာ၊ ဆွေးနွေးစရာ လုပ်စရာများကို အသင့်လုပ်ထားပြီး စောင့်နေကြသည်။

ညနေ ၃ နာရီခန့်မှာ တပ်သားတစ်ရာနှင့် ဗိုလ်သီဟိုရိုး ရောက်ချလာသည်။ ဗိုလ်မြရင်ဆီက စာတစ်စောင်ပါလာသဖြင့် ဖွင့်ဖတ်ကြသည်။

သို့

ဗိုလ်ကျော်အေး၊

နေ့စွဲ ၂၇–၉–၅၄
စခန်းတစ်နေရာ

လေးစားစွာ အကြောင်းကြားပါသည်။

ရဲဘော်ကြီးဆီက စာ[illegible]ရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆက်သားများ ပြန်ရောက်ပြီး စစ်ဦးစီးက တိုင်ပင်ဆွေးနွေးချက်အရ ဗိုလ်သီဟိုရိုးကို စစ်သားတပ်ခွဲ တစ်ခွဲနှင့် ပို့လိုက်ပါသည်။ ကျွန်တော်က တပ်ခွဲတစ်ခွဲနှင့် ရဲဘော်ဖြူများ ဌာနချုပ်ကို ဖြတ်ဆင်းသွားမည်။ မကျီးစင်ရွာ၏ အထက်ပိုင်းဖြစ်သော ပေါက်တူးရွာနှင့် ဝရွာများဘက်ကိုသွား၍ လမ်းကိုဖြတ်ကြို၍ စောင့်ပါမည်။ ရဲဘော်ဖြူခေါင်းဆောင် ဗိုလ်ဖုံးအောင်တို့နှင့်လည်း တွေ့ခဲ့မည်။ ကျွန်တော်တို့ခေါင်းဆောင်များ ဗိုလ်ကျော်စိန်၊ ဆရာဘာဟုတို့လည်း ၎င်းတို့ဘက်မှ ရှိနေသည်။ ၎င်းတို့နှင့်ပါ တစ်ပါတည်းတွေ့ခဲ့ပါမည်။ ငွေတွေတော့ ယခုလိုကြို၍ လမ်းကဖြတ်ပိတ်ထားခြင်းဖြင့် မဆုံးနိုင်ပါ။ ဘာမှမပူပါနှင့်။ ပြန်ရအောင် ကြိုးစားပါမည်။ နောက်ထပ်အဆက်အသွယ်မပြတ် လုပ်နေမည်။

တစ်ချက်တော့ သတိထားပါလေ။ စိတ်လိုက်မာန်ပါ မဖြစ်အောင်ထိန်း၊ အမှားအယွင်းတွေ ခြေလွန်လက်လွန် မဖြစ်စေနှင့်။ တော်လှန်ရေးထိခိုက်မှုကို သတိထား၍ ထိန်းသိမ်းပါ။ အမှန်တရားအတိုင်း အပြစ်ရှိသူကိုသာ ဖော်ထုတ်ယူပါမည်။ အရမ်းစိတ်သွားတိုင်းကိုယ်ပါ မဖြစ်စေရန် တောင်းပန်ပါသည်။ အထူးသဖြင့် ဗိုလ်သိန်းကျော်ကို ထိန်းသိမ်းပေးပါ။ ယခုစာရေးပြီးပြီးချင်း ထွက်သွားပြီ ...

အောင်ရမည်။

ချီတက်လျက်

သင့်ရဲဘော်ကြီး မြရင်

ဗိုလ်ကြီးအော်စဘွန်း၊ ဗိုလ်ကျော်အေး၊ ဗိုလ်ကြီးသီဟိုရိုးနှင့် ဗိုလ်သိန်းကျော်တို့မှာ ရှေးခရီးစဉ်အတွက် တိုင်ပင်ချက်အရ ယခုည တစ်ညတော့ ဤရွာမှာပင် အနားယူအိပ်ကြမည်။ နံနက်စောစော ၄ နာရီထိုး ထမင်းစားပြီး မိုးလင်းလင်းချင်း ထွက်ကြရန် ဆုံးဖြတ်ကြ၏။ တပ်သားများ ထမင်းစားသောက် နေထိုင်ရေးတို့ကို ကျေးရွာလူကြီးများနှင့် တိုင်ပင်ကာ အစီအစဉ်လုပ်ကြရသည်။

ဗိုလ်ကျော်အေးမှာ လက်ယားနေ၏။ တစ်ညပင် မအိပ်ချင်တော့။ ဗိုလ်သိန်းကျော်ကလည်း တက်တခေါက်ခေါက်နှင့်။ သို့သော် တစ်ညလုံး လိုက်လာခဲ့ကြရသော ဗိုလ်ကြီးအော်စဘွန်းနှင့် ရဲဘော်များကို ငဲ့ညှာ၍သာ တစ်ညအောင့်အည်း စောင့်နေလိုက်ကြရသည်။

နောက်တစ်နေ့ ဇွန်လ ၂ ရက်နေ့တွင် အစီအစဉ်အရ ချီတက်ကြသည်။ အားလုံး ဗိုလ်အကြပ်တပ်သား ၁၄၀ ကျော်နှင့် ကျေးရွာလက်နက်ကိုင်ကာကွယ်ရေးများ၊ လမ်းပြများနှင့် ဆိုပါက လူပေါင်း ၁၆၀ ခန့် ခရီးထွက်ချီတက်လာကြသည်။ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်မှာ တသီတတန်းကြီးကို ချီတက်လာကြသည်။

ဗိုလ်ကြီးအော်စဘွန်း တစ်ယောက်ကား ခြေထောက်ထိုးမိထားသော ဒဏ်ရာပြင်းထန်၍ လိုက်ပါမလာနိုင်တော့။ ခြေထောက်အနာကြီးနှင့် တစ်ညလုံး ထော့နင်းထော့နင်း လျှောက်လာခဲ့ရသဖြင့် အနာမှာ ရောင်ရမ်းနေသည်။ ထို့ကြောင့် ဗိုလ်ကြီးအော်စဘွန်းကို ဖိုးလောင်းရွာမှာပင် ဝိုင်းပြောဖျောင်းဖျ၍ ထားပစ်ခဲ့ကြရ၏။

တပ်သားအားလုံးကို ဗိုလ်ကျော်အေး၊ ဗိုလ်သိန်းကျော်၊ ဗိုလ်သီဟိုရိုးတို့က ဦးစီးကာ သဲသောင်ပြင်များကိုဖြတ်ပြီး တစ်တောဝင် တစ်တောထွက်ရှိ မြောင်အထပ်ထပ်တို့ကို ကုန်းကြောင်းတစ်လှည့်၊ လှေဖြင့်တစ်တန်ကျော်ဖြတ်ချီတက်လာခဲ့ကြရာ မကျီးစင်ရွာကို ညနေ ၃ နာရီ မထိုးမီမှာ ရောက်သွားကြလေသည်။

ယခုလို တပ်သားများ အလုံးအရင်းနှင့် မကြုံစဖူး လာနေကြသည်ကို ကြိုတင်သတင်းရနေသော မကျီးစင်ရွာသား အပြစ်ရှိသူများသည် ကြိုတင်၍ ထွက်ပြေးတိမ်းရှောင်သွားကြပြီဖြစ်သဖြင့် ရွာတွင် ရွာသားတစ်ဝက်ခန့်သာ ကျန်တော့သည်။ ထိုကျန်ရစ်နေသော ရွာသားများမှာ ဗိုလ်သိန်းကျော်တို့အား အခင်းဖြစ်သောနေ့က ကူညီခဲ့ကြသူများ၊ ခင်မင်ရင်းနှီးခဲ့ကြသူများဖြစ်သည်။ ထို့ကြောင့် မျက်နှာတန်းမိထားသူ၊ ကူညီခဲ့ဖူးသူ တစ်ဦးအား

"ကဲ ... အခြေအနေကို ပြောကြစမ်းပါဦးဗျာ။ ကိုဘဖြူတို့ကော ဘယ်သွားနေကြလဲ"

"ဟာဗျာ .. မပြောပါနဲ့တော့။ ဒီလူတွေလုပ်တာနဲ့ ကျုပ်တို့ရွာ နာမည်ပျက်ကုန်ပါပြီ။ ဒီတစ်ခါမဟုတ်အဲဗျာ ... ပြောတောင် မပြောချင်တော့ပါဘူး"

လူတွေက များနေသဖြင့် မပြောချင်တော့ပါဘူး ဆိုသူကို ဆက်မေး၍ မကောင်း။ ကိုဘဖြူမှာ ဤရွာတွင် မည်မျှ သြဇာကြီးသူမှန်းလည်း အတွင်းကျကျ မသိရသေး။ ရွာသားတွေမှာ မျက်နှာပျက်ပျက်နှင့် ပြောရဲကြပုံလည်း မပေါက်သဖြင့် ...

"အေးဗျာ ... ဒါဖြင့်လည်း ရှိစေတော့။ ခု ကျုပ်တို့ စားရေး

www.burmeseclassic.com

သောက်ရေးပဲ လောလောဆယ် အကူအညီပေးကြပါဦး''

ဟု အခင်းဖြစ်စဉ်က အားတက်သရော ကူညီခဲ့ကြသူများကို ပိုရင်းနှီးအောင် ရယ်မောပြောဆိုကာ အကူအညီတောင်းရတော့သည်။ သူ့ခမျာများကလည်း ကြောက်ရွံ့လားတော့မသိ။ ယခင်ကထက်ပင် အားတက်သရော ချက်ပြုတ်ရှာဖွေ လုပ်ကိုင်ပေးကြရှာသည်။

သို့သော် ဗိုလ်သိန်းကျော်တို့နှင့် ယခင်တစ်ခေါက်ကပင် ရင်းနှီးခဲ့ကြပြီး စိတ်ကောင်းနှလုံးကောင်းလည်း ရှိပုံရသော၊ ရိုးသားပုံလည်းရသော လူတစ်ယောက်–နှစ်ယောက်ကိုမူ အခြားလူများ အခြားလူများ မရိပ်မိ မသိရှိအောင် အိမ်တစ်အိမ်ခေါ်ပြီး မေးမြန်းစုံစမ်းကြရသည်။

"ကဲ ... ဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့ မသေလို့ ပြန်တွေ့ကြရတာနော်။ ဘယ်လိုဖြစ်ရတာလဲ။ ပြောစမ်းပါဦး။ ခင်ဗျားတို့ သူရဲကောင်း ကိုဘဖြူကြီး လုပ်လိုက်ပုံက ဘယ်လိုလဲဗျ"

"ဟာ ... ကျွန်တော်တို့ရဲ့ ကိုဘဖြူ မဟုတ်ပါဘူးဗျာ။ ဒီလူကြီး ကျွန်တော်တို့ရွာမှာ လူကြီးဖြစ်နေတာကိုက ရွာနာတယ်။ ရွာဒုက္ခရောက်တာပါပဲဗျာ။ သူတို့အုပ်စုက' တစ်ရွာလုံးကို ခြယ်လှယ်နေတာဗျ။ တစ်ရွာလုံးက သူ့ကို အမြင်ကတ်ပေမယ့် မပြောရဲကြဘူး။ မယုံရင် ခုလို ကျွန်တော်တို့သုံးယောက်တည်း တိတ်တိတ် ခေါ်မေးပါနဲ့။ တစ်ရွာလုံး ကျန်တဲ့လူတွေကိုလည်းခေါ်မေးကြည့်ပါ။ အဖြစ်အပျက်အလုံးစုံကို ဒီလူကြီး မကောင်းခဲ့တဲ့အကြောင်းတွေ ပြောပြကြမယ့် လူတွေချည်းပါပဲ''

"အေးပါလေ ... ထားပါတော့။ တစ်ရွာလုံးလည်း ခေါ်မမေးတော့ပါဘူး။ ခင်ဗျားတို့ သိသလောက်ပဲ ပြောပြကြပါဦး''

ဗိုလ်သိန်းကျော်က ထိုသို့ ဝင်ပြောလိုက်ရာ နောက်လူကြီးတစ်ယောက်က

"ဒီလိုဗျ ဗိုလ်ကြီးရှာ။ ဟိုနေ့က ခင်ဗျားတို့ လေ့မထွက်ခင်ကတည်းက ဒီရွာမှာပဲ ခင်ဗျားတို့ကို ကိုဘဖြူတို့အဖွဲ့က ကိစ္စတုံးလိုက်ကြမလို့ဗျ။ ရွာသားတွေက မကျေနပ်ကြ၊ ကြောက်ကြတာနဲ့ ဝိုင်းဝန်းကန့်ကွက်ကြလို့ လမ်းမှာ ပရိယာယ်နဲ့ သွားလုပ်ကြတာဗျ။ ခင်ဗျားတို့လည်း ထွက်ပြေးသွားကြရော ပေါက်တူးရွာဘက်ကို သူ့လူယုံတွေကို လွှတ်လိုက်တယ်လို့ သိရတယ်။ အဲဒါနဲ့ မိုးချုပ်ပြီး ၇ နာရီလောက်ကြာမှ လူလွှတ်လိုက် တဲ့လူရယ်၊ ရဲဘော်ဖြူ ဗိုလ်ရဲထွေးဆိုတာရယ်၊ စစ်သားခြောက်ယောက်နဲ့ ရောက်လာကြတယ်ဗျ။ အဲဒါ ကိုဘဖြူအိမ်မှာ တိုးတိုးတိုးတိုးနဲ့ ချက်ပြုတ်စားသောက်ကြပြီး ည ၉ နာရီ ထိုးလောက်မှ ရွာက ထွက်သွားကြတာပဲဗျ။ ရွာကထွက်တော့ သူတို့ခွဲထားတဲ့ ကာကွယ်ရေးတွေပါ သေနတ်ကိုယ်စီနဲ့ လူပေါင်း ဆယ်ယောက်လောက် ရှိမယ်ထင်တယ်။ မိုးချုပ်ညကြီးဆိုတော့ ကောင်းကောင်းတော့ မမြင်ကြဘူးပေါ့ဗျာ။ များတော့ အများသားဗျ။ ပြီးတော့ ပျောက်သွားကြတာပဲ။ နေ့လယ်ကတည်းက ဗိုလ်ကြီးတို့ကို ပို့တဲ့ လှေသမားတွေနဲ့ စည်းဝါးရိုက်ထားကြမှန်းသိတော့ ကျွန်တော်တို့က-ခင်ဗျားတို့အတွက် သိပ်ပူမိကြတယ်။ ဗိုလ်ကြီးတို့ကို လိုက်ပို့တဲ့ လှေသမားတွေဟာလည်း ဒီရွာက ဓားပြသူခိုးတွေချည်းပဲ။ ဒါနဲ့ ကျွန်တော်တို့ တထိတ်ထိတ်နဲ့ ဘာတွေဖြစ်ကုန်ကြမလဲဆိုပြီး နားစွင့်နေခဲ့ကြရတယ်။ အဲဒီထဲမှာ တချို့ရွာထဲက သက်ကြားအိုကြီးတွေကလည်း မကောင်းတဲ့အလုပ်၊ ဆုံးမတားမြစ်ကြရမယ့်အစား မင်းတို့က မိုးပေါ်က ဘိုးသိကြား လာချပေးတာကွ၊ ဒီလိုလာချပေးကာမှ မင်းတို့ မစားတတ်ရင် ပင်လယ်ထဲသာ ဆင်းသေလိုက်ကြတော့။ မင်းတို့ တစ်သက်လုံး ဒီလိုအခွင့်အရေးမျိုး ကြုံဖူးကြလို့လား။ ဒီတစ်ခါ ဘိုးသိကြား မိုးပေါ်က လာချပေးသလို ကြုံကြိုက်နေရက်နဲ့ မင်းတို့ ဒီအခွင့်အရေး လက်လွှတ်ခံကြမလားလို့ ကိုဘဖြူတို့ လူသိုက်ကို မြှောက်ပင့်ပေးလိုက်ကြသေးတယ်။ ကျွန်တော်တို့ကတော့ သူတို့ကို အမြဲကြောက်နေကြရတော့ ဘာမှ ဝင်မပြောရဲကြပါဘူး။ ဒါနဲ့ မိုးလင်းခါလည်း နီးရော သေနတ်သံတွေ ခပ်သဲ့သဲ့ ကြားကြရတာပါပဲ။ ကျွန်တော်တို့ကတော့ ခင်ဗျားတို့ အကုန်မရှိကြတော့ဘူး ထင်နေကြတာ။ အခုလို ပြန်တွေ့ကြရတော့ ကျွန်တော်တို့ဖြင့် သိပ်အံ့ဩသွားကြတယ်။ ဝမ်းလည်းသာကြပါတယ်ဗျာ''

ထိုလူကြီး၏ စကားမဆုံးမီပင် နောက်တစ်ယောက်က ဝင်၍ ...

"နောက်တော့ ဒီလိုဗျ။ အဲဒီလိုဖြစ်ပြီး နောက်တစ်နေ့မှာ နောက်တစ်နေ့ဆိုတာက သေနတ်သံတွေ ကြားပြီးတဲ့နေ့ နေ့လယ်ပိုင်း ၁၁ နာရီလောက်မှာ အဲဒီအထက်ပိုင်းက ရဲဘော်ဖြူ ဗိုလ်အကြီးစားထဲက ထင်

www.burmeseclassic.com

တာပဲ။ နာမည်တော့ မသိပါဘူး။ အဲဒီ လူကြီးနှစ်ယောက်နဲ့ စစ်သားသုံးဆယ်ခန့်လောက် ရောက်လာကြပါရော့။ အဲဒီသူတို့ကလည်း ကိုဘဖြူအိမ်ကိုပဲ တန်းဝင်ကြတာပဲ။ ကိုဘဖြူကို မတွေ့တော့ ရွာသားတွေကို ခေါ်စစ်ကြတယ်။ ရွာသားတွေ ပြောပြတာကို နားထောင်ကြပြီး သူတို့လည်း ကြည့်ရတာ တော်တော်စိတ်မကောင်းဖြစ်သွားကြပုံပဲ။ တက်တခေါက်ခေါက်နဲ့ ရွာသားသုံးလေးယောက်ကို ချက်ချင်းခေါ်၊ သူတို့ စစ်သားအားလုံးကို ခေါ်ပြီး ထွက်သွားကြတယ်။ လူကြီးအကြီးဆုံးထင်တာပဲ။ တစ်ယောက်ကတော့ စစ်သားနှစ်ယောက်–သုံးယောက်နဲ့ ရွာမှာ ကျန်ခဲ့တယ်ဗျ။ ပြီးတော့ လူတွေကို ထွက်ခါနီးမှာ 'ဟေ့ ... အားလုံး ကြိုးနဲ့ချည် ခေါ်ခဲ့ကြ။ တစ်ယောက်မှ မလွတ်စေနဲ့။ ကြိုးတွေ တစ်ပါတည်းရှာသွား ယူသွားကြ။ ပစ္စည်းတွေလည်း စေ့စေ့ငှငှဖြစ်အောင် အကုန်ပြန်သိမ်းခဲ့' ဆိုပြီး မှာလိုက်တဲ့အသံကို ကြားရတယ်။ ကျွန်တော်တို့လည်း ဘာတွေများ ဖြစ်ကုန်ကြပလဲလို့ စောင့်နားထောင်နေကြရတာပဲ။ သူတို့ထွက်သွားကြလို့ သိပ်မကြာပါဘူးဗျာ။ နှစ်နာရီကျော်လောက်ဆို ဟိုလူတွေရော၊ အဲ ... ရဲဘော်စစ်သားတွေရော အကုန်ပြန်လာကြတယ်။ ငွေတွေရော၊ လူကြီးတွေရောပေါ့ဗျာ။ လက်စသတ်တော့ ကိုဘဖြူတို့အဖွဲ့က ဗိုလ်ကြီးတို့ငွေတွေကို တိုက်ခိုက်လုယူပြီး သူတို့က အားရပါးရ ပြန်လာကြတုန်း ဒီကလိုက်သွားတဲ့ ရဲဘော်တွေနဲ့ လမ်းမှာပက်ပင်းတွေ့ပြီး ဖမ်းမိခံလာကြရတာကိုး။ အဲဒါပါပဲ။ ဒီကိုရောက်တယ်ဆိုရင်ပဲ စစ်ဆေးမေးမြန်း ငွေတွေရှာပြီးတော့ ကိုဘဖြူရောပဲ အကုန်ကြိုးနဲ့ချည်ပြီး ခေါ်သွားကြတယ်။ အဲ ... အဲဒီထဲက ခင်ဗျားတို့ လူတစ်ယောက်လည်း ပါလာတယ်ဗျ''

ဖြစ်ကြောင်းပြောပြသူက ခင်ဗျားတို့ လူတစ်ယောက်လည်း ပါလာတယ်ဆိုသဖြင့် စောအငြိမ်း မျက်နှာကို ပြေးမြင်မိလိုက်ကြသည်။ စောအငြိမ်း မသေဟု သိရသောအခါ ထကာပစ်ချင်လောက်အောင် ဗိုလ်သိန်းကျော်တို့မှာ ဝမ်းသာသွားကြသည်။

ထိုအချိန်မှာပင် ရွာသားများ ရောက်လာကြပြီး တစ်ယောက်ပြီးတစ်ပေါက် ပြောကြဆိုကြသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ရွာသူ မိန်းမကြီးတစ်ယောက်က ...

"ဗိုလ်ကြီးတို့ ဒီဘဖြူကိုမှ ယုံကြည်မိကြတာကိုး။ ဒီလူက သူများလို ဓားပြတော့ မတိုက်ဝံ့ဘူး။ အရင်က သူခိုးလက်ထောက်ချဆိုတော့ ဒီလိုနဲ့ သူခိုးမွေးရင်း ပစ္စည်းရှိလာတော့ တပည့်တပန်း တွေမွေးပြီး ဓားပြဗိုလ်လုပ်နေတာ။ အင်မတန် ကောက်ကျစ်တဲ့အကောင်။ သံတွဲအချုပ်ထဲ ရောက်တာလည်း နှစ်ခါရှိပြီ''

ဘေးနားက လူတစ်ယောက်က

"ဗိုလ်ကြီးတို့ ခုပြောနေတာ သူ့ဆွေမျိုးလေ။ ကိုဘဖြူနဲ့ မောင်နှမတော်တယ်''

"ဟုတ်တယ်။ ကျွန်မမောင်တော်ပါတယ်။ ဒါပေမယ့် တစ်သက်လုံး ဒီကောင်နဲ့ မတည့်ပါဘူး။ ကျွန်မအိမ်လည်း ချမ်းသာပေးတယ် မထင်နဲ့ ခိုးတယ်လေ။ အဲသလောက် မကောင်းတဲ့အကောင်''

ရွာသားများက ထိုမိန်းမကြီးစကားကို ဝိုင်းရယ်ကြသည်။ ဗိုလ်သိန်းကျော်တို့ပင် ပြုံးမိကြ၏။

သည်လိုနှင့် ဗိုလ်သိန်းကျော်တို့မှာ ရေနံ့ခရီးကို ဆက်လိုက်သွားသင့် မသင့် ဆွေးနွေးကြစဉ် ညနေ ၃ နာရီခွဲလောက်တွင် ဆက်သားတစ်ဦး စာတစ်စောင်နှင့် ရောက်လာသည်။

သို့ ...

ဗိုလ်ကြီးအောင်စဘွန်း
ဗိုလ်ကျော်အေး
ဗိုလ်သိန်းကျော်

နေ့စွဲ ၂၉–၆–၅၄
ခေတ္တ–ဂွရွာစခန်း
စခန်းတစ်နေရာ

ရဲဘော်တို့ ယခု စာရေးနေချိန်မှာ ခင်ဗျားတို့ မကျီးစင်ရွာကို ရောက်နေကြပြီဟု ယူဆပါသည်။ ကျွန်တော် ဂွရွာကို ယနေ့နံနက် ၇ နာရီမှာ ရောက်သည်။ ပစ္စည်းတွေ အားလုံးနှင့် စောအငြိမ်းပါ ဂွရွာကို ရောက်နေပါသည်။ အားလုံး ကျွန်တော် ယူခဲ့သည်။ ရဲဘော်ဖြူခေါင်းဆောင်တွေနှင့်လည်း အားလုံးတွေ့ဆုံ ဆွေးနွေးပြီးပါပြီ။ သူတို့လူတွေ၏ အမှားကို သူတို့ဝန်ခံကြပါသည်။ တရားခံများကိုလည်း ဖမ်းဆီးထားပါသည်။ ဆရာဘာဟု၊ ဗိုလ်ကြီးကျော်စိန် နှစ်ယောက်စလုံး ဒူးနာနေမကောင်းဖြစ်နေ၍ မလိုက်နိုင်ကြပါ။ ဖြစ်နိုင်က ခင်ဗျားတို့ ပေါက်တူးရွာကို တက်လာကြစေလိုပါသည်။ ရဲဘော်ဖြူခေါင်းဆောင်များနှင့် ခင်ဗျားတို့ တွေ့ဆုံဆွေးနွေးကြဖို့ သင့်ပါသည်။ မနက်ဖြန် ကျွန်တော် ပေါက်တူးရွာကို ညနေပိုင်းလောက် အရောက်လာမည်။ ပစ္စည်းများပါ တစ်ပါတည်း ပါ



www.burmeseclassic.com

www.burmeseclassic.com

လာမည်။ ကြိုးစား၍လာခဲ့ပါရန် ဗိုလ်ကြီးအော်စဘွန်းပါ ခေါ်လာပါ။ အထူးအချက်အနေနှင့် သတိပေးပါရစေ။ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာ လက်တွေ့ခံခဲ့ကြရသောသူများဖြစ်၍ အရာရာ ဒေါသချုပ်တည်းစေလိုပါသည်။ အမှားအယွင်းတွေ၊ မဖြစ်သင့်တာတွေ မဖြစ်ပါစေနှင့်။ တောင်းပန်ပါသည်။

လေးစားလျက်

အောင်ရမည်

သင့်ရဲဘော်–မြရင်

ဗိုလ်ကြီးဆီက စာကိုရမှ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာ အပူလုံးကျ၍ စိတ်အေးသွားကြရသည်။ အလောတကြီးလည်း မလိုတော့။ တာဝန်ခံ သုံးလေးယောက်တိုင်ပင်ပြီး ယခုည မကျီးစင်ရွာမှာပင် အိပ်ကာ မနက်မှ ပေါက်တူးရွာကို ထသွားကြရန် တိုင်ပင်ကြသည်။ ထိုညတွင် တစ်ညလုံး ရွာသူ ရွာသားတွေနှင့် စကားပြောဆို၍ ရယ်ရယ်မောမောဖြင့် နေကြသည်။ ကြောက်ရွံ့ပြီး ထွက်ပြေးနေကြသော အပြစ်မရှိသည့် ရွာသူရွာသားများကိုလည်း လိုက်လံ၍ ပြန်ခေါ်စေရသည်။

နောက်တစ်နေ့နံနက်တွင် မကျီးစင်ရွာ၌ တပ်သား ၅၀ ခန့်ကို ထားခဲ့ပြီး ကျန်တပ်သားများနှင့် ပေါက်တူးရွာကို ခရီးထွက်ခဲ့ကြသည်။ ပေါက်တူးရွာသို့ မွန်းတည့်အချိန်၌ ရောက်ကြသည်။ ဗိုလ်သိန်းကျော်တို့ရောက်ပြီး အတော်ကြာမှ ဗိုလ်မြရင်တို့လူသိုက်နှင့် ရဲဘော်ဖြူခေါင်းဆောင် သခင်လှမြင့်နှင့် စောအငြိမ်းပါရောက်လာကြ၏။

စောအငြိမ်းကိုမြင်သည်နှင့် ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့က ပြေးဖက်ပြီး ...

"ဟီး ... ငါတို့ မင်းကို ချောသွားပြီ မှတ်နေကြတာ"

ဟု ဆိုလိုက်ရာ စောအငြိမ်းက တဟားဟားရယ်ပြီး ...

"ကျွန်တော်ကလည်း ဗိုလ်ကြီးတို့ကို ချောသွားပြီ ထင်နေတာ။ ဟဲ ... ဟဲ"

"အေးကွ။ မင်း ဘယ်လိုလွတ်လာတာလဲ ပြောစမ်းပါဦး"

"တော်လှန်ရေးသမားဗျ။ သူခိုးဓားပြတွေလောက်တော့ ကျုပ်က ဘာမှုလိမ့်မလဲ။ သူတို့က လှေကြီးကိုရော၊ ဗိုလ်ကြီးတို့ရှိတဲ့ တဲကိုရော မဲပစ်လိုက်ကြတာ ဗိုလ်ကြီးတို့အသိပဲ။ သေနတ်သံကြားတာနဲ့ ကျုပ် လှေပေါ်က ဆူးရုံချုံထဲ ဒိုက်ထိုးချလိုက်ပြီး မလှုပ်မယှက် ပုန်းကြည့်နေတာ သူတို့မဲပစ်ကြတာက ကျုပ်တို့ ငွေသေတ္တာတွေပါတဲ့ လှေကြီးနဲ့ ဗိုလ်ကြီးတို့ ရှိမယ်ထင်တဲ့ တဲလေးကိုပဲ မဲပစ်ကြတာကိုး။ ကျုပ်က တံငါကူးတို့လှေပေါ်မှာလေ။ အဲဒါကြောင့်လည်း ပုန်းဖို့ အချိန်ရလိုက်တာပဲ။ ဒါနဲ့ ဗိုလ်ကြီးတို့၊ ကျုပ်တို့တောထဲ ဝင်ပြေးသွားကြတယ်ထင်ပြီး လိုက်သွားကြသံကြားရတယ်။ နောက်သိပ်မကြာမီမှာဘဲ အကောင် လေးငါးကောင်က ငွေသေတ္တာတွေရှိတဲ့ လှေကြီးပေါ် ပြေးတက်ကြပြီး ငွေသေတ္တာတွေကို ထမ်းချဖို့ လုပ်ကြတယ်။ အဲဒီမှာ ကျုပ်က 'ဟေ့ ... လူတွေ၊ အဲဒါ ခင်ဗျားတို့ ဘာလုပ်ကြလဲ။ သေတ္တာတွေမှာ ဗုံးတွေပါတယ်။ ခင်ဗျားတို့အားလုံး မသာဖြစ်ချင်ကြလို့လား' လို့ ခပ်တည်တည်နဲ့ အော်ပြောလိုက်တော့ ဒီကောင်တွေ ခဏတော့ ကြောင်သွားကြတယ်။ ကျုပ်ကလည်း သေလူပဲလေ။ မထူးတော့ဘူးဆိုပြီး ပြောင်ပဲထွက်ရပ်ပြပြီး 'ခင်ဗျားတို့က ကျုပ်တို့ကို ဘာအောက်မေ့လဲ။ ခင်ဗျားတို့လောက်ဉာဏ်မရှိရင် ကျုပ်တို့ အစိုးရလေယာဉ်ကို ပြန်ပေးမဆွဲဘူး။ ခု ... ခင်ဗျားတို့ ကျုပ်ကို သတ်ရဲရင်သတ်လိုက်ကြစမ်း။ ကျုပ်သေတာနဲ့ ခင်ဗျားတို့ရော ဒီနားကရွာတွေအားလုံးရော ပြာဖြစ်ပြီသာမှတ်၊ ကျုပ်တို့ ဟိုနေ့မနက် လေယာဉ်ကို ပြန်ပေးဆွဲကတည်းက လေယာဉ်မှာပါတဲ့ ဝါယာလက်နဲ့ ရဲဘော်ဖြူဌာနချုပ်ကိုရော၊ ကော်သူလေး ဌာနချုပ်ကိုရော အားလုံးကို ဒီကမ်းခြေတစ်နေရာရာမှာ လေယာဉ်ဆင်းမယ်။ ကြိုပြီး လာစောင့်ကြပါဆိုတာ ပြောပြီးသား။ ခုလောက်ဆို မကျီးစင်ရွာနဲ့ ဒီနားတစ်ဝိုက်က ရွာတွေကို ကျုပ်တို့လူတွေရောက်ချင်တောင် ရောက်နေကြပြီနေမှာ။ ခု ခင်ဗျားတို့ သတ်ရဲရင် ရော့ .. ကျုပ်ကို ပစ်သတ် လိုက်ကြလေ။ သတ်လိုက်ကြစမ်းပါ။ သတ္တိရှိလို့၊ သေရဲလို့ အစိုးရလေယာဉ်တောင် ပြန်ပေးဆွဲလာကြတဲ့ လူတွေလေ။ ရဲရင်သတ်လိုက်ကြစမ်း' လို့ လက်မြှောက်ပြီးလည်း ပြောလိုက်ရော ဒီကောင်တွေ တကယ်ထင်ပြီး ကြောက်သွားကြတာဗျ။ အဲဒါနဲ့ ဗိုလ်ကြီးတို့နှစ်ယောက်ကို မေးကြသေးတယ်။ ကျုပ်က အဲဒီနှစ်ယောက်ကို ခင်ဗျားတို့က ဘာထင်လဲ။ အစိုးရတပ်မှာကို လေယာဉ်မောင်းလာတဲ့ ဗိုလ်မှူးပိုင်းလော့တွေဗျ။ ကျုပ်တို့က ဒီလိုအစီအစဉ်နဲ့ စနစ်တကျမို့ လုပ်ရဲတာပေါ့။ ခင်ဗျားတို့

www.burmeseclassic.com

က ကျုပ်တို့ကို မြှောက်ချောက် အကောင်တွေမှတ်လား။ လုပ်လေ ‥ ခု ကျုပ်ကို သတ်ရဲရင် သတ်လိုက်ကြလေဗျာ။ ကျုပ်တစ်သက်နဲ့ ခင်ဗျားတို့ အသက်တစ်ရာနဲ့ လဲရဲတယ်။ သတ္တိရှိလို့၊ အားလုံးကိုပိုင်လို့ လုပ်လာတာ ဘာမှတ်လဲ ပြောလိုက်တော့ ကျုပ်ကို ဘယ်လူမှ လက်ဖျားနဲ့တောင် မတို့ရဲကြတဲ့အပြင် တောင်းပန်လိုက်ကြတာ။ သူတို့က ဒီလိုမှန်း မသိလို့ပါ။ ကော်သူလေး ဗိုလ်မှူးတွေမှန်း မသိလို့ပါ။ ကိုဘဖြူက ကရင်ဓားပြတွေ ပြောလို့ပါဆိုပြီး ဟိုကောင် ရဲဘော်ဖြူ ဗိုလ်ရဲထွေးဆိုတဲ့အကောင်ကပါ ရှိခိုးမတတ် တောင်းပန်တယ်လေ။ ကျုပ်က ခုတွက်ကြည့်တော့ ရယ်ချင်လိုက်တာ ဗိုလ်ကြီးတို့ရာ ...ဟား ... ဟား ...ဟီး ဟီး ...ဟိ ...ဟိ''

ဟု စောအငြိမ်း တဟားဟား ရယ်နေသည်ကို ဗိုလ်သိန်းကျော်က မျက်နှာကို ဖက်နမ်းပြီး ...

''အာဂ အကောင်ပဲကွ။ အဲဒါကြောင့် မင်းကို ဗိုလ်ကြီးအော်စဘွန်းက ငါတို့နဲ့ တွဲပေးလိုက်တာကိုး''

ဟု ချီးကျူးစကား ဆိုလိုက်သည်။

စောအငြိမ်းက ''ဗိုလ်ကြီးတို့ကော ဘယ်လိုလွတ်လာကြသလည်း ကျွန်တော်ကတော့ ဗိုလ်ကြီးတို့နှစ်ယောက်စလုံးတော့ ချောသွားကြပြီ။ ငါလည်း မထူးပါဘူးဆိုပြီး ဟိုကောင်တွေကို သွေးရူးသွေးတန်းနဲ့ အမှန်ကတော့ ဒီကောင်တွေကို ဘယ်လိုပြောပြော ငါအသက်မရှင်နိုင်တော့ဘူး ထင်ပြီး ပြောလိုက်ရတာပဲ''

''အေးကွာ ... ငါတို့အကြောင်းတော့ နောက်မှ ပြောပြမယ်။ ဟိုမှာ ရဲဘော်ဖြူ ဗိုလ်ကြီးတွေနဲ့ စာရင်းရှင်းစရာ ရှိသေးတယ်။ တောက် ငါတော့ ကွာ တကယ် ... တကယ်''

စောအငြိမ်းကို ပြောရင်းက ဗိုလ်မြရင်တို့နှင့် အတူပါလာသော ငွေသေတ္တာများဆီ တစ်ချက်လှည့်ကြည့်ကာ တက်ခေါက်မိလိုက်သည်။

ထိုအချိန်မှာပင် ရဲဘော်ဖြူ အစောင့်များနှင့် တရားခံ ကြောင်သူတော် ဓားပြဘဖြူနှင့် သူ့လေ့သမားအဖွဲ့တို့ ရောက်လာကြပြန်သည်။ သို့သော် ရဲဘော်ဖြူ ဗိုလ်ရဲထွေးကား ပါမလာပေ။ ကိုဘဖြူနှင့် လေ့သမားများကို မြင်လိုက်ရသောအခါ ရဲဘော်ဖြူ ဗိုလ်များနှင့်ပါ လူချင်းတွေ့ တိုင်ပင်ဆွေးနွေးနေရာက ...

''ဒီမှာ ... ဒီမှာ ခင်ဗျားတို့ ရဲဘော်ဖြူတွေထဲမှာ သတ္တိရှိလို့ လူစွမ်းကောင်း သူရဲကောင်းလို တကယ့်ရန်သူကို လိုက်တိုက်ရဲ၊ သတ်ရဲတယ်ဆိုတဲ့ သတ္တိခဲကြီး ဗိုလ်ရဲထွေးနဲ့ သူက စစ်သားဆယ်ယောက်၊ ကျုပ်တစ်ယောက်တည်း ဟောဟိုသောင်ပြင်မှာ လွှတ်ပေးစမ်းပါဗျာ။ ကျုပ်တစ်ယောက်တည်းပါ။ လွှတ်ပေးစမ်းပါ။ ခုပဲ ဗိုလ်ရဲထွေးကိုခေါ်ပြီး လွှတ်ပေးကြစမ်းပါ။ ချကြရအောင်။ လွှတ်ပေးကြစမ်းပါ။ ကျုပ်တောင်းပန်ပါတယ် လွှတ်ပေးကြစမ်းပါ''

ဟု ဗိုလ်သိန်းကျော်မှာ ကာဘိုင်သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အံကြိတ်ပြီး ရဲဘော်ဖြူများကို ချလင်းထုတ်တော့သည်။

ရဲဘော်ဖြူများမှာ မျက်နှာပျက်လျက် ဗိုလ်သိန်းကျော်၏ မျက်နှာကို ပင်မကြည့်ကြဘဲ စကားမပြောနိုင် ဖြစ်သွားကြသည်။ ဗိုလ်သိန်းကျော်မှာ ရဲဘော်ဖြူများအပေါ် တစ်ချိန်လုံး မကျေမနပ်နှင့် တက်တခေါက်ခေါက် ဖြစ်လာရာ ယခု ဘဖြူ၏မျက်နှာကို မြင်လိုက်ရသောအခါ ထပေါက်ကွဲတော့သည်။ ဗိုလ်ကျော်အေးမှာ ဗိုလ်သိန်းကျော်ကို မနှာမကျင်ရိုက်ကာ လက်ကိုဆွဲပြီး ''မင်းကွာ မင်းကွာ''နှင့် သတိပေးထိန်းထားရသည်။

ရဲဘော်ဖြူ ဗိုလ်များနှင့် သခင်လှမြင့်တို့က ဗိုလ်ရဲထွေကို အရေးယူထားကြောင်း၊ ဗိုလ်ရဲထွေးကလည်း ကော်သူလေးမှန်းမသိဘဲ ဘဖြူပြောသလို ကရင်ဓားပြတွေထင်၍ လုပ်မိကြောင်း၊ ဓားပြတွေလက်ထဲက ငွေကို တော်လှန်ရေးအတွက် အသုံးချရအောင် ဆိုပြီး ပြန်တိုက်ယူသည့် သဘောသာ ဖြစ်ကြောင်း၊ မစုံစမ်း မမေးမြန်းဘဲ စွတ်လုပ်လိုက်သော ဗိုလ်ရဲထွေးကို အရေးယူထားသဖြင့် ယခုပင် ပါမလာကြောင်း၊ ဖြစ်မိသည်ကို သူတို့တောင်းပန်ကြောင်း၊ ဘာပဲဖြစ်ဖြစ် မဟာမိတ်အချင်းချင်း စိတ်ဝမ်းမကွဲကြဖို့ အရေးကြီးကြောင်း၊ သခင်လှမြင့်က လေပျော့လေးနှင့် တရားခံတွေကိုလည်း ခင်ဗျားတို့ကို အပ်ပါမည့်အကြောင်း တောင်းပန်ပြောကြားသည်။

''တရားခံတွေကို ကျုပ် သိပ်မပြောချင်ဘူး။ ဒီအစီအစဉ်လုပ်တဲ့ ရဲထွေးက တရားခံမဟုတ်ဘူးလား။ ခင်ဗျားတို့ပါ အလိုတူအလိုပါတွေလား။ ကျုပ်က ဒီကောင်နဲ့ပဲ ချချင်တယ်ဗျာ။ လွှတ်သာပေးစမ်းပါ''

ပြောဆိုမရလောက်အောင် ဒေါသတကြီး ပေါက်ကွဲနေသော ဗိုလ်သိန်းကျော်ကို ဗိုလ်မြရင်က ကရင်စကားနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဖျောင်းဖျထိန်းသိမ်းပြောမရသဖြင့် အပြင်ကို ဆွဲထုတ်သွားသည်။ ဘဖြူတို့ ရှိနေရာဘက်ကို ဗိုလ်သိန်းကျော် လစ်ထွက်သွားတိုင်း နောက်ကလိုက်၍ ထိန်းသိမ်းအော်ဟစ် ငေါက်ငမ်းပြောဆိုနေရသည်။ ဗိုလ်သိန်းကျော်ကို ဗိုလ်မြရင်က စိတ်မချသေးသဖြင့် "သူငယ်ချင်း၊ မင်းလူကို ကြည့်ထိန်းထား။ ငါက ရဲဘော်ဖြူတွေနဲ့ ဆွေးနွေးဖို့ အရေးကြီးသေးတယ်။ ပေး . . . မင်းတို့သေနတ်တွေ"ဟုဆိုကာ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့ သေနတ်တွေပါ ဗိုလ်မြရင်က သိမ်းယူသွားသည်။ စိတ်လိုက်မာန်ပါ လုပ်မိကြလျှင် ဖြေရှင်းရခက်မည်ဟုလည်း ဗိုလ်သိန်းကျော်ကို "မင်းက ဒီလို ဖြစ်နေရအောင် ကလေးလား။ တော်လှန်ရေးကို နားမလည်ဘူးလား"ဟု အော်ထားခဲ့မှ ဗိုလ်သိန်းကျော်လည်း နည်းနည်းငြိမ်သွားသည်။

သခင်လှမြင့်တို့နှင့် မိမိတို့ဘက်ကလူတွေ ဆွေးနွေးနေကြချိန်တွင် ဗိုလ်သိန်းကျော်က "တရားခံတွေကို ခဏတော့ သွားကြည့်ဦးမယ်"ဟု လုပ်လာပြန်သည်။ အတော်ကြာ ကြိုးတုပ်ချည်ထားသော ကိုဘဖြူမျက်နှာကို ဗိုလ်သိန်းကျော် လက်သီးနှင့် ဝင်ထိုးမည်စိုးသဖြင့် ဗိုလ်ကျော်အေးက တားရပြန်သည်။ သို့သော် တားမရ။ "ငါ ခုနေချိန် ဒီကောင့်မျက်နှာကို တစ်ချက်လောက်ကြည့်ပါရစေ ဗိုလ်ကျော်အေးရာ"ဟု ပြောပြီး အတင်းရုန်းထွက်သွားပြန်ရာ ဗိုလ်ကျော်အေးမှာ ဆွဲလွဲပြီး ပါသွားရပြန်၏။

အမှန်ဆိုသော် ဗိုလ်ကျော်အေးသည်လည်း ဗိုလ်သိန်းကျော်လိုပင် မကျေနပ်ချက်ကို အောင့်အည်းမျိုသိပ်ထားရသူ ဖြစ်သည်။ ဘဖြူတို့အဖွဲ့ကို လက်စားမချေရလျှင် ဘယ်တော့မှ မကျေနပ်ဟုလည်း ယခင်က ဒေါ်သနှင့် သန္နိဋ္ဌာန် ချထားခဲ့သည်။ မချိအောင် ခံထားခဲ့ရသော ဒဏ်ရာဒဏ်ချက်မှာ တစ်သက်မမေ့နိုင်စရာပင် ဖြစ်သည်။ သို့သော် ယခုအချိန်မှာ ဗိုလ်မြရင်၏ ဆိုဆုံးမမှုလည်း ပါမည်။ စိတ်လည်း တစ်မျိုးပြောင်းသွား၏။ ကိုယ့်ကိုယ်ကိုပင် အံ့ဩမိသည်။ ငွေဆိုသည်မှာ လောက၌ လူတွေ အမက်ဆုံးဖြစ်သဖြင့် အသက်ကိုပင် ရန်ရှာတတ်ကြသည်။ လူ့သည်းခြေကြိုက် သူ့သူငါငါ တပ်မက်ကြသည်။ ဒီလူတွေကို ခုနေ သတ်ပစ်လိုက်လျှင်လည်း သေကြရုံပဲရှိမည်။ သူတို့ ဘာမှ မတတ်နိုင်ကြတော့။ ငါတို့ငွေလည်း ပြန်ရပြီပဲ။ သူတို့ကို သတ်ပစ်လိုက်လို့လည်း ငါတို့ငွေတွေက ပိုလာမည်မဟုတ်။ သတ်ရင်လည်း သူတို့မှာ ခွေးသေ၊ ဝက်သေ သေကြရုံသာ။ သူတို့မှာ သားမယား၊ ကလေးတွေနှင့် မသတ်သင့်ပါဘူးလေ။ သနားစရာတွေ ဖြစ်နေကြပါပြီဟု စိတ်ကိုဖြေသော်လည်း အဖြစ်ဆိုးများကို ပြန်မြင်မိလျှင် အစိမ်းလိုက်ကို ဝါးစားပစ်ချင်လောက်အောင် စိတ်ထပေါက်လာပြန်သည်။ တကယ်လို့ စောစောကသာ တွေ့မိကြလျှင် သတ်မိမည်မှာ အမှန်ပင်၊ ယခုတော့ ကြိုးတုပ်ချည်နှောင် ခံထားရပြီး မျက်နှာငယ်လေးတွေနှင့် တွေ့နေရသောအခါ စိတ်ထဲ သနားသလိုလည်း ဖြစ်မိပြန်သည်။ သည်လို ကြိုးတုပ်ခံနေရသူကို သတ်လျှင် ပို၍ အကုသိုလ်ကြီးမည်။ မည်သူက ငါတို့ကို သူရဲကောင်းဟု ပြောကြမည်နည်း။ အသက်စွန့်ပြီး လုပ်လာခဲ့ကြပြီးမှ သူတို့ကို သတ်လိုက်မည်ဆိုလျှင် . . . ဟူသော အတွေးမဆုံးမီမှာပင် ဗိုလ်မြရင်က အနားပြေးရောက်လာပြီး . . .

"ခင်ဗျားတို့ဗျာ . . . ဒါတွေကို ဘာလို့လာကြည့်နေကြတာလဲ။ ခင်ဗျားကလည်း ဗိုလ်သိန်းကျော်ထက် ဆိုးမနေစမ်းပါနဲ့။ ဒါတွေကို နိုင်ငံရေးနဲ့ ဖြေကြမှပေါ့။ ခင်ဗျားတို့က ကျွန်တော့်ထက် အသိဉာဏ်ရှိတဲ့ လူတွေပါဗျာ။ နိုင်ငံရေးအသိနဲ့ ဖြေကြစမ်းပါ။ ခုလူကြီးတွေ ဆွေးနွေးလို့လည်း ပြီးနေကြပါပြီ။ အကျိုးမထူးတဲ့ကိစ္စ ဘာလို့ စိတ်ထဲထားနေကြတာလဲ။ လာကြစမ်းပါ။ လာ . . . လာ ဗိုလ်သိန်းကျော် လာစမ်းပါဗျာ"

ဗိုလ်မြရင်ဆွဲခေါ်ရာသို့ ကန့်လန့်ကန့်လန့် ပါလာကြရပြန်သည်။

ရဲဘော်ဖြူခေါင်းဆောင်များကလည်း သူတို့နှစ်ယောက်ကို မြင်သည်နှင့် ပျာပျာသလဲပင် သူတို့လူတွေမှားကြောင်း အပြစ်ရှိကြောင်း၊ ဗိုလ်ရဲတွေးကိုလည်း အပြစ်ပေးမည် ဖြစ်ကြောင်း တောင်းပန်ပြောကြားကြသည်။

ရန်သူဟုဆိုရမည့် ကိုဘဖြူတို့ မျက်နှာကို မြင်လာခဲ့ရသော ဗိုလ်သိန်းကျော်ကမူ . . .

"ကျွန်တော်တို့ဗျာ . . . ဆင်ကြီးတစ်ကောင်လုံးကို လက်သီးနဲ့ ထိုးသတ်လာခဲ့ပြီး ကိုယ့်မဟာမိတ်နယ်ထဲရောက်မှ ခွေးဝဲစား အကိုက်ခံသလို ခံရတာ တကယ်အသည်းနာတယ်"

ဟု မကျေမချမ်း ပြောနေသေးသဖြင့် ထပ်မံ၍ တောင်းပန်ပြောဆိုကြ



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။

ထို့နောက် တစ်ဖက်နှင့်တစ်ဖက် ပြေပြေလည်လည် ဖြစ်ရေးအတွက် ဆက်ဆွေးနွေးကြသည်။ တရားခံများကိုလည်း ရဲဘော်ဖြူများ ဝန်ခံချက်အတိုင်း အပြစ်ပေးရန် ဆုံးဖြတ်ကြပြီး ၎င်းတို့အား ရဲဘော်ဖြူများကိုပင် အပ်ထားခဲ့ကြသည်။ ဗိုလ်သိန်းကျော်တို့မှာ ပစ္စည်းများနှင့်အတူ စခန်းသို့ ပြန်လာခဲ့ကြသည်။

ပထမမူရင်း လေယာဉ်ဆင်းခဲ့ကြသော မကျီးစင်ရွာကိုရောက်သည်။ မကျီးစင်ရွာမှာ တစ်ရက်နားပြီး နောက်တစ်နေ့ ဗိုလ်ကြီးအော်စဘွန်း ရှိနေရာ ဖိုးလောင်းရွာကို ချီတက်ကြသည်။ မကျီးစင်ရွာက ဖိုးလောင်းရွာအထိ ငွေသေတ္တာများနှင့်တကွ အထုပ်အပိုးအားလုံးကို မကျီးစင်ရွာသားများအား ထမ်းခိုင်းကြသည်။ လမ်းကလည်း မကောင်း။ နယုန်-ဝါဆိုမိုးကလည်း အိလဲဆွဲပြီး ရွာနေရာ အလွန်လေးပြီး အထမ်းသမား ရွာသားများမှာ အလဲလဲအပြိုပြိုဖြစ်တိုင်း ဘဖြူကြောင့် ဒုက္ခရောက်ရသည်ဟု ဘဖြူကို တစ်လမ်းလုံး ကျိန်ဆဲလာကြသည်။

ဗိုလ်သိန်းကျော်တို့အဖွဲ့ ဖြတ်သာကြသော ရွာတိုင်းက ကျေးလက်နေ ပြည်သူများမှာ ဗိုလ်သိန်းကျော်တို့ ကေအင်န်ဒီအိုတွေကို အလွန်ကြောက်ရွံ့နေကြသည်။ အမှန်က ရွာသူရွာသားများသာမဟုတ် ရဲဘော်ဖြူများလည်း ဗိုလ်သိန်းကျော်တို့ကို တော်တော် ကြောက်ရွံ့သွားကြပုံရ၏။ လူသူ [illegible] အင်အားကြီးကိုကြည့်၍ ကြောက်ခြင်းလည်း ဖြစ်သွားကြပုံပင်။

သူတို့တွေမှာ မီးပုံထဲ ယမ်းမှုန့်လောင်းချမိသလို အပြစ်ရှိသူများကြောင့် အကုန်လုံး သိမ်းကျုံးများ သတ်လေမလား။ ရွာတွေပဲ မီးရှို့ခံရလေမလားနှင့် မကျီးစင်ရွာနီးချုပ်စပ် တစ်ဝိုက်က လူများမှာ ဘုရားတနေမိကြသည်။ သူတို့ ကြောက်မည်ဆိုကလည်း ကြောက်လောက်သည်။ ဤမျှများပြားသည့် စစ်တပ်ကြီးနှင့် လက်နက်များကိုလည်း သူတို့မှာ မြင်ဖူးတွေ့ဖူးကြပုံ မရပေ။

ထိုစဉ်က ဗိုလ်ကြီးအော်စဘွန်းတို့တက်က ရောက်လာသော စစ်တပ်၊ ဗိုလ်သီဟိုရှိုးနှင့် ပါလာသော စစ်တပ်၊ ဗိုလ်မြရင်နှင့် ပါလာသော တပ်များအပြင် ကျေးရွာကာကွယ်ရေး ပြောက်ကျားများပါ ပေါင်းလိုက်က စစ်သားချည်း ၃၀၀ ကျော်သည်။ လက်နက်များမှာ ဘရင်းဂန်း ၂၃ လက်၊ ကာဘိုင် ၁၂ လက်၊ စတင်းဂန်း ၄၀ ခန့်နှင့် ရိုင်ဖယ်မျိုးစုံတို့ဖြစ်သည်။ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ဘရင်းဂန်း၊ စတင်းဂန်းတွေ ဤမျှကိုင်ဆောင်လာကြသော စစ်တပ်ကြီးကို မမြင်ဖူးကြသော ကျေးရွာလူထုတွေမှာ အံ့ဩဘနန်းဖြစ်သွားကြသလို အင်အားနည်းသော ရဲဘော်ဖြူများမှာလည်း ကြောက်ဒူးတုန်ကုန်ကြလေသည်။

ဗိုလ်မြရင်၊ ဗိုလ်ကျော်အေး၊ ဗိုလ်သိန်းကျော်တို့မှာ လုပ်ရက်ကြသည့် ရဲဘော်ဖြူများအား ဒေါသထွက်နေကြသော ရဲဘော်များကိုလည်း အမျိုးမျိုး ချော့တစ်ခါ ခေါက်တစ်လှည့်နှင့် ထိန်းသိမ်းလာခဲ့ကြရ၏။ ၁၉၄၉/၅၀ နှစ်များက အလံနီ၊ နစ်ဖြူ၊ ရဲဘော်ဖြူ၊ ကေအင်န်ဒီအိုတို့ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲကာ မညီမညွတ်ဖြစ်ခဲ့ကြသဖြင့် ဖဆပလအစိုးရ ကောင်းကောင်းကြီး အသက်ရှူပေါက် ရသွားခဲ့သည်ကို သာဓကပြောပြ၍ ယခုတစ်ဖန် အနီးကပ်ဆုံး မဟာမိတ်အချင်းချင်း ပစ်ကြခတ်ကြတိုက်ကြ သတ်ကြလျှင် ခွေးဝဲစားတွေ အစာလုရင်း ကိုက်ကြပြန်ပြီဟု ဖဆပလအစိုးရက လက်ခုပ်လက်ဝါးတီးပြီး သြဘာပေးရယ်မောနေကြလိမ့်မည်။ ကျွဲနှစ်ကောင်ခတ်ရာတွင် ကြားထဲက ရှိသားသော ကျေးလက်လူထုခများမှာ ကြားထဲက မြေစာပင် ဖြစ်ကုန်ကြလိမ့်မည်ဟု ရဲဘော်ဖြူများကို ချရမည်ဟုချည်းပြောနေကြသော တပ်ကို လမ်းခရီးတစ်လျှောက်လုံး ရင်တမမနှင့် ထိန်းသိမ်းလာကြရသည်။

သည်လိုနှင့် တပ်များကို စနစ်တကျ မျက်ခြည်မပြတ်ကွပ်ကဲ ပြောဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြန်လာကြရာ အုန်းချောင်းရွာကြီးနားတွင် ခေတ္တအနားယူကြသည်။ မကျန်းမာ၍ ဖျားနာကာလာသော လူနာများနှင့် ငွေသေတ္တာ၊ ပစ္စည်းတွေကိုတင်ရန် ဆင်ငါးကောင် ဆင့်ကြရသည်။ နှစ်ရက်ခန့် ဆက်နားပြီး ဆင်ငါးကောင် ရောက်လာသောအခါ ခရီးဆက်ထွက်ကြသည်။ လမ်းတွင် ရွာပေါင်းများစွာကို ဝင်ခဲ့ပြီး စခန်းချရပ်နားရင်း တဖြည်းဖြည်း ပြန်လာကြရာ ချောင်းဂွရွာအရောက်တွင် ဗိုလ်သိန်းကျော်တို့ ယခင်အခင်းဖြစ်စဉ်က စာရေးလိုက်သော ရဲဘော်ဖြူဗိုလ်ချုပ် ဗိုလ်ညိုမှိုင်း ရောက်ချလာတော့သည်။

ခရီးရောက်မဆိုင်းပင် ဗိုလ်ညိုမှိုင်းက ဗိုလ်ကျော်အေး၊ ဗိုလ်သိန်းကျော်တို့ရလာသော ငွေထဲက ငွေလု



www.burmeseclassic.com

www.burmeseclassic.com

ပေးရန် ဗိုလ်ကြီးအောင်စဘွန်းကို စကား ဆိုလာတော့၏။

ဗိုလ်ညိုမှိုင်းမှာ ယခုကိစ္စနှင့် ပတ်သက်၍ အစအဆုံး သိထားသူဖြစ်သည်။ ငဆော်ဖူးခွဲရွာတွင် လေယာဉ်ကွင်းပြုလုပ်၍ သွားစောင့်ကြစဉ်ကပင် မဟာမိတ်ဧရိယာဖြစ်၍ ရဲဘော်ဖြူများနှင့် မကင်းနိုင်သဖြင့် လေယာဉ်ဆင်းလာသည့်အခါ အချင်းချင်း အမှားအယွင်း မဖြစ်ရလေအောင် သူ့အား ကြို၍လည်း သတိပေးထားမိရာ သူက ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝေစုတောင်းလာခြင်း ဖြစ်သည်။ တကယ်လည်း တော်လှန်ရေးနယ်မြေအရ ဆက်သွယ်ထားမှုအရ သူတို့လည်း ဆိုင်၏။ သို့သော် သူ့လူတွေ အကြံပက်စက်လွန်းသဖြင့် ဗိုလ်ကြီးအောင်စဘွန်းက အလွန်ဒေါပွပြီး တစ်ပြားမှမပေးတော့ဟု ဆုံးဖြတ်ထားသည်။ ဗိုလ်ညိုမှိုင်း ၏ တောင်းဆိုချက်ကို မပေးဘူးဟု ခါးခါးသီးသီး ပြန်ပြောလိုက်သည်။

သူတို့နှစ်ယောက်မှာ ခင်မင်ရင်းနှီးကြသော မဟာမိတ်ဗိုလ်များ ဖြစ်၍ ပြောမနာ ဆိုမနာ ပွင့်ပွင့်လင်းလင်း ပြောရဲဆိုရဲကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပြင်းထန်သော စကားလုံးများနှင့် အပြန်အလှန် မနားတမ်း ပြောဆိုနေကြ၏။ တစ်ယောက်က ဝေစုရထိုက်လို့ "ပေးကွာ"ဟု ဆို၏။ တစ်ယောက်က "မင်းတို့ ဓားပြတွေမို့ မပေးဘူးကွာ"ဟု ကစားသလို ပြောနေကြရာက တစ်စတစ်စနှင့် တကယ် စိတ်ဆိုးလာကြ၏။

ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့နှစ်ယောက်မှာ ကြားထဲက ဗျာများနေကြရသည်။ ရွာသားတွေလည်း အများကြီး လာနားထောင်နေကြ၍ ရှက်စရာပင် ကောင်းလာတော့သည်။

ဤတွင် ဗိုလ်ကျော်အေးက စိတ်ညစ်လာသဖြင့် "ကဲ ... ဗျာ ... ဗိုလ်ကြီးအောင်စဘွန်းရယ်၊ သူတို့နယ်မြေလည်းဖြစ်၊ သူကိုလည်း ဗိုလ်ကြီးတို့ပဲ ကြိုအကြောင်းကြားထားတာလည်းဖြစ်တော့ နည်းနည်းတော့ ပေးလိုက်ပါဗျာ"ဟု ကရင်လို ဝင်ပြောလိုက်ရသည်။

သို့သော် ဗိုလ်ကြီးအောင်စဘွန်းက လုံးဝမပေးချင်။ ဗိုလ်ညိုမှိုင်းကလည်း အတင်း ဖွတ်တောင်းနေ၏။ သူတို့နှစ်ယောက်မှာ ကလေးတွေမှာ ရန်ဖြစ်နေကြသည်က တဖြည်းဖြည်း နားထောင်မကောင်း ဖြစ်လာ၏။ မပေးလျှင် တစ်သက်လုံး အေးကြတော့မည်မဟုတ်။ အနည်းအကျဉ်းတော့ ပေးမှ ကောင်းမည်ဟု ကာယကံရှင်လို ဖြစ်နေကြသော ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့ကပါ ကရင်လို တိုင်ပင်ပြောဆိုကြကာ ဗိုလ်ကြီးအောင်စဘွန်းကိုလည်း ကရင်စကားနှင့် အကျိုးအကြောင်း ထပ်ပြော ဖျောင်းဖျကြပြီး အနည်းအကျဉ်းတော့ ပေးသင့်ကြောင်း ပြောလိုက်ရာ ...

"ကဲ ... ဒါဖြင့် ခင်ဗျားတို့ ဘယ်လောက် ယူမလဲပြော"

ဟု ဗိုလ်ကြီးအောင်စဘွန်းက ဗိုလ်ညိုမှိုင်းကို ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ခင်ဗျားတို့ ရလာတာက ခုနစ်သိန်းကျော် ရှစ်သိန်းဆိုတော့ နှစ်သိန်းလောက်တော့ပေးဗျာ။ ပါတီအလိုက်ဆို ဒီလောက်တော့ ရသင့်ပါတယ်"

ဟု ဗိုလ်ညိုမှိုင်းက ပြော၏။

ဗိုလ်ကြီးအောင်စဘွန်းက ပိုပြီး ဒေါသထွက်လာကာ ...

"ခင်ဗျားဟာက မတည့်ပေါက်ပဲဗျ။ နှစ်သိန်းတော့ ဘယ်တော့မှ မပေးဘူး။ လိုချင်ရင် နှစ်သောင်းယူ။ မလိုချင်နေ"

နှစ်ယောက်သား တိုးတောင်းသူက တိုးတောင်း၊ လျှော့ပေးသူက လျှော့ပေးနှင့် စကားကြော ရှည်လာကြပြန်ရာ ဗိုလ်သိန်းကျော်မှာ ရဲဘော်ဖြူ ဗိုလ်ချုပ်ဆိုသူကို မြင်ဖူးရုံသာရှိပြီး စကားမပြောဖူးသော်လည်း စိတ်ပေါက်ပေါက်နှင့် ...

"ကဲဗျာ ... ခင်ဗျားတို့ဟာ အတော်ရှက်စရာ ကောင်းနေပြီ။ ကလေးတွေ ကျနေတာပဲ။ အမှန်က ဒီလို မမျှော်လင့်ဘဲ ဖြစ်ကုန်ရတဲ့အတွက် ကျုပ်က တစ်ပြားမှတောင် မပေးချင်ဘူး။ ခု ပေးနေတာတောင် မလွှဲသာလို့ ပေးနေတာ။ အဲဒါ ငါးသောင်းထိ တိုးပေးလိုက်မယ်။ ငါးသောင်းနော် ဒါပဲ။ ယူချင်ရင် ခုယူသွား။ မယူချင်လည်း ဘာမှ ပြောမနေနဲ့တော့ဗျာ ... မကျေနပ်ရင် ခင်ဗျားလည်းတပ်ပါသွားပဲ။ ဒုတိယအကြိမ် ခင်ဗျားတို့ ပြန်တိုက်ယူကြ။ ကျုပ်ကတော့ ဒါပဲပြောချင်တယ်"

ဟု ဒေါသတကြီး ဝင်ပြောလိုက်သည်။

ဗိုလ်ညိုမှိုင်းကား အတော် ကတ်သီးကတ်သတ်နှင့် အရေထူသူထင်၊ ဗိုလ်ကြီးအောင်စဘွန်းကိုသာ ရင်းနှီးပြီးသူ အဆင့်တူမို့ မျက်နှာထားတင်းပြီး ပြောသော်လည်း ဗိုလ်သိန်းကျော် ထိုသို့ဝင်ပြောသည်ကို အပြုံးမပျက် ...

"တို့ ... တော်လှန်ရေးအောင်



www.burmeseclassic.com

www.burmeseclassic.com

အချင်းချင်းပါဗျာ။ ခြောက်သောင်းတော့ ပေးပါဗျာ။ ကျုပ်ကိုယ်ကျိုးအတွက် တောင်းတာမှမဟုတ်တာ။ ပါတီအတွက်ပါဗျာ။ တစ်သောင်းလောက်တော့ တိုးပေးကြပါ''

လေပျော့လေးနှင့် ဈေးဆစ်နေသည်ကို ဗိုလ်သိန်းကျော်က ပိုဒေါသထွက်လာမှန်းသိသဖြင့် ဗိုလ်ကျော်အေးက ဗိုလ်သိန်းကျော်လက်ကို လှမ်းကိုင်ပြီး ...

''ကောင်းပြီ ... ဒါဖြင့် ခင်ဗျားတို့ကို ခြောက်သောင်းပြည့်အောင်ပေးမယ်။ ငါးသောင်းတော့ ခုယူသွား။ ကျန်တစ်သောင်းကိုတော့ ခုငွေရေ ကြည့်ထားကြတော့ လိုနေတဲ့ငွေငါးထောင်ရယ်၊ ဘဖြူတို့ နိုးဝှက်ထားတဲ့ ငွေတွေရယ်၊ လှေသမားဘဖြူအပေါင်းအပါတွေကို ပေးထားခဲ့ရတဲ့ငွေရယ် ပေါင်းလိုက်ရင် တစ်သောင်းတောင် မကာသာရှိမယ်။ ကျုပ်တို့ အိတ်ထဲကပါ စိုက်ပေးခဲ့ကြရတဲ့ လှေခငွေတွေနဲ့ ခြောက်သောင်း ပြည့်လောက်ရောပေါ့''

ဟု ပျောက်နေသော ငွေများကိုပါ စာရင်းထည့်ပေါင်း ပြောလိုက်သောအခါ ဗိုလ်ညိုမှိုင်းလည်း မပြောသာတော့ဘဲ ငြိမ်ကျသွားသည်။ ဗိုလ်ကြီးအော်စဘွန်းကမူ ခင်ဗျားတို့ပဲ ဆက်ပြောကြတော့ဟူသော သဘောနှင့် မကျေနပ်သလို ထိုင်နေရာက ထသွားသည်။

အမှန်ပင် ဗိုလ်ကျော်အေးကလည်း ဗိုလ်ကြီးအော်စဘွန်းလို ပေးချင်လှသည် မဟုတ်။ သူတို့နယ်မြေ၌ ဖြစ်ခဲ့ရသည်။ ကြိုတင်၍လည်း အကြောင်းကြားထားခဲ့ကြသည့်အပြင် မိမိမှာလည်း ဗိုလ်ညိုမှိုင်းဆီ အခင်းဖြစ်စဉ်က အကူအညီတောင်းစာ ရေးမိခဲ့သဖြင့် လုံးဝမပေးလျှင် မိတ်ဆွေကရန်သူဖြစ်ပြီး နောင်ရေးတွေးကာ ပေးလိုက်ကြရခြင်းသာ ဖြစ်လေသည်။

××× ××× ×××

ဤစစ်ဆင်ရေးကြီးမှာ ဇွန်လ ၂၅ ရက်နေ့မှ ဇူလိုင်လ ၆ ရက်နေ့သို့ ရောက်သွား၏။ ပြီးပြတ်ပြီဟု ပြော၍မရသေး။ ဗိုလ်သိန်းကျော်က စိတ်လိုက်မာန်ပါနှင့် မကျေနပ်ရင် ခင်ဗျားလည်း တပ်ပါသားပဲ။ ဒုတိယအကြိမ်တိုက်ယူကြဟု ပြောမိလိုက်သည်ကို ဗိုလ်ညိုမှိုင်းက အမှတ်ထားပြီး တကယ်လာတိုက်လေမလားဟုလည်း စိုးရွံ့နေရသေးသည်။ ခေတ်ကာလအလျောက် ငွေလေးငါးခြောက်သောင်း ဆိုသည်မှာ နည်းသောငွေ မဟုတ်ပေ။ ရခိုင်တစ်တိုင်းလုံးရှိ ဝန်ထမ်းများကို လခပေးနိုင်သောငွေ။

ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့ကသာ စိုးရိမ်လာကြသော်လည်း ဗိုလ်ကြီးအော်စဘွန်းကမူ ''တို့ကိုဘယ်လူက ချရဲမှာလဲကွ။ ချရင်ချပေါ့။ မင်းတို့လို သတ္တိခဲတွေ သူတို့မှာ ဘယ်နှယောက်ရှိလို့လဲ၊ လာစမ်းပါ။ ငါကတော့ အချိန်မရွေးသေး''ဟု ရဲဘော်ဖြူများကို လမ်း၌ပင် ချဲလင်းစကား ဆိုလာသည်။

သည်လိုနှင့် ငွေသေတ္တာများ၊ ငှက်ဖျားဖြတ်ဆေးများကို ဆင်ပေါ်တင်ပြီး သတိဝီရိယရှိရှိနှင့် ခရီးဆက်လာကြရာ ရိုးမတောင်ကြီးကို ဖြတ်ကျော်လာကြသည်။ ညနေ ၆ နာရီတွင် ရိုးမတောင်ခြေရှိ သပြေပင်ရွာကလေးကို ရောက်ကြ၏။ ထိုရွာမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့တွင် တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်လာကြရာ (ဂျီ-အို-စီ) စောစီနီမှုန်တို့ လူကြီးတွေနေသော လှိုဏ်ဂူစခန်းကို ရောက်လာကြသည်။


တာဝန်ဝတ္တရားအတိုင်း ငွေအားလုံးကို စာရင်းအင်းနှင့်တကွ အပ်နှံပြီး မိမိတို့တာဝန်ကျရာ စခန်းအသီးသီးသို့ အောင်မြင်စွာ ပြန်လာကြလေသည်။

၁၉၅၈ ခုနှစ်တွင် အရင်းနှီးဆုံး အားအကိုးရဆုံး အနီးကပ်ဆုံး မဟာမိတ်များ ဖြစ်ကြသော ရဲဘော်ဖြူများအားလုံးသည် အစိုးရဆီတွင် လက်နက်ချ အလင်းဝင်သွားကြသည်။ ထို့နောက်တွင် ဗိုလ်ကြီးအော်စဘွန်း၊ ဗိုလ်မှူးကျော်စိန်၊ ဗိုလ်ကျော်အေးနှင့် ဗဟိုကော်မတီထဲက ပုဂ္ဂိုလ်များသည်လည်း အလျှိုအလျှို လက်နက်ကိုင်လမ်းစဉ်ကို စွန့်ပစ်ခဲ့ကြပြီး အလင်းဝင်သွားကြရာ ဗိုလ်သိန်းကျော်မှာလည်း အလင်းဝင် ကရင်သူပုန်ဗိုလ်တစ်ယောက် ဖြစ်လာလေသည်။

**ဖိုးကျော့**

<u>မှီငြမ်းကိုးကားချက်</u>

စာရေးဆရာ ဗိုလ်မြင့်ရေး ''သေမင်းကို သစ္စာနှံသည်'' ဝတ္ထုနှင့် ၁၉၅၄ ခုနှစ်၊ ဇွန်လထုတ် သတင်းစာများ။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရှင်

# ဧရာဝတီလိုက်မယ်

## မောင်ရွှေစင်

ယခင်လမှအဆက်

"မဝေဠု..."

ကောင်းသည် မဝေဠု၏လက်ဖဝါးကို စေးစေးကထက် တင်းကြပ်စွာ ဆုပ်ကိုင်ရင်း မဝေဠုကိုနောက်တစ်ကြိမ် ခေါ်လိုက်မိပြန်၏။ ကောင်း မျက်လုံးအစုံသည် မဝေဠုအား ရွှန်းရွှန်းစားစား ကြည့်နေသည်။ ကောင်း၏အကြည့်သည် မြောက်များစွာသော စကားများကို မဝေဠုအား ပြောဆိုနေလေသည်။ ဒါကို မဝေဠု ကောင်းစွာ သဘောပေါက်သည်။

သူမ၏ ညာဖက်လက်ဖဝါးနုနုကလေးက သူ့လက်ကို ဆုပ်ကိုင်ထားသော ကောင်း၏လက်ကို ထပ်၍ထိတွေ့ဆုပ်ကိုင်လာသည်။ မဝေဠု၏လေးကိုင်းညွတ်ညွတ်ထွတ်ထွတ် နှုတ်ခမ်းကလေးသည် တလှုပ်လှုပ် တရွရွနှင့် ရှိနေသည်။ စကားတော့ ပြောနေသည်။ သို့သော် ပီသသော စကားသံများ ထွက်မလာ။ ပီပီသသ အသံ တသံတော့ရှိသည်။

"အော်...ကောင်း...ရယ်..."

ကောင်းသည် မဝေဠု၏ ပါးပြင်ကလေးတွင် သူ၏နှာခေါင်းကလေးကို ညင်ညင်ဖွဖွ ရှုရှုကလေး မြှုပ်နှံလိုက်၏။ ဒီအချိန်တွင် မဝေဠုမျက်လုံးကလေးများ မှေးစင်းလာ၏။ ကောင်း၏ ယုယမှုကို နှစ်သက်စွာ လက်ခံလေသည်။

နောက်တဆင့်တိုးလျက် ကောင်းက မဝေဠု၏ ပခုံးသားကို သူ၏လက်အစုံဖြင့် ထိတွေ့ပိုက်ပွေ့ရန် ကြိုးစား၏။ မဝေဠု နည်းနည်း ရုန်းဖယ်သည်။ ကောင်းသည် မဝေဠု၏ နှုတ်ခမ်းကို နမ်း၍ ကြိုးစား၏။ မဝေဠုက သာသာကြည်ကြည် ခွင့်ပြုလာသည်။ မဝေဠုကိုယ်တိုင်ပင် ကောင်းအား ပြန်၍ သိုင်းဖက်ထား၏။

မဝေဠုသည် သောက်ထားသော အရက်ကြောင့်လား။ ရမက်ကြောင့်လား မသိ၊ ကောင်းကို မလွှတ်တမ်း ဖက်ထားဆဲဖြစ်သည်။

အတော်ကြာမှ နှစ်ယောက်သားလူချင်း ခွာလိုက်သည်။ ကောင်းသည် မဝေဠုအား ကြည်နူး ကျေနပ်စွာ ငေးကြည့်နေမိ၏။ မဝေဠုသည် ဘာမှ မထူးခြားသကဲ့သို့ ဖန်ခွက်ထဲတွင်ရှိသော ဝီစကီ ရောထားသည့် လိမ္မော်ရည်ကို တချက်တည်း အပြတ် မော့သောက်ပစ်လိုက်သည်။

"သွားကြစို့ ကောင်းရယ်"

"မပြန်ပါနဲ့အုံးလား... မဝေဠု။ ကောင်း မဝေဠုနဲ့ အတူနေချင်သေးတယ်"

"မဖြစ်သေးပါဘူး ကောင်းရယ်။ နောက်တော့ မဝေဠု အချိန်ပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည် မဝေ့ရွှေကို မကျေမနပ်ဖြစ်သွား၏။ နောက်တစ်ကြိမ် မဝေ့ရွှေအား နမ်းရန် ကြိုးစားပြန်သည်။ မဝေ့ရွှေ မငြင်း။ အသာအယာပင် တုံ့ပြန်သည်။ ကောင်း၏ အသက်ရှူသံတို့ ပို၍ ပြင်းထန်လာသည်။ ကောင်း၏ လက်များသည် မဝေ့ရွှေ၏ အရိုးများ ကွဲသွားမတတ် အတင်းအကြပ် ဖက်ထား၏။

"တော်ပြီကွယ်။ နောက်တော့အေး အေးဆေးဆေး တွေ့ကြရအောင်"

ကောင်း ရင်ခွင်ထဲမှ မဝေ့ရွှေက ရုန်းထွက်ရင်း ပြောလိုက်၏။ ကောင်းသည် ဝီစကီများကို ဖန်ခွက်အတွင်းသို့ ထပ်ငှဲ့ကာ ရေခဲနှင့် ဆော်ဒါ ထပ်ရောလျက် တချက်တည်း မော့သောက်ပစ်လိုက်၏။ ပြီးတော့ စီးကရက်ကို ဖွာနေလိုက်သည်။

ဟိုတယ်တွင်းမှ အထွက်တွင် မိမိတို့နှစ်ဦးအား တစုံတစ်ယောက် လှမ်းတွေ့သွားသည်ကို ကောင်းရော မဝေ့ရွှေပါ မမြင်လိုက်ကြ။ သူတို့နှစ်ဦးအဖို့ ပတ်ဝန်းကျင်ကို မေ့ထား ပစ်လိုက်ကြပြီ။ ကောင်းသည် မဝေ့ရွှေ၏ လက်ကလေးကိုဆွဲလျက် ကားကလေး ရပ်ထားရာဆီသို့ ခပ်သုတ်သုတ်လျှောက်လာကြသည်။

"ဟေ့…ဘော်ဒါကြီး။ နဲနဲပါးပါးတော့ စွန့်ကြဲခဲ့အုံးလေကွာ။ သူဌေးမလေးတစ်ယောက်ကို အပိုင်ရထားတဲ့ ဘော်ဒါကြီးကို ချီးကျူးပါတယ်"

လူရွယ်နှစ်ယောက် သူနှင့် သက်တူရွယ်တူခန့်ရှိမည်။ ကောင်း မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိသည်။ မဝေ့ရွှေက ကားတံခါးကို သော့ဖွင့်လျက် အတွင်း၌ ဝင်ထိုင်လိုက်သည်။

ကောင်းက မဝင်သေး။ သူ့ဆီမှ ငွေလှမ်းတောင်းနေသော လူရွယ်နှစ်ယောက်ကို ကြည့်နေ၏။

"ကဲပါလေ၊ နယားလေး နှစ်ကောင်လောက်"

တစ်ယောက်က သူ့အနား တိုးလာပြီး ကောင်း၏ ပခုံးကို ရင်းရင်းနှီးနှီး ခင်မင်သူတစ်ယောက်ပမာ လာပုတ်ရင်း လက်ဝါးဖြန့်လိုက်၏။ ကောင်းသည် သူ့အနီး၌ရှိသော လူရွယ်ကို ကြည့်လျက် ခပ်ပြုံးပြုံးနှင့် ကြည့်ရင်းမှ…

"မိုက်ကြေး သဘောလား"

"အို…ဒီလိုမပြောနဲ့လေ။ ဒါမျိုးက ဆေးဘဲတွေ လုပ်တဲ့အလုပ်"

"ခုကော မင်းတို့က ဘာသဘောလဲ"

ကောင်း၏မေးခွန်းကို ကြားရသော အခါ လူရွယ်က ဟက်ဟက်ပက်ပက် ရယ်လေသည်။ ကောင်း မခံမရပ်နိုင်ဖြစ်သွားသည်။ ဒီအကောင်မျိုးတော့ နှစ်ယောက်မဟုတ် လေးယောက်နှင့်လည်း သူ ယှဉ်ရဲသည်။ ကောင်း နောက်မှ အသာချိုလိုက်သည်။ ယခု ရုတ်ရုတ်သဲသဲဖြစ်သွားလျှင် နက်ဖြန် သူ၏ လုပ်ငန်းအတွက် အထစ်အငေါ့ဖြစ်နိုင်သည်။

"နယားတစ်ကောင်ဘဲ ရမယ်ဟေ့"

ကောင်းသည် သူ၏ ရှပ်အင်္ကျီအိတ်ထဲမှ အစိတ်တန် တစ်ရွက်ကို ဆွဲထုတ်ပြီး ပေးလိုက်၏။

လူရွယ်သည် ဘာမှ ထပ်မပြောတော့။ ခေါင်းညိတ်ပြီး ခပ်ပြုံးပြုံးနှင့် လက်ခံလိုက်သည်။ ကောင်းသည် မိမိ ဤပတ်ဝန်းကျင်၌ အလုပ်ရှိသောကြောင့်သာ ဤသို့ စွန့်ကြဲလိုက်ရသော်လည်း စိတ်ထဲကမူ နဲနဲမှ မကျေနပ်ချေ။ သက်သက်မိုက်ကြေးခွဲမှန်း သူသိသည်။

"ကောင်းရေ…သွားစို့"

မဝေ့ရွှေက လှမ်းခေါ်လိုက်သဖြင့် ကောင်း ကားထဲ ဝင်ထိုင်လိုက်သည်။

"ကောင်းနဲ့ သိလို့လား"

မဝေ့ရွှေက ကားစက်ကိုနှိုးရင်း စတင်မောင်းရာမှ မေးလိုက်၏။ ကောင်းက ခေါင်းခါပြလိုက်သည်။ မဝေ့ရွှေသည် ကောင်းကို ကြည့်လျက်…

"ဒါဖြင့် မိုက်ကြေးခွဲတာပေါ့"

"ဟုတ်တယ် မဝေ့ရွှေ။ ကောင်း ဒါမျိုး နဲနဲမှ မကျေနပ်ဘူး။ ဒါပေမဲ့ ပြဿနာ မဖြစ်ချင်ဘူးလေ။ နက်ဖြန်ခါ မဝေ့ရွှေရဲ့ အလုပ်ကလဲ ရှိသေးတယ်မဟုတ်လား"

ကောင်း ပြောသော စကားကြားတော့ လာဘ်မြင်တတ်သော ကောင်းအား စိတ်ထဲက မဝေ့ရွှေ ချီးကျူးလိုက်မိသည်။

သို့သော်…မပွင့်တပွင့် ပြုံးနေသော မဝေ့ရွှေနှုတ်ခမ်းကလေးသည်

www.burmeseclassic.com

မြူးကိုလွှတ်တော့မည့် လေးကိုင်းသဖွယ် ကွေးညွှတ်ပြီးမှ ပြန်၍ တည့်သွားသည်။ ပြီးတော့ နှုတ်ခမ်းဒေါင့်ကလေးတဒေါင့် သာလျှင် ပင့်တက်သွားသည့် အပြုံးကလေးမျိုးကို ဆောင်နေလေသည်။

"အင်း...သူကလဲ...လာဘ်မြင်တဲ့သူ...ကျွန်မကလဲ လာဘ်ကို ပေးချင်တဲ့သူ" မဝေဠုအဖို့ ဒီလိုအခြေအနေမျိုး ဒီလိုလူမျိုးများစွာကို ရင်ဆိုင်ခဲ့ဘူးပြီ။ ခု ကောင်းတစ်ယောက်လဲ သူ့တွက်ကိန်းထဲတွင် ပါနေလေပြီ။ မဝေဠုသည် သူ့အတွေးကို ဖြတ်တောက်ပစ်လိုက်ကာ ကားကို အသွက်ဆုံး မောင်းနှင်ထွက်လာသည်။ ကားကို သတိထားထိန်းပြီး မောင်းနှင်နေသော မဝေဠုအဖို့ အချစ်နတ်ပူးသလို တလှုပ်လှုပ်တရွရွနှင့် လက် အငြိမ်မနေ၊ နှုတ်ခမ်းအငြိမ်မနေ၊ နှာခေါင်း အငြိမ်မနေသော ကောင်း၏ အန္တရာယ်မှ မသိမသာ ရှန်းဖယ်ရင်း ဂဝေဠုသည် အေးဆေးစွာ စကားတစ်ခွန်းကို ပြောလိုက်မိ၏။

"သိပ်လဲ ချစ်မနေနဲ့ဦး ကောင်း။ တော်ကြာ အချစ်တွေကုန်သွားလို့ တကယ့်တကယ် ကျရင် မချစ်နိုင်ဘဲ နေပါဦးမယ်"

မဝေဠု၏ စကားကြောင့် ကောင်း ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်သည်။

ကောင်း၏ ရယ်သံသည် ကားကလေးအတွင်း၌ လျှံနေတော့၏။

ကောင်း သွားမည့်နေ့ရာ တစ်နေရာသို့ရောက်အောင် မဝေဠုသည် ကားကို အားစိုက်မောင်းနှင်နေ၏။

ကောင်းသည် ယစ်မွေ့ရည် တန်ခိုးကြောင့် မဝေဠုအား အကြိမ်ကြိမ် အခါခါ နမ်းကြူမိနေသည်။

ကောင်းသည် နက်ဖြန်ဆိုသော နေ့ကို မေ့ပျောက်နေမိပြန်သည်။

နက်ဖြန်သည် ကောင်း၏ ဘဝကို ပြောင်းလဲပစ်နိုင်သည့် ငွေရမည့်နေ့ မဟုတ်ပါလား။

တကယ်ဆိုတော့ နက်ဖြန်ဆိုသည်မှာ မဝေးလှပေ။

*** *** ***

(၆)

ကောင်းသည် မဝေဠု စီစဉ်ထားသည်များကို တစ်ခုချင်းပြန်တွေးနေမိသည်။ သူ့လက်ထဲတွင် မေ့ဆေးပုလင်းလေးတစ်လုံး။

ကောင်းသည် မဝေဠု အစီအစဉ်အတိုင်း မဝေဠုရေးပေးသည့် စာတစ်စောင်ကို ပြန်၍ ဖွင့်ဖတ်ကြည့်မိသည်။

စာမှာ ကောင်းအား ဟော်တယ်သို့ လိုက်ပို့ပေးရန်နှင့် အကယ်၍မအားလပ်ပါက ကောင်း စီးသွားနိုင်ရန် ကားတစ်စီး စီစဉ်ပေးရန် ရေးသားထားသော စာဖြစ်သည်။

ကောင်းသည် ပိုးလိုးပက်လက် အိပ်နေသော ညိုကြီးနှင့် ဟသ်ာကို ကြည့်လျက် ပြုံးလိုက်သည်။ "ဒီကောင်တွေ ခုလိုဘဲ အိပ်လိုက်စားလိုက်နဲ့ နေကြတော့မှာဘဲ ဘာမှလဲ အကြံအစည် မရှိဘူး"

ကောင်းသည် စိတ်ထဲက မှတ်ချက်ချနေမိသည်။ ရေချိုးရန် ပြင်ဆင်ပြီး ရေချိုးသည်။ ရေချိုးပြီးသည်နှင့် သူ၏ သေတ္တာသော့ကို ဖွင့်လိုက်သည်။ အတွင်း၌ ကောင်း အရေးအကြောင်းတွင် ဝတ်ဆင်ရန်အတွက် သီးသန့် သိမ်းထားသော တက်ထရက်ကောင်းဘီရှည်ကို တွေ့ရသည်။ သို့သော် ကောင်း မဝတ်။ တက်ထရက် ဘောင်းဘီရှည် အောက်တွင်ဂျင်းပင်ရှိသည်။

လွယ်လွယ်ကူကူ ဒါဘဲဝတ်သွားမည်ဟု ဆုံးဖြတ်လိုက်ကာ ဆွဲထုတ်ယူလိုက်၏။ ပြီးတော့ အတွင်း၌ ဝတ်ရန် စပို့ရှပ်လက်တို အနီရောင်ကို ယူလိုက်၏။ အင်္ကျီချိတ်တွင် ချိတ်ထားသော ဂျင်းဂျက်ကက်ကိုပါ ဆွဲယူလိုက်သည်။

အားလုံး ဝတ်စားဆင်ယင်ပြီးသော အခါ ကောင်း ထွက်လာခဲ့သည်။ တကယ်ဆိုတော့ မဝေဠု နှင့် စီစဉ်ထားသည့်အချိန်က နေ့လယ် ၁၁ နာရီ။ ယခုအချိန်တွေ အများကြီးရသေးသည်။ ဘယ်ကို သွားရကောင်းမလဲဟု စဉ်းစားရင်း ထွက်လာခဲ့သည်။ သိမ်ကြီးဈေး သဟာပြင်အနားတွင် ဆင်းပြီး ဗိုလ်ချုပ်ဈေးဖက်သို့ လျှောက်လာခဲ့သည်။

www.burmeseclassic.com

ဗိုလ်ချုပ်ဈေးတွင် သူ့ဘော်ဒါတွေ ရှိသည်။

ဗိုလ်ချုပ်ဈေး အနောက်ဖက်တန်း အတိုင်း ခပ်သုတ်သုတ်လျှောက်လာ ရင်းမှ ဒူးယားစီးကရက် တစ်ဗူးကို ဝယ်လိုက်သည်။ စီးကရက်တစ်လိပ် ထုတ်ညှိပြီး ဆိုင်မှ အလှည့်လိုက် တွင်···

"အို"

သူ့အနီးမှ ရုတ်တရက်ထွက်ပေါ် လာသော အသံကလေးတစ်သံ ဖြစ်သည်။

သူ၏ စီးကရက်မီးနှင့် မိန်းကလေး တစ်ဦး၏ အင်္ကျီလက်ကို သွားတိုက်မိ သည်။ မိန်းကလေးမှာ သူ၏ အင်္ကျီ လက်ကလေး မီးပေါက်သွားသည်ကို ကြည့်လျက် ကောင်း ကိုလည်း ဒေါသ ထွက်သော မျက်လုံးအစုံဖြင့် ကြည့် လိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး ဗျာ။ ရုတ်တရက် လှည့်ထွက်တုန်း ဖြစ်သွားရတာပါ။ ကျွန်တော့်အပြစ်ပါ ဗျာ။ ကျွန်တော် ဘာလုပ်ပေးရမလဲ ဟင်"

ကောင်း သည် စကားကို အထစ် အငေါ့မရှိ။ တစ်လုံးချင်း ပီပီသသ ပြောကာ တောင်းပန်လိုက်သည်။

မိန်းကလေး အနီးသို့ နောက်ထပ် မိန်းမရွယ်လေး နှစ်ဦးထပ်ရောက်လာ သည်။

"ဟော့ မေကြည်ငြိမ်း ဘာဖြစ်လို့ လဲ ဟင်"

သူမ၏ အဖော်တစ်ယောက်က ပျာပျာသလဲ မေးလာသည်။ ပြီးတော့ ကောင်း ကိုပါ အကဲခတ်ကြည့်လိုက်ကြ သည်။

မေကြည်ငြိမ်းဆိုသော အမျိုးသမီး မှာ သူ၏ လက်တစ်ဖက်တွင် ကိုင်ထား သော အပေါ်ဖုံး အင်္ကျီနှင့်တူသော အဝတ်တစ်ထည်ကို မီးထိုးမိ၍ ပေါက် သွားသော အင်္ကျီလက်ပေါ်သို့ ကပျာ ကယာတင်လိုက်သည်။

"ဘာမှ မဖြစ်ပါဘူးကွယ်၊ အသိနဲ့ တွေ့နေလို့ပါ"

မေကြည်ငြိမ်း သည် စောစောက ဒေသဖြစ်နေသော မျက်လုံးများနှင့် မဟုတ်တော့။ တခဏအတွင်းပြောင်းလဲ သွားသည်။ ကောင်း ထိုအချိန်မှ အမှတ်တရ ကြည့်လိုက်မိသည်။ အင်္ကျီ လက်ပေါ်သို့ တင်လိုက်သော အပေါ်ဖုံး အင်္ကျီအမဲလေးတွင် ကော်လံလေးပါ၏။

သြော်···ရွှေနေမလေးကို···။

ကောင်းသည် လူကဲခတ် မည့်။ ပြီးတော့ လျှင်သည်။

"မမေကြည်ငြိမ်း လိပ်စာလေးလဲ ပေးခဲ့ဦးမှပေါ့"

ကောင်း သည် ချော့လဲရောထိုင် ပစ်လိုက်သည်။ မေကြည်ငြိမ်းမှာ ကောင်း အား မသိမသာ မျက်စောင်း တစ်ချက် ပစ်ထိုးလိုက်သည်။

ဒါကို ကောင်း သိလိုက်ပါသည်။

"ယူကလဲကွာ···လိပ်စာ တောင်း နေတာ ပေးလိုက်ပေါ့။ အမှုတွေ ဘာတွေ အပ်ချင်လဲ ယူ့ဆီ လာနိုင် တာပေါ့။ မှတ်ဖူးလား ရှင်"

ရွှေနေမလေးတွေဘဲ ဖြစ်မည်။ စကားပြော သွက်၏။ စကားကြောရှည် ၏။ ပြီးတော့ လူတစ်ဦးနှင့်တစ်ဦး သိပ်မရင်းနှီးသေးသော်လည်း အမှုအပ် ချင်အပ်ရအောင်ဟု ဆိုလိုက်၏။

"ဟာ···ဟုတ်တာပေါ့ဗျာ။ ကျွန်တော်နဲ့ သူက ငယ်သူငယ်ချင်း တွေဗျ။ ကွဲသွားကြတာ အတော်ကြာ ပြီ။ အဲဒါကြောင့်သူက ကျွန်တော့်ကို ခပ်စိမ်းစိမ်းလုပ်နေတာ"

ကောင်းသည် မေကြည်ငြိမ်း၏ သူငယ်ချင်းများကို ပြုံးပြုံးရယ်ရယ် လုပ်ကာပြောလိုက်၏။ သို့သော်··· ကောင်းကို ဘာမှ ပြန်မပြောသူမှာ မေကြည်ငြိမ်းပင်။

"အရင် အိမ်လိပ်စာအတိုင်းလာခဲ့ ပေါ့ရှင်၊ ခုတော့ အိမ်မဟုတ်တော့ဘူး တစ်ထပ်တိုက်ကလေး ဖြစ်သွားပြီရှင်"

မေကြည်ငြိမ်း၏ ကျန်အဖော် တစ်ဦးက လူကဲခတ် မဆိုးပါ။ ပြီးတော့ ကောင်း အား ရွှေနေတစ်ဦးပီပီ ဉာဏ် ကွန့်လျက် စကားပြောပြီး သုံးယောက် သား ထွက်သွားကြသည်။

ကောင်း သာလျှင် တွေတွေကြီး ရပ်ပြီး ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်း တစ်ဖက်သို့ လှည့်ပြီး ထွက်လာခဲ့သည်။ "မေကြည်ငြိမ်း" ဟူသော ရှေ့နေမလေး၏ အလှကို သူ၏ အာရုံတွင်း၌ ပျောက်မရအောင် ဖြစ်နေသည်။ပြီးတော့မေကြည်ငြိမ်း၏ မီးပေါက်သွားသော အင်္ကျီစလေးနှင့် အရောင်အဆင်း။ အပွင့်အခက်ကလေးများကိုလည်း မှတ်မိနေသည်။ ကောင်း နာရီကို ကြည့်လိုက်တော့ ဆယ်နာရီ ကျော်ခဲ့ပြီ။

ဗိုလ်ချုပ်ဈေးရှေ့တွင်ရှိသော အငှားလေဘီး တစ်စီးကို ငှားရမ်းကာ အလုပ်ရှိသော ဟော်တယ်ဆီသို့ ထွက်လာခဲ့သည်။ ကားပေါ်တွင် ထိုင်လျက်ပါလာရင်း မဝေဠု နှင့် မေကြည်ငြိမ်း၏ အလှအပ နှစ်မျိုးကို ယှဉ်တွဲ၍ စဉ်းစားနေမိပြန်သည်။

မဝေဠု သည် သွက်လက်၍ အကြည့်စူးရှလှသော မျက်လုံးပိုင်ရှင်။ ပြီးတော့ မဝေဠု၏ နှုတ်ခမ်းနှစ်လွှာ အလှက မြင်သူတကာတို့ တပ်မက်မော်စေမည့် အလှမျိုး။ ကိုယ်လုံးကိုယ်ထည်ကလည်း အဆစ်အပေါက် ပြေပြစ်စိုပြေလှသည်။

မေကြည်ငြိမ်း၏ ကိုယ်လုံးကိုယ်ထည်မှာ သင့်ရုံသာရှိသည်။ အဆစ်အပေါက်မှာ လှလှပပကျကျနနမဟုတ်။ ပြီးတော့ သူမ၏ အလှက ဣန္ဒြေရှင်ပီသလှသည်။ ဘာဘဲဖြစ်ဖြစ် ကောင်း မေကြည်ငြိမ်းနဲ့တော့ တွေ့ချင်နေသေးသည်။

ကားကလေး တံ့ကနဲ ရပ်သွားသဖြင့် သူ၏ အတွေးအာရုံလဲ ပြတ်တောက်သွား၏။

လက်မှ နာရီကို ကြည့်လိုက်၏။ ဆယ့်တစ်နာရီထိုးတော့မည်။

ကားခ ရှင်းပေးပြီးနောက် ကောင်းသည် ဂျာကင်အင်္ကျီ အိတ်အတွင်းသို့ လက်နှိုက်လိုက်သည်။ ပြီးတော့ ပုလင်းအဖုံးကလေးကို လှည့်ပြီးဖွင့်သည်။ လက်ကိုင်ပုဝါပေါ်သို့ လောင်းချကာ အဖုံးကို ပြန်ပိတ်လိုက်သည်။

ပြီးတော့မှ ပတ်ဝန်းကျင်ကို အကဲခတ်သလိုကြည့်ရင်း သူနှင့်အတူပါလာသော လက်ဆွဲသားရေအိတ်ကို ဇစ်ဆွဲဖွင့်လိုက်၏။ လက်ဆွဲသားရေအိတ်ထဲမှ သူ ယူဆောင်လာသော ပစ္စည်းကို ထုတ်ယူကာ သူ့ရုပ်ကို ပြောင်းလဲပစ်လိုက်သည်။

ပြီးတော့ ဟော်တယ်အတွင်းသို့ ခပ်မှန်မှန် ဝင်လာခဲ့သည်။

"ဘာ သုံးဆောင်မလဲ"

ဟော်တယ် မန်နေဂျာက ကောင်းအား အင်္ဂလိပ်စကားသုံး၍ မေးလာ၏။ ကောင်းသည် ဟော်တယ်မန်နေဂျာကို သူ၏ နှုတ်ခမ်းမွေးအား လက်ဖြင့် သတ်ရင်း ...

"မိတ်ဆွေတစ်ဦးနဲ့ ချိန်းထားလို့ပါ"

ဟု၍ မြန်မာလို ပြန်ပြောလိုက်၏။ ပြီးတော့ ကောင်းသည် မဝေဠု နှင့် အစီအစဉ်ပြုလုပ်ထားသော အခန်းဆီသို့ မျက်လုံးရွေ၍ ကြည့်လိုက်သည်။ အခန်းတွင်းသို့ မမြင်ရအောင် ခန်းဆီးကာထား၏။ စားသောက်နေသော အသံများကြားရ၏။ ကောင်း သည် မဝေဠု ပြောလိုက်သော အခန်းတွင်းသို့ လှမ်းဝင်လိုက်မိသည်တွင် ရှူးကနဲ အသံတစ်သံ ကြားလိုက်ရသဖြင့် နောက်သို့ ဆုတ်လိုက်ရသည်။ ထိုအချိန် ဒေါက်ကနဲ အသံတသံကို ကြားလိုက်ရ၏။ မြွေဟောက်တစ်ကောင်သည် ပါးပြင်ထောင်လျက် ဟိုမှ သည်သို့ ယိမ်းက, သလိုလှုပ်ရှားရင်း မာန်စွယ်တပြပြနှင့် ဖြစ်နေသည်။ ကောင်း အတွင်းသို့ လှမ်းကြည့်လိုက်၏။

ဦးသိုက်ထွန်း။ ဘီယာဖန်ခွက်မှ အမြှုပ်များ တစီစီထွေဝေလျက် ဖန်ခွက်ကိုလှုပြီး ကိုင်ထားသော ဦးသိုက်ထွန်း၏ ညာဖက်လက်ပေါ်တွင် စီးကျနေသည်။ ဦးသိုက်ထွန်းအနီးကို အကဲခတ်ကြည့်လိုက်ပြန်၏။ ပါလာမည်ဟု ဆိုသော ငွေအိတ်မှာ ပျောက်ချင်းမလှ ပျောက်နေ၏။ ကောင်း အသာ လှည့်ထွက်ကာ တခြားအခန်းလွတ် တစ်ခုတွင်းသို့ ဝင်ထိုင်လိုက်၏။

ထိုအချိန် စားပွဲထိုးလူငယ်တစ်ဦး၏ အော်သံကို ကြားလိုက်ရသည်။ ဆိုင်ရှိ လူများ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ ရိုက်ပုတ်သံတွေလည်း ကြားရသည်။ ကောင်းသည် ဆိုင်ရှိ လူများ ရုတ်ရုတ်သဲသဲဖြစ်နေစဉ် အသာလစ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့သည်။ ဆက်နေလျှင် အခြေအနေက ပို၍ရှုပ်ထွေးလာစရာ ရှိသည်။

အပြင်သို့ ရောက်သောအခါ မဝေရှုနှင့် ချိန်းဆိုထားသော ရှစ်မိုင်ဖက်ရှိ ပျော်ပွဲစားရုံတစ်ရုံသို့ အငှားကားတစ်စီးကို ငှားလျက် ထွက်လာခဲ့သည်။ ကောင်း၏ ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ ဦးသိုက်ထွန်း၏ အခြေအနေ မရှုမလှကိုလည်း သူ၏ အာရုံတွင်း၌ ဖျောက်၍မရချေ။ မိမိကို ပေါက်မည့်မြွေမှာ စားပွဲထိုးလူရွယ်ကို ပေါက်လိုက်၏။ ထိုမှ တစ်ဆိုင်လုံး ဆူဆူညံညံ ဖြစ်သွားခြင်း ဖြစ်မည်။ မြွေကိုလည်း အသေရိုက်သတ်ကြမည် ဖြစ်သည်။ ယခု အချိန်ဆိုလျှင် ရဲအဖွဲ့ဝင်တွေ ရောက်နေတော့မည်။

ရှစ်မိုင်ဖက်ရှိ တရုတ်ပျော်ပွဲစားရုံ ရှေ့တွင် ကားရပ်ပေး၏။ ကောင်း သည် ကားခရှင်းလင်းပေးပြီးနောက် သူ၏ ခေါင်းတွင်စွပ်ထားသောပန်ချာပီအဆင် အပြင်ကို ဆွဲဖြုတ်လိုက်သည်။ လက်ဆွဲအိတ်ထဲသို့ပြန်ထည့်ပြီးနောက်အေးအေး ဆေးဆေးပင် ထိုပစ္စည်းကို အမှိုက်ပုံးထဲသို့ပစ်ထည့်လိုက်တော့သည်။

ကောင်း ဟော်တယ်တွင်းသို့ ရောက်သောအခါ ဟော်တယ်ရှိ လူတွေ တစ်ယောက်တစ်ခွန်း ပြောဆိုကြသည်မှာ ဆူညံနေသည်။

"ဟော်တယ်မှာ လာအရက်သောက်တဲ့သူတစ်ဦး မြွေပေါက်လို့တဲ့"

"တစ်ယောက်ယောက်က တမင် လုပ်တာနေမှာပေါ့"

"ပန်ချာပီလိုလို လူတစ်ယောက် ရောက်လာပြီး မကြာခင် အဲသလိုဖြစ်တာဘဲ တဲ့"

"စာပွဲထိုးကောင်လေးတော့ ဆေးရုံကို အချိန်မီ ပို့နိုင်လို့ အသက်မီသေးတယ် တဲ့"

. ကောင်း သည် သူ့ပတ်ဝန်းကျင်မှ ကြားလိုက်ရသော စကားများကြောင့် သူ၏ လက်ဆွဲအိတ်နှင့် ပန်ချာပီ ခေါင်းပေါင်းများကို အမှိုက်ပုံးထဲသို့ လွှင့်ပစ်ခဲ့ခြင်းကိုပင် မိမိ၏ အတွေးအခေါ် မှန်ကန်သဖြင့် တစ်ယောက်ထဲ ပြုံးလိုက်မိ၏။

"ဘီယာတစ်လုံးလောက် ပေးပါ"

ကောင်းသည် ကောင်တာကို လှမ်းပြောရင်း အခန်းကလေး တစ်ခန်း အတွင်းသို့ ဝင်ခဲ့၏။

မကြာမီ ဘီယာ ပုလင်း၊ ဖန်ခွက်နှင့် စာပွဲထိုး လူရွယ် တစ်ယောက် လာပို့၏။

"ဘာ သုံးဆောင်မလဲ ဆရာ"

"အာလူး အစိကြော် တစ်ပွဲ ပေးကွာ"

ကောင်း က ထိုမျှသာ ပြောလိုက်၏။ စာပွဲထိုး လူရွယ်က ဘီယာပုလင်းကို ဖွင့်လျက် ကောင်း၏ ဖန်ခွက်အတွင်းသို့ ငှဲ့လောင်းထည့် ပေးလိုက်၏။

"အမျိုးသမီးတစ်ယောက် ဒီကို မကြာခင်လာလိမ့်မယ်၊ အဲဒါ ဒီအခန်းကို ညွှန်ပြလိုက်နော်...ဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

စာပွဲထိုး လူရွယ် ပြန်ထွက်သွား၏။ ကောင်း သည် ဘီယာ အေးအေးကလေးကို တငုံ ငုံသောက်လိုက်သည်။

ပြီးတော့...ငွေမရဘဲ ပြေးခဲ့ရသော မိမိ၏ အဖြစ်ကို တွေးပြီး ရီချင်သလိုလိုဖြစ်လာသည်။ ပြီးတော မိမိဘဝ အပြောင်းအလဲမျှော်မှန်းထားသော မျှော်မှန်းချက်များ လွဲကုန်သည့်အတွက် ကောင်း သည် စိတ်ပျက်သွားမိပြန်၏။ မဝေရှုနှင့်ပတ်သက်ပြီး မိမိမကျွမ်းကျင်သော အလုပ်တစ်ခုကို လက်ခံခဲ့မိခြင်းအတွက်လည်း မိမိကိုယ်မိမိ ဝေခွဲမရအောင် ဖြစ်သွားရပြန်သည်။

ဘီယာတစ်လုံး ကုန်သွားသည့် အချိန်တွင် မဝေရှု ကောင်းဆီသို့ ရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ ကောင်း"

မဝေရှုက ...ကောင်းကို မေးလိုက်၏။ ကောင်း မဝေရှုစကားကို နားမလည်။ မရှင်း။

"ဘာဖြစ်တာကို ပြောတာလဲ မဝေရှု"

"ဦးသိုက်ထွန်းကို ဘာဖြစ်လို့ သတ်ခဲ့ရတာလဲ"

"ဗျာ...ကောင်း သတ်ခဲ့တယ်လို့များ မဝေရှုက ထင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ဘယ်သူ သတ်တာလဲ"

"ဒါတော့ ကောင်းလဲ ဘယ်သိပါ့မလဲ . . . ကောင်းရောက်တော့ ဦးသိုက်ထွန်း သေနေပြီ။ ငွေအိတ်လဲ မတွေ့တော့ဘူး။ ကံကောင်းလို့ ကောင်း မြွေပေါက်မခံရတာ"

ကောင်းသည် သူ့အပေါ်တွင် မယုံသင်္ကာမျက်လုံးမျိုးဖြင့် ကြည့်နေသော မဝေဠုအား ရှင်းလင်းပြလိုက်၏။ သို့တိုင်အောင်ပင် မဝေဠုမှာ မယုံကြည်သေးချေ။

"ဒီကိစ္စဟာ...ကောင်းနဲ့ မဝေဠု နှစ်ယောက်ထဲ သိကြတာဘဲ"

"ဒါတော့ ဒါပေါ့လေ။ ဒါပေမယ့် ဦးသိုက်ထွန်းကို သိတဲ့ တခြားလူ တစ်ဦးဦးကလဲ ရှိဦးမှာပေါ့ မဝေဠု"

"ဦးသိုက်ထွန်း . . . ခုလိုဖြစ်သွားတာထက် ငွေတွေပါသွားတာ အဆိုးဆုံးဘဲ"

"ငွေက ဘယ်လောက်များလို့လဲ မဝေဠု"

ကောင်း က မဝေဠုကို လှမ်းမေးလိုက်သည်။ ကောင်းမေးခွန်းကို မဝေဠု ရုတ်တရက် မဖြေသေးပါ။ ကောင်းကိုသာ အကဲခတ်သလို လှမ်းကြည့်လိုက်သေး၏။

"ငွေရော...ကျောက်စိမ်းတွေပါ ဆိုရင် သိန်းနှစ်ဆယ်လောက်ရှိမယ်၊ ငွေကချည့် ဆယ်သိန်းရှိတယ်"

"ဗျာ...ဆယ်သိန်း ဟုတ်လား"

ကောင်းသည် ငွေဆယ်သိန်းမျှပါသော သားရေအိတ်ကို သက်စွန့်ဆံဖျား ဆောင်ရွက်ပေးရမည့် မိမိအား မဝေဠုပေးမည့်ငွေနှစ်သောင်းနှင့် နှိုင်းဆသော် များပြားစွာ ကွာခြားနေသည်ကို သိရသည်။ ဒါတွေကြောင့် မဝေဠု မိမိအကြိုက် လိုက်လျောနေသည်ကို ကောင်း ယခုမှ သဘောပေါက်မိလေတော့သည်။

"မဝေဠု . . . ကောင်းအပေါ်မှာ သံသယရှင်းရဲ့လား"

"ဘာကိုဆိုလိုတာလဲ...ကောင်း"

"အော် . . . ခု ဦးသိုက်ထွန်း ကိစ္စနဲ့ ပတ်သက်လို့ပါ"

"ရှင်းပါတယ်ကောင်း...အားလုံး မဝေဠု သေသေချာချာ မေးကြည့်ပြီး ပါပြီ"

"ဒါဖြင့်...မဝေဠု ဦးသိုက်ထွန်း သတ်တဲ့သူကို တွေးမိတယ်ပေါ့"

"ဓားငကျောက် လက်ချက် ဖြစ်နိုင်တယ် ကောင်း"

"ဒါဖြင့် ဓားငကျောက်ကို ကောင်း တို့တွေ့အောင်ရှာပြီး ဝေစုခွဲရ ရင်ကော"

ကောင်း စကား ကြားသောအခါ မဝေဠုသည် အေးဆေးစွာ ပြုံးပြလိုက်၏။ ကောင်းကိုလည်း နလပိန်းတုံး ကလေးဟူသော အကြည့်မျိုးနှင့် ကြည့်လိုက်ပြန်သည်။

"ဓားငကျောက်ဟာ ကြက်ရေ သောက်သလိုဘဲကောင်း...၊ သူကသာ သူများဆီက ဝေစုတောင်းတတ်တာ သူ့ဆီကတော့ ဘာတစ်ခုမှ ရလိမ့်မယ် လို့ မမျှော်လင့်နဲ့"

ကောင်းမှာ...မဝေဠုပြောပြသော စကားကြောင့် ခပ်တွေတွေ ကလေး ဖြစ်သွား၏။ ဖူးယားတစ်လိပ်ကို မီးညှိ ဖွာလိုက်ပြန်သည်။

"ဒါဖြင့် ကောင်းတို့ ဘာဆက် လုပ်ကြမလဲ"

"လက်ဦးတဲ့သူက ဦးသွားပြီ ကောင်း။ ကျန်တာလောက်ဘဲ မဝေဠု ခံစားရမှာပေါ့"

မဝေဠု စကားကြောင့် ကောင်းသည် မဝေဠု၏ အခြေအနေကို တွက်၍ မရလောက်အောင် အတွေးရ ကြပ်သွားရလေသည်။ တကယ်တန်းဆိုမူ မဝေဠုသည် လွတ်သွားသော ငွေသိန်းနှစ်ဆယ်ကျော်အတွက် ဆက်၍စဉ်းစား ရမည့်အကြောင်းတွေကို ပြောရမည်။ ယခုတော့ မဝေဠုသည် သိန်းနှစ်ကျော် မျှငွေကို လက်လွှတ်လိုက်ရသူ ဖြစ်သော်လည်း အပူအပင်သောကရှိဟန် မပြချေ။

မဝေဠုသည် ဦးသိုက်ထွန်းထံမှ ကျန်ခဲ့သော ပစ္စည်းတို့လောက်သာ ခံစားရမည်ဆိုသောအခါ မဝေဠုနှင့် ဦးသိုက်ထွန်း၏ အခြေအနေဆက်သွယ်မှုက မည်သို့သော အတိုင်းအတာတွင် ရှိနေကြသည်ကို ကောင်း သိချင်စိတ်တို့ တဖွားဖွား ပေါ်လာခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးသိုက်ထွန်းနဲ့ မဝေမှုက ဘာတော်သလဲ မဝေမှု"

ကောင်းထံမှ မိမိမမျှော်လင့်သော စကားကို ရုတ်တရက်ကြားလိုက်ရသော အခါတွင် မဝေမှုသည် ကောင်းအား တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ မဝေမှု အကြည့်တွင် အဓိပ္ပါယ်များစွာ ပါနေသည်။ မနှစ်မြို့သည့် အသွင်။ မကျေနပ်သည့်အကြည့်မျိုး။

"ကိုယ်နဲ့ ပတ်သက်တဲ့ အလုပ်ကိုသာ မေးပါကောင်း။ တခြားသူတစ်ယောက်ရဲ့ အတွင်းရေးကို မေးတယ်ဆိုတာ အင်မတန်ရိုင်းတဲ့ သူတစ်ယောက်ရဲ့ အပြုအမူပါ"

ကောင်းသည်လည်း မိမိ မမျှော်လင့်သော မဝေမှု၏ စကားကြောင့် မဝေမှုအား စူးစူးစိုက်စိုက် ကြည့်ပစ်လိုက်သည်။ မဝေမှုနှင့်ဟော့ သည် တစ်ကြိမ်တွင်ကိစ္စပြီးကြပြီဟု သတ်မှတ်လိုက်၏။

"မဝေမှုနဲ့ ကောင်းနဲ့ မဆိုင်ဘူးလို့ မဝေမှု ယူဆသလား"

"ဆိုင်မှ မဆိုင်ဘဲ ကောင်း"

"အော်···မဝေမှုက မဆိုင်ဘူးလို့ သတ်မှတ်လိုက်ပြီကိုး···ခါဖြင့်···"

"ဟုတ်တယ် မနေ့က မဝေမှု ကောင်းကို ဆက်ဆံတာ အလုပ်သဘောအရ ဆက်ဆံခဲ့တာ"

ကောင်းသည် အားသန် ဂျူဒို သမားတစ်ယောက် မိမိခန္ဓာကိုယ်ကို ကိုင်မြှောက်လျက် လေထဲတွင်ပစ်ပေါက်ခံလိုက်ရသလို ခံစားလိုက်ရလေသည်။ အလုပ်သဘောအရ နမ်းခဲ့သည်။ အလုပ်သဘောအရ ဖက်ခဲ့သည်။ အလုပ်သဘောအရ ပြုံးခဲ့သည်။

ဟော်တယ်တွင် မိမိရင်ဆိုင်တွေ့ခဲ့ရသော မြွေဟောက်ကဲ့သို့ပင် မဝေမှုသည် ကြောက်စရာ ကောင်းနေပါတော့သည်။

ယခု မဝေမှုက မြွေဟောက်ထက် ပိုလျှင်သာ ပိုမည်၊ လျော့မည် မဟုတ်။

"ဒီမှာ ကောင်း။ ခုအချိန်ကစပြီး ကောင်းနဲ့ မဝေမှု ဘာမှ မဆိုင်တော့ သလို··သိလဲ မသိတော့ဘူးလို့ မှတ်ပါ။ ကောင်းကို ပြောထားတဲ့အတိုင်းမနေဘဲ ရှေ့ဆက်လာရင်တော့ ဦးသိုက်ထွန်းကို သတ်တဲ့သူဟာ ကောင်းဆိုတာကို အချိန်မရွေး အကြောင်းကြားလိုက်တာနဲ့ ကောင်း ဘာဖြစ်သွားမယ်ဆိုတာ တွေးမိရဲ့လား"

မဝေမှုသည် မထေ့ တထေ့လေး ပြုံးလျက် ကောင်းကို ပြောနေ၏။ ကောင်းသည် အံကိုတင်းတင်း စေ့လိုက်သည်။ မဝေမှုကိုလည်း စူးစူးစိုက်စိုက် ကြည့်ပစ်လိုက်၏။

"ကျုပ်ကို ခြိမ်းခြောက်တာလား မဝေမှု။ ကောင်းဆိုတဲ့ ကောင်းဟာ နည်းနဲ့ လမ်းနဲ့ဆိုရင် ဘာဖြစ်ဖြစ် လက်ခံတယ်၊ ခွင့်လွှတ်တို့လဲ ဝန်မလေးဘူး။ ခုလို ခြိမ်းခြောက်တာမျိုးကိုတော့ ဘယ်နည်းနဲ့မှ လက်မခံချင်ဘူး။ ကဲ··· ကျုပ်ဒေါသမဖြစ်ချင်ဘူး ခင်ဗျားပြန်တော့"

ကောင်းသည် ဒေါသဖြစ်လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်လာသည်။ အသံလည်း မာကျောလာသည်။ အပြောအဆိုလည်း ခက်ထန်လာသည်။ မဝေမှုသည် ဘာမှ မပြောတော့ ထိုင်နေရာမှ ထ,လိုက်သည်။ ပြီးတော့ တဆတ်တည်း ထွက်သွားလေ၏။

ကောင်းသည် ကုလားထိုင်တွင် ငုတ်တုတ်ထိုင်လျက် ကျန်ခဲ့လေ၏။

တစ်ယောက်တည်း ထိုင်နေရာမှ မဝေမှု အကြောင်းကိုရော ဦးသိုက်ထွန်း အကြောင်းကိုပါ တွေးနေမိပြန်သည်။ အတွေးဖြန့်လိုက်မိပြီဆိုသောအခါ မိမိနှင့်သက်ဆိုင်သော ကိစ္စများကိုပါတွေးမိလာတော့သည်။ မိမိစွန့်စွန့်စားစား ယူပေးခဲ့သော ဖိုင်သည် မဝေမှုနှင့် ဦးသိုက်ထွန်းတို့အတွက် အဘယ်မျှ အဖိုးတန်သောဖိုင်တွဲဖြစ်မည်ကို သိချင်စိတ်တို့ ပေါ်လာခဲ့သည်။ ဦးသိုက်ထွန်း အိမ်ကိုဖောက်ထွင်း ဝင်ရောက်ကာ ထိုဖိုင်တွဲအားပြန်ရှာရန်ဆုံးဖြတ်လိုက်သည်။

ကောင်းသည် ဆုံးဖြတ်ပြီးသည်နှင့် အလုပ်တစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်တတ်သော လူတစ်ယောက် ဖြစ်သည်။ မိမိ စားသောက်သော

www.burmeseclassic.com

အစားအသောက်များအတွက် ကျသင့်သော ငွေများကို ရှင်းလင်းပေးပြီးလျှင် ကောင်းထွက်လာခဲ့သည်။

နာရီကို ကြည့်လိုက်၏။ နေ့လယ် ၁-နာရီကျော်ခဲ့လေပြီ။

နေ့လယ် ၁-နာရီ ဆိုသော နေသည် ခြစ်ခြစ်တောက်မျှ ပူလောင်လှပေသည်။

ထိုအပူသည် ကောင်းရင်ထဲတွင် ခံစားနေရသော အပူကို နိုင်လိမ့်မည် မဟုတ်။ ကောင်း အငှားလေးဘီးကား တစ်စီးကို တားလျက် ဗိုလ်ချုပ်ဈေးသို့ ပြန်လာခဲ့သည်။

ဗိုလ်ချုပ်ဈေးသို့ ရောက်သောအခါ သူ၏ စိတ်ကူးနှင့်လုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော ပစ္စည်းအချို့ကို ဝယ်လိုက်သည်။

ပြီးတော့ အိမ်ကို မပြန်သေးဘဲ ကန်တော်ကြီးဖက်သို့ ထွက်လာခဲ့သည်။

သစ်ပင်ကြီး တစ်ပင်အောက်သို့ ဝင်ထိုင်ကာ ရေပြင်ကို အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်နေမိသည်။

မဝေဠုကဲ့သို့ မိန်းမဆိုးမျိုးနှင့် ကြုံတွေ့လိုက်ရသော မိမိ၏ ဘဝကို မရေမရာ အတွေးများနှင့် တွေးကြည့်နေမိသည်။ မဝေဠုသည် မိမိအား အလုပ်သဘောအရ မည်သို့ပင် ဆက်ဆံခဲ့သည်ဆိုသော်လည်း မိမိ၏ အတွင်းစိတ်ကမူ မဝေဠုအား အမှန်ပင် ရွံလန့် သွားခဲ့မိသည်။

သို့ရာတွင် ဦးသိုက်ထွန်း သေဆုံးရခြင်းနှင့် ပတ်သက်၍ တွေးမိလာပြန်သောအခါ မဝေဠုအပေါ်တွင် သံသယစိတ်တို့ ဝင်လာမိပြန်သည်။ ဦးသိုက်ထွန်း ငွေနှင့်တကွ ကျောက်စိမ်းများဖြင့် ဤဟော်တယ်၊ ဤအခန်းတွင် ရှိမည်ကို မိမိထက်ပို၍ တိတိကျကျ သိသူမှာ မဝေဠုသာလျှင် ရှိသည်။

မဝေဠုသည် မိမိကို ကိုယ်စားလှယ် လွှဲလိုက်ပြီးနောက် သူမကိုယ်တိုင်ပင် ဦးသိုက်ထွန်းအား အပြတ်နှံ့လိုက်ခြင်းဖြစ်နိုင်သည်။ မဝေဠု၏ စိတ်ထားသည် ရက်စက်မှုများဖြင့် ရောထွေးနေသည့်အတွက် ဦးသိုက်ထွန်းအား ယခုကဲ့သို့ အသက်ဆုံးသည် အထိပင် မလုပ်ပါဟူ၍ လျှော့တွက်၍ မရချေ။

မဝေဠု၏ ခြေလှမ်းများကို ကောင်း အကဲခတ်ရန် လိုအပ်လာခဲ့လေပြီ။

*** *** ***

ကောင်းသည် မဝေဠုတို့၏ ခြံအနီးတွင် မယောင်မလည်နှင့် သွား၍ လေ့လာခဲ့သည်။

မဝေဠုတို့၏ ခြံကို အစက မသိခဲ့သော်လည်း ယနေ့ထုတ် သတင်းစာ အသီးသီး၌ ဦးသိုက်ထွန်း သေဆုံးမှု သတင်းပါသည်။ ပြီးနောက် ဦးသိုက်ထွန်း၏ နာရေး ကြော်ငြာပါသည်။

ကောင်း အကဲခတ်သည် ဆိုသော်လည်း မြင်နေကျ၊ တွေ့နေကျ ကောင်းအဖြစ် အကဲခတ်၍ မဖြစ်။ မဝေဠုကိုလည်းကောင်း၊ ဦးသိုက်ထွန်း၏ အဝင်အထွက်ကိုလည်းကောင်း ရဲအဖွဲ့က လူလွှတ်၍ စောင့်ကြည့်နေမည်မှာ သေချာလှပေသည်။

ထို့အတွက် ကောင်းသည် မြက်ရှင်းသော အလုပ်သမားတစ်ဦးအသွင်ဖြင့် မဝေဠုတို့ခြံနှင့် ခြံချင်းကပ်လျက်ရှိသော "သီဂီ" ခြံကို ရှင်းလင်းရန်အတွက် အလုပ်သွားတောင်းရသည်။ သီဂီခြံတွင်း၌ ရှိသော မြက်ရိုင်းများနှင့်တကွ ခြံထောင့်တွင် ရှိနေသော ဆွေးမြေ့ပိုးကိုက်နေသည့် သရက်ပင်ကြီးကို ခုတ်လှဲရန် ဆုံးဖြတ်ပြီး သရက်ပင်ပေါ်သို့ ကြိုးစားပြီးတက်ခဲ့သည်။ သရက်ပင်ပေါ်မှနေ၍ ကြည့်လျှင် ခြံထဲတွင် ခေါက်တုံ့ခေါက်ပြန် စဉ်းစားနေသော မဝေဠုကို တွေ့ရ၏။ မဝေဠုသည် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အကြံအစည်တစ်ခုခုကို ကြံစည်တွေးတောနေကြောင်း ကောင်း အကဲခတ်မိ၏။

မဝေဠု၏ ခြံထဲသို့ ရဲအဖွဲ့မှ ရဲအဖွဲ့ဝင်များလည်း မကြာခဏ ဆိုသလို လာရောက်ကြသည်။ မေးမြန်းစရာရှိသည်များကို မေးမြန်းကြသည်။ ပြီးတော့ ပြန်သွားကြပြန်သည်။

ရှေ့လဆက်ရန်

မောင်ရွှေဝိုင်

www.burmeseclassic.com

# ကျွန်းပြန်ဘရင် နှင့် ကိုရွှေဖိုးတို့ဇာတ်လမ်း

ခင်မောင်ထွန်း(လမ်းမတော်)

စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေဘက်တော်သားများ ဖြစ်ကြသည့်အလျောက် အေးချမ်းသာယာစွာ နေထိုင်သော ပြည်သူလူထုအပေါ် ဥပဒေချိုးဖောက်၍ အနိုင်ကျင့်ခြင်း၊ ပြစ်မှုများ ကျူးလွန်ခြင်းများကို ဖြေရှင်းပေးရာတွင် ရက်စက်ကြမ်းကြုတ်သော ရက်စက်သူ လူဆိုးများနှင့် တွေ့ဆုံဖမ်းဆီးရာတွင် အသက်အန္တရာယ် ပေးဆပ်ဆောင်ရွက်ရသည်များ ရှိသလို ဖမ်းဆီးရမိအောင် ကြိုးစားရာတွင် အနာတရ ဒဏ်ရာရရှိမှုများ ရှိသည်အထိ ဖြစ်တတ်ပါတယ်။ အချို့သော အမှုများမှာ မထင်မှတ်ဘဲ အလွယ်တကူ ဖမ်းဆီးဖော်ထုတ်နိုင်တာလည်း ရှိခဲ့ပါတယ်။

လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု စသည့် အနိုင်ကျင့်မှု ကျူးလွန်သူများကို ဖမ်းဆီးရာ၌ မိမိနှင့် တပ်ဖွဲ့ဝင်များ၏ လုံခြုံစေမှု၊ ဥပဒေအရ အပ်နှင်းထားသည်ထက် မကျော်လွန်စေဘဲ ဖမ်းဆီးရမိအောင် ဆောင်ရွက်တတ်ကြရန် လက်အောက်တပ်ဖွဲ့ဝင်များကို သင်ကြားလမ်းညွှန်မှု ပေးရသလို ကိစ္စတစ်ခု ဆောင်ရွက်တိုင်းလည်း မသွားမီ တွေ့ဆုံ၍ သတိပေးမှာကြားခြင်းများ ပြုလုပ်ကြရပါတယ်။

အမှုတစ်ခုကို ရှုပ်ရှုပ်ထွေးထွေး ဖမ်းဆီးခဲ့ရသော အမှုများ ကြုံခဲ့ရသည့်အနက် အမှုတစ်ခုအကြောင်း တင်ပြလိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က အမှုဖြစ်ပါတယ်။ တာမွေမြို့နယ်မှာ ဖြစ်ပွားခဲ့တဲ့ အမှုတစ်မှုပါ။ ဖြစ်ပွားပုံက ငွေကြေးချမ်းသာသူတစ်ဦး၏ တတိယတန်း ကျောင်းသားငယ်တစ်ယောက်ကို ကျောင်းသွားစဉ် ပြန်ပေးဆွဲပြီး ငွေကျပ် ၅ သိန်းနဲ့ လာရွေးရန် တောင်းဆိုခဲ့တဲ့အမှုပါ။ ပြန်ပေးဆွဲတဲ့ တရားခံက ကျွန်းပြန်ဘရင်တဲ့၊ ကလေးကို ငွေ ၅ သိန်းနဲ့ သင်္ချိုင်းတစ်ခုမှာ ည ၁၀ နာရီ လာရွေးရမယ်ဆိုပြီး ကလေးမိဘတွေ အိမ်ရှေ့မှာ စာချသွားခဲ့ပါတယ်။

ကျွန်းပြန်ဘရင်က ယခင်ခေတ်က သူ့သူငယ်ချင်းများနဲ့ အရက်ဝိုင်းမှာ ရန်ဖြစ်ကြရာက တစ်ဖက်က တစ်ယောက်သေစေပြီး ကျန်နှစ်ဦး ဒဏ်ရာရစေတဲ့အထိ ဓားနဲ့ခုတ်လို့ တစ်သက်တစ်ကျွန်း ထောင်ကျသွားခဲ့ပါတယ်။ ဒါပေမဲ့ ၁၀ နှစ်လောက် ထောင်ထဲမှာနေခဲ့ပြီး အဲဒီခေတ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ ထောင်မှလွတ်လာသူပါ။

www.burmeseclassic.com

ထောင်မှလွတ်လာပြီး လုယက်မှု နှစ်မှုလောက် ဖြစ်ခဲ့တာ ကျွန်းပြန်ဘရင် ကျူးလွန်တယ်လို့ သိရပေမယ့် ရှောင်တိမ်းနေလို့ ဖမ်းမမိခဲ့သေးပါ။ ယခုတော့ ရန်ကုန်မှာ ဖြစ်ခဲ့တဲ့ လူပြန်ပေးမှုကို ကျူးလွန်ပြန်ပါတယ်။

ကလေးနဲ့ မိဘတွေက ရဲတပ်ဖွဲ့စခန်းကို လျှို့ဝှက်စွာ တင်ပြလို့ တိုင်းရဲတပ်ဖွဲ့မှာရှိတဲ့ စာရေးသူထံ ဒီသတင်းရောက် လာတော့ အထက်အရာရှိထံ တင်ပြခဲ့ရာ စာရေးသူကိုယ်တိုင် ဦးစီးပြီး ပိပိရိရိ ဖော်ထုတ်ဖမ်းဆီးဖို့ ညွှန်ကြားခဲ့ပါတယ်။

စာရေးသူလည်း ရဲတပ်ဖွဲ့ဝင်များကို အသေးစိတ် အစီအစဉ်တွေဆွဲပြီး ကြိုတင်စီစဉ်ခဲ့ပါတယ်။ အတတ်နိုင်ဆုံး လက်ရဖမ်းဖို့နဲ့ အရှင်ဖမ်းဖို့ စီစဉ်ပါတယ်။ ကလေးမိဘတွေ ကိုတော့ အန္တရာယ်ဖြစ်မှာစိုးလို့ မပါဝင်စေဘဲ ကလေးဖခင် ပုံသဏ္ဌာန်ဆင်တူတဲ့ ရဲအရာရှိတစ်ယောက်ကို အသုံးပြုခဲ့ ပါတယ်။

ည ၉ နာရီ ၄၅ မိနစ်မှာ စာရေးသူတို့ အရပ်ဝတ် တွေနဲ့ အသေးစိတ် စီစဉ်ထားတဲ့အတိုင်း ထိုအချိန် သချိုင်းကို ရောက်ပြီဆိုတာနဲ့ ကုက္ကိုပင်ကြီးနားသို့ ဖခင်အယောင်ဆောင် ထားတဲ့ ရဲအရာရှိက ငွေထုပ်အတုနဲ့ တစ်ယောက်တည်း သွား စေခဲ့ပါတယ်။ စာရေးသူနဲ့အဖွဲ့က တစ်ဖက်အမှောင်ရိပ်မှ သူတို့နဲ့ အနီးဆုံးနေရာကို အုတ်ဂူများ အကာအကွယ်နဲ့ ပိရိစွာ ချဉ်းကပ်ခဲ့ပါတယ်။

ကလေးဖခင် အယောင်ဆောင်ထားတဲ့ ရဲအရာရှိက ငွေထုပ်နဲ့ ကုက္ကိုပင်အောက်ရောက်တော့ အနီးမှာရှိတဲ့ ဇရပ် ပေါက အုတ်ဂူမှာ ကွယ်နေတဲ့ လူဆိုးနှစ်ဦး ထွက်လာပါ တယ်။ တစ်ယောက်က. . .

"ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော် မောင်ရွှေအိုး အဖေပါ"

"ဘယ်သူ ပါသေးလဲ"

"ဘယ်သူမှ မပါပါဘူး၊ ဆရာတို့ဆီ ကျွန်တော် တစ်ယောက်တည်း လာတာပါ"

လူဆိုးနှစ်ယောက် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ပါတယ်။ စာရေးသူတို့အဖွဲ့က လေးဘက်လေးတန် ဝိုင်းထားပြီး ဖြစ်လောက်ပါပြီ။ မိုးတဖွဲဖွဲရွာပြီး မှောင်နေတော့ အကဲခတ်မိပုံ မပေါ်ပါဘူး။

"ကောင်းပြီ၊ ငွေလာပေး"

"ဆရာ ကလေးကော"

"ဟိုဇရပ်ဘေးမှာရှိတယ်၊ ဟေ့ နက်တိုး ကလေးကို ခေါ်ခဲ့"

လူဆိုးတစ်ဦး တွဲလာပါသည်။ 'နက်တိုး' နဲ့ ပေါင်း သုံးယောက် ဖြစ်သွားပါတယ်။

ကလေးကို နက်တိုးက ဆွဲခေါ်လာပါတယ်။

ဖခင်ယောင်ဆောင်တဲ့ ရဲက ကျွန်းပြန်ဘရင်ကို ငွေထုပ် ပေးလိုက်ချိန်မှာ လျင်မြန်စွာ လက်ကိုလိမ်ချိုးပြီး လက်ထိတ်ခတ်လိုက်ပါတယ်။ စာရေးသူ အပါအဝင် အသင့် နေရာယူထားတဲ့ ရဲတပ်ဖွဲ့ဝင်တွေက သေနတ်များနဲ့ချိန်ပြီး ပြေးကာ ဝိုင်းထားလိုက်ပါတယ်။

စာရေးသူက ဘရင် မင်းမလှုပ်နဲ့၊ ခုခံမယ်မကြံနဲ့၊ ပြန်ပေးမှုဆိုတာ တို့ရဲတွေက ပစ်ဖမ်းခွင့် ရှိတယ်ဆိုပြီး လက်နှိပ်ဓာတ်မီးတွေနဲ့ ဝိုင်းထိုးပြီး ပြေးဝိုင်းလိုက်ကြပါတယ်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဘရင်နှင့် လူဆိုးနှစ်ဦးကို အမြန် ဆုံး လက်ထိတ်ခတ် ဖမ်းဆီးတဲ့ ရဲအရာရှိတွေက ဖမ်းဆီးကြ သလို ကလေးငယ်ကို ဝေးရာသို့ အမြန်ခေါ်သွားတဲ့အဖွဲ့က လျင်မြန်စွာ ကလေးကို ခေါ်သွားခဲ့ကြပါတယ်။

ကျွန်းပြန်ဘရင်ကို အလွယ်တကူပဲ ဖမ်းဆီးရမိပြီး ကလေးငယ်ကို ချောမောစွာ ကယ်တင်နိုင်ခဲ့ပါတယ်။

စာရေးသူက အမှုကို ဘယ်လိုရည်ရွယ်ချက်ကြောင့် ကျူးလွန်ရခြင်းဖြစ်သည့် (Motive)ကို မှတ်တမ်းတင်ချင်တာ ရယ်၊ စိတ်ဝင်စားတာရယ်ကြောင့် ရဲစခန်းရောက်တော့ ကျွန်းပြန်ဘရင်ကို ခေါ်ပြီးမေးကြည့်ပါတယ်။

ကျွန်းပြန်ဘရင်က ဖမ်းမိမှတော့ အမှန်ကို ဝန်ခံ မယ်ဆိုတဲ့ သဘောရှိတာ တွေ့ရပါတယ်။ သူ့ပတ်ဝန်းကျင် တွင် သူ့စရိုက်ကြောင့် စိတ်တိုသူ၊ ဒေါသကြီးသူ၊ ထစ်ခနဲဆို လက်မြန်ခြေမြန် ခုတ်ရထစ်ရမှ ကျေနပ်သူ ဖြစ်သော်လည်း အေးဆေးစွာ ဆွေးနွေးတော့ အမှန်ကို အောက်ပါအတိုင်း ပြောခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးဖခင် ရွှေမိုးနဲ့ ကျွန်းပြန်ဘရင်တို့က တစ်ရွာတည်း ကြီးပြင်းလာခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။ အရွယ်ရောက်လာတော့ ငါးဖမ်းစက်လှေမှာ အလုပ်သမားအဖြစ် လိုက်ပါကြရင်း တစ်ရက် ကိုရွှေမိုး ပင်လယ်ထဲကျသွားလို့ ကျွန်းပြန်ဘရင်က အသက်လုပြီး ကယ်ခဲ့ရကြောင်း၊ ကိုရွှေမိုးက ငါးဖမ်းစက်လှေလိုက်ရင်းက ထိုခေတ်က မော်တော်ခိုစက်လှေ ပြောင်းသွားခဲ့ကြောင်း၊ ၅ နှစ်လောက်ကြာတော့ ကိုရွှေမိုးက မှောင်ခိုစက်လှေပိုင်ရှင် ဖြစ်လာပြီး ကြီးပွားလာခဲ့ကြောင်း၊ ကျွန်းပြန်ဘရင်ကတော့ စက်လှေသမားဘဝက မတက်ခဲ့ကြောင်း၊ ကျွန်းပြန်ဘရင်ကတော့ စက်လှေသမားဘဝက မတက်ခဲ့ကြောင်း၊ ကျွန်းပြန်ဘရင် ထောင်ကျသွားခဲ့စဉ်က ကျွန်းပြန်ဘရင်ရဲ့ တစ်ဦးတည်းသောသား 'မောင်ငွေမိုး'ကို စောင့်ရှောက်ဖို့ ကိုရွှေမိုးထံ စာရေးပြီး လွှတ်ခဲ့တာ ကိုရွှေမိုးက လက်မခံဘဲ ရှောင်ဖယ်ခဲ့ကြောင်း။ သား 'ငွေမိုး' မှာ ပညာမသင်ရဘဲ ငါးဖမ်းစက်လှေလိုက်တဲ့ဘဝနဲ့ အသက်မွေးခဲ့ရကြောင်း၊ ထောင်မှ လွတ်လာတော့ ကိုရွှေမိုးကို မကျေမနပ်ဖြစ်လို့ လိုက်ရှာရာ ရန်ကုန်မှာ လာနေတာ တွေ့ရတော့ ကလဲ့စားချေချင်တာနဲ့ သူ့သားကို ပြန်ပေးဆွဲ၊ ငွေညှစ်ခဲ့ကြောင်း၊ ကိုရွှေမိုး ငွေလာပေးရင် ငွေကိုယူပြီး ကိုရွှေမိုးကို အသေသတ်ပစ်ရန် စီစဉ်ခဲ့ကြောင်း၊ ဒါပေမဲ့ ကိုရွှေမိုးရဲ့ သားငယ်လေးက တစ်ညနေလုံး ငိုနေပြီး အဖေ အမေကို တမ်းတနေခဲ့လို့ သနားစိတ် ဖြစ်ပေါ်လာပြီး အပြစ်မရှိသော သားငယ်ကို သနားခဲ့ကြောင်း၊ သူ့ကို သနားလို့ ကိုရွှေမိုးကို ဒေါသဖြစ်ခဲ့ပေမယ့် သတ်ဖို့စီစဉ်ထားတာကို မသတ်ဖို့ပြောခဲ့ကြောင်း၊ အခုတော့ အဖမ်းခံရပြီဖြစ်လို့ ထောင်ထဲပြန်ဝင်ရဦးမှာဖြစ်ကြောင်းနဲ့ လုယက်မှုတွေလည်း ကျူးလွန်ခဲ့ကြောင်း ဝန်ခံပါတယ်။ သူ့သား 'ငွေမိုး'နေတဲ့ လိပ်စာနဲ့ သူ့သားက စက်လှေအလုပ်သမားအဖြစ် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနေကြောင်း ပြောပြခဲ့ပါတယ်။

အမှောင်လမ်းဝင်၍ မိုက်တွင်းနက်ခဲ့သော ကျွန်းပြန်ဘရင်သည် ဖခင်တစ်ယောက် ဖြစ်လာ၍ သားကိုချစ်တဲ့ ဇောနှင့် ပြန်ပေးဆွဲခဲ့သော ကလေးငယ် ငွေမိုး မိဘကိုတ၍ ငိုနေသည်ကိုကြည့်ပြီး သားသမီးချင်း ကိုယ်ချင်းစာဝတ်လာကာ ဒေါသကို လျှော့နိုင်ခဲ့တာ တွေ့ရပါတယ်။ မိဘက သားသမီးအပေါ် ထားသော ကြီးမားသည့်မေတ္တာဟုပင် ဆိုရမည်ပင်။

ကျွန်းပြန်ဘရင်သည် ပြန်ပေးမှုအပါအဝင် လုယက်မှု(၂)မှုတို့ဖြင့် ထောင် ၁၀ နှစ် ထပ်ကျသွားခဲ့ပါတယ်။ တရားရုံးတွင် အမှုရင်ဆိုင်ကြရာ၌ ပြန်ပေးဆွဲခံရသော ကလေး၏ ဖခင် ကိုရွှေမိုးနှင့် ကျွန်းပြန်ဘရင်တို့ တွေ့ဆုံကြရာမှ သူငယ်ချင်း အချင်းချင်း ပြန်တွေ့ကြသည်။ ကိုရွှေမိုးက အကြိမ်ကြိမ် ဝန်ခံတောင်းပန်ခဲ့သည်။ ကျွန်းပြန်ဘရင်က ပထမ တင်းမာနေခဲ့ရာမှ ကျေနပ်ကျေအေးသွားခဲ့ပါတယ်။ အမှုချိန်းတွင် ရောက်လာသော ကျွန်းပြန်ဘရင်သား မောင်ငွေမိုးကိုပါ ငါးဖမ်းစက်လှေလိုက်နေရာမှ ထွက်ခိုင်းပြီး မောင်ငွေမိုး ဝါသနာပါလုပ်ချင်သော မြန်မာထမင်းဆိုင်တစ်ဆိုင်ကို တာမွေမြို့နယ်အတွင်းမှာပင် ကိုရွှေမိုးက ငွေထုတ်ပေးပြီး ဖွင့်လှစ်ပေးလိုက်ပါတယ်။

သူတို့နှစ်ဦး ရန်ငြိုးတွေ ပြေသွားကြတယ်။ ကျွန်းပြန်ဘရင်တစ်ယောက် ယခင်လူသတ်မှုနှင့် ထောင်ကျစဉ်ကနှင့်မတူ ယခု ထောင်ကျသွားရာတွင် ခွင့်လွှတ်တတ်မှု၊ ကိုယ်ချင်းစာတတ်မှုများနှင့် ထောင်နန်းစံသွားခဲ့ပါတယ်။ ကျွန်းပြန်ဘရင် ထောင်မှ လွတ်လာခဲ့လျှင် အသက် ၅၀ ကျော်အရွယ် ကျွန်းပြန်ကိုဖြုတ်ပြီး ကိုဘရင်အဖြစ် ရိုးသားစွာ ဘဝကို ရင်ဆိုင်သွားမည်ဟု စာရေးသူ မျှော်လင့်ထားခဲ့သလို ယခုအခါ လူဝတ်ကြောင်ကို စွန့်ပယ်ကာ သာသနာ့ဘောင်သို့ ရောက်ရှိနေသည်ကို စာရေးသူ ကျေနပ်စွာ တွေ့ရှိရပါတယ်။ ကိစ္စတစ်ခုကို ဒေါသနဲ့ ဖြေရှင်းခဲ့လျှင် မှားယွင်းတတ်ပြီး မထူးတော့ဆိုကာ ထပ်ကာ ထပ်ကာ မှားယွင်းသော ကျွန်းပြန်ဘရင်ဘဝကို သားသမီးချစ်သော မိဘမေတ္တာက ကိုယ်ချင်းစာတတ်မှုကို ခံစားစေခဲ့ခြင်းက ကျွန်းပြန်ဘရင်ဘဝကို ပြင်ခဲ့ခြင်းကို စာရေးသူ အမှတ်တရ ဖြစ်နေမိပါတယ်။

သင်ခန်းစာယူနိုင်ကြပါစေဟု. . .။

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com

# လိမ်လည်မှု၊ အလစ်သုတ်မှုတို့ကို ကျူးလွန်ခဲ့သော မိန်းမချောလေး



သူမသည် စင်ကာပူနိုင်ငံသူ အင်ဂျင်နီယာမလေး တစ်ယောက်။ အသက်မှာ ၃၂ နှစ်။ မိန်းမချောလေး ဂိုလီရင်းကို ၂၀၁၃၊ နိုဝင်ဘာလ၌ စင်ကာပူတရားရုံးတစ်ရုံးမှ တရားသူကြီးမှ ထောင်ဒဏ် ကိုးလမှ လေးလခွဲသို့ လျှော့ချ၍ အပြစ်ပေးလိုက်၏။

ဂိုလီရင်းသည် အလစ်သုတ်ခြင်း၊ လိမ်လည်ခြင်းပြစ်မှုများကို ကျူးလွန်ခဲ့သူ ဖြစ်၏။

သူမသည် စင်ကာပူဒေါ်လာ ၁၁၀,၇၀၀ တန်သော လက်ဆွဲအိတ် သုံးလုံးကို ခိုးယူမှုဖြင့် အောက်တရားရုံးမှ တရားသူကြီးက ထောင်ဒဏ် ၉ လ အပြစ်ပေးခဲ့ရာ အယူခံတရားရုံးမှ တရားသူကြီးက သူမအား ထပ်မံစစ်ဆေးပြီး ထောင်ဒဏ် လေးလခွဲသာ ကျခံရန် အမိန့်ချမှတ်လိုက်၏။

အင်ဂျင်နီယာဟောင်း တစ်ယောက်ဖြစ်သော ဂိုလီရင်းသည် ၂၀၀၅ မှစ၍ ဈေးဆိုင်များထဲမှ ပစ္စည်းများကို အလစ်သုတ်လေ့ရှိရာ မကြာခဏ အဖမ်းခံခဲ့ရသူဖြစ်၏။ သူမတွင် ပစ္စည်းများကိုတွေ့လျှင် မခိုးရမနေနိုင်သော စိတ်ဝေဒနာတစ်မျိုး ခံစားနေရသည်ဟု စိတ်ကျန်းမာ ရေးဆရာဝန်များက သူမကို စစ်ဆေးပြီး မှတ်ချက်ပေးထားသောကြောင့် တရားသူကြီးများသည် သူမကို အသက်ညှာခုံးပြစ်ဒဏ်များသာ ချမှတ်လေ့ရှိ၏။

၂၀၁၁ တွင် သူမအား ခိုးမှုဖြင့် ထောင်ဒဏ်ခြောက်ပတ် အပြစ်ပေးခဲ့ရာ ထောင်မှလွတ်လာပြီး သုံးလအကြာ၌ သူမသည် ခိုးမှုကို မကျူးလွန်ဘဲ လိမ်လည်မှုကို ကျူးလွန်၏။

သူမရှေ့နေက သူမ၏ကျန်းမာရေးကြောင့် သူမအား ဆိုင်းငံ့ပြစ်ဒဏ် နှစ်နှစ်သာ ချမှတ်ရန် လျှောက်လဲခဲ့၏။ သူမ၏ မိသားစုဝင်အချို့သည် သူမကို တစ်ယောက်တည်း အပြင်သို့ မထွက်ဘဲ အဖော်တစ်ယောက် အမြဲထည့်ပေး၏။

သူမ၏ မကောင်းသည့်အကျင့်ကို မဖျောက်ဖျက်[illegible]လျှင် အကောင်းဆုံးနည်းလမ်းမှာ သူမအား အကျဉ်းထောင်[illegible] စိတ်ပိုင်းဆိုင်ရာ ပြန်လည်ပြုပြင်ရေးကို ပြုလုပ်ပေးရန်သာ[illegible]သည်ဟု ဝါရင့်တရားသူကြီးတစ်ယောက်ကပြော၏။

ဂိုသည် သူမနှင့်အတူ အဖော်ထည့်ပေးခြင်းကို မလိုလားဘဲ သူမဘာသာ လွတ်လွတ်လပ်လပ်သွားလိုသူဖြစ်၏။

သူမအား နောက်ဆုံးပြစ်ဒဏ်ကိုစီရင်ခဲ့သော တရားသူကြီးက "မင်း ထောင်ထဲကပြန်လွတ်လာပြီး နောက်ထပ် အပြစ်တွေထပ်လုပ်ရင် မင်းကို ကြီးလေးတဲ့ပြစ်ဒဏ်ပေးမယ်"ဟု သတိပေးစကား ပြောလိုက်၏။


ဦးဦးသိန်း

*TST. 21.11.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သိတင်းကျွတ်ရောက်လျှင် ကျွန်ုပ်သည် သူ့ကို သတိရသည်။ သူသည် ကျွန်ုပ်၏ မိတ်ဆွေရင်းတစ်ယောက်။ သူ့အမည်မှာ ဦးကျော်လွှန်း(အမည်လွှဲ)။

ယခုတော့ ဦးကျော်လွှန်းမရှိတော့။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော်က လူ့ဘဝမှထွက်ခွာသွားခဲ့လေပြီ။

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ခန့်က ကျွန်ုပ်သည် ရန်ကုန်မြို့လယ်ရှိ စာပေတိုက်တစ်တိုက်၌ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ထိုစာပေတိုက်သည် မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များနှင့် လုံးချင်းဝတ္ထုစာအုပ်များကို လစဉ်ထုတ်ပါသည်။ ထို့အပြင် တစ်နှစ်တစ်ခါ ပြက္ခဒိန်ကိုလည်း ထုတ်ပါသည်။

သိတင်းကျွတ်ပြီဆိုလျှင် ပြက္ခဒိန်များ တဖွဲဖွဲထွက်လာသည်။ ထို့ကြောင့် ပြက္ခဒိန်ထုတ်လုပ်ရေး အလုပ်သည် အကျိုးအမြတ်ရှိသောအလုပ် ဖြစ်၏။

ဦးကျော်လွှန်းသည် ပြက္ခဒိန်အလုပ်ကို အကြီးအကျယ်လုပ်သည်။ လွတ်လပ်ရေးရပြီးခါစကတည်းက စတင်လုပ်ခဲ့သည်။ ပထမတွင် ရန်ကုန်မြို့တွင်း၌သာ ပြက္ခဒိန်ဖြန့်ချိရေးအလုပ်ကို လုပ်ခဲ့ရာ တဖြည်းဖြည်း လုပ်ငန်းများကျယ်ပွန့်လာ၏။ ထိုစဉ်က မြို့နယ်အသောက်များများမှ အဖွဲ့အစည်းများသည် မြို့နယ်ရန်ပုံငွေအတွက် ပြက္ခဒိန်များ ထုတ်လာကြရာ ပြက္ခဒိန်လုပ်ငန်း ကျွမ်းကျင်သော ဦးကျော်လွှန်းကို အကူအညီတောင်းကြသည်။ ဤတွင် ဦးကျော်လွှန်းတွင် မိတ်ဆွေအပေါင်းအသင်း

www.burmeseclassic.com

အလွှန်များလာ၏။

ညနေဘက် အလုပ်သိမ်းချိန်တွင် ဦးကျော်လွန်းသည် အိမ်မပြန်နိုင်။ —လမ်းရှိ သူ့အလုပ်တိုက်တွင် တပည့်တစ်ယောက်ကို ထားခဲ့ပြီး သူသည် အပေါင်းအသင်းများနှင့်အတူ ညစာစားပွဲသို့ သွားသည်က များ၏။ သို့နှင့် သူသည် အရက်စွဲသူ ဖြစ်လာတော့သည်။

ဦးကျော်လွန်းနှင့် ကျွန်ုပ်သည် အလွန်ခင်သော်လည်း ကျွန်ုပ်သည် ညစာစားပွဲသို့သွားရန် အလေ့အကျင့်မရှိ။ အရက်ကိုလည်း သောက်သူမဟုတ်သောကြောင့် ဦးကျော်လွန်းသည် ကျွန်ုပ်ကို စားပွဲများကို မခေါ်ပါ။

ကျွန်ုပ်သည် ----စာပေတိုက်၌ ခုနစ်နှစ် တာဝန်ထမ်းပြီးနောက် အခြား----တိုက်သို့ လခတိုး၍ ပြောင်းရွှေ့သွားသော်လည်း ဦးကျော်လွန်းနှင့် ကျွန်ုပ်သည် အဆက်အသွယ် မပြတ်ပါ။

သို့နှင့် ကျွန်ုပ်အလုပ်ပြောင်းပြီး တစ်နှစ်ခန့်အကြာ နံနက် ၇ နာရီခန့်တွင် ကျွန်ုပ်အိမ်ရှိ တယ်လီဖုန်းသို့ ဦးကျော်လွန်းဇနီးက ဖုန်းဆက်သည်။ ဦးကျော်လွန်း ----လမ်းရှိ သူ့အလုပ်တိုက်တွင် သေဆုံးသွားသည့်အကြောင်း ဖုန်းဆက်အသိပေးခြင်းဖြစ်သည်။

"ဘာရောဂါနဲ့လဲ"

ကျွန်ုပ်က မေးသည်။

"မသိဘူးရှင့်။ မနက်အစောကြီးမှာ မောင်ကျော်တင့်က ဖုန်းဆက်တယ်။ အစ်ကို ရေချိုးခန်းထဲမှာ ကြိုးတန်းလန်းနဲ့ သေနေတဲ့အကြောင်း"

ဦးကျော်လွန်းဇနီးမှာ ရှေ့မဆက်တော့ဘဲ ဖုန်းချသွားသည်။ မောင်ကျော်

အမြတ်ခွန်နဲ့
ပတ်သက်လို့က
တော့ ကျွန်တော်
----တိုက်မှာ
ရှိစဉ်ကဆိုရင်
လစဉ်ကို
ဆောင်တယ်။
သူဆောင်သလား၊
မဆောင်ဘူး
လားဆိုတာတော့
ကျွန်တော်မသိဘူး။
ဆရာတို့
အမြတ်ခွန်ရုံးနဲ့
ဆက်သွယ်ပါလား

တင့်မှာ ဦးကျော်လွန်း၏ အတူနေတပည့်ဖြစ်သည်။ "ကြိုးတန်းလန်း"နဲ့ဟူသော စကားအရဆိုလျှင် သူ့ကိုယ်သူ သတ်သေခြင်းဖြစ်မည်။

ကျွန်ုပ်သည် ----လမ်းသို့ အမြန်သွားသည်။ ----လမ်းရှိ ဦးကျော်လွန်းအလုပ်တိုက်ရှေ့၌ လူများ ဝိုင်းအုံနေကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် အလုပ်များနေကြသည်။

ကျွန်ုပ်သည် ရဲတို့ကို အနှောင့်အယှက်မပေးလိုသောကြောင့် ဦးကျော်လွန်းဇနီးနေထိုင်ရာ ----မြို့နယ်လမ်းသို့ ဆက်သွားပါသည်။ ဦးကျော်လွန်း၏ဇနီးမှာ ဦးကျော်လွန်းနှင့်ပတ်သက်၍ ကျွန်ုပ်နှင့် ခင်မင်ပါသည်။

ဦးကျော်လွန်း၏ နေအိမ်၌လည်း နာရေးသတင်းမေးသူများနှင့် ပြည့်နေပါသည်။

"စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော် သူ့အလုပ်ခန်းရှေ့ကို ရောက်ပါတယ်။ ရဲတွေအလုပ်များနေတာတွေ့လို့ အထဲမဝင်တော့ဘူး။ ဒီကိုပဲလာခဲ့တယ်"

ကျွန်ုပ်သည် ထိုသို့ပြောရင်း နေရာလွတ်တစ်ခုတွင် ထိုင်လိုက်ပါသည်။

"သူ ဒီလိုဖြစ်သွားလိမ့်မယ်လို့ ကျွန်မ လုံးဝမထင်ခဲ့ဘူး။ ငါစိတ်ညစ်တယ်လို့လည်း မပြောဘူး"

ဒေါ်ခင်မေက ပြောသည်။

"ရဲတွေစစ်ပြီး ဆေးရုံက ဆရာဝန်ကြီး ထပ်စစ်ပြီးရင် အဖြေမှန်ပေါ်လာမှာပါ"

ကျွန်ုပ်က ပြောပါသည်။

သတင်းမေးလာသူ များသောကြောင့် ကျွန်ုပ်သည် ထိုအိမ်တွင် ဆယ်

www.burmeseclassic.com

www.burmeseclassic.com

မိနစ်ခန့်သာနေပြီး ဒေါ်ခင်မေအား "နောက်မှ ကျွန်တော် လာပါဦးမယ်"ဟု ပြောပြီး အိမ်သို့ပြန်လာပါသည်။

ဦးကျော်လွန်း၏အလောင်းကို ရန်ကုန်ဆေးရုံကြီးမှ မှုခင်းဆရာဝန်ကြီးက စစ်ဆေးပြီးသောအခါ "သူ့ကိုယ်သူ သတ်သေတာပါ"ဟု အတည်ပြုချက် ပေးလိုက်၏။

"ဦးကျော်လွန်းရယ်၊ ဘာကြောင့်များ ဒီလိုလုပ်သွားရတာလဲဗျာ။ ခင်ဗျား အရက်စွဲသွားပြီး စိတ်ကယောက်က ယက်ဖြစ်ပြီး အခုလိုလုပ်သွားတာလား"

ကျွန်ုပ်သည် စိတ်ထဲမှ ပြောလိုက်မိသည်။

ဦးကျော်လွန်းသေဆုံးပြီး ဆယ်ရက်အကြာ၌ ——မြို့နယ် ရဲတပ်ဖွဲ့မှူးသည် ကျွန်ုပ်၏ရုံးခန်းသို့ ရောက်လာပါသည်။

"ဦးကျော်လွန်းအမှုနဲ့ ပတ်သက်ပြီး ဆရာ့ကို အနည်းငယ်မေးချင်လို့ပါ"

မြို့နယ်ရဲတပ်ဖွဲ့မှူးက စကားပလ္လင်ခံပါသည်။

"မေးပါ၊ ကျွန်တော်သိသမျှ ဖြေပါ့မယ်"

"ဆရာ ——စာပေတိုက်မှာ တာဝန်ထမ်းစဉ်က ပြက္ခဒိန်တွေထုတ်ခဲ့တော့ အကျိုးအမြတ်ဘယ်လိုရှိတယ်ဆိုတာ သိချင်ပါတယ်"

"ခေါက်ချိုးနီးပါး မြတ်တယ်ဗျ"

"ဦးကျော်လွန်းဟာ ပြက္ခဒိန်အလုပ်လုပ်တာ နှစ်ပေါင်းအတန်ကြာပြီဆိုတော့ အတော့်ကို အကျိုးရှိမှာပဲ"

"ဟာ…ရှိပြီလား။ သူ့ကို ပြက္ခဒိန်ရောင်းလို့တောင် လူတွေက ခေါ်ကြတယ်။ သူက မိတ်ဆွေအပေါင်းအသင်းလည်း များတယ်။ သဘောလည်း ကောင်းတယ်"

"ဆရာနဲ့ ဦးကျော်လွန်း သိပ်ရင်းနှီးတယ်လို့သိရတယ်။ သူဟာ အမြတ်ခွန်နဲ့ပတ်သက်ပြီး ဆရာနဲ့ ဆွေးနွေးတာမျိုးရှိသလား"

"မရှိဘူးဗျ။ အမြတ်ခွန်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ——တိုက်မှာ ရှိစဉ်ကဆိုရင် လစဉ်ကို ဆောင်တယ်။ သူဆောင်သလား၊ မဆောင်ဘူးလားဆိုတာတော့ ကျွန်တော်မသိဘူး။ ဆရာတို့ အမြတ်ခွန်ရုံးနဲ့ ဆက်သွယ်ပါလား"

"ဆက်သွယ်ပြီးပါပြီ။ ဦးကျော်လွန်းဟာ ဝင်ငွေခွန်မဆောင်ဘူးတဲ့။ ခေါ်လည်းမလာဘူးတဲ့။

ဦးကျော်လွန်းမှာ ဘာများစိတ်ညစ်စရာတွေရှိသလဲ။ ဆရာများ သိပါသလား"

"ကျွန်တော် သိသလောက်ကတော့ သူဟာ မိန်းမမရှုပ်ဘူး။ လောင်းကစားအလုပ်လည်း မလုပ်ဘူး။ အဲ… အရက်တော့ စွဲနေပြီဆိုတာ ကျွန်တော် သိတယ်"

"သူ့တပည့်ကျော်တင့်ကတော့ ဆရာဟာ စာရင်းတွေကို သူ့ဘာသာသူလုပ်တယ်။ အမြတ်ခွန်ရုံးကစာတွေလာရင် ထားလိုက်စမ်းပါကွာလို့ ပြောပြီး စားပွဲအံဆွဲထဲမှာထည့်ထားလိုက်တယ်တဲ့"

"အေးဗျာ…သူ့ကို ဝင်ငွေခွန်ဆောင်ဖို့ ကျွန်တော် သတိမပေးခဲ့တာ သူ့ကိုယ်ရေးကိုယ်တာမှာ ဝင်မစွက်ချင်လို့ပါ။ သူသာ ဝင်ငွေခွန်တွေကို နောက်ကြောင်းပြန် ပြန်ဆောင်ရရင်တော့…"

ကျွန်ုပ်သည် စကားမဆက်ဘဲ ရပ်လိုက်သည်။

"အမြတ်ခွန်ရုံးက သူ့ဝင်ငွေခွန်မဆောင်တာနဲ့ပတ်သက်ပြီး ဥပဒေကြောင်းအရ အရေးယူဖို့ လုပ်နေတုန်းမှာ သူဟာ အခုလိုဖြစ်သွားတာပဲ"

ရဲအရာရှိက ပြောသည်။

"အင်းလေ၊ အရက်ကလည်း လူ့ကိုနိုင်နေတော့ စိတ်ကျ၊ စိတ်ညစ်ပြီး ဒီလိုလုပ်သွားတာ ဖြစ်မှာပဲလို့ထင်တယ်"

ကျွန်ုပ်က ကျွန်ုပ်၏အမြင်ကို ပြောလိုက်သည်။

"ကျွန်တော်တို့လည်း သူ့ရုံးခန်းက အလုပ်ခန်းကရတဲ့ စာရွက်စာတမ်းတွေရယ်၊ သူ့တပည့်ကျော်တင့်ရဲ့ ထွက်ချက်တွေရယ်၊ သူ့ဇနီးရဲ့ ထွက်ချက်တွေရယ် အားလုံးရပြီးပါပြီ။ အခု ဆရာ့ဆီကရတဲ့ အချက်တွေကိုပါ ပေါင်းပြီး သူ့ရဲ့ ဆူပီဆိုက် ကိုယ့်ကိုယ်ကို သတ်သေမှုကို အထက်ကို ဆက်လက်တင်ပြလိုက်ပါတော့မယ်။ ဆရာ အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ကျေးဇူးတင်စကားပြောပြီး ထွက်ခွာသွားပါတော့၏။

"အင်း…ဦးကျော်လွန်း၊ ဦးကျော်လွန်း၊ ပြက္ခဒိန်ရာဇာ ဦးကျော်လွန်း။ ခင်ဗျားဟာ ဘဝကိုရင်မဆိုင်ရဲတော့တာဟာ အရက်ကြောင့် အရက်ကြောင့်"

ကျွန်ုပ်သည် စိတ်ထဲမှ ရေရွတ်လိုက်ပါသည်။

ဦးဦးငြိမ်း

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အကြားအမြင်ဦးဘဆန်း နှင့် ဘုရားဗျာပနာဖောက်ထွင်းမှု

### လပြည့်ညကို မြတ်နိုးသူ

ဖျော့တော့သော လရောင်၏ အလင်းဓာတ်သည် လောကကြီးတစ်ခုလုံးကို စိုးမိုးထား၏။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၏ တစ်ခုသော ပန်းမန်များအလယ်၌ တင့်တယ်နေသည့် နှစ်ထပ်တိုက်အိမ်ကြီးသည် သဘာဝအလှတရားများကြားတွင် ထူခြွန်နှင့် စံပယ်နေ၏။

ရောင်စုံပန်းမန်များသည် လရောင်အောက်တွင် အလှချင်းပြိုင်နေကြသည်။ အရောင်အသွေးစုံလင်လှသော အရာဝတ္ထုမှန်သမျှနှင့် စိမ်းပြာရောင်သုတ်လိမ်းထားသော တိုက်အိမ်ကြီးကို လရောင်၏ ဖွမ်းအားဓာတ်က ထိန်းချုပ်ထားမှုအောက်တွင် ပန်းချီကားတစ်ချပ်၏ အသွင်ဆောင်နေ၏။ ဝိုင်းစက်နေသော လမင်းကြီးသည် အချုပ်အချယ်မရှိ အချိန်မှန်အရောက်မှထွက်၍ အနောက်ဘက်သို့ ဝင်ရောက်သွားခြင်းမှာ စကြဝဠာ၏ အညာဝတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။

ထိုလမင်းကြီးကို အများက အသေးစိတ် စိတ်မဝင်စားကြသော်လည်း ထူးထူးခြားခြား စိတ်ဝင်စားနေသူ အမျိုးသမီးငယ်တစ်ယောက် ရှိလေ၏။ နှစ်ထပ်တိုက် အမိုးငယ်အောက်တွင် အဖြူရောင်ဝမ်းဆက် ဝတ်ဆင်ထားသော အမျိုးသမီးငယ်လေးတစ်ယောက်သည် နောက်မှီကုလားထိုင်တစ်လုံးပေါ် ထိုင်ပြီး မတုန်မလှုပ် လမင်းကြီးသွားရာကို စိတ်ဝင်စားစွာ စောင့်ကြည့်နေတတ်သည်ကို မိသားစုဝင်များမှအပ မည်သူကမျှ သတိထားမိမည် မဟုတ်ပါ။ အလွန်ထူးခြားလှ၏။ မိုးကာလပါမကျန် နွေ၊ မိုး၊ ဆောင်း သုံးရာသီ၏ လပြည့်ညတိုင်း လကို စောင့်ကြည့်နေတတ်ခြင်း ဖြစ်သည်။

### ကတ္တီပါစိမ်းရည်ပြကျောက်

ဦးသစ္စာသည် ချမ်းသာသော သစ္စာရတနာရောင်းဝယ်ရေး ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။ ဦးသစ္စာတွင် စိန်အရောင်းအဝယ်ကျွမ်းကျင်သော ဇနီး ဒေါ်စောသဉ္ဇာနှင့် လွန်စွာချောမောလှပသော တစ်ဦးတည်းသောသမီး ဆုံစည်းသစ္စာတို့ ရှိလေ၏။ ဆုံစည်းသစ္စာသည် အလှဂုဏ်ကြွယ်သလို ပညာရေးဘက်၌လည်း ထူးချွန်ထက်မြက်သူ ဖြစ်သည်။

မနေရာသီဖွား အင်္ဂါသမီးဖြစ်သောကြောင့် စိတ်ကြီးပြီး အနီရောင်ကို နှစ်သက်တတ်၏။ သူ့တွင် ထူးခြားသည့် အကျင့်မှာ လပြည့်ညရောက်တိုင်း မအိပ်မစားမသောက်ဘဲ လမင်းကြီးသွားရာကို စောင့်ကြည့်နေတတ်သော အကျင့်ရောဂါ ဖြစ်သည်။ ဆုံစည်းသစ္စာသည် ပြက္ခဒိန်မဖတ်ဘဲ လပြည့်ညကို အလိုလိုသိနေတတ်ပြီး ဝိုင်းစက်နေသော ဘော်ငွေရောင် လမင်းကြီးကို အဓိပ္ပာယ်မဲ့ စောင့်ကြည့်တတ်သော အကျင့်သည် အခြေခံအထက်တန်းစာမေးပွဲ အောင်သောနှစ်က စခဲ့ခြင်းဖြစ်သည်။

ဆုံစည်းသစ္စာ ဆယ်တန်းအောင်သောနှစ် ဖခင်သူဌေးကြီး ဦးသစ္စာက သမီးကို ဂုဏ်တင်ပေးသည့်အနေနှင့် အနှိုင်းမဲ့လှပသော ကတ္တီပါရည် မြကျောက်တစ်ပွင့်ကို စိန် ၁၁ ပွင့်ရံ၍

**အောင်ဘုန်းမြင့်(ကချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com

လည်ဆွဲရတနာအဖြစ် ပေးအပ်ခဲ့၏။ ကတ္တီပါရည်မြလည်ဆွဲသည် အရည်အသား၊ အရောင်နှင့် အလုံးအထည် လွန်စွာသင့်တော်လှပလွန်းသဖြင့် မြင်ရသူတိုင်းကို စွဲမက်စေနိုင်၏။ မြကျောက်ကို မွန်မြတ်သော မိခင်ရတနာအဖြစ် တင်စားကြ၏။ ပျော်ရွှင်ခြင်းနှင့် မေတ္တာတရားကို ပေါင်းကူးပေးနိုင်သည်ဟုဆိုသည်။

ခုံစည်းသစ္စာသည် မြရည်လည်ဆွဲကို ဝတ်ဆင်သည့်အချိန်မှစ၍ အာရုံအမြင် မကြာခဏ ရတတ်၏။ ခုံစည်းသစ္စာက ရှုံးမည်ဟု ထင်သောကျောက်ခွက်ခွက်လန် ပြုတ်တတ်ပြီး မြတ်လိမ့်မည်ထင်သော ကျောက် ကျိုကျိုတက်အောင်သွားတတ်၏။ အထူးသဖြင့်… လပြည့်လကွယ်ရက်များတွင် အမြင်ထူးတတ်ပြီး သဇင်သင်းသော စန်းနှင့် မိဂသီနက္ခတ် အလင်းရှင်သည့် ခနေရာသီ နတ်တော်လပြည့်ည အာရုံအမြင် အထူးဆုံးဖြစ်တတ်၏။ ကတ္တီပါမြရည်လည်ဆွဲသည် လပြည့်ညတိုင်း အဖြူရောင်ပြောင်းလဲသွားတတ်သည်ကိုကား ခုံစည်းသစ္စာကိုယ်တိုင်လည်း သတိထားမိဟန်မတူပါ။ အသက်ဝင်နေသော မြဖြစ်နိုင်သည်။

တစ်ခုသော နတ်တော်လပြည့်ညတွင် ဝိုင်းဝန်းနေသော လမင်းကြီးကို စောင့်ကြည့်နေရင်း မြပုဆိန်တစ်လက်ကို မြင်ရလေ၏။ နောက်ပိုင်းညများတွင် မကြာခဏ မြပုဆိန်ကို အိပ်မက် ဆက်မက်နေသဖြင့် မိဘနှစ်ပါးကို ဖြစ်ကြောင်းကုန်စင် ပြောပြသည်။ ဦးသစ္စာသည် မြကျောက်ကို ဘိုးတော်တစ်ပါးထံမှ ဆစ်ဈေးနှင့် အချောင်ရလိုက်သော ကျောက်ဖြစ်သည်။

## ရောဂါကုသခြင်း

ဦးသစ္စာသည် မိမိ၏တစ်ဦးတည်းသောသမီး ခုံစည်းသစ္စာ၏ တစ်လတစ်ကြိမ် လပြည့်ညရောက်တိုင်း လမင်းကြီးကို စွဲစွဲမြဲမြဲ ထိုင်ကြည့်နေတတ်ခြင်းကို ဝါသနာကြောင့်ဟု သဘောထား၍ ပေါ့ပေါ့တန်တန် နေခဲ့သည်။

သို့သော် ဘွဲ့ရ အရွယ်ရောက်လာချိန်ထိ ပြောင်းလဲမလာဘဲ လမင်းကြီးကို ဆက်ကြည့်မြဲ ကြည့်နေသဖြင့် စိုးရိမ်စိတ် တစ်စစ တိုးလာတော့၏။ ဆရာအမျိုးမျိုးနှင့် ကျိုတ်ကုရသည့်အဆင့်သို့ ရောက်လာ၏။ အစွဲရှိသည်၊ သိုက်ကလာသည်၊ ပတ္တာန်းဆက်ရှိသည် စသည်ဖြင့် ဆရာတစ်ဦး အမြင်တစ်မျိုးနှင့် ခေသမရှုး အကြောင်းမထူး စိုးရိမ်စိတ်သာ တိုးပွားလာပါတော့သည်။

ထို့နောက် ခုံစည်းသစ္စာ မကြာခဏ အိပ်မက်မြင်မက်သော မြပုဆိန်အကြောင်း အဓိပ္ပာယ်ကောက်ကြည့်သည်။ တစ်ယောက်တစ်မျိုး တိကျသောအဖြေမထွက်။ မိမိကိုးကွယ်သော ဆရာတော်ထံ လျှောက်ထားအကူအညီတောင်းရသည်။ ကြာသပတေးသားဆရာနှင့် ကုပါဟူသော အကြံကို ချီးမြှင့်၏။ ကြာသပတေးသားဆရာနှင့် ကုပြန်တော့လည်း ထူးမခြားနား။

သို့နှင့် ဗေဒင်ဆရာတစ်ဦးနှင့် တွက်ချက်ကြည့်သည်။ ကြာသပတေးအစ အင်္ဂါအဆုံး အမည်ပေါက်သော ဆရာနှင့် ကုသလျှင် ထူးခြားသော

> ကတ္တီပါစိမ်းရည်မြကျောက်သည် သိဒ္ဓိစွမ်းအား ကိန်းဝပ်နေပြီး လပြည့်ညတွင် အဖြူရောင်၊ လကွယ်ညတွင် အမည်းရောင် သန်းနေတတ်ပြီး ကြားရက်များ၌ စိမ်းညို့နေသော ကတ္တီပါရည် လင်းလက်အရောင် ပြောင်းလဲတတ်သည်ကို မည်သူကမှ သတိထားမိဟန်မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆုံစည်းသစ္စာ၏ရောဂါ အရှင်းပျောက်ကင်းချမ်းသာရမည်ဟူသော အပေါထွက်လာသည်။ ဦးသစ္စာနှင့် ဇနီးဒေါ်စောသဥ္စာတို့သည် သမီးအတွက် အမျိုးမျိုးကြံဖန်ရင်း လုံးချာလိုက်ရင်း သောကပွေနေကြတော့သည်။

တစ်နေ့ ဦးသစ္စာ၏မိတ်ဆွေ တရားသမားတစ်ဦးက အလှူအတန်းတစ်ခုခုလုပ်ပေးသင့်ကြောင်း အကြံပေးလာသဖြင့် သံဃာငါးပါးပင့်၍ နေ့ဆွမ်းကပ်ရင်း မိမိ၏ မိတ်ဟောင်း၊ မိတ်သစ်များကိုပါ ဖိတ်ကြားပြီး အလှူလုပ်ဖြစ်သည်။

အလှူကိစ္စ ပြီးခုံးသွားချိန်တွင် မိတ်ဟောင်း၊ မိတ်သစ်များနှင့် အာလာပသလ္လာပ ပြောဆိုကြ၏။ တစ်ခုသော လူကြီးဝိုင်းတွင် အကြမ်းရည်သောက်ရင်း ပြောဆိုနေကြသော စကားထဲမှ ဦးသစ္စာ၏ စိတ်အာရုံကို ဖမ်းဆုပ်လှုပ်ကိုင်လိုက်သကဲ့သို့သော အမည်တစ်ခုခုကို အမှတ်မထင် ကြားလိုက်ရ၏။ ဦးသစ္စာသည် စကားဝိုင်းထဲ တိုးကပ်သွားပြီး တစေ့တစောင်း အာရုံစိုက် နားထောင်ကြည့်သောအခါ အကြားအမြင် ဦးဘဆန်းဆိုသော ပုဂ္ဂိုလ်အကြောင်း ပြောနေကြခြင်း ဖြစ်သည်ကို သိရ၏။ ကြာသပတေးအစ၊ အင်္ဂါအဆုံး အမည်ရှင်ဖြစ်သောကြောင့် ပို၍စိတ်ဝင်စားသွားသည်။

ဦးသစ္စာ၏ စီးပွားရေး အတက်ကြီး၍ အကျကြမ်းသဖြင့် မကြီးပွား၊ မဆုတ်ယုတ်ဘဲ တန့်နေသည်မှာ ကြာပြီဖြစ်၏။ ထို့ပြင် ဆုံစည်းသစ္စာ၏ အဖြေမပေါ်သော စိတ်ဝေဒနာသည် ထိပ်ဆုံးရောက်နေသော အမှုသောကက ဖြစ်နေ၏။ ထို့ကြောင့် ဦးဘဆန်း၏ နေရပ်လိပ်စာ အပြည့်အစုံယူထားပြီး အကူအညီတောင်းခံရန် ဆုံးဖြတ်ချက် ချလိုက်တော့သည်။

## ဦးဘဆန်း၏ ထူးခြားသောအမြင်

တစ်နေ့သော နတ်တော်လ၏ လကွယ်နေ့တွင် ဦးသစ္စာနှင့် ဇနီးဒေါ်စောသဥ္စာတို့ စီးနင်းလာသော Toyota Harrier စလွန်းကားသည် ဦးဘဆန်းနေထိုင်ရာ ရန်ကုန်၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း နေအိမ်သို့ ရောက်ရှိလာသည်။ ကံအကြောင်းညီ၍ ဦးဘဆန်းနှင့် အသင့်တွေ့ရသဖြင့် အကြောင်းစုံ ရှင်းလင်းပြသည်။ မိမိတို့၏ တစ်ဦးတည်းသောသမီး ဆုံစည်းသစ္စာကို ကရုဏာရှေ့ထား၍ စောင့်ရှောက်ပေးပါရန် တောင်းပန်လာသဖြင့် ဦးဘဆန်း သဘောတူလက်ခံလိုက်သည်။

လသည် တဖြည်းဖြည်း ကွယ်ပျောက်စပြုလာနေ၏။

ဦးဘဆန်း ဆုံစည်းသစ္စာကို မျက်နှာချင်းဆိုင် စတွေ့သည့်အချိန်၌ ဦးဘဆန်း၏ Rolex နာရီသည် နေ့လယ် ၁၂ နာရီကို ကျော်ဖြတ်၍ ညနေပိုင်းဘက်သို့ ဝင်လာခါစအချိန် ဖြစ်၏။ ဦးဘဆန်းမေးသော မေးခွန်းများကို ဆုံစည်းသစ္စာ ကောင်းစွာမဖြေနိုင်။ "ဆုံစည်း လပြည့်ညရောက်လာတိုင်း လမင်းကြီးကို မကြည့်ဘဲ မနေနိုင်ဘူးဆရာ" ဟူသော အဖြေကိုသာ ရ၏။ နေရောင်ခြည် အကျဘက်သို့ ဆင်းလာသည်နှင့်အမျှ ဆုံစည်းသစ္စာ၏ လည်တိုင်တွင် လှပစွာ ဆင်မြန်းထားသော စိန်ရံထားသည့် ကတ္တီပါစိမ်းရည်မြကျောက်သည် တဖြည်းဖြည်း အမည်းရောင်သန်းလာသည်ကို ဦးဘဆန်း သတိထားမိလိုက်၏။ ကတ္တီပါစိမ်းရည် မြကျောက်သည် သိမ်ဖွဲ့စွမ်းအား ကိန်းဝပ်နေပြီး လပြည့်ညတွင် အဖြူ

**ဦးဘဆန်းသည် ဆုံစည်းသစ္စာ၏ မြလည်ဆွဲကို ခဏတောင်းယူပြီး အဖြူရောင် ကြွေပန်းကန်ပြားတစ်ချပ်ပေါ်တင်၍ အာရုံခံကြည့်နေစဉ် မြကျောက်သည် တဖြည်းဖြည်း အမည်းရောင်လွှမ်းမိုးလာသည်။ ရှေးအလွန့် ဆန်သော မြို့တစ်မြို့ကို စမြင်ရ၏။**



www.burmeseclassic.com

www.burmeseclassic.com

ရောင်၊ လကွယ်ညတွင် အမည်းရောင်သန်းနေတတ်ပြီး ကြားရက်များ၌ စိမ်းညို့နေသော ကတ္တီပါရည် လင်းလက်အရောင် ပြောင်းလဲတတ်သည်ကို မည်သူကမှ သတိထားမိဟန်မရှိပါ။ အဖြူရောင်သန်းသော လပြည့်နေ့အတွင်း၌ ပြုလုပ်သော ကိစ္စလုပ်ငန်းများ ကြီးကြီးမားမား အောင်မြင်တတ်ပြီး အမည်းရောင်သန်းသော လကွယ်နေ့များတွင် ပြုလုပ်သော လုပ်ငန်းအကြံအစည်များ အပျက်ကြုံတတ်၏။ ကတ္တီပါစိမ်းရည်တောက်နေလျှင် အကောင်းအဆိုးမရှိ ပုံမှန်အနေအထား၌ တန့်နေတတ်သည်။

သို့ဖြစ်၍ ဦးသစ္စာ၏ လုပ်ငန်း၊ စီးပွားအကျိုး အတက်အကျမရှိ တန့်နေခြင်းဖြစ်သည်။ ဦးဘဆန်းသည် ခုံစည်းသစ္စာ၏ မြလည်ဆွဲကို ခဏတောင်းယူပြီး အဖြူရောင်ကြွေပန်းကန်ပြားတစ်ချပ်ပေါ်တင်၍ အာရုံခံကြည့်နေစဉ် မြကျောက်သည် တဖြည်းဖြည်း အမည်းရောင်လွှမ်းမိုးလာသည်။ ရှေးအလွန်ဆန်သော မြို့တစ်မြို့ကို စမြင်ရ၏။ မြို့သူမြို့သားများသည် ရှေးဆန်သော အဝတ်အစားများကို ဝတ်ဆင်ထားကြ၏။ ထို့နောက် ရှေးဟောင်းဘုရားပုထိုးများကို ဆက်မြင်တွေ့ရသည်။

မြင်ကွင်းတစ်နေရာတွင် ဘာသာအယူကွယ်သော မသူတော်တစ်စုသည် ရှေးဟောင်းဘုရားတစ်ဆူ၏ အဗွင်းဌာပနာသိုက်ကို ဖောက်ထွင်း၍ ရတနာပစ္စည်းအမျိုးမျိုးကို ယူငင်နေကြသည်ကို တွေ့မြင်ရ၏။ ထိုရတနာများထဲတွင် ယခုခုံစည်းသစ္စာဝတ်ဆင်ထားသော ကတ္တီပါစိမ်းရည်မြကျောက်သည်လည်း ပါဝင်နေသည်ကို ထူးထူးခြားခြား မြင်တွေ့ရသည်။

## ဗိဿနိုးဘုရင်မ

ဦးဘဆန်းသည် မြကျောက်ကို ဆက်အာရုံပြုနေစဉ် မြကျောက်ထဲမှ ရှေးဟောင်းဝတ်ရုံတော်နှင့် ဘုရင်မတစ်ပါး ထွက်လာသည်။ ဘုရင်မသည် မိမိဆောင်းထားသော သရဖူ၏ ဗဟိုချက်မတွင် တပ်ဆင်ထားသည့် မြကျောက်ကို စွန့်ငုတ်ထဲမှ ဖြုတ်ယူလိုက်ပြီး "ငါသည် ဗိဿနိုးနတ်ဘုရားမှ ဆင်းသက်လာသော ဘုရင်မတစ်ပါးဖြစ်သည်။ ငါ၏ ဤမြရတနာကို ဘုရားဌာပနာပစ္စည်းအဖြစ် ထားရစ်ခဲ့၏။ အကြွင်းသူတို့၏ အကျိုးအတွက် အသုံးပြုလျှင် ဘေးဆိုးတွေ့ရမည်" ဟူသော အမိန့်တော်ရှိခဲ့ပြီး နတ်သားတစ်ပါးက လက်နှစ်ဖက်ဖြင့် အလှူခံယူနေသည်ကို တွေ့မြင်ရလေသည်။

ဦးဘဆန်းသည် ဦးသစ္စာမိသားစုကို မြကျောက်သည် ဘုရားဌာပနာပစ္စည်းဖြစ်ကြောင်း ရှင်းလင်းပြပြီး ဘုရားတည်ရန် အားထုတ်နေသည့် ဆရာတော်တစ်ပါးထံ လှူဒါန်းလိုက်ကြသည်။ ထိုအချိန်မှစ၍ ခုံစည်းသစ္စာ၏ စိတ်ဝေဒနာပျောက်ကင်းသွားပြီး ဦးသစ္စာ၏ ရတနာလုပ်ငန်းများသည်လည်း အတက်အကျမကြုံတော့ဘဲ ပုံမှန်တိုးတက်အောင်မြင်မှု ရလာပါတော့သည်။

ပဟေဠိအဖြစ် ကျန်ခဲ့သည်မှာ ဗိဿနိုးဘုရင်မကြီးသည် ခုံစည်းသစ္စာနှင့် တစ်ထေရာတည်း ချွတ်စွပ်တူနေခြင်းကို ဦးဘဆန်းမှအပ မည်သူတစ်ဦးတစ်ယောက်မှ မသိရခြင်းဖြစ်၏။ ခုံစည်းသစ္စာသည် ဗိဿနိုးဘုရင်မ လူဝင်စားလာသည်လော။

ဦးသစ္စာတို့မိသားစု လှူဒါန်းခဲ့သော မြရတနာ ဌာပနာသွင်း၍ တည်ဆောက်သောဘုရား ရေစက်ချအောင်မြင်သွားပြီးနောက် တစ်နေ့သောအခါ ဘုရားမုခ်ဝတွင် အားအင်ချည့်နဲ့၍ မစွမ်းမသန်ဖြစ်နေသော သက်ကြီးရွယ်အိုလူစိမ်းတစ်ယောက် မှေးမြောအသက်ငင်နေသည်ကို တွေ့မြင်ရ၏။ ဆရာတော်ကြီးမှ လူစိမ်းကို ကယ်တင်ဆေးဝါးကုသပေးခဲ့၏။ ထိုလူစိမ်း ကျန်းမာလာပြီး ဆရာတော်ကြီးထံ လျှောက်ထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ မိမိသည် တပည့်တပန်းများနှင့် ဘုရားဌာပနာတော် ဖောက်ထွင်းခိုးယူခြင်းနှင့် မကောင်းမှုပေါင်း မြောက်မြားစွာ ကျူးလွန်ခဲ့သူဖြစ်ကြောင်း၊ အဆုံး၌ နှစ်ရှည်ပြစ်ဒဏ်များကို ခံယူခဲ့ရပြီး တပည့်များအားလုံး အကျဉ်းထောင်အတွင်း၌ပင် သေဆုံးခဲ့ကြကြောင်း၊ ထောင်မှလွတ်ရက်စေ့၍ လွတ်လာခဲ့သော်လည်း ရောဂါမျိုးစုံနှင့် အသက်ကြီးရင့်နေပြီ ဖြစ်သဖြင့် ခိုကိုးရာမဲ့နေသူဖြစ်ကြောင်း၊ နောင်တတရား ရခဲ့ပြီဖြစ်သော်လည်း အခါနှောင်းခဲ့ပြီဖြစ်၍ ဆရာတော်ဘုရားလက်အောက်တွင် ဘုရားအမှုတော်ထမ်းဆောင်ရင်း ဘဝကို ဖြူစင်အောင် လျှော်ဖွပ်နိုင်ရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထွားခွင့်ပန်ခဲ့သည် ဟူ၍ဖြစ်သည်။


ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ…။

အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



# မှားမှန်ရောထွေး

## အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

မြစ်မှုမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော ဥပဒေဆောင်းပါးများကို ခေါင်းစဉ်တူရာ စုစည်း၍ စာအုပ်ကလေးများအဖြစ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်ခဲ့ရာ စီရင်ထုံးများကို လေ့လာခြင်းဟူသော ခေါင်းစီးဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပါသည်။ မြစ်မှုမဂ္ဂဇင်းအဟောင်းများ စာအုပ်အဟောင်းရောင်းသောကုန်သည်လမ်း၊ ပန်းဆိုးတန်းလမ်း အနီးတစ်ဝိုက် ရှာဖွေသော်လည်း မရရှိခဲ့၍ စာအုပ်(၂)အဖြစ် ထုတ်ဝေနိုင်ခြင်းမရှိခဲ့ပါ။ ဥဒပေရေးရာ သုတအဖြာဖြာ ခေါင်းစီးအောက်တွင် ဆောင်းပါးပုဒ်ရေ အတော်များပါသည်။ လောကပြတင်းစာပေမှ ဖြန့်ချိမည်ဆို၍ စာရေးသူမှ အကုန်အကျခံပြီး ထုတ်ဝေခြင်း ဖြန့်ချိခြင်းအတွက် ဝကွက်အပ်နှံလိုက်ပါသည်။ စာအုပ်အပြင်အဆင် မဆိုးပါ။ ရောင်းအားအခြေအနေကို မမေးမိပါ။ ထုတ်ဝေပြီးတစ်နှစ်ကျော်ခန့်အကြာ အပြောမဟုတ်တဲ့ လက်တွေ့လိုက်ကြည့်လိုက်တော့မှ စာအုပ်များ ပုံလျက်သာရှိနေသည်ကို တွေ့ရပါတော့သည်။ ယခင်ပေးထားသည့် စာအုပ်များကိုပါ ပြန်လည်သိမ်းယူခဲ့ပါသည်။ အတော်ကို ရင်လည်းမော၊ ဒေါသလည်းထွက် ဟိုက်ခနဲဖြစ်သွားရပါသည်။

ထုတ်ဝေချိန်မှ တစ်နှစ်ကျော်ကြာအောင် ဒီအတိုင်းထားပြီး ပြန်ပြန်တော့ စာအုပ်က အဟောင်းလိုဖြစ်နေပြီး ရောင်းမျှောလိုက်ရသည့်ကိန်း ဆိုက်သွားသည်။ နောက်ဆက်တွဲ စာအုပ်များထုတ်ရန် အခက်အခဲနှင့် ကြန့်ကြာမှုများရှိရပါတော့သည်။ မဂ္ဂဇင်းတွင် ရေးသားခြင်းမဟုတ်တဲ့ ဒီးသန့်

www.burmeseclassic.com

ဥပဒေစာအုပ်များ ထုတ်သည်များလည်းရှိပါသည်။ မဂ္ဂဇင်းမှာကဲ့သို့ ရေးသားမဖြစ်၍ တစ်အုပ်ချင်းထုတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတရားစီရင်ထုံးများ ဒိုင်ဂျင်(စ်)၊ သိမှတ်ဖွယ်ရာ တရားမမှုခင်းများ။ လက်တွေ့ တရားမမှု လိုက်ပါနည်းနှင့် အမွေမှုများ ဖြစ်ပါသည်။ အချို့ရှေ့နေကြီးများက "ခင်ဗျားစာအုပ်တွေအားပေးတယ်နော်"ဟုလည်းကောင်း။ လူငယ်ရှေ့နေလေးများက "ဖြစ်မှုနဲ့ပတ်သက်တဲ့ စာအုပ်တွေ ထုတ်ပါဆရာ။ ကျွန်တော်/ကျွန်မတို့က တရားမမှု သိပ်မလိုက်ရဘူး"ဟုလည်းကောင်း တွေ့သည့်အခါ ပြောဆိုကြ၍ ဝမ်းသာပီတိဖြစ်ရပါသည်။

စာအုပ်ထုတ်သည်က လွယ်သည်၊ ဖြန့်ချိရသည်က ခက်သည်။ အလုပ်လုပ်တာပဲ အခက်အခဲတွေက ရှိနေမည်သာ ဖြစ်သည်။ ၎င်းအခက်အခဲများသည် အောင်မြင်ရေးအတွက် ဘဝပုစ္ဆာ၊ သင်ခန်းစာများ ဖြစ်သည်။ အခက်အခဲများ၊ ပုစ္ဆာများကို ဖြေရှင်းခြင်းဖြင့် ကျော်လွှားကာ အောင်မြင်မှုနယ်ပယ်သို့ ချီတက်ရပေမည်။ မစူးစမ်း မလေ့လာဘဲ ယုံမှတ်ပြီး ဝကွက်အပ်လိုက်လို့ ရင်ဝဆောင့်အကန်ခံလိုက်ရတဲ့အဖြစ်ထက်ဆိုးတဲ့ အခြေအနေတွေဟာလည်း ဘဝသင်ခန်းစာဟုသာ သဘောထားရတော့သည်။ နောင်အလားတူ မဖြစ်စေရေးအတွက် ကြီးမားသော သင်ခန်းစာတစ်မျိုးရရှိလိုက်ခြင်းသည် အမြတ်၊ သို့မဟုတ် အဆိုးထဲက အကောင်းဟု ဆိုနိုင်ပေသည်။

မဂ္ဂဇင်းဆောင်းပါးများကို သင့်လျော်သလို စာအုပ်ငယ်လေးများအဖြစ် ဆက်လက်ထုတ်ဝေသွားမည် ဖြစ်သကဲ့သို့ ဥပဒေစာအုပ်များကိုလည်း ထုတ်ဝေသွားမည်သာ ဖြစ်သည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုသကဲ့သို့ ထိုက်သင့်သလောက် အကျိုးအမြတ်လည်းရပါသည်။ ဥပဒေကို လက်ကိုင်ပြု၍ မိမိဆိုင်ရာလုပ်ငန်းခွင်မှ လူပုဂ္ဂိုလ်များ အစဉ်တစိုက်အသုံးချနေနိုင်စေရန်ဟူသော စိတ်ကောင်းထားခြင်းဖြင့် ကုသိုလ်လည်းရနေပါသည်။ အများအကျိုး တစ်ဖက်တစ်လမ်းမှ သယ်ပိုးထမ်းရွက်နေရာရောက်သည်ဟုလည်း ခံယူပါသည်။

မဂ္ဂဇင်းအယ်ဒီတာများကိုလည်း ကျေးဇူးတင်ပါသည်။ စာရေးသူ၏ ဆောင်းပါးများကို ထည့်သွင်းဖော်ပြပေးသည့်အတွက် စာရေးသူတင်ပြချင်သည်များကို တင်ပြခွင့်ရနေ၍ ဖြစ်ပါသည်။ စာရေးသူ၏ စာရေးသက် သက်တမ်းသည် ဆယ်စုနှစ်တစ်ခုသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်ရာ အတော်အသင့် ခရီးပေါက်ပြီဟု ဆိုနိုင်ပါသည်။ နယ်မှာနေစဉ်က ရေးရန်လည်း စိတ်ကူးမရှိ၊ အခြေအနေကလည်း အကြောင်းမဖန်တော့ စာပေနယ်နှင့် အလှမ်းဝေးခဲ့သည်။ ရန်ကုန်ရောက်တော့ မွေးရာပါ စာပေပိုးက အခံရှိနေတော့ စာပေမိတ်ဆွေတွေနှင့်တွေ့ပြီး စာရေးဆရာတစ်ပိုင်းဖြစ်သွားရလေတော့သည်။

ရှေ့နေလုပ်ငန်းတွင် ရပ်တည်နိုင်ရေးအတွက် ကျေးဇူးပြုသူ ကျေးဇူးအတင်ထိုက်ဆုံးဆရာမှာ ဆရာကြီးဦးခွန်ဝင်းလှိုင်ဖြစ်ပါသည်။ ရန်ကုန်ရောက်စ ယောင်ချာချာဖြစ်နေစဉ် ဆရာကြီးက သူ့ရုံးခန်းတွင် ထိုင်ရန် ခွင့်ပေးသဖြင့် ဆရာကြီးရုံးခန်းတွင် ထိုင်ခွင့်လည်းရပါသည်။ အမှုများလည်း လိုက်ပါခွင့်ရခဲ့ပါသည်။ ဆရာကြီးရုံးခန်း သိပ်မကြာလိုက်သော်လည်း ပညာရပါသည်။ ဒလမြို့မှ ဦးတင်မောင်ချိုကိုလည်း ကျေးဇူးတင်ပါသည်။ သူနှင့်အတူ သူ့အမှုများကို လိုက်ပါဆောင်ရွက်ရာတွင် အကျိုးဆောင်ခ ထက်ဝက်ခွဲပေးပါသည်။

စာရေးသူ၏ ပင်ကိုစရိုက်မှာ သူတစ်ပါးကို အားကိုးချင်သောစိတ် မရှိပါ။ အခြေအနေအရ နောက်လိုက်လုပ်ရလျှင်လည်း နောက်လိုက်ကောင်း၊ တပည့်ကောင်း ဖြစ်အောင် ကြိုးစားလုပ်ပါသည်။ တောင်ကြီးကို မြီးမယ်ကြံ့ အားကာမသန်

> *ငယ်စဉ်ကဖတ်ရသည့် စောင်းဆရာကြီး ဉာဏ်ပူဇော်ခယ္ယုပုံလေးကိုလည်း သတိရမိသည်။ အနည်းအကျဉ်း တီးတတ်သူကို ဉာဏ်ပူဇော်ခပိုတောင်းပြီး လုံးဝမတီးတတ်သူကို ပုံမှန်အတိုင်း ဉာဏ်ပူဇော်ခယူသည်။ အနည်းအကျဉ်း တီးတတ်သူက စောဒကတက်သည်။*



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေစဉ် ကျေးဇူးတင်ထိုက်သူ အစ်မကြီးအရင်းကဲ့သို့ စာရေးသူအပေါ် စေတနာထားသူ တပ်မတော်စစ်ဆေးရုံမှ အငြိမ်းစားဗိုလ်မှူးဟောင်း ဒေါ်တင်မြင့်ဦး(ကွယ်လွန်)နှင့် တွေ့ဆုံခွင့်ကြုံခဲ့ပါသည်။ ဆရာကြီး ဦးခွန်ဝင်းလှိုင်ရုံးမှာ ထိုင်စဉ်က တွေ့ဆုံခဲ့ရပါသည်။ ပင်ကိုစရိုက်အတိုင်း တစ်ကိုယ်တည်း အလုပ်လက်မဲ့အနေအထားဖြင့် ရတဲ့အမှုလေး ဘာလေး လိုက်ပါနေစဉ် "ရုံးခန်းငှားပါ ဆရာ"ဟု ဆိုလာသည်။ ဝင်ငွေမရှိ၊ အမှုဟုတ်တိပတ်တိမရှိဘဲ ဘယ်ကငွေနဲ့ ရုံးခန်းငှားနိုင်ပါမည်နည်း"ဆိုတော့ "ကျွန်မငွေအားစိုက်ပြီး အခန်းငှားပေးမယ်။ အဆက်အသွယ်လည်း ရှာပေးမယ်"ဆိုကာ ဆံထုံးလည်းစိုက်၊ ဆီလည်းစိုက် ကူညီပါသည်။ ဒေါ်တင်မြင့်ဦးမှာ ဆရာကြီးတို့နှင့် တစ်နယ်တည်းသားဖြစ်ပြီး ငယ်ပေါင်းသူငယ်ချင်းများကဲ့သို့ ရင်းနှီးကြပါသည်။ ဒေါ်တင်မြင့်ဦးက ဆရာကြီးထက် အသက်ကြီးပါသည်။ အလုပ်သင်ရှေ့နေအဖြစ် "လက်ခံလိုက်ပါ"ဟု ဆရာကြီးက ညွှန်ကြားသဖြင့် လက်ခံလိုက်ပါသည်။ ထို့ကြောင့် အလုပ်သဘောအရ ဒေါ်တင်မြင့်ဦးသည် စာရေးသူ၏ အလုပ်သင်တပည့် ဖြစ်နေပါသည်။ သူလည်း စာရေးသူ၏ ကျေးဇူးရှင်ပင် ဖြစ်ပါသည်။

ဦးတင်မောင်ချို့နှင့် ဒလတွင် အမှုလိုက်ပါဆောင်ရွက်နေရာမှ ဒလမြို့ခံ စာရေးဆရာများဖြစ်သော ကလောင်အမည် ဇလွန်ကျော်ဦး၊ စိုးယဉ်ထွန်းတို့နဲ့ သိကျွမ်းခင်မင်ခဲ့ရပါသည်။ ၎င်းနောင်တော်များက စာရေးဆရာပိုးလေးကို ရှင်သန်အောင် မွေးဖွားပေးလိုက်ပါတော့သည်။ စာပေနယ်ထဲ ဆွဲခေါ်သော ထိုစာရေးဆရာ နောင်တော်နှစ်ယောက်ကို ကျေးဇူးတင်ကြောင်း ယခင်ကပင် တင်ပြရေးသားခဲ့ဖူးပါသည်။

ပြောချင်တာလေးတွေပြော၊ တင်ပြချင်တာလေးတွေ တင်ပြပြီးပြီဆိုတော့ ဥပဒေဘက်လှည့်ကြဦးစို့။

ပြစ်မှုပုဒ်မ-၇၁ ကို ရာဇသတ်ကြီးပါအတိုင်း ကြည့်ကြစို့။

တစ်ခုစီပြစ်မှုမြောက်သော အစိတ်အပိုင်းများ ပေါင်းစုနေသည့် ပြစ်မှုကို ကျူးလွန်သူအား အတိအလင်း ပြဋ္ဌာန်းချက်မရှိပါက ထိုပြစ်မှုမြောက်သော အစိတ်အပိုင်းများအနက် ပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သောပြစ်ဒဏ်ထက် ပို၍မပေးရ။

တည်ဆဲဥပဒေအရ တစ်ဦးတစ်ယောက်သောသူ၏ ပြုလုပ်မှုသည် သီးခြားပြစ်မှုနှစ်မျိုးသော်လည်းကောင်း၊ နှစ်မျိုးထက်ပို၍သော်လည်းကောင်း မြောက်နိုင်လျှင်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံထိုက်လျှင် ထိုသူအား သို့တည်းမဟုတ် တစ်ခုစီခွဲယူလျှင် ပြစ်မှုတစ်ခု မြောက်သည်လည်းဖြစ်၍၊ သို့တည်းမဟုတ် တစ်ခုထက်ပို၍ ပြစ်မှုတစ်ခု မြောက်သည်လည်းဖြစ်၍ စုပေါင်းယူလျှင် အခြားပြစ်မှုတစ်ခုလည်း မြောက်သော ပြုလုပ်မှုအမျိုးမျိုးကို ကျူးလွန်သောသူအား စစ်ဆေးသော တရားရုံးက အထက်ပါပြစ်မှုတစ်ခုခုအတွက် ပေးနိုင်သော ပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ကို မပေးရ။

ဥပမာ...

(က) မောင်ဖြူက မောင်နီကို တုတ်ဖြင့် အချက်ငါးဆယ်ရိုက်၏။ ရိုက်နှက်သည့်အချက်များကို စုပေါင်း၍၎င်း၊ ချက်ရေ တချက်စီခွဲ၍၎င်း မောင်နီအား နာကျင်စေရန် မိမိအလိုအလျောက်ပြုလုပ်သော ပြစ်မှုကို မောင်ဖြူကျူးလွန်ရာ ရောက်သည်။ မောင်ဖြူသည် အချက်တိုင်းအတွက် ပြစ်ဒဏ်ထိုက်သင့်ရမည်ဆိုပါက တချက်လျှင် တနှစ်ကျ၊ နှစ်ပေါင်းငါးဆယ် ထောင်အကျဉ်းခံရမည်ဖြစ်သည်။ သို့ရာတွင် မောင်ဖြူသည် ရိုက်နှက်သော အချက်အားလုံးအတွက် ပြစ်ဒဏ်တရပ်တည်းအတွက်သာ ချမှတ်ခြင်းခံရမည်။

(ခ) သို့ရာတွင် မောင်ဖြူသည် မောင်နီကို ရိုက်နေခိုက် မောင်ညိုက ဝင်ရောက်စွက်ဖက်သဖြင့် မောင်ညိုကိုလည်း တမင်ရိုက်ပြန်လျှင် မောင်ညိုကို ရိုက်နှက်ခြင်းသည် မောင်နီကို အလိုအလျောက် နာကျင်စေသော ပြစ်မှုကျူးလွန်ရာ၌ မပါဝင်။ မောင်ဖြူသည် မောင်နီကိုနာကျင်စေရန် အလိုအလျောက် ပြုလုပ်သည့်အတွက် ပြစ်ဒဏ်တရပ်၊ ထို့ပြင် မောင်ညိုကို ရိုက်သည့်အတွက် ပြစ်ဒဏ်တရပ်၊ ပေါင်းနှစ်ရပ် ချမှတ်ခြင်းခံရမည်။ (စာလုံးပေါင်းများ မူရင်းအတိုင်း ဖြစ်ပါသည်။)

A little knowledge is dangerous. အနည်းငယ်သိခြင်းသည် အန္တရာယ်ရှိသည်။ အားလုံးသိကြသည့်အတိုင်း မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်ကောင်ကြီးကို စမ်းပြီး မိမိတို့ တွေ့ထိသည့်အနေအထားပေါ် မှတ်ချက်ပြုပြောဆိုခြင်း ဖြစ်ရာ ပကတိအရှိနှင့် ကိုက်ညီမှုမရှိနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ယေ်စဉ်က ဖတ်ရသည့် စောင်းဆရာကြီး ဉာဏ်ပူဇော်ခယူပုံလေးကိုလည်း သတိရမိသည်။ အနည်းအကျဉ်းတီးတတ်သူကို ဉာဏ်ပူဇော်ခ ပိုတောင်းပြီး လုံးဝမတီးတတ်သူကို ပုံမှန်အတိုင်း ဉာဏ်ပူဇော်ခယူသည်။ အနည်းအကျဉ်းတီးတတ်သူက စောဒကတက်သည်။ ဆရာကြီးက ရှင်းပြသည်။ အနည်းအကျဉ်းတီးတတ်သည့်အတွက် နည်းလမ်းတကျဖြစ်အောင်ဆိုလျှင် ယခင်တတ်ထားသည့်နည်းကို ပယ်ဖျက်ရဦးမည်ဖြစ်၍ ဉာဏ်ပူဇော်ခပိုယူရခြင်းဖြစ်ကြောင်း။ ထိုအခါမှ အနည်းအကျဉ်းတီးတတ်သူလည်း သဘောပေါက်လက်ခံသွားတော့သည်။

ဥပဒေပညာသည်လည်း ထိုအတိုင်းပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် မိမိအသိပြည့်စုံပြီ။ မှန်ကန်သည်ဟု ဆုပ်ကိုင်မထားပါ။ သို့သော် စာရေးသူက ပုဒ်တစ်ခုနှင့် ပတ်သက်လျှင် အချက်ဆယ်ချက်လောက် သိသည့်အနေအထားတွင် ထိုဆယ်ချက်ထဲမှ တစ်ချက်နှစ်ချက်လောက် သိသူက လွဲမှားနေလျှင် ရှင်းပေးရမည့်တာဝန် ရှိပါသည်။ ဆယ့်ငါးချက်လောက်သိသူက တင်ပြလာလျှင် စာရေးသူလက်ခံရမည် ဖြစ်ပါသည်။

အထူးအယူခံမှုတွင် ချမှတ်ခဲ့သည့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ထုံးများ။ စာ ၆၉ ပါ မောင်နေလင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှုကို ဆွေးနွေးတင်ပြပါမည်။

အမှုဖြစ်စဉ်ကိုတော့ မတင်ပြတော့ပါ။ မောင်နေလင်းအမှုကို ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးမှ လက်ခံစစ်ဆေးပြီး စွဲချက်တင်ရာတွင် ပြစ်မှုပုဒ်မ-၃၉၂၊ ၃၀၂(၁)(ခ)တို့ဖြင့် စွဲချက်တင်ခဲ့သည်။ အပြီးသတ်အမိန့်ချမှတ်ရာ၌ ပုဒ်မ-၃၉၂ အရ ထောင်ဒဏ်(၅)နှစ် ချမှတ်သည်။ ၃၀၂(၁)(ခ)အရ ပြစ်မှုမထင်ရှားဟု ဖော်ပြသည်။

ခရိုင်တရားရုံး၏ အမိန့်သည် ပုဒ်မ-၃၀၂(၁)(ခ)နှင့် [illegible]၍ အပြီးအပြတ်လွှတ်ရာ ကျရောက်သည့်အတွက် [illegible]တင်ဆင့် တရားရုံးချုပ်သို့ အယူခံဝင်သည်။ [illegible] ပြစ်မှုပုဒ်မ-၃၉၂ အရ ပြစ်ဒဏ်ကို အတည်ပြု[illegible] ၃၀၂(၁)အရ ပြစ်ဒဏ်ချမှတ်ရာ ပုဒ်မ-၃၉၂ အရ [illegible] တစ်ပေါင်းတည်း ကျခံစေရန် အမိန့် [illegible]

တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း။ ပြစ်ဒဏ်ချမှတ်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း မောင်နေလင်းဘက်မှ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသည်ကို ခွင့်ပြုခဲ့သည်။

မောင်နေလင်း၏ ရှေ့နေက မိုးသီးစီရင်ထုံးကို ကိုးကားသည်။ မိုးသီးစီရင်ထုံးတွင် စွဲချက်တစ်ရပ်ထက်ပိုပြီးတင်ရာ အပြီးသတ်အမိန့်ချမှတ်ရာ၌ စွဲချက်တစ်ရပ်အတွက်သာ ပြစ်ဒဏ်ချမှတ်ပြီး ကျန်စွဲချက်အတွက် စီရင်ချက်မချမှတ်ဘဲ ဆိုင်းငံ့ထားသည်။

ယခု မောင်နေလင်းအမှုတွင် ပုဒ်မ-၃၉၂၊ ၃၀၂(၁)(ခ)အရ အနောက်ပိုင်းခရိုင်တရားရုံးမှ စွဲချက်နှစ်ရပ်တင်သည်။ ပုဒ်မ-၃၉၂ အရ ပြစ်ဒဏ်ချမှတ်ပြီး၊ ၃၀၂(၁)(ခ)အတွက် ဆိုင်းငံ့ရာရောက်သည်။ အပြီးအပြတ်လွှတ်ခြင်းမဟုတ်၍ အယူခံဝင်ခွင့်မရှိဟု မောင်နေလင်းရှေ့နေက တင်ပြသည်။

မိုးသီးစီရင်ထုံးသည် ၁၉၉၅ ခုနှစ်က ခုံးဖြတ်ခဲ့သော အမှုဖြစ်သည်။ (နောက်ဆောင်းပါးတွင် အကျယ်တင်ပြပါမည်။) ယခုဆောင်းပါးတွင် ဖော်ပြလျှင် ဆောင်းပါးရှည်လွန်းနေပါမည်။) စီရင်ထုံးများသည် ဥပဒေကို အယူအကောက်လွဲခြင်း။ အကြောင်းခြင်းရာကို သုံးသပ်ရာ၌ ဆင်ခြင်ယူဆပုံလွဲခြင်းတို့ကြောင့်လည်းကောင်း။ အချို့ လေ့ထုံးတမ်းများသည် ခေတ်စနစ်နှင့်မညီတော့၍လည်းကောင်း ပယ်ဖျက်သည်များရှိပါသည်။ မိုးသီးစီရင်ထုံးနောက်ပိုင်း ထွက်ရှိသော စီရင်ထုံးများသည် မိုးသီးစီရင်ထုံးနှင့် ကွဲလွဲနေရာ အစဉ်တစိုက်လက်ခံသော စီရင်ထုံးအဖြစ် သတ်မှတ်လိုက်နာသည်လည်း ရှိနေပါသည်။ မိုးသီးစီရင်ထုံးကို ကိုးကားတင်ပြ လျှောက်လဲခြင်းသည် မှားယွင်းနေပါသည်။


ထို့ကြောင့် အထူးအယူခံတွင် တရားရုံးချုပ်၏အမိန့်ကို အတည်ပြုခဲ့ပါသည်။ ယခုတင်ပြချက်သည် အကျဉ်းချုံးလွန်းရာ ကျရောက်နေပါ၍ နောက်ဆောင်းပါးတွင် ဖြည့်စွက်တင်ပြသွားပါမည်။

*ကာယစိတ္တ နှစ်ဖြာသုခ ရရှိခံစားနိုင်ကြပါစေ…။*

**စလင်း-ဦးအောင်သိန်း**

www.burmeseclassic.com

www.burmeseclassic.com



# ကြီးမားမှုကျေးဇူး

ကိုကိုလှ(ကာမာမြေ)

ဒီနေ့ သမီးလေး ၁၈ နှစ်တင်း တင်း ပြည့်ပြီ။ သည့်အတွက် ၁၀ နှစ်သား မှတ်ပုံတင်ကတ်နဲ့ ၁၈ နှစ် နိုင်ငံသားစိစစ်ရေးကတ် လဲရတော့မည့် အရေးမို့ ကျုပ်သမီးကလေး တက်တက်ကြွကြွ ဂုဏ်ယူနေသည်။

အမှန်တော့ သမီးကလေး ရည်ရွယ်ချက်က မိဘနှစ်ပါးကို တစ်ဖက်တစ်လမ်းက လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်လိုခြင်း ဖြစ်သည်။ ယနေ့ခေတ်တွင် အလုပ်လုပ်ရင်း ပညာသင်ကြားခွင့်ရနေ၍ သမီးလေးတို့၏ ဘဝအပိုင်းအစများသည် တိုးတက်မှု ဂရုအမြင့်အမှတ်မှာ ရပ်တည်နေမည်ဟု ကျုပ်ယုံကြည်မိသည်။ သို့ဖြစ်၍ ကျုပ်သမီးလေးဆန္ဒအတိုင်း ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်သည် ၁၈ နှစ်နိုင်ငံသားစိစစ်ရေးကတ် ပြောင်းလဲပြုလုပ်ရန် ခြေလှမ်းများက တရွေ့ရွေ့ဖြင့် -

"သမီးလေး . . . စာရွက်စာတမ်း အပြည့်အစုံ ပါရဲ့လား။ ဓာတ်ပုံကော လုံလုံလောက်လောက် ရိုက်ထားလား"

"ဟုတ်ကဲ့ပါ ဖေဖေ။ အားလုံး အဆင်သင့်ပါ။ ဒါနဲ့ ဖေဖေ့မှာကော ငွေရေးကြေးရေးပါရဲ့လား"

"ပုံစံဖိုး မိတ္တူခဖိုး ဒါပဲလေ။ ဘာကုန်မှာမို့လို့ သမီးက စိတ်ပူနေတာလဲ"

"အေြာ် . . . ဖေဖေ့ကြောင့် ခက်နေပါတယ်။ လက်ဖက်ရည်ဖိုးပေးမှ မြန်မြန်ရမှာပေါ့"

"ဟဲ့ . . . သမီးလေး။ ခေတ်ပြောင်းသွားပြီ စနစ်ပြောင်းသွားပြီ။ တံစိုးလက်ဆောင် လက်မခံရဘူး။ ပေးတဲ့လူလည်း အန္တရာယ်ရှိတယ်၊ ယူတဲ့လူလည်း အန္တရာယ်ရှိတယ်"

ကျုပ်စကားတွေကို သမီးလေး တစ်ယောက် မည်သို့မျှ အတွန့်မတက် နှုတ်ဆိတ်ကာ ကျုပ်နောက်ကို ကောက်ကောက်ပါအောင် လိုက်နေတော့သည်။

လိုအပ်သည့် စာရွက်စာတမ်း ပြည့်စုံနေလေတော့ တာဝန်ရှိသူမှ ကြည်ဖြူစွာ လက်ခံလိုက်ပြီး ရက်ပေါင်းသုံးဆယ်ကြာလျှင် ကတ်ပြားလာထုတ်ပါဟု ဆုံးဖြတ်ပေးမှုကြောင့် ကျုပ်ကလည်း ကျေးဇူးပါဆိုသော ဂါရဝစကား ခြွေမိပါသည်။ ကျုပ်တို့သားအဖနှစ်ယောက် ကျေနိုင်းအထွက်မှာ စကားသံတစ်ခုက ကျုပ်နားထဲသို့ ထိုးနှက်လိုက်သည့်ပမာ။ ဘာတဲ့ . . .။

"ကျေးဇူးတွေ အိမ်မှာတစ်ပုံတစ်ပင်ကြီး" . . . တဲ့လေ။

ကိုကိုလှ(ကာမာမြေ)

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ည···

ဝိုင်းဝိုင်းစက်စက် လပြည့်ည၏ ငွေလဝန်းသည် ထိန်ထိန်ညီးညီး လင်းလက်လျက် ရှိနေလေသည်။ မည်းမှောင်မှောင် ကတ္တရာလမ်းပေါ်မှာ ဟွန်ဒါဖစ်ကားလေး ညင်ညင်သာသာ လျှောပြေးသွားသည်။

အချိန်က···ည။

သန်းခေါင်···မှောင်နေပြီ။

သက်ထားဝေသွယ်···။

သက်ထားတဲ့။

တချို့က ဝေဝေတဲ့။

ထားသက်ဝေလို့လည်း ကင်ပွန်းတပ်တဲ့လူကတပ်။

ရှုပ်ယှက်ခတ်ကုန်ပြန်ပြီ။

သက်ထားဝေသွယ်တစ်ယောက် တစ်ကိုယ်တည်း ရန်ကုန်မြို့ အလယ်ကောင်မှာ ကားတစ်စီးနဲ့ ဘာတွေလုပ်နေတာလဲ မပြောတတ်နိုင်။

သက်ထားကိုချစ်တဲ့သူ၊ ဝေဝေကို နှစ်သက်တဲ့သူ၊ ခုအချိန်မှာတော့ တစ်ယောက်မှမရှိတာ သေချာနေတယ်လေ။

ရန်ကုန်ညက မာကြူရီမီးရောင်စုံတွေအောက်မှာ ရောင်စုံဖြာနေလေရဲ့။ ဟွန်ဒါဖစ်က အရှိန်နှေးသွားၿပီ။ ခရီးက စင်စစ်မဆုံးသေးပါ။

ဘာကြောင့်များပါလိမ့်။ ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

မှာ လေတွေတိုက်လာနေသည်။ ငွေလ သော်တာကလည်း တိမ်မည်းညိုတွေကို အန်မတုဝံ့ပါ။ အမှောင်သာလျှင် မင်းမူနေလေသည်။

"ဟောတော့··ညကလည်း စိတ်ကုန်စရာ ကောင်းလိုက်တာ"

လမ်းနံဘေးမှာ ဝတ်စုံအပြည့်နဲ့ ယာဉ်ထိန်းရဲတစ်ယောက်။ သက်ထားဝေဝေ၏ သာယာနာပျော်စရာ အသံကို ကြားလိုက်ပုံရ၏။

"ဪ · · ·ကျွန်တော်ဘာများ ကူညီရမလဲခင်ဗျာ"

သည့်နောက် ထိုသူကပင် စကားဆက်ကို ထပ်မံဖြည့်စွက်ပြန်သည်။

"လေတွေသိပ်တိုက်နေတယ်။ မိုးကလည်း ခုပဲပျက်သွားတယ် အစ်မလေး။ ကျွန်တော့်အကူအညီလိုရင်ပြောပါခင်ဗျာ။ ကူညီပါ့ရစေ"

မိကျောင်းနဲ့ ခွေမျိုးတော်လေသလား မဆိုနိုင်။ ပြည်သူ့ရဲတစ်ယောက်အနေနဲ့ ဆိုရလျှင်တော့ အရမ်းကို ယဉ်ကျေးလွန်းတာကို ဝန်ခံရချိမ့်မည်။

ရင်တွေ တထိတ်ထိတ်၊ နှလုံးက တဒိုင်းဒိုင်းခုန်နေသည်။ လက်နှင့်ပဲဖိထားရတော့မလား မပြောတတ်။ မော်တော်ယာဉ်၏ လက်ကိုင်ဘီးခွေနှင့် ဖြိုးဖြိုးရွှေရင်ကို လက်နှင့်တစ်ပြိုင်နက်တည်း ဖိထားလိုက်ရ၏။

စိတ်အတွင်းကလည်း "တော်တော်အလိုက်ကန်းဆိုးမသိတဲ့ရဲ။ လူမှုရေးကို တကယ်နားမလည်တာပဲလား။ မသိသားက ဆိုးရွားတာပဲလား။ တစ်ခုခုတော့ တစ်ခုခုပဲ၊ စိတ်ထဲကနေ အယုတ္တ အနတ္တ စကားလုံးတချို့ ရေရွတ်လိုက်မိသည်။ စိတ်ထဲကသာပါ။ အကယ်၍ နှုတ်ကနေများ အသံသာထွက်လာခဲ့လျှင်···။

"ေ---(+)င်း---(+)"

အစ်ပွာယ်ကိုယ့်ဘာသာကိုယ်ပဲ ရှာပါတော့ခင်ဗျာ။

သက်ထားဝေဝေက ညမင်းသားရဲသားလေးအား အတော်မြင်ပြင်းကတ်သွားပြီ။ ရဲတပ်ကြပ် မောင်မောင်ပြည့်သိမ်းကတော့ မရိပ်မိတာ အမှန်ပင်။

●●●●●●●

"သက်ထားအတွက်ဆို မားတောင်ပဲတက်ရမလား။ မီးတောင်ကိုကျော်ရမလား။ ပြော သက်ထား၊ ပြော"

"အို···တော်ပါတော့ ကိုမောင်မောင် ပြည့်သိမ်းရယ်။ တကယ်ကော အကူအညီတောင်းရင် ပေးမှာလား။ အင်းလေးခေါင်တိုင်က အာလူးသုပ်တော့ မဟုတ်လောက်ပါဘူးနော"

●●●●●●●

သည်လို ည၊ သည်လို အလှမလေးနှင့် ဆုံစည်းမိခဲ့ရသည့်တိုင်။

"တိုးလိုက်တဲ့ရဲ၊ ဟင်း···ဟင်း"

သက်ထားဝေဝေ မချင့်မရဲ၊ စိတ်တွင်းက ရဲကလေးကို အပြစ်ဆိုနေမိလင့်ကစား စိတ်တွင်းကမှူ "Tall Dark and Handsome" ဒီလို မှတ်ချက်ပြုမိတာ အမှန်ပင်။

နောက်တစ်နေ့···

"ဪ · · ·အစ်ကိုမောင်မောင်ပြည့်သိမ်း။ အဟင်း···ဟင်း။ ခေါ်ရတာ တော်တော်ရှည်တာပဲနော်။ လာလေ···အိမ်ထဲဝင်ထိုင်ပါဦး"

"ဒေါ်သက်ထားဝေဝေရယ် · · · ကျွန်တော့်နာမည်ကို အပြည့်အစုံခေါ်ဖို့ မလိုပါဘူးဗျာ။ အစ်ကိုလို့ခေါ်လို့လည်း ရပါတယ်"

"အို···ရှင်က ကျွန်မအစ်ကိုမှ မဟုတ်တာဘဲ။ အစ်ကိုလို့ မခေါ်နိုင်ပါဘူးရှင်"

"မဟုတ်ဘူးလေ။ အစ်ကိုမဟုတ်လည်းဘဲ ခေါ်မယ်ဆိုရင်လည်း ခေါ်လို့ရပါတယ်။ ထားပါတော့၊ ထားပါတော့"

"ထားပါတယ်၊ ထားပါတယ်။ ဟင်း···ဟင်း။ ဒါထက် ထမင်းတော့ စားလာခဲ့မှာပေါ့။ ဟုတ်လား"

ရဲသားကလေးက အထာပေါက်သည်။

"နံနက်ခင်းစာတော့ စားလာခဲ့ပြီခင်ဗျ။ အဲ···ဟို··နေ့လယ်စာတော့"

သက်ထားဝေဝေတို့ကလည်း ပါးပါးလုပ်လုပ်ကလေး။ ပါးလိုက်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကြက်သွန်ခွံကတောင် "မမရေ" လို့ ခေါ်ရချိမ့်ဦးမည်။

"မိနော်ရေ . . . တို့ရွှေရည့်သည်အတွက် နေ့လယ်စာပဲ ပြင်လိုက်ပါလားကွယ်"

"ဟုတ်ကဲ့ မမ၊ ပြီးရင် လာပြောမယ်နော်"

သက်ထားဝေဝေတို့အိမ်မှ ထမင်းဝိုင်းက စိုစိုပြည်ပြည် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပါ၏။ ထမင်းစားမည့်သူက သက်ထားဝေဝေရယ်၊ မောင်မောင်ပြည့်သိမ်းရယ် နှစ်ဦးတည်း။

စကားတွေအများကြီး မပြောဖြစ်။ လိုရင်းတိုရှင်းမျှသာပါ။ သို့တစေ . . . သက်ထားမှာက အနီးစပ်ဆုံးဆွေမျိုးဆိုလို့ ဖေဖေတစ်ယောက်တည်း။ သည်အဖေနှင့် သည်သမီး တစ်ယောက်နှင့်တစ်ယောက် တွယ်တာကြသည်။ အဖေက သမီးစိတ်တိုင်းကျ လိုလေသေးမရှိရလေအောင် ဖြည့်ဆည်းပေးသည်။ သမီးလေးအား "ဟဲ့" လို့တောင် တစ်ခါဖူးမျှ မငေါက်ခဲ့စဖူး။

အဖေက သမီးအောက်ချစ်တာ တစ်ခုသာရှိ၏။ "Johny Walker Blue Label" စကော့ဝီစကီ။ သူတစ်သက်လုံး စွဲစွဲမြဲမြဲ သည်ဝီစကီကိုပဲ သောက်သည်။ အပြောင်းအလဲ လုံးဝမရှိ။ ဒါပေမင့် သမီးက "ဖေဖေ . . သမီးမွေးနေ့ တစ်နေ့တော့ ဖေဖေ့ဝီစကီ တစ်ရက်ဖြတ်ပေးနော်" ဟု တစ်ခွန်းပဲ ပြောလိုက်ရ၏။ အဖေက သူ့အလွန်နှစ်ခြိုက်သော ယမကာကို သက်ထားဝေဝေအတွက် မွေးနေ့လက်ဆောင်ဟုဆိုလျက် ထိုနေ့မှာ မသောက်တော့။ သို့မို့ကြောင့်လည်း သက်ထားဝေဝေက သူ့မိ၏အဖေကို အတိုင်းထက်အလွန် ချစ်ခင်မြတ်နိုးရခြင်း ဖြစ်ပါချေသည်။ သက်ထားဝေဝေ ယခုမောင်းနေသည့် ဟွန်ဒါဖစ်က ခြောက်စင်းမြောက် အစီး။ တိုက်ပစ်ခဲ့လို့ လဲခဲ့ရခြင်းပင်။ မိုဒယ်အသစ်ပေါ်လာသည်နှင့် လဲပြီးသွားပြီ။ တစ်စီးနှင့်တစ်စီး အမျိုးအစား၊ မိုဒယ်ကအစ မထပ်စေရ။ ဈေးဘယ်လောက် ဆိုထားထား၊ သက်ထားဝေဝေက ဈေးမဆစ်တတ်ပါ။ သမီးကိုချစ်သော အဖေကလည်း သမီးအလိုနှင့် ဘယ်သောအခါမျှ မဆန့်ကျင်။

သက်ထား၏ကားမှန်သမျှ အပွန်း၊ အပိန်၊ အပဲ့ အစင်း တစ်ခုမျှမရှိ။ အပြစ်အနာအဆာ ကင်းကင်း။ ဂျပန်နိုင်ငံ စက်ရုံထွက် အသစ်စက်စက်ချည်းဖြစ်သည်။ ယခု မောင်မောင်ပြည့်သိမ်းနှင့် ကြုံလိုက်ရသည့်အချိန်က ညာ၊ မှောင်ကလည်းမှောင်၊ ညကလည်း သန်းခေါင်ဆိုတော့ကာ မတော်တဆ ထိမိခိုက်မိ တိုက်မိလိုက်သည်လား မပြောတတ်နိုင်။

ကူညီပါရစေလို့ဆိုထားသည်မို့ ကူညီတာပေလား။ လိုင်စင်လာသိမ်းချင်လို့လား။ ရဲကိုယ်တိုင်မှပဲ သိပါလိမ့်မည်။ အဲ . . . လော်လော်ဆယ်မတော့ . . .

"အုန်းနို့ငါးဖယ်ချက်ကလေး စားကြည့်ပါဦး။ သက်ထားချက်တာတော့ မဟုတ်ဘူး။ မိနော် လက်ရာပေါ့။ စေတနာကတော့ သက်ထားဆီကဆိုပါတော့"

"ဟင်းတွေက စုံမှစုံ၊ ကောင်းလည်းကောင်း။ သက်ထားက သိပ်လုတာပဲနော်။ အဲ . . . အဲ . . . စေတနာကို ပြောတာ၊ ငါးခေါင်းချဉ်ရည်က မြိုင်ချွာရွက်သုပ်နဲ့ အရမ်းလိုက်တာပဲ။ သက်ထားခါးကလေးက သိမ်လိုက်တာ။ ဗိုက်ကလည်း ရှပ်နေတာပဲ။ တည်င်းသီးဆားရေစိမ်ကလည်း မွှေးနေတာပဲ။ မန်အောင် ဘယ်လိုများစိမ်တာလဲဟင်။ သက်ထားလက်ချောင်းလေးတွေများ သွယ်ဖယောင်းခက် ဆယ်ချောင်းလက်ဆိုလား။ အဲဒီစာအချိုး ကျနေတာပဲနော။ အချိုပွဲတောင်ချပေးပြီ။ အင်း . . ရွှေချည်ဆွန်းမကင်းက အိနေတာပါပဲ။ ဆိမ့်၊ ချို၊ ချို၊ ဆိမ့်။ သက်ထားကို ဒီနေ့လယ်စာအတွက် ဘယ်လိုများ ကျေးဇူးပြန်ဆပ်ရပါ့မလဲလို့"

သားကောင်ခများ လည်ကိုမှ ညွတ်ကွင်းက ပတ်မိနေလေပြီထင့်။ သည်လိုပုံဖြင့် ရုန်းထွက်နိုင်တော့မည် မထင်။

"သက်ထားအတွက်ဆို စားတောင်ပဲတက်ရမလား။ မီးတောင်ကို ကျော်ရမလား။ ပြော သက်ထား ပြော"

"အို . . . တော်ပါတော့ ကိုမောင်မောင်ပြည့်သိမ်းရယ်။ တကယ်ကော အကူအညီတောင်းရင် ပေးမှာလား။ အင်းလေးခေါင်တိုင်က အလှူ့သုပ်တော့ မဟုတ်လောက်ပါဘူးနော်"

"အဟုတ် တကယ်ပါ သက်ထားဝေဝေရယ်။ [illegible]ယ်ပေါ့။ မယုံဘူးဆိုလည်း စမ်းသပ်ကြည့်ပါဦးလေ"

နေ့လယ် . . .

"ကိုမောင်မောင်ပြည့်သိမ်းကို သက်ထားလိုက်ပို့မယ်နော်။ ဒါပေမယ်လို့ တစ်ခု . . ."

"ပြောလေ သက်ထား ပြောပါ ကိုယ်ဘာလုပ်ပေးရမလဲ။ ပြောသာပြော"



www.burmeseclassic.com

www.burmeseclassic.com

"ဩော်···အစ်ကိုမောင်ကလည်း။ ပစ္စည်းလေးတစ်ခု လမ်းကြုံဝင်ပေးသွားချင်လို့လေ။ သက်ထားအစ်ကိုတစ်ဝမ်းကွဲဆီ အစ်ကိုမောင့်ကိုပို့ရင်း တစ်ခါတည်း ယူသွားချင်လို့···အဲဒါ"

"အို···သက်ထားကလည်း ဒါလေးများ"

ညနေ···

ညနေဆည်းဆာအချိန်မို့ထင့် လှပလွန်းနေလေသည်။ ကျနေ၏ ရွှေအိုရောင်အလင်းတန်းများက အရုပ်ဆိုးသူများအား လှပနေစေသည်ဟု ဆိုကြ၏။ သက်ထားဝေဝေလို အလှမလေးကိုဆိုပါမူ လှသည်ထက်လှနေစေသည်လားမသိ။ ညနေ၏ ရွှေမင်းသမီးကလေးတစ်ပါးအလား ထင်မှတ်မှားရ၏။ ပုစွန်ဆီသွေး ဟွန်ဒါဖစ်ကလေးကလည်း ဆည်းဆာ၏ တောက်ပသော အလင်းကြောင့် ဖိတ်လက်ပြိုးပြက်နေသည်။ မျက်စိအစုံပင် ကျိန်းစပ်သွားရ၏။

"သက်ထားကလေ အရမ်းကိုလှတာပဲ။ သိရဲ့လားဟင်"

"ဟင်း···ဟင်း။ အစ်ကိုမောင်ကလည်း တော်တော်မြှောက်။ သက်ထားမိုးပေါ်အထိ ရောက်သွားပါဦးမယ်"

နက်မှောင်သောလမ်းမသည် ဟွန်ဒါဖစ်၏ ပန်းတာယာများကို တဝီးဝီးအသံပေးလျက် ကျိန်ဆိုသွားနေသည်လား ထင်မှတ်မှားရ၏။ မော်တော်ယာဉ်အတွင်းမှာ ဒီဂျေသီချင်းသံက အဝီဝီပွက်နေလေသလား ထင်ရ၏။

ခင်ဗျားတို့ပဲ နားထောင်ကြည့်။

"လိမ္မော်ရောင် ဆည်းဆာနတ်ခမ်းကို နမ်းနေဆဲ၊ မြေငလျင်လှုပ်ခါမီးလုံးထဲ၊ ချော်ရည်ပူမြစ်မှာ မျောသွားတဲ့ ငါ့အသည်း။ မိုက်မိုက်မဲမဲချစ်တတ်သူမို့၊ သံယောဇဉ်ကြိုးကလေး ခွေးခဲ့ပြီ။

ရေခဲပန်းချီကားကလေး ခဲဆေးချက်မညီ၊ ချစ်မိသူအပြုံးကလေးများ၊ လိုင်းဂယက်အသွင်ပြောင်းလဲသွား"

မိုးကာလမို့ လမ်းပေါ်မှာ ကျင်းတွေ၊ ချိုင့်တွေနှင့် မညီမညာ။ ဟွန်ဒါဖစ်သည် တညည်းညည်း တညူညူဖြင့် ဝဲယာယိမ်းယိုင် လူးလွန့်ပြေးသွားသည်။

အင်းလျား၏ တံလျှပ်များက မဟာရာလမ်းမကို လာရောက်ထိတွေ့ ပွတ်သပ်နမ်းရှုပ်နေသည်။ လင်းလက်ပြိုးပြက် ဝိုးဝင်းသွား၏။ လိမ္မော်ရောင်တွေ ရင့်နေပေပြီ။ ရင့်ရာမှ မှောင်လာနေပြီ။ အင်းလျားသည်ပင် မျက်လွှာကိုပိတ် အိပ်တော့မည်ထင့်။ ဟွန်ဒါဖစ်၏ ပန်းတာယာများ ကတ္တရာလမ်းမကို ပွတ်တိုက်ပြီး အရှိန်လျှော့ကာ ရပ်တန့်သွား၏။

ရတ်တရက် မီးရောင်များ ဝိုးခနဲဝင်းခနဲ လျှပ်တစ်ပြက် ပေါ်ထွက်လာလေသည်။ ရှေ့မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ။ ပြည်သူ့ရဲများ။ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ ပုဂ္ဂိုလ်များ။

ဟွန်ဒါသည် အပြစ်ကင်းစင်သည့် အပျိုစင်မတစ်ဦးနှယ် ငြိမ်သက်စွာ ရပ်တန့်နေသည်။

သက်ထားဝေဝေ···။

မောင်မောင်ပြည့်သိမ်း···။

အရှုံးမီးဝိုင်း မျက်ကလူးဆန်ပျာဖြစ်သွားကြ၏။ အဘယ်ကြောင့်ဟူမူ ဟွန်ဒါဖစ်၏ ရင်ခွင်အတွင်းမှာ သူတို့နှစ်ဦးတည်း မဟုတ်ဘူးလေ။ လေယာဉ်ထိုင်ခုံအလား ပြုပြင်ဖန်တီးထားသည့် ရေမြှုပ်လို ဖင်ထိုင်ခုံတွေအောက်မှာ ဗဇျုဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၆၅ ပြား။ အလေးချိန် ၁၀၀၆ ဒသမ ၅ဂ ဂရမ်၊ ဘိန်းဖြူလေးထောင့်ဘလောက်တုံးတစ်တုံး၊ စုစုပေါင်းတန်ဖိုးကျပ် ၈၀၇၂၅၀၀၀ သိန်း။

သည်အိတ်တွေထဲမှာ ပါရှိသည့် ပစ္စည်းတွေက နိုင်ငံတော်၏ အညွန့်အဖူး သားကောင်းလူငယ်တွေ၊ အနာဂတ်၏ သူရဲကောင်းတွေကို အဆိပ်သင့်စေ၊ မှိုင်းတိုက်စေမည့် အဖြူမှုန့်···အဆိပ်မှုန့်။

"နေမင်းလမင်း မင်းရပ်လွှာအဆင်း။ အပြောင်းအလဲများလှ အချစ်ကဝေမ၊ မိုက်တွင်းနက်သော ငါ့ရဲ့ မဟာအမှား။

ရင်ခွင်ကျယ် ရေိယာ တိုင်းထားသလား။ ရင်ခုန်သံအနေးအမြန် မှန်းဆကြည့်နေသလား။ (အချစ်ရေးကိုအလေးမထား)။

ညတေးဆို လွမ်းငိုသောကမကင်း။ အသည်းမှာစုးဝင် ငရဲမြားတစ်စင်း။ ငါက သစ္စာသမားမို့ အလူးအလဲ၊ ခံစားနေရခြင်း။ (လေထဲမှာလွင့်မျောကာ ဆုံးပါးသွား)"

ဟွန်ဒါဖစ်ကားလေးအတွင်းမှာ လွမ်းမောဖွယ်ရာတေးသံသည် နိဂုံးပိုင်းအထိတိုင်အောင် တီးတိုညင်သာ ထွက်ပေါ်နေဆဲပင်။

ည···

လုံးဝမှောင်သွားပြီ။

ခင်မောင်အေး(မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေရေစက်ကြောင့်လေလား

စိန်ဝင်းမော်

အင်္ဂါနေ့ည ၉ နာရီအချိန်၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ ကျောင်းပိတ်ရက် တစ်ပတ်ကျိုးကာလ။ ကလေးများ ရုပ်ရှင်ကြည့်နေသဖြင့် 'ဆယ်လီပရက်လေ'က သူ့စမတ်ဖုန်းကို ဖွင့်လိုက်သည်။ နံနက်က မြက်ရိတ်စက်ရောင်းလိုကြောင်း သူကြော်ငြာထားသည့်ကိစ္စကို တုံ့ပြန်မှုရှိမရှိ သိရှိရန် ဖြစ်သည်။ ဝယ်မယ့်သူ မရှိသေး။

အခြားဖော်ပြချက်များကို ဖန်သားပြင်တွင် ထက်အောက်ရွှေ့ကြည့်ရာ ဗရုတ်ပုံ ကောင်လေးတစ်ယောက်၏ ဓာတ်ပုံကို သတိပြုမိသည်။ မှတ်စုတွင် ထိုကလေးက 'ဆယ်လီ'နေထိုင်သော မြောက်ဘက်ကမ်းရိုးတန်း နယူးဆောက်ဝေး(လ်စ်)ပြည်နယ် ဩစတြေးလျ 'ကိုလွန်ဘက်တီ'နေအိမ်မှ ကီလိုမီတာ ၆၀ ခန့်ဝေးသော 'နမ်ဘာကာဟက်'တွင် နေ့လယ်ခန့်မှစ၍ ပျောက်ဆုံးနေကြောင်း ဖော်ပြထားသည်။ 'ဆယ်လီ'က ကလေး၏သွင်ပြင်လက္ခဏာကို ငေးကြည့်နေစဉ် အသက်ရှူရပ်သွားသလိုရှိ၏။ ပျောက်ဆုံးနေသော လေးနှစ်သားလေး 'ရီလေးမာတင်'တွင် Down Syndrome ခေါ် ဦးနှောက်မမှန်ဘဲမွေးဖွားလာသည့် ရောဂါရှိသည်။

လွန်ခဲ့သော ခုနှစ်နှစ်မှစ၍ အသက် ၃၈ နှစ်ရှိ 'ဆယ်လီ'က ဒေသတွင်းရှိ ကျောင်းတွင် မွေးရာပါချို့ယွင်းချက်များ ပါလာသော ကလေးများအတွက် အကူဆရာမအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ကျောင်းချိန်ပြင်ပတွင် ဦးနှောက်ချို့ယွင်းစွာ မွေးဖွားလာခဲ့သော ကိုယ်အင်္ဂါမသန်စွမ်းသော ကလေးများအတွက် ကခုန်ရန် အဖွဲ့တည်ထောင်ထားသည်။ မကြာခဏ ဆိုသလို ကလေးများကို သူ့အိမ်သို့ ခေါ်လာကာ မိဘများ အနားရရှိစေရန် စောင့်ရှောက်ပေးသည်။

'ဆယ်လီ'က ပြည်သူ့ရဲတပ်ဖွဲ့ဖေ့(စ်)ဘွတ် စာမျက်နှာကို ဖွင့်ကြည့်သည်။ 'ရီလေး'က ပျောက်နေဆဲ။ သူက လွန်ခဲ့သော ကိုးနာရီက အိမ်မှ တယ်ရီယာခွေးသုံးကောင်နှင့်အတူ ပျောက်ဆုံးသွားကြောင်း ရဲက သတင်းပေးသည်။ သူ၏ညဝတ်အောင်းဘီကို ပင်လယ်ကမ်းခြေတွင် ထိုညနေက တွေ့ခဲ့ရသည်။

"ငါ့ကလေးသာဆိုရင် တတ်နိုင်သမျှ လူအများကြီး ရှာဖွေပေးတာ လိုချင်မှာပဲ"ဟု 'ဆယ်လီ'က တွေးမိသည်။ သူ့အနေဖြင့် ကူညီရတော့မည်ဆိုသည်ကို သိသည်။ သူနှင့်အဖော် 'လိုက်(ဖ်)အိုဘရိုင်းရင်း'၊ 'ဆယ်လီ'၏ ၁၂ နှစ်သား သားငယ် 'ဘရွန်ဆင်'နှင့် 'လိုက်(ဖ်)'၏ ၁၁ နှစ်သား သားငယ် 'လက်(ချ်)လန်' တို့နှင့်အတူ 'ဆယ်လီ'က ခေါင်းအုံးများ၊ စောင်များကို ကားတွင်းတွင် ထည့်ကာ ညအမှောင်တွင်းသို့ ထွက်ခဲ့ကြသည်။

၁၁း၃၀ နာရီမတိုင်မီတွင် 'ရီလေး'၏ အမေ 'ဘီအင်ကာ ဂရေဟန်'က မီးဖိုချောင် စားပွဲတွင် အဆာပြေစားရန် မုန့်နှင့်အတူ 'ရီလေး'အား ထားခဲ့ကာ ရေချိုးခန်းသို့ ဝင်ရောက်ရေချိုးခဲ့သည်။

'ရီလေး'ကိုမွေးကတည်းက အသက် ၃၂ နှစ်အရွယ် မိခင်၏ဘဝမှာ ရုန်းကန်



ပျောက်ဆုံးသူ 'ရီလေးမာတင်'



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသည်။ လောလောဆယ်တွင် သူ့အဖေ၏ အိမ်နောက်ရှိ အိမ်ခန်းတွင် အဖော်သစ် 'အင်ဒရူး'နှင့် ကလေးလေးယောက်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။

'ရီလေး'က စကားလုံးအချို့သာ ပြောနိုင်သည်။ 'အမေ'၊ 'ဟုတ်'၊ 'ဟင့်အင်း' စသည်။ သူက မိသားစုနှင့် ဆက်သွယ်ရာတွင် လိုရာကို လက်ညှိုးညွှန်ပြ၍သာ ပြောတတ်သည်။ သူက အကနှင့် ဂီတကို သဘောကျသည်။ သို့သော် မိသားစု ခွေးသုံးကောင်ကသာလျှင် သူ့အသည်းစွဲဖြစ်၏။ ခွေးများက 'ရီးလေး'ကို သည်းညည်းခံသည်။ မည်မျှ ကြမ်းတမ်းပါစေ သည်းခံကြ၍ သူကလည်း ခွေးများသွားရာသို့ လိုက်သည်။

'ဘီအင်ကာ'က ရေချိုးခန်းတွင်း၌ နေစဉ်မှာပင် 'အင်ဒရူး'က ခြံဝင်းတံခါးပွင့်နေပြီး ခွေးများမရှိတော့သည်ကို သတိပြုမိသည်။ သူက လှည့်လည်ကြည့်ရှုရာ 'ရီလေး'လည်း မရှိကြောင်း တွေ့ရသည်။ သူက 'ဘီအင်ကာ'ကို လှမ်းခေါ်ကာ 'ဘီအင်ကာ'က အဝတ်အစားအမြန်ဝတ်၍ ဖိနပ်မပါဘဲ လမ်းပေါ်သို့ ပြေးထွက်ကာ သူ့သားကို အော်ခေါ်သည်။ ကားများကို ရပ်တန့်စေလျက် ကလေးငယ်ဘစ်ယောက်များ တွေ့မိသလားဟု မေးသည်။ အနီးရှိ လူမနေသောအိမ်ကို ရှာကြည့်ကာ ငါးမိနစ်မျှ လမ်းလျှောက်ရသော ပင်လယ်ကမ်းခြေသို့ သွားသည်။

နာရီဝက်ခန့် သူတို့နှစ်ဦးက ဗျာများစွာဖြင့် ရှာဖွေနိုင်သမျှ နေရာများကို ရှာအပြီးတွင် ရဲကိုဖုန်းဆက်ခဲ့သည်။ ရဲများက တိုက်ခန်းကို ရှာဖွေကာ ထွက်လမ်းကို စနစ်တကျ ရှာဖွေကြသည်။ ညနေခင်းစောစောတွင် ရဲ၊ မီးသတ်၊ ပြည်နယ်အရေးပေါ် ဝန်ဆောင်မှုအဖွဲ့၊ အပျော်တမ်းကယ်ဆယ်ရေးအသင်း၊ ကယ်ဆယ်ရေး ရဟတ်ယာဉ်နှင့် ရေလှိုင်းစီး အသက်ကယ်ကလပ်တို့က နယ်ပယ်တွင်း ပိုက်စိပ်တိုက် ရှာဖွေကြသည်။ မီဒီယာများကလည်း သတိပေးသတင်းလွှာ ထုတ်ပြန်ကြကာ 'ရီလေး'၏မထွေးဘက်မှ အဘိုးကလည်း အင်တာနက်တွင် ကလေး၏ဓာတ်ပုံကို ဖော်ပြခဲ့သည်။ ကူညီရှာဖွေပေးရန် မေတ္တာရပ်ခံချက်က မှတ်ချက်ပြုသံ အမျိုးမျိုး လျှင်မြန်စွာ ပေါ်ထွက်လာစေခဲ့ပြီး အပျော်တမ်း ရှာဖွေရေးအဖွဲ့များကလည်း နယ်ပယ်အတွင်း ကူညီရှာဖွေပေးခဲ့ကြသည်။

ထို့နောက် ညနေ ၄ နာရီခန့်တွင် 'ရီလေး'၏ ညဝတ်ဘောင်းဘီက ကမ်းခြေတွင် တွေ့ရှိရကြောင်း သတင်းဝင်လာခဲ့သည်။ ကလေးခြေရာနှင့် ခွေးအချို့၏ ခြေရာများကိုပါ တွေ့ရသည်။ 'ဘီအင်ကာ'က ခွေးများအနေဖြင့် ရေထဲသို့ မဆင်းရာဟု တွေးသည်။ ရေက အေးလွန်းလှ၏။ 'ရီလေး'၏ ဘောင်းဘီဖင်ပိုင်း ရေစိုရာမှ ချွတ်ထားခဲ့ခြင်း ဖြစ်မည်ဟု မိမိဘာသာ ပြောသည်။

သို့သော် အိမ်ပြန်ရောက်ပြီး နေဝင်သွားကာ လေထုက ချမ်းအေးလာစဉ် ခွေးတစ်ကောင်မျှ ခြံဝင်းအတွင်းသို့ ပြန်မလာခဲ့ကြ။ ၎င်းတို့က အစာစားရန် ပြန်မလာဘဲ နေလေ့မရှိ။ သူတို့က မိမိ၏ ပျောက်ဆုံးနေသော သားနှင့်အတူ ရှိနေကြမည်ဟု 'ဘီအင်ကာ'က တစ်ထစ်ချ ယုံကြည်သည်။ ညအချိန်တွင် သူက ရာနှင့်ချီသော ဒေသခံများ၏ ကမ်းခြေတစ်လျှောက် ကလေးကို အော်ခေါ်ရှာဖွေနေကြသော လက်နှိပ်ဓာတ်မီး အလင်းရောင်များကို ကြည့်နေခဲ့သည်။

'ဆယ်လီ'၊ 'လိုက်(ဖ်)'နှင့် ကလေးများက ကမ်းခြေ ကားရပ်နားစခန်းသို့ ရောက်စဉ် အချိန်မှာ ည ၁၀း၅၀ နာရီ ရှိပေပြီ။ တရားဝင် ရှာဖွေရေးများ ရပ်နားခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်၏။ သို့တိုင် ကားများက ဝင်ထွက်သွားလာကာ ကမ်းခြေတစ်လျှောက်တွင် လက်နှိပ်ဓာတ်မီး အရောင်များကို မြင်ကြရသည်။ လရောင်တွင် 'ဆယ်လီ'က သဲတောင်ပူစာ ကျောက်ဆောင်အနည်းငယ်နှင့် သိပ်သည်းသော ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် အနားသတ်ထားသော ကမ်းခြေကို မြင်ရုံသာရှိသည်။ သူတို့က ကားတွင်းမှ အေးခဲလုလု ညလေအေးထဲသို့ ထွက်လိုက်ကြသည်။ 'လိုက်(ဖ်)'က ဤဒေသတွင် ကြီးပြင်းလာသူဖြစ်ပြီး ချုံတောတိုးရန် ဝါသနာကြီးသည်။ မကြာမတင်က သူ့ခွေး ဒဏ်ရာရခဲ့ရာ သူက နာရီပေါင်းများစွာ ခွေးစက်ကျရာသို့လိုက်လျက် မတော်တဆ မည်သို့မည်ပုံ ဖြစ်ပေါ်ခဲ့သည်ကို အဖြေရှာခဲ့သည်။ 'ရီလေး' ဘယ်ကိုများ သွားပါလိမ့်ဟု တွေးသည်။ "တစ်နေရာမှာတော့ ခြေရာကျန်ခဲ့ရမည်"

ကမ်းခြေကား ခြေရာများဖြင့် ဖုံးလွှမ်းနေသည်။ သို့သော် 'ဆယ်လီ'နှင့် 'လိုက်(ဖ်)'တို့က သေးငယ်သော တယ်ရီယာခွေးငယ်များ၏ ခြေရာသေးသေးများကို ရှာကြသည်။ သူတို့လေးယောက်သား သဲတောင်ပူစာများတစ်လျှောက် ရှာဖွေကြသည်။ ၁၁း၃၀ နာရီခန့်တွင် 'ဆယ်လီ'က ခွေးဟောင်သံတစ်သံကို ကြားရသည်။ ထို့နောက် ကမ်းခြေတစ်လျှောက် ကလေးငယ်ခြေရာဘေးတွင် ခြေရာငယ်လေးများကို တွေ့ရသည်။ ခြေရာများက သိပ်သည်းသော ချုံပုတ်များဆီ ဦးတည်သည်။ ကလေးများက ကုန်းခင်ရိုးကို တက်၍ရှာရန် ကြိုးစားကြသည်။ သို့သော် အန္တရယ်များလှ၏။

သစ်ရွက်များပေါ်တွင် 'ဆယ်လီ'က ကွေ့ချိုးတစ်ခုကို ဖော်ပြထားသော ဆိုင်းဘုတ်ကို မြင်ရသည်။ သူတို့က ကားဆီသို့ ပြန်သွားကာ ထိုဆိုင်းဘုတ်ဆီသို့ မောင်းလျက် ချုံပုတ်အတွင်းသို့ ကား



www.burmeseclassic.com

www.burmeseclassic.com



'လိုက်(ဖ်)'၊ 'ရီလေး'၊ 'ဘီအင်ကာ'နှင့် 'ဆယ်လီ'

လမ်းမှတစ်ဆင့် ဝင်ရောက်ရန် ကြိုးစားကြသည်။ သို့သော် ချုံထနောင်းတောက ထူထပ်လှပြီး ညအချိန်တွင် အန္တရာယ်ရှိသည်။ "ကျုပ်တော့ မနက်အလင်းရောင်မလာမီ ဘာလုပ်ရမှန်း မသိတော့ဘူး"ဟု 'လိုက်(ဖ်)'က ပြောသည်။

ယခုအခါ ည ၁၀း၀၀နာရီရှိပြီး ကလေးများကလည်း မောပန်းနေကြသဖြင့် 'ဆယ်လီ'က ကားနောက်ခန်းတွင် သူတို့ကို ခေါင်းအုံး စောင်တို့ဖြင့် နေရာချထားပေးကာ ကားကိုဆက်မောင်းလျက် ပြတင်းပေါက်မှ 'ရီလေး'၏နာမည်ကို ခပ်ဖွဖွခေါ်သည်။ နာရီဝက်ခန့်အကြာတွင် ကားရပ်ရန်နှင့် အိပ်ရန် ကွက်လပ်တစ်ခုကိုတွေ့သည်။ "ငါတော့ လက်မလျှော့ဘူး"ဟု 'ဆယ်လီ'က စိတ်ကူးကာ အိပ်ပျော်သွားသည်။ နာရီများ မြန်မြန်ကုန်ဆုံးပါစေ။ သူ့ခြေထောက်များက အေးခဲလုမတတ်ရှိနေကာ 'ရီလေး'အကြောင်း မတွေးဘဲမနေနိုင်။ သူက အနွေးထည်အတွက် တီရှပ်လေးသာ ပါရှာသည်။ "ကျေးဇူးပြု၍ နေမင်းကြီးရှင့်... မြန်မြန်ထွက်ပြုလာပါတော့"ဟု သူက တီးတိုးရွတ်ဆိုသည်။

'ဘီအင်ကာ'ကလည်း အိပ်၍မပျော်။ ညကျရောက်လာစဉ် သူက အဆိုးဆုံးကို စတင်တွေးမိသည်။ 'ရီလေး'တစ်ယောက် အလွန်ချမ်းပြီး ကြောက်နေရှာမယ်။ ဒါမှမဟုတ် ပင်လယ်ထဲမှာများလား။ တစ်စုံတစ်ယောက်ကများ ခေါ်သွားလေသလား။ သူ့ကို ပြန်မှတွေ့ရပါဦးမည်လား။

ည ၁ နာရီတွင် အနီးအနားရှိ နောက်တွဲလူထင်ယာဉ်ရပ်နားစခန်းသို့ သွားသည်။ သူများ ဒီနေရာကို ရောက်လာခဲ့လေမလား။ နံနက် ၂ နာရီတွင် 'ရီလေး'၏ အဘွားက ဆစ်(ဒ်)နီမြို့မှ ရောက်လာကာ အနီးရှိ 'ရှယ်လီ'ကမ်းခြေကို အတူတကွရှာကြသည်။ နံနက် ၄ နာရီတွင် 'ဘီအင်ကာ'က ချမ်းအေးလွန်းသဖြင့် စကားပင် ကောင်းစွာမပြောနိုင်တော့။

ရဲများ၏ ရှာဖွေရေးလုပ်ငန်းက ပထမလင်းရောင်ခြည်ပြုချိန်တွင် ပြန်လည်စတင်သည်။ နံနက် ၅း၃၀ နာရီတွင် ရဲများက ဒေသခံလူစုကို အုပ်စုခွဲကာ သတ်မှတ်ဧရိယာအတွင်း ရှာဖွေရန် တာပန်ပေးသည်။ ရေကြောင်းရဲ လေကြောင်းရဲဟိုကလည်း ပူးပေါင်းပါဝင်ကြသည်။ အင်စပက်တော် 'မစ်အဲဒရစ်'က စိတ်ပူလာသည်။ 'ရီလေး'က ရှာဖွေသူများ၏ ခေါ်သံကို ကြားမည် မဟုတ်ကြောင်း သိသည်။ တစ်စုံတစ်ယောက်က သူ့ကို ခလုတ်တိုက်မိမှသာ အလုပ်ဖြစ်မည်။

ကမ်းခြေတွင် 'လိုက်(ဖ်)'နှင့် 'ဆယ်လီ'တို့က ကလေးများကို ကားအတွင်း ထားခဲ့ကာ ညက သူတို့ရှာဖွေခဲ့သော နေရာကို ဦးတည်လာခဲ့ကြသည်။ ရဲအခန့်

www.burmeseclassic.com

ခွေးများက အခြားဘက်သို့ ဦးတည်သွားနေကြသည်ကို မြင်ရသော်လည်း သူတို့က ထိုနေရာကိုသာ စိတ်အားသန်ကြသည်။ ယခုအခါ လူတိုင်းက ရေထဲသို့ ကြည့်ရှုရှာဖွေနေကြပြီ ဖြစ်သော်လည်း 'လိုက်(ဖ်)'ကတော့ ကုန်းပေါ်တွင်သာ ကလေးကိုတွေ့ရမည်ဟု ကျိန်းသေတွက်သည်။ "ခွေးသုံးကောင်ပါ ရေနစ်သေမယ်ဆိုတာ မဖြစ်နိုင်ဘူး"ဟု သူက ပြောသည်။ "ခွေးတွေ သူနဲ့အတူ ရှိနေရမယ်"

နေ့အချိန်မှာပင် ချုံပုတ်များအတွင်းသို့ ကမ်းခြေဘက်မှ ဝင်ရောက်ရန် ခက်ခဲလှ၏။ သို့နှင့် ၎င်းတို့က အပေါ်ရှိ လမ်းဆီသို့ ပြန်သွားကာ သိပ်သည်းသော ချုံတောကို တိုးကြသည်။ မြင်သာသော လမ်းကြောင်းမရှိ။ မီတာ ၃၀ ခန့် ဝင်ရောက်ပြီးသောအခါ မီတာ ၈၀ အမြင့် ချောက်ကြီးတစ်ခုကို တွေ့ရသည် ...။ "ဘုရားရေ ... သူများ ဒီချောက်ကြီးထဲ လိမ့်ကျပြီး သတိမေ့နေလို့ တို့ခေါ်သံကို မကြားရရင်"ဟု 'ဆယ်လီ'က ပြောသည်။ သူက လမ်းဘက်ဆီသို့ ပြန်လှည့်သည်။ ဘာမျှမမြင်ရ။ ချုံတောတွင်း အနည်းငယ်ဝင်လိုက်သည်နှင့် မှန်းဆ၍ မရတော့။

ထို့နောက် ပြန်ရန်တာစူလိုက်စဉ် ခွေးဟောင်သံတစ်ချက် ကြားကြရသည်။ "မြန်မြန်"ဟု သူကအော်ကာ ခေါင်ချုပ်အတိုင်း အသံလာရာဆီသို့ ပြေးကြသည်။ 'ဆယ်လီ'က နှလုံးခုန်သွား၏။ ကွက်လပ်လေးတစ်ခုအတွင်းတွင် 'ရီလေး'ကို တွေ့ကြရသည်။ လိမ့်မကျစေရန် သူတို့ခြေထောက်များကိုသာ မကြည့်ခဲ့ပါက သူတို့ တက်နင်းမိကြပေမည်။

တီရှပ်လေးကို ဝတ်လျက်နှင့်ပင် 'ရီလေး'က မှောက်လျက်အနေအထားဖြင့် ခြေထောက်များက ကွေးကွေးကောက်ကောက်နှင့်၊ သူ့အပြေးများက ရေခဲတမျှ အေးကာ ခြေထောက်များက ပြာနှမ်းနေသည်။ သူတို့က ပွေ့ယူလိုက်စဉ် အရမ်းကြောက်နေသော မျက်လုံးများနှင့် သူကလှည့်ကြည့်ကာ 'လိုက်(ဖ်)'၏ ပခုံးပေါ်သို့ ပျော့ခွေကျသွားသည်။ တစ်ကမ္ဘာမျှကြာသည်ဟု ထင်ရသော အချိန်ကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် 'လိုက်(ဖ်)'နှင့် 'ဆယ်လီ'တို့က သက်ပြင်းရှူထုတ်လိုက်ကြသည်။ 'ရီလေး'က အသက်ရှင်လျက်ရှိသည်။

"အိုကေပါကွယ်။ လိမ္မာပါတယ်။ မင်းရဲ့မာမီဆီကို ခေါ်သွားပေးမယ်"ဟု 'ဆယ်လီ'က လမ်းပေါ်သို့ ပြန်အတက်တွင် တဖွဖွပြောနေသည်။ အရေးပေါ်ဝန်ဆောင်မှုအဖွဲ့ကို စောင့်နေစဉ် ကလေး၏ လည်ကုပ်ပေါ်မှ မွှားတစ်ကောင်ကို ဆွဲဖယ်လိုက်တာ သောက်ရေသောက်စေသည်။ 'ဆယ်လီ'က သူ့အိတ်ထဲတွင် အရသာကောင်းသော ဘီစကွတ်ထုပ်ကို တွေ့ရာ သူ့ကို တစ်ထုပ်ပေးလိုက်သည်။ သူကစုပ်ယူစားနေသည်။ နံနက် ၇ နာရီ ထိုးပြီးစပင် ဖြစ်၏။

'ရီလေး'ကို ဆေးရုံသို့ ခေါ်သွားခဲ့သည်။ ရေဓာတ်ခန်းခြောက်မှု၊ မွှားကိုက်ဒဏ်ရာအချို့နှင့် ချုံနွယ်တို့ခြစ်ထားသည့် ဒဏ်ရာများမှအပ ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးရုံမှပြောသည်။ ထို့နောက် သူက ဆန်ပြုတ်ပန်းကန်လုံးကြီးတစ်လုံး၊ အသားညှပ်မုန့်နှင့် ချောကလက်၊ နွားနို့တို့ကို တဝကြီး လွေးတော့သည်။

'ရီလေး'ကိုတွေ့ပြီး မကြာမီမှာပင် တယ်ရီယာခွေးလေးတစ်ကောင် လမ်းလယ်မှ ပြေးလာသည်ကို မီးသတ်တပ်ဖွဲ့မှ တွေ့ရသည်။ အခြားနှစ်ကောင်က မကြာမီ အိမ်သို့ပြန်လာခဲ့ကြသည်။ 'ဘီအင်ကာ'က ထိုခွေးများအနေဖြင့် 'ရီလေး'ကို တစ်ညလုံး ကာကွယ်စောင့်ရှောက်ခဲ့ပြီး ပင်လယ်ထဲသို့မဆင်းရန် တားဆီးခဲ့လျက် ညအပူချိန် ကျဆင်းချိန်တွင် နွေးထွေးစေခဲ့ကြောင်း ယုံကြည်သည်။ "သူတို့က 'ရီလေး'ပြန်ရောက်မှ အိမ်ကို ပြန်လာကြပါတယ်။ သူ့အိမ်ကို ဘေးမသီ ရန်မခဘဲ ပြန်မရောက်မချင်း ပစ်မထားကြပါဘူး"ဟု သူကပြောသည်။

နောက်တစ်ပတ်တွင် 'ဆယ်လီ'နှင့် 'လိုက်(ဖ်)'တို့က အလုပ်ရောက်ခဲ့ကြသည်။ 'ဘီအင်ကာ'အား 'ရီလေး'ကို တွေ့ခဲ့သော နေရာသို့ ခေါ်သွားသည်။ 'ရီလေး'က 'ဆယ်လီ'ကို ပွေ့ဖက်ကာ ပါးကိုနမ်းသည်။ "ဒီပြဿနာထဲက အကောင်းတစ်ခု ရပါတယ်"ဟု 'ဘီအင်ကာ'က ပြောသည်။ "ရှင်တို့နဲ့ တွေ့ဆုံသိကျွမ်းရတာပေါ့"

'ဆယ်လီ'က သူ့မိသားစုကို ကားတွင်တက်ရောက်စေကာ 'ရီလေး'အား ရှာဖွေရေးခရီးထွက်ခဲ့သည်နှင့် သူ့ကိုတွေ့ခဲ့သောနေရာကို ဆွဲဆောင်မှုရှိခဲ့တာ ဘာကြောင့်ပါလိမ့်ဟု ယခုတိုင် ကောင်းစွာမသိသေး။ သို့သော် တစ်ခုတော့ သေချာသည်။ သူက ယခုအခါ 'ရီလေး'၏ ဘဝတစ်ပိုင်းဖြစ်ကာ သူ၏ မသန်မစွမ်းကလေးများ ပြုစုကုသမှု အရှည်အဝေး အတွေ့အကြုံများဖြင့် အစွမ်းကုန် ပြုစုယုယမည်ဖြစ်သည်။

"ကျွန်မ သူ့ကို တွေ့လိမ့်မယ်လို့ မထင်မိဘူး။ ဒါပေမယ့် တစ်စုံတစ်ခုက ကျွန်မကို လက်မလျှော့လိုက်စေဘူး"ဟု 'ဆယ်လီ'က ပြောသည်။ "ကျွန်မက သူ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ဖို့ ဖန်လာတာများလား"

**စိန်ဝင်းမော်**

(မေ၊ ၂၀၁၃ Reader's Digest ပါ Helen Signy ရေး Searching for Riley ကို ပြန်ဆိုသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ဖုန်းခေါ်သံ ကြားလိုက်ရတယ်

■ ဝင်းယုမောင်

ဦးသာမောင်က အိမ်ထောင်ရေး ကံမကောင်းရှာဘူး။ သမီးလေး မြသီရိကို မွေးပြီးကတည်းက ဇနီးဖြစ်သူက လူ့ဘဝရဲ့ ကံဇာတာကုန်သွားတာ။ ဒီတုန်းက ဦးသာမောင်အသက် ဘာရှိဦးမှာလဲ။ အများဆုံးရှိလှ သုံးဆယ်စွန်းစွန်းပေါ့။ သမီးလေးကို ညီမဖြစ်သူက နို့ဘူးတိုက်မွေးခဲ့ရတာ။ အခုဆို မြသီရိတောင် အသက်နှစ်ဆယ့်ငါးနှစ် ဖြစ်နေပြီ။ တက္ကသိုလ်ကလည်း B.Com နဲ့ ဘွဲ့ရထားတာ။ ဦးသာမောင် အသက်ကလေးနည်းနည်းရလာတော့ သမီးအလိမ္မာက သူတစ်လှည့်ရှာကျွေးပါရစေဆိုပြီး ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေတာ။

ဦးသာမောင်ဟာ အသက်ကလည်းရ၊ စီးပွားရေးကလည်းကျဆိုတော့ မလွှတ်ချင်ဘဲနဲ့ လွှတ်လိုက်ရတာ။ တစ်ဦးတည်းသောသမီး အချစ်ဆုံးမို့ တစ်ရက်ခြားတစ်ခါ ဖုန်းဆက်နေကျ။ များသောအားဖြင့် ဦးသာမောင်ကသာ ဆက်ရတာပါ။ မြသီရိက ကုမ္ပဏီက ရုံးဖုန်းကို စောင့်နားထောင်ရုံပဲ။ ဦးသာမောင်သာ လမ်းဘေးက ဖုန်းအမျိုးမျိုးနဲ့ဆက်နေရတာ။

ဒီလိုနဲ့ ကျပ်တစ်ထောင့်ငါးရာတန်ဖုန်းတွေ မဲနှိုက်ဖို့ လျှောက်လွှာတင်ကြတော့ ဦးသာမောင်ရွှေ့မှာ လျှောက်လွှာတစ်ရွက်မှတောင် မရောက်သေးဘူး။ ဦးသာမောင်လျှောက်လွှာ ရွှေ့ဆုံးကသာ ရောက်တာပါ။ ဖုန်းမဲနှိုက်တာ ငါးကြိမ်ထိ နာမည်တောင် ခေါ်သံမကြားရပါဘူး။

ဦးသာမောင် ကံမကောင်းပုံက အဲဒါသာကြည့်။

၁၁၁

တစ်နေ့ ဦးသာမောင် ညနေခင်းသစ်ပင်လေးတွေ ရေလောင်းနေတုန်း ဦးသာမောင် ဖုန်းမဲပေါက်တယ်ဆိုတဲ့ သတင်းကောင်းကို အိမ်ဘေးက ကလေးတစ်ယောက်ကလာပြောတယ်။

ဦးသာမောင် အသက်အရွယ်ကို ထောက်ပြီး ငြိမ်နေလိုက်ရတာ။ ငယ်ငယ်တုန်းကသာဆိုရင် ကျွမ်းထိုးပြီးသား။ ဦးသာမောင် ဘာလုပ်တယ် မှတ်သလဲ။ သူ့သမီးဆီကို ချက်ချင်းဖုန်းဆက်လိုက်တာ။ ဖုန်းဆင်းကတ်ရတာနဲ့ သမီးဆီကို ပထမဦးဆုံး ဖုန်းဆက်လိုက်မယ်ဆိုတာကိုလည်း ပြောလိုက်တာပေါ့။ မြသီရိကလည်း ဝမ်းသာလို့လေ။ သူ့ရုံးက အဖွဲ့သားတွေကို သူ့အဖေ ကိုယ်ပိုင်ဖုန်းနဲ့ ဆက်မယ်ဆိုတာကိုလည်း ဝမ်းသာအားရ ပြောထားတာ။ ဒီလိုနဲ့ မြသီရိတစ်ယောက် ဖုန်းဂျူတီဝင်လိုက်တာ။ လာတဲ့ဖုန်းတွေက တခြားကိစ္စတွေ။ ဒီတစ်ခါတော့ ဖုန်းထဲက "မြသီရိနဲ့ ပြောချင်လို့ပါရှင်" ဆိုတဲ့ အသံက သာယာလှပါဘိ။

"ဟုတ်ကဲ့။ ကျွန်မ မြသီရိပါ။ ကျွန်မအဖေ ဦးသာမောင်ဖုန်း ဟုတ်ပါသလားရှင်"

လို့ မေးလိုက်သေးတာ။ တစ်ဖက်က

"ဟုတ်ကဲ့၊ ဦးသာမောင်ဖုန်းတော့ ဟုတ်ပါတယ်။ ဒါပေမယ့် . . . ဦးသာမောင်ကတော့ . . ."

စကားမဆုံးခင် ဖုန်းထဲက ငိုနေတဲ့အသံကို မြသီရိကြားလိုက်ရတော့။

ဝင်းယုမောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အမှောင်ခန်းမှ သင်္ကေတများ

"ရေ ... ရေ ... သောက်ချင်လိုက်တာ"

အာခေါင်တွေက ခြောက်ကပ်၍ တစ်ကိုယ်လုံး ချွေးများစိုရွှဲနေ၍ ရေတစ်ခွက်ကို ကျွန်ုပ်မှာ မွတ်သိပ်တောင့်တစွာ တမ်းတနေမိသည်။ ဤအမှောင်ခန်းသို့ ကျွန်ုပ်ရောက်နေသည်မှာ နှစ်ရက်တိတိ ရှိခဲ့ပြီ။ ကောင်းသောရောက်ခြင်းဖြင့် ရောက်နေခြင်းတော့ မဟုတ်။ ဖြစ်ရပ်များကို ပြန်တွေးကြည့်မိသည်။

လူတစ်စုက ကျွန်ုပ်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ရုံးမှအပြန် ကားပေါ်တက်၍ ကားမောင်းရန် စက်နှိုးစဉ်မှာပင် နောက်ခန်းတွင် ပုန်းအောင်းနေသူတစ်ဦးက ကျွန်ုပ်၏ လည်မျိုကို တအားညှစ်ထောက်ပြီး ဖြစ်သည်။ ချက်ချင်းပင် အမှောင်ရိပ်ထဲမှ လူနှစ်ယောက် ပြေးလာပြီး ကားထဲဝင်ထိုင်လိုက်ကြသည်။

"မင်း ... မင်းတို့ ဘယ်သူတွေလဲ။ ဒါဘာလုပ်တာလဲ။ ဓားပြတိုက်တာလား"

တုန်လှုပ်စွာဖြင့် မေးလိုက်သော ကျွန်ုပ်စကားကြောင့် ခေါင်းဆောင်ဖြစ်ဟန်တူသူက –

"စကားမရှည်နဲ့။ နောက်ခန်းကို



www.burmeseclassic.com

www.burmeseclassic.com

သွား။ ကျော်ကြီး . . . သူ့မျက်နှာကို အဝတ်စည်းထားလိုက်'' ဟုဆို၍ ကျွန်ုပ်ကို တွန်းချ၏။ သူ့တပည့်တစ်ယောက်က နောက်ခန်းတံခါးကိုဖွင့်၍ ကျွန်ုပ်ကို ဆွဲတင်၍ မျက်နှာကို အဝတ်နက်ဖြင့် စည်းလိုက်ကြသည်။ လူဆိုးနှစ်ယောက်က ကျွန်ုပ်၏ဘေး တစ်ဖက်တစ်ချက်စီတွင်ထိုင်၍ ဓားမြှောင်များဖြင့် ကျွန်ုပ်၏ နံကြားနှစ်ဖက်ကိုထောက်ထားကြသည်။

လူဆိုးခေါင်းဆောင်က ကားကို သွက်လက်ကျွမ်းကျင်စွာ မောင်းလာခဲ့၏။ ကျွန်ုပ်မှာ မျက်စိမမြင်ရ၍ ဘယ်ကိုသွားနေသည်ကို မသိ။ စိတ်ထဲမှာလည်း စဉ်းစားမရ။ ကြောက်လန့်တုန်လှုပ်မှုများကလည်း တစ်ကိုယ်လုံး လွှမ်းခြုံလျက်။

တဖြည်းဖြည်းနှင့် ကားသံ၊ လူသံများ မကြားရတော့ဘဲ အမြန်နှုန်းလည်း မြင့်လာသဖြင့် မြို့ပြင် သို့မဟုတ် ဟိုင်းဝေးလမ်းပေါ် ရောက်နေပြီဟု ကျွန်ုပ်ယူဆမိသည်။ ဤအတိုင်း မိနစ်နှစ်ဆယ်မျှ မောင်းလာခဲ့၏။

ကျွန်ုပ်အတွက်တော့ ထိုမိနစ်နှစ်ဆယ်သည် အနှစ်နှစ်ဆယ် ဒုက္ခခံနေရသလိုပင်။

နောက်ဆုံးတွင် ခြံဝင်းတစ်ခုအတွင်းသို့ ကားကကွေ့ဝင်၍ရပ်သွား၏။

''ဝုတ် . . ဝုတ် . . ဝုတ် . . . ဝူး''

ပထမဆုံး ခွေးတစ်ကောင်၏ ဟောင်သံကို ကြားလိုက်ရသည်။ ခွေးဆိုသော်လည်း ခြံစောင့်ခွေးမျိုး ဟုတ်ဟန်မတူ။ ဟောင်သံက သေးသေးစူးစူးလေးဖြစ်၍ အိမ်တွင် အလှမွေးတယ်ရီယာ ခွေးကလေးဖြစ်ပုံရသည်။

''ဆင်း . . . ကားပေါ်ကဆင်း''

ကျွန်ုပ်ကို ခပ်ကြမ်းကြမ်း ဆွဲချကြပြန်သည်။ ကားပေါ်က ဆင်းဆင်းချင်းမှာပင် ထိုခွေးကလေးက ကျွန်ုပ်၏ ခြေကို လာနမ်း၏။ ထို့နောက် ''တဝုတ်ဝုတ်'' ဟောင်ပြန်သည်။

''ဟဲ့ကောင် . . . သွားစမ်း . . . ရှူး . . . ရှူး''

ခွေးကို မောင်းထုတ်သံ ကြားလိုက်ပြီးနောက် ကျွန်ုပ်ကိုလည်း ဘေးနှစ်ဖက်မှတွဲ၍ ခေါ်လာကြပြန်သည်။

''ကျီ . . . ကျီ''

တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်တော့ ဆီငတ်နေသော တံခါးပတ္တာက 'တကျီကျီ' မြည်သွား၏။ ကျွန်ုပ်ကို ဆွဲခေါ်လာ၍ နောက်ထပ် တံခါးချပ်ကို ဖွင့်ကာ လှေကားထစ်များအတိုင်း ဆင်းစေ၏။ မျက်စိကို အဝတ်နက်စည်းထားဆဲဖြစ်၍ ကျွန်ုပ်မှာ စမ်းတဝါးဝါးဖြင့် ဆင်းရလေသည်။ ကျွန်ုပ်စိတ်အထင် ကျွန်ုပ်ကို မြေအောက်ခန်းတစ်ခုသို့ ခေါ်ဆောင်လာပုံပေါ်သည်။

''ချောက် . . .''

မီးခလုတ်ဖွင့်သံနှင့်အတူ အလင်းရောင်တို့ ထိန်လင်းသွားသည်။ ထိုအခါကျမှ ကျွန်ုပ်မျက်နှာမှ အဝတ်နက်ကို ဖယ်ရှားပေးလိုက်သည်။ အမှန်တကယ်ပင် မြေအောက်အခန်းကျဉ်းလေးတစ်ခု ဖြစ်၏။ လေးဖက်လေးတန်ကို အုတ်စီထားပြီး အပေါ်မျက်နှာကြက်တွင်တော့ ပျဉ်များခင်းထားသည်။ ပျဉ်များမှာ ခပ်ဟာဟာဖြစ်နေ၍ အပေါ်ထပ်အခန်းမှ အလင်းရောင်ကိုပါ ကျွန်ုပ် မြင်လိုက်ရသည်။

ကျွန်ုပ်ကို တစ်ယောက်အိပ် ခုတင်တစ်လုံးတွင် ထိုင်စေသည်။ ကျွန်ုပ်ရှေ့တွင် စားပွဲတစ်လုံး၊ ခုံတစ်လုံးမှအပ အခြားမည်သည့်ပစ္စည်းပစ္စယမျှ မတွေ့။ ထိုအခိုက် . . .

''ဝုတ် . . . ဝုတ် . . . ဝုတ်'' စောစောက ခွေးဟောင်သံကို ထပ်ကြားလိုက်ရ၏။ ထို့နောက် တံခါးပွင့်သွားပြီး အရပ် ထောင်ထောင်မောင်းမောင်းနှင့် လူတစ်ယောက်ဆင်းလာသည်။ ထိုသူမှာ မျက်နှာဖုံး စွပ်ထား၍ မည်သူမည်ဝါမှန်း မသိရ။

''ဩော် . . . ရောက်လာပြီကိုး''

ထိုသူက နှုတ်ဆက်သလိုလို၊ တစ်ယောက်တည်း ပြောသလိုလိုဖြင့် နှုတ်ဆက်၏။ ထိုသူ၏ ပါးစောင်တွင် တစ်စုံတစ်ခု ငုံထားပုံပေါ်သည်။ စကားသံက ဗလုံးဗထွေး ဆန်လှ၏။ စားပွဲရှေ့က သစ်သားခေါက်ခုံကလေးတွင် ဝင်ထိုင်၍ ခြေကိုချိတ်လိုက်သည်။ လက်ချောင်းများ အကြောင်းမရှိဘဲ စားပွဲကို 'တဒေါက်ဒေါက်' ခေါက်နေရင်းမှ ကျွန်ုပ်ကို အတန်ကြာအောင် စူးစိုက်ကြည့်နေ၏။

''ခင်ဗျား . . ဘယ်သူလဲ။ ကျုပ်ကို ဘာလို့ဖမ်းလာတာလဲ''

ကျွန်ုပ်က ဒေါသထွက်စွာဖြင့် မေးလိုက်တော့ သူက လက်ချောင်းများကို 'တချွတ်ချွတ်' ချိုးရင်းမှ လေးတွဲ့တွဲ့အသံဖြင့် ဖြေ၏။

''ဒေါက်တာကြီး . . . ဒေါသမကြီးပါနဲ့။ စိတ်ငြိမ်ငြိမ်ထားပါ။ အရှင်းဆုံးပြောရရင် ခင်ဗျားကို ကျုပ်က ပြန်ပေးဆွဲလိုက်တဲ့သဘောပဲ၊ ရှင်းပလား။ ခင်ဗျားအသက်ကို နှမြောရင်တော့ ကျုပ်နဲ့ အေးအေးဆေးဆေးညှိနှိုင်းပါ''

''ခင်ဗျားက ဘယ်လောက်လိုချင်လို့လဲ''

''သိန်းနှစ်ဆယ်''

''ဘာ . . . သိန်းနှစ်ဆယ်။ များ



www.burmeseclassic.com

www.burmeseclassic.com

လှချည်လား''

"ဟိုး . . . ဟိုး . . . နေပါဦး ဒေါက်တာ ဦးထွဋ်ဆွေ။ ခင်ဗျားက ဝင်ငွေကောင်းတဲ့ ဒေါက်တာကြီး လည်း ဖြစ်တယ်။ သစ်ကုမ္ပဏီလည်း ပိုင်တယ်။ ဗဟန်းဘက်မှာ စားသောက် ဆိုင်တစ်ဆိုင်လည်း ဖွင့်ထားတယ်။ အင်းတကော်မှာ ငါး၊ ပုစွန်ကန်လည်း ရှိတယ်။ ပြီးတော့ တိုက်နဲ့၊ ခြံနဲ့၊ ကားနဲ့။ မိဘအစဉ်အဆက် ကြွယ်ဝပြည့်စုံ လာတဲ့သူ။ ရာထူးဂုဏ်ရှိန်အရရော အင်္ဂလိပ်အရေးပိုင်တွေနဲ့ လက်ပွန်း တတီး ရှိတယ်။ ခင်ဗျား မိန်းမဘက် လည်း ကြည့်ဦး။ စိန်ကုန်သည်တွေ။ ဒီတော့ ကျုပ်တောင်းတဲ့ သိန်းနှစ် ဆယ် များရောလားဗျာ။ ခင်ဗျား အသက်နဲ့ ယှဉ်ကြည့်စမ်းပါဦး''

"ဒါပေမယ့် . . ဒီငွေပမာဏက လက်ထဲမှာ ရှိမှာမဟုတ်ဘူး။ လုပ်ငန်း ထဲမှာ လည်ပတ်နေတာ။ ငွေက နည်း နည်းနောနောမှ မဟုတ်တာ''

"အိုဗျာ . . . လက်ထဲမရှိလည်း ခင်ဗျားအနေအထားနဲ့ ကြိုက်တဲ့နေရာ က ဆွဲလို့ရတာပဲ။ ခင်ဗျားမိတ်ဆွေ ခရိုင်ဝန်ထောက် မစ္စတာခရစ်ဆီက ယူရင်တောင် ရနေတာပဲ''

ထိုသူ၏ စကားကြောင့် ကျွန်ုပ် အံ့အားသင့်ရသည်။ သူသည် ကျွန်ုပ် ၏အကြောင်းကို ထဲထဲဝင်ဝင် သိထား သူ ဖြစ်၏။ သေသေချာချာ လေ့လာ ထားပုံရသည်။ ငြင်းလို့မရအောင် သူ က ပိတ်ပြောထားလေပြီ။

"ဒီမယ် . . . ဦးထွန်းဆွေ၊ ကျုပ် စိတ်ကောင်းဝင်နေလို့ အေးအေးသာ သာ ပြောနေတာကို သဘောပေါက် ပါ။ အသားမနာချင်စမ်းပါနဲ့။ ခင်ဗျား ကို မနှိပ်စက်ချင်ဘူး။ ဟော့ . . . ကျော် ကြီး သူ့ကို စာရွက်နဲ့ဖောင်တိန်ပေး လိုက်''

"ဟုတ်ကဲ့ . . . ဆရာ''

"ကဲ . . ဒေါက်တာကြီး၊ ခင်ဗျား လုပ်ရမှာက ခင်ဗျားမိန်းမဆီ စာတစ် စောင်ရေးပါ။ အခုရေးပါ။ တစ်ပတ် အတွင်း သိန်းနှစ်ဆယ် လိုချင်တယ် လို့။ ပို့ရမယ့်ပုံစံကို ကျုပ်တို့ ညွှန်ကြား လိုက်မယ်။ အရေးကြီးတာက ရဲကို အသိမပေးဖို့၊ ဘယ်သူ့ကိုမှ အကူအညီ မတောင်းဖို့။ ဒီလိုမှမဟုတ်ရင် ဒေါက် တာကြီးရဲ့ အလောင်းကိုသင်္ဂြိုဟ်ဖို့ ပြင် ထားပေတော့လို့''

ကျွန်ုပ်လည်း အခြေအနေအရ သူ့လက်ခုပ်ထဲကရေ ဖြစ်နေမှတော့ သူခိုင်းသည့်အတိုင်း ရေးပေးလိုက်ရ ၏။ တကယ်တမ်းကျတော့လည်း လူ့ အသက်ထက် ဘယ်အရာမှ ပိုတန်ဖိုး မရှိ။ ထိုသူက ကျွန်ုပ် စာရေးနေသည် ကို သွားကြားထိုးရင်း စိုက်ကြည့်နေ သည်။ စာရေးပြီး၍ စာရွက်ကို သူ့ရှေ့ တွန်းပို့လိုက်တော့ သူက သွားကြား ထိုးတံကို ခါးလယ်မှ နှစ်ပိုင်းချိုး၍ လွှင့် ပစ်လိုက်၏။ ထို့နောက် စာကို သေချာ စွာဖတ်ကြည့်၍ ခေါင်း တညိတ်ညိတ် ဖြင့် ကျေနပ်စွာပြုံးနေ၏။

"အိုကေ . . . ဒီလိုမှပေါ့ ဒေါက် တာကြီးက သဘောပေါက်လွယ်သား ပဲ။ ကဲ . . . ကျုပ်တို့ ဆက်လုပ်ရှား လိုက်မယ်။ ခဏတော့ သည်းခံဗျာ။ စားရေးသောက်ရေးအတွက် မပူနဲ့။ ကျုပ်ပို့ပေးမယ်။ အပေါ့အလေး သွား ချင်ရင်တော့ ဂန်ဇလား ချထားပေး မယ်။ မနက်တိုင်း ကျုပ်တပည့်တွေ က ရှင်းပေးလိမ့်မယ်''

"ရေချိုးချင်ရင်ကော''

"ရာသီဥတုက အေးစိမ့်နေပါ တယ်။ လှုပ်ရှားမှုမှ မရှိတာ မချိုးပါနဲ့။ ခဏသည်းခံပေးပါ။ ဒီအထိတော့ လိုက်မလျှောနိုင်ဘူး။ ပျော်ပွဲစားထွက်ဖို့ ခေါ်လာတာ မဟုတ်ဘူး။ ပြန်ပေးဆွဲခံ ထားရတယ်ဆိုတာမမေ့ပါနဲ့ ဦးထွဋ်ဆွေ''

လူစိမ်းက ထိုနေရာမှထ၍ အပေါ် ထပ် ပြန်တက်သွား၏။ သူ့တပည့်များ ကလည်း သူ့နောက်မှ လိုက်ပါသွား ကြပြီး အပေါ်မှ အံဖုံးတံခါးကို ဂျိုင်း ခနဲနေအောင် ပိတ်လိုက်ကြတော့သည်။

အခုတော့ မြေအောက်ကမ္ဘာမှာ ကျွန်ုပ်တစ်ယောက်သာ။ အပေါ်ထပ်မှ တယ်ရီယာခွေးကလေး၏ တဝုတ်ဝုတ် ဟောင်သံက တစ်ချက်တစ်ချက်ဆို ထွက်ပေါ်နေတတ်စမြဲ။

"ရေသောက်ချင်လိုက်တာ''

အာခေါင်တွေ ခြောက်ကပ်၍ ချွေးစေးများ စို့ရွှဲနေပြီ။ ဤအခန်းထဲသို့ ကျွန်ုပ်ရောက်နေသည်မှာ နှစ်ရက် တိတိ ကြာမြင့်ခဲ့ပြီ။ ရေပုလင်းမှာ လည်း ရေတစ်စက်မှ မရှိတော့။ မျက် နှာဖုံးနှင့်လူ ရောက်မလာသည်မှာ နှစ်ရက်တိတိရှိပြီ။

ကျွန်ုပ်၏မိသားစုသည် ကျွန်ုပ် အတွက်နှင့် ပူပင်သောက ရောက်နေ ကြပြီကို တွေးမိတော့ စိတ်မကောင်း။ ကျွန်ုပ်အပေါ် ချစ်လှစွာသော ဇနီး သည် ကျွန်ုပ်အသက်ရှင်သန်ရေး အတွက် တောင်းထားသည့်ငွေကို မရ ရအောင် လိုက်လံရှာဖွေနေရော့မည်။

ကျွန်ုပ်သည် စိတ်မောလူမော ဖြင့် သက်ပြင်းကိုသာ အလီလီ ချနေမိ သည်။ ထိုအခိုက် တံခါးဖွင့်သံ ကြား၍ ပြီးနောက် လူနှစ်ယောက် ဆင်းလာ

www.burmeseclassic.com

၏။ တစ်ယောက်၏လက်ထဲတွင် ရေဖန်ပုလင်းကိုတွေ့လိုက်ရ၍ ကျွန်ုပ်မှာ ဝမ်းသာအားရ ဖြစ်သွားရသည်။

"ရေပေးပါ ရေသောက်ချင်လွန်းလို့"

"ပေးဖို့ယူလာတာပဲ။ ရော့ . . . သောက်"ဟုဆို၍ ရေပုလင်းကို စားပွဲပေါ် ချပေး၏။ ထိုအခိုက် ကျွန်ုပ်စိတ်ထဲတွင် အတွေးတစ်မျိုး ဝင်ရောက်လာခဲ့သည်။ ရေသောက်ပြီးသည်နှင့် ထိုရေပုလင်းဖြင့် လူဆိုးနှစ်ယောက်ကို ရိုက်ခွဲတိုက်ခိုက်၍ ထွက်ပြေးရန်ဖြစ်သည်။

သို့သော် တကယ့်လက်တွေ့တွင် မလုပ်ရဲ။ ကျွန်ုပ်အသက်အရွယ် ခွန်အားအရ ထိုလူရွယ်နှစ်ယောက်ကို တစ်ပြိုင်တည်း အနိုင်တိုက်နိုင်ဖို့ မလွယ်။ ထို့ပြင် ၎င်းတို့၏ မားမြောင်များ၊ မားရှည်များကလည်း အဆင်သင့် ရှိနေပြန်သည်။ နဂိုကတည်းက အတိုက်အခိုက်၊ အသတ်အပုတ် မကျွမ်းကျင်သော ကျွန်ုပ်မှာ ထိုအစီအစဉ်ကို လက်လျှော့၍ ရေကိုပင် တဝသောက်လိုက်မိတော့သည်။

ထိုအချိန်တွင် မျက်နှာဖုံးစွပ်ထားသော ဆရာကြီးဆိုသူက လှေကားမှ ဆင်းလာပါသည်။ ကျွန်ုပ်အနီးရှိခုံတွင် ဝင်ထိုင်၍ စားပွဲကို လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်ရင်းက စကားဆို၏။ စတွေ့စဉ်ကလို ပါးစောင်၌ တစ်စုံတစ်ခု ငုံထားဟန်တူသည်။ လေသံက ဗလုံးဗထွေး ဆန်လှ၏။

"ဒေါက်တာကြီးရေ . . . ခင်ဗျား ကံကောင်းတယ်မှတ်။ ခင်ဗျားမိန်းမက ခင်ဗျားကို တော်တော်ချစ်တာပဲ။ ဒီနှစ်ရက်အတွင်းမှာ ထေးသုတ်အဖြစ် ငွေဆယ်သိန်းပေးပြီးသွားပြီ။ ကျုပ်ပြောတယ်မဟုတ်လား။ ဒီငွေလောက်တော့ ရှာနိုင်ပါတယ်လို့။ ဒုတိယအသုတ်က ကျန်တဲ့ရက်အတွင်း ပေးပါ့မယ်တဲ့"

ကျွန်ုပ်မှာ သူ့စကားကို မည်သို့မျှ မတုံ့ပြန်တော့ဘဲ သက်ပြင်းကိုသာ 'ဟင်း'ကနဲ ချလိုက်မိသည်။ ငွေကုန်၍ ချတာလား။ ကျွန်ုပ် အသက်ရှင်ခွင့် ရတော့မည်မို့ သက်ပြင်းချတာလား ဆိုတာတော့ ကျွန်ုပ်ကိုယ်တိုင် မခွဲခြားတတ်တော့။

"ဘယ်လိုလဲ . . . သက်ပြင်းချလှချည်လား ဦးထွန်းဆွေ။ စိတ်မပူနဲ့။ အခုဆို ခင်ဗျားဇနီးအလိမ္မာက သူ့ယောကျ်ားမသေအောင် ကျန်တဲ့ငွေကို အပူတပြင်း ရှာနေလေရဲ့။ ခဏပဲ သည်းခံပါ။ ဒီလို အပေးအယူကို အဆင်ပြေပြေ လုပ်ပေးလို့ကတော့ စိတ်ချ ခင်ဗျား မွှေးတစ်ပေါက် မစွန်းစေရဘူး"

မျက်နှာဖုံးစွပ်လူက လက်ချောင်းများကို တချွတ်ချွတ်ချိုး၍ ရှင်းပြနေ၏။ ထို့နောက် ၎င်းတို့အားလုံး အပေါ်ထပ်သို့ တက်သွားကြပြန်သည်။

ဤသို့ဖြင့် ငါးရက်မြောက်နေ့တွင် လက်ကျန်ငွေများကို အပြည့်ရရှိဟုဆိုကာ ကျွန်ုပ်ကို ကျွန်ုပ်၏ကားဖြင့် တင်၍ပြန်လွှတ်ပေးခဲ့သည်။ ခေါ်လာတုန်းကလိုပင် မျက်နှာကို အဝတ်နက်စည်း၍ ကားပေါ်တင် ခေါ်လာခဲ့သည်။

မြို့တွင်း တစ်နေရာအရောက်မှ ကျွန်ုပ်မျက်နှာမှ အဝတ်နက်ကို ဖြုတ်ပေး၍ ၎င်းတို့သုံးယောက်သည် ကားပေါ်မှ ဆင်းသွားကြသည်။ မည်သည့်စကားမျှ မဆို။ လမ်းကြားတစ်ခုထဲ တိုးဝင်ပျောက်ကွယ်သွားသည်အထိ ကျွန်ုပ်မှာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။

ကျွန်ုပ်ကို ကားနှင့်အတူ ပြန်လွှတ်ခဲ့သည်။ ဘာကြောင့် ကားကို မယူခဲ့လေသနည်း။ ထိုအဖြစ်ကို သူတို့သာလျှင် အသိဆုံးဖြစ်ပေမည်။ ကားကို မယူသည့်အတွက် ၎င်းတို့ကိုပင် ကျေးဇူးတင်နေရပေလိမ့်မည်။

ထို့နောက်တွင်မှ ကျွန်ုပ်သည် ကားကိုမောင်း၍ ထွက်လာခဲ့၏။ အိမ်ရောက်တော့ တစ်အိမ်သားလုံး ငိုယို၍ ပြေးဖက်ကြတော့၏။

"ဝမ်းသာလိုက်တာ ကိုထွန်းရယ်။ ကျွန်မဖြင့် ကိုထွန်းပြန်လာမယ်လို့တောင် မထင်ဘူး။ ကိုထွန်း ဘာမှ မဖြစ်ဘူးနော်"

"ဖေကြီး . . . ဖေကြီး ဘာမှ မဖြစ်ဘူး မဟုတ်လား"

ဇနီးသားသမီးတွေက ဝိုင်းဝန်း၍ ဆီးကြိုကြရှာသည်။

"သိန်းနှစ်ဆယ် ပါသွားပြီ မဟုတ်လား ခင်"

"အို . . . ကိုထွန်းကလည်း လူထက် ငွေက ပိုအရေးကြီးလို့လား။ အသက်ရှင်သရွေ့ ငွေက ပြန်ရှာလို့ရတာပဲ။ မနေ့ပြောနေပါနဲ့ရှင်။ ဖြစ်ချိန်တန်ရင် ဖြစ်၊ ပျက်ချိန်တန်ရင် ပျက်လို့ပဲ သဘောထားလိုက်"

"ဒါနဲ့ ရဲကိုကော တိုင်သေးလား"

"ဘယ်တိုင်ရဲမလဲ။ တိုင်ရင် ရှင့်ကို သတ်မယ်လို့ ပြောထားတာကိုး။ အို . . ဒါတွေထားလိုက်ပါ ရှင်ရယ်။ အခု ကောင်းကောင်း အနားယူပါဦးနော်"

ထိုညက ကောင်းကောင်းမွန်မွန် အိပ်ရသော်လည်း ကျွန်ုပ်မှာ အိပ် မပျော်ပါ။ ထိုကိစ္စအတွက် ရင်ထဲမှာ

www.burmeseclassic.com

လိပ်ခဲတည်းလည်း ဖြစ်နေရသည်။ စိတ်ထဲမှာ တစ်စက်ကလေးမှ မကျေနပ်။

ထိုကိစ္စကို ကျွန်ုပ်၏ 'ရွှေနေဦးညာဏ်လင်းဇော်'နှင့် ဆွေးနွေးတိုင်ပင်ရန် စဉ်းစားမိ၏။ ထို့ကြောင့် ထိုမနက်တွင်ပင် ကျွန်ုပ်သည် ကားကို ကိုယ်တိုင်မောင်း၍ ထွက်လာခဲ့သည်။ ရွှေနေ ဦးညာဏ်လင်းဇော်မှာ ထောက်ကြန့်တွင် နေထိုင်ခြင်း ဖြစ်၏။

အမှန်ဆိုရသော် ရွှေနေဦးညာဏ်လင်းဇော်၏ လိပ်စာကို သိသော်လည်း သူ့အိမ်သို့ တစ်ကြိမ်တစ်ခါမျှ သွားရောက်ဖူးခြင်းမရှိ။ အလုပ်ကိစ္စရှိရင် ကျွန်ုပ်၏ရုံးခန်းတွင်သာ တွေ့ဖြစ်ကြခြင်း ဖြစ်သည်။

ထောက်ကြန့်ရောက်တော့ ဟိုမေး သည်မေးဖြင့် တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် မောင်းလာရင်းမှ သူ၏ ခြံကျယ်ကြီးကို ရှာတွေ့ခဲ့လေသည်။

"ဟာ ... ဒေါက်တာ ပြန်ပေးဆွဲခံရတယ်ဆို။ ဘယ်လို လွတ်လာတာလဲ"

ရွှေနေ ဦးညာဏ်လင်းဇော်က သစ်ပင်ရေလောင်းနေရင်းမှ ကျွန်ုပ်ကို မြင်တော့ ဝမ်းသာအားရအသံဖြင့် နှုတ်ဆက်၏။ ကျွန်ုပ်စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားရသည်။ မိန်းမဖြစ်သူက မည်သူ့ကိုမျှ ထုတ်ဖော်မပြောခဲ့ပါ။ အလုပ်၌လည်း ကျွန်ုပ်ကို အရေးပေါ်ကိစ္စတစ်ခုကြောင့် ခရီးထွက်သွားသည်ဟု ပြောခဲ့၏။

ယခု ကျွန်ုပ်၏ ရွှေနေက ကျွန်ုပ်ကို ဤသို့ မေးခွန်းထုတ်လိုက်သည့်အတွက် ကျွန်ုပ်အာရုံတို့ ရှုပ်ထွေးသွားခဲ့သည်။ ထို့ကြောင့် တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုဘဲ ကားပေါ်မှ ဆင်းလိုက်၏။

"ဝုတ် ... ဝုတ် ... ဝုတ်"

အဖြူရောင် တယ်ရီယာခွေးလေးတစ်ကောင်က တဝုတ်ဝုတ်ဟောင်ရင်း ပြေးလာ၏။ အမြီးနှန့်သော်လည်း ပါးစပ်က ဟောင်နေ၏။ ထို့နောက် စူးစမ်းသည့်သဘောဖြင့် ကျွန်ုပ်၏ခြေကို လာနမ်း၏။ ကျွန်ုပ်က ခွေးဖြူလေးကို အတန်ကြာ စူးစိုက်ကြည့်နေမိသည်။

"လာဗျာ ... အိမ်ထဲဝင်။ အထဲကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ရွှေနေ ဦးညာဏ်လင်းဇော်က အိမ်တံခါးကိုတွန်းဖွင့်လိုက်တော့ 'ကျီ' ခနဲ အသံရှည်ကြီး ထွက်ပေါ်လာ၏။ တံခါးပတ္တာများ၌ ဆီမရှိ၍ ယခုကဲ့သို့ မြည်ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်သည် ထိုအသံကို ကောင်းစွာမှတ်မိနေခဲ့သည်။ တစ်စုံတစ်ရာ နှုတ်မဟဘဲ အထဲဝင်လိုက်ခဲ့၏။

"ထိုင်ဦး ... ဒေါက်တာ။ ကျွန်တော် ကော်ဖီနှပ်ထားတာ ရှိတယ်။ သွားယူလိုက်ဦးမယ်"

ရွှေနေကြီးက ပျာပျာသလဲဖြင့် နောက်ဖေးခန်းကို ဝင်သွား၏။ ကျွန်ုပ်သည်လည်း အကြောင်းအရာများစွာကို စိတ်အေးအေးဖြင့် ထိုင်စဉ်းစားနေမိသည်။

ခဏအကြာတွင် ရွှေနေကြီးက ကော်ဖီနှစ်ခွက်ကိုင်၍ ရောက်လာခဲ့သည်။ ကော်ဖီတစ်ခွက်ကို ကျွန်ုပ်အား ကမ်းပေးရင်း ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။ ထိုသို့ ထိုင်ရင်းမှ စားပွဲကို လက်ချောင်းများဖြင့် "တဒေါက်ဒေါက်"ခေါက်နေပြန်သည်။

ကျွန်ုပ်လည်း တစ်စုံတစ်ရာကို သတိရစွာဖြင့် ၎င်း၏ လက်ချောင်းများကို ငေးစိုက်ကြည့်နေမိရာ သူသည်လည်း မလုံမလဲဖြစ်ကာ စားပွဲကို အခေါက်ရပ်၍ စကားစပျိုးလေ၏။

"ဘယ်လိုဖြစ်တာလဲ ဒေါက်တာ။ ဘယ်လိုဖြစ်ပြီး ပြန်ပေးအဆွဲခံရတာလဲ"

"အင်း ... ကျုပ်လည်း မပြောတတ်ပါဘူးဗျာ။ အဓိကကတော့ ငွေလိုချင်လို့ ပြန်ပေးဆွဲတာပါပဲ။ တခြားရန်ငြိုးရန်စ မရှိပါဘူး"

ရွှေနေ ဦးညာဏ်လင်းဇော်က ကျွန်ုပ်ရှင်းပြသည်များကို နားထောင်ရင်းမှ လက်ချောင်းများကို 'တချွတ်ချွတ်'ချိုးရင်း နားထောင်နေ၏။ ဤသို့ လက်ချောင်းများကို ချိုးနေပုံကိုလည်း ကျွန်ုပ်မှာ အံ့သြစွာ ကြည့်နေမိသည်။ ကျွန်ုပ်ရင်ထဲမှာ အစိုင်အခဲ တစ်ခုမှာလည်း တစ်စထက်တစ်စ ပိုမိုကြီးမားလာခဲ့ရတော့သည်။

"အင်းဗျာ ... သိန်းနှစ်ဆယ်ဆိုတော့ အတော်များသား။ နို့ပေမယ့်လည်း လူ့အသက်ထက် ပိုအရေးကြီးပါဘူး။ ဟုတ်တယ်မဟုတ်လားဗျာ"

ရွှေနေကြီး၏ စကားကိုကြားတော့ ကျွန်ုပ်စိတ်ဝယ် နှစ်မြို့စွာ ခံစားလိုက်ရသည်။ သူသည် ထိုစကားကို ခပ်ပေါ့ပေါ့ ပြောလိုက်သည်။ မည်သည့်ခံစားမှုမျှ ပါဟန်မတူ။ ထို့ပြင် ကျွန်ုပ်ပြန်ပေးဆွဲခံရသည်၊ သိန်းနှစ်ဆယ်ပေးရသည် ဆိုတာတွေကို သူမည်သို့ သိရှိပါလေသနည်း။ ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်အသတ်ခံရမည်စိုး၍ လျှို့ဝှက်စွာပင် လုပ်ဆောင်ခဲ့၏။ ဘဏ်မှငွေကိုထုတ်၍ ပေးခဲ့ခြင်းဖြစ်သည်။ မည်သူ့ကိုမျှ အသိမပေးခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်။ သို့ဆိုလျှင် –

ထိုအကြောင်းကို ထုတ်မေးရန် ပြင်လိုက်ပြီးမှ ထုတ်မမေးတော့ဘဲ မျိုချလိုက်မိသည်။ ရှေ့နေကြီးက သွားကြားထိုးတံတစ်ချောင်းဖြင့် သွားကြားထိုက်လိုက်ပြီးနောက် သွားကြားထိုးတံကို နှစ်ပိုင်းချိုး၍ လွှင့်ပစ်လိုက်၏။ ကျွန်ုပ်အာရုံအတွင်းမှ ရုပ်လုံးသည်လည်း ပီပြင်သထက် ပီပြင်လာခဲ့ချေပြီ။

"ကျုပ် အခုလာတာက ရှေ့နေကြီးကို တိုင်ပင်ချင်လို့ လာတာ။ ဒီကောင်တွေက တစ်ခါစားဖူးပြီဆိုတော့ နောက်တစ်ကြိမ် ထပ်စားဖို့ ကြိုးစားဦးမှာပဲ။ ဒါကြောင့် ဒီကိစ္စကို ရဲတိုင်ပင်ရင် ကောင်းမလားလို့"

ကျွန်ုပ်စကားကြားတော့ သူက ခေါင်းကို ခါယမ်း၍

"အိုဗျာ ... ရဲတိုင်ရင် အမှုက ပိုရှုပ်လာနိုင်တယ်။ ဟိုကောင်တွေက လည်း အငြိုးထားလာနိုင်တယ်။ ပြီးတော့ ရဲက ဘာလို့ အခုမှ တိုင်ရတာလဲဆိုရင် ရှင်းရခက်မယ်။ အမှုကို ထိမ်ချန်မှုတွေ ဖြစ်လာမယ်။ မလိုလားအပ်တဲ့ပြဿနာ ဖြစ်လာနိုင်မယ်။ ပြီးတဲ့ပြဿနာကို ပြီးပါစေတော့ ဒေါက်တာရယ်"ဟု တားမြစ်လေ၏။

ကျွန်ုပ်လည်း တစ်စုံတစ်ရာ ထပ်မံပြောဆိုခြင်း မပြုတော့ဘဲ အပေါ့သွားလိုကြောင်း ခွင့်တောင်းလိုက်လေသည်။

"ဩော် ... ရပါတယ်။ ဒီအနောက်ဝင်သွား ညာဘက်မှာဗျ"

ကျွန်ုပ်လည်း ၎င်းလမ်းညွှန်ရာအတိုင်း အိမ်သာရှိရာသို့ ဝင်လာခဲ့၏။ ရှေ့နေကြီးမှာမူ ဧည့်ခန်းတွင်ထိုင်၍ ကျန်ရစ်ခဲ့လေသည်။ မီးဖိုချောင်ရှိ ပန်းကန်စင်တွင် ဆောင်ထားသော ဖန်ပုလင်းတစ်လုံးကို ကျွန်ုပ် အမှတ်တမဲ့ တွေ့လိုက်မိသည်။

ကျွန်ုပ် ပြန်ပေးဆွဲခံရစဉ်က အမှောင်ခန်းတွင်နေစဉ် ကျွန်ုပ်ကို ရေသောက်ရန် ယူလာပေးသော ရေဖန်ပုလင်းကိုလည်း သွားအမှတ်ရလိုက်မိသည်။ သေချာစေရန် အနီးကပ်ကြည့်လိုက်ရာ ဖန်ပုလင်း၏ အောက်ခြေနား၌ ဆေးနီစက်လေး တစ်စက်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်အဖမ်းခံရစဉ်က သောက်ခဲ့ရသော ရေဖန်ပုလင်း၏ အောက်ခြေတွင်လည်း ထိုကဲ့သို့ အနီစက်လေး တစ်စက် ရှိနေခဲ့သည်ကို ကျွန်ုပ် ကောင်းစွာ မှတ်မိနေပါသည်။ ထိုမျှသာမက ၎င်းနေရာရှိ ကြမ်းပြင်များမှာ ခပ်ဟာဟာဖြစ်နေ၍ ငုံ့ကြည့်ရာ အောက်တွင် မှောင်မိုက်နေသော်လည်း ထိုနေရာ၌ မြေအောက်ခန်းတစ်ခု ရှိနေမည်ကို ကောင်းစွာ သိလိုက်ရတော့၏။

ကျွန်ုပ်သည် အပေါ့သွားပြီးနောက် ဟန်မပျက်ထွက်လာ၍ ဆိုဖာတွင် ဝင်ထိုင်လိုက်၏။

"ဘယ့်နှယ်လဲ ဒေါက်တာကြီး။ အဆင်ပြေရဲ့လားဗျာ"

"ပြေပါတယ်ဗျာ။ အားလုံး ပြေပါတယ်"

"အေးဗျာ ... ဒေါက်တာ့ဖြစ်ရပ်အတွက် စိတ်မကောင်းပါဘူး။ လူဆိုးတွေကိုလည်း အမြန်ဆုံး ဖမ်းမိပါစေလို့ ဆုတောင်းတယ်ဗျာ"

"အင်း ... ကျုပ်ကလည်း ဒီလိုပဲ မျှော်လင့်ပါတယ်ဗျာ။ ကဲ ... ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ရှေ့နေကြီးက ကျွန်ုပ်ကို တံခါးဖွင့်၍ လိုက်ပို့သည်။ 'ကျီ'ခနဲ မြည်သွားသော တံခါးကိုကြည့်၍ ကျွန်ုပ်က ... "ခင်ဗျားတံခါးရဲ့ပတ္တာက ဆီခန်းနေပြီ။ ဆီလေးဘာလေး ထည့်ပါဦး" ဟု ပြောလိုက်သည်။ ရှေ့နေကြီးကတော့ "ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ" ဟု တုံ့ပြန်၏။

ခြံထဲရောက်သည်နှင့် 'တဝုတ်ဝုတ်'ဖြင့် ဟောင်လိုက်သော ခွေးဖြူကလေးကို တွေ့လိုက်ရ၍ ကျွန်ုပ် ပြုံးလိုက်ပြီး "ခွေးကလေးရယ် ဘာလို့ဟောင်နေတာလဲကွယ်။ မင်း တကယ်ဟောင်ရမှာက အသားထဲက လောက်ထွက်တဲ့သူကိုပါ။ အင်းလေ ... ဘာပဲဖြစ်ဖြစ် မင်းဟောင်သံ ကြားရတဲ့အတွက် ကျေးဇူးတင်ပါတယ် ခွေးကလေးရေ"ဟုပြော၍ ထွက်လာခဲ့၏။

ရှေ့နေကြီးကတော့ နားမလည်မျက်လုံးများဖြင့် ကျွန်ုပ်ကိုတစ်လှည့်၊ သူ့ခွေးကိုတစ်လှည့် ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်သည် ကားကို ပုံမှန်မောင်းလာခဲ့၏။ ကျွန်ုပ်၏ ဦးတည်ရာသည်ကား 'ရဲစခန်း'ပင် ဖြစ်ပါတော့သတည်း။

ဝသုန္ဒြာဟိန်းထက်





www.burmeseclassic.com

www.burmeseclassic.com

# အမှား

■ ကိုဖိုးတင်အောင်

လူတိုင်းဟာ မှားကြတဲ့သူတွေချည်းပါပဲ။ မှားတယ်ဆိုတာ မကောင်းပေမဲ့ အဲသည် မှားတာကြီးကိုပဲ ထပ်တလဲလဲ မှားနေကြတော့ မှားကြတဲ့သူတွေကိုပဲ အပြစ်ဆိုရမလားဖြင့် မသိ။ မှားတာဟာ အပြစ်တော့မဟုတ်ပါဘူး။ ကိုယ်မှားနေမှန်းသိခဲ့ရင် ရပ်တန်းကရပ်လို့ ပြုပြင်စရာရှိတာတွေကို ဆက်ပြီးပြုပြင်လိုက်ပေါ့။ ဒါမှလည်း ကောင်းလာမှာလေ။

ခဏခဏ ဆက်မှားနေခဲ့ရင်တော့ ကိုယ့်မှာ မှားရတဲ့အကြောင်းကိစ္စတွေနဲ့ ပတ်သက်လို့ အားနည်းချက်တွေ ရှိနေပြီလို့သိရတော့မယ်။ မှားတယ်ဆိုတာ မကောင်းဘူးဆိုပေမဲ့ များများမှားတော့ များများအမှန်တွေ ဖြစ်တာပေါ့။ မည်သူမဆို ကိုယ့်နည်းကိုယ့်ဟန်နဲ့ အနည်းနဲ့အများတော့ မှားနေကြတာပါပဲ။

ဝန်ခံပါရစေ။ အဲသည်အထဲမှာ ကျွန်တော်လည်း ပါသလို၊ ကျွန်တော့်ဦးလေးလည်း ပါပါတယ်။ မှားပြီးတဲ့နောက်မှာ သူ့အမှားက ကြီးတယ်၊ ငါ့အမှားက သေးတယ်၊ သည်လိုပုံသည်လိုမျိုးတွေနဲ့ ဆင်ခြေထူပြီး အမှားကို ပြောလို့ရတာမဟုတ်ဘူး။

မှားတာဟာ မှားတာပါပဲ။ ဒါတော့ လက်ခံရမယ်။ လက်မခံလို့ မရတဲ့ တရားအစုမှ မဟုတ်တာ။ တရားတော်ကို ပေါ့တီးပေါ့ဆလုပ်ခဲ့ရင် တရားတော်ကလည်း ကိုယ့်ကိုပြန်ပြီး ပေါ့တီးပေါ့ဆလုပ်တာကို ခံရလိမ့်မယ်။

အဖေကတော့ ခဏခဏပြောဖူးပါတယ်။

"လူ့ဘဝကြီးမှာ နေနေရတဲ့အခိုက်မှာတော့ ဘယ်အမှုကိစ္စမျိုးမဆို မမှားတာ အကောင်းဆုံးပဲကွ"

သည်မှားတယ်ဆိုတဲ့ သတ္တဝါကြီးကို နှစ်ယောက်ချင်းတွေ့ရင် မေးလိုက်ချင်ပါတယ်။ ဘာကြောင့် ခင်ဗျား သည်လောက်တောင် မှားနေရသလဲပေါ့။ ဒါက ကျွန်တော့်စိတ်ကူးပါ။ တစ်နေ့တစ်နေ့ သည်အမှားဆိုတဲ့ ပြဿနာကြီးက ဦးနှောက်ထဲမှာ အလုပ်ကြီးတစ်ခုလို ဖြစ်နေတော့ နေရထိုင်ရတာကိုက စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်ရပါတယ်။

တစ်နေ့မှာတော့ အဖေခိုင်းလိုက်တဲ့ ကိစ္စတစ်ခုကို ကျွန်တော်နဲ့ ဦးလေး သွားရောက်လုပ်ကိုင်ရာမှာ အမှားတစ်ခုနဲ့ အမှတ်မထင် ရင်ဆိုင်တိုးလိုက်ရတယ်။ ကျွန်တော့်အဖေကလည်း မှားတာဆိုရင် လက်မခံတတ်တဲ့သူ။ အခုတော့ဖြင့် သတိထားနေရင်းကနေ နှစ်ယောက်စလုံး မှားကြပြီပေါ့။

သည်တော့လည်း ထွက်ပေါက်တစ်ခုအနေနဲ့ ဦးလေးအပေါ်မှာပဲ ကျွန်တော်လွှဲချလိုက်တယ်။ သည်ကိစ္စက ဦးလေးကြောင့်ဖြစ်ရတာ၊ အဓိကတရားခံက ဦးလေးပဲ။ ဦးလေးကြောင့် ကျွန်တော်လည်း မှားလိုက်ရတာ၊ ဘာညာညာညာပေါ့လေ။

မှားတာကလည်း ငွေရေးကြေးရေးကိစ္စပါ။

ဦးလေးကတော့ ကျွန်တော် ပြောတဲ့ စကားတွေရဲ့အပေါ်မှာ စိတ်မဆိုးတဲ့အပြင် အရယ်အပြုံးနဲ့တောင်မှ ဆိုလိုက်သေးတယ်။

"မင်းအဖေခိုင်းလိုက်တဲ့ ကိစ္စက တို့နှစ်ယောက်အတူတူ လုပ်ရတာဆိုတော့ မှန်လည်းအတူတူ၊ မှားလည်းအတူတူပဲဖေ့ပေါ့ကွာ။ ဒါပေမဲ့လို့ သည်လိုတော့ ရှိတယ်။ တို့မှားတယ်ဆိုတာက ပေးဆပ်ခြင်းများစွာနဲ့ မှားနေရတာပါ။ မင်းတို့က ခုမှ လူဖြစ်ဖို့ ကြိုးကာရှိသေးတော့ မင်းတို့အမှားတွေက ရယူခြင်းများစွာနဲ့ မှားနေတာမဟုတ်လား။ ဘယ်သူ့အမှားက ပိုဆိုးသလဲ။ ဒါကို မင်းစဉ်းစားဖို့လိုတယ်နော်"

အဖြေဆိုတာ ရှာရင်တွေ့တတ်ပါတယ်။ ကျွန်တော်လိုချင်နေတဲ့အဖြေ ဦးလေးဆီမှာ တွေ့ရပြီပဲ။ ဟုတ်ပါတယ်။ လူတိုင်းမှားကြတာပါပဲ။ မှားပေမဲ့လို့ ပေးဆပ်ခြင်းများစွာနဲ့ မှားနေခဲ့ရင်တော့ မထောင်းသာပေမဲ့ ရယူခြင်းများစွာနဲ့ မှ[illegible]နေခဲ့ရင်တော့ အမှားသံသရာထဲကကို မလွတ်ကင်းနိုင်တော့ပါဘူး။

မမှားအောင်နေ၊ မသေအောင်ကြိုးစားနိုင်ကြပါစေ ...

ကိုဖိုးတင်အောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တိမ်သလ္လာဖုံးပါလို့

■ ရဲမြတ်တင်

နေက ကျဲကျဲပူနေသည်။ ကောင်းကင်၌ နေလုံးကြီးက ဝင်းစင်းတောက်လျက်ရှိသည်။ အပူရှိန်ကြောင့် ရိုးရိုးသမျှ သစ်ပင်တွေက ညှိုးကုပ်နေကြသည်။လေငြိမ်နေသောကြောင့်လည်း သစ်ကိုင်းသစ်ခက်များက တုတ်တုတ်မျှမလှုပ်သာဘဲ အပူဒဏ်ကိုသာ စင်းစင်းငြိမ်ခံနေကြရသည်။ မြစ်ပြင်တစ်လျှောက်၌မူ အပူငွေ့တွေက တရိပ်ရိပ်ပြေးလျက် ရှိသလို တံလျှပ်တွေကပါ တလက်လက်ထလျက်ရှိလေသည်။

ရွာအလယ်လမ်းအတိုင်း ကိုမော်လွင် လျှောက်လာခဲ့သည်။ သူလျှောက်လာခဲ့သော လမ်းတစ်လျှောက်လုံးမှာပင် ငါးခြောက်လှမ်းစင်များကို တွေ့ရသည်။ ထိုလှမ်းစင်များပေါ်၌ ကော့လန်ပျံနေသော ငါးသေးငါးမွှားတို့ကိုလည်းကောင်း၊ ပြားပြားကားကားနှင့် ကြီးမားလှသည့် ငါးခြောက်ပြားကြီးများကိုလည်းကောင်း သူတွေ့ခဲ့ရသည်။ ထိုလှမ်းစင်ပေါ်မှ ထွက်လာသော ပုပ်အဲ့အဲ့အနံ့များကမူ သူ့နှာခေါင်းထဲ၌ မွှန်ထူ၍ပင်နေလေသည်။

ထိုသို့လျှောက်လာခဲ့ရင်း မကြာမီပင် သူဝင်ရမည့်အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လေတော့သည်။

"ဟော ... ကိုမော်လွင်ကြီးလာပြီ။ လာ ... လာ ... ကိုမော်လွင်၊ နေပူကြီးထဲ လျှောက်လာတာကိုး"

"သန်းနုတို့ ... အေးကြိုင်တို့ရေ ဒီမှာ ကိုမော်လွင်ရောက်ပြီဟေ့၊ ပစ္စည်းကြည့်မှာဆို၊ လာခဲ့ကြ"

ကိုမော်လွင်က အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။ ကိုမော်လွင်ထိုင်ပြီးသည်နှင့် အိမ်ရှင် ကိုသောင်းလှက ယပ်တောင်တစ်ချောင်း ဆီး၍ကမ်းသည်။ မကြာမီ အိမ်နီးနားချင်း အမျိုးသမီးလေးငါးယောက်ခန့်က အိမ်ပေါ်သို့တက်လာကြသည်။ ထို့နောက် ကိုသောင်းလှ၏ဇနီး မကျင်ဥကပင် စကားစလိုက်သည်။

"ကဲ ... ကိုမော်လွင်၊ သူတို့ကလည်း ပစ္စည်းတွေကြည့်ချင်လို့တဲ့၊ သူတို့ကိုပါ တစ်ခါတည်းပြလိုက်ပါဦး"

"ရပါတယ်ဗျာ ... ရပါတယ်၊ ပြရမှာပေါ့ ... ပြရမှာပေါ့"

လက်ထဲမှ ယပ်တောင်ကို ပြန်ချလိုက်သည်။ လက်ဆွဲအိတ်အတွင်းမှ သတ္တုဘူးကလေးကို ထုတ်ယူလိုက်သည်။ သတ္တုဘူးအဖုံးကိုဖွင့်၍လည်း အများရှေ့တွင် ချပြလိုက်သည်။ ဘူးထဲမှာတော့ ရွှေထည်လက်ဝတ်ပစ္စည်း[illegible] များက အရောင်တလက်လက်[illegible] ချင်း ပြိုင်နေကြလေသည်။

"ပစ္စည်းတွေက [illegible] ကထက်တောင် စုံနေပါ[illegible] ပြားလေးက ဘယ်[illegible]"

"ကျုပ်တော့ [illegible] လေးကို [illegible] နားနဲ့ အ[illegible]"

"ငါတော့ [illegible] ကြိုက်တယ်[illegible] ဘယ်နှ[illegible]"

[illegible] တစ်ယောက် တစ်ပေါက် [illegible] သူတို့ [illegible] ရှည်များကိုလည်း [illegible] လက် [illegible] ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်နှင့် ပြုလုပ်လျက်ရှိကြသည်။ သည့်လိုနှင့်ပင် ပစ္စည်းသုံးလေးမျိုးလောက် ရောင်းထွက်သွားတော့သည်။ သို့သော် ပစ္စည်းကိုသာ ရောင်းလိုက်ရသော်လည်း ငွေကိုမူ ချက်ချင်းမရ။ မကျင်ဥကပင် ထုံးစံအတိုင်း –

"ပိုက်ဆံကိုတော့ တစ်ပတ်လောက် ဆိုင်းမှဖြစ်မယ်နော် ကိုမော်လွင်။ လောလောဆယ် ဘယ်သူ့မှမလည်ကြသေးဘူး"

"ကောင်းပါပြီ ... ကောင်းပါပြီ"

"ငါးခြောက်တွေက ရတော့မှာပါ။ ဒိုင်ကိုငါးခြောက်သွင်းပြီးတာနဲ့ ကိုမော်လွင့်ပစ္စည်းဖိုးက အံကိုက်ပဲပေါ့"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

ထို့နောက် ခဏတစ်ဖြုတ်နား၍ ရေနွေးကြမ်း တစ်ခွက်နှစ်ခွက်သောက်ပြီးသည်နှင့် ထိုအိမ်ပေါ်မှ ပြန်ဆင်းလာခဲ့သည်။ ရွာလည်လမ်းအတိုင်းလျှောက်လာခဲ့ပြီး နောက်ထပ် ဖောက်သည်အိမ်တစ်အိမ်သို့ ဝင်ပြန်လေသည်။

ဤသည်မှာ ကိုမော်လွင့်အလုပ်ပင်ဖြစ်သည်။ သူက မြို့ပေါ်ရှိ ပန်းထိမ်ဆိုင်များမှ ရွှေထည်များကို ဝယ်ယူကာ နယ်တကာလှည့်ပြီး တစ်ဆင့်ရောင်းချနေသော အလုပ်ကို လုပ်ကိုင်သည်။ ဤမြစ်ဖျားတစ်လျှောက်ရှိ တံငါရွာကလေးများမှာ သူ့အမြဲတမ်း လာနေကျ ဖောက်သည်ရွာကလေးများပင် ဖြစ်သည်။ သူက ခရီးတစ်ခါထွက်လျှင် တစ်လကျော်ကျော်လောက် ကြာတတ်သည်။ ရွာစဉ်တစ်လျှောက် ပစ္စည်းဝင်ရောင်းလိုက်၊ ပိုက်ဆံစောင့်သူလိုက်နှင့်မို့ ထိုမျှလောက်ကြာမြင့်ခြင်း ဖြစ်သည်။ ဤအလုပ်မျိုးက ဤကဲ့သို့ စိတ်ရှည်ရှည်နှင့် မလုပ်၍လည်းမရပါ။

သူယခုရောက်ရှိနေသော စိန်ပန်းအညာရှိ တံငါသည်ရွာကလေးမှာ ဤတစ်ခေါက်အတွက်တော့ နောက်ဆုံးရွာဖြစ်သည်။ သူ့သက်ထဲတွင်လည်း လက်ကျန်ရွှေထည်က သိပ်မရှိတော့ပြီ။ ဤရွာတွင် ပစ္စည်းဖိုးငွေကောက်ပြီးပါက ကိုမော်လွင် မြို့ပေါ်သို့ ပြန်တက်တော့မည်။

ရစရာရှိသောအကြွေးကို စောင့်ပြီးတောင်းရသော အလုပ်က သိပ်တော့ မခက်ခဲလှပါ။ ယူထားသောပစ္စည်းဖိုးကို ရှောရှောရှူရှူပေးကြသည်က များပါသည်။ လိမ်သွားတာမျိုး၊ ညာသွားတာမျိုး၊ လက်ခက်နေတာမျိုးကို ကိုမော်လွင် တစ်ခါမျှ မကြုံဖူးခဲ့ပါ။ တောသူတောင်သားများပီပီ ရိုးသားကြသည်က များပါသည်။ တစ်ခုသာ ပြောစရာရှိသည်။ အချို့က ငွေအစား ငါးခြောက်ငါးခြမ်းတို့ကို ထိုးပေးလိုက်တတ်တာမျိုး ရှိတတ်သည်။ ထိုအခါမျိုးတွင် သူ့ဘက်ကလည်း ဇီဇာကြောင်မနေပါ။ ပေးလာသော ငါးခြောက်ကိုပင် ဒေသပေါက်ဈေးဖြင့် ချိန်ချက်ပြီး ကျေကျေနပ်နပ်ယူလိုက်သည်သာ ဖြစ်သည်။ ဤသည်မှာ အရှည်ကိုကြည့်သည့်သဘော၊ စီးပွားရေးသမားပီသသည့် သဘောပင် ဖြစ်သည်ဟု ကိုမော်လွင်က နှလုံးပိုက်ထားသည်။

× × × × ×

ရွာထဲလှည့်ပြီးသည်နှင့် ကိုမော်လွင်က တည်းခိုရာအိမ်သို့ ပြန်လာခဲ့သည်။ သူတည်းခိုသောအိမ်က ရွာအရှေ့ပိုင်းမှ ကိုသိန်းငွေ၊ မငွေးကြည်တို့အိမ်ဖြစ်သည်။

သူပြန်ရောက်ရောက်ချင်းပင် ကိုသိန်းငွေက ဆီးပြောတော့သည်။

"ကိုမော်လွင်ရေ ... ခုတင်ပဲ ကိုငြိမ်းမောင်တို့လင်မယား ပြန်သွားတယ်။ ငါးခြောက်တောင်းတွေလည်း ထားခဲ့တယ်။ သူတို့ဝယ်ထားတဲ့ လက်စွပ်ကလေးအတွက် ငွေအစား ငါးခြောက်ပဲ ပေးမယ်လို့ ခင်ဗျားကို ပြောထားတယ်ဆို"

"ဟုတ်တယ် ကိုသိန်းငွေ .. ဟုတ်တယ်။ ငါးခြောက်က အချိန်ဘယ်လောက်တဲ့လဲ"

"၂၈ ပိဿာနဲ့ ၅ဝသားလို့ ပြောသွားတာပဲ။ အဲဒါဟုတ်ရဲ့လား"

"ဒါဆို ဟုတ်ပါတယ်။ အဲဒီအတိုင်းပါပဲ"

"ခင်ဗျား ပြန်ချိန်ကြည့်ချင်ကြည့်ပါဦးလား။ ဟိုမှာချိန်ခွင်ရှိတယ်လေ"

"တော်ပါပြီဗျာ။ မလိုတော့ပါဘူး။ အချင်းချင်းတွေပဲဟာ"

ကိုသိန်းငွေက ငါးခြောက်တောင်းများကို ညွှန်ပြနေသည်။ ကိုမော်လွင်က လျှောက်သွားလိုက်ပြီး တောင်းထဲမှ ငါးခြောက်တစ်ပြားကိုထုတ်၍ တစ်ချက်နမ်းကြည့်လိုက်သည်။ ထို့နောက် တောင်းထဲသို့ ပြန်ထိုးထည့်လိုက်သည်။ ထိုအချိန်မှာပင် အိမ်ရှေ့လမ်းပေါ်မှ လှည်းဝင်ရိုးသံတအီအီနှင့်အတူ သူ့နာမည်အားလှမ်းခေါ်လိုက်သည့် အသံကို ကိုမော်လွင်ကြားလိုက်ရသည်။ လှည့်ကြည့်လိုက်ရာလှည်းတစ်စီးကို တွေ့လိုက်ရသည်။ လှည်းပေါ်တွင် လှည်းသမားဘေး၌ ကပ်ထိုင်နေသော ကိုထွန်းရွှေကို တွေ့လိုက်ရသည်။ ကိုထွန်းရွှေက ကိုမော်လွင်အား လက်မြှောက်ပြကာ အော်ဟစ်ပြောဆိုလိုက်သည်။

"ပြန်ပြီဗျို့ ကိုမော်လွင်။ ခင်ဗျားမိန်းမကို ဘာပြောလိုက်ဦးမလဲ။ မှာစရာရှိ မှာလိုက်လေ"

"လပြည့်ကျော် တစ်ရက်နေ့လောက် ပြန်ရောက်မယ်လို့ ပြောလိုက်ပါဗျို့ ... ကိုထွန်းရွှေ။ ငါးခြောက်တောင်းတွေပါလာမှာမို့ မော်တော်ဆိပ်ကိုလာကြိုပါလို့လည်း ပြောလိုက်ပါဦး"

"ကောင်းပြီ .. ကောင်းပြီ။ ပြောလိုက်မယ် ... ပြောလိုက်မယ်"

လှည်းအီသံကြောင့် အပြန်အလှန်အသံကိုမြှင့်၍ ပြောဆိုကြရသည်။ ထို့နောက် လှည်းက မြစ်ဆိပ်ဘက်သို့ အီအီနှင့် ထွက်ခွာသွားလေသည်။ လှည်းပေါ်တွင် တောင်းကြီးတောင်းငယ်များဖြင့်

www.burmeseclassic.com

ပြည့်မောက်လျက်ရှိရာ ထိုတောင်းများမှာ ကိုထွန်းရွှေဝယ်ယူလာသော ငါးခြောက်တောင်းများပင်ဖြစ်သည်။ ကိုထွန်းရွှေက ကိုမော်လွင်နည်းတူ မြို့ပေါ်တွင်နေထိုင်သူဖြစ်သည်။ သူက ဈေးထဲတွင် ငါးခြောက်ဆိုင်ကြီးတစ်ဆိုင်ကိုပါ ဖွင့်ထားသည်။ သူသည်လည်း ဤရွာသို့ တစ်လတစ်ကြိမ်လောက် ငါးခြောက်လာဝယ်လေ့ရှိသည်။

× × × × ×

နေချိုသည်နှင့် ကိုမော်လွင်က ရေချိုးရန် မြစ်ဆိပ်သို့ ဆင်းလာခဲ့သည်။ တဘက်တစ်ထည်ကို ပခုံးပေါ်တင်ကာ ဆပ်ပြာခွက်ကို လက်က ကိုင်လာခဲ့သည်။ လမ်းတစ်လျှောက်၌ ရေချိုးဆင်းသူ၊ ရေခပ်ဆင်းသူများဖြင့် စည်ကားလျက်ရှိသည်။

သောင်ပြင်မရောက်မီ အိမ်တစ်အိမ်ရှေ့သို့အရောက်တွင် လူအချို့ စုရုံးစုရုံးလုပ်နေကြသည်ကို သူတွေ့လိုက်ရသည်။ ဆူဆူညံညံနှင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံများကိုပါ ကြားရသည်။

ကိုမော်လွင်က နီးရာလူတစ်ယောက်ကို စပ်စုလိုက်မိသည်။

"ဘာဖြစ်ကြတာလဲဗျ။ လူတွေ တရုန်းရုန်းနဲ့ပါလား"

"သူတို့သားလေး အိမ်ပြန်ရောက်လာလို့တဲ့။ ဆွေမျိုးသားချင်းတွေက ဝမ်းသာအားရဖြစ်နေကြတာ"

"ဩော် ... ဘာများလဲလို့။ နို့ .. သူတို့သားက ဘယ်သွားတာမို့လို့လဲ"

"ဒါတော့ ကျုပ်လည်း မသိပါဘူး။ ဒီကောင်က အိမ်ကထွက်သွားတာတော့ ငါးနှစ်လောက်ရှိပြီ။ သေသလား၊ ရှင်သလားမသိဘဲပျောက်နေတာ။ ခုလို ရုတ်တရက်ပြန်ပေါ်လာတော့ ဝမ်းသာကြတာပေါ့။ ဟိုမှာ မအေလုပ်တဲ့သူ မျက်ရည်မစဲအောင်ငိုနေတာကြည့်ပါလား"

ကိုမော်လွင်လှမ်းကြည့်သည်။ မှန်သည်။ မိခင်လုပ်သူက သားပျောက်၏လက်မောင်းတစ်ဖက်ကို မလွှတ်တမ်းဖက်တွယ်ထားပြီး ကြုံကြုံပါအောင်ငိုနေရှာသည်။ ထိုမြင်ကွင်းကို သူအတန်ကြာအောင်ပင် ငေးမောကြည့်နေမိသည်။ နောက်မှ သက်ပြင်းတစ်ချက်ကိုချကာ မြစ်ဆိပ်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။ မြစ်ဆိပ်ရောက်သော် ချက်ချင်းရေမချိုးနိုင်သေး။ ကျောက်ဆောင်တစ်ခုပေါ်၌ထိုင်ကာ သူငိုင်တွေနေမိသည်။ ပြောရလျှင် စောစောကမြင်တွေ့ခဲ့ရသော မြင်ကွင်းက ယခုတိုင် သူ့အာရုံထဲမှာ စွဲကျန်လျက်ရှိသည်။ ထိုမြင်ကွင်းမှတစ်ဆင့် ရရှိလိုက်သော ခံစားချက်ဝေဒနာကလည်း ယခုတိုင် သူ့ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေရသေးသည်။

ကိုမော်လွင့်တွင်လည်း သားတစ်ယောက်ရှိသည်။ ထိုသားလေးနှင့် ကွဲကွာနေရသည်မှာလည်း ၁၀ နှစ်ခန့်ပင်ရှိရော့မည်။ ထို့ကြောင့် စောစောက မိဘနှင့်သားသမီး ပြန်လည်ပေါင်းဆုံခန်းကို တွေ့လိုက်ရသောအခါ သူ့ရင်နှင့်အောင် ခံစားလိုက်ရသည်မှာ အဆန်းမဟုတ်ချေ။ မိမိသည်လည်း ကွဲကွာနေသော သားကလေးနှင့် ပြန်လည်ပေါင်းဆုံရပါမူ မည်မျှကောင်းပါမည်နည်း။ မည်သည့်ရုပ်ရည်မျိုးရှိနေမည်မသိသော မိမိသားကလေးနှင့် ပြန်တွေ့လိုက်ရပါက မိမိမည်မျှလောက် ဝမ်းသာရပါမည်နည်းဟု သူ့အနေနှင့် အထူးပင် တောင့်တဆာလောင်လိုက်မိသည်မှာလည်း ဖြစ်သင့်ဖြစ်ထိုက်သော အကြောင်းအချက်ပင်ဖြစ်တော့သည်။

ကိုမော်လွင်မှာ အောက်သူအောက်သားတစ်ဦး ဖြစ်သည်။ သို့သော် သူက ငယ်စဉ်ကပင် အထက်အညာတစ်ခွင်၌ ကျင်လည်ခဲ့ရသည်။ ထိုဒေသ၌ ရွှေတူးသောအလုပ်ကို လုပ်ကိုင်ရင်း ထိုဒေသခံ အမျိုးသမီးတစ်ဦးနှင့်ပင် အိမ်ထောင်ကျခဲ့ရသည်။ သားလေးတစ်ယောက်ကိုပါ ရခဲ့သည်။ သားလေး၏နာမည်ကို မောင်ဝင်းမော်ဟု မှည့်ခေါ်ခဲ့သည်။

သားလေး ရှစ်နှစ်သားခန့်အရောက်တွင် ဖနီးဖြစ်သူ ဆုံးပါးသွားသည်။ သူသည်လည်း ရွှေတော၏ဒဏ်ကြောင့် ငှက်ဖျားမိကာ အသည်းအသန်ဖြစ်ခဲ့ရသည်။ အိမ်ထောင်လည်းပျက်၊ ရောဂါလည်းရကာ ဒုက္ခသုက္ခမျိုးစုံတို့နှင့် ကြုံဆုံခဲ့ရသည်။ နောက်ဆုံးတွင် သားလေးကို သူ့အဘိုးအဘွားများထံ ထိုးအပ်ခဲ့ပြီး အောက်ပြည်အောက်ရွာသို့ ကိုမော်လွင် အားချင်းပြန်လာခဲ့ရသည်။ ၎င်းကပင် သားလေးနှင့် အပြီးအပိုင် ခွဲခွာခဲ့ရခြင်းဖြစ်တော့သည်။

သူ့ငှက်ဖျားပျောက်ပြီးသော်လည်း နေရာဟောင်းသို့ ပြန်မသွားနိုင်တော့ပေ။ ဇာတိရပ်ရွာမှာပင် ဆက်လက်နေထိုင်ခဲ့တော့သည်။ နောက်အိမ်ထောင်ကိုပါ ပြုခဲ့သည်။ နောက်အိမ်ထောင်ဖြစ်သော မသန်းသန်းဦးက သူ့ထက်အသက်အတန်ပင်ငယ်လှသည်။ သို့သော် အိမ်ထောင်သက်သာ တဖြည်းဖြည်းရှည်ကြာလာသော်လည်း သန်းသန်းဦးနှင့် သားသမီးတစ်ဦးမျှ မရ။ ထိုသို့မရသည့်အတွက်လည်း ရှိပြီးသောသားလေး မောင်ဝင်းမော်ကို ပိုလို့အောက်မေ့ရသည်၊ တမ်းတရသည်။ အဖေတစ်ကွဲ၊ သားတစ်ကွဲနေရသည့်အဖြစ်ကို တွေးမိလိုက်တိုင်း ဆွတ်ကျင်လွမ်းမောမိရသည်။

မဖြစ်ချင်တာဖြစ်ရ၊ ဖြစ်ချင်တာ မဖြစ်ရလေသည်မှာ လောကသဘာဝပင် ဖြစ်သည်။ ထိုသဘာဝအတိုင်း လက်ခံလိုက်နာရမည်မှာလည်း လူသားတိုင်း၏ ဘဝပေးတာဝန်သာဖြစ်သည်။ ထို့ကြောင့် ကိုမော်လွင်သည်လည်း ဖြစ်ချင်သည့်ဆန္ဒနှင့် ဖြစ်နေရသည့်ဘဝကို ကျိတ်မှိတ်အောင့်အည်းလျက်သာ ခေါ်တင်ကာခံယူ နေခဲ့ရသည်သာ။

www.burmeseclassic.com

နောက်တစ်ပတ်မျှ အကြာတွင် ကိုမော်လွင် မြို့ပေါ်သို့ ပြန်ရန်ပြင်လေသည်။ ပစ္စည်းဖိုးရစရာရှိသည်များကိုလည်း အားလုံး ကောက်ပြီးသွားလေပြီ။ ပစ္စည်းဖိုးကို အချို့က ပိုက်ဆံဖြင့်ပေးဆပ်ကြပြီ။ အချို့ကမူ ပိုက်ဆံအစား ငါးခြောက်ကိုသာ ထိုးပေးကြလေရာ ကိုမော်လွင့်ထံတွင် ငါးခြောက်များပါ အတော်အတန် စုဆောင်းမိနေလေပြီ။ ပထမတွင် ထိုငါးခြောက်တောင်းများကို မော်တော်ဖြင့်တင်ပြီး မြစ်ကြောင်းလမ်းမှ ပြန်ရန် စီစဉ်ခဲ့သေးသည်။ ထိုအတောအတွင်းမှာပင် ကားလမ်းပေါ်မှ ကျိုးနေသောတံတားတစ်ခုက ပြန်လည်ပြင်ဆင်၍ ပြီးစီးသွားလေရာ ကိုမော်လွင်က ခရီးတွင်စေရန်အတွက် ကားလမ်းမှပြန်တော့ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် အိမ်သို့မှာကြားထားသည့် လပြည့်ကျော်တစ်ရက်နေ့မှာပင် ငါးခြောက်တောင်းများကို ကားဖြင့်တင်ကာ ကိုမော်လွင် မြို့ပေါ်သို့ ပြန်ထက်ခဲ့တော့သည်။

× × × × ×

ကိုမော်လွင်စီးလာသော ကားက ဂိတ်ရှေ့မှာပင် ထိုးရပ်လိုက်သည်။ ကိုမော်လွင်က ကားပေါ်မှဆင်းလိုက်သည်။ ထို့နောက် တွန်းလှည်းသမားတစ်ယောက်ကို လှမ်းခေါ်ကာ သူ့ငါးခြောက်တောင်းများကို ညွှန်ပြ၍ အိမ်အရောက်ပို့ပေးရန် မှာကြားလိုက်သည်။တွန်းလှည်းသမားကို မှာခဲ့ပြီးနောက် သူက အိမ်သို့ ချက်ချင်းပင် ပြန်လာခဲ့သည်။

တဖြည်းဖြည်း လျှောက်လာရင်း လမ်းဆုံသို့ရောက်လာခဲ့သည်။ ထိုလမ်းဆုံမှာ ကားဂိတ်သို့သွားသောလမ်းနှင့် မော်တော်ဆိပ်သို့သွားသောလမ်း ဆုံတွေ့ရာနေရာ ဖြစ်သည်။ ထိုလမ်းဆုံ၌ပင် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည်။

ကိုမော်လွင်ကို ထိုလက်ဖက်ရည်ဆိုင်ရှေ့သို့အရောက်တွင် တစ်စုံတစ်ယောက်က သူ့ပခုံးကိုလှမ်းဆွဲလိုက်သည်၊ သူလှည့်ကြည့်လိုက်ရာ ဆံပင်ညှင်းသိုးသိုး၊ မျက်နှာပွစိစိ၊ မုတ်ဆိတ်နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲနှင့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ တစ်ပြိုင်တည်းမှာပင် ထိုလူထံမှ ချဉ်စုတ်စုတ် အရက်နံ့ကိုပါ ရှူရှိုက်လိုက်ရလေရာ ကိုမော်လွင်က နှာခေါင်းရှုံ့လိုက်မိသည်။

ထိုလူက စကားစသည်။

"ဟေ့ကောင် မော်လွင် ... ဘယ်ကပြန်လာတာလဲ"

"နယ်ကပြန်လာတာကွ။ ခုပဲရောက်တာ"

"ဟုတ်လား ... မင်းကိုပြောစရာတစ်ခုရှိတယ်"

"နောက်မှ ပြောကွာ။ ငါအခုမအားသေးဘူး။ နောက်မှာ ငါးခြောက်လှည်းပါလာတယ်"

ပြောပြီး ကိုမော်လွင်က ဆက်လျှောက်ရန်ပြင်သည်။ သို့သော် ထိုလူက ကိုမော်လွင်လက်မောင်းကို ဆွဲမြဲဆွဲထားသည်။ သို့အတွက် ကိုမော်လွင်က ဒေါသထောင်းခနဲ ထွက်သွားသည်။ မျက်မှောင်ကိုကြုတ်၍လည်း ခတ်ထန်ထန် ပြန်ကြည့်လိုက်မိသည်။ ပြောရလျှင် သူက သည်လိုလူစားမျိုးနှင့် စကားလည်းမပြောချင်သလို မျက်နှာချင်းလည်း မဆိုင်ချင်။ သည်ကောင့်နာမည်က ကျော်ကင်း ဖြစ်သည်။ ငယ်ငယ်တုန်းကတော့ တွဲဖော်တွဲဖက် သူငယ်ချင်းတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ သို့သော် ယခုတော့ သည်ကောင့်ကို ငယ်စာရင်းမှ ဖျက်လိုက်သည်မှာ ကြာချေပြီ။ အကြောင်းမှာ သည်ကောင်က လူဆိုးဖြစ်သည်၊ လူမိုက်ဖြစ်သည်၊ ထောင်ထွက်ဖြစ်သည်။ ပိုက်ဆံရလျှင် ဘာမဆို လုပ်တတ်သော ဒုစရိုက်သမားဖြစ်သည်။ ထို့ကြောင့် သည်ကောင်နှင့်တွေ့လျှင် ဝေးဝေးရှောင်ခဲ့သည်မှာလည်း ကြာခဲ့ချေပြီ။

ယခုတော့ တည့်တည့်ဝင်တိုးမိလေပြီ။ ထို့မှမက သူ့ကိုပါ မရမကဆွဲထားပြန်လေပြီ။ အရက်ဖိုးရဖို့ အတင်းမိုက်ကြေးခွဲပြီး တောင်းတော့မည်ဟု သူထင်လိုက်မိသည်။ သို့သော် –

"နေစမ်းပါဦးကွ မော်လွင်ရ၊ ဘယ်လိုဖြစ်နေတာလဲ၊ ငါပြောမယ့် အရေးကြီးတဲ့စကားကို မင်းနားမထောင်တော့ဘူးလား။ မင်းမိန်း မယန်းသန်းဦး နောက်ပိုင်းမှာ ဘာတွေဖြစ်ပျက်နေတယ်ဆိုတာ မင်းမသိချင်တော့ဘူးလား"

ထူးဆန်းသော စကားကြောင့် ကိုမော်လွင် ရုတ်ခြည်းစိတ်ပြောင်းသွားသည်။ မျက်နှာပါပြောင်းသွားသည်။ ကိုယ်လုံးကို တစ်ဖက်သို့စောင်းနေရာမှ ကျော်ကင်းဘက်သို့ တည့်တည့်လှည့်လိုက်သည်။ သိချင်စိတ်ဖြင့်လည်း မေးလိုက်သည်။

"ဆိုစမ်းပါဦး ... ငါ့မိန်းမ ဘာဖြစ်နေလဲ"

"ဟဲ ... ဟဲ .... ဒီလိုမှပေါ့။ လာ ငါပြောပြမယ်။ ဆိုင်ထဲဝင်ရအောင်"

ကျော်ကင်းက ရှေ့မှနေ၍ ဆိုင်ထဲဝင်သွားသည်။ ကိုမော်လွင်က သံလိုက်နှင့် အဆွဲခံလိုက်ရသလို ကျော်ကင်းနောက်မှ ကပ်၍လိုက်ပါသွားသည်။ ထောင့်ကျကျစားပွဲတစ်ခုတွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။

ကျော်ကင်းက ဘေးဘီကို တစ်ချက်ဝင့်ကြည့်လိုက်ပြီးမှ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"မပြောမရှိနဲ့ ဟေ့ကောင်။ မင်းမိန်းမ ယောကျ်ားတစ်ယောက်နဲ့ စခန်းသွားနေတယ် နားလည်လား"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com

ရုတ်ခြည်းပင် မျက်မိကျယ်သွားသည်။ မျက်နှာတွေ၊ နားရွက်တွေ ပူထူသွားသည်။ နှလုံးသွေးကပါ တဒိန်းဒိန်း ဆောင့်ခုန်လာသည်။

"မင်း .. မင်း .. တကယ်ပြောနေတာလားဟေ့ကောင်"

"တကယ်ပြောတာပေါ့ကွ။ ဘာလဲ ... ငါ့ကို လူဆိုးဆိုပြီး ငါပြောတဲ့စကားကို မယုံချင်ဘူးလား။ ဒီပြင်အချိန်မှာ မင်းက ငါ့ကို မတွေ့ချင်ဘူးဆိုရင် ငါကလည်း ကျောခိုင်းသွားလိုက်ရုံပေါ့ကွ။ ဘာကရှုံစိုက်စရာရှိလဲ။ ခုကိစ္စက မင်းဘဝတစ်ခုလုံးနဲ့ သက်ဆိုင်နေတဲ့ ကိစ္စမို့လို့ ငါက သူငယ်ချင်းစိတ်နဲ့ ဝင်သတိပေးတာကွ။ နားလည်လား ဟေ့ကောင်"

ရင်တွင်း၌ ယောက်ယက်ခတ်ရလေပြီ။ ပူလောင်ရလေပြီ။ ချောက်ကပ်ကပ်အသံဖြင့် ကျော်ကင်းကိုအလျင်စလို မေးလိုက်မိသည်။

"မင်းက ဘာတွေ့သလဲ ... ပြောပါဦး"

"တွေ့တာပေါ့ကွ။ မင်းကောင်မက ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်နဲ့ ဖြစ်နေတာ။ ပထမတစ်ခါ အဲဒီကောင်လေးနဲ့ ညမိုးချုပ်ခါနီး ဘုရားစောင်းတန်းပေါ်တက်သွားတာ မြင်လိုက်ရတယ်။ မင်းမိန်းမက အဲဒီကောင်လေးရဲ့ ပခုံးကိုဖက်လို့။ နောက်တစ်ခါတော့ မင်းအိမ်ပေါ်မှာကို တွေ့ရတယ်။ အဲဒီကောင်လေး မင်းအိမ်ပေါ်တက်သွားတာ တွေ့လိုက်ရတာနဲ့ ငါလည်း ပထမတစ်ကြိမ်ကတည်းက မသင်္ကာဖြစ်ထားတာဆိုတော့ သူ့နောက်က မသိမသာလိုက်ချောင်းလိုက်မိတယ်။ လား .. လား . ဒီတစ်ခါတော့ သူတို့နှစ်ယောက်ကို အိပ်ရာထဲမှာ တန်းလန်းကြီးတွေ့ရကော့တာပဲ။ ကောင်လေးက ပက်လက်အိပ်လို့။ မင်းကောင်မက ကောင်လေးအားမှာထိုင်ပြီး ကောင်လေးနဲ့ မျက်နှာချင်းအပ်လို့။ ကိုင်း ... ဒီထက်သေချာတာ ဘာရှိသေးလဲ"

"တောက် ..."

အံကိုတင်းတင်းကြိတ်လိုက်မိသည်။ လက်သီးကိုပါ ကျစ်ကျစ်ဆုပ်လိုက်မိသည်။ မျက်လုံးတွေက မီးဝင်းဝင်းတောက်လာသလို သူ့တစ်ကိုယ်လုံးပါ နတ်ကျသလို တဆတ်ဆတ်တုန်စပြုလေပြီ။ ရုတ်ခြည်းပင် အသက်ငယ်ငယ်၊ အရွယ်နုနုနှင့် ပလီပလာ ဟီဟီဟာဟာ ပြောတတ်စွာသော သန်းသန်းဦးအား လျှာနှစ်ခွနှင့် မြွေဟောက်မအသွင်သို့ ပြောင်းလဲမြင်ယောင်လိုက်မိသည်။

ထိုစဉ် ကျော်ကင်းက -

"ဟေ့ကောင်မော်လွင် ... ဟိုမှာတွေ့လား။ အဲဒီကောင်ပဲ ... အဲဒီကောင်ပဲ။ မင်းမိန်းမဖြစ်နေတာ အဲဒီကောင်ပဲ"

ဟု ပျာပျာသလဲပြောကာ လက်ညှိုးထိုးပြလေသည်။ ကိုမော်လွင်က ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။ လမ်းဟိုဘက်၌ အရပ်မြင့်မြင့်၊ ကိုယ်လုံးထွားထွားနှင့် လူငယ်တစ်ယောက်က မော်တော်ဆိုင်ဘက်သို့ သွားနေလေသည်။ ဘောင်းဘီရှည်နှင့် ဂျင်းဂျာကင်ကို ဝတ်ဆင်ထားသော ထိုသူမှာ ဆံပင်က ရှည်ရသည့်အထဲ ခေါင်းကိုပါ အောက်ငုံ့ထားလေရာ မျက်နှာကို သဲကွဲစွာမမြင်ရပေ။

"ဘယ်ကကောင်လဲမသိဘူး။ တို့ရပ်ကွက်ထဲမှာလည်း တစ်ခါမှမမြင်ဖူးဘူး။ မဟုတ်မှလွဲရော ဒီကောင်ကမ်းနားဘက်ကကောင်ဖြစ်မယ်"

ကိုမော်လွင် တရှူးရှူးတရှဲရှဲဖြစ်သွားသည်။ ထိုသူအား စားတော့ဝါးတော့မတတ် စူးစိုက်ကြည့်ရင်း သူ့ရင်ဘတ်ကြီးက တမောက်မောက်ကြွကြွဖြစ်လာသည်။ စိတ်ကိုမထိန်းနိုင်တော့ဘဲ ထိုင်ရာမှထရန်ပြင်လိုက်သည်။ သို့သော် ကျော်ကင်းက သူ့ကို အချိန်မီဆွဲ၍ တားဆီးလိုက်သည်။

"နေစမ်းပါဦး။ မင်းအသာနေ။ ဒီကိစ္စ ငါရှင်းပေးမယ်။ မင်းအမှိုက်ကို ငါတံမြက်စည်းလှည်းပေးမယ်။ ဒီမှာကြည့်ဟေ့ကောင် ..."

ပြောပြီး ကျော်ကင်းက သူ့ကွတ်အကျီအဟောင်းကြီးအား အသာလှစ်ပြလိုက်သည်။ အတွင်းမှာတော့ ကျွဲချိုအရိုးတပ်ဓားမြှောင်တစ်ချောင်းကို အိမ်နှင့်တကွတွေ့ရသည်။ မျက်စိကို ခပ်မှေးမှေးပြုလျက် ကျော်ကင်းက မေးလိုက်သည်။

"ဘယ်လိုလဲ။ ဒီကောင်ကို ငါအပြတ်ရှင်းလိုက်ရမလား။ ဒါမှမဟုတ် ဖုတ်လောက်သားလောက်အောင်ပဲ လုပ်ပြလိုက်ရမလား။ မင်းဘာဖြစ်ချင်သလဲ"

ကိုမော်လွင်က ချက်ချင်းပြန်မဖြေနိုင်။ နှုတ်ခမ်းကိုက်၍ တွေဝေနေသည်။ ပြီးတော့မှ "မင်းသဘောပဲ။ မင်းလုပ်ချင်သလိုသာလုပ်လိုက်ပေတော့"ဟု ပြန်ပြောလိုက်သည်။

"ကောင်းပြီ။ ဒါဖြင့် ငါကြည့်လုပ်လိုက်မယ်။ ဈေးကတော့ သူ့ဈေးနဲ့သူရှိတယ်နော် သူငယ်ချင်း။ အပျောက်ဆိုရင် ဘယ်လောက်၊ ပညာပေးရုံဆိုရင်ဘယ်လောက်ပေါ့"

"အေးပါ။ မင်းသဘောအတိုင်းဖြစ်စေရပါမယ်။ ဒါပေမဲ့ ငါ့ဘက်ကိုတော့ အမှုပတ်မလာစေနဲ့နော်"

"ဒါတွေ ထားစမ်းပါ။ နိုးနေပြီ ဒီမှာ ... မင်းအတွက်နဲ့ ငါထောင်ထဲမှာ နေရမယ်ဆို တစ်သက်လုံးနေလိုက်မယ်ကွ။ သိပြီလား။ လောလောဆယ် ငါ့အရက်ဖိုး နည်းနည်းပေး။ ကျန်တာပြီးမှ ရှင်းမယ်"

ကိုမော်လွင်က ကျော်ကင်းလက်ထဲ ငါးထောင်တန်တစ်ရွက် ထိုးထည့်ပေးလိုက်သည်။ ထိုအခါ ကျော်ကင်းက သူ့ပခုံးကိုပုတ်ကာ "ပြန်ပေတော့သူငယ်ချင်း"ဟုပြောပြီး ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

ကိုမော်လွင်ကပါ ထရပ်လိုက်သည်။ ထို့နောက် ကျော်ကင်းက အရက်ဆိုင်ဘက်သို့ထွက်သွားပြီး ကိုမော်လွင်က သူ့အိမ်ဆီသို့ လျှောက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်ထဲဝင်ပြီး ဘာမျှမသောက်သွားသော သူတို့နှစ်ဦးကိုကြည့်ကာ ဆိုင်ရှင်က အံ့အားသင့်နေလေသည်။

× × × × ×

ကိုမော်လွင် အိမ်ထဲဝင်လိုက်သည်နှင့် "ဟော ... အစ်ကိုကြီးပြန်လာပြီ" ဟူသော အသံနှင့်အတူ သန်းသန်းဦးက သွက်လက်ရွှင်မြူးစွာ အိမ်ပေါ်မှ ဆင်းလာလေသည်။ ကိုမော်လွင့်လက်ထဲမှအိတ်ကိုလည်း လှမ်းယူရန်ပြင်လိုက်သည်။ သို့သော် ကိုမော်လွင်က သူမ၏လက်ကို ပုတ်ထုတ်လိုက်ပြီး နေရာမှာပင် ခပ်တောင့်တောင့် ရပ်နေလိုက်သည်။ သန်းသန်းဦး၏မျက်နှာကိုလည်း စိမ်းစိမ်းစိုက်ကြည့်နေလိုက်သည်။ သန်းသန်းဦးက ရုတ်တရက်မို့ ခပ်ကြောင်ကြောင်လေးဖြစ်သွားသည်။ မျက်နှာကပါပျက်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာကိုပြင်လိုက်ပြီး "ဟော ... အစ်ကိုကြီးတစ်ယောက် ယောက်နဲ့ ရန်ဖြစ်လာပြီထင်တယ်။ ဟုတ်လား" ဟုပြောကာ ခပ်လွင်လွင်ကလေး ရယ်လိုက်သည်။

ကိုမော်လွင်က တုတ်တုတ်မျှမလှုပ် မှုန်းတီးသောအကြည့်၊ နာကြည်းသော အကြည့်တို့ဖြင့်သာ သန်းသန်းဦးကို ကြည့်မြဲကြည့်နေသည်။

"ဘာလို့လူကို ဒီလိုကြည့်နေတာ ထဲလို့။ ဒီက သူ့အတွက် ဝမ်းသာစရာ စကားပြောမယ့်ဟာလေးတောင် ဘယ် ရောက်သွားမှန်းမသိဘူး"

နှုတ်ခမ်းကိုစူရင်း၊ ခြေကိုဆောင့်ရင်း သန်းသန်းဦးက ပြောသည်။ ထိုပုံစံကိုမြင်ရသော ကိုမော်လွင်က လည်ပင်းညှစ်ပြီး သတ်ပစ်ချင်သော

"အစ်ကိုကြီးအတွက် အကောင်းဆုံးလက်ဆောင်ပေးမလို့ရှင့်။ မယူတော့ဘူးလား"

"ဘာလက်ဆောင်တုံး ... နင့်သောက်လက်ဆောင်က ..."

ပြန်ပြောလိုက်သော စကားက ဒေါသကြောင့်အတော်ကျယ်သွားသည်။ သို့သော် သန်းသန်းဦးက ဒါကိုအမှုမထားဘဲ ကြည်စင်သော မျက်နှာလေးဖြင့် သူ့ကို ခပ်လောလောပင် ပြောချလိုက်သည်။

"မောင်ဝင်းမော်လေ ... မောင်ဝင်းမော်။ အစ်ကိုကြီးသား မောင်ဝင်းမော် အခုဒီကိုရောက်နေပြီ သိရဲ့လား"

"ဘာရယ် ..."

နှုတ်မှ အလျင်စလို ထွက်သွားသည်။ ပထမဆုံးအကြိမ်အဖြစ် သူ့တစ်ကိုယ်လုံး တုန်သွားသည်။ စိတ်ကပါပြောင်းလဲသွားသည်။

"ဟုတ်တယ် ... အစ်ကိုကြီး။ မောင်ဝင်းမော် ဒီကိုရောက်နေတာ တစ်ပတ်တောင်ရှိပြီ၊ သူ့ဒီအိမ်လိပ်စာကို စုံစမ်းပြီး လိုက်လာတာတဲ့။ သူခရီးပန်းလာပြီး အဖျားတောင်ဝင်သေးတယ်။ ကျွန်မဆေးတိုက်၊ ရေပတ်တိုက်နဲ့ တော်တော်ကိုပြုစုလိုက်ရသေးတယ်။ အဖေ့ဆီကို ချက်ချင်းလိုက်သွားမယ်ပြောနေလို့ ကျွန်မက မနည်းတားထားရတယ်"

ကိုဝင်းမော် ဇဝေဇဝါဖြစ်စပြုပြီ။

"မောင်ဝင်းမော်ကို အစ်ကိုကြီးတွေ့ရင် အံ့ဩမှာပဲ။ အစ်ကိုကြီးသားက လိမ်လည်းလိမ္မာတယ်၊ ရုပ်လည်းချောတယ်။ ကျွန်မဖြင့် သူ့ကိုမြင်မြင်ချင်းသိပ်ချစ်တာပဲ။ သူ့ကို ဘုရားတွေစုံအောင်လည်း ကျွန်မလိုက်ပို့ပြီးပြီ။ သားကိုဟိုပြန်မလွှတ်တော့ဘဲ ကျွန်မတို့နဲ့ အပြီးခေါ်ထားရအောင်နော် အစ်ကိုကြီး"

ကိုမော်လွင် အချောက်ချားကြီး ချောက်ချားရလေပြီ။

"ဒီနေ့ အစ်ကိုကြီး မော်တော်နဲ့ပြန်လာမယ်ဆိုလို့ ကျွန်မ သူ့ကိုအကြိုလွှတ်လိုက်တယ်။ သားအဖနှစ်ယောက် မမျှော်လင့်ဘဲ ပြန်တွေ့ကြပြီး ဝမ်းသာအားရဖြစ်ရအောင်လို့ ..."

"နေ ... နေဦး။ နင်ပြောတဲ့ ငါ့သားမောင်ဝင်းမော်က အရပ်မြင့်မြင့်၊ လူကောင်ထွားထွား။ ဆံပင်ရှည်ရှည်နဲ့၊ ဂျင်းဂျာကင်နဲ့၊ ဘောင်းဘီရှည်နဲ့ဟာလား"

"ဟုတ်ပါ့ .. ဟုတ်ပါ့။ အစ်ကိုကြီးတွေ့လိုက်သလား။ ဘယ်နားမှာ တွေ့လိုက်လဲ"

သွားလေပြီ။ လောကကြီးတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်သွားရလေပြီ။ ကိုမော်လွင်တောင့်တောင့်ကြီးဖြစ်သွားသည်။ မတ်တတ်ကြီးကိုမေ့သွားသည်။ လက်ထဲကအိတ်ပါ မြေပြင်ပေါ် ဘုတ်ခနဲပြုတ်ကျသွားသည်။

သို့ကြား ထိုနည်းအတိုင်း ကြာကြာတော့ ဖြစ်မနေပါ။ ချက်ချင်းပင် သတိဝင်လာသလို အမြန်ဆုံးလှုပ်ရှားလိုက်သည်။ လမ်းပေါ်တွင် ဆိုင်ကယ်တစ်စီးရပ်ထားသည်။ ထိုဆိုင်ကယ်ပေါ်တွင် လူငယ်တစ်ဦးရှိပြီး ထိုလူငယ်က အခြားလူငယ်တစ်ဦးနှင့် စကားပြောနေသည်။ ကိုမော်လွင်က အပြင်သို့ပြေးထွက်ကာ ထိုလူငယ်အား ဆိုင်ကယ်ပေါ်မှ အတင်းတွန်းချလိုက်သည်။ ထို့နောက် ဆိုင်ကယ်ပေါ် အမြန်တက်ခွလိုက်ပြီး မော်တော်ဆိပ်ဘက်သို့ တရကြမ်း မောင်းထွက်သွားတော့သည်။

သန်းသန်းဦးနှင့် ထိုလူငယ်များ အံ့အားသင့်နေကြစဉ်မှာပင် ဆိုင်ကယ်က သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

ရဲမြင့်တင်



www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးခံခဲ့ရသူ လျူဂန် နှစ်(၂၀)ကျော်ကြာမှ မိသားစုနှင့် ပြန်လည်စုစည်းမိ

ကြည်ဇေဟန်

လျူဂန်သည် ဤကဲ့သို့ ခေါက်ဆွဲတစ်ပန်းကန်ကို စားရရန် စောင့်ဆိုင်းနေသည်မှာ ကြာမြင့်လှပြီဖြစ်သည်။

"အရသာကောင်းရဲ့လား" ဟု သူ၏ မိခင်မှ မေးမြန်းလိုက်သည်။ "ငရုတ်ဆော့၊ ဒါမှမဟုတ် တစ်ခုခုလိုချင်သေးသလား"။ "စားရတာကောင်းပါတယ်၊ နောက်ထပ်မလိုတော့ပါဘူး"ဟု သူက ပြန်ဖြေလိုက်သည်။ သူ၏မိခင် ချက်ပြုတ်ကျွေးမွေးခဲ့သည်ကို ကလေးငယ်ဘဝက နောက်ဆုံး စားခဲ့ရဖူးသည်။ ဤရိုးရိုးလေးသော အစားအစာသည် သူတို့ပြန်လည်တွေ့ဆုံခဲ့ရသည့် အထိမ်းအမှတ်ဖြစ်၏။ ကြာရှည်လှစွာ ကွဲကွာသွားခဲ့သော်ငြားလည်း ပြန်တွေ့ဖို့ဆိုသည်မှာ ဖြစ်နိုင်ခြေမရှိလှပေ။

"အဲဒီအကြောင်း မစဉ်းစားပါနဲ့တော့။ စားရုံသာစားပါ"

သူ၏အမေက ပြောကြားရင်း သားလေး၏ မျက်ဝန်းများမှ စီးကျလာနေသော မျက်ရည်များကို မိခင်အိုကြီးက ကြင်နာစွာ သုတ်ပေးနေရှာသည်။ သူတို့၏သား အိမ်ပြန်ရောက်လာသည်ကို သတင်းမေးလာကြသူများအား လျူ၏ဖခင်က လှမ်း၍ စကားပြောနေပေသည်။

"ပထမဆုံး အိမ်ပြန်ရောက်တဲ့နေ့ ခေါက်ဆွဲစားနေရတာ လုံခြုံမှုရှိပြီး ကျန်းမာကြောင်းပြတာပါ"

ဟု သူက ပြောလိုက်သည်။

"လူတိုင်းလူတိုင်း လုံခြုံမှုရပြီး သာယာပျော်ရွှင်နိုင်ကြပါစေလို့ မျှော်လင့်ပါတယ်"

လျူ၏မိခင်ရင်းသည် သူပြန်ရောက်အလာတွင် ခေါက်ဆွဲကြော်လှော်ချက်ပြုတ်ပေးခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် စတင်ခဲ့သည့် ဇာတ်လမ်းပမာတစ်ခုသည် ပျော်ရွှင်ဖွယ်ရာ အဆုံးသတ်သွားသည်ကို ကြားသိမြင်တွေ့ကြသူများအဖို့ ပီတိဖြစ်ဖွယ်ရာ မြင်ကွင်းဖြစ်ပေသည်။ ထိုအတိတ်ကာလက လျူသည် မူလတန်းကျောင်းသားကလေး ဟွမ်ချန်ဆိုသူ ဖြစ်သည်။ သူသည် စီချွမ်ပြည်နယ်၊ ယာအိုကျိုးယားရွာ (Yaojia Village, Sichuan Province) မှ ဖြစ်သည်။ သူ့အဖေသည် အိမ်ဆောက်သူဖြစ်ပြီး၊ သူ့အမေသည် ဈေးဆိုင်တည်ခင်းရောင်းချသူ ဖြစ်သည်။ သူ့တွင် ညီငယ်တစ်ဦးရှိသည်။ ထိုစဉ်က သူတို့သည် ချမ်းချမ်းသာသာ မဟုတ်ကြသော်လည်း ကလေးဘဝတွင် ပျော်ရွှင်ခဲ့ကြသည်။ သူ၏ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားခဲ့ရသည်ကို သူမှတ်မိနေသည်။

"ကျွန်တော် သူငယ်တန်းကျောင်းသွားတက်တဲ့အခါမှာ လူကြီးတစ်ယောက်နဲ့ အမျိုးသမီးကြီးတစ်ယောက်ကို ဟိုမှာတွေ့ခဲ့ရပါတယ်"



www.burmeseclassic.com

ဟု လျူက ပြောကြားသည်။

"သူတို့တစ်တွေက ကျွန်တော့်အဖေရဲ့ မိတ်ဆွေတွေထင်လို့ သူတို့နဲ့အတူ လိုက်သွားခဲ့ပါတယ်။ ကျွန်တော့်ကို ကားတစ်စီးမှ အခြားတစ်စီး အဆင့်ဆင့်ပြောင်းပေးပြီး နောက်ဆုံးမှာ ဖူကျီယန်ပြည်နယ် တောင်တန်းတစ်နေရာကို ရောက်သွားခဲ့ပါတော့တယ်"

ကြောက်လန့်နေသော ကျောင်းသားကလေးအား ၁၅၀၀ ကီလိုမီတာ (မိုင် ၉၀၀) ဝေးလံသည့် စန်မင်း (Sanming) သို့ ခေါ်ဆောင်သွားခြင်း ခံလိုက်ရသောအခါ အခြားမိသားစုတစ်ခုမှ စောင့်ဆိုင်းကြိုဆိုနေကြကာ သူ၏ ဘဝတစ်ခုလုံးသည် လုံးလုံးလျားလျား ပြောင်းလဲသွားလေ၏။ လျူကို နာမည်သစ်တစ်ခု ပေးလိုက်ပြီးနောက် နှမသစ်တစ်ဦးနှင့် သူ့ကို မိတ်ဆက်ပေးသည်။ တရုတ်ပြည်တွင် နှစ်စဉ်နှစ်တိုင်း ထောင်သောင်းချီသော ကလေးများအား အတင်းအဓမ္မခေါ်ဆောင်သွားခြင်း ခံရသူများ ရှိနေသည့်အနက် သူသည်လည်း တစ်ဦးတစ်ယောက်အဖြစ် ပါဝင်သွားခဲ့ရပေပြီ။ ၎င်းတို့အနက် မဆိုစလောက်သောသူများသာ အိမ်ပြန်ရောက်ခဲ့ကြလေ့ရှိသည်။ အဆိုပါ တရုတ်နိုင်ငံ၏ ကလေးတစ်ဦးသာယူရေး ပေါ်လစီနှင့် မွေးစားသည့်ဥပဒေကြောင့် ကလေးများကို အဓမ္မဖမ်းဆီးခေါ်ဆောင်ကာ မှောင်ခိုလူကုန်ကူးမှုကို ဖြစ်ပွားအောင် မီးထိုးပေးသကဲ့သို့ ဖြစ်လာခဲ့ရသည်။

၂၀၁၃ ခုနှစ် စောစောပိုင်းမှာပင် ဖူကျီယန်ရဲအရာရှိချုပ်တစ်ဦး၏ ပြောကြားချက်အရ သူ၏ပြည်နယ် တစ်ခုအတွင်း ၂၀၀၂ ခုနှစ်တွင် လူကုန်ကူးခံခဲ့ရသော ကလေး ၁၀,၀၀၀ ကျော် ရှိနေကြောင်း သိရှိရသည်။

"ကျွန်တော့်ကို အတင်းအဓမ္မခေါ်ဆောင်သွားကြလို့ ထိတ်လန့်တုန်လှုပ်နေပေမယ့်လည်း မတတ်နိုင်တော့ပါဘူး။ ကံကြမ္မာဖန်လာသလိုပဲလို့ သဘောထားလိုက်ပါတယ်"ဟု လျူမှ ရှင်းပြသည်။ သို့သော်လည်း သူသည် ၎င်းမိသားစုအသစ်နှင့် ခေတ္တလောက်သာနေရမည်ဟု ပထမတွင် ယူဆခဲ့သည်။ နောက်ပိုင်းတွင် သူ၏မိဘများနှင့် ပြန်လည်တွေ့ဆုံနိုင်ခွင့် မရှိတော့သည်ကို စဉ်းစားမိလိုက်သည်။ သူ၏ မှတ်ဉာဏ်များမှာလည်း တဖြည်းဖြည်းချင်း ပျောက်ကွယ်လုဖြစ်လာနေပေပြီ။

တစ်နေ့တွင် လျူသည် ခုတင်ထက်၌ လဲလျောင်းရင်း ယခင်အခါက သူ့ဘဝကို ပြန်လည်မှတ်မိလာအောင် စဉ်းစားသည်။ တစ်နေ့နေ့တွင် အိမ်အပြန်လမ်းကို ရှာနိုင်ရန် ဆုံးဖြတ်လိုက်သည်။ ညစဉ်ညတိုင်း မှတ်မိအောင် ကြိုးစားသည်။ သူ၏ညီလေးနှင့်အတူ သူတို့၏ အုတ်ကြွပ်မိုးအိမ်ရှေ့မှ ကျောက်တုံးတံတားဟောင်းလေးပေါ်တွင် ဆော့ကစားခဲ့ကြသည်ကို အမှတ်ရလာသည်။

တစ်ခါတွင် သူတို့ဆော့ကစားနေခဲ့ကြစဉ် တံတားပေါ်မှ လိမ့်ကျပြီး သူ၏နောက်ကျော ထိခိုက်နာကျင်သွားခဲ့သည်။ ကျောင်းသို့သွားရန် အပြင်ဘက်မှ လယ်ကွင်းများကို ဖြတ်သန်း၍ ချောင်းနှစ်ခုကို ဖြတ်ကျော်သွားရသည်။ "ကျွန်တော်ဟာ ကွန်ပျူတာတစ်ခုလိုပါပဲ"ဟု လျူက ပြောသည်။ "မိသားစုအကြောင်းနဲ့ ပတ်ဝန်းကျင် ပထဝီဝင်အနေအထားတွေကို မှတ်သားထားလိုက်ပါတယ်။ ကိုယ်ကိုယ်တိုင်ရဲ့ နာမည်ကိုတောင်မှ မဖော်နိုင်ခဲ့ပါဘူး"

လျူသည် အိမ်ထောင်စုသစ်သို့ ရောက်ရှိပြီး အဖေသစ်၊ အမေသစ်တို့က ၎င်းအား မည်ကဲ့သို့ ခေါ်ဆောင်လာခဲ့ကြောင်းကိုပင် ရှင်းမပြနိုင်ကြသေးမီ ကွယ်လွန်သွားခဲ့ကြသည်။ အဘိုးအဘွားများ အသက်ရှင်ကျန်လျက်ရှိကြသော်လည်း တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟမပြောခဲ့ကြပေ။

"ဒီလိုဖြစ်နေလို့ ကျွန်တော် ဒေါသထွက်မိပေမယ့် သူတို့က ကျွန်တော့်ကို ကောင်းကောင်းပြုစုဆက်ဆံခဲ့ကြပါတယ်"

မိဘအသစ်များကို ချစ်ခင်နေပြီဖြစ်၍ အဘိုးအဘွားများအား ယခုတိုင် ဘိုးဘိုး၊ ဘွားဘွား ခေါ်နေပါပြီဟု လျူမှ ရှင်းပြသည်။ ယနေ့ကာလတွင် လျူစဉ်းစားကြည့်၍ မွေးစားမိဘများသည် လူကုန်ကူးသူများထံမှ ငွေပေးဝယ်ယူခဲ့ဟန်တူကြောင်း ယူဆမိလာသည်။ တရုတ်ငွေ ၅၀၀၀ လောက်သာ ဖြစ်နိုင်ခြေရှိသည်။ မိဘများ၏ ထိုသို့ဆောင်ရွက်ခဲ့မှုအတွက် အပြစ်မတင်ဝံ့၍ သူသည် ရှောင်လွှဲနေလေ့ရှိခဲ့သည်။ လျူ၏မိဘအရင်းများသည် စီချွမ်ပြည်နယ်၌ တုန်လှုပ်ချောက်ချားနေကြသည်။ ဒေသခံရဲတပ်ဖွဲ့များကလည်း လူကုန်ကူးမှုနှင့် ပတ်သက်၍ စုံစမ်းပေးနေသော်လည်း တိုးတက်မှု ရှိမလာခဲ့ပေ။

သူ၏မိဘရင်းများဖြစ်ကြသည့် ဒိုင်ကျီယန်းဖန်း(Dai Jianfang) နှင့် ဟွမ်ကင်ယောင်း(Huaung Qing-yong) တို့သည် အနီးအနားမှ မြို့များ



www.burmeseclassic.com

www.burmeseclassic.com

နှင့် သတင်းစာများတွင် လက်ကမ်းစာစောင်များ ဝေငှရင်း ကြော်ငြာများ ထည့်သွင်း၍ လူပျောက်ရှာခဲ့ကြသည်။ တဖြည်းဖြည်းနှင့် နှစ်များစွာ ကြာလာသောအခါ စုဆောင်းငွေများလည်း ယုတ်လျော့လာသဖြင့် လျူကို ရှာဖွေခြင်းမပြုတော့ဘဲ တစ်နေ့တွင် သမီးလေးတစ်ဦးကို ခေါ်ယူမွေးစားလိုက်ကြသည်။ ထိုစဉ်အတောအတွင်းမှာပင် လျူသည် ကျောင်းပြီးသွားသဖြင့် အမျိုးသားမီးသတ်တပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်သည်။ သို့သော်ငြားလည်း သူ၏ဘဝသစ်တွင် အခြေကျနေပြီဖြစ်သည့်တိုင် သူ၏ မိသားစုအရင်းများနှင့် ပြန်လည်ဆုံစည်းနိုင်ရန် ဆန္ဒပြင်းပြလာခဲ့သည်။

"ကြွေလွင့်သွားတဲ့ သစ်ရွက်တွေဟာ အမြဲတမ်း သူတို့ရဲ့ အမြစ်တွေရှိရာကို ရှာနိုင်စွမ်း"ရှိသကဲ့သို့ သူသည် တရုတ်စကားပုံအတိုင်း သူ၏ဇာစ်မြစ်ရှာဖွေရေးကို လက်မလျှော့ခဲ့ချေ။ အစိုးရကတည်ထောင်ပေးထားသည့် ဂြိုဟ်တုကွန်ရက်နှင့် ဆက်သွယ်၍ မှတ်ပုံတင်ထားလိုက်သည်။ ပျောက်ဆုံးသွားသောကလေးများနှင့် သူတို့၏မိသားစုများကို ရှာဖွေပေးနေသည့် အစိုးရလုပ်ငန်းဌာနတစ်ခုဖြစ်သည်။

"ကျွန်တော် လမ်းဆုံးနဲ့ မကြာခဏတွေ့ခဲ့ရပါတယ်"

ဟု လျူက ပြောကြားသော်လည်း လက်မလျှော့ဘဲ ဆက်လက်လုပ်ကိုင်နေခဲ့သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် လျူသည် အသက် ၂၇ နှစ်ပြည့်လာသည်။ ဂြိုဟ်တုတစ်ခုကို ပုဂ္ဂလိကမှ တည်ထောင်ပြီး သူကဲ့သို့ အမှုများကို ဖော်ထုတ်ပေးနေရာ ၎င်းသည် အဆိုပါ "Baby Come Home" "အိမ်ပြန်လာပါ ကလေးရယ်"တွင် ဆက်သွယ်လိုက်သည်။ လျူသည် ညစဉ်ညတိုင်း စဉ်းစား၍ မှတ်မိခဲ့သမျှ အသေးစိတ် အချက်အလက်များကို တင်ပေးလိုက်သည်။ "ကျွန်တော့်အရပ်က ၁၁၀ စင်တီမီတာ မြင့်ပါတယ်"ဟု ရေးထည့်လိုက်သည်။ "ကျွန်တော့်မျက်ဝန်းတွေ ကြီးမားပြီး ကျွန်တော်ငယ်စဉ်က မြစ်ထဲကနေ ကျောက်တုံးတွေကို ရွေ့ခဲ့ရလို့ ပြတ်ရှဒဏ်ရာတစ်ချက် လက်ဝဲလက်ပေါ်မှာ ရှိနေပါတယ်"

သူ၏မွေးရပ်မှ ရွာ၏အမည်ကို မမှတ်မိခဲ့ပေ။ သို့သော်လည်း သူသည် လက်ရှိဒေသသို့ ရောက်လာခဲ့စဉ် သူပြောသောစကားသည် စီချွမ်ပြည်နယ်သုံး ဘာသာစကားဖြစ်သည်ဟု အိမ်နီးချင်းအမျိုးသမီးတစ်ဦးမှ ပြောကြားခဲ့ဖူး၍ ၎င်းအကြောင်းများကိုပါ ရေးသား၍ Wedsite တွင် တင်ပေးထားလိုက်သည်။ သူ့ကို အတင်းအဓမ္မခေါ်ဆောင်သွားခြင်းခံရပြီးနောက် မိသားစုသစ်ထံ ရောက်ရှိသွားချိန်တွင် ရိုက်ထားသည့် ဓာတ်ပုံနှင့် ယခုအရွယ်ရောက်နေသည့် ဓာတ်ပုံတစ်ပုံတို့ကိုလည်း ဖော်ပြပေးထားလိုက်သည်။ သူ့ကို အဓမ္မခေါ်ဆောင်သွားခဲ့စဉ်က ဝတ်ဆင်ခဲ့သည့် သိုးမွေးဆွယ်တာ အနီတစ်ထည်ကိုလည်း ဖော်ပြပေးလိုက်သည်။ ဆွယ်တာတွင် ငန်းရုပ်တစ်ခုပါသည်။ အမေကိုယ်တိုင် သိုးမွေးထိုးခဲ့ဟန်တူသည်ဟု လျူက ယူဆနေပေသည်။

"ဝက်သားနှပ် ပြောင်းနှံရည်ဆမ်းကို အိမ်မှာစားခဲ့ရပါတယ်။ ကျွန်တော့်အိမ်အမိုးမှာ အုတ်ကြွပ်မိုးထားတဲ့ ရိုးရိုးအိမ်ပါပဲ။ အသစ်ခင်းထားတဲ့ ကတ္တရာလမ်းမကြီးတစ်ခု ရှိနေပါတယ်။ ကားတွေလည်း အများကြီး မောင်းနှင်နေကြပါတယ်။ အဓိက လမ်းမကြီးတစ်ခုပါပဲ"

အနီးအနားတွင် တောင်ကုန်းငယ်လေးများ ရှိနေကြကြောင်း၊ မြစ်သည် မြို့ဘက်သို့ စီးဆင်းနေကြောင်း၊ အိမ်အနီးအနားတွင် မီးရထားလမ်း မရှိကြောင်း၊ တံတားများရှိနေသည့် အနက် တစ်စင်းသည် ရေတိုက်စားပျက်စီးသွားခဲ့ကြောင်း ... စသည့် သူ၏အကြောင်းအရာများ ပေးလိုက်သောအခါ စေတနာ့ဝန်ထမ်းများသည် ၎င်းသတင်းအချက်အလက်များကို ကြည့်ရှုပြီး ရှာဖွေရေးကို စတင်ခဲ့ကြသည်။ "၁၉၉၀ ခုနှစ်တွင် စီချွမ်နယ် ချိုင့်ဝှမ်း၏ အရှေ့ဘက်မှ ဌာနေများသည် ဆတ်နံ့နှင့် ပြောင်းကဲ့သို့ နံစားပင်များကို မစိုက်ပျိုးကြတော့ပါဘူး" ဟု စေတနာ့ဝန်ထမ်းတစ်ဦးမှ အကြံပေးသည်။ "ကားလမ်းမကြီးရှိနေတယ်ဆိုရင် ဆင်းရဲတဲ့ဒေသမဟုတ်ဘူးလို့ အဓိပ္ပာယ်ရပါတယ်"ဟု နောက်တစ်ယောက်မှ ပြောသည်။ "မြို့ဆင်ခြေဖုံးတစ်နေရာ ဖြစ်ရမယ်"

ထို့နောက် လျူသည် သူမှတ်မိထားသမျှ အချက်အလက်များဖြင့် မြေပုံတစ်ခု ရေးဆွဲသည်။ အကယ်၍ လျူစဉ်းစားသကဲ့သို့ မှန်ကန်နေသည်ဟု ဆိုလျှင် စီချွမ်ပြည်နယ်သည် စတုရန်း ၅၀၀,၀၀၀ ကီလိုမီတာကို ထည့်သွင်း၍ ဗြိတိန်နိုင်ငံ (UK ယူကေ)တစ်မျှ ကျယ်ဝန်းသည့်နေရာကို လိုက်လံရှာဖွေရမည့်ကိန်း ဆိုက်နေပေသည်။

www.burmeseclassic.com

လူဦးရေသည်လည်း သန်း ၈၀ ကျော် ရှိနေသည့် နေရာဖြစ်သည်။ သို့သော်လည်း သူ၏ရှာဖွေရေးသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာခဲ့ပြီဖြစ်သည်။

၁၉၈၀ ခုနှစ်ဝန်းကျင်လောက်က အဆိုပါဒေသ၌ ဖြစ်ပွားခဲ့သော မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးခဲ့သည်ကို စစ်ဆေးခဲ့ကြသည်။ နောက်ထပ် စေတနာ့ဝန်ထမ်းတစ်ဦးက လမ်းမသစ်တည်ဆောက်ပြီးစီးခဲ့သည့် သတင်းစာမှ ဖြတ်၍ယူဆောင်လာခဲ့သည်။ မတ်လတွင် လျူ၏ ပထမဆုံး ထိုးဖောက်နိုင်မှုကို ရရှိလိုက်ပြီဖြစ်သည်။ ၁၉၉၀ ခုနှစ်က လမ်းမသစ်ကြီးတစ်ခု ဖောက်လုပ်ခဲ့သည်ကို တွေ့ရှိရသည်။ အကယ်၍ လျူသည် လမ်းမဘေးနားလောက်တွင် နေထိုင်ခဲ့သည်ဟု ဆိုလျှင် ထိုစဉ်က လမ်းဖောက်လုပ်မှုနှစ်ခုသာ ရှိခဲ့ဖူး၍ ရှာဖွေမှုသည် အတော်လေးနီးစပ်လာပြီဟု စေတနာ့ဝန်ထမ်းတို့က သုံးသပ်သည်။ လျူသည် ကောင်းကင်ဂြိုဟ်တုမှ ကြည့်သလို စိတ်ကူးကြည့်သည်။ မြစ်တွေက မြို့ဆီသို့ ၉၀ ဒီဂရီ စီးဆင်းနေကြသည်။ လမ်းမကြီးလည်းရှိနေသည်။ လူတွေက ဆန်စပါးနှင့် ကန်စွန်းဥစိုက်ပျိုးကြသည်။ ဧပြီလ ၂၆ ရက်နေ့တွင် လျူ၏ Digital track လမ်းကြောင်းရှာဖွေမှုအရ လင်ရှူးခရိုင်၊ ယာအိုကျိုးယားရွာ (Yaojia Village, Linshoui County) ကို ညွှန်ပြနေပြီး မြစ်တစ်စင်းပေါ်တွင် တံတားနှစ်စင်းထိုးထားသည်ကို ထင်ရှားစွာ မြင်တွေ့ရပြီး သူ၏ ကျောင်းနေရာကိုလည်း တွေ့လိုက်ရသည်။ ယခု ရောမကြွေထည်ခြင်းသည် စက်ရုံကြီး တည်ဆောက်ထားသည့်နေရာ၌ အဆောက်အအုံနေရာ တည်ရှိခဲ့ပေလိမ့်မည်ဟု သူစဉ်းစားသည်။ သူ့အနေဖြင့် ယခင်က အမှားများကို တွက်ချက်မိခဲ့သည်။ "ကျွန်တော် အခု မြစ်ကိုမြင်နေရပြီး ကျွန်တော့်အိမ်မှ မီတာ ၁၀၀(၃၀၀ ပေ)အကွာမှာ လမ်းမကြီးရှိနေပါတယ်"

ဂြိုဟ်တုကွန်ရက်တွင် စေတနာ့ဝန်ထမ်းတစ်ဦးမှ စစ်ဆေးလိုက်ပြီး ပြန်ကြားလာသည်။ "ဟုတ်တယ်။ အဲဒီအဆောက်အအုံက အခုလည်း ကျောင်းဖွင့်ထားတယ်" လျူမှတ်မိထားသကဲ့သို့ တံတားတစ်စင်းသည် ၁၉၈၉ ခုနှစ် ရေကြီးခဲ့စဉ်ကအတိုင်း ပျက်စီးလျက်ရှိနေသည်။ ဤတွေ့ရှိရချက်နှင့် ထပ်တူညီမှုသည့် ထူးခြားသော နောက်ထပ်သတင်းအစအန တစ်ခု ထွက်ပေါ်လာခဲ့သည်။ စေတနာ့ဝန်ထမ်းတစ်ဦးမှ အဆိုပါဒေသကို စစ်ဆေးကြည့်လိုက်သောအခါ လျူ ပျောက်ဆုံးမှုနှင့် သတင်းချင်းထပ်တူဖြစ်နေသည်ကို တွေ့ရှိရလေ၏။ သူတို့၏အဆိုအရ ကောင်လေး၏အမည်ပြောင်မှာ 'ဇီယာအိုဒေါင်း'(Xiao-dong) ဟု သိရှိရသောအခါ လျူသည် သူ၏အိမ်မှ ခေါ်လေ့ရှိသည့်နာမည်ကို မှတ်မိလာသည်။

အဘိုးအဘွားများအား မပြောသေးဘဲနှင့် ကိုယ်တိုင်သွားလိုက်လျှင် အကောင်းဆုံးဖြစ်မည်ဟု သူ၏ မွေးစားနမမှ အကြံပေးသည်။ သူသည် မေလ ၉ ရက်နေ့၊ နံနက် ၉း၂၀ နာရီတွင် ချုံကင်း(Chongqing) သို့ လေယာဉ်စီးပြီး ရောက်ရှိသွားသည်။ လျူသည် အမေကိုတွေ့လိုက်သောအခါ တည်တည်ငြိမ်ငြိမ်နှင့်ပင် ဖြစ်နေသော်လည်း မိခင်သည် စိတ်လှုပ်ရှားလွန်း၍ ငိုလေတော့သည်။ တစ်ရွာလုံးမှ သူ့ကို ထွက်၍ ကြိုဆိုကြသည်။ လမ်းအတွင်း ညှော်ခံကျွေးမွေးပွဲ ကျင်းပပေးပြီး ဖျောက်အိုးများကို ပစ်ဖောက်ခဲ့ကြသည်။ "Baby Come Home" မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးပေးသည်။ သူ၏ အိမ်တွင်းသို့အဝင်တွင် ညီငယ် ဟွမ်ချောင်း(Huang Chao) နှင့် တွေ့ကြစဉ် ငယ်စဉ်ကအကြောင်းများ ပြန်ပြောင်းပြောဖြစ်ကြသည်။ ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်ပေးသဖြင့် မွေးစားအဘိုးအဘွားများ သတင်းကြားသွားကြရာ ဖုန်းဆက်သွယ်၍ လျူနှင့် အပြန်အလှန် စကားပြောဖြစ်ကြသည်။ မိခင်ရင်းဘက်မှ အဘွားမှ "ဇီယာအိုဒေါင်းရေ ..ဒါဟာ သားရဲ့အိမ်ဆိုတာကော မှတ်မိသေးရဲ့လား"ဟု မေးသည်။

လျူ၏ ဆွေမျိုးရင်းချာ ရှာပုံတော်သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ တရုတ်ပြည်တစ်ဝှမ်းလုံးမှ စိတ်ဝင်စားကြသည်။ လျူ၏ ကံကြမ္မာကြောင့် ဝိရောဓိများ မထားတော့ပေ။ မွေးစားမိသားစုများသည် သူ့ကို ချစ်ခင်ကြင်နာစွာ ၂၃ နှစ်ခန့် ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ထို့ကြောင့်ပင် လျူသည် နှစ်ဖက်စလုံးကို မိဘရင်းများ၏မိသားစုလို သဘောထားလိုက်သည်။

ကြည်ဖေဟန်

*Ref:*

***Luo Gang: Abducted, then reunited.***

www.burmeseclassic.com

www.burmeseclassic.com



# ဆရာစား

နှောင်းဟေမာန်(တောင်ငူ)

ဆိုင်ကယ်စက်ပြင်ဆရာ ကိုလှတုတ် နောက်ဆုံးနက်တစ်လုံး ကျပ်ပြီး မတ်တတ်ရပ်လိုက်တယ်။

''အိုကေသွားပြီ။ ကြိုက်သလို မောင်းပေတော့''

ဆိုင်ကယ်ပိုင်ရှင်လည်း ကျသင့်ငွေရှင်းပြီး သူ့ဆိုင်ကယ်စက်နှိုးကြည့်တယ်။ ပြီးတော့ ကိုလှတုတ်ကို ကျေးဇူးတင်စကားပြောပြီး မောင်းထွက်သွားတော့တယ်။ ကိုလှတုတ်လည်း ပြုံးပြုံးကြီး ကျန်ခဲ့လို့။

''ကဲ . . နောက်တစ်ပတ်၊ ဆယ်ရက်လောက်ရောက်ရင် ဒီဆိုင်ကယ်ငါ့ဆိုင် ပြန်လာဦးမှာပါလေ''

အဲဒီလို တစ်ယောက်တည်း စိတ်ထဲကပြောမိလို့။ ဒါကတော့ ဒီဆိုင်ကယ်ပြန်လာရအောင် ကိုလှတုတ်က ပညာပြထားလိုက်တာကိုး။ ကိုလှတုတ်က သဘောကောင်းတယ်၊ စိတ်ရှည်တယ်၊ စက်ပြင်ခကို တခြားဆိုင်တွေထက် လျှော့ယူတယ်။ ဒါကြောင့် ကိုလှတုတ်ဆိုင် ဖောက်သည်များတယ်။ ဒါပေမဲ့ တစ်ခါပြင်ပြီးတဲ့ဆိုင်ကယ် သိပ်မကြာခင် တခြားတစ်ခုခု ပြန်လာပြင်ရတာချည်းပဲ။

''စက်ဆရာပဲ ဆရာစားလေးတော့ ချန်ထားရမှာပေါ့''

ကိုလှတုတ်စိတ်ထဲက ထပ်ပြောလိုက်သေး။

xxx xxx

''တောက် . . ဒီစလောင်းပြင်တာ တစ်လမပြည့်သေးဘူး။ ဂြိုဟ်တုတွေ ဘယ်ရောက်ကုန်ပြီလဲ''

ကိုလှတုတ် အတော်လေး စိတ်တိုသွားတယ်။ ဒီရှစ်ပေစလောင်းရဲ့ ဂြိုဟ်တုအားလုံး ထည့်နိုင်းထားတာ တစ်လမပြည့်သေးဘူး။ စလောင်းဆရာ လာထည့်ပေးတုန်းက အကုန်ရတယ်။ ဟော . . . အခု ထိုင်းချာနယ်တွေ တစ်ခုမှ မမိတော့၊ တရုတ်ချာနယ်တွေလည်း မလာတော့၊ မကြည့်ချင်တဲ့လိုင်းတွေတော့ မိနေလို့။

''တောက် . . . ဒီစလောင်းဆရာ ငါ့ကို ပညာပြသွားတာဖြစ်မယ်။ စက်ဆရာအချင်းချင်းကွာ . . တောက်''

ကိုလှတုတ် မကျေမနပ်ပြောရင်း ရီမုဒ်ကိုပါ ပစ်ချမိလို့ . . . ။

နှောင်းဟေမာန်(တောင်ငူ)

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# မစိန်ရွှေ ငါ မဝတ်တော့ပါ

ဟန်သီရင်

ကျွန်မတို့ဆွေမျိုးထဲမှာ မစိန်ရွှေဆိုသူ ရှိသည်။ လှန်စွာချော‌မောလှပါသည်။ သူတို့ခေတ်အခါ ဖက်ရှင်ရေစီးကြောင်းအတိုင်း ခင်ပုမေစတိုင်မျိုး ပြင်ဆင်ဝတ်စားပါသည်။ မစိန်ရွှေမှ အပြင်ထွက်လာလျှင် လူကြီး၊ လူငယ်သာမက ကျွန်မတို့ ကလေးများပင် ငေးမောလိုက်ပါ ကြည့်ကြရသည်အထိပင် ...။

မစိန်ရွှေ၏ အလှကြောင့် ချမ်းသာကြွယ်ဝသော စီးပွားရေးသမားနှင့် အိမ်ထောင်ကျပါသည်။ အိမ်ထောင်ကံလည်း ကောင်းပါသည်။ ယောက်ျားက ရှာဖွေရသမျှ မစိန်ရွှေထံ အကုန်အပ်သည်။ အမည်နှင့် လိုက်ဖက်စွာ စိန်တွေ၊ ရွှေတွေ သီကာ ဝတ်ဆင်နိုင်သူ ဖြစ်ပါသည်။

မစိန်ရွှေကိုယ်ပေါ်မှာ သုံးကျပ်သား အုန်းဆံလိမ် ဆွဲကြိုးကြီးအပြင် ဒီဇိုင်းစုံ ဆွဲကြိုးများလည်း ရှိသေးသည်။ လက်မှာ ဝတ်ဆင်ထားသည့် ရွှေလက်ကောက်မှာ တစ်ကျပ်သားအကျစ် ၁၅ ကွင်းမျှရှိပြီး ရွှေနားကပ်ပုံစံမျိုးစုံ၊ ရွှေဘူးအပြည့် စိန်ဆွဲကြိုး၊ စိန်ယော့ကက်၊ စိန်နားကပ်၊ စိန်လက်ကောက်၊ အထူအပါး သုံးစားမျှ ရှိသည်။ ပတ္တမြား၊ နီလာ ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ပွဲနေပွဲထိုင်အတွက် လုပ်ထားသည်။ ရွှေ၊ ပတ္တမြား၊ နီလာ၊ စိန်လက်စွပ် မျိုးစုံကို ပန်းထိမ်ဆိုင်နှယ် ချိတ်ကြိုးနှင့် သီကုံးထားရသည်အထိ စိန်၊ ရွှေ၊ ရတနာ မျိုးစုံကို ဖယ်တောက်တမ်း ကစားနိုင်ခွင့်ရှိသူ ဖြစ်ပါသည်။

မစိန်ရွှေမို့လာလျှင် ဆွေမျိုးများက ရွှေတွေ လူမြင်မကောင်းအောင် ဝတ်ဆင်ထားသဖြင့် ...

"နင်လာရင် လူတော့ မမြင်ရဘူး။ ရွှေတုံးကြီး လိမ့်လာတယ်လို့ ထင်နေတာ"

ဟူ၍ ကျီစယ်နောက်ပြောင်မှုကို မစိန်ရွှေက သဘောအကျကြီး ကျလို့ နေသည်။ ဤမျှ ချမ်းသာကြွယ်ဝသော်လည်း မစိန်ရွှေသည် အပေးအကမ်း၊ အလှူဒါန တွန့်တိုနေမြဲ တတ်သူ ဖြစ်သည်။ မိဘအိမ်သို့လာလျှင် ပေးကမ်းဖို့ဝေးစွ မုန့်ပဲသရေစာပင် မပါတတ်ပေ။ မိဘအား ပေးရကျွေးရမှန်း နားမလည်ရုံမက မိဘအိမ်ရောက်လာတာနှင့် ...

"အမေ ... ဘာချက်ထားလဲ၊ ဗိုက်ဆာလိုက်တာ"

ဟုဆိုကာ မီးဖိုခန်းထဲဝင်၍ မည်သူ့အတွက်လဲ မမေး၊ အမေ့,အဖေ အိုတို့၏ နေ့ဖို့ညစာလည်း မမေး၊ ရွှေဘာစားသောက်နေသလား မတွေးတော့။ သူစားချင်တာ အိုးခွက်လုန်ကာ စားတော့သည်။ မိဘအပေါ်မှာ ထိုကဲ့သို့ ပြုသည်လားဆိုတော့ မဟုတ်ပါ။ သူ့ဝမ်းနှင့်လွယ်ကာ မွေးဖွားခဲ့သည့် သမီးအပျိုမလေးအပေါ်မှာလည်း ဤနည်းပင်၊

မစိန်ရွှေက သူ့ခန္ဓာကိုယ်ပေါ်ကို အလှအပတွေ အနှံ့ချိတ်မှာမို့ ဝယ်မည်၊ ဝတ်မည်၊ လှလှပပနေမည်။ ရွှေတွေ ညွတ်နေအောင် ဝတ်မည်။ သူ့သမီးထက် ဈေးထဲက ငါးစိမ်းသည် သားသမီးကမှ ပြောင်ရောင်ဦးမည်။ သူ့သမီး 'ဝင်းဝင်းကြည်'မှာ ဝင်းပြီးမကြည်ရှာပါ။ ဖိနပ်စုတ်စီးရပြီး၊ အင်္ကျီဆိုလျှင် ဘေထုပ်ထဲကနေ ဝယ်ဆင်ပေးထားခြင်း ဖြစ်သည်။ သမီးကလည်း ဝတ်ချင်၊ စားချင်သည့် အရွယ်မှာ မိခင်ဖြစ်သူ၏ မသိတတ်မှုအပေါ် စိတ်ဆင်းရဲကြီးစွာ နေစားနေရရှာသည်။

လှဆဲပဆဲ မော်ကြွားဆဲ ကာလတွင် ကံကြမ္မာ အလှည့်အကွေ့အပြောင်းမှာ မစိန်ရွှေယောက်ျား ကွယ်လွန်ခဲ့ပါသည်။ တိုက်တာအိမ်တွေအပြင် စိန်ရွှေအပြည့်နှင့် ကျန်ခဲ့သူမို့ မစိန်ရွှေဘဝမှာ ပူပင်သောကဖြစ်လည်း ခဏပင်။ ဖခင်ဖြစ်သူမရှိတော့ နုပ်ချေးငါးပိလုပ်သော မိခင်ထံမှာ မနေတော့ပါ။ အဘိုးအဘွားထံမှာ ပြောင်းရွှေ့နေပါသည် ...။

တစ်ယောက်တည်း သွားလာတတ်သော မစိန်ရွှေအား ...

"မစိန်ရွှေ ... ယောက်ျားသားလည်း မရှိတော့ စိန်ရွှေတွေဝတ်ပြီး သွားတာလာတာ သတိနဲ့သွားပါ"

"ဟဲ့ ... မိစိန်ရွှေ နင် ရွှေတွေ ဝတ်စားသွားလာတာ အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်နေတယ်နော်"

မိဘက စိတ်ပူပန်လို့ သတိပေးပြောလည်း ...

"အို ... ကိုယ့်ရှိလို့ ကိုယ်ဝတ်တာ။ ယောက်ျားရှိကတည်းက ဒီလိုပဲ ဝတ်လာတာ။ ခုကျမှ ရွှေမဝတ်တော့ ဒီကောင်မ လင်လည်းသေရော ရွှေလည်းကုန်ရော ဆင်းရဲသွားပြီလို့ ကဲ့ရဲ့ကြဦးမယ်။ စိန်ရွှေတို့က ယောက်ျားမရှိလည်း စိန်အပြည့်၊ ရွှေအပြည့် ခေါင်းမော့ရင်ကော့ နေနိုင်ကြောင်း ပိုပြရဦးမှာ။ လာပြီး ဆရာလာမလုပ်ကြနဲ့။ ပြောတဲ့သူက မနာလိုလို့ ပြောတာပဲ ..."

လူကတော့ ဝတ်စားဆင်ယင်မှု အပျံစား။ နှုတ်ကတော့ မချေမငံ ပြန်ပြောတတ်လေ၏။ သို့သော် မကြာမီ ကာလမှာ ...

"ဟဲ့ ... စိန်ရွှေတစ်ယောက် လမ်းမှာ ရွှေတွေအလုခံရလို့တဲ့ ..."

"ဟင် ... ဘယ်နားမှာ အလုခံရတာတဲ့လဲ။ အိမ်မှာ အလုခံရတာလား"

"သူ့အမေအိမ်ကို လာတဲ့လမ်းမှာတဲ့ ..."

သတင်းများကြားပြီး ကျွန်မတို့ စဉ်းစားမရ ဖြစ်သွားရသည်။ လူသွားလူလာ အမြဲရှိသည့်နေရာ ထိုလမ်းမှာ လုယက်မှုခံရသည်ဆိုတော့ ကြံစည်သူသည် ကြိုတင်ကြံစည်ထားခြင်းသာ ဖြစ်ပေမည်။ ရွှေတွေဝတ်ပြီး တစ်ဦးတည်း သွားလာသူ အမျိုးသမီးအား သေချာစွာ လေ့လာထားပြီးမှ လုပ်ရှားခြင်း ဖြစ်နိုင်ပါသည်။

မစိန်ရွှေသည် လှိုင်မြို့နယ်၊ ဘာဒါမှာ နေသည်။ မိဘအိမ်ရှိရာ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းသို့ အမြဲလာတတ်သည်။ ဟံသာဝတီအဝိုင်း ကားမှတ်တိုင်မှာဆင်း၍ စာပေဗိမာန်ဝင်း ဘေးလမ်းမှ,အင်္ဂလိပ် စစ်သင်္ချိုင်းအနီးမှ ဖြတ်ကျော်ကာ ဘာဝနာလမ်းမှ အ. ထ. က(၁) စမ်းချောင်းဘေးလမ်းကနေ ကျော်တော



www.burmeseclassic.com

www.burmeseclassic.com

လမ်းမှတစ်ဖက် မုန့်လက်ဆောင်းကုန်းသို့ ရောက်ပါသည်။ ထိုစဉ်က စာပေဗိမာန်ဘေးလမ်းသည် သစ်ပင်ရိပ်ကြီးများနှင့် အုပ်ဆိုင်းနေပါသည်။ အင်္ဂလိပ်စစ်သချိုင်းမုခ်ဝသည် ထုထည်ကြီးမားစွာ တည်ဆောက်ထားပြီး အလွယ်တကူ ဝင်လို့ရပါသည်။ (ယခုတော့ တံခါးပိတ်ထားပြီး ခွင့်ပြုမှ ဝင်နိုင်ပါသည်။)

ထိုနေ့က မစိန်ရွှေ လိုင်းကားပေါ်မှ ဆင်းလာသည်။ လာနေကျလမ်းအတိုင်း လျှောက်လာခဲ့သည်။ ငယ်စဉ်ကတည်းက သွားလာနေကျနေရာမို့ အန္တရာယ်ဆိုတာ စိတ်ကူးထဲပင် မရှိခဲ့ပါ။

ဖြုန်းခနဲ သူ့လက်တစ်ဖက်ကို လက်အစုံဖြင့် လာရောက်ဆုပ်ကိုင်ခံလိုက်ရပါသည်။ ရုတ်တရက် ရုန်းမိစဉ် သူ၏ ချိုင်းကြားမှ အချွန်တစ်ခုက ထိခတ်သွားသဖြင့် နာကျင်စွာ ခံစားလိုက်ရသည်မို့ ဖွတ်မရုန်းရဲ ...။ ယောကျ်ားသားတစ်ဦး၏ အားဖြစ်၍ အင်အားချင်းမမျှ။

ထိုလူဆွဲခေါ်ရာ လိုက်ပါသည်။ ထိုလူကလည်း ခန္ဓာကိုယ်ချင်း နီးကပ်စေရန် ဆွဲကပ်တွဲထားသည်။ မသိလျှင် မိန်းမစိတ်ကောက်၍ ယောကျ်ားက ဆွဲခေါ်နေသကဲ့သို့ပင်။ အမှန်က မစိန်ရွှေ၏လက်မောင်းကို ဆုပ်ကိုင်ထားသည့် လက်ကြားထဲမှာ ဓားမြှောင်အချွန်ကို ထောင်၍ ကပ်ကာဆုပ်ကိုင်ထားခြင်းပင်။

အကူအညီရလိုရငြား ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်တော့လည်း အလုပ်သွား၊ ကျောင်းသွားချိန် မဟုတ်၍ အသွားအလာကျဲပါးနေသည်။ အင်္ဂလိပ်သချိုင်းထဲသို့ ခေါ်သွားသည်။ သချိုင်းမှာ ကျယ်ဝန်းပြီး မုခ်ဦးပေါက်မှ ဝင်ပြီးတာနှင့် အပြင်က အတွင်းသို့ မမြင်နိုင်တော့။ ထိုအကာအကွယ်ကို အသုံးချ၍ လုယက်ခြင်း ဖြစ်သည်။

မုခ်ဦးအတွင်းဘက် ကွေ့ချိုးပြီး နံရံနှင့် မစိန်ရွှေကို မျက်နှာပြု ကပ်ထားစေပြီး လည်ပင်းကို ဓားနှင့်ထောက်ထား၍ မစိန်ရွှေ ဝတ်ဆင်လာသည့် ရွှေထည်များအားလုံး ချွတ်ပေးရတော့သည်။

ပြီးတော့ ...

''နောက်ကို လှည့်မကြည့်နဲ့။ ကိုယ့်လမ်းကိုယ်သွား။ လှည့်တာနဲ့ ငါ့လူတွေက လက်ဖြောင့်ပြီးသား။ အသက်ပါ ပါသွားမယ်မှတ် ...''

ဟူ၍ ကြိမ်းဝါးပြီး လွှတ်လိုက်သည်။ မစိန်ရွှေ ကြောက်ကြောက်နှင့် လှည့်လည်း မကြည့်ရဲဘဲ တုန်တုန်ယင်ယင်နှင့် မိဘအိမ် ရောက်လာခဲ့သည်။

မစိန်ရွှေ ရောက်လာပုံက ရှင်းရှင်းပျပျ၊ လက်ကောက်သံ တချွင်ချွင်မဟုတ်ဘဲ ဆံပင်ဖွာလန်ကြဲ၊ ကြီးတီးကြောင်တောင်၊ စကားမပြောဘဲ ရောက်လာသဖြင့် ထူးဆန်းနေရကား ...

''ဟဲ့ ... စိန်ရွှေ နေမကောင်းဘူး လား''

မိခင်ဖြစ်သူမှ မေးလေမှ အသိဝင်လာကာ ...

''အီး ... ဟီး ... အောင်မယ်လေးအမေရဲ့၊ ကျွန်မဝတ်ထားတဲ့ ရွှေတွေ ကုန်ပါပြီတော့ ...''

အော်ငိုကာ ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလေတော့သည်။ ခုတော့ ကိုယ့်ရှိလို့ ကိုယ်ဝတ်တာဟု အငေါ်တူးစကား ပြောခဲ့သူသည် နောင်တကြီးစွာရပြီး ငိုလို့မဆုံးတော့ပေ။

''တော်သေးတာပေါ့ ... စိန်ရွှေရယ်။ လူ့အသက် ဘာမှုအန္တရာယ် မပြုလို့ ...''

ဆွေမျိုးများက သတင်းကြားပြီး အမှုဖွင့် ရဲတိုင်ရန် ပြောကြသည်။


''မတိုင်တော့ပါဘူး။ အလုခံရတာ ရှက်လွန်းလို့၊ ရဲဌာနမှာ စစ်ဟယ် မေးဟယ်နဲ့၊ ကိုယ်အသုံးမကျလို့ပဲ မှတ်ယူပါတယ်။ မိဘသတိပေးစကား နားမထောင်လို့ ကံကြီးထိုက်တယ် ထင်ပါတယ် ...''

မစိန်ရွှေတစ်ယောက် ထိုအချိန်ကစ၍ ရွှေမဝတ်တော့ပါ။ တစ်ယောက်တည်း မနေရဲတော့၍ မိဘအိမ်သို့ ပြန်ပြောင်းရွှေ့လာတော့သည်။

(၁၉၇၄ ခုနှစ်ကာလမှ အဖြစ်မှန်ဖြစ်သည်။)

ယနေ့ခေတ်ကာလ ရွှေရတနာ ဝတ်ဆင်သွားလာသူများ စားသတိ၊ သွားသတိ ရှိကြပါ။ အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ မဖြစ်စေရန် အစဉ်သတိပြုကြပါလေ ...။

တန့်သိုင်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လက်တစ်ဖက်ရဲ့ ဖြောင့်ချက်

သိုက်နွယ်

တော်တော်ဆိုးတဲ့ကောင်···ပြောမရ၊ ဆိုမရနဲ့။ ဆုံးမလို့လည်း ဆုံးမတာမှန်း မသိ။ ပြန်မပြော···နားမထောင်နဲ့ သူ့ကြောင့်···

သူလုပ်ချင်တာ အကုန်လုပ်တော့ ပတ်ဝန်းကျင်ကို ထိခိုက်ကုန်ရော၊ လက်မခံကြဘူးလေ၊ တရားဥပဒေဆိုတာကလည်း···ကြည့်မနေဘူး။ ခွင့်လွှတ်ပေးမထားဘူး။ တရားဥပဒေဆိုတာက လူသားအားလုံးအတွက် ထားတာ။

အဲ့ဒီ တရားဥပဒေ ဆိုတာက အဆုံးအဖြတ်ပေးတတ်တဲ့···သမာဓိကျင့်ထုံးစက်ကြီးတစ်ခုလိုပဲ၊ လူတိုင်းလေးစားလိုက်နာ ကြရတယ်လေ။

သူ့ကြောင့်···သူ့ကြောင့်···

သူ့ကြောင့် အသိမဲ့ အချို့လူတွေ ဥပဒေနဲ့ ငြိစွန်းပြီး ဥပဒေရဲ့ အဆုံးအဖြတ်ကို ခံကြရတာ···

♦♦➤♦♦

မောင်ငွေတဲ့ လူတစ်ယောက်ကိုပဲ ကြည့်···ပိုက်ဆံလေးရှိလာတော့ အရက်ကလေးတမြမြနဲ့···ဟိုနားမှာ ရန်ဖြစ်လိုက်၊ ဒီနားမှာ···ရန်ဖြစ်လိုက်နဲ့ လက်ကလေး တရွယ်ရွယ်··· တမြောက်မြောက် ဖြစ်လာခဲ့တယ်။

တစ်နေ့တော့···သူ့အိမ်မှာ···သူ့ယောက်ဖကလည်း ရောက်နေချိန် အပြင်မှာ အရက်မူးပြီးရန်ဖြစ်လာတော့ အိမ်က မိန်းမကို အနိုင်ကျင့် ဆဲဆိုကြိမ်းမောင်းပြီး ထိုးကြိတ်ရိုက်နက်တယ်။

ယောက်ဖ လုပ်သူကလည်း··· သူတို့ လင်မယားချင်းဖြစ်တာ ဖြစ်ပေစေဆိုပြီး···ကြည့်နေလိုက်တယ်။ အဲဒီမှာ မိန်းမလုပ်သူက သူ့မောင်ရောက်နေချိန်မှာ···ဒီလိုမူးရူး အနိုင်ကျင့်လုပ်ရ ပါ့မလားဆိုပြီး···စိတ်ဆိုးသွားဟန်တူပါရဲ့···တောထဲသွားရင် ယူသွားလေ့ရှိတဲ့ ဓားနဲ့ အားကုန်ခုတ်လိုက်တော့တာပေါ့။

တစ်ချက်တည်း ချက်ကောင်းထိသွားတယ်နဲ့ တူပါတယ်။ ချွေးစောင်းက သွေးတွေ ထွက်လာပြီး မောင်ငွေ ဖင်ထိုင်လဲကျရာကနေ···ပက်လက်လန်သွားတော့တာပဲ၊ တစ်ချက်မှမလှုပ်နိုင်တော့ဘူး···ဓားဒဏ်ရာ တစ်ချက်တည်းနဲ့ သေသွားတာထင်ပါ့···။

ဒီတော့မှ မောင်လုပ်သူက···

"အစ်မ···နင် ဘယ်လိုလုပ်လိုက်တာလဲ ပေး···ပေး···ဓား ငါ့ပေး"

ဆိုပြီး သွေးပေနေတဲ့ ဓားကို သူ့အစ်မဆီက လုယူပြီး ကျေးရွာလူကြီးအိမ်ပြေးသွားခဲ့သတဲ့။ ပြီးတော့···

"ကျွန်တော်တော့ ···ယောက်ဖ မောင်ငွေကို ···ဟောဒီဓားနဲ့ ခုတ်သတ်ခဲ့ပြီ···အဲဒါ ဥပဒေ [illegible] အဖမ်းခံတာပါ"

"ဟာကွာ···[illegible]··· [illegible] တာလေး [illegible]နဲ့···[illegible] [illegible]···"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လည်း စိတ်မထိန်းနိုင်လို့ပါ…ကိုယ့်မျက်စိရှေ့မှာ…ကိုယ့်အစ်မကို…အဆမတန် ရိုက်နှက်နေတာမြင်ရတော့…စိတ်မထိန်းနိုင်လို့ပါ"

ဉက္ကဋ္ဌက…သက်သေခံဓားကိုသိမ်း၍ အဖမ်းခံသူကိုကြိုးတုပ်ထိန်းသိမ်းထားလိုက်ပြီးမှ မြို့ကရဲစခန်းကိုပို့ဖို့ ပြင်ဆင်ရတော့တယ်။ မောင်ငွေ အလောင်းကိုလည်း ဘယ်သူမှသွာ မကိုင်စေဖို့၊ ခြေရာ လက်ရာမပျက်စေဖို့ ပြောဆိုပြီး ဆယ်အိမ်ခေါင်းနဲ့ ရာအိမ်မှူးဖြစ်သူကို အစောင့်ထားခဲ့ကာ…ဓားနဲ့ခုတ်သူ တရားခံမောင်မြင့်အေးကိုကြိုးနဲ့သေချာအောင်တုပ် ဆိုင်ကယ်ကယ်ရီသုံးစီးခေါ်ပြီးရဲစခန်းကိုအပြင်းနှင်မောင်းလာခဲ့တယ်။

♦♦➤♦♦

ရဲစခန်းရောက်တော့ စခန်းမှူးက ဉက္ကဋ္ဌကို ဆီးကြိုနှုတ်ဆက်လိုက်တယ်။

"ဟာ…ဉက္ကဋ္ဌ…နေဝင်မိုးချုပ် ဘာကိစ္စကြုံလာပြန်တုန်း"

"ကြုံဆို…အမှုကြီး…လူသတ်မှုကို ဖြစ်လာတာ ဗိုလ်ကြီးရေ"

စခန်းမှူးပါ အံ့သြပြီး ပါးစပ်ဟပြီးသားဖြစ်သွားသည်။ အံ့သြလွန်းမက အံ့သြသွားဟန်တူသည်။ ပြီးမှဆိုင်ကယ်ကယ်ရီပေါ်မှ ဆင်းလာသူတွေကို အကဲခတ်ကြည့်ရှုနေမိသည်။ တစ်ဦးချင်း တစ်ယောက်ချင်းကို လေ့လာစူးစမ်းသလို ကြည့်နေမိသည်။ ထိုစဉ်…

"ကဲ…စခန်းမှူး…ဟောဒီ မောင်မြင့်အေး က သူ့ယောက်ဖ မောင်ငွေကို သူကိုယ်တိုင် ဓားနဲ့ခုတ်သတ်ခဲ့ပါတယ် ဆိုပြီး လာအဖမ်းခံတာပါ…အဲဒါနဲ့ ကျွန်တော်လည်း သူ့ကိုကြိုးနဲ့တုပ်ပြီး ရဲစခန်းခေါ်လာခဲ့တာ၊ ဒါကတော့ သူ့ရဲ့ သက်သေခံဓားပဲ…သူ့ယောက်ဖ မောင်ငွေကို…သူကိုယ်တိုင် ခုတ်သတ်ခဲ့တဲ့ ဓားပါ"

သက်သေခံဓားကို ဉက္ကဋ္ဌက စခန်းမှူးစားပွဲပေါ် တင်ပေးလိုက်သည်။ စခန်းမှူးက စာရေးကြီးကို လှမ်းခေါ်ပြီး အမှုဖွင့်အရေးယူရန် ခိုင်းလိုက်သည်။ စာရေးကြီးက မောင်မြင့်အေးကို ကြည့်ပြီး…တရားခံပုံစံရေးသွင်းသည်။ ပြီးမှ စခန်းမှူးက သက်သေလူကြီးများရှေ့တွင် စစ်မေးသည်။

"မင်းနာမည်က…မောင်မြင့်အေးနော်"

"ဟုတ်ပါတယ်…"

"မင်းက…ဘာဖြစ်လို့ ကိုယ့်ယောက်ဖကို သတ်တာလဲ"

"ကျွန်တော့အစ်မကို အရက်မူးပြီး ရိုက်နေလို့ပါ…"

စခန်းမှူးက ခေါင်းတညိတ်ညိတ်လုပ်ပြီး ဆက်မေးလိုက်သည်။

"မင်းက လူသတ်ခဲ့တယ် ဆိုပေမယ့်…မင်းရဲ့ မျက်နှာပေါ်မှာက ဒေါသရိပ်မတွေ့ရဘူး…တစ်ယောက်ယောက်က သတ်သွားတာကော မဖြစ်နိုင်ဘူးလား…နောက်ဆုံး…သူ့မိန်းမ…မင်းအစ်မ ဓားနဲ့ ပြန်ခုတ်လိုက်တာဆိုရင်…မင်းဘာပြောမလဲ…"

တရားခံ မောင်မြင့်အေး စခန်းမှူးစကားသံကြားပြီး ငေးငိုင်တွေဝေသွားသည်။ ပြီးတော့မှ…

"မဟုတ်ပါဘူး ဗိုလ်ကြီး မောင်ငွေကို ကျွန်တော်ကိုယ်တိုင် ဓားနဲ့ ခုတ်သတ်ခဲ့တာပါ"

"အေး…အေး…အဲဒါဆိုလည်း ပြီးတာပဲကွာ…မင်း…အချုပ်ခန်းထဲမှာ…ခဏနေလိုက်ဦး…ကြားလား ငါကိုမင်းယောက်ဖမောင်ငွေ အလောင်းကို ဆေးရုံပို့ဖို့ စီစဉ်လိုက်ဦးမယ်…စာရေးကြီးရေ ဒီကောင် မောင်မြင့်အေးကို သီးသန့်အခန်းထဲမှာ ထားပေးလိုက်ပါဗျာ…ဟိုဘက်အခန်း ထဲဆိုတော့ လူများလို့ နေတတ်မှာမဟုတ်ဘူး…"

စခန်းမှူးက စာရေးကြီးကို မျက်စပစ်ပြကာ မှာထားခဲ့လိုက်သည်။ နောက် နယ်ထိန်းအဖွဲ့နှင့် တာဝန်မှူးကို ခေါ်ကာ အမှုအခြေအနေကို ပြောပြလိုက်သည်။

"ကဲ…နယ်ထိန်းအဖွဲ့နဲ့ တာဝန်မှူး…အမြန်လုပ် အခင်းဖြစ်အရပ်ကို အခုသွားကြမယ်…အလောင်းကို ဆေးရုံပို့ဖို့စီစဉ်ရမယ်"

"ဟုတ်…"

နယ်ထိန်းအဖွဲ့က ဆိုင်ကယ်တစ်စီး တာဝန်မှူးနှင့် စခန်းမှူးက ဆိုင်ကယ်တစ်စီးနှင့် အသင့်ပြင်ကြပြီး…

"ကဲ…ဉက္ကဋ္ဌတို့ ရှေ့ကထွက် ကျွန်တော်တို့နောက်က လိုက်မယ်…"

ဉက္ကဋ္ဌက အနီးရှိ ဆိုင်ကယ်ကယ်ရီပေါ်တက်ထိုင်လိုက်သည်။ ဉက္ကဋ္ဌနှင့်အတူပါလာသူတွေလည်း ဆိုင်ကယ်ကယ်ရီတွေပေါ် တက်ထိုင်နေကြပြီ…

"စာရေးကြီး…ခဏပဲ…ကျွန်တော်တို့ အခုပြန်လာမှာ…"



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးက စာရေးကြီးကိုမှာပြီး ဆိုက်ကယ်တွေ စက်နှိုးထွက်ခဲ့ကြသည်။ ရဲစခန်းက နာရီသံချောင်း ခေါက်သံက ၇-နာရီထိုးနေချေပြီ။

♦♦➤♦♦

ဆိုင်ကယ်မီးရောင်များက တစ်လမ်းလုံးကို လင်းထိန်နေသည်။ ဆိုင်ကယ်စက်သံတွေကလည်း ဆူညံနေလျက်ရှိသည်။ လမ်းဘေး သစ်ပင်များပေါ်မှ အိပ်တန်းတက်ခါစ ငှက်ကလေးတွေလည်း ဆိုင်ကယ်စက်သံနှင့် မီးအလင်းရောင်တို့ကြောင့် လန့်ထိတ်ပျံသန်းသွားနေကြသည်။ ဆိုင်ကယ်လမ်းက ဖို့မြေလမ်းမို့ ကုန်းဂမူလေးတွေနှင့် မညီညာလှ။

လမ်းကြောကို မောင်းနေ ကျဆိုင်ကယ်ကယ်ရီသမားတွေကတော့ ရှေ့က မောင်းနှင်သွားနေလျက်ရှိသည်။ နယ်ထိန်းအဖွဲ့နှင့် တာဝန်မှူး စခန်းမှူးတို့ စီးလာကြသည့် ဆိုင်ကယ်တွေကတော့ မှန်မှန်နှင့် မနေးအောင် ထိန်းမောင်းနေကြရသည်။ ရွာမရောက်ခင် လမ်းကြောတစ်နေရာမှာတော့ . . .

“ဥက္ကဋ္ဌ ကျွန်တော်တို့ အရက်ဆိုင် အရင်ဝင်ချင်တယ်ဗျာပြီးတော့မှ အခင်းဖြစ် အိမ်ကိုသွားမယ်။

အလောင်းကို မထိမရွှေ့ဖို့တော့ သေချာမှာခဲ့တယ် မဟုတ်လား”

“အေးဗျာ . . . အဲဒီလိုဆို အရက်ဆိုင်ကို အရင်သွားကြရအောင်”

ဥက္ကဋ္ဌက ဆိုင်ကယ်တွေကို အရက်ဆိုင်ရှိရာ ရွာမြောက်ပိုင်းကို အရင်မောင်းခိုင်းခိုက်သည်။ ဆိုင်ကယ်ကယ်ရီသမားတွေက ရွာလမ်းကိုတွေ့ကာ ဝိုက်ကာဖြင့် ဦးဆောင်မောင်းနှင်သွားကြသည်။ သဲတွေ၊ ဖုန်တွေ ထူထပ်နေသည့် ရွာလမ်းက မောင်းနေကျကယ်ရီသမားတွေရဲ့ ကျွမ်းကျင်မှုအောက်တွင် ငြိမ်လျက် ဝပ်လျက် မလူးသာ မလွန့်သာ . . .

အရက်ဆိုင်ရှေ့ ဆိုင်ကယ်ကယ်ရီတွေ ထိုးရပ်လိုက်တော့ . . . ဆိုင်ထဲမှာ သောက်နေကြသူတွေ . . . ခေါင်းမော့ကြည့်ကြသည်။ အချို့က မတ်တတ်ရပ်ပြီး . . . လမ်းဘက်ထွက်ဖို့ ပြင်ကြသည်။ ဥက္ကဋ္ဌနှင့် စခန်းမှူးတို့အဖွဲ့ နယ်ထိန်းအဖွဲ့တွေမြင်ကတည်းက ဣန္ဒြေမရကြတော့ . . .”

“ကိုယ့်ဟာကိုယ် သောက်ကြပါကွာ . . . မင်းတို့ကို ဘာမှမလုပ်ပါဘူး။ ဒီက ဗိုလ်ကြီးက အရက်ဆိုင်သွားချင်ဆိုလို့ ခေါ်လာတာပါ . . . ကဲဗိုလ်ကြီး ထိုင်ပါ . . . ဒါ . . . အရက်ဆိုင်ပိုင်ရှင် မောင်ကောင်းထွန်းပါ . . .”

ဥက္ကဋ္ဌက ဆိုင်တွင်းရှိလူတွေကို ပြောလိုက်တော့ . . . သူတို့စားပွဲမှာ သူတို့ ပြန်ထိုင်နေကြသည်။ ဥက္ကဋ္ဌနှင့် စခန်းမှူးအဖွဲ့ကိုတော့ . . . ဝေ့ဝိုက်အကဲခတ်နေကြလျက်ရှိ၏။

“ဘာမှ မဟုတ်ပါဘူးကွာ ဟောဒီက ဆိုင်ပိုင်ရှင် ကိုကောင်းထွန်းကို မေးစရာလေးရှိလို့ပါ၊ ပြီးတာနဲ့ တို့ပြန်သွားမှာပါ . . . မင်းတို့သောက်နေကအတိုင်း သောက်ကြ . . . သုံးကြ . . . ဟုတ်လား . . .”

စခန်းမှူးက သူ့စကားဆုံးတော့ ဆိုင်ပိုင်ရှင်ကိုကောင်းထွန်းကို လှမ်းခေါ်သည်။ ဆိုင်ပိုင်ရှင် ကိုကောင်းထွန်းက စခန်းမှူးနှင့် အဖွဲ့ကို ဧည့်ခံဖို့ ပြင်ဆင်နေဟန်တူသည်။

“ကျွန်တော်တို့ မသောက်ပါဘူး။ ကိုကောင်းထွန်း . . . ဟိုဗျာ ခင်ဗျားကို မေးစရာလေး တစ်ခုရှိလို့ပါ . . . ဒီရွာက ကိုမောင်ငွေ ဆိုတဲ့လူက ခင်ဗျားဆိုင်မှာ အရက်လာသောက်နေကြလား . . . တစ်နေ့ ဘယ်လောက်ဖိုးလောက် သောက်လဲ . . . သူ့ယောက်ဖကော . . . လာသောက်တတ်သလား . . .”

“မောင်ငွေက တစ်ခါ တစ်လေမှ လာသောက်တတ်တာပါ . . . အများကြီးတော့ မသောက်ပါဘူး။ စားကောင်းသောက်ကောင်းရှဲ့လောက်ပါ . . ဒါပေမယ့် သူက အရက်မူးတတ်တယ် . . . သွေးဆိုးတတ်တယ် . . . လူငယ်တွေက ချော့ပြီး သူ့အိမ် လိုက်လိုက်ပို့ရတယ်၊ ဒီနေ့တော့ ကျွန်တော့်ဆီ လာမသောက်ဘူး ဘယ်ကမူးလာလည်းတော့ မသိဘူး . . . မူးနေပြီလို့တော့ ကြားလိုက်တယ် . . . ညနေ စောစောက လမ်းပေါ်မှာ သူ ဆဲသံ၊ ဆိုသံတွေတော့ ကြားလိုက်မိသလိုပဲ၊ ကျွန်တော်လည်းကိုယ့်အရောင်းအဝယ်နဲ့ဆိုတော့ . . . သူ့ကို သိပ်ပြီး သတိမထားမိဘူး . . . အဲ . . . သူ့ယောက်ဖကတော့ လုံးလုံးအရက်မသောက်ဘူး။ အရက်သမားတွေနဲ့လည်း အပေါင်းအသင်းမလုပ်ဘူး . . . စကားမပြောဘူး။ ကျွန်တော့်ဆိုင်လည်း တစ်ခေါက်မှ မလာဘူး”

www.burmeseclassic.com

"ကဲ···ကဲ···ဒါဆိုလည်း ရပါပြီ ဗျာ···အခုလို အကူအညီပေးတာ·· ကျေးဇူးတင်ပါတယ်···သွားပါဦးမယ်"

"ဗိုလ်ကြီးတို့ကို ဧည့်ခံဖို့လုပ်နေ တာ ဧည့်မခံလိုက်ရလို့ ··· စိတ်မ ကောင်းဘူး"

"ရပါတယ်ဗျာ···နောက်မှပေါ့။ ကိစ္စလေးရှိလို့···သွားလိုက်ပါဦးမယ်"

စခန်းမှူးက ဆိုင်ရှင် ကိုကောင်းထွန်းကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ တာဝန်မှူးဆိုင်ကယ်ပေါ် စခန်းမှူးရောက်တော့ ဥက္ကဋ္ဌတို့ဆိုင်ကယ်တွေက ရှေ့ကမောင်းသွားနှင့်ပြီ၊ နယ်ထိန်းအဖွဲ့က ဥက္ကဋ္ဌတို့ ဆိုင်ကယ်ရှေ့က ဆိုင်ကယ်ကယ်ရီသမားတွေက တဖြည်းဖြည်းချင်း စောင့်မောင်းနေဟန်တူသည်။ ဘီးလိမ့်ဟန်တွေက ညင်သာငွေ့န်းလှ၏။

♦♦➢♦♦

ဥက္ကဋ္ဌနှင့် စခန်းမှူးတို့အဖွဲ့ မောင်ငွေတို့ အိမ်ဝိုင်းထဲရောက်တော့ ငိုသံ၊ ယိုသံတွေလည်း မကြားရ၊ တီးတိုးပြောဆိုနေကြသည့် စကားသံအချို့သာ ဝေ့ဝဲပျံ့လွင့်လျက်ရှိသည်။

"ဟော့ကောင်တွေ ထွန်းကြိုင်··· အုံးသောင်း၊ ခါတ်မီးလေးဘာလေး ဘာလေး အိမ်ရှေ့ထိုးပြကြဦးလေကွာ ဒီမှာ ဗိုလ်ကြီးတို့လာတယ်"

ဥက္ကဋ္ဌက လှမ်းအော်မှ အိမ်ပေါ်က ဓာတ်မီးရောင်များ လင်းလက်လာကြသည်၊ ဆိုင်ကယ်ကယ်ရီသမားတွေက ဆိုင်ကယ်မီးတွေပိတ်လိုက်ကြပြီး၊ စခန်းမှူးနှင့်အဖွဲ့ အိမ်ပေါ်ရောက်တော့··· သေသူမောင်ငွေ့အလောင်းက ညာဘက်ဂျိုစောင်းမားဒဏ်ရာမှ သွေးတွေစီးဖြာထွက်လျက်ရှိသည်။ နယ်ထိန်းအဖွဲ့နှင့် တာဝန်မှူးက ရဲလုပ်ငန်းစဉ်များကို ကုန်စင်အောင်ပြုလုပ်နေကြသည်။

နောက်မှ ···စခန်းမှူးက သေသူမောင်ငွေ့မိန်းမကို ဥက္ကဋ္ဌနှင့် လူကြီးများရှေ့တွင် မေးခွန်းအချို့ကို စစ်မေးနေလေသည်။

"နာမည်···ဘယ်လိုခေါ်လဲ"

"မမြင့်အေး···ပါ"

"သေသူ မောင်ငွေနဲ့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ···"

"၁၀-နှစ်လောက်ရှိပါပြီ···"

"အရင်တုန်းကကော···မောင်ငွေက အရက်မူးရင် ···သွေးဆိုးတတ်သလား···ရန်ဖြစ်တတ်သလား"

"ကျွန်မကိုတော့···အမြဲတမ်း·· အနိုင်ကျင့်···နှိပ်စက်ရိုက်နက်တတ်ပါတယ်···"

"အခုကော ဘယ်လိုဖြစ်ပြီး သေသွားတာလဲ ···မောင်မြင့်အေးကတော့ သူခုတ်တာ···သူသတ်တာလို့ ပြောနေတယ်···"

"မဟုတ်ရပါဘူးရှင် ···ကျွန်မ သတ်တာပါ···ကျွန်မခုတ်တာပါ··· ကျွန်မမောင်နဲ့ ဘာမှမဆိုင်ပါဘူး ··· ကျွန်မမောင်လေးကို မဖမ်းပါနဲ့ရှင်··· ကျွန်မကို ဖမ်းပါ···"

မမြဲအေးက လက်ကို လက်ထိပ်ခတ်ဖို့ ရှေ့ကိုအတင်းထိုးပေးလျက်ရှိသည်။ စခန်းမှူးက အနည်းငယ်ပြုံးဟန်ပြုလိုက်ပြီး···မမြဲအေး မျက်နှာကို စေ့စေ့ကြည့်ကာ···

"ဒါနဲ့ စကားမစပ်ဗျာ···မမြဲအေးက ဘယ်သန်လား···ညာသန်လား"

"ကျွန်မက···ညာသန်ပါရှင်··· ဟောဒီ ညာဘက်လက်နဲ့ သူ့ကို ကျွန်မကိုယ်တိုင်ခုတ်လိုက်တာ သူက ကျွန်မကို ရိုက်ဖို့ တုတ်လှမ်းယူနေတုန်း သူ့နောက်ကနေ ညာဘက်ချိုစောင်းကို ဓားနဲ့ခုတ်လိုက်တာ သူက သေနေ့စေ့တော့ ဓားဦးက သူ့ချိုစောင်းကို စိုက်ဝင်သွားတာ ကျွန်မကိုယ်တိုင် ခုတ်လိုက်တာ··· ကျွန်မကိုဖမ်းပါရှင်"

မမြဲအေးက မျက်ရည်ပေါက်များ စီးကျလာနေရင်းက···သူ့လက်နှစ်ဖက်ကို ရှေ့ထိုးပေးနေလျက်ရှိသည်။

"ကဲ···ဥက္ကဋ္ဌ အလောင်းကိုတော့ ဆေးရုံပို့ဖို့လုပ်ဗျာ···ထော်လာဂျီရှိရင် ပိုကောင်းတယ် ···ပြီးတော့ ရွာက ကာလသားအဖွဲ့လည်း ခေါ်ခဲ့ဦး ဆေးရုံရောက်တော့ သယ်ဖို့···ပွေ့ဖို့···မ,ဖို့ ရှိသေးတယ်···"

"ကျွန်တော် ခေါ်ထားပါတယ် ··· စခန်းမှူး အခုပဲ လာကြမှာပါ"

စခန်းမှူးက နယ်ထိန်းအဖွဲ့ကို လှမ်းခေါ်လိုက်သည် ပြီးတော့···

"ဗိုလ်လေး မမြဲအေးကို လက်ထိပ်ခတ်လိုက်ပါဗျာ···အားတော့နာပါရဲ့"

"ကျွန်မကို ဖမ်းတာ အားနာစရာ မလိုပါဘူး ဗိုလ်ကြီးရယ်···ကျွန်မက အပြစ်ရှိလို့ ခံရတာပဲလုပ်ရဲရင် ခံရဲပါတယ်"အမှုနဲ့ဘာမှမဆိုင်တဲ့ကျွန်မမောင် မောင်မြင့်အေးကိုသာ ပြန်လွှတ်ပေးပါ"

"တရားခံက ဝန်ခံမှတော့ မဆိုင်တဲ့လူ ပြန်လွှတ်ပေးရမှာပေါ့ဗျာ··· ကျွန်တော်တို့ ရဲတပ်ဖွဲ့ကလည်း တရားခံ မဟုတ်တဲ့ လူတစ်ယောက်ကိုမှ ဖမ်းမိမှာ အစိုးရိမ်ဆုံး အကြောက်ဆုံးပါဗျာ"

www.burmeseclassic.com

စခန်းမှူးက ပြောလက်စစကားကို ခဏနားလိုက်သည်။ ပြီးမှ···ဆက်၍ ပြောပြန်သည်။

"ကဲ···ဥက္ကဋ္ဌ···သွားကြရအောင် ဒီအိမ်မှာ စောင့်အိပ်ဖို့···သူတို့ဆွေမျိုးတွေကို ပြောခဲ့ဦး ဥက္ကဋ္ဌရေ"

"ကျွန်တော်ပြောခဲ့ပြီးပါပြီ ဗိုလ်ကြီး အားလုံးမှာထားခဲ့ပြီး စီစဉ်ပြီးပါပြီ···"

မောင်ငွေ အလောင်းကို တင်ဆောင်လာသည့် ထော်လာဂျီက ဆေးရုံဘက်ဆက်မောင်းသွားသည်။ မမြအေး စီးလာသည့်ဆိုင်ကယ်ကယ်ရီနှင့် ဥက္ကဋ္ဌ စီးလာသည့် ဆိုင်ကယ်ကယ်ရီ တွေက ရဲစခန်းကို သွားနှင့်ကြပြီ။

တာဝန်မှူးက မမြအေးကို တန်းလျားမှာ ထိုင်နေစေပြီး နယ်ထိန်းအဖွဲ့ကို ဆေးရုံဆက်လိုက်သွားဖို့ ညွှန်ကြားလိုက်သည်။စခန်းမှူးက စာရေးနှင့်ကင်းတာဝန်ကျအဖွဲ့ကိုလှမ်းခေါ်ပြီး မောင်မြင့်အေးကို ခေါ်လာခဲ့ဖို့ မှာလိုက်သည်။

ခဏအကြာတွင် မောင်မြင့်အေး စခန်းမှူးစားပွဲရှေ့ ရောက်လာသည်။ စခန်းမှူးက မောင်မြင့်အေးကို လက်ထိပ်ဖြုတ်ပေးလိုက်ဖို့ စာရေးကြီးကို လှမ်းပြောနေလေသည်။

ပြီး···

"မောင်မြင့်အေး···မင်းက ဘယ်သန်လား···ညာသန်လားကွ လက်မြှောက်လိုက်စမ်းပါဦး···"

"ကျွန်တော်က···ဘယ်သန်ပါ ဗိုလ်ကြီး···ဟောဒီ ···ဘယ်ဘက်လက်ပဲ သန်ပါတယ်"

စခန်းမှူးက မျက်နှာကို ပြုံးစစပြင်လိုက်သည်။ အပြုံးရိပ်များသည် အောင်မြင်မှုအရိပ်အငွေ့များယှက်သန်းလျက်ရှိသည်။ ဦးခေါင်းကို တညိမ့်ညိမ့်လုပ်ရင်း···"

"မောင်မြင့်အေး···မောင်မြင့်အေး မင်းက မလိမ်တတ်ဘဲနဲ့ လိမ်ချင်တဲ့ကောင်···တို့ရဲတပ်ဖွဲ့ကို အလုပ်ရှုပ်အောင် လာလုပ်တဲ့ကောင်···ဟိုက သေသူ မောင်ငွေ အလောင်းမှာ ခုတ်ထားတဲ့ ဓားဒဏ်ရာက ညာလက်နဲ့ ခုတ်ထားတဲ့ဒဏ်ရာကွ အဲဒါဘယ်သူခုတ်တာလို့မင်းထင်သလဲ ပြောစမ်းပါဦး"

စခန်းမှူး စကားသံဆုံးတော့··· မောင်မြင့်အေး စကားမပြောနိုင်တော့၊ စခန်းမှူးကို ကြည့်ပြီး ငေးငိုင်နေလျက်ရှိသည်။ ခဏကြာတော့မှ စခန်းမှူးက-

"မမြအေးကို ခေါ်ခဲ့ကွာ ··· မောင်မြင့်အေး···ဘာပြောမလဲဆိုတာ နားထောင်ရအောင်···"

ဥက္ကဋ္ဌနှင့် ကျေးရွာလူကြီးများ တာဝန်မှူးနှင့် နယ်ထိန်းအဖွဲ့က မမြအေးကိုစခန်းမှူးအခန်းထဲခေါ်လာခဲ့ကြသည်။

"ဟာ···အစ်မ ကျွန်တော့်ကို ဖမ်းပါ ဗိုလ်ကြီးရယ် ကျွန်တော်သတ်တာပါ"

စခန်းမှူးက အပြုံးရိပ်များ ဆင်မြန်းလျက်ရပ်နေပြန်၏။ ပြီးမှ···

"မောင်မြင့်အေး···ငါတို့ရဲတပ်ဖွဲ့ ဆိုတာ···အလုပ်တစ်ခုကို မသေချာဘဲနဲ့···ဘယ်တော့မှ မလုပ်ဘူး··· လေ့လာ စုံစမ်း···မေးမြန်း···စစ်ဆေးပြီးမှ လုပ်တာ···မင်းအစ်မ မမြင့်အေး ကိုယ်တိုင်က···ဝန်ခံပြီး···ဖြောင့်ချက်ပေးပြီးပြီ···မင်းသွားလို့ရပြီ···နောက်နေ့မှ မင်းအစ်မကို လာတွေ့တော့··· ဥက္ကဋ္ဌ···မောင်မြင့်အေးကို ပြန်ခေါ်သွားလိုက်ပါဗျာ···သူ့ခမျာ သူ့အစ်မအတွက် သိပ်ပြီးသောက ရောက်နေဟန်တူတယ်···တရားဥပဒေဆိုတာက အမှုနဲ့ သက်ဆိုင်ငြိစွန်းတဲ့သူကိုပဲ ဆုံးမပေးလေ့ရှိတာ နိယာမပါကွာ···"

စခန်းမှူးက မောင်မြင့်အေး ပခုံးကိုပုတ်ပြီး နှစ်သိမ့်ပေးလိုက်သည်။ ပြီးတော့···မမြအေးကို အချုပ်ခန်းထဲထည့်လိုက်ဖို့လည်း တာဝန်မှူးကိုမျက်စပစ်ပြလိုက်သည်။ ဥက္ကဋ္ဌနှင့် ကျေးရွာလူကြီးတွေကို နှုတ်ဆက်ကာ···

"ကဲ···ဥက္ကဋ္ဌတို့အဖွဲ့ကို ကျွန်တော်က လက်ဖက်ရည်လိုက်တိုက်ပါရစေဦးဗျာ···မိုးအလင်းဆိုင်ဘက်ကို ချီတက်ကြစို့···မောင်မြင့်အေးလည်းလာဟေ့"

ည ၁၂ နာရီ ထိုးပြီးနေချေပြီ၊ ရဲစခန်းကင်းတာဝန်ကျအဖွဲ့က နာရီသံချောင်း ၁၂ ချက်ခေါက်နေချေပြီ။ ဆိုက်ကယ်များက ကတ္တရာလမ်းပေါ်မှာ ပြေးလိမ့်လျက် မိုးအလင်းလက်ဖက်ရည်ဆိုင်ရှေ့တွင် အဝေးပြေးမှန်လုံကားများက ခရီးသည်များနှင့်ပြည့်လျက်··· ဟိုဘက်···လမ်းဘေး တစ်နေရာတွင်တော့ နယ်ထိန်းတပ်ဖွဲ့ဝင်များက··· နယ်မြေလုံခြုံရေးကို ကြီးကြပ်ဆောင်ရွက်လျက်ရှိနေကြသည်။ တာဝန်ကိုယ်စီ ထမ်းဆောင်နေကြလျက်ရှိ၏။

သိုက်နွယ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)

"ယုန်ထင် ကြောင်ထင်"

"မြေနိမ့်ရာ လှံစိုက်"

"ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ"

"ထန်းသီးကြွေခိုက် ကျီးနင်းလိုက်"

"မရှိခိုးနိုး-မလှစုန်းမျိုး"

"နွားရာဝဲစွဲ-လဲရာသူခိုးထောင်း"

မြန်မာ့စကားပုံပေါင်း များစွာရှိ၏။

ဘဝပေးကုသိုလ်ကံ အကြောင်းမလှ၍ရုပ်အဆင်းသဏ္ဌာန်ချို့ယွင်းခဲ့ခြင်းအပေါ် အပြစ်မြင်ကြ၏။ အပြစ်တင်ကြ၏။ ဝေဖန်ကဲ့ရဲ့ချင်ကြ၏။ လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်တစ်ခုလုံးက အထီးကျန်သဖွယ် ပစ်ပယ်လစ်လျူရှုတတ်ကြောင်း။

ရခဲလှသည့် လူ့ဘဝတွင် လူလာဖြစ်ရသော်လည်း လူဖြစ်ရကျိုးမနပ်သလို ဖြစ်နေ၏။

ဖိုးထင်...

အရပ်ပုပြီး အကျည်းတန်၏။

ညိုသော အသားအရေသည် အလုပ်ပင်ပန်းပြီး နေလောင်ထားသဖြင့် မည်းပြောင်နေ၏။ ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါး ကွယ်လွန်ခဲ့၍ အဘွားနှင့် နေခဲ့ရ၏။ ညီအစ်ကိုမောင်နှမ မရှိ။ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ရွာလေးတစ်ရွာမှဖြစ်၏။ သစ်စက်တစ်ခုတွင် သစ်ခွဲအကူလုပ်ရင်း ကုန်သည်တစ်ဦးနှင့် ရင်းနှီးခဲ့၏။ တနင်္သာရီတိုင်းအတွင်းရှိ တနင်္သာရီမြို့နယ်တွင် သစ်ကွက်ရ၍ ခေါ်ခဲ့သဖြင့် လိုက်ခဲ့၏။ တစ်မိုးတွင်းလုံး တနင်္သာရီမြို့မှ (၂၆)မိုင်ခန့်အကွာ ဝေနချောင်းအနီးတွင် သစ်များခွဲစိတ်ခြင်း၊ ဖောင်ဖွဲ့ခြင်း၊ မော်တော်တင်ခြင်းများ ပြုလုပ်ရင်း ဝေနချောင်းအနီးရှိ ဆင်ခေါင်းအိုင် (အေးချမ်းသာရွာ)မှ လူအချို့နှင့် ရင်းနှီး ခင်မင်ခဲ့၏။

လုပ်ငန်းနားချိန်...

အညာသို့ မပြန်တော့။

တစ်ယောက်တည်းသမားပီပီ ဝေနချောင်းအနီးရှိ အေးချမ်းသာရွာ အစွန်တွင် အိမ်တစ်လုံးဆောက်၍နေပြီး ကြုံရာကျပန်းအလုပ် လုပ်နေခဲ့၏။ မိုးတွင်းချိန်တွင် သစ်အလုပ်လုပ်၍ ကျန်အချိန်များတွင် ပိုက်ထောင်ခြင်း၊ ငါးမျှားချခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

ပုစွန်များခြင်း၊ တောကောင်ထောင်ခြင်း၊ ဝါးခုတ်ခြင်း၊ ဆန်ကော၊ ဆန်ကာ တောင်းများ ရက်လုပ်ခြင်းများဖြင့် အသက်မွေးခဲ့၏။ ဖိုးထင် ရိုးသားစွာ ကြိုးစား၍ လုပ်ကိုင်စားသောက်၏။ သို့သော် အလုပ်ကြမ်းသမားပီပီ အရက် တော့သောက်၏။

အေးချမ်းသာရွာ . . .

အိမ်ခြေ (၄၀)ခန့်သာရှိ၏။

တောင်ယာအလုပ်၊ တံငါအလုပ်၊ သစ်ဝါးခုတ်ခြင်း အလုပ်များဖြင့် အသက်မွေးကြ၏။ အရှေ့ဘက်တွင် စိန်တောင်စခန်းနှင့် သံဖြူရွာရှိ၏။ (၁၅)မိုင်ခန့်ဝေး၏။ အနောက်ဖက်တွင် ဝဲန်ချောင်းနှင့် တနင်္သာရီ-ဘုတ်ပြင်း ကားလမ်းရှိ၏။ (၃)မိုင်ခန့်ဝေး၏။ တောင်ဘက်တွင် သန္တာကျောက်တန်းများနှင့် သစ်တောဖုံးလွှမ်းနေ၏။ မြောက်ဘက်တွင် တနင်္သာရီမြို့ရှိ၏။ (၂၆)မိုင်ခန့်ဝေး၏။ ဝဲန်ချောင်းကိုသာ အားကိုးပြီး စက်လှေများဖြင့် သွားရ၏။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံခေါင် လှသည့်အရပ်ဒေသဖြစ်၏။ စာပေဗဟုသုတနည်းကြ၏။ တောသူ တောင်သားပီပီ ရှေးရိုးစွဲအယူသီးတတ်ကြ၏။

ရွာဦးထိပ် ကုန်းမြင့်ပေါ်တွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိ၏။

သက်တော် (၆၀)၊ ဝါတော် (၁၀) ဝါရှိ ဆရာတော်ကြီးတစ်ပါး သီတင်းသုံး၏။ မြိတ်မြို့အနီးရှိ ရွာတစ်ရွာမှ ပင့်ဆောင်လာခြင်းဖြစ်၏။ တောကျောင်းပီပီ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်း အမြင့်ကျောင်းလေးဖြစ်၏။ ဖိုးထင်အားလပ်သောအချိန်များတွင် တစ်ပါးတည်းနေသည့် ဆရာတော်၏ကျောင်းတွင် ရေခပ်၊ ထင်းခွဲ၊ သန့်ရှင်းရေးအလုပ်များ သွားရောက်လုပ်ကိုင်ပေး၏။ ဖိုးထင်တစ်ဦးတည်း အေးအေးဆေးဆေး နေတတ်၏။ ရွာထဲသို့မလည်၊ အပေါင်းအသင်းနည်း၏။ ရွာခံများနှင့် အဆက်အဆံနည်း၏။ မေးထူးခေါ်ပြော သာမန်အဆင့်ထက်မပို။ အထီးကျန်ဆန်ရင်း အထီးကျန်ဖြစ်နေ၏။ ဖိုးထင်ကတော့ ပတ်ဝန်းကျင်ကိုအလေးအနက်မထား။ သူ့အလုပ်သာ သူလုပ်၏။ တစ်နေ့တစ်နေ့ သူ့အလုပ်များဖြင့် သူမအား။ တစ်ကုတ်ကုတ်ဖြင့် တစ်နေကုန် တစ်ခုမဟုတ်တစ်ခု လုပ်နေတတ်၏။

တစ်နေ့ . . .

ရွာလူကြီးနှင့် ရွာသားအချို့ရောက်လာ၏။

"ဖိုးထင် . . ဟေ့ . . ဖိုးထင် . . "

"ခင်ဗျာ . . . "

ဖိုးထင် တောင်းရက်နေရာမှ ထလာ၏။

အိမ်ပေါ်တွင် ဖျာခင်းပေးရင်း ရေနွေးအိုးနှင့် ငါးခြောက်ကြော် အမြည်းချပေး၏။ မလာစဖူး အလာထူး၍ ဖိုးထင်အံ့သြနေ၏။ ရွာလူကြီးနှင့် ရွာသားအချို့ အိမ်ပေါ်နှင့် အိမ်အောက်သို့ စူးစမ်းသော မျက်လုံးများဖြင့် လိုက်လံကြည့်ရှုနေကြသည်ကို တွေ့ရ၏။

"ဘာကိစ္စများရှိလို့လဲ သူကြီး၊ ကျွန်တော် ဘာများ လုပ်ပေးရမလဲ ခင်ဗျာ"

"အော် . . . တစ်ခြားတော့ မဟုတ်ဘူး . . ဖိုးထင် ပြောရမှာတော့ အားနာစရာပဲကွာ၊ ညဉ့်က မောင်မြင့်အိမ်နဲ့ မဲတူ့အိမ်က ကြက်တွေပျောက်လို့လာတိုင်ကြတယ်။ အဲဒါ မင်းများ လုပ်မိသလားလို့ကွာ"

"ခင်ဗျား . . . "

"ဟုတ်တယ် . . . ဖိုးထင် တစ်ရွာတည်းသားချင်းဆိုတော့ . . . အကျယ်အကျယ်မဖြစ်ရအောင် သူကြီးကိုခေါ်ပြီး တို့လာမေးကြတာဆိုပါတော့ . . "

"နေပါဦး . . ခင်ဗျာ ကျွန်တော်ခိုးပါတယ်လို့ ဘယ်သူကများ တတ်အပ်သေချာပြောလိုက်တာပါလဲ ခင်ဗျာ။ ကျွန်တော် သူများပစ္စည်းကို ယခင်ကလည်း မပြစ်မှားခဲ့ဖူးပါဘူး။ အခုလည်း မပြစ်မှားပါဘူး။ နောင်ကိုလည်း လုပ်မှာမဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော်က တစ်ယောက်တည်းသမားပါ။ ကျွန်တော့်လုပ်အားနဲ့ကျွန်တော် လုံလောက်ပါတယ်။ ကျွန်တော် ရွာထဲကိုတောင် နှံ့စပ်အောင် မရောက်ဖူးပါဘူး ခင်ဗျာ။ သူကြီးတို့ အထင်များနေပါတယ် ခင်ဗျာ"

"မင်းမယူရင် ဘယ်သူယူမှာလဲ ဖိုးထင် တို့ဒီရွာ စတည်ကတည်းက နေလာခဲ့ကြတာ၊ ရွာမှာ ပစ္စည်းပျောက် ကြက်ပျောက် တစ်ခါမှမရှိခဲ့ဖူးဘူး။ အခု မင်း ရောက်လာပြီးမှ ပစ္စည်းပျောက်

www.burmeseclassic.com

ကြက်ပျောက်တာ သုံးလေးခါရှိပြီ လက်ပူးလက်ကြပ်မမိသေးလို့ ဒီတစ်ခါတော့ တို့ သည်းမခံနိုင်တော့ဘူးဆိုပြီး သူကြီးကိုပါ သက်သေအဖြစ် ခေါ်ခဲ့ရတာကွ"

"ဟုတ်တယ် . . . ဖိုးထင် မင်းယူထားရင်လည်း ပြန်ပေးပါ။ နောက်မှ တို့အဆိုး မဆိုနဲ့နော်"

"ဖိုးထင်ရယ် တစ်ကြိမ်တစ်ခါ မှားမိရင်လည်း ဦးတို့ကခွင့်လွှတ်ပါတယ်ကွာ။ မင်းယူထားမိတယ်ဆိုရင်လည်း ပြန်ပေးလိုက်ပါ၊ အကျယ်အကျယ် ဆိုမကောင်းဘူး ဖိုးထင်ရဲ့"

"သူကြီး . . . ခင်ဗျာ၊ ကျွန်တော်က ညံ့သည်ဆိုပေမယ့် ဒီရွာမှာနေလာတာ နှစ်နဲ့ချီပြီးကြာခဲ့ပါပြီ။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ဘယ်မှမသွားမလာတတ်ပါဘူး။ မကောင်းတဲ့အလုပ်နဲ့လည်း အသက်မမွေးပါဘူး ခင်ဗျာ။ ဒါတော့ ယုံပါ။ မကျေနပ်ရင် သူကြီးနဲ့ ကိုမောင်မြင့်တို့ ကိုမဲတူတို့၊ တစ်အိမ်လုံး၊ တစ်ခြံလုံးအနှံ့ စိတ်ကြိုက်ရှာပါ။ တွေ့ရင် ကြိုက်သလို လုပ်ကြပါခင်ဗျာ"

"အေးလေ . . မင်းမယူဘူးဆိုရင်လည်း ပြီးတာပါပဲ၊ ဒါပေမယ့် တို့ကတော့ ဝတ္တရားအရ ရှာရမှာပဲ ဖိုးထင်"

"ဟုတ်တယ် . . . သူကြီး"

"ရှာပါ . . သူကြီး၊ စိတ်ကြိုက်ရှာပါ"

သူကြီးနှင့် ရွာသားအချို့

ဖိုးထင်၏အိမ်ပေါ်အနံ့ တစ်ခြံလုံး ပိုက်စိပ်တိုက်ရှာဖွေကြ၏။ သီးပင်၊ စားပင် ဘူးစင် ငှက်ပျောတောကျွန်း မြေများပင် တူးဆွ၍ ရှာဖွေကြ၏။

ဖိုးထင်ဘဝင်မကျ၊ စိတ်မကောင်း။ လူပု စိတ်တိုဆိုသလိုပင် အသားများဆတ်ဆတ်တုန်ခဲ့ရ၏။

လူတစ်ယောက်၏ ကိုယ်ကျင့်တရားနှင့် သိက္ခာ၊ မာနကို စော်ကားခြင်းပင်။

သူကြီးနှင့်အဖွဲ့ ချွေးဒီးဒီးကျ၊ လူပင်ပန်း၊ စိတ်ပင်ပန်းဖြင့် မကျေမနပ် မျက်လုံးများနှင့် နှုတ်ဆက်၍ပြန်သွားကြ၏။

"ကဲ . . ဖိုးထင် စိတ်မကောင်းဘူးကွာ . . ဝတ္တရားအရ ရှာဖွေရတာပါ။ ဦးတို့ပြန်မယ်နော်"

"ဟုတ်ကဲ့ သူကြီး"

ဖိုးထင် အောင့်သက်သက် ဖြေခဲ့ရ၏။

မောင်မြင့်နှင့် မဲတူကတော့ ကျေနပ်ပုံမရ။

ဖိုးထင်ကိုပင် နှုတ်မဆက်နိုင်။ မရှိခိုးနိုး၊ ရုပ်ဆိုးအကျည်းတန်ခြင်းသည်ပင် လူရာမဝင်။ အထင်သေး၊ အထင်လွဲစရာများဖြစ်နေ၏။ ဖိုးထင်၏ဒေါသ ပေါက်ကွဲခဲ့ရ၏။ လုပ်လက်စအလုပ်များကိုပစ်ထားပြီး ဖိုးထင် ယခင်ထက်ပို၍ အရက်ကို အဖော်ပြုပြီး သောက်ခဲ့မိ၏။

"ဖိုးထင် . . ဘယ်တော့မှ ခိုးပြီးမစားဘူးကွ သိလား . . . . "

"အီး . . ဟီး . . ဟီး"

တစ်ကောင်ကြွက် ဖိုးထင်။

ဝမ်းနည်းစွာ ငိုကြွေးခဲ့မိ၏။

(၂)

ဆင်ခေါင်းအိုင် (သို့မဟုတ်) အေးချမ်းသာရွာ။

ယခင်က သစ်ကွင်း ဆင်စခန်း တစ်ခုဖြစ်၏။

တနင်္သာရီ-ဘုတ်ပြင်း ကားလမ်းဖောက်ရာမှ အနယ်နယ် အရပ်ရပ်ရှိ အလုပ်သမားများ ဝေန်ချောင်းအနီး စခန်းချနေထိုင်ခဲ့ကြရ၏။ ရွာဖြစ်လာခြင်းဖြစ်၏။ ဒေသခံမဟုတ်ကြ၊ အများစုမှာ မြိတ်၊ ပုလော၊ ထားဝယ်၊ ရေး၊ မော်လမြိုင်၊ သံဖြူဇရပ်၊ ဘုရားသုံးဆူ စသည့် ဒေသများမှ ဖြစ်ကြ၏။ ဖိုးထင် ရွာဦးကျောင်းတွင် ဝေယျာဝစ္စများ ဆောင်ရွက်ပေးရင်း ရွာခံများ၏ အထင်လွဲမှုကို ဆရာတော်အား ဝမ်းနည်းကြေကွဲစွာ လျှောက်ထားခဲ့မိ၏။

"မှန်လှပါ ဆရာတော်ဘုရား မနေ့က သူကြီးနဲ့ ကိုမောင်မြင့်၊ ကိုမဲတူတို့ တပည့်တော်အိမ်ကိုလာပြီး ကြက်ပျောက်တဲ့ကိစ္စ သူခိုးဆိုပြီး စွပ်စွဲကြတယ်ဘုရား။ တစ်အိမ်လုံး၊ တစ်ခြံလုံးလည်း ရှာတာနဲ့နေတာပဲ ဘုရား။ တပည့်တော် အီး . . ဟီး . . ဟီး၊ ဒီအလုပ်မျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပါဘူးဘုရား။ အခုတော့ အီး . . ဟီး . . ဟီး တပည့်တော်ကို သူခိုးတဲ့ . . ဘုရား။ တပည့်တော် သိပ်ကိုဝမ်းနည်းရပါတယ်ဘုရား။ အီး . . ဟီး . . ဟီး"

"တယ်ခက်တဲ့ လူတွေပဲ၊ "ဇရက်ကိုချိုးထင်၊ သမက်ကို သူခိုးထင်"၊ မရှိ

www.burmeseclassic.com

နိုးနိုး မလှုစနိုးမျိုး” “မြေနိမ့်ရာလှံစိုက်”၊ လုပ်ချင်ကြတာကိုး။ သတ္တဝါ၊ သတ္တဝါချင်း ကြီးနိုင်ငယ်ညှဉ်းကိုး။ တောနဲ့နီးတော့ တောကြောင်ဆွဲတာ ဖြစ်ချင်ဖြစ်မှာပေါ့ကွယ်၊ အသေအချာ မလေ့လာ၊ မစူးစမ်းဘဲ ဒီလိုလုပ်တာတော့ ဘယ်ကောင်းမလဲ၊ ဆရာတော် သူကြီးနဲ့တွေ့ရင် ပြောပါဦးမယ်ကွယ်။ တိတ်တိတ် ဒကာဖိုးထင်၊ သိပ်ပြီးဝမ်းနည်းမနေပါနဲ့၊ ပျက်ချိန်တန်လို့ ပျက်ရတယ်၊ ဖြစ်ချိန်တန်လို့ ဖြစ်ရတယ်လို့ပဲ သဘောထားပြီး မေတ္တာရှေ့ထားပါကွယ်··မကြာဘူးပေါ့။ အမှန်တရားဆိုတာ တစ်နေ့ အဖြေပေါ်သွားပါလိမ့်မယ် ဒကာဖိုးထင်”

“တပည့်တော် ခံပြင်းလို့ပါဘုရား”

“ဒေါသရှေ့ထားရင် အမှန်ကအမှား ဖြစ်သွားမှာပေါ့ ဒကာဖိုးထင်။ သည်းခံလက်စနဲ့ သည်းခံလိုက်ပါ။ စိတ်ရှည်ရှည်ထားပြီး နေမြဲတိုင်းနေ၊ စားမြဲတိုင်းစား၊ သွားမြဲတိုင်းသွား၊ ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါကွယ်၊ မကြာခင် တရားခံပေါ်လာပါလိမ့်မယ်၊ ဆရာတော်ပြောတာ နားထောင်နော် ဒကာ ဖိုးထင်”

“တင်ပါ့··ဘုရား”

ဖိုးထင်···

ဆရာတော့် စကားအတိုင်း နားထောင်ခဲ့ပါ၏။

မိုးနိုရာ တစ်ရွာလုံးတွင် အများနှင့်တစ်ယောက်ဖြစ်နေ၍ အားကိုးရာ မေတ္တာရှင် ဆရာတော်ဘုရားသာရှိတော့၏။ ရင်ဖွင့်ခဲ့မိ၏။ ဆရာတော်မိန့်မှာသည့်အတိုင်း နေထိုင်ခဲ့၏။ ကိုယ့်အလုပ်ကိုယ်လုပ်၍ နေမြဲ၊ စားမြဲ၊ သွားမြဲအတိုင်း နေထိုင်ခဲ့၏။ သို့သော် အရက်ကိုပို၍ သောက်ခဲ့မိ၏။ မူးပြီးအိပ်ပျော်သွားလျှင် အရာရာကို မေ့သွားပြီဟုထင်ခဲ့၏။ လူတွေနှင့် စကားမပြောချင်၊ မဆက်ဆံချင်တော့။ ရှေးရိုးစွဲ တစ်ယူသန်များနှင့် အထီးကျန်၊ အကျည်းတန်သူတို့၏ အမြင်မကြည်လင်မှုတို့သည် တစ်နေ့တစ်ခြား ပိုမိုများပြားလာ၏။ တစ်ရွာလုံးတွင် ဘာပျောက်ပျောက် ဖိုးထင်။ တိုက်ရိုက်မစွပ်စွဲရဲတော့သော်လည်း သွယ်ဝိုက်ပြီး လေသေနတ်ပစ်နေတတ်၏။ သတင်းလွှင့်နေတတ်၏။ ဖိုးထင်အသံတွေ ကြားနေရ၏။

တစ်ကြိမ်တွင်လည်း···

ညနေဖက် ဆရာတော်ကျောင်းမှအပြန်။

သတင်းတစ်ခု ကြားခဲ့ရပြန်၏။

“ဆရာတော့်ကျောင်းက ဘုရားစင်မှာ ဆွမ်းတော်ကပ်ထားတဲ့ ငှက်ပျောသီးနဲ့ သဘော်သီးရယ် ရုပ်ပွားတော်တစ်ဆူရယ်ပျောက်လို့တဲ့··ဖိုးထင်ပဲနေမှာပေါ့။ ဆရာတော့်ကျောင်း သွားသွားနေတာ သူပဲရှိတာ၊ သူမယူ ဘယ်သူယူမလဲ။ အေး··ညည်းတို့ပဲ စဉ်းစားကြည့်ပေါ့၊ အဖြေက ရှင်းရှင်းလေးရယ်”

“အေးပါယ်··မလုပ်ကောင်းတာ တောင်လုပ်လာပြီဆိုတော့၊ ဖိုးထင် တော်တော်အတင့်ရဲနေပြီနော်၊ ရွာထဲလည်း သတိထားကြဦး နေ့ဖက်ဆိုယောက်ျားတွေက ရှိတာမဟုတ်ဘူး တို့မိန်းမတွေနဲ့ ကလေးတွေပဲရှိတာ၊ မတော်···”

“ရှူး··တိုးတိုး။ ဟိုမှာ ဖိုးထင်လာနေတယ်”

“အဲ··တော့···”

ဖိုးထင်···

အတော်ပင် စိတ်ရှုပ်လာ၏။

စိတ်ညစ်လာ၏။ သူကြီးက မကြာခဏခေါ်၍ မေးမြန်းခြင်းကိုလည်း ခံနေရ၏။ ဖိုးထင် ပတ်ဝန်းကျင်နှင့်ကင်းကွာမှန်းမသိ ကင်းကွာလာ၏။ လူတွေကို မုန်းလာ၏။ အရက်ကို ပို၍သောက်လာ၏။ ဆရာတော်က တွေ့တိုင်းဆုံးမ၏။ သတိပေး၏။ အားပေးစကားများ ပြော၏။ သည်းခံစိတ်ရှည်ရန် အကြံပေး၏။ ဘယ်သူ့တရားပျက်ပျက်၊ ကိုယ်မပျက်စေရန် တရားတော်များနှင့် ပောကြားမိန့်ဆို၏။ ဖိုးထင်နာခံခဲ့၏။ သည်းခံ၍စိတ်ရှည်စွာ ထားခဲ့၏။ အရက်ကိုလည်းလျှော့ခဲ့၏။

“ဒကာ·· ဖိုးထင်··ဗုဒ္ဓဘုရားရှင်တောင် မေတ္တာနဲ့ အရာရာကို အောင်နိုင်ခဲ့ကြောင်း လက်တွေ့သက်သေပြခဲ့သေးတာပဲ။ ဒကာ ဖိုးထင် မေတ္တာနဲ့ လူတွေကို အနိုင်ယူလိုက်စမ်းပါ။ အရက်ကြောင့် အမှန်ထက် အမှားဖြစ်တတ်တယ်။ လျှော့ပါ··ဖြစ်နိုင်ရင် ဖြတ်ပါ။ ဘုရားမှတစ်ပါး အားကိုးရာမရှိဘူး။ ပုတီးစိပ်ပါ။ မေတ္တာပို့ပါ။ ဂုဏ်တော်

www.burmeseclassic.com

တစ်ခုခုကို ပွားများနေစမ်းပါ။ နတ်တွေ စောင့်ရှောက်ပါလိမ့်မယ်၊ ဒကာ ဖိုးထင်"

"တင်ပါ့ ဘုရား၊ တပည့်တော် ကြိုးစားပါ့မယ်"

"သာဓု..သာဓု..သာဓု"

ဖိုးထင်...

ကိုယ့်ကိုယ်ကို ပြင်ခဲ့၏။

ဆင်ခြင်ခဲ့၏။ အတိတ်ကံမကောင်းခဲ့၍ဟု နှလုံးသွင်း၏။ ဘယ်သူမပြု မိမိမှုဟု သဘောထားခဲ့၏။ ဘာသာရေးကို အလေးထားခဲ့၏။ အလုပ်အားသည်နှင့် ဆရာတော့်ကျောင်း သွားခဲ့၏။ ကုသိုလ်ကောင်းမှုဖြင့် မိမိ၏အကုသိုလ် အညစ်အကြေး၊ အကြွင်းအကျန်များကို ဆေးကြောခဲ့၏။ ဆရာတော်နှင့် တရားဆွေးနွေး၏။ ဆရာတော်၏ ဆုံးမဩဝါဒကို ခံယူ၏။

အမှန်တရားသည်...

အချိန်တန်လျှင် ပေါ်လာလိမ့်မည်ဟူ၍...။

(၃)

တစ်နေ့...

ဝန်ချောင်းတွင် တံတားဆောက်ရန်တာဝန်ရှိသူများ ရောက်လာကြ၏။ အေးချမ်းသာရွာမှ လာသောလမ်း၊ လှေဆိပ်နှင့် တစ်ဖက်ကမ်းရှိ တနင်္သာရီ-ဘုတ်ပြင်းကားလမ်းဆုံ စခန်းဖြစ်သည့် တောင်ဖရုစခန်းသို့ သွားရာလမ်းကို ဆက်သွယ်မည့် တံတားဆောက်လုပ်ရန်ဖြစ်၏။ ကြိမ်၊ သစ်၊ ဝါးများခုတ်ရန်နှင့် အလုပ်ကြမ်းသမား အများအပြား လိုအပ်သဖြင့်အေးချမ်းသာရွာမှ ရွာသားအချို့ တံတားဆောက်လုပ်ရန် နေရာသို့ သွားရောက်လုပ်ကိုင်ကြ၏။ ဖိုးထင်လည်း ပါခဲ့၏။ သည်တွင် ကြိမ်ထိုးခြင်း၊ သစ်ခွဲခြင်း၊ အမျိုးအစားခွဲခြင်း၊ အသုံးပြုခြင်း၊ ငြမ်းဆင်ခြင်းဆောက်လုပ်ခြင်းတို့တွင် ဖြတ်လတ်တက်ကြွစွာ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နေသော ဖိုးထင်ကို တံတားတာဝန်ခံ အင်ဂျင်နီယာမှ သဘောကျခဲ့၏။ ခေါင်းဆောင် အဖြစ်ခန့်အပ်တာဝန်ပေးရင်း ခင်မင်ရင်းနှီးခဲ့ကြ၏။

တောတောင်ထဲတွင်...

ပညာရှင်တစ်ဦးကို တွေ့လိုက်ရ၍ အံ့ဩခဲ့၏။ မြို့ပေါ်မှ ခေါ်လာခဲ့သည့် လက်သမားဆရာများထက် အလုပ်ပိုကြိုးစားပြီး ပိုကျွမ်းကျင်နေ၏။

"ကိုဖိုးထင်..ခင်ဗျားက အေးချမ်းသာရွာမှာ နေတယ်သာပြောတယ် ကျွန်တော်ခေါ်လာတဲ့ လက်သမားတွေထက်တောင် ခင်ဗျားကသစ်အကြောင်း ပိုနားလည်ပြီး ပိုကျွမ်းကျင်နေပါလား။ ကြည့် ခင်ဗျား ဒီနယ်ဇာတိမဟုတ်ဘူးနဲ့တူတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် အညာကျောက်ပန်းတောင်း နယ်ကပါ။ သစ်စက်မှာ လုပ်ပါတယ်၊ တစ်နေ့ လုပ်ငန်းရှင်တစ်ဦးက ဒီနယ်မှာသစ်ကွက်ရတယ်၊ လိုက်ခဲ့ပါလား ဆိုတာနဲ့ ကျွန်တော် ဒီကိုရောက်ခဲ့တာပါ။ နောက်တော့......"။

ဖိုးထင်...

သူ့အကြောင်းကို ပြောပြခဲ့၏။

တံတားတာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဦး ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ဖိုးထင်၏ဘဝကို စာနာနားလည်ခဲ့၏။ စိတ်မကောင်းလည်း ဖြစ်ခဲ့ရ၏။ အလုပ်ကြိုးစားသော ပညာရှင်ကောင်းတစ်ယောက်အတွက် နှမြောနေမိ၏။

"အင်း...ထင်တော့ ထင်သား။ တနင်္သာရီနယ်သား အားလုံးစကားဝဲကြတယ်၊ ကိုဖိုးထင်က မဝဲဘူး၊ အနေကြာလို့သာ လေယူလေသိမ်း နည်းနည်း ပြောင်းသွားတာပဲရှိတယ်၊ အထက်လေသံကမပျောက်ဘူး။ ဘာလဲ အောက်သူနဲ့တွေ့ပြီး မောင်ကြီးမပြန်နိုင်ဖြစ်နေတာလားဗျ ကိုဖိုးထင် ဟင်း..ဟဲ..ဟဲ..ဟဲ"

"ဟာ..မဟုတ်ရပါဘူး ဆရာရယ်၊ ကျွန်တော့်လို အရုပ်ဆိုးဆိုး၊ အရပ်ပုပုကို ဘယ်မိန်းမမှ စိတ်မဝင်စားပါဘူးဗျာ၊ စွန့်စွန့်စားစားနဲ့ထွက်လာပြီးမှတော့ စုမိဆောင်းမိမှပဲ အညာကိုပြန်တော့မယ်ဆိုပြီး နေခဲ့တာပါ ဆရာ"

"အော်..ဒီလိုကိုး..အတော်ရော စုမိပြီလားဗျ၊ အေးချမ်းသာရွာမှာရော နေရတာ၊ အဆင်ပြေရဲ့လား ကိုဖိုးထင်"

"အင်း..နည်းနည်းပါးပါးတော့ စုမိပါတယ်..ဆရာရယ်..ဒါပေမယ့်..."

ဖိုးထင်...

ရှေ့ဆက်ရန်ခက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် ··ဘာဖြစ်လည်းဗျ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါဗျာ၊ ကျွန်တော်ကူညီနိုင်ရင်လည်း ကူညီပါ့မယ်၊ အကြံဉာဏ်ပေးသင့်ရင်လည်း ပေးရအောင်လို့ပါဗျာ"

"ဟုတ်ကဲ့··ဆရာ၊ ကျေးဇူးတင်ပါတယ် · ·ဒီနယ်နဲ့ ဒီရွာကလူတွေက တစ်မျိုးပဲ ဆရာရယ်၊ ရေးရိုးစွဲ၊ အယူသီးမှုတွေနဲ့၊ အတွေးအခေါ်တွေက တော်တော်ညံ့တယ်၊ မြေနိမ့်ရာလှံစိုက်ချင်ကြတယ် · ·ဆရာ"

"ဘယ်လိုဗျ··ကိုဖိုးထင် ရေးရိုးစွဲအယူသီးမှုတွေနဲ့ အတွေးအခေါ်တွေက တော်တော်ညံ့တယ်၊ မြေနိမ့်ရာလှံစိုက်ချင်ကြတယ် ဟုတ်လား။ ဘာကိုဆိုလိုတာလဲ ကိုဖိုးထင်ရယ်၊ ခင်ဗျား ဒုက္ခသနတွေက ကျွန်တော်တောင် ဉာဏ်မမီတော့ပါလားဗျာ · ·ရှင်းစမ်းပါဦး ကိုဖိုးထင်ရယ်"

"ဟုတ်ကဲ့ ဆရာ၊ ဒီလိုပါ·····"

ဖိုးထင် · · ·။

အေးချမ်းသာရွာသို့ သူစတင်ရောက်ရှိပုံ။

ရွာအစွန်တွင် တစ်ယောက်တည်းအိမ်ဆောက်နေပုံ။ လုပ်ကိုင်စားသောက်ပုံ၊ ရွာလူထုနှင့် ကင်းကင်းရှင်းရှင်းနေတတ်ပုံ၊ အားလပ်သည့်အချိန်များတွင် ရွာဦးကျောင်းဆရာတော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးပုံ၊ တစ်နေ့တွင် ကြက်ပျောက်၍ ရွာသားအချို့သူကြီးက သူ့ကို သူခိုးစွပ်စွဲပြီး သူ့အိမ်နှင့် ခြံတွင်လာရှာပုံ၊ သူစိတ်ညစ်ပြီး ရွာလူထုနှင့် ပို၍ကင်းစွာနေခဲ့ပုံ၊ လူတွေကို မုန်းခဲ့ပုံ၊ အရက်ကိုအလွန်အကျွံသောက်ခဲ့ပုံ၊ ရွာဦးကျောင်းဆရာတော်က သူ့ဖက်မှရပ်တည်ပေးပုံ၊ ဆုံးမဩဝါဒပေးပြီး အရက်ဖြတ်နိုင်းပုံ၊ ဘာသာရေးလိုက်စားခိုင်းပုံ၊ သည်းခံစိတ်ရှည်စွာ မေတ္တာထားခိုင်းပုံ၊ အမှန်တရားသည် တစ်နေ့ပေါ်လာမည်ဟု မိန့်ဆိုပုံ၊ ရွာလူထုက သူမနေနိုင်အောင် လေဆေနတ်များပစ်နေပုံ စသည့်အဖြစ်အပျက်အလုံးစုံကို အသေးစိတ်ပင် ရင်ဖွင့်ခဲ့၏။

"အော် · ·

ကိုဖိုးထင်ရယ်၊ ဖြစ်မှဖြစ် ရလေဗျာ"

တံတားတာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဦး စိတ်မကောင်းဖြစ်ခဲ့ရ၏။

ရေးရိုးစွဲ အယူသီးမှုနှင့် ဒေသခံတို့၏ တယူသန်စိတ်ကိုပင် အပြစ်တင်ရမည်လား။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ပြည်နယ် ပြည်မတစ်ခုလုံးဟန်ချက်ညီညီ တစ်နေ့တစ်ခြားစည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်ခေတ်မီလာနေသည်ကို မသိနိုင်အောင်ပင် စာအုပ်စာပေ၊ စာနယ်ဇင်း၊ သတင်းအချက်အလက်များ လက်လှမ်းမမီဖြစ်နေသည်ကိုပင် အပြစ်တင်ရမည်လား။ မူလတန်းပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာရပ်များကို သင်ကြားပေးနိုင်သည့် ကျောင်းများမရှိ၍ အသိ၊ အလိမ္မာ၊ ဆင်ခြင်တုံတရားများ နည်းပါးလာကြသည်ကိုပင် အပြစ်တင်ရမည်လား မသိဖြစ်နေရ၏။

"ဟင်း · ·ကိုဖိုးထင် အဖြစ်က မလွယ်ပါလား။ ဆုတ်လည်းဆူး ရှုလည်းမူး။ စားလည်းရှူးဘာဝ "ထန်းသီးကြွေခိုက် ကျီးနင်းလိုက်" ဆိုသလို နှုရာဝဲစွဲပြီး အကျည်းတန် အရုပ်ဆိုးရတာကိုပဲ ယုန်ထင်ကြောင်ထင်ဖြစ်နေရတယ်လို့ဗျာ။ အသိတရားနည်းတဲ့ လူတွေကြားမှာနေရတာ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတယ်ဆိုတာ ကျွန်တော်ကိုယ်ချင်းစာမိပါတယ် ကိုဖိုးထင်။ ကျွန်တော် ဆရာတော်ဘုရားကို ဖူးမြော်ကန်တော့ရင်း ပတ်ဝန်းကျင်ကိုလေ့လာပြီး ရွာလူထုရဲ့အစွဲကို လက်တွေ့သာဓကနဲ့ ချွတ်ကြတာပေါ့ဗျာ။ ကျွန်တော် ကူညီပါ့မယ် ကိုဖိုးထင်"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဆရာတို့လို ခေတ်ပညာတတ် အသိတရား၊ ဆင်ခြင်တုံတရား၊ ဗဟုသုတများတဲ့သူတွေက လက်တွေ့သာဓကအထောက်အထားတွေနဲ့ ရှင်းပြမှရမှာ။ အခုတော့ ကျွန်တော့်မှာ သူလို ငါလိုလူဆိုတော့ တစ်ရွာလုံးနဲ့ တစ်ယောက်ဖြစ်နေရတယ်။ မှားမှားမှန်မှန် တစ်ယောက်တည်းသမားက အလွန်ချည်းပဲဆရာရယ်"

"ကျွန်တော် နားလည်ကိုယ်ချင်းစာပါတယ် ကိုဖိုးထင်၊ စိတ်အေးအေးသာထားပါဗျာ။ ကျွန်တော် မနက်ဖြန် ခင်ဗျားနဲ့အတူ ဆရာတော့်ကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com

လိုက်ခဲ့ပါမယ်။ အခြေအနေအရပ်ရပ်ကို လေ့လာပြီး ကျွန်တော်တို့ အကောင်းဆုံး အဖြေကိုရှာကြတာပေါ့ဗျာ . . နော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးအထူး တင်ပါတယ်"

"မလိုပါဘူးဗျာ၊ ကူညီသင့်တဲ့သူကို ကူညီရခြင်းသည် မင်္ဂလာတစ်ပါးပဲဟာ။ ကဲ . . ကဲ . . ကိုဖိုးထင်လည်း လုပ်စရာ ရှိတာလုပ်၊ ကျွန်တော် တနင်္သာရီက ပို့လိုက်တဲ့ ပစ္စည်းတွေ စုံမစုံသွားစစ်ဆေး လိုက်ဦးမယ်ဗျာ"

"ဟုတ်ကဲ့ . . ဆရာ"

ဖိုးထင် . . .

စိတ်ချမ်းသာခဲ့ရ၏။

ဆရာတော်၏ မိန့်ဆိုသော တရား တော်များနှင့်အညီ ဘာသာတရားကို ဦးစားပေးလုပ်ဆောင်ခဲ့သဖြင့် မိမိကို နတ်ကောင်း နတ်မြတ်တို့စောင့်ရှောက် ခဲ့ခြင်းဖြစ်မည်။ ထို့ကြောင့် မိမိဘဝကို ကယ်တင်ကူညီမည့် သူတော်ကောင်းနှင့် တွေ့ဆုံခဲ့ရခြင်းပင်။ ဖိုးထင် ဝမ်းသာ ကြည်နူးခဲ့ရ၏။

အလုပ်ကို ပို၍ကြိုးစား လုပ်ခဲ့၏။ အစားဆင်းရဲ၊ အနေဆင်းရဲဖြင့် မိမိတို့နေသော ဒေသဖွံ့ဖြိုးတိုးတက် ရေးကို လာရောက်လုပ်ကိုင်ပေးနေကြ သည့် ကျေးဇူးရှင် ဆရာသမား အင်ဂျင်နီယာဦးခင်မောင်ဦးနှင့်အဖွဲ့ကို မိမိရှာဖွေရရှိခဲ့သည့် အသား ငါး တော ကောင်များကို လာရောက်ပို့ဆောင် ပေး၏။

အသီးအရွက်များ ရှာဖွေပေး၏။

ဦးခင်မောင်ဦး . . ရိုးသားကြိုးစား သည့် ဖိုးထင်အပေါ် သံယောဇဉ် ဖြစ်ခဲ့ ရ၏။

(၄)

သည်နေ့ . . .

ဦးခင်မောင်ဦး . . .

အလုပ်စောစော သိမ်းလိုက်၏။

ဖိုးထင်နှင့်အတူ တပည့်တစ်ဦးပါ ခေါ်ပြီး ဝန်ချောင်းနှင့် နှစ်ဖာလုံခန့်ဝေး သော အေးချမ်းသာရွာသို့လိုက်ခဲ့ကြ၏။ ဖိုးထင်ကို ရွာဦးကျောင်းသို့ အရင်လွှတ် လိုက်ပြီး ဦးခင်မောင်ဦးနှင့် တပည့်တစ် ဦးမှာ အေးချမ်းသာရွာ၏ သူကြီးအိမ်သို့ ဝင်ခဲ့၏။ သူကြီးမှာ ဦးခင်မောင်ဦးတို့ ဆရာတပည့်ကို မြင်တွေ့လိုက်ရသည် နှင့် ပျာပျာသလဲပင် ဆီးကြိုနေရာပေး တော့၏။

"ဟာ . . တံတားတာဝန်ခံ အင်ဂျင် နီယာကြီးပါလား။ လာ . . လာ ထိုင်ကြ ဗျာ။ ကျွန်တော်တို့ရွာကို လာလည်တာ ဝမ်းသာတယ်ဗျာ။ ရွာကလူတွေကလည်း အလုပ်အကိုင်တွေမကောင်းကြလို့ စိတ်ပျက် ညည်းညူနေကြချိန်မှာ ဆရာတို့ တံတားဆောက်တဲ့အဖွဲ့ရောက် လာတော့ တစ်ရွာလုံး ဝမ်းသာကုန်ကြ တာပေါ့။ ယောက်ျား၊ မိန်းမ အကုန် အလုပ်ရပြီး ပျော်ရွှင်နေကြတာ ဆရာ့ အကြောင်းလည်း ပြောကြပါတယ်။ ဆရာက တရားမျှတကြောင်း၊ သဘော ကောင်းကြောင်း၊ မိသားစုသဖွယ် ရင်းရင်း နှီးနှီးဆက်ဆံကြောင်း၊ ကျန်းမာရေး မကောင်းတဲ့ သူတွေကိုလည်း ဆေးကု ပေးကြောင်း၊ လုပ်အားခအပြင် ပင်ပန်း ရင်ပင်ပန်းသလို အချိန်ပိုလုပ်ရင် လုပ် သလို အပိုထောက်ပံ့ကြေးပါပေးကြောင်း စုံနေတာပဲ ဆရာရေ။ ကျွန်တော်တောင် ကြားကြားချင်း ဆရာ့ကိုတွေ့ချင်နေတာ၊ အခု ဆရာရောက်လာတာနဲ့ အတော်ပဲ ဗျာ။ ကျွန်တော် ညှော်ခံပါရစေ၊ ဆရာတို့ ထမင်းစားပြီးမှ ပြန်ကြပါနော်၊ ကျွန်တော့် ဖက်ကလိုအပ်တဲ့ အကူအညီရှိရင် လည်းပြောပါ . . အားမနာပါနဲ့ . . ဆရာ"

"ဟုတ်ကဲ့ . . သူကြီး ကျေးဇူးတင်ပါ တယ်ဗျာ။ ကျွန်တော်တို့ ရွာထဲခဏ လောက် လိုက်ကြည့်လိုက်ဦးမယ်၊ ရွာဦး ကျောင်းဆရာတော်ကိုလည်း ဖူးချင် သေးလို့ အပြန်မှဝင်ခဲ့မယ် . . နော်"

"အော် . . ဟုတ် . . ဟုတ်ကဲ့ ဆရာ လိုက်ကြည့်ပါ။ အပြန် ကျွန်တော်စောင့် နေမယ် နော် . . ဆရာ"

"ဟုတ်ကဲ့ . . သူကြီး"

ဦးခင်မောင်ဦး . . .

တပည့်ကျော်နှင့်အတူ ရွာလမ်းမ အတိုင်းလျှောက်ခဲ့ကြ၏။

အေးချမ်းသာရွာမှာ စိန်တောင်၊ သဲဖြူရွာနှင့် ကော့သောင်း၊ ဘုတ်ပြင်း၊ တနင်္သာရီပြည်ထောင်စုကားလမ်းမကြီး ၏လမ်းဆုံရှိ တောင်ဖရုစခန်းသို့သွားရာ မြေနီလမ်း၏ ဝဲယာတွင် ရွာတည်ထား ခြင်းဖြစ်၏။ အိမ်ခြေ (၄၀)ခန့်သာရှိ၏။ ဦးခင်မောင်ဦး ရွာအစွန်မှ လှူသွားလည်း



www.burmeseclassic.com

www.burmeseclassic.com

လေးအတိုင်း ရွာနောက်ဖက်သို့ ဝင်ခဲ့ကြ၏။ တနင်္သာရီမြို့နယ်သည် ကမ်းရိုးတန်းဒေသဖြစ်သည်နှင့်အညီ တောင်ကုန်းတောင်စွယ်၊ လျှိုမြောင်ချိုင့်ဝှမ်းပေါ်များလှ၏။ သစ်တော၊ ဝါးတော ထူထပ်လှ၏။ ညနေစောင်းလာသည်နှင့် နေရောင်ပျောက်၍ အမှောင်ထုက ဖုံးလွှမ်းချင်လာ၏။ ရာသီဥတုကလည်း ခန့်မှန်းရခက်၏။ မနက်စောစော နှင်းကျပြီး နေ့လယ်နေပူ၍ ညနေစောင်းတွင်မိုးရွာ၏။ ထူးခြားသည့် အရပ်ဒေသဖြစ်သလို ဂမ္ဘီရဆန်သော မြို့နယ်လည်းဖြစ်၏။

"ခွီး··ခွီး··ခွီး··"

"အောက်··အီး··အီး··အွတ်"

"ဝေါင်း··ဝေါင်း··"

"ဆရာ··ဆရာ ဟိုမှာ··ဟိုမှာ မျောက်ညိုတွေ ငါးကောင်တောင်၊ ကျွန်တော်တို့ကို ကြည့်နေတယ်။ တော်တော်အတင့်ရဲတဲ့ ကောင်တွေနော်၊ အကြောက်အလန့် မရှိကြဘူး ဆရာ"

"ဟုတ်တယ်ကွ··ရွာနဲ့တောက တစ်ဆက်တည်းဆိုတော့ ဒီကောင်တွေ လူတွေနဲ့ နီးနီးနားနား နေနေရတော့ သိပ်ပြီးမကြောက်ကြဘူးပေါ့။ နောက်ပြီး သူတို့ကို ပစ်ခတ်ဖမ်းဆီးတာလည်း သိပ်မရှိကြတော့ အတင့်ရဲတာပေါ့။ ပုပ္ပါးတောင်က မျောက်တွေလိုပေါ့ကွာ၊ လူနဲ့ ယဉ်ပါးနေကြပြီ··လူလစ်ရင် လစ်သလို ပစ္စည်းတွေ၊ စားစရာတွေကိုတောင် ဝင်ဆွဲသွားတတ်တယ် ···။ တော်တော်ဆိုး တဲ့ကောင်တွေကွ"

"ဘုတ်··ဘုတ်"

"ဟောဗျို့···"

"သတိထား မောင်တိုး"

ဦးခင်မောင်ဦး တပည့်ဖြစ်သူ မောင်တိုးကို သတိပေးလိုက်၏။

မျောက်ညိုများက သစ်ပင်ပေါ်မှ ရေသဖန်းသီးများဖြင့် လှမ်းပစ်နေကြခြင်းဖြစ်၏။ ဦးခင်မောင်ဦး ရွာနောက်ကျောတစ်ပိုက် အခြေအနေများကို လိုက်လံအကဲခတ် ကြည့်ရှုနေခြင်းဖြစ်၏။ ချေဟောက်သံများကိုလည်း ကြားနေရ၏။ တောကြက်များမှာလည်း အိပ်တန်းတက်ရန် ဟိုတစ်စု သည်တစ်စု လှမ်းမြင်နေရ၏။ ဖိုးထင်၏ ပြောစကားများအရ တောကောင်ကြီးများဖြစ်ကြသည့် ဆင်ရိုင်းများ၊ တောခြသေ့များ၊ ကျားများ၊ ကျားသစ်များကို မတွေ့ရသော်လည်း ဝက်ဝံများ၊ ဆတ်များ၊ စပါးကြီးမြွေများ၊ တောပင့်ကူများ၊ တွင်းအောင်းပဒူများ၊ လူသားစား ပျားကြီးများရှိကြောင်း သိရ၏။ ဒူးရင်းပင်များ၊ ကြက်မောက်ပင်များ၊ မင်းဂွတ်ပင်များ၊ ကွမ်းသီးပင်များ ပေါများကြသလို တောကွမ်းများ၊ မြင်းခွာရွက်များ၊ ဆူးပုပ်ပင်၊ ကြက်ဟင်းခါးပင်၊ တညင်းပင်များမှာလည်းပေါလှ၏။

ဦးခင်မောင်ဦး···

နောက်ခြောင်း ပြန်လှည့်ခဲ့၏။

စိန်တောင်ဖက်အထွက် တောင်ကုန်းလေးပေါ်ရှိ ရွာဦးကျောင်းသို့ တက်ခဲ့ကြ၏။ ကျောင်းရှေ့ရှိ လှေကားထိပ်တွင် ဖိုးထင်ကစောင့်ကြိုနေ၏။ ဦးခင်မောင်ဦး ဖိုးထင်ကိုပြုံးပြ၍ ကျောင်းပေါ်သို့တက်ခဲ့၏။ ဖိုးထင်နှင့် မောင်တိုးက နောက်မှကပ်လျက် ဖိုးထင်၏ ကြိုတင်လျှောက်ထားချက်အရ ဆရာတော်က ငှက်ပျောသီး၊ သဘော်သီး၊ ဒူးရင်းသီးများဖြင့် ဧည့်ခံရန် စောင့်ကြိုနေ၏။ ဦးခင်မောင်ဦး ဆရာတော်ကို ကန်တော့လိုက်၏။ သက်တော်(၆၀)ရှိပြီဆိုသော်လည်း ဆရာတော်မှာ မအိုစာသေး။ ကျန်းကျန်းမာမာနှင့် နုပျိုလန်းဆန်းနေ၏။

"ဆရာတော်···ကျန်းမာပါရဲ့လားဘုရား···"

"အိမ်း···ကောင်းပါတယ်၊ ဒကာကြီး၊ ဒကာကြီးနဲ့တကွ အဖွဲ့သားတွေရော နေရထိုင်ရတာ အဆင်ပြေကြရဲ့လား၊ ကျန်းကျန်းမာမာရော ရှိကြရဲ့လား၊ ဘုန်းကြီးတို့ဒေသက ရာသီဥတုကြမ်းတယ်။ ဖြစ်ရင်မလွယ်ဘူး။ သေတာများတယ်။ သတိတော့ထားကြပေါ့ကွယ်၊ ဆေးဝါးတော့ မပြတ်စေနဲ့၊ အစားအသောက်ကတော့ ပေါပါတယ်ကွယ်"

"တင်ပါ့···ဘုရား"

"ဒကာကြီးအကြောင်းတော့ ဖိုးထင်ပြောပြလို့သိထားရပါတယ်။ ဖိုးထင်နဲ့တကွ၊ ရွာသားအားလုံးရဲ့ ကိုယ်စား ဘုန်းကြီးက ဒကာကြီးကို ကျေးဇူးတင်ပါတယ်။ တံတားဆောက်တယ်၊ လမ်းဖောက်တယ်ဆိုတာ လူမှုရေးရဲ့

www.burmeseclassic.com

ကြည့်ကြည့် အလွန်မွန်မြတ်တဲ့ အလုပ်ပါ။ လူသာခုခေါ်၊ နတ်သာခုခေါ်ပါ။ ဒကာကြီး၊ ဘုန်းကြီးလို့ အသက်ရှည်ပါတယ်။ သာဓု...သာဓု...သာဓုပါကွယ်"

"တင်ပါ့ ဘုရား"

ဦးခင်မောင်ဦး ဆရာတော်ကို ကန်တော့လိုက်၏။

ဆရာတော် တည်ခင်းဧည့်ခံသည့် ရေနွေးကြမ်းနှင့် ဒူးရင်းသီးများကို သုံးဆောင်ခဲ့ကြ၏။ အလွှာပ စကားများ ပြောကြရင်း ရွာလူထုနှင့် ဖိုးထင်၏ အခြေအနေများကို ပြောဖြစ်ကြ၏။ တယူသန် ရေးရိုးစွဲအယူသီးသူများကို လက်တွေ့ဖြင့် သက်သေပြပြီး အမြင်မှန်ရစေရန်၊ အသိတရားများရှိကြစေရန် ဆွေးနွေးတိုင်ပင်ကြ၏။ ဦးခင်မောင်ဦး ဆရာတော်ကျောင်းမှ ရုပ်ပွားတော်တစ်ဆူနှင့် ဆွမ်းတော်တင်သစ်သီးများ ပျောက်ဆုံးရပုံကို စုံစမ်းရင်း၊ ဘုရားခန်းနှင့် ကျောင်းအနေအထားကိုကြည့်ရှု လေ့လာခဲ့၏။ ပြီးမှ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ် ဆင်ခြင်ကြည့်ပြီး မိမိ၏ ထင်မြင်ယူဆချက်ကို ဆရာတော်အား လျှောက်ထား၏။

"ဆရာတော်ဘုရား၊ တပည့်တော် ကျောင်းကို မလာခင်၊ ရွာရဲ့ အနေအထားကို စေ့စေ့စပ်စပ် လေ့လာခဲ့ပါတယ် ဘုရား။ ရွာနဲ့ တောဟာ တစ်ဆက်တစ်စပ်တည်း ဖြစ်နေတာတွေ့ခဲ့ရပြီး၊ တောကောင်ငယ်တွေဟာလည်း ရွာနီးပတ်ဝန်းကျင်မှာ ကျင်လည်ကျက်စားနေကြတာ မြင်ခဲ့ရပါတယ်ဘုရား။ အဆိုးဆုံးကတော့၊ မျောက်ညိုအုပ်ပါပဲ ဘုရား။ လူနဲ့အတော်ယဉ်ပါးနေကြပြီး အကြောက်အလန့်မရှိတာပါပဲ ဘုရား။ တပည့်တော်တို့ကိုတောင် ရေသဖန်းသီးတွေနဲ့ လှမ်းပစ်ပါသေးတယ်ဘုရား။ ဒီတော့ တပည့်တော် တွေးမိတာ သုံးသပ်မိတာတစ်ခုက ဘာလည်းဆိုတော့... မျောက်ဆိုတဲ့သတ္တဝါဟာ လူနဲ့ အတော်တူပြီး အတုမြင်အတတ်သင်မို့ လူတွေလုပ်သလို လိုက်လုပ်တတ်တာပါပဲဘုရား။ ဆိုလိုတာကတော့ လူ့အဝတ်အစားတွေ အသုံးအဆောင်တွေ စားစရာတွေယူတာ တပည့်တော်ရဲ့ ထင်မြင်ချက်သာမမှားဘူးဆိုရင် မျောက်ညိုအုပ်စုပဲ ဖြစ်မှာသေချာပါတယ်ဘုရား။ ကြက်တွေပျောက်ရတဲ့ကိစ္စကလည်း တောနဲ့နီးတော့ တောကြောင်တစ်ကောင်ရဲ့ လက်ချက်ဖြစ်ဖို့များပါတယ်ဘုရား။ တောစပ်ပတ်ဝန်းကျင်နဲ့ မျောက်ညိုအုပ်စုရဲ့ အဓိကနားခိုတဲ့နေရာသိရင် အဖြေရှင်းသွားမှာပါ၊ တရားခံပေါ်သွားမှာပါ ဘုရား"

"အင်း...ဒကာကြီး...တွေးခေါ်ထင်မြင်သုံးသပ်ပြတော့လည်း ဟုတ်သလိုလိုပဲ။ ရွာကလူတွေ ဒကာကြီးတွေသလိုဘာ့ကြောင့် မတွေးမိကြတာလဲ၊ မြေနိမ့်ရာလှံစိုက်ဆိုသလို ရိုးရိုးသားသားကြီးကြီးစားစားနဲ့ တစ်ယောက်တည်း ကင်းကင်းရှင်းရှင်းနေတတ်တဲ့ ဖိုးထင်ကိုမှ သူခိုးထင်ကြရတာလဲဆိုတာ မတွေးတတ်အောင်ပါတဲ့ ဒကာကြီး"

"အဖြေက ရှင်းပါတယ် ဘုရား။ လူ့ သဘာဝထုံးစံအတိုင်းပြုမူလိုက်ကြတာပါပဲဘုရား။ ဖိုးထင်က ရွာအစွန်မှာ နေတယ် လူတွေနဲ့ အရောတဝင် မရှိဘူး။ အနာဂတ်အတွက်ကြိုးစားပြီး ရှာတယ်၊ စုဆောင်းတယ်၊ လူ့အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်နဲ့ ကင်းကွာတယ်။ ဒီတော့ လူတွေက ဖိုးထင်ကို အမြင်စောင်းတယ်။ ဖိုးထင်မဟုတ်တာတွေ လုပ်နေလို့ လူတောထဲမတိုးရဲတာ မသွားမလာရဲတာ မပြောရဲ မဆိုရဲတာ ဒီလိုနဲ့ ဖိုးထင်ကိုပဝေဖန်ရင်း ပစ်ပယ်လျစ်လျူရှုကြရင်း ရွာမှာ တစ်ခုခု ပျောက်ရင် အမှားအမှန် မဝေဖန်မတွေးတော၊ မဆင်ခြင်နိုင်ကြတော့ဘူး။ အလိုလိုနေရင်း လက်သည်တရားခံဟာ ဖိုးထင်ဖြစ်နေတော့တာပါပဲဘုရား"

"အော်...လူတွေ၊ လူတွေ၊ တယ်ခက်ကြတာပါပဲလား"

"မှန်ပါ့ ဘုရား"

ဦးခင်မောင်ဦး သက်ပြင်းမောကြီး ချလိုက်မိ၏။

အေးချမ်းသာယာ၏ ပစ္စည်းပျောက်ကြက်ပျောက်၊ လက်သည်တရားခံ အစစ်အမှန်ကို လက်တွေ့သက်သေပြနိုင်ရန် အစီအစဉ်များ ရေးဆွဲခဲ့ကြ၏။ တိုင်ပင် ညှိနှိုင်းခဲ့ကြ၏ ဖိုးထင်မှာ အားမာန်အပြည့်ရှိနေ၏ ဝမ်းသာပျော်



www.burmeseclassic.com

www.burmeseclassic.com

ရှင်နေ၏။ မိမိအပေါ်တွင် ကျရောက်နေသည့်အရိပ်မည်းကြီးကို ဖယ်ရှားနိုင်တော့မည်မို့ ကြည်နူးနေမိ၏။

ဦးခင်မောင်ဦး ဆရာတော့်ကို နှုတ်ဆက်ကန်တော့ပြီး ပြန်ခဲ့ကြ၏။

မကြာမီ . . . ။

ဖိုးထင်၏ဘ၀ သာယာလှပလာတော့မည်။

(၅)

လပြည့်နေ့ည . . . ။

လမင်းကြီးက ကြည်လင်ဝင်းပစွာ သာလျက်ရှိ၏။

ကောင်းကင်တစ်ခွင်လုံး ကြယ်မီးပုံးလေးများဖြင့် လင်းလင်းလက်လက်ရှိနေကြ၏။ဝန်ချောင်းနှင့်အတူအေးချမ်းသာတစ်ရွာလုံး လင်းထိန်နေ၏။ ဖိုးထင်နှင့်သူငယ်ချင်း နှစ်ယောက်အလုပ်ရှုပ်နေကြ၏။ ဦးခင်မောင်ဦး၏ အကြံဉာဏ်ပေးချက်အရ ဝင်လမ်း ထွက်လမ်းကောင်းသည့်နေရာအတော်များများတွင် ညွှတ်ကွင်း၊ သုတ်ကိုင်းများထောင်နေကြ၏။ ဦးခင်မောင်ဦးနှင့် တပည့်နှစ်ဦး ရွာသားလူငယ်နှစ်ဦးမှာလည်း ရွာဦးကျောင်းအနီးရှိ သရက်ပင်ကြီးအောက်တွင် ငြိမ်သက်စွာရှိနေကြ၏။

တရာခံဖမ်းပွဲ . . . ။

ဖိုးထင်အတွက် သက်သေ . . . ။

ည၌(၉)နာရီကျော်ကျော်ခန့်တွင် ဦးခင်မောင်ဦးတို့ရှိနေကြသည့် သရက်ပင်အနီးပတ်ဝန်းကျင်မှ အသံများ စတင်ကြားကြရ၏။ လရောင်ကြောင့် သစ်ပင်ပေါ်မှ မည်းမည်းအရိပ်သဏ္ဌာန်များကို သဲသဲကွဲကွဲ မြင်နေရ၏။ ဦးခင်မောင်ဦး ထင်မြင်ယူဆသည့်အတိုင်းပင် မျောက်ညိုအုပ်စု၏ လှုပ်ရှားမှုများကို တွေ့မြင်လိုက်ကြရပြီ။

"ခွီ . . . ခွီ . . . ခွီ"

"ဘုတ် . . . ဘုတ် . . . ဘုတ်"

"ကျွတ် . . ."

ဦးခင်မောင်ဦးနှင့်အဖွဲ့ . . . ။

စောင့်နေကြသည့် သရက်ပင်ကြီးပေါ်ရောက်လာ၏။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်၊ ငါးကောင်၊ စုစုပေါင်း ငါးကောင်တွေ့နေရ၏။ ဦးခင်မောင်ဦးတို့စောင့်နေကြသည့် သရက်ပင်ကြီးသည် ဆရာတော့်ကျောင်း၏ ခေါင်းရင်းတွင် ကပ်လျက်ရှိနေပြီး ကိုင်းနှစ်ကိုင်းမှလည်း ကျောင်းကြီးပေါ်သို့တစ်ကိုင်းနှင့် ဘုရားကျောင်းဆောင်ပေါ်သို့ တစ်ကိုင်းကျနေ၏။ မျောက်ညိုနှစ်ကောင်ဆင်းလာသည်ကို တွေ့ရ၏။

"ရှူး . . . မောင်းတိုးနဲ့ မောင်လှငွေက . . . ရွာခံညီလေးနှစ်ယောက်နဲ့အတူ ဒီကောင်တွေပြန်အထွက်မှာ မြေပြင်ကနေ မှောင်ရိပ်ခိုပြီး၊ တိုးတိုးတိတ်တိတ်လိုက်ကြည့်ကြနော်၊ မျက်ခြည်မပြတ်စေနဲ့၊ သူတို့ရဲ့ အမိကနားခိုတဲ့နေရာသိရရင်တော်ပြီ . . .၊ အမှတ်အသားလုပ်ခဲ့ နောက်နေ့မှ လူစုပြီးသွားကြမယ်၊ ကြားလား"

"ဟုတ်ကဲ့ . . . ဆရာ"

"ဟုတ်ကဲ့ . . . ဆရာ"

ဦးခင်မောင်ဦး

အစီအစဉ်များ ချပေးနေ၏။

မျောက်ညိုနှစ်ကောင် ကျောင်းထဲဝင်သွားပြီး ပြန်ထွက်လာကြ၏။ ညနေကပင် စီစဉ်ထားသည့်အတိုင်း။ ဘုရားဆင်းတုတော်တစ်ဆူနှင့် သဘော်သီးနှစ်လုံး၊ ငှက်ပျော်သီးကြီးတစ်ဖီး၊ မျောက်နှစ်ကောင်လက်ထဲပါလာ၏။ သရက်ပင်ပေါ်မှနှစ်ကောင်ထပ်ဆင်းလာပြီး၊ကူသယ်ပေးနေကြသည်ကို လရောင်ဖြင့်မြင်နေရ၏။ အသက်ပင်ကောင်းကောင်း မရှုရဲ လို့ရှက်သည်းဖိုဇာတ်လမ်း တစ်ပုဒ်ကို ကြည့်နေရသလို ရင်သပ်ရှုမောဖြစ်နေကြ၏။ ရွာသားနှစ်ယောက်မှာလည်း ဦးခင်မောင်ဦး၏ အကြံအစည်ကြောင့် တရားခံအစစ်အမှန်ကို သိခဲ့ရပြီ၊

"ခွီ . . . ခွီ . . . ခွီ"

"ခွီ . . . ခွီ . . . ခွီ"

"လိုက် . . . လိုက်ကြတော့"

မျောက်ညိုအုပ်စု . . . အချင်းချင်း အချက်ပေးပြီး၊ သရက်ပင်ကြီးမှ တစ်ဆင့် အခြားအပင်များသို့ တစ်ပင်မှ တစ်ပင်ကူးပြောင်းသွားကြ၏။ ရွာခံနှစ်ယောက်နှင့် တပည့်နှစ်ဦးကိုလည်း နောက်ယောင်ခံလိုက်ကြည့်ရန်၊ ဦးခင်မောင်ဦးက အချက်ပေးလိုက်၏။

လရောင်ကြောင့် သစ်ပင်ပေါ်မှ လှုပ်ရှားမှုများကို အမှောင်ထုလွှမ်းနေသည့် မြေပြင်သစ်ပင်ရင်းမှ အဖွဲ့ကမြင်နေရ၏။ တဖြည်းဖြည်းနှင့် အဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com

ကို ရောက်ခဲ့၏။ အင်းကြီး တစ်ခုအနီး ရှိ ညောင်ပင်ကြီးကြီး တစ်ပင်တွင် ရပ်သွား၏။

"ခွီ...ခွီ...ခွီ"

"ခွီ...ခွီ...ခွီ"

"ခွီ...ခွီ...ခွီ"

မျောက်ညိုတော်တော်များများ တွေ့ရ၏။

အချင်းချင်း အချက်ပေးသံများဖြင့် ဆူညံနေ၏။ ပျော်ရွှင်နေကြဟန်တူ၏။ ရွာခံနှစ်ယောက် ညောင်ပင်တွင် အမှတ်အသားများလုပ်ကာ နောက်ကြောင်းပြန်လှည့်ခဲ့ကြ၏။ ရွာဦးကျောင်းသို့ လူစုံချိန်တွင် ည၆ (၁၂)နာရီကျော်ခဲ့ပြီ။ ဦးခင်မောင်ဦးနှင့်အဖွဲ့ ရွာဦးကျောင်းမှာပင် အိပ်ခဲ့ကြ၏။

နောက်တစ်နေ့တွင်...။

ဦးခင်မောင်ဦးက သူကြီးကို ခေါ်ခိုင်းခဲ့၏။ ရွာသားအချို့ကိုလည်း ခေါ်စေ၏။ ရွာဦးကျောင်းဆရာတော်ရှေ့မှာပင် လပြည့်နေ့ည သူခိုးဖမ်းပွဲ အစီအစဉ်များနှင့် တရားခံအစစ်အမှန်များကို ပြောပြလိုက်၏။ လူကြီးနှင့် ရွာသားများ အံ့သြကုန်၏။

ဦးခင်မောင်ဦး ခေါ်ထားသော ရွာသား လူငယ်နှစ်ယောက်ကလည်း ညဥ့်က အဖြစ်အပျက် အလုံးစုံကို ငင်သပ်ရှုမောပြောပြလိုက်၏။

"အလို..."

"ဟင်...."

"ဘုရားရေ..."

ထိုအချိန်တွင် ဖိုးထင်နှင့်အဖွဲ့ ရောက်လာ၏။

တောကြောင်နှစ်ကောင်ကို ထမ်းလျက် ရွာသား၊ လူငယ်တစ်ယောက်၏ လက်မှ ကြက်သေတစ်ကောင်၊ တောကြောင်တစ်ကောင်မှ အစ်မမိခင်ဖြစ်ဟန်တူ၏။ သူကြီးနှင့် ရွာသားများ ဖိုးထင်ကိုတစ်လှည့်၊ ရွာသားလူငယ်များကိုတစ်လှည့်ကြည့်ရင်း ပဟေဠိဖြစ်နေကြ၏။ လပြည့်နေ့ည၏ အံ့သြဖွယ် အစီအစဉ်အဖြစ်အပျက်များနှင့် အခြေအနေမှန်အကြောင်းစုံကို သိချင်နေကြ၏။

"ကဲ...ဆရာရေ၊ ကျွန်တော်တို့တော့၊ ထူးဆန်းတာတွေချည်း မြင်နေရကြားနေရတယ်။ အကြောင်းစုံကို ရှင်းပြမှပဲ နားလည်တော့မှာဆရာ..."

"ဟုတ်ပါတယ်...ဆရာ"

"အားလုံးပဲ သွားကြမယ်...ဟေ့"

ဦးခင်မောင်ဦး...။

သူကြီးနှင့်ရွာသားများအပါအဝင်။

ရွာသား လူငယ်နှစ်ယောက်၏ ဦးဆောင်မှုဖြင့် တောထဲသို့ဝင်ခဲ့ကြ၏။ အမှတ်အသားများအတိုင်း လိုက်ခဲ့ကြရင်း၊ နှစ်ဖာလုံခန့်အကွာအဝေးရှိ အင်းတစ်ခု၏ အနီး ညောင်ပင်ကြီးတစ်ပင်အောက်တွင် ရပ်လိုက်ကြ၏။ အဝေးကပင် တောတိုးလာသော လူအုပ်စု၏ အသံများကြောင့် မျောက်ညိုအုပ်စု၊ အလျှိုအလျှိုပျောက်ကုန်၏။ အစောင့်အဖြစ်ကျန်နေခဲ့သော မျောက်ညိုကြီးသုံးကောင်ကို ဒူးလေး လေးခွများဖြင့် ဝိုင်းဝန်းညာသံပေးခြောက်ထုတ်လိုက်ကြ၏။

"ဖောက်...ဖောက်...ဖောက်"

"ဝူး..."

"ဟေး...ဟေး...ဟေး"

"ရှူး...ဖောင်း"

မျောက်ညိုကြီးသုံးကောင် ညောင်ပင်ကြီးမှတစ်ဆင့်၊ အခြားအပင်များပေါ်သို့ တစ်ပင်မှ တစ်ပင်ကူးရင်း ပျောက်သွား၏။ ဦးခင်မောင်ဦး ညောင်ပင်အခြေအနေကို လေ့လာသုံးသပ်ပြီး၊ အဆိပ်ရှိသော သတ္တဝါများကို သတိထားရန် မှာကြား၍ ဖိုးထင်နှင့် ရွာသားလူငယ်နှစ်ယောက်ကို ညောင်ပင်ပေါ်သို့ တက်စေခဲ့၏။ ညောင်ပင်မှာ သက်တမ်းအတော်ပင်ရင့်နေ၏။ ကြီးမား၍မြင့်ပြီး အုပ်ဆိုင်းနေ၏။ အလယ်ခွဆုံကြီးမှာပင် အတော်ကျယ်ဝန်းလျ၏။

"ဟေး..."

"ပစ္စည်းတွေ မနည်းဘူး...ဗျို့"

"ဟုတ်ပ...တစ်ရွာလုံး ပစ္စည်းတွေဒီရောက်နေတာကိုး"

"ဟ...ဆရာတော်ကျောင်းက ဘုရားနှစ်ဆူလုံးဒီမှာတွေ့ပြီဗျ အံ့ရော"

"ချလိုက်မယ်ဗျို့"

"ဘုရားနှစ်ဆူကလွဲရင် ချသာချလိုက်"

ဖိုးထင်...

ဦးခင်မောင်ဦးကို ကျေးဇူးတင်၍မဆုံး။ သူကြီးနှင့် ရွာသားအားလုံး

www.burmeseclassic.com

ဖိုးထင်အပေါ် နားလည်သွားကြပြီဖြစ်၏။ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် တောင်းပန်စကားများ အသီးသီးဆိုကြ၏။ သူကြီးက ဖိုးထင်ကျောကို ပွတ်၍မဆုံး။ တပြုံးပြုံးဖြစ်နေရ၏။ ဖိုးထင်ဘုရားနှစ်ဆူကို သူကြီးနှင့် ဦးခင်မောင်ဦးထံ အပ်နှံလိုက်၏။ ညောင်ပင်ရင်းတွင်လည်း တစ်ရွာလုံးမှ ပျော်သည့် ပစ္စည်းအစုံအလင် ထဘီ၊ ပုဆိုး၊ အင်္ကျီ၊ ဘောင်းဘီမှသည် အိုးခွက်၊ ပန်းကန်၊ ဇွန်း အဆုံး။ ဖိနပ်အချို့ပင်ပါသေး၏။ ရွာသားအချို့ အဝတ်အစားများနှင့် အိုးခွက် ပန်းကန်စသည်များကို ပုဆိုးများဖြင့် ထုပ်ပိုး၍ သယ်ဆောင်ခဲ့ကြ၏။

ရွာဦးကျော်ပေါ်တွင် . . .

လူစုံတက်စုံရှိနေကြပြီ။

အေးချမ်းသာရွာ၏ လပြည့်နေ့ည။

လှိုက်ဖိုဝက်သည့်ဖိုဆန်ဆန် ရင်သပ်ရှုမောဖွယ် စွန့်စားခန်းများကို စတင်ပြောပြခဲ့၏။ ဖိုးထင်ဝမ်းနည်းကြေကွဲစွာ ရင်ဖွင့်ပုံ၊ ဆရာတော်နှင့် ဦးခင်မောင်ဦးက နှစ်သိမ့်ခဲ့ပုံ။

ဦးခင်မောင်ဦး ကိုယ်တိုင်ရွာ၏ အနေအထား ဖြစ်နိုင်ခြေများကိုခန့်မှန်းသုံးသပ်မိပုံ၊ အစီအစဉ်များရေးဆွဲပုံ၊ လပြည့်ည အလင်းရောင်ဖြင့် တရားခံဖမ်းပွဲများပြုလုပ်ကြပုံ၊ ဆရာတော်ကိုယ်တိုင် စောင့်ကြည့်နေပုံ၊ နောက်ဆုံး တွေးဆမိသော ထင်မြင်ယူဆသုံးသပ်ချက်များအတိုင်းပင် တရားခံများကို မိခဲ့ပုံ၊ အလုံးစုံကို ဦးခင်မောင်ဦးနှင့် ဆရာတော်မှ ရှင်းပြခဲ့ကြ၏။ သူကြီးနှင့် ရွာသားအားလုံး အမြင်မှန်ရသွားကြ၏။

မစူးစမ်း၊ မဆင်ခြင်၊ မသုံးသပ်ကြဘဲ လူတစ်ယောက်ကို လူ့အသိုင်းအဝိုင်းမှ ဝိုင်းကြဉ်ခဲ့မိကြခြင်းအတွက် နောင်တရနေကြ၏။

"ဒကာကြီး . . ."

"မနုဿတ္တဘာဝေါ - ဒုလ္လဘော" တဲ့ . . လူ့ဘဝဆိုတာရခဲ့ပါတယ်ကွယ်" ရခဲတဲ့ လူ့ဘဝကလည်း တိုတောင်းလှပါတယ်။ အသိဉာဏ်ရှိကြတဲ့ လူတွေပဲဟာ တစ်ယောက်ကို တစ်ယောက် မေတ္တာထားကြမယ်ဆိုရင် မကောင်းဘူးလားကွယ်။

နောင်ကိုတော့ . . . သတိတရားနဲ့ ဆင်ခြင်ကြပါ . . . အမှားနဲ့ အမှန် ခွဲခြားနားလည်ကြပါ။

လူတစ်ယောက်ရဲ့ အပြင်ခန္ဓာ၊ ရုပ်အဆင်း လက္ခဏာကို ကြည့်ပြီး၊ မဆုံးဖြတ်ကြပါနဲ့။ ဖြူစင်ရိုးသားတဲ့ စိတ်မနောအလှကိုသာ မြင်တတ်ကြပါလို့ပဲ . . . နောက်ဆုံးမှာလိုက်ပါရစေ . . ဒကာကြီး"

"တင်ပါ့ . . . ဘုရား"

"တင်ပါ့ . . . ဘုရား"

ဆရာတော့်ကို အားလုံးကန်တော့လိုက်ကြ၏။

"ကိုဖိုးထင်က . . . ရုပ်မလှပေမယ့် နှလုံးသားလှတယ် . . . ဗျ"

"ဟုတ်တယ်ဗျို့ . . . ဟုတ်တယ်၊ ဟုတ်တယ် . . . ."

"ဟား . . . ဆရာကလည်း . . ."

"ဝေး . . . ဟေး . . . ဟေး"

"ဝါး . . . ဟား . . . ဟား"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ရှူး . . ."

ဦးခင်မောင်ဦး စကားကြောင့် အားလုံးပွဲကျကုန်၏။

ဖိုးထင်ခေါင်းမဖော်နိုင်။

သူကြီးနှင့် ရွာသားအားလုံးက ဝိုင်းဝန်းသြဘာပေးခဲ့ကြပြီ။ ကြည်နူးပျော်ရွှင်ခဲ့ရ၏။

အထင်လွဲမှားမှု အာဃာတတရားများ၊ အမုန်းများ အဆုံးသတ်ခဲ့ရပြီ။ ဖိုးထင် ဝမ်းသာ၍မဆုံး။ မျက်ရည်များ ပင်ကျခဲ့ရ၏။

မကြာမီ . . .။

အနာဂတ်သည် . . .။

ဖိုးထင်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော့မည်။

လူတိုင်း . . . လူတိုင်း။

အသိတရားများဖြင့် . . .။

ဆင်ခြင်နိုင်ကြပါစေ . . . . ကုန်သတည်း။ ။


*** *** ***

ဦး (ဗိသုကာ)



www.burmeseclassic.com

www.burmeseclassic.com



# ရေမန်း (နှင့်) ဆား

ဝသုန်ဟိန်းထက်

"မောင်ရင်က ဘာအလုပ်အကိုင် လုပ်တာလဲကွဲ့"

ဆရာကြီးအမေးကြောင့် ဆားကုန်သည်ကြီး ဦးမောင်စိုးက ရိုသေစွာ ပြန်ဖြေ၏။

"အရောင်းအဝယ် ကုန်သည် အလုပ်လုပ်ပါတယ် ဆရာကြီးခင်ဗျား"

"ဩော် ... အိမ်း၊ ဟုတ်ပြီ .. ဟုတ်ပြီ၊ ဒါဆို အရောင်းအဝယ်အထူး ကောင်းတဲ့ ဂမ္ဘီရအစီအရင် ရေမန်းပေး လိုက်မယ်။ ဒီရေမန်းနဲ့သာ ဖျန်းလိုက်။ ရောင်းလိုတဲ့အရာမှန်သမျှ လျှောခနဲ လျှောခနဲ အမြန်ထွက်သွားလိမ့်မယ်"

ဆရာကြီးက အသင့်စီရင်ထားသော ရေမန်းပုလင်းကို ပေးလိုက်သည်။

"ဒါ ... ဒါနဲ့ ဆရာကြီး။ ရောင်းကုန်တွေက အများကြီး၊ ဂိုဒေါင်အပြည့်ဆိုတော့ ..."

"အိုကွယ် ... မခက်ပါဘူး မောင်ရင်။ ဒီရေမန်းကို ပွားလိုက်ပေါ့။ များရင် တိုင်ကီပုံးထဲထည့်ပြီး ရေအပြည့်ဖြည့်။ ဒီရေနဲ့ အကုန်ဖျန်းပေါ့။ ဘာခက်တာမှတ်လို့"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

ဦးမောင်စိုးက ငါးထောင်တန် တစ်ရွက်ကို စာအိတ်တွင်ထည့်၍ ဆရာကြီးအား ကပ်လှူကာ ပြန်လာခဲ့၏။ ဂိုဒေါင်ထဲက သူ့ဆားတွေအကုန် ရောင်းထွက်ဖို့ ဒီရေမန်းကို တိုင်ကီအပြည့်ပွားကာ လိုက်ဖျန်းရမည်။ ဒါမှ ဆားတွေအမြန်ရောင်းထွက်မှာကိုး။


သို့သော် ... 'ဆား' ဆိုတာ မျိုးက ...။

ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အချစ်ဆုံးမိန်းမ'ယု'ဆုံးသွားသောအခါ ကျွန်တော့်ရင်ထဲ ဟာသွားသည်။ ကျွန်တော့်ရင်တွင်းအပူကို မည်သူ ငြိမ်းသတ်၍ ရပါအံ့နည်း။ ကျွန်တော်၏ တစ်ဦးတည်းသောချစ်သူ တစ်ယောက်တည်းသော မိန်းမသည် ကျွန်တော့်ကို ချစ်လှပါသည် ဆိုသော်လည်း မည်သူမျှ မလွန်ဆန်နိုင်သည့် သေမင်းခေါ်ဆောင်ရာသို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပြီ ဖြစ်သည်။

နှလုံးသွေးကြောကျဉ်းခြင်းဟူသည့် မွေးရာပါ ရောဂါက သူ့ကို အသက်နှစ်ဆယ်ကျော်လေးနှင့် လူ့ဘဝကို စွန့်ခွာစေခဲ့သည်။ သူနှင့် ကျွန်တော် ရှာဖွေခဲ့သည့် စည်းစိမ်၊ ရည်ရွယ်ထားသည့် ရှေ့အိမ်ထောင်ရေးစီမံကိန်းများ အိမ်ထောင်သက် (သုံး)နှစ်ကျော်သည်ထိ သားသား မီးမီး မမွေးဘဲ ယုသည် ပင်လျှင် ကျွန်တော့်အား ကလေးလို နွဲ့နှဲ့ဆိုးခဲ့သူဖြစ်သည်။

အသားက မဖြူ မညို၊ အရပ်က မနိမ့် မမြင့်၊ မို့သောရင် ကျဉ်းသောခါးနှင့် ကားသောတင်၊ ရယ်လိုက်လျှင် ပါးချိုင့်လေးနှင့် လွန်စွာမှ ချစ်စရာကောင်းသော ယောကျ်ားအပေါ် သံယောဇဉ်ကြီးကာ သစ္စာရှိသော 'ယု' သည် ယခုတော့ ကျွန်တော့်ကို ထားရစ်ခဲ့လေပြီ။

"မောင် ယုလေ မောင့်အတွက် သားသားလေးဖြစ်ဖြစ် မီးမီးလေးဖြစ်ဖြစ် မွေးပေးချင်တယ်သိလား၊ ဒါပေမဲ့ မောင်က ယုကို အဲဒီအခါကျ ချစ်တော့



www.burmeseclassic.com

www.burmeseclassic.com

မှာ မဟုတ်ဘူး အဲဒီမီးမီးဖြစ်ဖြစ်၊ သားသားဖြစ်ဖြစ် ကလေးကိုပဲ ချစ်တော့မှာ အဲဒါ ယု မနာလိုဘူး၊ ဒါကြောင့်မို့ မောင့်ကို ကလေး မွေးမပေးဘူး"

"အေးပါဗျာ ဟုတ်ပါပြီ၊ မောင်က ယုကို သိပ်ချစ်တာဆိုတော့ ယုသဘောတစ်ခုပါပဲ"

"မောင် ဟိုဘက်အိမ်က ခိုင်လေးဆိုတဲ့ ကောင်မလေးက စာမလိုက်နိုင်ရင် ကျူရှင်ယူပေါ့၊ ခုတော့ မောင့်ကို စာလာလာမေးနေတာ ဘာသဘောလဲ၊ ယု သဘောမကျဘူး"

"ယုရယ် သူ့ခမျာ မသိလို့ မေးတာပဲ မေးပါစေ ကုသိုလ်တောင်ရသေးတယ်၊ သူ့ကို မောင်က ကလေးလိုပဲ သဘောထားတာပါ၊ မောင်ချစ်တာ ယုပဲ"

ကျွန်တော့်ကို ယုသည် လွန်စွာချစ်သည်။ ကျွန်တော် နေထိုင်မကောင်းဖြစ်လျှင်(နေထိုင်မကောင်းဆိုသည်ကလည်း သာမာန် နှာစေး၊ ဖျားနာမျှ) ယုသည် အိပ်ရေးအပျက်ခံကာ ဂရုစိုက်၏။

ကျွန်တော်က တစ်ကောင်ကြွက်ဖြစ်သော်လည်း ယုက ဖခင် ရှိသေးသည်။ ပြီးတော့ ညီမတစ်ယောက်လည်း ရှိသည်။ သူတို့က မြို့လယ်ရပ်ကွက်မှာဖြစ်ပြီး ကျွန်တော်တို့က သူတို့ထက်စာလျှင် မြို့နှင့် နည်းနည်းဝေးသည်၊ သို့သော် နယ်မြို့လေးဆိုတော့လည်း သိပ်အဝေးကြီးတော့မဟုတ်ပါ။

နှလုံးသွေးကြောကျဉ်းရောဂါနှင့်ပတ်သက်ပြီး သူ အိမ်ထောင်ကျပြီးတစ်နှစ်ခန့်ကြာမှ ရောဂါရှိမှန်း သိခဲ့ခြင်းဖြစ်သည်။ ထိုကတည်းက ဆရာဝန်မှန်မှန်ပြ ဆေးမှန်မှန်သောက်ခဲ့သည်။ ယခုတော့ ယုသည် ကျွန်တော့်အပါးတွင် မရှိတော့ပြီ။

တောမြို့လေး ဆိုတော့လည်း အလောင်းကို အိမ်တွင် ပြင်ဆင်ထား၍ရပါသည်။ ယုသည် သေဆုံးခဲ့ပြီဆိုသော်လည်း အိပ်မောကျနေသည့်ပုံသာဖြစ်သည်။ အလှမပျက်ပါချေ။ ယု၏ရှပ်ကလပ်ဘေးတွင် ယု ကြိုက်တတ်သည့် ပန်းသီးကို ခွဲပေးထားသည်။ ယု မြတ်နိုးသည့် ကက်ဆက်ကြီးကို ချပေးထားသည်။ ယု မက်မောစွာ သောက်တတ်သည့် ရှပ်အချိုရည်ဘူးကို ထားပေးသည်။

ယု၏ညီမလေး ဆွေဆွေသည် အစ်မအလောင်းဘေးတွင် ငို၍မဆုံးပေ။ ကျွန်တော့်ယောက္ခမကြီးသည်လည်း လူကြီးမို့ မနည်းဟန်ဆောင်ကာ စိတ်ကိုတင်းပြီး လူကြီးဝိုင်းတွင် စကားပြောနေရသည်။ ချစ်သောသမီးကြီးအတွက် ပူပင်သောက ရောက်နေပါလိမ့်မည်။

ကျွန်တော်က ယုအလောင်းနှင့် မလှမ်းမကမ်းတွင် မှိုင်တွေပြီး ထိုင်နေသည်။ ဧည့်သည်များကို ဟန်ဆောင်၍ပင် စကားလိုက်မပြောနိုင်ပေ။ ကျွန်တော့်သူငယ်ချင်း ဆန်းဦးက ကျွန်တော့်ဘေးလာထိုင်ပြီး အားပေးနှစ်သိမ့်သည်။

"လင်းအောင် ဒီအချိန်မှာ မင်းဘယ်လောက်ခံစားနေရမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ကွာ ဒီအိမ်ကိုလာတဲ့လူတွေက မင်းတို့လင်မယားနှစ်ယောက်ကို ခင်မင်မှုနဲ့ လာကြတာ မင်းမိန်းမတေသေပြီဆိုတော့ မင်းလိုက်ပြီး ဧည့်ခံစကားပြောဖို့ လိုအပ်တယ်ကွ ငါပြောတာ သဘောပေါက်ပါကွာ"

"ဟုတ်တယ် သား လူ့အသိုင်းအဝိုင်းမှာ လူမှုရေးဆိုတာ ရှိသေးတယ်၊ မင်းခံစားမှုကသပ်သပ် လူမှုရေးကသပ်သပ်ကွ၊ မင်းသူငယ်ချင်း ပြောသလိုမင်းဘက်က တာဝန်ကျေပါ"

ဆန်းဦး ကျွန်တော့်ကို ပြောနေသည့်စကား ယုဖခင်ကြီး ကြားသွားပြီး သူကပါ ထပ်ပြောလာသောအခါ အပူရှပ်ကို ဟန်လုပ်ပြီး သတင်းမေးလာသူများကို မျက်နှာပြ ပြောဆိုရသည်။

သည်လိုနှင့် သုံးရက်ပြည့်သွားသဖြင့် အံနောက်သုသာန်တွင် သဂြိုဟ်လိုက်ရသည်။ မြေမြှုပ်လိုက်ချိန်တွင် ကျွန်တော်၏ အသည်းနှလုံးသည်လည်း ယုနှင့်အတူ တစ်ခါတည်း မြေမြှုပ်ပစ်လိုက်ပြီဟု ဆုံးဖြတ်လိုက်၏။

ကျွန်တော့်ယောက္ခမကြီး သားအဖသည် ရက်လည်သည်ထိ ကျွန်တော့်ကို အဖော်လုပ်ပေးကြမည်ဟု ပြောထားသည်။ သဂြိုဟ်ပြီး နောက်နေ့ညနေတွင် ခြေသံကြားရသည်။ တဖန် ဆေးရုံအနံ့ စူးစူးဝါးဝါးရသည်။ ချစ်သောယုသည် အိမ်ထဲတွင် ရှိနေပုံရသည်။ ကျွန်တော့် ရင်ထဲ ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို တစ်မျိုးကြီးပင်ဖြစ်သည်။

အိမ်နောက်ဖေး ရေစည်ပိုင်း မည်သူမှ မရှိပါဘဲနှင့် ရေချိုးသံကြား



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ဘေးအိမ်မှ မောင်သက်က ကျွန်တော့်အား လာပြောသည်။ သူက အိမ်ဘေးတွင် ရေနွေးကြိုဖို့ တာဝန်ယူထားသည့်ကလေး ဖြစ်၏။

“အစ်ကိုကြီး ညီမလေးပုခုံးကို ခုနက တစ်ယောက်ယောက် လှမ်းပုတ်လိုက်သလိုပဲ မမယုနဲ့ တူတယ်”

“သမီးငယ် ဘာတွေလျှောက်ပြီး ပြောနေတာလဲ”

ဆွေဆွေက ကျွန်တော့်အား ထိုသို့ ပြောသည်ကို ဖခင်ကြီးက ဟန့်သည်။ ကျွန်တော် မကြိုက်မှာစိုး၍ ဖြစ်မည်ထင်သည်။

နောက်တစ်နေ့ မနက်အစောကြီးတွင် ကျွန်တော့်လက်အား တစ်ယောက်ယောက်က ဆွဲယူသလို ခံစားရသည်။ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ခံလိုက်ရ၏။

“ယု မောင့်အချစ်ဆုံး ယုရယ်”

ကျွန်တော်သည် ယုကို လွမ်းဆွတ်ကာ မျက်ရည်လည်လာသည်။ ဖိတ်စာလိုက်ဝေပြီး ပြန်လာသည့် ဆန်းဦးကို ထိုအကြောင်းပြောတော့ ရက်မလည်ခင်မှာ သေသူရဲ့ ဝိညာဉ်က သူ့ကိုယ်သူ သေသည်ဟု ထင်မထားကြောင်း၊ အိမ်တွင်းစင်ကိုလည်း ဖြုတ်ထားသဖြင့် ဝင်ထွက်သွားလာခွင့်ရကြောင်း သနားစရာကောင်းသည့် ဝိညာဉ်အကြောင်းကို ရှင်းပြသည်။

ထိုနေ့ညဦးပိုင်းတွင် ဖခင်ကြီး (ကျွန်တော့်ယောက္ခမ)ကို ဇက်ကြောလာဆွဲပေးသည်။ ဖခင်ကြီးကတော့ ဘေးလူများ ကြောက်လန့်မှာစိုးသဖြင့် အသာငြိမ်နေလိုက်သည်။ ယုသည် သူမအဖေကို စိတ်လိုလက်ရ ဇက်ကြောဆွဲပေးလေ့ ရှိသည်ဟု ဆိုသည်။

သည်လိုနှင့် ရက်လည်ဆွမ်းသွတ်မည့်နေ့သို့ ရောက်၏။ သံဃာတော်ငါးပါးပင့်ဖိတ်ပြီး ယုကို ရည်စူးကာ အမျှပေးဝေခဲ့ပါသည်။ ဆွေဆွေနှင့် ကျွန်တော့်ယောက္ခမကြီးလည်း သူတို့အိမ်သို့ ပြန်သွားကြသည်။ ကူညီလုပ်ကိုင်ပေးနေကြသူများလည်း အိမ်ပြန်ကုန်ကြသည်။

ကျွန်တော်တစ်ယောက်တည်း ယုနှင့် အတူနေခဲ့သည့် အိမ်ထဲတွင် ကျန်တော့သည်။ ယုနှင့် ဘယ်တုန်းက ဘာတွေပြောခဲ့သည်၊ ဘာတွေလုပ်ခဲ့သည်ဆိုခြင်းကို သတိရအောက်မေ့စွာနေရင်း ထိုညကို ကုန်လွန်စေရသည်။

နောက်တစ်နေ့ ရပ်ကွက်ထဲမှ ဦးလေးသဖွယ် ဖြစ်နေသည့် ဦးမင်းဟန် ရောက်နေစဉ် သူငယ်ချင်း ဆန်းဦးလည်း ရောက်လာသည်။ မျက်နှာချင်းဆိုင်အိမ်မှ ဟန်နီက ယုအသုဘတုန်းက သူ ခရီးထွက်နေ၍ မရှိသဖြင့် ရောက်ရောက်ချင်း ကျွန်တော့်အိမ်သို့ လာသည်။ ကျွန်တော်နှင့် ဦးမင်းဟန်၊ ဆန်းဦးတို့ စကားပြောနေစဉ် ဟန်နီ ဝင်လာခြင်းဖြစ်၏။

ဟန်နီ တံခါးပေါက်ရောက်သည်နှင့် ရုတ်တရက် ငိုချလိုက်သည်။ တံခါးဝတွင် ရပ်လျက်ကဖြစ်၏။

“ဟီး ဟီး ယုအိမ်ထဲ ဝင်မလို့ဟာ အဝင်မခံဘူး၊ မဝင်ရဘူးတဲ့ ဟီး ဟီး”

ငိုနေသူက ဟန်နီ ဖြစ်သော်လည်း ယု၏အသံမှ အသံစစ်စစ်ဖြစ်သည်။

“ယုတို့ [illegible]
မောင်၊ မလာရဘူးလား ဟီး ဟီး”

ကျွန်တော် ဘာပြန်ပြောရမှန်း မသိတော့ပါ။ ပယောဂတွေကုသော မြန်မာတိုင်းရင်းဆေးဆရာလည်းဖြစ်သော ဦးလေး ဦးမင်းဟန်ကို အားကိုးတကြီး ကြည့်လိုက်မိသည်။ ဦးမင်းဟန်သည် ထိုင်ရာမှထကာ ခြံစည်းရိုးအပေါက်နား သွားလိုက်သည်။ ဟန်နီ လဲကျသွားသည်။

“ကဲ ဆိုင်ရာပိုင်ရာများအား ကျွန်တော် မေတ္တာရပ်ခံပါတယ်၊ ယု ဆိုတဲ့ကလေးမကို အိမ်ထဲ ခဏအဝင်ခံလိုက်ပါ။ ကျွန်တော် စစ်မေးစရာရှိလို့ ဖြစ်ပါတယ်”

ဦးမင်းဟန်က ဟန်နီကို အိမ်ပေါ် ခေါ်ခဲ့ဖို့ ကျွန်တော့်အား မျက်ရိပ်ပြသဖြင့် ကျွန်တော် ပွေ့ချီကာ အိမ်ပေါ် ခေါ်ခဲ့သည်။ ဦးမင်းဟန်က ဘုရားစင်မှ သောက်တော်ရေခွက်ကိုယူကာ ပါးစပ်မှ မန်းမှုတ်ပြီးနောက် ဘုရားကို ကန်တော့ပြီး ဟန်နီ့တစ်ကိုယ်လုံးအား ရေမန်းနှင့် ပက်ပါသည်။

ထိုအခါ ဟန်နီ သတိရလာပုံရှိသည်။ ဦးမင်းဟန်ကပင် . . .

“သမီးယု မနေ့က အမျှဝေတော သမီး အမျှမရဘူးလား၊ သာဓု မခေါ်ဘူးလား သမီး”

“သမီးကို ဝိုင်းပြီး ပါးစပ်ပိတ်ထားကြလို့ သာဓုခေါ် ခွင့်မရဘူး အဘ၊ သမီးအခု ဘာစားပြီး ဘယ်မှာနေရမှန်းမသိဖြစ်နေတယ် မောင်ကလည်း ယုကို ဂရုမစိုက်ဘူး”



www.burmeseclassic.com

www.burmeseclassic.com

"အေး ဒါဆို ၁၀ ရက်ပြည့်တဲ့နေ့ သန်ဘက်ခါမနက်မှာ ဆွမ်းသွတ် ထပ်လုပ်မယ်၊ သမီးကို ဖိတ်မယ်၊ ကဲ သမီး ဒီအိမ်ထဲကနေ အပြင်ကိုထွက်တော့"

ဟန်နီသည် ဦးမင်းဟန်ကို ကန်တော့ပြီး သတိပြန်လစ်သွားသည်။

"ဟန်နီ ဟန်နီ"

ကျွန်တော်က လက်မောင်းကို ကိုင်လှုပ်ပြီးခါတော့ ဟန်နီ သတိပြန်ရလာသည်။ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းပင် ဟန်နီ မသိပေ။

"ကျွန်မ ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး သတိလစ်သွားလို့"

"ကိုလင်းအောင် ကျွန်မ ယု သတင်းကြားရတာ စိတ်မကောင်းပါဘူး"

ဟန်နီသည် အလ္လာပသလ္လာပ ခဏပြောပြီးနောက် ပြန်သွားသည်။ ထိုအခါမှ ဦးမင်းဟန်က ပြောသည်။

"မောင်လင်းအောင် မင်း သန်ဘက်ခါ ဆွမ်းပြန်သွတ်ကွာ"

"ဟုတ်ကဲ့ပါ ဦးလေး"

"အဲဒီနေ့မှာ သင်္ကန်းပရိက္ခရာ ရှစ်ပါးကိုပါလှူ။ ဒါမှ အဝတ်အစား အသုံးအဆောင် နေစရာအားလုံးရမယ်၊ ဘယ့်နှယ်လဲ"

"ဟာ လှူမှာပေါ့ ဦးလေးရယ်၊ အဲဒီနေ့ ဦးလေး လာနော်"

"အေးပါကွာ"

ဆန်းဦးနှင့် တိုင်ပင်ပြီး အကျဉ်းရုံး စီစဉ်ကြသည်၊ ထိုညက ယုသည် ကျွန်တော့်အား အိပ်မက်ပေးသည်။

"ယု မသေခင် သုံးလေးရက်တုန်းက ဈေးထဲက အထည်ဆိုင် မမမြင့်တို့ဆီက အထည် တစ်သောင်းနဲ့ငါးရာဖိုး ယူထားတယ် မောင်၊ အဲဒါ ယု သွားမပေးဖြစ်ခဲ့ဘူး၊ ဒါကြောင့်မို့ ယု သာခုခေါ်ခွင့် မရလိုက်တာ"

"မောင်နဲ့ ယုတို့ ဘဝခြားသွားပြီးနော်၊ နောင်ဘဝတွေမှာ မောင်နဲ့ ထပ်ဆုံတွေ့ ပေါင်းဖက်ပါရစေနော်"

ယုသည် သူသေသွားသည့်နေ့က အဝတ်အစားများအတိုင်း အိပ်မက်ထဲတွင် ဝတ်ထားသည်။ ကျွန်တော် စိတ်မကောင်း ဖြစ်ရ၏။ နောက်နေ့မနက် မမမြင့်တို့အား အကြွေးသွားပေးသည်။ မမမြင့်တို့ကပင်လျှင် ကျွန်တော့်အား ပြန်ပြီးအားနာနေသည်။

ယုအား သူ့အင်္ကျီတစ်ထည်ယူပြီး သင်္ချိုင်းမြေတွင် တရားလိုက်နာရန် ခေါ်လာခဲ့သည်။ အိမ်ရှိ ဆိုင်ရာပိုင်ရာများကို ဝင်ခွင့်ပြုဖို့ တောင်းပန်ရသည်။ ထိုနေ့က ဦးမင်းဟန်လည်း လာသည်။ ကျွန်တော့်ယောက္ခမကြီးနှင့် ညီမလေး ဆွေဆွေလည်း လာသည်။ ဆန်းဦးလည်း လာသည်။ ပြီးနောက် ပင့်သံဃာတော် ငါးပါး။

ဆွမ်းကပ်လှူပြီးနောက် ရေစက်ချရာတွင်. . .

"ယုရေ ပြုသမျှ ကုသိုလ်ကောင်းမှု အစုစုက ယုအတွက် ရည်စူးတာပါ။ မောင်ပြုသမျှ ကုသိုလ်အဖို့ကို အမျှဝေလိုက်ပါတယ်။ အမျှဝေတာကို ကြားရင် သာခုခေါ်နိုင်ပါစေ။ ယုရေ အမျှ အမျှ အမျှ သာခု သာခု သာခု"

ထိုအချိန်တွင်ပင် အခန်းတစ်ခန်းလုံး မည်သည့်အနံ့ကြောင့်မှန်းမသိ မွှေးကြိုင်၍သွားပေသည်။ သံဃာတော်များ ပြန်ကြွသောအခါ ထိုအကြောင်းကို ဝိုင်းဖွဲ့ပြောဖြစ်ကြသည်။

ထိုစဉ် ဆွေဆွေက. . .

"ဟာ အဖေနဲ့ အစ်ကိုကြီး ဟိုမှာ ဟိုမှာ အလင်းတန်းကြီး အိမ်ထဲကနေ အပေါ်ကို ထိုးတက်သွားတယ်"

ဆွေဆွေ အားလုံးကို လက်ညှိုးညွှန်ပြသည်။ ကျွန်တော်အပါအဝင် ကျန်သူများအားလုံး ဝိုင်းကြည့်ရာ ဆွေဆွေပြောသလို မြင်လိုက်ကြရပါသည်။

"အင်း သမီးလေးယုတော့ ကံကောင်းတယ်လို့ ပြောရမှာပဲ မြင့်မြတ်တဲ့ဘုံကို ကူးပြောင်းသွားပါပြီကွယ်"

ဦးမင်းဟန်၏ ကောက်ချက်ချစကားအဆုံးတွင် ကျွန်တော် ဝမ်းနည်းကြေကွဲနေသည့်ကြားမှ ပီတိဖြစ်သွားပါသည်။

---

**တာတေကြီး**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်အာတာတ်နဲ့ ကိုယ်

ပိုက်မင်းဝေ

ညနေတိုင်းလိုလိုပင် သူငယ်ချင်းများနှင့် စုဝေးလျက် မောင်ဇော်သည် ဘောလုံးကန်လေ့ရှိ၏။ သည်ညနေလည်း ဘောလုံးကန်ပြီးသည့်နောက် အိမ်သို့ တန်း၍ပြန်ခဲ့သည်။ ရေချိုးရန် ပြင်ဆင်လိုက်စဉ် အိမ်နောက်ဖေး မီးဖိုချောင်မှ ချက်ပြုတ်ကြော်လှော်နေသော မိခင်၏အသံကို ကြားလိုက်ရသည်။

"သားရေ ... ပြန်လာပြီလား။ ရေချိုးပြီးတာနဲ့ ထမင်းအဆင်သင့်စားလို့ရပြီ။ ထမင်းလည်းကျက်ပြီ၊ ဟင်းလည်းကျက်ခါနီးပြီ။ ရေမြန်မြန်ချိုးလေ။ ချိုးပြီးရင် အဝတ်အစားလဲ။ ထမင်းစားကြရအောင်"

မောင်ဇော်မှာ တစ်ဦးတည်းသော ဖတဆိုးသားလေးမို့ မိခင်ဒေါ်မြမှာ အသည်းပေါက်မတတ် ချစ်ရပြီး ဘာဆိုဘာမျှ မခိုင်းရက်။ ခေါင်းရွက်ဗျပ်ထိုးရောင်းပြီး မောင်ဇော် ၁၆ နှစ်သားအရွယ် ရောက်သည့်တိုင် ကျွေးမွေးပြုစုလာခဲ့သည်။ ကျောင်းထားတော့လည်း လေးတန်းအထိပင်နေ၍ ကျောင်းထွက်လိုက်သည်။

မောင်ဇော် ရေချိုး၊ အဝတ်အစားလဲပြီး ထမင်းဝိုင်းသို့ ဝင်ထိုင်လိုက်သည်။ မိခင်ကြီးကလည်း ခူးခပ်ပြီးသား။ ဒေါ်မြက သားတော်မောင်ကို ပြုံးကြည့်ရင်း ...

"ငါ့သားကြိုက်တတ်တဲ့ ငါးခူဆီပြန်ဟင်း။ ထည့်စားသား။ ငါးခူတွေက အကောင်ကြီးပြီး လတ်လည်းလတ်တယ်"

မိခင်ကြီး ပြောမဆုံးမီပင် အကြီးဆုံး အလယ်ပိုင်းသားကို ခပ်ထည့်၍ စားပါလေတော့သည်။ ဒေါ်မြက -

"နေ့လယ်ကလေ ငါးခူးသုံးကောင်ကို ၁၂၀ဝိ ပဲ ပေးဆိုလို့ ဝယ်လိုက်တာ။ ဗိုက်ကြီးတွေကလည်း ဖောင်းလို့။ ဥများပါမလားလို့ခွဲလိုက်တော့ မပါဘူးသားရယ်။ ပုပ်အက်အက်အနံ့တွေပဲ ရတယ်။ ရေပြောင်အောင်ဆေးလိုက်တော့လည်း ပြောင်သွားတာပေါ့ကွယ်"

မောင်ဇော်တစ်ယောက် ဒေါ်မြစကားအဆုံး ကိုက်ဖဲ့နေသော ငါးခူဖတ်ကြီးအား ပြတင်းပေါက်ဘက်လွှင့်ပစ်လျက် ထမင်းဝိုင်းမှထပြီး အားရပါးရ အန်နေလေတော့သည်။ မောင်ဇော်အဖြစ်ကို ဒေါ်မြကြည့်ရင်း မေးလိုက်သည်။

"ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲ။ အမေလည်း အဲသည့်ဟင်းကို လွှင့်ပစ်လိုက်။ နေ့လယ်တုန်းက ပိုက်ဆံပြတ်လို့ မဒွေးတို့အိမ်နောက်ဖေး လယ်စပ်က အိမ်သာဘေးမှာ ကျွန်တော်ကိုယ်တိုင် ထိုင်မျှားလိုက်တဲ့ ငါးခူတွေဗျ။ ကျွန်တော်ရောင်းရင် လူသိမှာစိုးလို့ မိအေးကို မုန့်ဖိုး ၂၀ဝိ ပေးပြီး ရောင်းခိုင်းလိုက်တာဗျာ"


"ဟော ... ဝေါ့"

ပိုက်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာချော တစ္ဆေမ

ဒါရိုက်တာ ဇော်မော်လင်း

**အခန်း(၁)**

**မျက်နှာချောတစ္ဆေမ**

**MISS PLANE FACE**

မော်ဘီ လေတပ်ဝန်းကျင်တွင် မျက်နှာချောမ ဆိုသူလေး ရှိ၏။

မျက်နှာချောမ ဆို၍ လှပျိုဖြူ တစ်ယောက်ဟု မထင်မှတ်လိုက်ပါနှင့်။ တစ္ဆေသရဲမတစ်ကောင် ဖြစ်သည်။

သူမသည် ကိုယ်နေဟန်ထား ကြော့ရှင်း၍ နက်မှောင်သော ဆံပင်ရှည်များကို ပိုင်ဆိုင်ထားသည်။ သို့သော် သူမမျက်နှာတွင် မျက်ခုံး၊ မျက်လုံး၊ နှာတံနှင့် နှုတ်ခမ်းအစုံတို့ မပါရှိသကဲ့သို့ နားရွက်နှစ်ဖက်လည်း မပါပါ။

ထို့ကြောင့်လားမသိ။ ရွာနီးချုပ်စပ်နှင့် တပ်ဦးရွာသူရွာသားများက မျက်နှာချောတစ္ဆေမဟု ခေါ်ဆိုကြသည်။

ကျွန်တော်တို့ လေတပ်သားတွေကတော့ MISS PLANE FACE ဟု တင်စားသည်။

မျက်နှာချော တစ္ဆေမသည် လပြည့်လကွယ် ညဥ့်များတွင် ရှည်လျားနက်မှောင်သော ဆံပင်ကို ဖားလျားချလျက် ဤဝန်းကျင်နှင့် တပ်အဝင် မြေနီလမ်းတစ်လျှောက်တွင် လမ်းသလားနေတတ်သည်။

ဤသို့ လမ်းသလားနေသည်ကို ရွာသူရွာသားများက ရန်သူကို လက်စားချေရန်ဟု ဆိုသည်။

အချို့ကလည်း ချစ်သူကို ရှာဖွေသည်ဟု ပြောသည်။

ထို့ကြောင့် တပ်ဦးရွာနှင့် အနီးဝန်းကျင်မှ ရွာသူရွာသားများသည် မျက်နှာချောတစ္ဆေမကို ကြောက်ရွံ့သောကြောင့် လပြည့်လကွယ်ညဥ့်များတွင် လူစုလူဝေးနှင့် သွားလာတတ်သည်။

ကျွန်တော်တို့ ရဲဘော်တွေကတော့ အမှုမထားပါ။

မျက်နှာချောတစ္ဆေမနှင့် နှစ်ကိုယ်ချင်း တွေ့လိုကြသည်။

ပြောသာပြောသော်လည်း မျက်နှာချောမနှင့် တကယ်တန်းတိုးလျှင် ပြေးကြရသည်သာ ဖြစ်၏။

ထိုအထဲတွင် M.T မှ ရဲဘော် မင်းနိုင်နှင့် အပတ်စဉ် ၂/၇၆ RADA မှ L.A.C အောင်မျိုးတို့ နှစ်ယောက်သည် မပြေးသော်လည်း ကန်ရာရှိ ဆိုသကဲ့သို့ မျက်နှာချောတစ္ဆေမကို ဒုက္ခပေးဖူးသည်က အမှန်တကယ် ဖြစ်ပါတော့သည်။

**အခန်း (၂)**

**M.T မင်းနိုင်**

မင်းနိုင်သည် ညဥ့် ၁၀ နာရီခန့်တွင် ရန်ကုန်မှ မော်ဘီတပ်စခန်းသို့ စစ်သုံး THAME စစ်ထရပ်ကားကြီးနှင့် ပြန်လာခဲ့သည်။

ရှစ်မိုင်သို့ရောက်လျှင် တရုတ်ကြီးအန်းကူ အရက်ဆိုင်သို့ ဝင်ပြီး C.S အရက်တစ်ခွက်ကို Warming Up အဖြစ် ဝင်သောက်ပြီး ကားပေါ်တက်၍ မောင်းထွက်ခဲ့သည်။ ခါတိုင်းဆို အပေါင်းအဖော် ရဲဘော်များနှင့် ဖြစ်သည်။ ယခု တစ်ယောက်ထီးတည်းမို့ ပျင်းခြောက်ခြောက် နိုင်လှသည်။

မင်းနိုင်သည် တပ်အဝင် လေယဥ်နှစ်ကောင်သို့ ရောက်လျှင် ကားရှေ့မီးစုံကိုဖွင့်၍ မောင်းဝင်ခဲ့သည်။

အခုလို မိုးနှောင်းရာသီတွင် ယုန်ညိုလေးများ မြေနီလမ်းပေါ်သို့ တက်ကာ လာတတ်သည်။ ယုန်ညိုလေးများသည် ကားမီးရောင်ကိုမြင်လျှင် နှုတ်ခမ်းမွေးများကို လက်လေးများဖြင့်သပ်၍ ကားမီးရောင်ကို စူးစိုက်ကြည့်တတ်ကြသည်။

ကားမီးရောင်အောက်တွင် ယုန်ညိုလေးများ ပေါ်လာသည်။

မင်းနိုင်သည် ယုန်လေးများအား ကားဖြင့်ဝင်ကြိတ်ပြီး သူ၏ I.C FLT/SGT တင်ဦးအတွက် ယူသွားရရင် ကောင်းမလားဟု စိတ်ကူးမိသည်။

ထိုမှ ...



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာချောတစ္ဆေမထံ စိတ်ရောက်သွားသည်။ မျက်နှာချောမသည် ဤလိုညဉ့်များတွင် မြေနီကမ်းပေါ်တွင် လမ်းသလားနေတတ်သည်။ အခုလို လူသူရှင်းခိုက် တွေ့ရလျှင် ကောင်းလေစွ။

တကယ်တော့ ...

မင်းနိုင်သည် ဤစိတ်ကူးမျိုးကို ဝံ့ရဲသူ မဟုတ်ပါ။ အရက်အရှိန်ကြောင့်လားမသိ။ မျက်နှာချောမမကို သိပ်ချစ်လိုက်တာဟုပင် နှုတ်မှ ထွက်သွားသည်။

ထိုစဉ် ...

ဆံပင်ဖားလျားချလျက် ရှေ့မှလျှောက်နေသော မျက်နှာချောမက မီးရောင်အောက် ရောက်လာသည်။ သူမသည် ကားမီးရောင်ကို ကျောခိုင်းလျှောက်နေသည်။

Oh ...miss plane face!

မင်းနိုင်နှုတ်မှ ထွက်သွားသည်။ သောက်လာသည့် အရက်များလည်း ဘယ်ရောက်ကုန်သည် မသိ။ ယခုလို မထင်မှတ်ဘဲ တွေ့ရသောကြောင့် မင်းနိုင် ကျောချမ်းသွားသည်က အမှန်ဖြစ်၏။

ရှေ့မှလျှောက်နေသော မျက်နှာချောမကို ကားနှင့်နောက်မှ ဝင်တိုက်ရန် ဆုံးဖြတ်လိုက်သည်။

မဖြစ်သေး ...။

အကယ်၍ တပ်မိသားစုဝင်တစ်ယောက် ဖြစ်နေလျှင် ရထားသည့် အဆင့်မှ ပြုတ်သွားပြီး ထောင်ပါကျနိုင်သည်။ တကယ်တော့ အခုလို အချိန်မဲ့နေချိန်တွင် တပ်မိသားစုဝင်တစ်ယောက်အား ကားပေါ် တင်ခေါ်သွားရန် သူ့မှာတာဝန်ရှိသည်။

ထိုအတွေးနှင့် သူမကို ကျော်တက်လိုက်သည်။

အကယ်၍ မျက်နှာချောတစ္ဆေမ ဖြစ်ခဲ့လျှင် ကားကို (BACK)ဆုတ်ပြီး တိုက်ရန်လည်း စိတ်ကူးရသေး၏။

"ဂျွိ"

ကားရပ်ပြီးသည်နှင့် သူမကို ကြည့်လိုက်သည်။

"ဟိုက်"

မင်းနိုင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဟီး ... ဟီး ... ဟီး"

မျက်နှာချောတစ္ဆေမသည် ခေါင်းတယမ်းယမ်းဖြစ်ကာ ရှေ့တံခါးကို ဆွဲဖွင့်သည်။

"မဖွင့်နဲ့ ... မဖွင့်နဲ့။ နင့်ကို ငါ မချစ်ဘူး။ နင်က သရဲမ"

ဟု ပြောပြီးသည်နှင့် ကားကို စက်ကုန်ဖွင့်၍ မင်းနိုင် မောင်းပြေးပါတော့သည်။

## အခန်း (၃)
## အကြွားပိုပို အကြောက်များများ

မင်းနိုင်သည် အဆောင်သို့ ပြန်ရောက်လျှင် မျက်နှာချောမနှင့် တွေ့ဆုံခဲ့ကြောင်းနှင့် မျက်နှာချောမကို ချစ်ရေးဆိုခဲ့ကြောင်း အဆောင်ရှိ ရဲဘော်များအား ဂုဏ်ယူဝံ့ကြွားစွာ ပြောသည်။

မင်းနိုင်အကြောင်းကို သိသော AIR FRAMA မှ L.A.C ဂျပုကျော်မြင့်က မင်းနိုင်သည် လူချောလူလှဖြစ်၍ မျက်နှာချောမကလည်း လက်ခံမှာဖြစ်ကြောင်း မြှောက်ပင့် ပြောဆိုသောကြောင့် မင်းနိုင်မှာ သွားတဖြီးဖြီးဖြင့် သဘောတွေ့လျက်ရှိသည်။

ထိုအခိုက် ...

EQUIPMENT မှ အသာ
မည်း လုထွန်းက မျက်နှာချောမသည် ချစ်သူကို လိုက်ရှာနေသူဖြစ်ကြောင်း "သူမအချစ်ကို လက်မခံလျှင် ကုပ်ချိုး စားတတ်ကြောင်း ပြောသောကြောင့် မင်းနိုင် လန့်သွားသည်။

ထိုမှ ...

မင်းနိုင်သည် တစ်ဖက်ရှိ ခုတင်ပေါ်သို့ ပြေးတက်၍ စစ်စောင်ကြီးကို လုံအောင်ခြုံပြီး "ချစ်ပါတယ် မျက်နှာ ချောလေးရယ်။ နင့်ကို ချစ်ပါတယ်၊ ငါ့ကို ကုပ်ချိုးမစားပါနဲ့"ဟု တတွတ်တွတ် ရေရွတ်လျက် ရှိပါတော့သည်။

## အခန်း (၄)
## RADA အောင်မျိုးနှင့် မျက်နှာချောမ

သို့ဖြင့် ...

RADA မှ လူညိုချော L.A.C အောင်မျိုးနှင့် မျက်နှာချောမတို့ တွေ့ဆုံရန် အကြောင်းက ဖန်လာသည်။

အောင်မျိုးသည် တာဝန်တစ်ဖက်ဖြင့် သက်ကြီးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိထားသော ရဲဘော်တစ်ယောက် ဖြစ်သည်။ ဝန်ထမ်းများအတွက် ဖွင့်လှစ်ထားသောကြောင့် ညပိုင်းတွင် သက်ကြီးတက္ကသိုလ်ကို ဖွင့်ထားသည်။

တစ်ညသို့ ...

အောင်မျိုးသည် လက်ချာပြီး၍ မှော်ဘီသို့ ဘတ်စ်ကားနှင့် ပြန်ခဲ့သည်။ ကိုးလောင်းကွေ့သို့ရောက်လျှင် ဘတ်စ်ကား ဘီးပေါက်သွားသည်။

နောက်ကားက တော်တော်နှင့် ပေါ်မလာ။ ညဉ့် ၁၀ နာရီခန့်မှ



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ခရီးသည်များ ငါးပိသိပ်၊ ငါးချဉ်သိပ် ပါလာသည့်အတွက် ကား နောက်မှီးကိုခို၍ အောင်မျိုး လိုက်ပါခဲ့သည်။

လေယဉ်နှစ်ကောင်းသို့ ရောက်လျှင် ကားပေါ်မှ အောင်မျိုး ဆင်းလိုက်သည်။ တပ်တွင်းသို့ရောက်ရန် နှစ်မိုင်ခန့် လျှောက်ရလိမ့်မည်။ လမိုက်ညမို့ ကြယ်ရောင်များသာ ရှိ၏။

အောင်မျိုးသည် တပ်အဝင် ကားကြုံကိုစောင့်ရန် စိတ်ကူးရသေးသည်။

သို့သော် ...

ယနေ့ DRY DAY ယာဉ်ကန့်သတ်ရက်မို့ မိုးသာလင်းသွားမည်၊ ကားကြုံလာလိမ့်မည် မဟုတ်။ ထို့ကြောင့် အောင်မျိုးသည် မြေနီလမ်းအတိုင်း ဝင်ခဲ့သည်။

ကိုးလောင်းကွေ့တွင် ထူးထူးခြားခြား ဖြစ်စဉ်နှင့် တွေ့လျှင် နိမိတ်မကောင်းဟု ဆိုကြသည်။ အောင်မျိုး အယုံအကြည်မရှိပါ။

ထိုမှ ...

မျက်နှာချောတစ္ဆေမထံ အောင်မျိုး စိတ်ရောက်သွားသည်။

မျက်နှာချော တစ္ဆေမသည် လပြည့်လကွယ် ညဥ့်များတွင် မြေနီလမ်းနှင့် အနီးဝန်းကျင်တွင် လမ်းသလားနေတတ်သည်။

လူညိုချောများကို တွေ့လျှင် ဆံပင်များကို ဖွယမ်းပြီး ကိုယ်ဟန်ကြော့ကြော့ကိုပြ၍ ချစ်ရေးဆိုသည်ဟု ပြောကြားထားသည်။

အောင်မျိုးသည် သေသေသပ်သပ် ဖြီးထားသော သူ့ဓါခေါင်းမှ ဆံပင်များကို ဖွလိုက်သည်။

"အူ ... ဝူး ... ဝူး"

အဝေးရှိ တပ်ဦးရွာမှ ခွေးအူသံ သဲ့သဲ့ ကြားရသည်။ တပ်ဦးရွာသို့ အောင်မျိုး လှမ်းကြည့်လိုက်သည်။

တပ်ဦးရွာကလေးသည် ညဥ့်အမှောင်ထဲတွင် အိပ်ပျော်နေသည်။ ရွာဆိုသော်လည်း တဲအိမ် ၁၀ လုံးပင် မပြည့်ပါ။

မျက်နှာချောမသည် တပ်ဦးရွာတွင် ဝင်မွှေနေပြီလား။ အောင်မျိုးသည် ဘာရယ်မသိ လွယ်ထားသော စစ်လွယ်အိတ်ကို ပခုံးပြောင်း၍ သိုင်းလိုက်သည်။

"အူး ..."

အသံရှည်ရှည်မျှင်းမျှင်း ခွေးအူသံ ပေါ်လာသည်။

တပ်ဦးရွာမှ မဟုတ်။ ရွာစွန်ရှိ ဂျပန်ကင်ပေတိုင် ရုံးဟောင်းကြီးမှ ဖြစ်သည်။ ကုန်းမြင့်ပေါ်တွင် ဆောက်လုပ်ထားသောကြောင့် လူသတ်ကုန်းဟု နာမည်ကြီးသည်။

ယခုအချိန်နှင့်ဆိုလျှင် နှစ်ပေါင်း ၃၀ ကျော်လေပြီ။

မျက်နှာချော တစ္ဆေမသည် ထိုစဉ်ကပင် ရှိခဲ့သည်လား။ ဤသို့ဆိုလျှင် မျက်နှာချောမတစ္ဆေသည် အနှစ် ၃၀ ကျော် ရှိပြီဖြစ်၏။

အနှစ် ၃၀ ကျော်အတွင်း အပျိုကြီးမမ တစ္ဆေမသည် ချစ်သူရည်းစာ ဘယ်နှယောက် ရှိခဲ့သည်လဲ၊ မုန်းသူ ဘယ်နှစ်ဦးကို လက်စားချေပြီးပြီလဲ။

အောင်မျိုးသည် မဆီမဆိုင် အတွေးများနှင့် ဇရှုဆက်ခဲ့သည်။

"အူး ..."

ခွေးအူသံ ပေါ်လာပြန်သည်။

ဂျပန်ကင်ပေတိုင် လူသတ်ကုန်းမှ မဟုတ်။ ရှေ့ရှိ ချုံများကို ကွင်း၍ သွားသော ခြေနင်းလမ်းခွဲလေးမှ ဖြစ်သည်။

ကေ့တွ မျက်နှာချောမသည် ခြေနင်းလမ်းခွဲလေးမှ သူ့အား စောင့်နေပြီထင်၏။

အောင်မျိုးသည် အသင့်ပါလာသော ရွှေကျိုးဆေးပေါ့လိပ်ကို ထုတ်သောက်လိုက်သည်။ ဆေးလိပ်ကို ဖွာရာမှ တပ်သို့ မျှော်ကြည့်မိသည်။

တပ်တွင်း၌ ထွန်းညှိထားသော လမ်းမီးတိုင်များမှ မီးလုံးနီနီလေးများကို လှမ်းမြင်ရသည်။

သို့သော် ...

ဘယ်ချုံစပ်၊ ဘယ်ချုံတော၊ ဘယ်ကွေ့မှ မျက်နှာချောမ ပေါ်လာမလဲ။

အောင်မျိုးသည် ရွှေကျိုးဆေးပေါ့လိပ်ကို မီးထတောက်မတတ် ဖွာလျက် ခြေလှမ်းကျဲကျဲဖြင့် ရှေ့ဆက်ခဲ့သည်။

(G.R.S) Ground Radio Station မြေပြင်ဆက်သွယ်ရေးဆီမှ လျှပ်စစ်မီးရောင်များကို လှမ်းတွေ့ရ၍ အောင်မျိုး စိတ်သက်သာရာ ရသွားသည်။

ရှေ့တစ်ခေါ်သို့ ရောက်လျှင် ခြေနင်းလမ်းခွဲသို့ ကြုံရောက်ပြီ။ ခြေနင်းလမ်းခွဲသို့ရောက်လျှင် Main Gate တပ်ဂိတ်နှင့် နီးသွားပြီ။ ဂိတ်ဝတွင် မီးမောင်းများ တပ်ဆင်ထားသောကြောင့် မျက်နှာချောမကို မှုစရာမလိုတော့။

အောင်မျိုးသည် စိတ်အေးလက်အေးဖြင့် ဆေးပေါ့လိပ်လေးကို ဖွာလျက် ဆက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခြေနင်းလမ်းခွဲသို့ ရောက်လျှင် မိုးကာအင်္ကျီခြုံ၍ ရုပ်ဖျက်ပြီးထိုင်နေသော ရဲဘော်တစ်ယောက်ကို တွေ့ရသည်။ ထိုရဲဘော်သည် တပ်ပြင်သို့ ခိုးထွက်ရန် အဖော်ရဲဘော်ကို စောင့်နေဟန် ရှိသည်။

ထိုရဲဘော်ထံသို့ အောင်မျိုးသွားလိုက်သည်။ မိုးကာခြုံထားသော ရဲဘော်သည် သူ့အနီးသို့ အောင်မျိုး ရောက်လျှင် ထိုင်နေရာမှ ထရပ်လိုက်သည်။

လား ... လား ... လား

မိုးကာခြုံထားသူမှာ ရဲဘော် မဟုတ်။

ဆံပင်များကို အုပ်၍ ရဲဘော်ဟန်ဆောင်ထားသော မျက်နှာချော တစ္ဆေမသာ ဖြစ်၏။

အောင်မျိုးလက်ထဲမှ ဆေးပေါ့လိပ် လွတ်ကျသွားသည်။ အောင်မျိုး ကြက်သေသေသွား၏။

"ဟီး ... ဟီး ... ဟီး"

မျက်နှာချောမသည် ပါးစပ်မရှိသော်လည်း တဟီးဟီး အသံပြုလျက် လက်နှစ်ဘက် ဆန့်တန်း၍ အောင်မျိုးထံ ချဉ်းကပ်လာသည်။

အောင်မျိုး နောက်သို့ ဆုတ်လိုက်သည်။

"ဝုန်း"

နောက်မှ ကမူနှင့် တိုက်မိသောကြောင့် အောင်မျိုး လဲကျသည်။

မျက်နှာချောမသည် လဲကျနေသော အောင်မျိုးကို ပြောင်သလင်းခါနေသော သူမ၏ မျက်နှာပြင်နှင့် ပွတ်သပ်၍ နမ်းသည်။

"အား"

အောင်မျိုးသည် သူ့၏မျက်နှာကို ရေခဲတုံးနှင့် ပွတ်သပ်ခံရသည့်အလား ခံစားရသည်။ လျှပ်စစ်လိုက်သကဲ့သို့လည်း တစ်ကိုယ်လုံး ထုံကျင်သွားသည်။

AIR MAN ဟုအော်ပြီး ခြေစုံပစ်၍ မျက်နှာချောမရင်ဝကို စောင့်ကန်လိုက်သည်။

"ဝူး ... ဝါး ... ဝါးဝါး"

မျက်နှာချောမ လိမ့်ထွက်သွားသည်။

အောင်မျိုးသည် လဲနေရာမှ ထရပ်လိုက်သည်။

"အီးဟီး ... ဟီးဟီး"

မျက်နှာချောမ ဝင်လာပြန်သည်။

လက်နှစ်ဖက်ကို ဆန့်တန်းလျက် ခေါင်းတယမ်းယမ်းနှင့် ဖြစ်သည်။

ဦးခေါင်းကို ခပ်ကြမ်းကြမ်း လှုပ်ခါလိုက်သောကြောင့် နက်မှောင်ရှည်လျားသော ဆံပင်များ လေထဲဝဲပျံ့သွားသည်။

လေထဲ ဝဲပျံ့နေသော ဆံပင်ရှည်ကြီးများသည် ပိတုန်းကောင်များ စုဝေးပျံသန်းနေသကဲ့သို့ ရှိ၏။

"ဗိုး ... ဗိုး ... ဗို"

အောင်မျိုး အသင့်ပြင်လိုက်သည်။

"ဟီးဟီး ... ဟီးဟီး"

မျက်နှာချောမ ဝင်လာသည်။

အော်မျိုးသည် ရှေ့တစ်လှမ်းတိုး၍ မျက်နှာချောမကို ရိုက်လိုက်သည်။

မျက်နှာချောမ နောက်သို့ လန်ကျသွားသည်။

အောင်မျိုးသည် စစ်လွယ်အိတ်ကို လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်လျက် မျက်နှာချောမ အရိပ်အခြည်ကို စောင့်ကြည့်လိုက်သည်။

မျက်နှာချောမ အရှုံးမပေးပါ။ လဲကျနေရာမှ အောင်မျိုးကို လက်ယပ်ခေါ်သည်။

သူမထံသို့ အောင်မျိုး သွားလိုက်သည်။

လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်ထားသော စစ်လွယ်အိတ်နှင့် သူမ၏ မျက်နှာပြောင်ကြီးကို ပင့်၍ ရိုက်ချလိုက်သည်။

ရှိသမျှ အင်အားသုံး၍ အပိုင်ရိုက်လိုက်သောကြောင့် မျက်နှာချောမ လွင့်ထွက်သွားသည်။

"ဝူး ... ဝါးဝါး"

ထိုစဉ် Main Gate မှ စလိုက်မီးများ ပွင့်လာသည်။

အောင်မျိုးသည် စစ်လွယ်အိတ်ကို ကျစ်ကျစ်ဆုပ်၍ Main Gate သို့ ထွက်ခဲ့သည်။

ဂိတ်ဝသို့ရောက်လျှင် မျက်နှာချောတစ္ဆေမသို့ အောင်မျိုး လှည့်ကြည့်လိုက်သည်။

မျက်နှာချော တစ္ဆေမသည် စလိုက်မီးရောင်များအောက်မှ အောင်မျိုးကို လက်ယပ်ခေါ်ရင်း တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားပါတော့သည်။

ကြာတော့ကြာခဲ့ပါပြီ။


RADA မှ အောင်မျိုးနှင့် M[illegible] မှ မင်းနိုင်သို့ အမှတ်တရ။

ဒါရိုက်တာဇော်မော်ထ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ညီမျှခြင်းပြယုဂ်

## ကိုကိုလှ(ကမာမြေ)

အသက် ခြောက်ဆယ်ကျော်ပြီ ဖြစ်သော ဇနီးမောင်နှံ ဦးကောက်၊ ဒေါ်လှသန်းဆိုလျှင် တစ်ရွာလုံးက သိသည်။ တစ်ဦးနှင့်တစ်ဦး အငြိုအငြင်မခံ။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နှစ်ဦးတည်း အေးဆေးစွာ နေလိုက်ကြသည်။

မွေးထားသည့် သားသမီးသုံးယောက်ရှိသော်လည်း ကိုယ့်အိမ်ထောင်နှင့်ကိုယ် ခွဲနေကြသည်။ သည်လိုနေနိုင်အောင်လည်း မိဘနှစ်ပါးက ခွဲဝေပေးကမ်းမှုတွေ ရှိခဲ့ပြီးသား။ မြေးများပင် လေးယောက်ရနေသည်။

သူတို့အိမ်ထောင်နှင့် သူတို့နေထိုင်ကြသည်သာ အများကမြင်သည်။ မိဘနှစ်ပါး၏ ထောက်ပံ့မှုကို ယနေ့ထက်တိုင် ခေါင်းစီးအမျိုးမျိုးဖြင့် လက်ဖြန့်နေသဲ။ ဦးကောက်၊ ဒေါ်လှသန်းတို့၏ဘဝသည် ပင်စင်စားများပင် ဖြစ်နေကြသည်။ နှစ်ယောက်သားအတွက် လုံလောက်မှုရှိသော်လည်း သားသမီး၊ မြေးများကို ထောက်ပံ့နေရခြင်းအပေါ် မင်္ဂလာတစ်ပါးဟု ခံယူနေကြသည်။

တစ်နေ့တွင် သူတို့ ဇနီးမောင်နှံ ရွာဦးကျောင်းသို့ လမ်းလျှောက်ထွက်လာရာ ...

"ဟော ... ဦးကောက်တို့ ဇနီးမောင်နှံပါလား။ နေကောင်းကြတယ်နော်"

"ကောင်းပါ့ဗျာ။ ခင်ဗျားကော"


"လူတော့ကောင်းတယ်၊ စိတ်က မကောင်းဘူး။ အိမ်က သားသမီးတွေကြောင့်ပေါ့။ မိဘကို ဘာမှ အထောက်အကူမပြုဘဲ အခုထက်ထိ လက်ဖြန့်နေတုန်းပဲလေ။ ကျုပ်ကိုလည်း ပင်စင်စား မုဆိုးဖိုကြီးလို့တောင် တွေးထားမိကြရဲ့လား မသိဘူး"

တစ်ရွာတည်းနေ ဦးဘဝေတစ်ယောက် သူ့ခံစားချက်များ အားရပါးရ ပြောဆိုရင်း နှုတ်ဆက်ထွက်ခွာသွားသောအခါ သူ့လှုပ်ရှားမှုကိုကြည့်လျက် ဦးကောက်၏ရင်ထဲတွင် ကျုပ်နဲ့ခင်ဗျား ဘဝညီမျှလှပါပေတယ်ဟု မချိတင်ကဲ တွေးရင်း ...။

ကိုကိုလှ(ကမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရေစိုခဲ့လေသော တစ်ခါတစ်ရံများ

● ဝေလွင်မြင့်မောင်

ကောင်းကင်မှာ တိမ်ပြုပြာတွေ ပုံ့သန်းနေသော သကြံန်မတိုင်မီ ရက်တစ်ရက်တွင် သွားတက်လှလှ၊ ပါးချိုင့်ခွက်ခွက် ကောင်မလေးတစ်ယောက်နှင့် ဘယ်သောအခါမှ ဆုံတွေ့မည်ဟု မျှော်လင့်ထားသော ကျွန်တော်သည် တနင်္လာနေ့ကို အလွန်ကျေးဇူးတင်ကြောင်း ပြောပြချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် တနင်္လာနေ့မနက်တွင် ထိုကောင်မလေးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

တနင်္လာနေ့က တိုက်ခတ်နေသော [illegible]သည် သာယာပျော့ညင်းကာ ချိုအီ[illegible]သည်။ အရှေ့ဖက်ဆီမှ အိပျော်ကာ [illegible]လာသော ခပ်ပျော့ပျော့နေရောင်ပင် [illegible]တွင် အေးမြနေလိမ့်မည် ထင်ပါသည်။

ကောင်မလေးရေ၊ တိမ်ပြာပြာ [illegible]နေ့ဟာ လှတာဝမှာ အဓိပ္ပာယ် [illegible]နေပါတယ်။ အမှန်တော့ အဆိုပါ ကောင်မလေးသည် ခပ်ပိန်ပိန်၊ ပိုးဟပ်ဖြူလို အသားရောင်ရှိသော ကောင်မလေးတစ်ယောက်သာ ဖြစ်ပါသည်။

ထိုကောင်မလေးတို့ မိသားစုသည် ကျွန်တော်တို့ခြံနှင့် ကပ်လျက်ခြံသို့ မနေ့ညနေကပင် ပြောင်းရွှေ့လာပုံရသည်။ စကားပြောသံဆိုသံမှာ ဆွေမျိုးတွေ ဖြစ်ပါလိမ့်မည်။

ထိုနေ့ နံနက်စောစောက မေမေသည် ကျွန်တော့်ကို နေအိမ်နှင့်မဝေးလှသော ဈေးဆီသို့ နံနက်စောစောစားရန် မုန့်အဝယ်လွှတ်လိုက်သဖြင့် မုန့်ဝယ်ပြီး ပြန်လာစဉ် ထိုကောင်မလေးကို တွေ့လိုက်ခြင်းဖြစ်သည်။ သူမသည် အပြာရင့်ရောင် ဆေးသုတ်ထားသော ခုံတန်းလျားတွင် တစ်ယောက်တည်း ထိုင်နေပါသည်။ မျက်နှာက တစ်နေရာတည်းကို စိုက်ငေးနေခြင်းဖြစ်ပါသည်။

ကောင်မလေးသည် ခြံထဲသို့ ပြေးဝင်လာသော ကျွန်တော့်ကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားပါသည်။ ထိုအချိန်က ကောင်မလေး ဝတ်ဆင်ထားသော အဝတ်အစားအချို့ကို အထူးအဆန်းသဖွယ် ဖြစ်ခဲ့ရသေးသည်။ ပူပြင်းသောနွေမနက်ခင်းတွင် အနွေးထည်အနက်ရောင် ထူထူပွပွကြီး ဝတ်ဆင်ထားသောကြောင့်ပင်တည်း။

ခြံချင်းကပ်ဖြစ်သော ကျွန်တော်နှင့် သူမတို့သည် သကြံန်မတိုင်မီမှာပင် မျက်မှန်းတမ်းမိကာ အနည်းငယ် ရင်းနှီးသွားလေသည်။ ပထမတော့ ကျွန်တော်တို့နှစ်ယောက် ပြုံးပြသည့်အဆင့်မှ စကားတစ်လုံးစနှစ်လုံးစ ပြောဆိုသည့်အဆင့်ထိ ဖြစ်လာသည်။ သူမနှင့်အတူ အစ်မတစ်ယောက် ရှိသည်ကိုသိရပြီး ခရီးသွားရာမှ ပြန်လာသည်ဟု ပြောပါသည်။

သည်လိုနှင့် ...သကြံန်ရက်က တဖြည်းဖြည်းနီးကပ်လာတော့သည်။ သူ

www.burmeseclassic.com

တို့မိသားစုသည် နေအိမ်မှာပင် အလှူလုပ်မှာလား။ လမ်းထဲမှ အဖွဲ့နှင့်ပေါင်းမှာလား ကျွန်တော် သိချင်နေပါသည်။ လမ်းထဲမှာတော့ မုန့်မျိုးစုံလုပ်ရန် မဏ္ဍပ်ထိုးနေကြပေပြီ။ တချို့က ရေပက်ခံထွက်ဖို့ စုစည်းနေကြသည်။ တချို့က စတုဒီသာလုပ်ဖို့ ပိုက်ဆံလိုက်စုနေကြ၏။

မနက်ခင်းတစ်ရက်တွင် ခြံရှေ့ခုံတန်းတွင်ထိုင်နေသော ကောင်မလေးဆီသို့ ကျွန်တော် မယောင်မလည် ရောက်သွားပါသည်။ ထိုအချိန်က သူမ အနွေးထည်ဝတ်မထားတော့ပါ။ ကျွန်တော့်ကို မြင်သည်နှင့် နှုတ်ခမ်းများတွန့်ရုံ တစ်ချက်ပြုံးပြရာ ကျွန်တော်လွန်စွာပျော်ရွှင်သွားမိသည်။ ကျွန်တော် ထိုင်ခုံကွင်ဝင်ထိုင်ရန် စဉ်းစားရင်း ...

"နင်တို့ ဘယ်က ပြောင်းလာကြတာလဲ"

"ပုသိမ်က"

"ဪ"

"မုံးတို့ဖေဖေက နယ်လှည့်စာရင်းစစ်မှူးလေ။ ဝန်ထမ်းဆိုတော့ ဒီလိုပဲ ခဏခဏ ပြောင်းရတာယ်ပေါ့နော်။ ရန်ကုန်ကို ခုမှ ပြောင်းလာကြတာ"

"ဟုတ်လား"ဟုပြောရင်း ကောင်မလေးဘေးတွင် ကျွန်တော်ဝင်ထိုင်လိုက်ပါသည်။ သူမလည်း ကျွန်တော်ဝင်ထိုင်သည်ကို ကြည်ဖြူဟန်ဖြင့် ပခုံးကလေးတစ်ချက်တွန့်ကာ ပြုံးပြသည်။ ထိုအခါမှ ကောင်မလေးတွင် အလွန်လှပသောသွားတက်တစ်စုံနှင့် ပါးချိုင့်နက်နက်တစ်စုံရှိကြောင်း ကျွန်တော်သိခွင့်ရပါသည်။

"ငါ့နာမည် ဒေဝါစိုး"

ကောင်မလေး မျက်ဝန်းကလေးတစ်ချက်လှန်ကာ ...

"ဒေ .. ဝါ .. စိုး"

နာမည်ကို တစ်ခွန်းချင်း ပြန်ရွတ်လေသည်။ ကျွန်တော် ကျေနပ်သွားသည်။ နာမည်ကို မမေ့ရအောင် ရွတ်ဆိုလိုက်တာပဲ မဟုတ်လား။ ထိုအချိန်တွင် ဥဩငှက်ကလေးတစ်ကောင် ကျွန်တော်တို့ရှေ့မှ ရုတ်တရက် ဖြတ်ပျံသွားသည်။ သည်အချိန်မှာ မျက်လုံးနီနီနှင့် ဥဩငှက်ကလေးသည် အလွန်လှသည်ဟု ခံစားရမိသွားခဲ့သည်။

"နင် အခု ဘယ်နှစ်တန်းရောက်ပြီလဲ"

ကောင်မလေးက သူမ၏ မျက်ဝန်းဝိုင်းဝိုင်းကလေးတွေကို ရုတ်တရက် ပုတ်ခတ်ကာ "မုံးက ကျောင်းဖွင့်ရင် ရှစ်တန်းတက်ရမှာလေ။ ခု ခုနစ်တန်းဖြေထားတယ်"

"ငါက ကိုးတန်းတက်ရမှာ။ ခု နင်အိမ်မှာ တစ်ယောက်တည်းလား"

ကောင်မလေး ခေါင်းခါသည်။

"အိမ်မှာ ဖေဖေနဲ့ မုံးပဲကျန်တယ်။ မုံးမမနဲ့ မေမေကတော့ ပုသိမ်ကိုသွားကြပြီလေ။ ဟိုမှာ သင်္ကြန်ပြီးမှ ပြန်လာကြမှာ။ မုံးအောင်လက်မှတ်ရယ်၊ ကျောင်းထွက်လက်မှတ်ရယ် ယူရဦးမှာလေ"

"နင်က ဘာဖြစ်လို့ လိုက်မသွားရတာလဲ"

သူမ အနည်းငယ်မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် ငိုင်တွေသွားပါသည်။

"မုံးက ကျန်းမာရေးသိပ်မကောင်းဘူး။ ခရီးပန်းမှာစိုးလို့ မေမေက မခေါ်တာ။ မုံးကလိုက်ချင်တာပေါ့။ ပုသိမ်မှာ မုံးသူငယ်ချင်းတွေ အများကြီးကျန်ရစ်ခဲ့ကြတယ်"

သူမသည် သူငယ်ချင်းတွေကို ချက်ချင်းသတိရသွားပုံရသည်။ သူမ သူငယ်ချင်းတွေဆိုတာ ယောက်ျားလေးတွေလား၊ မိန်းကလေးတွေလား ကျွန်တော် သိချင်နေသည်။ ကျွန်တော့်ရင်ထဲတွင် ကောင်မလေးဆီမှာ ယောက်ျားလေး သူငယ်ချင်းတွေ မရှိစေချင်သောဆန္ဒသည် ရုတ်တရက်ရှန်းကြွသွားခဲ့သည်။ အဘယ်ကြောင့် ထိုခံစားချက် ပေါ်လာရသည်ကို ကျွန်တော် နားမလည်ခဲ့။

"ဘယ်သူတွေလဲဟင်"

"မော်မော်လွင်ရယ်၊ သိန်းသိန်းဆွေရယ်၊ ကေသီရယ်။ သူတို့နဲ့ မုံးနဲ့က သိပ်ခင်ကြတာ။ မုံး ရန်ကုန်ကိုပြောင်းတော့ သူတို့တစ်တွေ သင်္ဘောဆိပ်ထိ လိုက်ပို့ကြတယ်လေ။ သင်္ဘောထွက်ပြီး မျက်စိကပျောက်သွားမှ ပြန်သွားကြတာ။ မုံးလေ ငိုလိုက်ရတာ"

ကောင်မလေးမျက်နှာမှာ အပြုံးကကွယ်ပျောက်လျက်ရှိသည်။ မျက်ဝန်းလှလှကလေးများသည် ချက်ချင်းမှုန်မှိုင်းအေးစက်သွားသည်။ ငိုတော့မည့်ဟန်ဖြစ်နေသဖြင့် ကျွန်တော် ဆက်မမေးရဲတော့ပေ။ ဒါပေမဲ့ ကျွန်တော်ကျေနပ်ပါသည်။ ကောင်မလေးရွတ်ပြသည့် နာမည်တွေထဲတွင် ယောက်ျားလေးတစ်ယောက်၏ နာမည် မပါဘူးမဟုတ်လား။ ထို့အတွက် တနင်္လာနေ့ကို ကျွန်တော် ကျေးဇူးတင်ရပါသည်။

"ဒါနဲ့ နေပါဦး။ နင် စောစောက စကားပြောပြောနေတဲ့အထဲမှ မုန်းဆိုတာ နင့်နာမည်နော်။ နာမည်ကြီးကလည်း မုန်း .. တဲ့။ ဟင်း ..."

ကောင်မလေး၏ နာမည်ကို ကျွန်တော် သိပ်ဘဝင်မကျမိပါ။ ဒါပေမဲ့ လက် ခနဲပြုံးလိုက်သောအခါ ကောင်မလေး၏ သွားတက်ဖြူဖြူ အစွယ်ကလေးနှင့် ချောင်းသည် နှုတ်ခမ်းထောင့်စွန်း တ ဖက်တစ်ချက်စီတွင် ပေါ်လာသည်။ ပါး ချိုင့်နက်နက်ကလေးတွေက ထုံးစံအတိုင်း ပဲပေါ့။

"ဟုတ်တယ်လေ။ မုံးနာမည် မုံး ပေါ့"

ကျွန်တော် မျက်မှောင်ကြုတ်လိုက် မိသည်။ နှုတ်ခမ်းတစ်ချက် တွန့်လိုက် သေးသည်။ ကောင်မလေးက သူ့နာမည် ကို ကျွန်တော် မနှစ်သက်မှန်း သ ပေါက်သွားပုံရပါသည်။

"ဘာလဲ .. မုံးနာမည်ကို မကြိုက် လို့လားဟင်"

www.burmeseclassic.com

ကျွန်တော် ခေါင်းခါလိုက်ပါသည်။ ထိုအခါမှ ကောင်မလေး ခစ်ခနဲတစ်ချက် ရယ်လေသည်။ သူမ၏ရယ်သံလွင်လွင်ကလေးသည် ကလေးငယ်တစ်ယောက်၏ ရယ်သံလို ဖြူစင်လှပြီး ချစ်စရာကောင်းပါသည်။ ရယ်သံကို ခွဲခြမ်းစိတ်ဖြာနေရ၍ သူမ ဘာဆက်ပြောလိုက်သည်ကိုပင် သတိမထားမိပါ။

"မုံးပြောတာကြားလား။ သေသေချာချာ နားထောင်မှပေါ့"

"ဘာလဲဟင်"

"မုံးဆိုတဲ့နာမည်ကို ပြောတာလေ။ မုံးဆိုတဲ့နာမည်က ဖေဖေမှည့်ထားတာလေ"

ကျွန်တော် ငြိမ်သက်တွေဝေရင်း-

"မုန်းဆိုမှတော့ ...မကောင်းတဲ့ အဓိပ္ပာယ်ပဲပေါ့။ ပြီးတော့ အမုန်းတရား။ ဘယ်လိုလုပ် ကောင်းတော့မှာလဲ"

ကောင်မလေးက ...လူကြီးတစ်ယောက်၏ ဟန်ပန်အပြည့်နှင့် ...

"မုံးနာမည် မုံးဆိုတာ ဟို ... လူတွေထင်ကြသလို မုန်းတီးရွံရှာတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူးလေ။ မ,သေးသေးတင် တစ်ချောင်းငင်၊ ဝစ္စပေါက် မုံးလေ။ အဓိပ္ပာယ်ကတစ်ခြားစီပါနော်။ ဖေဖေကမှည့်ထားတာလေ။ ဖေဖေက စာတွေသိပ်ဖတ်တာ။ သူဖတ်တဲ့ ဝတ္ထုတစ်ပုဒ်ထဲက 'မုံး'ဆိုတဲ့ စာလုံးကိုတွေ့ပြီး နာမည်မှည့်ထားတာပါ"

ကောင်မလေးကို ထူးဆန်းစွာငေးကြည့်နေမိသည်။ ကောင်မလေးရဲ့ဖေဖေက သိပ်စိတ်ကူးယဉ်တာပဲဟု မှတ်ချက်ပြုမိသွားသည်။

"ရှင်းပြပေလေ ..ငါသိချင်တယ်"

သူမသည် နှုတ်ခမ်းလှလှလေးကို လျှာဖြင့် သပ်လိုက်သည်။

"ဖေဖေ ဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ်ထဲမှာ 'ရှင်မှသော်တာ၊ လစန္ဒာ့ သိ [illegible] နုန်း၊ အင်ဂမုံးသို့၊ နောင့်ဘုန်းသည်၊ အူ၊ မှတ်၍ယူသည်၊ ကြည်ဖြူနောင့်သက်နိုင်သမျှတည်း'ဆိုပြီး ကဗျာတစ်ပုဒ်ပါလာတယ်လေ။ အဲဒီ ကဗျာထဲမှာ သခင်တနွန်း၊ အင်ဂမုံးဆိုတာကို ဖေဖေကယူပြီး မှည့်ထားတာ သိပြီလား"

"သိပါပြီ ..သိပါပြီ"

ကျွန်တော် ငြိမ်သက်နားထောင်ရင်း အလျှော့ပေးလိုက်သည်။ နောင်တွင် ကျွန်တော်နှင့် သူမသည် ခင်မင်ရင်းနှီးစွာဖြင့် စာမျက်နှာအချို့ကို ဖြတ်သန်းခဲ့လေသည်။ ကျွန်တော်၏ ခြေလှမ်းများသည် စိတ်ကူးစိတ်သန်းများကို တစ်နင့်တစ်ပိုးတင်ဆောင်ကာ ခုံတန်းပြာကလေးဆီသို့ ရံဖန်ရံခါ ဆိုက်ရောက်ခဲ့ရသည်။

• • • • •

သကြန်ရက်များသည် တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ သကြန်၏ အငွေ့အသက်ဖြစ်သော ကက်ဆက်သံ၊ ဆိုင်းသံ၊ ဗုံသံတွေကြားရခြင်း၊ ပိတောက်တွေရင့်ဖူးကာ သကြန်ရက်ကို စောင့်မျှော်ခြင်း၊ နေရောင်ခြည်သည် ပို၍ပူပြင်းခြောက်သွေ့လာခြင်း၊ ကျောင်းကန်ဘုရားများတွင် လူများပိုမိုများပြားလာခြင်းတို့သည် ကျွန်တော့်ရင်ထဲသို့ ဟိန်းဟိန်းဆူဆူ ဝင်ရောက်လာကြတော့သည်။

သကြန်ကျပြီဆိုလျှင် ကျွန်တော်၏ ပထမဦးဆုံး ရည်ရွယ်ချက်မှာ မုံးဆိုသော ကောင်မလေးကို သကြန်ရေဖြင့် ဦးဦးဖျားဖျား ရေလောင်းလိုခြင်းပင်ဖြစ်သည်။ သကြန်ရေ ပထမဦးဆုံး စွတ်စိုသွားသော ကောင်မလေး၏ ခန္ဓာကိုယ်တစ်ချက်တွန့်ခွာသွားပြီး သူမ၏မျက်ဝန်းလှလှကလေးဖြင့် ကျွန်တော့်ကို ထိချက်မှန်မှန် ပစ်ခတ်လိုက်ပုံကို ကျွန်တော်ကြည်နူးစွာခံစားလိုခြင်းပင် ဖြစ်သည်။

မနက်ဖြန် သကြန်ကျပေတော့ ညည်း

"မုံးရေ ..သကြန်ကျပြီ [illegible] နော်"

"ဟုတ်တယ်နော်"

ရယ်ဟဟာပြောလိုက်သော မုံး၏ ပါးချိုင့်ခွက်ခွက်ကလေးများသည် မွေးကင်းစ ကလေးငယ်ကလေးတစ်ယောက်၏ ယယ်ထိပ်ကဲ့သို့ လှုပ်စိလှုပ်စိဖြစ်နေသည်မှာ ရင်ခုန်စရာကောင်းပါသည်။

"နင် မနက်အိပ်ရာက ဘယ်အချိန်ထသလဲ မုံး"

မုံး၏ မျက်ဝန်းများက ကျွန်တော့်ဆီသို့ လွင့်လာသည်။

"ဘာလုပ်မလို့လဲဟင်"

"ဖြေလေဟာ။ ငါမေးတာကို"

"မနက်ငါးနာရီ။ ပြော ...ဘာလုပ်မလို့လဲ"

ကျွန်တော် ဟက်ခနဲတစ်ချက်ရယ်လိုက်မိသည်။

"မုံးကို ဒီသကြန်မှာ ပထမဆုံး ရေလောင်းသူ ဖြစ်ချင်လို့"

မုံး၏ နှုတ်ခမ်းကလေးများ လှပစွာ တစ်ချက်တွန့်သွားသည်။

"အရင်နှစ်တွေကလည်း ကောင်မလေးတစ်ယောက်ကို ဒီလိုပဲ ဦးဦးဖျားဖျား ရေလောင်းဖို့ ကြိုးစားတာပဲ မဟုတ်လား"

ကျွန်တော် နည်းနည်းတော့ ရှက်သွားသည်။ ကျွန်တော် ဘယ်တုန်းကမှ ကောင်မလေးတစ်ယောက်ကိုမှ ရေလောင်းဖို့ မကြိုးစားခဲ့ဖူးပေ။ (မုံးကအစ လို့ပေါ့)

"မဟုတ်ဘူး။ ဘယ်သူ့ကိုမှ ရေလောင်းဖို့ မကြိုးစားခဲ့ဘူး ...ယုံပါ"

မုံး၏ မျက်ဝန်းကလေးများသည် တစ်နေရာကို စူးစိုက်သွားသည်။

"မုံးကို ဘာဖြစ်လို့ ဦးဦးဖျားဖျား လောင်းချင်ရတာလဲ"

သည့်မေးခွန်းကိုတော့ ရိုးမှုင်းစွာ ကျွန်တော် ဖြေနိုင်ပါသည်။

"မိန်းကလေးတွေထဲမှာ မုံးကို [illegible]"

"တကယ်ပြောတာနော်"

www.burmeseclassic.com

www.burmeseclassic.com

သူမ၏တစ်ကိုယ်လုံးတွင် ပျော်ရွှင်မှုမှန်သမျှ ပူးကပ်သွားကြောင်း ကျွန်တော် ခံစားလိုက်ရသည်။

"တကယ်ပါ ..မလိမ်ပါဘူး"

ဒါပေမဲ့ သူမမျက်နှာ ချက်ချင်း ညှိုးသွားခဲ့သည်။

မုံးကို ရေလောင်းချင်တယ်ဆိုရင် စောစောလာခဲ့လေ။ မနက် (၆)နာရီ လောက်ပေါ့။ စောင့်နေပါ့မယ်။ ပြီးမှ ဖေဖေနဲ့ ဈေးသွားမယ်။ ဒါပေမဲ့ မုံးကလိုက် ချင်မှလိုက်ရမှာပါ။ ဖေဖေ့ကို ဒီကပဲစောင့် နေရမယ်ထင်တယ်။ မုံးက ရေသိပ်အစိုခံ လို့မရဘူးလေ။ ကျန်းမာရေးမကောင်းဘူး။ ရေသိပ်စိုရင် တစ်ခုခုဖြစ်ကရော"

"ဟုတ်လား။ အင်း ..မနက်(၆) နာရီနော်။ ဩော် ..လက်ထဲက ဘာ အထုပ်လဲ မုံး"

"သစ်ကြားသီး"

"ဘာလုပ်ဖို့လဲ"

မုံး တစ်ချက်ရယ်မောလိုက်သည်။ မုံးကို ကြည့်ရသည်မှာ ရွှင်ပျနေပုံရသည်။

"စားဖို့လေ။ ဖေဖေ့သူငယ်ချင်း တစ်ယောက်က ရှမ်းပြည်ကလက်ဆောင် ပေးလိုက်တာ။ ခွဲရမှာရှုပ်လို့ ကိုင်ထား တာ"

"မုံးစားချင်ရင် ငါခွဲပေးမယ်လေ"

မုံး ခေါင်းတစ်ချက် ညိတ်သည်။

"တကယ်လား။ မုံးက သိပ်မခွဲ တတ်ဘူး။ အခွံကမာတော့ ပိုဆိုးတာပေါ့။ တစ်ခါတုန်းက သူငယ်ချင်းတွေနဲ့ ဗာဒံ သီးခွဲတာ လက်ကို တူထုမိသွားထဲက ကြောက်သွားတာပဲ"

ကျွန်တော် ခုံတန်းရှည်ပေါ်မှလျှော ဆင်းလိုက်သည်။ သစ်ကြားသီး ခွဲတာ လောက်ကတော့ ပျင်းပါသည်။ အုတ်ခဲ တစ်လုံးရှိလျှင် ဖြစ်သည်မဟုတ်လား။ အုတ်ခဲတစ်လုံးရှာကာ သစ်ကြားသီးများ ကို ခွဲပေးလိုက်ပါသည်။

ထုခွဲပေးသမျှ သစ်ကြားသီးများကို ကြွေရွရွ စားသောက်နေသော သူမ၏ နှုတ်ခမ်းရဲရဲကလေးများသည် ရှဉ့်ကလေး နှင့် တူပါသည်။ နှုတ်ခမ်းကလေး လှုပ်စိ လှုပ်စိ၊ သွားတက်စွယ်ကလေးများနှင့် ရှေ့သွားနှစ်ချောင်းသည် အမြီးပွပွ ရှဉ့် ငပေါကလေးတွေ၏ သွားအတိုင်း ဖြစ်ပါ သည်။

• • • • •

ကျွန်တော်ညက ကာတွန်းစာအုပ် အဖတ်ကောင်းသဖြင့် အိပ်ရာထ နောက် ကျသွားပါသည်။ မုံးကို ရေလောင်းရမည် ဟူသောအသိကြောင့် လန့်ဖျပ်ကာ အိပ် ရာမှ ကပျာကယာထ၊ မျက်နှာသစ်၊ အဝတ်အစားလဲကာ ရေပုံးဆွဲပြီး အိမ်ရှေ့ သို့ ထွက်လာသည်။

မုံးကို ခုံတန်းလျားတွင် ထိုင်လျက် သား အဆင်သင့်တွေ့လိုက်ရသည်။ ဒါ ပေမဲ့ မုံးတစ်ကိုယ်လုံးမှာ သင်္ကြန်ရေဖြင့် စိုရွှဲနေပေပြီ။ မုံးကို တစ်ယောက်ယောက် ရေလောင်းသွားပြီပေါ့။ ကျွန်တော် စိတ် မာတ်ကျသွားသည်။

"မုံး ရေတွေရွှဲလို့ပါလား"

မုံး၏မျက်နှာသည် အလိုမကျဟန် ဖြင့် သုန်မှုန်လျက်ရှိသည်။

"ခြောက်နာရီထဲက ထိုင်စောင့်နေ တာ။ ကိုယ်လာတဲ့အချိန်ကိုလည်းကြည့် ဦး။ ဟိုလမ်းထိပ်ကကောင်တွေ အတင်း ဝင်လောင်းသွားကြတာ။ မုံးက နေ မကောင်းဘူးပြောတာတောင် မရဘူး။ ချမ်းလိုက်တာ ...ဒီမှာကြာလှပြီ"

အမှန်ပင် သူမ၏ ခန္ဓာကိုယ် ကလေးမှာ တုန်ခိုက်နေပေသည်။ နှုတ် ခမ်းကလေးတွေပင် ညိုရောင်သမ်းနေ ကြသည်။ သင်္ကြန်ရေဦးဦးဖျားဖျားလောင်း ချင်သော ကျွန်တော် ဘာများတတ်နိုင် တော့ပါမည်နည်း။ ဒါပေမဲ့ တုန်ခိုက်နေ သော သူမ၏ ကိုယ်ကလေးကိုကြည့်ပြီး ရေမလောင်းဖြစ်တော့ပါ။ ရေလောင်းချင် သောစိတ်လည်း ကုန်ခန်းသွားသည်ဟု ဝန်ခံလိုပါသည်။ ဒါပေမဲ့ သူမက အတင်း အကြပ်လောင်းခိုင်းသဖြင့် စတိသဘော နည်းနည်းတော့ လောင်းခဲ့ရပါသည်။ တုန်ခိုက်နေသောကောင်မလေးကို သနား သွားသည်။

ထိုနေ့က သူမ အိမ်ပေါ်ပြန်တက် သွားပြီး ပြန်ဆင်းမလာတော့ပါ။ အကျနေ့ ညနေမှ ကျွန်တော်သိရသည်။ သူမဖျား နေကြောင်း သတင်းပင်ဖြစ်သည်။

သည်လိုနှင့် ထိုနှစ်သင်္ကြန်သည် ကျွန်တော့်အတွက် အဓိပ္ပာယ်ပေါ့ရွှတ်ရွှတ် ဖြစ်ခဲ့ရပါသည်။ ကျွန်တော်နှင့် မုန်းတို့၏ ခင်မင်မှုသည် သင်္ကြန်ရေစိုစွတ်မှုနှင့်အတူ ဖြူစင်သော သံယောဇဉ်စာမျက်နှာများ ပေါ်မှာ တစ်ရွက်ချင်းပင် ရက်စွဲပေါင်း မြောက်မြားစွာကို ဖြတ်သန်းခဲ့ကြသည်။

• • • • •

ကျွန်တော် ဆယ်တန်းရောက် တော့ မုံးက ကိုးတန်း။ အတန်းကြီးလာ တော့ ကျွန်တော် အပေါင်းအသင်းစုံလာ သည်။ ဆေးလိပ်သောက်တတ်သော၊ ကွမ်းစားတတ်သော အပေါင်းအသင်းများ နှင့် ပေါင်းမိကာ ရင်ခုန်လှိုက်မော ယစ်မူး ဖွယ်ကောင်းသော စိတ်ကူးဆန်းဆန်းပြား ပြားတွေလည်း ပေါ်ပေါက်လာခဲ့သည်။ ကျွန်တော့်အဖို့ လောကတစ်ခုလုံး လွတ် လပ်လှသည်။ အတန်းထဲတွင် ကျောင်း စာတော်သဖြင့် ဖေဖေနှင့် မေမေက စိတ် ချလက်ချ လွှတ်ပေးထားတာလည်း ဖြစ် နိုင်သည်။

ဆယ်တန်း ဖြေဆိုပြီးသောအခါ ကျွန်တော် ရည်းစားလေးငါးယောက်ခန့် ထားပြီးပြီ။ နောက်ထပ် ချိတ်မည်ဆိုလျှင် ကောင်မလေးတွေ အဆင်သင့်ရှိနေသော သည်။

တစ်ခု ထူးဆန်းသည်မှာ ကျွန် တော်နှင့် မုံးတို့၏ စိတ်ပင်ဖြစ်သည်။ ကျွန်တော်က ကောင်မလေးတစ်ယောက် နှင့် တွဲသွားတွဲလာလုပ်စဉ် မုံးနှင့် ရံခါ လမ်းမပေါ်တွင် တွေ့ရတတ်သည်။

www.burmeseclassic.com

ထိုအခါ မုံး၏ နှုတ်ခမ်းလှလှကလေးများသည် ပထမဦးဆုံးအကြိမ် သူမနှင့် ကျွန်တော် ခုံတန်းလျားပေါ်တွင် ဆုံစဉ်က အပြုံးမျိုးကို ပြုံးပြတတ်သည်။ ထိုအခါ ကျွန်တော့်ရင်ထဲတွင် မုံးနှင့်ကျွန်တော်သည် တစ်ကမ္ဘာခြားသကဲ့သို့ ခံစားခဲ့ရသော စိတ်ပင်ဖြစ်သည်။

မုံး၏အပြုံးကို ကျွန်တော် ကြောက်လန့်လှပါသည်။ ထိုအပြုံးကို ကျွန်တော် အဓိပ္ပာယ်မဖွင့်ဆိုရဲပါ။ မဖွင့်တတ်ပါ။ မုံး၏အပြုံးသည် ပရိယာယ်ဝေဝုစ်နှင့် ပြည့်နှက်နေလိမ့်မည်ဟု ထင်ပါသည်။ ထိုအခါမျိုးတွင် ကျွန်တော်၏ အသိတရားသည် အဓိပ္ပာယ်တွေပြားမှုများဖြင့် သံသယဝင်နေခဲ့သည်။

• • • • •

စတုတ္ထမြောက်သကြိန်တိုင်ခဲ့ပြီ။ ထုံးစံအတိုင်း ပိတောက်ရနံ့နှင့်အတူ သကြိန်တေးသံတွေ ညံလာကြပြန်သည်။ ကျွန်တော်က UFL နိုင်ငံခြားဘာသာ သိပ္ပံသို့ တက်ရောက်သင်ကြားနေပြီး မုံးကတော့ စီးပွားရေးတက္ကသိုလ် ပထမနှစ် တက်ရောက်သွားပြီဖြစ်သည်။ ကျွန်တော်ကတော့ ဂျပန်ဘာသာရပ်ယူသည်။

ထိုအချိန်တွင် ကျွန်တော်သည် ကျောင်းစာတစ်ဖက်နှင့် ခြေလည်းတော်တော်ငြိမ်သွားပြီဖြစ်သည်။ ချစ်သူနှင့် ပတ်သက်၍ အတွေးအခေါ်တွေလည်း လေးနက်လာပြီဟု ခံစားမိစပြုလာသည်။ ကျွန်တော်ကလည်း အမှန်တကယ် ချစ်မြတ်နိုးသော၊ ကျွန်တော့်ကိုလည်း ချစ်မြတ်နိုးသော ချစ်သူတစ်ယောက်ယောက်တော့ ရှိသင့်ပြီဟု ယူဆနေသော အချိန်ဖြစ်သည်။ မိန်းမတွေဆိုသည်မှာ မိမိထင်မြင်ယူဆသလောက် ချစ်စရာကောင်းမှန်းသိပေမဲ့ မုံးနှင့် ယှဉ်လိုက်လျှင် ရယ်ရွှင်ဖွယ် ဟာသတစ်ပုဒ် ဖြစ်သွားရသည်။

အမှန်တကယ် ကျွန်တော် ချစ်မြတ်နိုးရသောသူမှာ မုံးတစ်ယောက်သာ ဖြစ်သည်ဟူသော အသိသည် ကျွန်တော့်ရင်ထဲတွင် ငုပ်လျှိုးနေသည်မှာ ကြာပြီမဟုတ်လား။ ထိုအချိန်တွင် မုံး၏နောက်သို့ ယောက်ျားလေးပေါင်း မြောက်မြားစွာ ချစ်ခွင့်ပန်ဖို့ ကြိုးစားနေကြမှန်း သိနေရပေပြီ။ ကျွန်တော့်ရင်ထဲတွင် အသိတရားတစ်ခုသည် နှစ်ယောက်ကြားရှိ ခင်မင်မှုတံတိုင်းကို မဖြစ်မနေ ကျော်ဖြတ်ရတော့မည်ဖြစ်သည်။ ကျွန်တော်၏ ချစ်ခွင့်ပန်မှုကို မုံးတစ်ယောက် လိုက်လျောကြည်ဖြူလိမ့်မည်ဟု ယူဆပြီးဖြစ်သည်။

ထိုအယူအဆသည် တကယ်တမ်း မုံးနှင့် တွေ့သောအခါ တက်တက်စင်အောင် အလွဲကြီး လွဲခဲ့လေသည်တကား။

• • • • •

"မုံးရယ် ... နင့်ကိုငါ ချစ်နေတယ်ဆိုတာ နင်သိပါတယ်။ နင့်ကို သိပ်ချစ်တာပဲ မုံးရယ်။ သိလား .. တကယ်ပါ"

သူမ၏မျက်နှာတွင် လက်ခနဲပြုံးလိုက်သောအပြုံးကို မြင်လိုက်ရပါသည်။ ထိုအပြုံးကြောင့်ပင် ကျွန်တော့်ရင်ခုန်သံတွေ မြန်ဆန်သွားရသည်။ ထိုအပြုံးကို အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းခဲ့သော ကျွန်တော်၏ အဖြစ်အပျက်သည် ရယ်ရွှင်ဖွယ် ကောင်းလှပါသည်။

"ဩော်"

ကျွန်တော်ချစ်သော ပိုးဟပ်ဖြူကလေး၏နှုတ်မှ အာမေဋိတ်သံသည် အထူးပြုလုပ်ချက်များဖြင့် တည်ဆောက်ထားကြောင်း ခံစားနေမိသည်။ မုံး၏ မျက်နှာတွင် အောင့်အည်းမျိုသိပ်မှုတစ်ခု ရှိနေသည်။ ကျွန်တော် သူမ၏ မျက်နှာဝါဝါကလေးကို ငေးကြည့်နေသည်။

"မုံးကိုချစ်တယ် ဟုတ်လား"

"ဟုတ်ပါတယ် မုံး"

မုံး၏အသံသည် ခြောက်သွေ့တိုးတိတ်လျက်ရှိသည်။

"မုံးကိုချစ်တယ်ပြောဖို့ ဘယ်နှစ်ရက် စဉ်းစားခဲ့သလဲ၊ တစ်ရက်လား တစ်လလား ဒါမှမဟုတ် စောစောကတင်လား"

ဘယ်တော့မှ ကြားရလိမ့်မည်ဟု မထင်ခဲ့သော မုံး၏ခနဲ့တဲ့တဲ့အသံသည် ကျွန်တော့်ရင်ဘတ်ထဲသို့ စိုက်ဝင်သွားသည်။ အနည်းငယ် အေးစိမ့်တတ်သော နွေမနက်ခင်းထဲမှာပင် ကျွန်တော်၏ ခန္ဓာကိုယ်ထဲရှိသွေးများ ဆူပွက်သွားခဲ့ရ၏။ မုံး၏မျက်ဝန်းပြာထဲတွင် စိမ်းလန်းသော ရှုခင်းကို မြင်နေရပြီ။ ကျွန်တော် ဟန်ဆောင်ထိန်းချုပ်မရအောင် တုန်လှုပ်သွားမိသည်။ ကျွန်တော့်ရင်ထဲတွင် လွန်ခဲ့သည့် လေးနှစ်ခန့်က သကြိန်ရက်တစ်ရက်၏ မနက်ခင်းသည် ဖျတ်ခနဲ လွင့်ဝဲလာသည်။ ရေစို၍ တုန်ခိုက်နေသောမုံး၏ နှုတ်ခမ်းများ။

မုံး၏ မျက်ဝန်းနက်နက်ကလေးများသည် စူးစိုက်မှုအာရုံတစ်ခုဖြင့် ရုတ်တရက်မှေးစက်သွားသည်။

"မုံးလိုချင်တဲ့ ... ယောက်ျားတစ်ယောက်ရဲ့အချစ်ဆိုတာ ဒါမျိုးမဟုတ်ဘူး ကိုဒေဝါစိုး။ ကိုဒေဝါစိုးရဲ့ အချစ်ကို မုံး ဘယ်လိုယုံရမှာလဲ။ အချစ်ခံရတဲ့ မုံးအဖို့ တစ်ရက်ခံအချစ်လား၊ တစ်လခံအချစ်လား ရင်တထိတ်ထိတ်နဲ့ ဘယ်နေ့ကမှာ ပျက်မလဲလို့ စောင့်မျှော်နေရမယ့်အချစ်လား။ ယောက်ျားလေးတွေရဲ့ အချစ်ကို ဘယ်လိုယုံကြည်ရမှာလဲ။ မုံးလိုချင်တာ အဲဒီလိုအချစ်မျိုးမဟုတ်ဘူး"

ကျွန်တော်တို့နှစ်ယောက်ကြားတွင် ကမ္ဘာလေထု မရှိတော့ချေ။

"ငါ ဘယ်လောက်ပဲ ရည်းစားများခဲ့များခဲ့ မုံးတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ။ အဲဒါကို ယုံကြည်အောင် ဘယ်လိုမှ မရှင်းပြတတ်တော့ဘူး"

မုံး၏ မျက်ဝန်းများသည် ချက်ချင်း မှုန်မှိုင်းအေးစက်သွားလေသည်။ အေးမြသော လေထုသည် ချက်ချင်းပူလောင်သွားကာ ဖူးငုံစ ပိတောက်ပွင့်တွေက



www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်စွာ ကြေကွဲနေကြပေလိမ့်မည်။ ပိတောက်ပင်ကြီးကတော့ မျှော်သိပ်မှုများဖြင့် ငေးငြိမ်နေလေရဲ့။

"ကိုဒေဝါစိုးကို တစ်ဘဝစာ ဒီမှာပင် အဖြေပေးလိုက်မယ်။ အချစ်စစ် အချစ်မှန်ဆိုတာ လိုချင်တိုင်းလည်းမရပါဘူး။ ကိုယ်ပေးချင်တိုင်းလည်း သူကမယူပါဘူး။ မုံ ကိုဒေဝါစိုးကို မချစ်ဘူး။ ဘယ်တော့မှ မချစ်ဘူး။ အဲဒါ တစ်သက်စာအဖြေပဲ။ ဒီအဖြေကို ပေးရတာ မုံမှာ ချစ်သူရှိလို့ မထင်ပါနဲ့။ မုံဘယ်သူ့ကိုမှ မချစ်ဘူး။ အင်း ... တစ်ခုတော့ ဝန်ခံချင်ပါတယ်။ အားလုံးထဲမှာတော့ ကိုဒေဝါစိုးကို သံယောဇဉ်ရှိတယ်။ ဒါနောက်ဆုံးအဖြေပဲ"

မုံစကားဆုံးတော့ ကျွန်တော့်မျက်နှာသည် ရေခန်းသွားသော ဘင်္ဂလာအိုးလို အူဝေပြီး ကျန်ရစ်ခဲ့သည်။

● ● ● ● ●

ကျွန်တော်တို့ ခြံရှေ့ရှိ ပိတောက်ပင်အိုကြီးသည် အိုကြီးအိုမနှင့် ပိတောက်ပွင့်တွေကို ဆယ်ကြိမ်တိတိ မွှေးဖွားပေးခဲ့ပေပြီ။

ယခုအချိန်မှာ မုံတို့ ရန်ကုန်မှာ မရှိကြတော့ပေ။ ကျွန်တော် နိုင်ငံခြားဘာသာသိပ္ပံ နောက်ဆုံးနှစ်ကျောင်းသားဘဝကပင် တောင်ကြီးမြို့သို့ ပြောင်းရွှေ့သွားခဲ့သည်။ မုံတို့ဖေဖေသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ လုပ်ငန်းသဘောတရားအရ သည်လိုပဲ မကြာခဏပြောင်းရွှေ့ရသည်ဟု မုံက ပြောပြဖူးခဲ့သည်။

သည်လိုနှင့် မုံနှင့်ကျွန်တော်သည် ဘာမှန်းမသိသော ဝေဝါးမှုတစ်ခုဖြင့် ဝေးကွာသွားခဲ့သည်။ မုံ၏မေတ္တာတုံ့ပြန်မှုကိုမရသော ကျွန်တော်သည် သူမကို အရှုံးတိုက်သည့်အနေဖြင့် ရည်းစားတွေ ထည်လဲတွဲပြခဲ့ပြန်သည်။ မုံ၏ ဆုံးဖြတ်ချက်တစ်ခုက ကျွန်တော်၏ဘဝတချို့ကို အကင်းမသေစေခဲ့တာ အမှန်ပင်ဖြစ်သည်။ ဒါပေမဲ့ မုံကို ချစ်မြတ်နိုးသော စိတ်ကတော့ ရင်ထဲမှာ ရှင်သန်လျက်ရှိကြောင်း ဝန်ခံချင်ပါသည်။

ဘဝတစ်ဆစ်ချိုးကွေ့ကို ကျော်လွန်ခဲ့ပြီဖြစ်သည်။

ပြည်တွင်းခရီးသွားလာရေး အေဂျင်စီတစ်ခုတွင် မန်နေဂျာရာထူးဖြင့် အလုပ်ဝင်ခဲ့သော ကျွန်တော်သည် ဧည့်လမ်းညွှန် လူငယ်နှစ်ဦး၊ နိုင်ငံခြားသား ဧည့်သည်အချို့နှင့်အတူ ရွှေတိဂုံဘုရားသို့ ရောက်ခဲ့သည်။ ဂျပန်ဧည့်သည်အချို့ကို ဘုရားနှင့်ပတ်သက်သမျှ ရှင်းလင်းပြောကြားရန် ကျွန်တော်ပါ လိုက်ပါလာခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် အရှေ့မုခ်ဦးဝ တန်ဆောင်းတစ်ခုတွင် အေးအေးလူလူ စောင့်ဆိုင်းကျန်ရစ်ခဲ့ခြင်း ဖြစ်ပါသည်။ ဧည့်သည်အဖွဲ့ မိနစ်ပေါင်းများစွာ ကြည့်ရှုလေ့လာရန် လမ်းညွှန်လူငယ်နှစ်ဦးနှင့် ထွက်ခွာသွားပြီ ဖြစ်ပေသည်။

ကျွန်တော် အရိပ်ကောင်းရာနေရာ တစ်ခုရွေးပြီး ထိုင်နေမိသည်။ ဟိုဝေးဝေး အရံစေတီတစ်ဆူဆီမှ ညောင်ရွက်ခတ်သံ၊ ဆည်းလည်းသံ တချွင်ချွင်က မြည်လျက်ရှိသည်။ နွေလယ်နေ၏ ဖြူဝင်းလက်ပနေသည့် နေရောင်ခြည်ကြားတွင် ဆည်းလည်းသံက ငြိမ်းချမ်းမှုပီတိကို ဖြစ်စေသည်။ တိုက်ခတ်လာသော လေညင်းပင် ချက်ချင်းအေးမြနေသယောင် ခံစားရသည်။

ထိုစဉ် ကျွန်တော့်ရှေ့ တူရူမြင်ကွင်းထဲသို့ ဖျတ်ခနဲတိုးဝင်လာသည့် သဏ္ဌာန်က အမျိုးသမီးတစ်ယောက်နှင့် ကလေးငယ်တစ်ဦး။

ကလေးငယ်သည် ဂျင်းဘောင်းဘီ အပြာရင့်ရင့်၊ စပို့ရှပ်အဝါကြားကလေးကို ဝတ်ဆင်ထားပြီး ဖြူဖွေးသောအသားအရေ ခပ်ပျော့ပျော့ဆံပင်များက ချစ်စဖွယ်အတိဖြစ်သည်။ ပါးနှစ်ဖက်သည် ရဲနေပြီး မျက်လုံးများက ဝိုင်းစက်တောက်ပနေသည်။ မည်သူမဆို မြင်မိသူသည် ကလေးငယ်ကို မချစ်ခင်ဘဲ မနေနိုင်သော ရုပ်ရည်မျိုးကလေးပင်။

ကလေးငယ်သည် ... ယောက်ျား ကလေးတစ်ယောက်ဖြစ်ပြီး လေးနှစ်ခန့် ရှိမည် ထင်သည်။ ကလေးငယ်၏ မျက် ဝန်းမျက်နှာကို ကြည့်လိုက်ရတော့ ကျွန် တော့်အသိဉာဏ်သည် တစ်စုံတစ်ခုကို သွား၍ သတိရလိုက်ပြီး ရင်ထဲမှာ ဖျတ် ခနဲ သတိရမိသွားသည်။ မေ့ဖို့ကြိုးစား သော်လည်း ဘယ်လိုမှ မေ့၍မရနိုင်သည့် မိန်းကလေးတစ်ယောက်။ သူနှင့် ပတ် သက်သမျှ ကျွန်တော့်အဖို့ ရင်ခုန်သံဆို သည်မှာ အမြဲလတ်ဆတ်နေမြဲ။

ထိုကလေးငယ်လက်ကို ဆွဲလာ သော အမျိုးသမီးထံသို့ ကျွန်တော်၏ အာရုံကလွင့်သွားသည်။ အာရုံသိမှတ်မှု တစ်ခုသည် ချက်ချင်းရှန်းကြွသွားကာ အတိတ်ဆီသို့ ပျံသန်းသွားလေသည်။ ထို အမျိုးသမီးသည် ကျွန်တော်ကောင်းစွာ သိကျွမ်းနေသည့် အမျိုးသမီးဆိုတာ သေ ချာပြီး သူမကလည်း ကျွန်တော့်ကို လှမ်း ငေးရင်း စူးစိုက်ကြည့်နေခြင်း ဖြစ်သည်။ ကျွန်တော်တို့ တစ်ယောက်နှင့်တစ် ယောက် ရင်းနှီးဖူးကြလိမ့်မည်ထင်သည်။

ကျွန်တော့်ရင်ထဲတွင် ... မဆို လောက် လှုပ်ရှားသွားသည်။

မမပြုံး။ မုံ့မအစ်မ မမပြုံး။

ရုတ်တရက်တော့ သူမဖဝေဖဝ ဖြစ်နေပုံရပါသည်။ ကျွန်တော်နှင့် လက် တစ်ကမ်း အကွာတွင် ရပ်နေသည် ကျွန်တော် ဦးစွာ နှုတ်ဆက်ပြုံးပြလိုက် တော့မှ မှတ်မိသွားပုံရကာ မျက်လုံးဝိုင်း သွားပြီး ...

"ဒေဝါစိုး"

"မမပြုံး မဟုတ်လား"

မမပြုံး၏ မျက်နှာတွင် အပြုံးတ ခုလက်ပသွားလေသည်။

"ဟုတ်တယ် ဒေဝါစိုး။ မမ မင်းတို့ အခု ဘယ်ရောက်နေလဲဟင်

www.burmeseclassic.com

ကျွန်တော်က ယခင်နေထိုင်ခဲ့ဖူးသည့်နေရာ
ကျွန်တော်က ယခင်နေထိုင်မြို့ခြံတွင် ဆက်လက်နေထိုင်ဆဲ ဖြစ်ကြောင်းနှင့် အလုပ်အကိုင်တို့ကိုပါ ဆက်လက် ရှင်းပြလိုက်ပါသည်။ ထို့နောက် ကျွန်တော်သိချင်နေသော မုံး၏အကြောင်းကို မေးဖို့ အသိစိတ်က တွန်းပို့လိုက်ပါသည်။

"ဩော် ...မမပြုံး၊ မုံးကော ဟင်"

ကျွန်တော့်အမေးကြောင့် မမပြုံးသည် ကလေးငယ်ကို တစ်ချက်ငုံ့ကြည့်ကာ ညှိုးငယ်သောမျက်နှာထားဖြင့် ခေါင်းမော့လာပြီးလျှင်

"မုံး ဆုံးသွားပြီ"

"ဗျာ ...မုံး ဆုံးသွားပြီဟုတ်လား"

ကျွန်တော့်ရင်ထဲတွင် မီးတောင်ငယ်တစ်ခု ဝုန်းခနဲ ပေါက်ကွဲသွားသည်။ ထိုခဏ၌ပင် အသက်မဲ့သလို ဖြစ်သွားသည်။ အသက်ရှူရပ်သွားသည်နှင့်အမျှ ဝိညာဉ်လည်း လွင့်စင်သွားလေသလား။

"ဟုတ်တယ် ဒေဝါစိုး။ မုံးဆုံးသွားတာ တစ်နှစ်ရှိပြီ"

ဖြစ်ရလေ မုံးရယ်။ ကျွန်တော် မသိခဲ့ဘူး။ ဘာဆိုဘာမှ မသိခဲ့ရပါဘူး။ မိုးကောင်းကင်ကြီး ပျောက်ဆုံးသွားပြီ။ လေထုသည် တိုက်ခတ်နေရာမှ ပွဲချင်းပြီး သေဆုံးသွား၏။ ကောင်းကင်မှ ရွေ့လျားနေသော မိုးတိမ်တွေပင် အရုပ်ကြိုးပြတ် ပမာ မြေပြင်သို့ ပြိုဆင်းလာသလို ခံစားလိုက်ရသည်။

"သူ ရန်ကုန်က ပြောင်းလာပြီး နှစ်နှစ်လောက်မှာ မိဘသဘောတူတဲ့ လူတစ်ယောက်နဲ့ အိမ်ထောင်ကျသွားခဲ့တယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဖေဖေတို့က ငွေကြေးအဆင်မပြေကြဘူးလေ။ ပြီးတော့ မုံးက ရုပ်ကလေးကသာ ချစ်စရာကောင်းနေတာ၊ ရောဂါကကြီး တယ်။ နှလုံးအဆို့ရှင်ကြီးတာ။ ဒီအချိန်မှာ သူ့ကို အသေအလဲကြိုက်နေတဲ့ လိမ္မော်ခြံတွေပိုင်တဲ့ လူတစ်ယောက်နဲ့ လက်ထပ်လိုက်တယ် ဆိုပါတော့ကွယ်။ ဩော် ...ဒါနဲ့ ကလေးမွေးပြီး သူ့နှလုံးရောဂါကို ကုသခွဲစိတ်ဖို့ အင်္ဂလန်နိုင်ငံမှာ ခွဲစိတ်ဖို့ စီစဉ်ကြိုးစားနေကြတုန်း တောင်ကြီးမှာပဲ ဆုံးသွားတာပါ။ ဒါ မုံးသားလေ။ မမပြုံးပဲ ထိန်းကျောင်းထားရတာ"

ကလေးငယ်က ကျွန်တော့်ကို ဘာမှမသိလေဟန်ဖြင့် ဖြူစင်စွာ မော့ကြည့်ရှာလေသည်။ ကျွန်တော့်ရင်ထဲမှာတော့ ကြေကွဲမှုဖြင့် တိတ်ဆိတ်နေခဲ့ရပါသည်။ ရင်ထဲမှာ အလိုလိုမွန်းကြပ်လာသည်။

"သူ တောင်ကြီးရောက်တော့ မင်းကို သတိရတယ်လို့ အမြဲတမ်း ပြောနေတာပဲ။ ကြာတော့ မမတို့တောင် နားငြီးလာတယ်လေ။ သူ မင်းအပေါ် စကားပြောလိုက်တာ တစ်ခွန်းမှားသွားတယ်တဲ့။ မင်းတို့ တော်တော်ခင်မင်ခဲ့ကြတာပဲနော်။ ဒါပေမဲ့ သူ မင်းအပေါ် သံယောဇဉ်ကြီးလွန်းတယ်ဆိုတာ သက်သေတစ်ခုပြသွားခဲ့တယ်။ အဲဒါတွေ မမပြုံး ဘာမှမသိခဲ့ဘူးကွယ်။ နောက်မှ"

မမပြုံးသည် မျက်ရည်ဝဲလျက်ရှိသည်။ ထို့နောက် ကလေးငယ်ကို တစ်ချက် ငုံ့ကြည့်လိုက်ကာ ...

"သား ...သားနာမည်ဘယ်သူလဲဆိုတာ ဦးဦးကို ပြောပြလိုက်ပါဦးကွယ်။ ဦးဦးက သားမေမေရဲ့ အခင်မင်ဆုံး သူငယ်ချင်းကွဲ့။ ကဲ ..သားနာမည် ပြောပြလိုက်ပါကွယ်"

ကလေးငယ်၏ မျက်နှာတွင် မုံး၏ မျက်ဝန်းများ၊ နှုတ်ခမ်းများ၊ ပါးချိုင့်များကို ကျွန်တော်မြင်နေရပါသည်။ ကလေးငယ်သည် ကျွန်တော့်ကို တစ်ချက်မော့ကြည့်ကာ တစ်ခွန်းချင်း ဖြေလေသည်။

"သားသားနာမည် ဒေ ..ဝါ ..စိုး"

ကျွန်တော့်ရင်ထဲမှာ ရင်ခုန်သံတွေက ဆုန့်စိုင်းသွားသည်။ မမပြုံးကိုကြည့်လိုက်တော့ သူမ၏ မျက်နှာပြင်တွင် မျိုသိပ်မှုတစ်ခုဖြင့် ထင်းကြွပ်နေသည်။ ကျွန်တော်လှမ်းကြည့်လိုက်သော အခိုက်ဝယ် တွေ ထွေပြားနေသည့် မျက်ဝန်းကို သူမ ခံစားနားလည်ပုံရပါသည်။

"မုံးက မင်းကို ဘယ်လောက်ခင် တွယ်သလဲဆိုတာ သူ့သားကို နာမည် မှည့်တာတောင် မင်းနာမည်မှည့်ခဲ့တယ်။ မင်းအပေါ် သူ ..သူ ..ဒါပေမဲ့ မင်းတို့ ကုသိုလ်ကံ နည်းခဲ့ကြတယ်ကွယ်"

မမပြုံး၏စကားသံကို ကျွန်တော် ဆက်၍ မကြားရဲတော့ချေ။ မျက်စိကို စုံမှိတ်ထားမိသည်။ ထို့နောက် မမပြုံးသည် ကလေးငယ်ကိုလက်ဆွဲကာ ထွက်ခွာသွားသည်။


ခပ်လှမ်းလှမ်း စေတီအရံတစ်ဆူဘေးရှိ နတ်ရုပ်ကြီးက ကျွန်တော့်ကို မှင်တက်ဟန်ဖြင့် ငေးကြည့်လို့။ (ကျွန်တော် ငိုနေတာ သူ့အံ့သြနေပုံပါ။) ကျွန်တော့်နားထဲမှာတော့ ကောင်းကင်ပြာကြီး တဝုန်းဝုန်းပြိုကျသံတွေ ကြားယောင်နေခဲ့သည်။ လေတွေက တဆတ်ဆတ်တုန်ခါကာ သေအံ့မူးမူးဖြစ်နေဆဲ။ ညှောင်ရွက်ခတ်သံ၊ ဆည်းလည်းသံတွေကတော့ မျိုသိပ်မှု၊ စာနာမှုတွေနှင့် မျှော်ငေးရင်း ငေးငြိမ်တိတ်ဆိတ်နေကြလေရဲ့။

တန်ဆောင်းရှေ့ရှိ ဘီလူးကြီးကတော့ အစွယ်ကြီးငေါ၊ မျက်လုံးကြီးပြူးထွက်ကာ ဒေါသမထနိုင်ဘဲ မှင်တက်နေပုံရပါသည်။

ကျွန်တော့်ရင်ထဲမှာတော့ ရင်ခုန်သံတွေပေါ် ဖြတ်လျှောက်သွားခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်းများစွာ သကြြန်အကြိုနေ့ မနက်ခင်းဆီက ရေစိုနေသော ကောင်မလေးတစ်ယောက် ဟိုးဝေးဝေးက လျှောက်လှမ်းလာသည်ကို မြင်နေရပါသည်။

**ဝေလွင်မြင့်မောင်**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စွန့်လွှတ်စွန့်စား
# မီးသတ်သမား

ဘာသာပြန်ဆိုသူ-**သူတော်စိန်**

လေထဲတွင် ပေ ၂၀၀ ကျော် စီးမိုးဝဲပျံနေသည့် ဝန်ချီစက် ကက်ဘ် အိမ်ငယ်ထဲမှ "အီဗာဆင်း"သည် မိမိ အောက်ဘက်ရှိ ဖုလ်တန် ဝါဂွမ်းစက်ရုံ ဟောင်းကို ငုံ့ကြည့်လိုက်သည်။ အတ္တလန္တာမြို့ရှိ အနီရောင်အုတ်ဖြင့် ငါးထပ် အဆောက်အဦကို မြင့်မားသည့် လူနေ အိမ်များအဖြစ် ပြောင်းလဲနေခြင်းဖြစ်သည်။ အတွင်းပိုင်းတွင် ကြီးမားလှသည့် အဆောက်အဦ၏ အထပ်တိုင်းကို သစ်သားကြမ်းခင်းများနှင့် ကွန်ကရစ် တိုင်ကြီးများအဖြစ် ဖြုတ်ချနေပြီး အမိုးပေါ်တွင်မူ အလုပ်သမားများက ကတ္တရာ ပြားများကို ခွာထုတ်နေကြသည်။

ရုတ်တရက် အမိုး၏ တစ်မီတာ ခန့်အပေါက်မှ အဖြူရောင်မီးခိုးတန်း အူထွက်နေသည်ကို 'ဆင်း'တွေ့လိုက် ရသည်။ အလုပ်သမားများက အပေါက် ထဲသို့ ရေပိုက်များ ထိုးထည့်နေသည်ကို တွေ့ရသည်။ အသက် ၄၉ နှစ်ရှိ အတွေ့အကြုံများစွာရှိသူ 'ဆင်း'ကတော့ မတုန် လှုပ်ပါ။ သူ၏ဝေါ်ကီတော်ကီ စကားပြော စက်ကို ခလုတ်နှိပ်လိုက်ပြီး သူ့အထက် လူကြီးဖြစ်သူ ကီ(သ်)အော်လ်မွန်သို့ "အဆောက်အဦအပေါ်ထပ်မှာ မီးလောင် နေသည်"ဟု သတင်းပို့လိုက်သည်။

မိနစ်အနည်းငယ်ကြာသည့်အခါ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ တနင်္လာ နေ့ မွန်းလွဲ ၂ နာရီ ၄၀ မိနစ်ခန့်တွင် မီးသတ်သမား မက်(တ်)မော်ဆလီသည် ကယ်ဆယ်ရေးအဖွဲ့ (၄)မှ အခြားအဖွဲ့ ဝင်များ၊ အင်ဂျင်တပ်ခွဲမှ မီးသတ်သမား များနှင့်အတူ လှေကားမှတစ်ဆင့် စက် ရုံ၏ အထပ်(၄)သို့ ပြေးတက်သွားကြ လေသည်။ ဆီများဝနေသည့် ကြမ်းခင်း ပြင်များတစ်လျှောက် မီးလောင်ကျွမ်းနေ သည်။ လှေကားများနှင့် အားကောင်း သည့် မီးသတ်ပိုက်များ မကြာမီ ရောက် လာတော့မည်။ သို့သော် ကြမ်းခင်း၏ နောက်ဘက်ပိုင်းတွင် မျက်နှာကြက်မှ တစ်ဆင့် မီးစွယ်ထွက်လာသည်ကို 'မော်ဆလီ'တွေ့လိုက်ရသည်။ "ဟော့·· ငါးထပ်ကနေ ပြိုကျလာနေပြီ"။

လှပ်ဖော်ကိုင်ဖက် တစ်ယောက် နှင့်အတူ လှေကားပေါ်သို့ ပြေးတက် သွားရင်း 'မော်ဆလီ'တို့အုပ်စု ငါးထပ်သို့ ရောက်သွားသည့်အခါ တန့်ခနဲဖြစ်သွား ကြသည်။ မည်းမှောင်နေသည့် မီးခိုးလုံး ကြီးက သူတို့ဆီသို့ ပြေးဝင်လာသည်။ မီးခိုးလုံးနောက်တွင် ထက်ကြပ်မကွာ လိုက်လာသည်က ရဲရဲနီသည့် မီးလုံးကြီး။ မီးမှန်တိုင်းကြောင့် အဆောက်အဦ တုန်ခါသွားသဖြင့် သူတို့အားလုံး သူတို့ အားလုံး အောက်ထပ်သို့ ပြေးဆင်းခဲ့ရ လေသည်။

ဝန်ချီစက် မျှော်စင်ပေါ်တွင်မူ ခေါင်မိုးမှ မီးတောက်ထွက်လာသည်ကို 'ဆင်း' တွေ့လိုက်ရပြီး သူ့ရေဒီယိုမှတစ် ဆင့် "အားလုံးထွက်ကြပါ၊ အဆောက် အဦထဲက ထွက်ပေးကြပါ"ဟု တစ်စုံ တစ်ဦး၏ အော်သံကို ကြားလိုက်ရသည်။ 'ဆင်း'၏ လွတ်မြောက်ရာလမ်းကြောင်း မှာ ဝန်ချီစက်၏ သံမဏိတာဝါတိုင်



www.burmeseclassic.com

www.burmeseclassic.com

အတွင်းရှိ လေကားမှတစ်ဆင့် ပြေးဆင်းရန်ဖြစ်သည်။ သူပြေးဆင်းဖို့ ဟန်ပြင်လိုက်သည့်အခါမှာပင် ဝုန်းခနဲ ကျယ်လောင်သော အသံကြားလိုက်ရပြီး ဝန်ချီစက်အောက်ခြေမှ မီးလုံးကြီးထွက်လာသည်ကို မြင်လိုက်ရလေသည်။ မီးတောက်များက လေကားကိုလွှမ်းထားပြီး သူတိုင်နေသည့် ကက်(ဘ်)အိမ်ပြတင်းပေါက်မှ အပူငွေ့က သူ့ကိုလာဟပ်လေသည်။

လွတ်မြောက်လမ်းကို 'ဆင်း'အရူး အမူးရှာကြည့်သည်။ ထိုစဉ်တွင် သူ့ရေဒီယိုမှ 'အော်လမွန်'၏ အသံကို ကြားလိုက်ရသည်။ "အီဗာ…မင်းအဲဒီမှာပဲ စောင့်နေ။ တို့ မင်းဆီကို ဟယ်လီကော်ပတာတစ်စင်း လွှတ်လိုက်မယ်"

"အိုကေ"ဟု 'ဆင်း'က သူ့အသံကို ထိန်းလျက် ပြောလိုက်သည်။

xxxxx

စက်ရုံထဲတွင် လေကားများမှ အပြေးအလွှားဆင်းနေကြသည့် မီးသတ်သမားများ၏ ဘွတ်ဖိနပ်သံများဖြင့် ဆူညံနေသည်။ သစ်သားပြတင်းပေါက်များမှတစ်ဆင့် တိုက်ခတ်လာသည့် အနောက်မြောက်မှ လေပြင်းကြောင့် မီးတောက်သည် ကြမ်းပြင်တစ်ခုမှ တစ်ခုသို့ ကူးစက်လောင်ကျွမ်းနေပြီး လိမ္မော်ရောင် မီးလုံးဝင်းဝင်းကြီးက သူတို့နောက်သို့ လိုက်လာနေသည်ဟု ထင်ရသည်။

မြေကြီးထပ်ရောက်ခါနီးတွင် နံရံသူတို့အကဲ လဲကျလာပြီး [illegible] ကျလာပြီး [illegible]

လိုက်ရသည်။ သံတိုသံစမှန်သမျှသည် ရဲရဲနီလျက် ပြုတ်ကျလာပြီး မည်းမှောင်သည့် မီးခိုးလုံးကြီးက နေ့ကို ညသဖွယ် ပြောင်းပစ်လိုက်သည်။ 'မော်ဆလီ'စိတ်ထဲတွင် သူသေရတော့မှာပဲဟု တွေးထင်လိုက်သည်။ ထိုခဏမှာပင် အပြင်ထွက်သည့် တံခါးပေါက်တစ်ခုကို လှမ်းတွေ့လိုက်ရသည်။ အသက်ကို ပြင်းပြင်းရှူလျက် သူနှင့် သူ့ရဲဘော် မီးသတ်သမားများသည် အပြင်သို့ ပြေးထွက်စဉ်မှာပင် အဆောက်အဦအတွင်းပိုင်းတွင် မီးလောင်ပေါက်ကွဲနေလေပြီ။

မီးစမီးခဲများက ပျံဝဲကာ အနီးအနားရှိ အိမ်ခေါင်မိုးပေါ်သို့ ကျရောက်နေလေသည်။ မော်ဆလီနှင့် အဖွဲ့သည် တစ်အိမ်တက်ဆင်း တစ်ခန်းဝင်တစ်ခန်းထွက် လူများကို ဖယ်ရှားကြရန် သတိပေးလေသည်။ ၁၀ မိနစ်ခန့်ကြာပြီးနောက် လူများကို ကယ်ထုတ်ပြီးသည့်အခါ အဖွဲ့ဝင်တစ်ယောက်က ဝန်ချီစက်ပေါ်သို့ မော့ကြည့်လိုက်သည်။ မီးတောက်များက ဝန်ချီစက်ပေါ်ရှိ အိမ်ငယ်ပေါ်သို့ လှမ်းတက်နေကြသည်။ ထိုစဉ်တွင် လူတစ်ယောက်က ဝန်ချီစက်၏ အလျားလိုက်တန်းပေါ်တွင် ကက်(ဘ်)အိမ်ငယ်မှ တဖြည်းဖြည်း လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။ 'အော်လမွန်'က ဟယ်လီကော်ပတာ ခေါ်ထားသော်လည်း 'မော်ဆလီ'ကမူ ခုထိ ဝန်ချီစက်ပေါ်တွင် ခုထိ လူတစ်ယောက်ရှိနေသည်ကို မသိသေးပေ။

'မော်ဆလီ'က အခြေအနေကို [illegible] 'ဆင်း'ထံသို့ [illegible] လေကားဖြင့်တက်ရန်မှာ လုံးဝမဖြစ်နိုင်

သည်ကို သူသိရှိလိုက်သည်။ တကယ့်ကယ်ဆယ်ရေးမှာ လေကြောင်းမှာသာ ဖြစ်နိုင်ကြောင်း သူတွေ့လိုက်ရသည့်အခါ သူ့ရင်ထဲတွင် 'အဒရီနယ်လင်'က ဆိုတက်လာရာ သူ၏ပါးစပ်များ ခြောက်သွားလေသည်။ ကယ်ဆယ်ရေးဆိုသည်မှာ သူ့ဘဝအတွက် မဆန်းလှ။ သူ ၁၀ နှစ်သားအရွယ်က မုန်တိုင်းရေဆင်းပေါက်ထဲတွင် တစ်နေသည့် ခွေးငယ်တစ်ကောင်ကို ကယ်ဆယ်ခဲ့ရစဉ်က အဖြစ်အပျက်ကို သူ့ခေါင်းထဲတွင် အထင်းသား ပေါ်လာသည်။ 'မော်ဆလီ'သည် မူလက ဆရာဝန်ဖြစ်ရန် ကြံစည်ထားသည်။ သို့သော် သူတက်ခဲ့သည့် ဆေးတက္ကသိုလ်အတန်းမှ မီးသတ်သမားဘဝဖြင့် ကယ်ဆယ်ရေးလုပ်ဖို့ တွန်းပို့လိုက်သကဲ့သို့ ဖြစ်လာသည်။

'မော်ဆလီ'က ပထမအကြိမ် စိန်ခေါ်မှုကို ဆောင်ရွက်စဉ်ကတည်းက စွန့်စားမှုနှင့် အန္တရာယ်က သူ့နှလုံးသားထဲသို့ ဆိုတက်ဝင်ရောက်လာသည်။ "တို့က အကြီးစား မဟာကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် လေ့ကျင့်ထားတာ"၊ "ဖြစ်ပြီဆိုတာနဲ့ တို့ကတော့ ချက်ချင်း ဘယ်တော့မှ လက်မနေဘူး"ဟု သူ့ရဲဘော်များကို ပြောလေ့ရှိသည်။ သူ၏ ယုံကြည်ချက်အပြည့်ပါသည့် စကားလုံးများက သူ့ကို မြင့်မြင့်မားမား လက်တွေ့စမ်းသပ်ရန် ဖန်တီးလာသည်ဟု သိလိုက်ရသည်။

'ဆင်း'သည် သူ့ရှိနေရာ ကက်(ဘ်)အိမ်မှ မီးက တွန်းပို့လိုက်သဖြင့် ဝန်[illegible] [illegible] ထိန်းထားသည့် ၁၅ မီတာ[illegible]

www.burmeseclassic.com

သည့် ကရိန်းဝန်ချီစက်၏ အစွန်အဖျား ကွန်ကရစ်အလေးရှိရာသို့ တဖြည်းဖြည်း လျှောက်သွားနေရသည်။ မီးက ပူလွန်းအားကြီးသဖြင့် သူ၏ ဘွတ်ဖိနပ်အောက်ခြေပြားကို ပူလောင်စေလေသည်။ ဒီလိုဆိုရင် သူရေရှည်မခံနိုင်တော့ကြောင်း သူသိလာသည်။

ကွန်ကရစ်တုံးများသည် အကောင်းဆုံး မီးအပူမှ ကွယ်ရာဖြစ်၍ သူကိုယ်သူ ကွန်ကရစ်တုံးပေါ်သို့တက်ကာ ၎င်းပေါ်တွင် မှောက်ရက်သား ငြိမ်နေလိုက်ရသည်။ "ကရိန်းဝန်ချီစက်က ကြာကြာခံတော့မှာမဟုတ်" ဟု သူရေဒီယိုစကားပြောစက်ထဲသို့ မောဟိုက်စွာ ပြောချလိုက်သည်။

သူခေါင်းကို မော့၍ကြည့်လိုက်ရာ ဟယ်လီကော်ပတာတစ်စင်း ချဉ်းကပ်လာသည်ကို တွေ့ပြီး သူအထက် မီတာ ၂၀ ခန့်တွင် ပျံဝဲကာ ဘေးဘက်သို့ ပျံထွက်သွားသည်။ မကြာမီ တီဗွီနှင့် ရေဒီယိုစခန်းများနှင့် အတ္တလန္တာ ရဲဌာနတို့မှ ဟယ်လီကော်ပတာများသည် ပျံဝဲနေကြသည်။ ဘာကြောင့် ဝိုင်းမလာလဲဟု သူတွေးနေမိသည်။ အမှန်တော့ အန္တရာယ်အလွန်များသည်ကို သူသိပါသည်။ ဟယ်လီကော်ပတာများကို အပူလှိုင်းများက ရိုက်ခတ်သဖြင့် သူနေထိုင်သည့် သူရှိနေသည့် ဝန်ချီစက်၏ လက်တံမှာ လှုပ်ယမ်းနေသည်။ ကွန်ကရစ်အလေးများ၏ အောက်ခြေမှ တာဝါ၏ ထိပ်သို့ ဆိုင်းထားသည့် သံမဏိကေဘယ်ကြိုးသည် ဟယ်လီကော်ပတာ၏ ဘလိပ်ပြားများက နီးကပ်လွန်းသည့်အခါ ပြတ်ထွက်ကုန်နိုင်သည်။

"ဘယ်လောက်ကြာဦးမှာလဲ" ဟု သူ၏စကားပြောစက်ဖြင့် မေးလိုက်သည်။

"တို့ကြိုးစားနေကြပါတယ်" ဟု 'အော်လ်မွန်'က ပြန်ပြောသည်။

ထိုစဉ် 'ဆင်း'၏နောက်ဘက်ဆီမှ ပေါက်ကွဲမှုကြောင့် အရမ်းတုန်လှုပ်သွားသည်။ သူရှိနေခဲ့သည့် ကက်(ဘ်)အိမ်သည် မီးလောင်နေပြီး ပြတင်းပေါက်များသည် ကွဲထွက်ကုန်သည်။ ကက်(ဘ်)အိမ်နှင့် သူရှိနေရာကြား သံမဏိဘောင်များသည် ပြင်းထန်သည့် အပူကြောင့် မည်းနက်လာသည်။

အချိန်က အရမ်းစကားပြောသည်ကို 'မော်ဆလီ'သိပါသည်။ ဤကဲ့သို့သော အပူချိန်သည် ၁၁၀၀ ဒီဂရီခန့် ပြင်းထန်၍ ကရိန်းဝန်ချီစက်ကို ပြိုလဲစေနိုင်သည်။ ပျံဝဲနေသည့် ဟယ်လီကော်ပတာမှ ကြိုးဖြင့်ဆင်း၍ ထိုသူကို လွတ်ရာကျွတ်ရာသို့ ကယ်ယူရမည့် အခြေအနေကို မှန်းဆကြည့်မိသည်။ ၎င်းနောက် သူ၏ထရပ်ကားဆီသို့သွားပြီး သူကိုယ်ပေါ်တွင် ဆိုင်းကြိုးများတပ်ဆင်ကာ သူ၏ ကက်ပတိန်သို့ သတင်းပို့လိုက်သည်။ "ကျွန်တော် စွန့်စားဆောင်ရွက်ဖို့ အသင့်ဖြစ်ပါပြီ"။

မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် အပြာအမည်း ဟယ်လီကော်ပတာတစ်စင်းသည် မီးလောင်သည့်စက်ရုံ၏ အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ မြက်ခင်းစိမ်းစိမ်းရှိသည့် ကုန်းကမူပေါ်သို့ ဆင်းချလိုက်သည်။ နောက်ဘက်တံခါးများ ပွင့်သွားပြီး လေးလံသည့် ကြိုးဆိုင်းကွင်းကို ဟယ်လီကော်ပတာ၏ ဗိုက်အောက်တွင် ချည်နှောင်လိုက်သည်။

ဝင်မှာ ကယ်ဆယ်ရေးပြွန်တောင်းကို အောက်သို့ချပေးလိုက်သည်။

'မော်ဆလီ'က ခေါင်းခါလိုက်ပြီး "ခြင်းတောင်းထဲက အလုပ်မဖြစ်ဘူး။ သူ့အခြေအနေကို ဘာမှမသိရဘူး။ သူကြောက်လန့်ပြီး ခြင်းတောင်းဆီကို ခုန်တက်လို့ လွဲသွားရင် ကိစ္စချောတော့မယ်"

'မော်ဆလီ'က ဆိုင်းကြိုးအပိုတစ်စုံဖြင့် ဟယ်လီကော်ပတာသို့ တက်လိုက်သည်။ "ကျုပ် သူ့ဆီကို ကြိုးနဲ့ဆင်းပြီးတော့ သူ့ကို ဆွဲတင်မယ်" ဟု ဟယ်လီကော်ပတာလေယာဉ်မှူး 'မိုက် ကလိုင်း'ကို ပြောလိုက်သည်။ ကလိုင်းသည် ယခင်က စစ်ဘက် ဟယ်လီကော်ပတာ ပိုင်းလော့ဖြစ်ပြီး ဗီယက်နမ်စစ်ပွဲအတွင်းက ရန်သူစခန်းနောက်ဘက်သို့ အထူးတပ်ဖွဲ့များ ချပေးခြင်း၊ ပြန်ခေါ်ခြင်းများကို စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်သည်။ ကြိုးနှင့် ကယ်ဆယ်ရန်ဆိုသည်မှာ ခက်ခဲပြီး အန္တရာယ်များသည့် ကိစ္စဖြစ်သည်ကို သူသိပါသည်။ "အိုကေ···မင်းစွန့်စားမယ်ဆိုရင်လည်း စိန်လိုက်ပေါ့ကွာ" ဟု 'မော်ဆလီ'က ပြောလိုက်သည်။

ဟယ်လီကော်ပတာ လေယာဉ်ဝန်ထမ်း 'လာရီရော်ဂျာ(စ်)'က ၂၄ မီတာရှည်သည့် ကြိုးကို ချိတ်တစ်ခုသို့ တပ်လိုက်ပြီး ကြိုးစကို မြက်ခင်းပေါ် ချပေးလိုက်သည်။ "လာဟော့" ဟု 'မော်ဆလီ'ကို အချက်ပြလိုက်သည်။ စိတ်ရှုပ်စွာဖြင့် မော်ဆလီသည် ဟယ်လီကော်ပတာမှ ထွက်လိုက်ရာ လေယာဉ်ဝန်ထမ်းက လွတ်နေသည့် ကြိုးကို



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘက်ပေးလိုက်ပြီး "ချိတ်လိုက်ပေ့" ဟု ပြောလိုက်သည်။ ခုမှ မော်ဆလီသည် ကောင်းကောင်းတွေးမိသည်မှာ သူတစ်ယောက်တည်း ကြိုးဖြင့်ဆင်းရမည်ကို သဘောပေါက်လိုက်သည်။ မော်ဆလီသည် ကြိုးကို သူ၏ ခိုင်းကြိုးသို့ သံမဏိခလုတ်ကွင်းနှင့် ဆက်လိုက်စဉ်မှာပင် 'ရော်ဂျာ'က လေယာဉ်ပေါ်သို့ ပြန်တက်သွားသည်။ ၎င်းနောက် ဟယ်လီကော်ပတာက တဖြည်းဖြည်း ပျံတက်သွားစဉ် 'မော်ဆလီ' တင်းလာသည့် ကြိုးစကိုမိရန် လျှောက်လာသည်။ တစ်ချက် သူ၏ ရင်ဘတ်သို့ ဆောင့်တွန်းလိုက်သကဲ့သို့ ခံစားလိုက်ရပြီး သူသည် လေထဲသို့ ဝဲပျံတက်သွားသည်။

အိမ်များနှင့် ရထားလမ်းများပေါ်သို့ ဝဲပျံရင်း စက်ရုံတစ်ဝိုက်တွင် မီးခိုးလုံးများ ဖုံးနေသည်ကို တွေ့လိုက်ရသည်။ မီတာ ၁၀၀ ခန့်ဝေးသော်လည်း အပူရှိန်က သူ့ကို လာဟပ်သည်။ သူ့မျက်နှာပေါ်တွင် ပျားများတုပ်သကဲ့သို့ ခံစားရသည်။ "စက်ရုံပေါ် ပျံဝဲလို့ကတော့ ငါ့ကိုယ်ဟာ အသားခြောက်လို ဖြစ်သွားမှာပဲ"ဟု မော်ဆလီ တွေးမိသဖြင့် သူ့မျက်နှာကို ဂျက်ကင်ကော်လာအတွင်းသို့ ကာလိုက်သည်။

xxxxx

အော်လ်မွန်အသံက 'ဆင်း'၏ ရေဒီယိုအတွင်းသို့ ရောက်ရှိလာသည်။ "အီဗာ...မင်းဆီကို သူတို့လာနေကြပြီ" သို့သော် 'ဆင်း'က ထထိုင်လိုက်ပြီး ကြိုးစ၏ အဖျားမှ လှုပ်ယမ်းနေသည့် သူ့ကို လှမ်းကြည့်လိုက်သည်။ ခဏချင်း သူသဘောပေါက်လိုက်သည်က သူ့အနေနှင့် အကောင်းဆုံးမျှော်လင့်ထားရန်ကလွဲ၍ ဘာမှမရှိတော့သည်ကို သဘောပေါက်လိုက်သည်။ "ဒီလိုဆိုရင် အိုကေမှာပါ။ အချိန်က ခွင့်ပြုရင်ပေါ့လေ"ဟု တွေးမိသည်။

အောက်ဘက် မြေပြင်ပေါ်တွင် အနီးနားပြည်သူများက ဤစွန့်စားမှုလုပ်ရပ်ကို မျှော်လင့်ခြင်းကြီးစွာဖြင့် စောင့်ကြည့်နေကြသည်။ အတ္တလန္တာမြို့လယ်ကောင် ရုံးခန်းများမှ ဝန်ထမ်းများသည် ပြတင်းပေါက်များတွင် အစီအရီရပ်ကာ သူတို့မျက်လုံးများက ကရိန်းပေါ်မှ စောင့်စားရှာသူ လူသားနှင့် သူ့အတွက် စွန့်စားကယ်ဆယ်ရန် လာသူတို့အကြား ဟိုကြည့်လိုက်၊ သည်ကြည့်လိုက် ပျာယာခတ်နေကြသည်။

မော်ဆလီသည် ၉၀ မီတာ အထက်မှ မီးကိုရှောင်ကွင်းရင်း ကရိန်းအပေါ်ဘက် လေညာဆီသို့ ချဉ်းကပ်လိုက်သည်။ 'ဆင်း'ကြားနိုင်လောက်သည့် အနီးရောက်သည့်အခါ "ငါ့ကို မထိနဲ့။ မင်းဆီကို ငါလာခဲ့မယ်"ဟု အော်ပြောလိုက်သည်။

အထက်ပေါ်တွင် ကလိုင်း၏ စူးစိုက်မှုက မိုးကုပ်စက်ဝိုင်းဆီမှ ရွေ့မသွားပါ။ ကျင့်သားရနေသည့် ကျွမ်းကျင်မှုဖြင့် ဟယ်လီကော်ပတာကို လှိုင်းလေဝဲကျမှ အောက်တွင် တွဲလောင်းပါလာသူကို မထိခိုက်စေဘဲ ပျံဝဲနေလေသည်။ ထိုစဉ်တွင် လေယာဉ်ဝန်ထမ်း ရော်ဂျာက ခုံတစ်ခုသို့ချိတ်၍ နောက်ဘက်တံခါးပေါက်မှ ပိုင်းလော့၏ မျက်လုံးများဆီသို့ "တို့ သူ့အပေါ်တည့်တည့် ရောက်ပြီ။ ဖြည်းဖြည်းချင်း နှိမ့်ပေးပါ။ အိုကေ...ရပြီ၊ ဒီတိုင်း ဝဲနေတော့"ဟု သူ၏ အင်တာကွန်းဖြင့် ပြောလိုက်သည်။

မော်ဆလီသည် ပထမအကြိမ်က စင်တီမီတာ ၃၀ ခန့်ကွာသည်။ ဝဲပျံရင်း သူ၏ဘွတ်ဖိနပ်များဖြင့် ကွန်ကရစ်အလေးတုံးမှ တာဝါသို့ ဆိုင်းထားသည့် သံမဏိကေဘယ်ကြိုးကို ဘွတ်ဖိနပ်ဖြင့် လှမ်းချိတ်လိုက်သည်။ သူ မီလီမီတာမျှ လွဲသွားပြန်သည်။ နောက်တစ်ကြိမ် ပြန်ဝင်လာသည့်အခါ ၁၈၀ ဒီဂရီ လှည့်လိုက်ပြီး ကေဘယ်ကြိုးကို တွေ့ရသဖြင့် မလွှတ်တမ်း လှမ်းဆွဲလိုက်သည်။

လက်အိတ်ဝတ်ထားသည့် သူ့ လက်များဖြင့် ကေဘယ်ကြိုးကို ဆွဲကာ ဝန်ချီစက်မောင်းတံပေါ်သို့ သူ၏ခြေ ထောက် ထိသည့်တိုင်အောင် ဆွဲလိုက် သည်။ ထိုစဉ် 'ဆင်း'က သုံးမီတာပင် မဝေးပါ။ ကွန်ကရစ်တုံးတစ်ခုပေါ်တွင် ခြေတွဲလောင်းကျလျက် ထိုင်နေသည်။ "သတိထား။ သံကာပူနေတယ်"ဟု သတိ ပေးလိုက်သည်။

ဟယ်လီကော်ပတာမှ ငုံ့ကြည့် ကာ ရော်ဂျာက လှမ်းပြောလိုက်သည်။ "သူ ကရိန်းပေါ်ရောက်သွားသည်၊ ယ ထိ ကြိုးနဲ့ချည်ထားတုန်းပဲ"ဟု လှမ်း ပြောလိုက်သည်။

ကလိုင်း အနည်းငယ် လန့်သွား သည်။ ကရိန်းပေါ်ရောက်သည့်အ မီးသတ်သမားက ချိတ်ကို ဖြုတ်မည် မျှော်လင့်ထားသည်။ 'ဆင်း'ကို ချိတ် မှ ပြန်ဆက်မည်ဟု ထင်ခဲ့သည့် ဆက်ကာ တွဲလျက်ချည်နှောင်ထားသ

ကလိုင်းသည် ဟယ်လီ

www.burmeseclassic.com

ပဘာကို အနည်းငယ်လျှော့၍ ပုံ့ပဲနေပြီး မော်ဆလီက သူ့အလုပ်ကို လုပ်ခွင့်ရအောင် လျှော့ပေးထားရသည်။ ထိုစဉ်အောက်က မီးမှန်တိုင်းကလည်း ဟပ်နေသည်။ သူတို့ ကောဘယ်ကြိုးကိုဖြစ်စေ၊ ကရိန်းအုံကိုဖြစ်စေ တိုက်မိလို့ကတော့ ပွဲချင်းပြီးပဲဟု တွေးမိသည်။ ထိုစဉ်ရော်ဂျာက "ရှေ့ကိုနည်းနည်းတိုးပါ"ဟု ပြောလိုက်ပြီး ကြိုးစကို အတန်အသင့်တင်းရုံသာ ဝဲပုံ့ပေးလိုက်သည်။ ဟယ်လီကော်ပတာထဲမှ လူနှစ်ယောက်မှာ အာရုံစိုက်နေသည့် ဟယ်လီကော်ပတာဦးပိုင်းပလက်ဆီကလက်စ် ကြမ်းပြင်များက ရွဲ့လာသည်ကို သတိမထားမိကြပါ။

ကရိန်းမောင်းတံပေါ်တွင် ဆင်း၏စိုးရိမ်စိတ်ကို သူ၏ မျက်စိထဲတွင် 'မော်ဆလီ' တွေ့လိုက်ရသည်။ သူစိတ်တင်းကျပ်နေမှုကို ပြေလျော့စေရန် သူ၏နာမည်ကိုမေးပြီး သူ့ဆီသို့ စောစောလာရန် စီစဉ်ခဲ့ကြောင်း ဟာသနှော၍ ပြောလိုက်လေသည်။ ဆင်းကတော့ မတုန်မလှုပ်။ သူ့တာဝန်က ငြိမ်ငြိမ်လေးနေပြီးလိုက်သွားရန်သာ ရှိသည်။ ၎င်းနောက်မော်ဆလီက "ငါ မင်းကို ဆိုင်းကြိုးတပ်မယ်။ မင်း ငြိမ်ငြိမ်လေးနေ။ ငါ့အလုပ်ငါလုပ်မယ်"ဟု ပြောလိုက်သည်။

လျှင်မြန်ဖျတ်လတ် ကျွမ်းကျင်သည့် လှုပ်ရှားမှုများဖြင့် ဆိုင်းကြိုးကိုဆင်း၏ ခြေထောက်ကြားမှ ရင်ဘတ်ကိုဖြတ်လျက် ချိန်းကြားသို့ထည့်ကာ ချည်နှောင်လိုက်သည်။ "ခပ်မြင့်မြင့်ဆွဲပါ"ဟု ပြောလိုက်သည်။ စကားတစ်လုံးမှ မပြောဘဲ 'ဆင်း'က လိုအပ်သလို မြှင့်ပေးပြီး မော်ဆလီက ဆိုင်းကြိုးကို ကြိုးနှင့်ချိတ်လိုက်သည်။ ၎င်းနောက် သူက "ရပြီ"ဟု သူ၏လက်မကို ထောင်ပြလိုက်သည်။

"ရပြီ၊ ဆွဲတင်တော့"ဟု ရော်ဂျာက လေယာဉ်မှူးကို ပြောလိုက်သည်။

သူတို့ ဘုတ်ဖိနပ်များ ကရိန်းမှ ကြွတက်လာသည့်အခါ မော်ဆလီက သူ၏လက်များ၊ ခြေထောက်များဖြင့် 'ဆင်း'ကို လှမ်းဖက်ထားလိုက်သည်။ အချိန်က မွန်းလွဲ ၄း၁၃ မိနစ်။ 'ဆင်း' ပန်ချီခက်ပေါ်တွင် ထောင်ချောက်မိပြီး အခြောက်လှန်းခံခဲ့ရသည်မှာ မိနစ် ၉၀ ခန့်ကြာသည်။

အောက်မြေကြီးပေါ်ရှိ လူအုပ်ထံမှ ဆူဆူညံညံသြဘာသံများ ပေါ်ထွက်လာပြီး ကရိန်းပေါ်မှ လူနှစ်ယောက်က ပင့်ကူမျှင်ကြိုးစကဲ့သို့ တွဲလောင်းကျလာသည်ကိုကြည့်၍ သူတို့လက်သီးများကို လေထဲသို့ ထိုးထည့်လိုက်ကြသည်။ TV ကြေညာသူများ၏ သူတို့မြင်တွေ့ရသည်ကို ဖော်ပြရန် စကားလုံးရှာမရသဖြင့် ခပ်တိုးတိုးဖြင့် ကြေညာလိုက်သည်။ မော်ဆလီက သူ့တစ်ကိုယ်လုံး ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ အားတက်ခြင်းဖြင့် ပြည့်နှက်သွားသည်။ သူက အောက်တွင် မြင်တွေ့ရသည့် မြင်ကွင်းအလှနှင့် အဝေးပြေးလမ်းမပေါ်မှ ပိတ်ကျပ်နေသည့် ကားများအကြောင်းကို ရယ်ရွှန်းပတ်ရွှန်းဖြင့် 'ဆင်း'အား ပြောပြနေလေသည်။ ၎င်းနောက် မြက်ခင်းကမူပေါ်ရောက်သည့်အခါ လေယာဉ်မှူး ကလိုင်းက ပန်းကန်ပြားပေါ်သို့ ခွက်တင်သကဲ့သို့ ညင်သာပျော့ပျောင်းစွာ ၎င်းတို့နှစ်ယောက်ကို ချပေးလိုက်သည်။

ဆေးဘက်ဝန်ထမ်းများက ဝိုင်းအုံလာပြီး 'ဆင်း'ကို ထမ်းစင်ဖြင့် ခေါ်ဆောင်သွားကြသည်။ မော်ဆလီ၏ "အဒရီနယ်လင်"ကုန်ခန်းသွားသဖြင့် သူ၏လက်များက တုန်နေသည်။ သူ၏ပါးစပ်ထဲတွင် လျှာက ထူလာပြီး ရေတစ်ခွက် တောင်းသောက်လိုက်ရသည်း

အဗ္ဗာလန္တာ ဆေးရှာနတွင် 'ဆင်း'ကို စစ်ဆေးရာ အခြေအနေကောင်းမွန်ကြောင်း တွေ့ရှိရပြီး သူ၏သွေးပေါင်ချိန်မှာ အမှန်အကန် ၁၂၀/၈၀ ရှိကြောင်း သိရှိရပါသည်။

နောက်နှစ်ရက်ကြာသည့်အခါ ဤအံ့ဖွယ် စွန့်စားကယ်တင်မှုကို မြို့တော်ဝန်က အခမ်းအနားဖြင့် ဂုဏ်ပြုသဖြင့် သူတို့နှစ်ဦး ပြန်လည်တွေ့ဆုံကြရာ 'ဆင်း'က 'မော်ဆလီ'၏ လက်ကို တင်းကျပ်စွာကိုင်ရင်း နှစ်ဦးစလုံး၏ မျက်လုံးများထဲတွင် အပျော်မျက်လုံး၊ အပြုံးမျက်နှာဖြင့် တွေ့ရလေသည်။ သူ၏ ငရဲခန်းအထက် လေထဲတွင် 'မော်ဆလီ'နှင့် ဆုံတွေ့ခဲ့ရသည့် သူ၏အဖြစ်ကို ပြန်လည်တွေးတောရင်း အောက်ပါရိုးရှင်းသည့် ဆုတောင်းပတ္ထနာက သူ၏နှလုံးသားထဲသို့ ပျံ့နှံ့ဝင်ရောက်လာလေသည်။ "မင်းရဲ့ အံ့မခန်းသူရသတ္တိအတွက် ဘုရားသခင်ကို ကျေးဇူးတော်တင်လိုက်ပါတယ် မက်ရေ…"

သူတော်စိန်

**Source:**

**RD may 2000**

www.burmeseclassic.com

# ရာဇဝတ်ပြစ်မှု ကျူးလွန်သူများနှင့် စပ်လျဉ်း၍ ရာဇဝတ်(ပြစ်မှု)ဗေဒပညာအရ လေ့လာသုံးသပ်ချက်

■ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ရာဇဝတ်ပြစ်မှု ကျူးလွန်တတ်သူများ၏ ဦးနှောက်ကို သုတေသနပြုကြည့်သောအခါတွင် ၎င်း၏ဦးနှောက်သည် သာမန်လူ၏ ဦးနှောက်ထက် လျော့နည်းမပြည့်ဝ ဖြစ်နေသည်ကို စမ်းသပ်ခွဲစိတ် သိရှိရသည်ဆိုပါသည်။ (ကျုပ်မပြည့်တတ်ဟု ဆိုသည်။)

ယင်းသို့ ဦးနှောက်ကျုပ်မပြည့်နေခြင်းကြောင့် စိတ်မထိန်းနိုင်ဘဲ မောင်နှမအချင်းချင်း၊ သမက်နှင့် ယောက္ခမ၊ ချွေးမနှင့် ယောက္ခမ သတ်ဖြတ်မှု ဖြစ်ပွားလေ့ရှိသည်ကို မကြာခဏ တွေ့မြင်ရပေသည်။

ယင်းသို့ လူသတ်မှု အစရှိသည့် ရာဇဝတ်ပြစ်မှု ကျူးလွန်တတ်သူများနှင့် ပတ်သက်၍ ရာဇဝတ်(ပြစ်မှု)ဗေဒပညာအရ အောက်တွင်ဖော်ပြသည့်အတိုင်း လေ့လာသုံးသပ်သိရှိရပေသည်။

ရာဇဝတ်ဗေဒအမြင်ဖြင့် ပြစ်မှုကျူးလွန်ရခြင်း၏ အကြောင်းရင်းမှာကား -

(၁) Accidental မတော်တဆ ကျူးလွန်မိခြင်း။

(၂) Situational အခြေအနေအရ၊ အပေါင်းအသင်း ပတ်ဝန်းကျင်အတွက်ကြောင့် ကျူးလွန်မိခြင်း။

(၃) Irresponsible အမှားအမှန်ကို ဝေဖန်သုံးသပ်၊ ပိုင်းခြားနိုင်သော အသိဉာဏ်မရှိဘဲ ထင်ရာပြုမူခြင်းဖြင့် ရာဇဝတ်ပြစ်မှု ကျူးလွန်မိခြင်း။

(၄) Neurotic အသိတရား ခေါင်းပါး၍ အပြုအမူမှုမမှန်ခြင်းဖြင့် ရာဇဝတ်ပြစ်မှု ကျူးလွန်မိခြင်း။

(၅) Psychopathic စိတ္တဇရောဂါစွဲကပ်မှုကြောင့် ရာဇဝတ်မှု ကျူးလွန်ခြင်း။

(၆) Professional ရာဇဝတ်မှုကို မိမိ၏ အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းသဖွယ်ပြုကာ လုပ်ကိုင်မွေးပြီး ရာဇဝတ်မှု ကျူးလွန်ခြင်း။

(၇) Casual မမျှော်လင့်၊ အမှတ်မထင် (တမင်တကာ မဟုတ်သော) ပြုမူရင်း ရာဇဝတ်မှု ကျူးလွန်မိခြင်း။

(၈) အကြောင်းရင်းတစ်ခုပဟာ အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှုကျူးလွန်ခြင်း (Morean)

(၁) မတော်တဆ (Accidental) ကျူးလွန်ခြင်း။

(၂) အကျင့်ပါ၍ (Habitual) ကျူးလွန်ခြင်း။

(၃) (Professional) စီးပွားရေးကြောင့် ကျူးလွန်ခြင်း စသည်တို့ ရှိပါသည်။

စိတ္တဇ (Neurosis, Neurotic) ရောဂါဝေဒနာရှင်များသည် လူလတ်တန်းစားတွင် အဖြစ်များ၏။ ရှုသွပ်သည့်အခြေအနေ မရောက်ဘဲ ရူးပေါပေါ၊ ရူးကြောင်ရူးကြောင်ဖြစ်နေပြီး ထိုင်နေရင်း ထရိုက်တတ်၏။ ကိုယ်ခန္ဓာချို့ဟဲ့နေခြင်းကြောင့်သော်လည်းကောင်း၊ ငယ်စဉ်အခါတွင် လူပုံအလယ်၌ လုပ်ချင်တာမလုပ်ရ၊ ချုပ်ချယ်ခံရလွန်း၍သော်လည်းကောင်း နောင်ကြီးပြင်းလာသည့်အခါ၌ ရူးကြောင်ကြောင်၊ ရူးပေါပေါ ဖြစ်သွားပေသည်။

## ရာဇဝတ်ပြစ်မှုကို ရာဇဝတ်ဗေဒပညာအရ လေ့လာခြင်း

ရာဇဝတ်ပြစ်မှု ကျူးလွန်ရခြင်းနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျကျ တရားဝယားနှင့် စနစ်တကျ လေ့လာခြင်းကို ရာဇဝတ်ဗေဒပညာအရ လေ့လာခြင်းဟု ခေါ်ပါသည်။

ယင်းသို့လေ့လာရာတွင် (Sociological School



www.burmeseclassic.com

www.burmeseclassic.com

တည်ထောင်ထားရှိပြီး ရာဇဝတ်ဖြစ်မှုဖြစ်ပွားခြင်းကို လူမှုရေးစနစ်အရ လူမှုရေးသိပ္ပံပညာနည်းစနစ်ဖြင့် အခြေခံကာ လေ့လာခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့်ဆိုရသော် (Methodology) လက်တွေ့ကျကျ ချဉ်းကပ်လေ့လာပြီး statishis of crime ရာဇဝတ်မှုဖြစ်ပွားခြင်းအား တိကျသော ကိန်းဂဏန်း အရေအတွက်ဖြင့် စုဆောင်းရှာဖွေ သိပ္ပနည်းကျကျ လေ့လာခြင်းဖြစ်သည်ဖြစ်ရကား စာတွေ့မဟုတ်၊ လက်တွေ့ ဖြစ်နေသည့်အတွက် ပိုမိုတိကျမှန်ကန် လက်ခံယုံကြည်ရပေသည်။ ဥပမာ

(က) စိတ္တဇရောဂါဝေဒနာရှင် ဖြစ်မှုကျူးလွန်သူအား လေ့လာခြင်း

စိတ္တဇရောဂါဝေဒနာရှင် ဖြစ်မှုကျူးလွန်သူအား လေ့လာရာတွင်…

(၁) **Psychosis** စိတ္တဇရောဂါဝေဒနာရှင် တစ်စုံတစ်ရာ (တစ်စုံတစ်ခု)ကို အစွဲအလမ်းကြီးလွန်းပြီး ပတ်ဝန်းကျင်ကို မသိ၊ ဂရုမစိုက်တော့ဘဲ တွေဝေငေးမှိုင်ကာ အမြဲစိတ်ဓာတ်ကျဆင်းနေရင်း ဖြစ်မှုကို အမှတ်မထင်ကျူးလွန်မိခြင်းမျိုး ဖြစ်သည်ကို လေ့လာတွေ့ရှိချက်။

(၂) **Neurosis** အထက်တွင် ဆိုခဲ့သည့်အတိုင်း ရှုးသွပ်သည့်အခြေအနေ မရောက်ဘဲ ရူးကြောင်ကြောင်၊ ရူးပေါ်ပေါ်ဖြင့် ဖြစ်မှုကို ကျူးလွန်မိခြင်း ဖြစ်သည်။

(၃) **id(ဣ)** နဂိုပကတိ စိတ်ရိုင်း။ မူလစိတ်နေသဘောထား။

(၄) **Ego (အီဂို:)** "ငါ"ဟူသော အတ္တစိတ်လွန်ကဲခြင်းကြောင့် ဖြစ်မှုကို ကျူးလွန်မိခြင်းဖြစ်သည်။

ဥပမာ…

(ခ) ဆိုးသွမ်း သူငယ်၊ လူငယ် ရာဇဝတ်မှုကျူးလွန်တတ်သူအား လေ့လာခြင်း

ဆိုးသွမ်းသော သူငယ်၊ လူငယ် ရာဇဝတ်မှုကျူးလွန်တတ်သူအား လေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) ၎င်းဆိုးသွမ်းသော လူငယ်၊ လူငယ်၏ အိမ်ထောင်စု ရာဇဝတ်ကိုလည်းကောင်း၊

(ခ) ၎င်းကြီးထွားလာပုံ၊ ၎င်းကြီးထွားလာသည့် နေထိုင်ရာပတ်ဝန်းကျင်ကိုလည်းကောင်း လေ့လာပါသည်။

ယင်းသို့ လေ့လာရာတွင်…

(၁) အိမ်ထောင်စုကြောင့် ပျက်စီးခြင်း

(က) မိဘအိမ်ထောင်စု၊ မိသားစု အဆင်မပြေဖြစ်ခြင်း။

(ခ) မိဘဝင်ငွေမရှိ၊ ဝင်ငွေနည်း၊ စီးပွားရေး အဆင်မပြေခြင်း။

(ဂ) မိဘသေခြင်း၊ မိဘကွဲ၊ အိမ်ထောင်စုပျက်စီး၊ ပြိုကွဲသွားခြင်း။

(ဃ) မိဘနှင့် ခွဲနေရခြင်း။

(၂) ခန္ဓာကိုယ်ချို့ယွင်းခြင်းကြောင့် ပျက်စီးသွားခြင်း။

(၃) ပညာရေးနိမ့်ကျမှုကြောင့် ပျက်စီးခြင်း။

(၄) စိတ်အာရုံကြောင့် (အာရုံငါးပါးကြောင့်) ပျက်စီးခြင်း။

(၅) ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းကြောင့် ပျက်စီးခြင်း။

အချုပ်အားဖြင့်ဆိုရသော် သက်ငယ်ရာဇဝတ်မှုကျူးလွန်ခြင်းအကြောင်းကို လေ့လာရာ၌ "စိတ်ပိုင်းဆိုင်ရာ" အချက်အလက်များကို အထူးလေ့လာရန် ဖြစ်သည်ဟု ရာဇဝတ်ဗေဒပညာတွင် အတိအလင်းဖော်ပြထားရှိပါသည်။

စိတ္တဇရောဂါဝေဒနာရှင် ဖြစ်မှုကျူးလွန်သူများအား ထောင်ဒဏ်အပြစ်ချမှတ်ရုံကာမျှနှင့် လူကောင်းသူကောင်း အဖြစ်သို့ ရောက်ရှိရန်အလို့ငှာ မတတ်စွမ်းနိုင်ပေ။ မိသားစုကလည်း အရူးပဲဆိုပြီး စွန့်ပစ်ထားခဲ့လျှင်မူ အခြေအနေ ပိုမိုဆိုးဝါးသွားမည် ဖြစ်ရကား မိသားစုအနေဖြင့် ၎င်းအပေါ်၌ လူကောင်းတစ်ယောက်ကဲ့သို့ ဆက်ဆံခြင်းပြုကြရမည့်အပြင် လူမှုအဖွဲ့အစည်းနှင့် ဘာသာရေးအဖွဲ့အစည်း စိတ်ပညာရှင်၊ ဆေးပညာရှင်များတို့ကပါ ဝိုင်းဝန်းကူညီ ဖေးမပြုပြင်ထိန်းသိမ်းသွားနိုင်မည်ဆိုလျှင် လူကောင်းတစ်ယောက်အဖြစ်သို့ ရောက်ရှိနိုင်ဖွယ်ရှိသည်ဟု ရာဇဝတ်ဗေဒပညာရှင်တို့က အကြံပြုထားပါသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

***Ref:*** ရာဇဝတ်ဗေဒ၊ (Criminology) (၁၉၆ဂ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အပြစ်အတွက် အချစ်ကတာကူးခံ

● မိုးပန်းမွန် (ရာမည)

(က)

ရန်ကုန်မြို့မှ ဝန်ထမ်းအတွက် ဖယ်ရီမရှိလျှင် အဆင်မပြေပါ။

ကိုယ့်ရုံးမှ စီစဉ်ပေးသည့် ဖယ်ရီကား ရှိလျှင်ရှိ၊ မရှိလျှင် ရုံးပေါင်းစုံအတွက် မထသမှ စီစဉ်ပေးသော ဖယ်ရီကားကို စီးမှ အဆင်ပြေသည်။

ဖြိုးဖြိုးတို့ ဘဏ်ဝန်ထမ်းများနှင့် အခြားရုံးပေါင်းစုံမှ ဝန်ထမ်းများ စီးရသည့် ဖယ်ရီကားဂိတ်နားတွင် ညဈေးတန်းလေးလည်း ရှိသည်။ ညနေရုံးဆင်းချိန်တွင် သားငါးနှင့် ဟင်းသီးဟင်းရွက် ဝယ်ကြသဖြင့် ဈေးတန်းလေးမှာ ဆူညံနေတတ်၏။ ဖယ်ရီကားတွင် ထိုင်စရာနေရာလေး တစ်နေရာဦးထားပြီး မုန့်စားသူ၊ နှုတ်ဆက်စကားပြောနေသူ၊ ဈေးဝယ်နေသူတို့မှာ ဒရိုင်ဘာ၏ အရိပ်အခြည်ကို ကြည့်ရသည်။ ကားခေါင်းခန်းတွင် ဒရိုင်ဘာထိုင်ပြီဆိုလျှင် အပြေးအလွှားတက်ရပြီ။ စပယ်ယာကလည်း ဘယ်သူ့ကိုမှ မစောင့်ချင်။ "ထွက်"ဟု သံကုန်ဟစ်တော့၏။

ဒရိုင်ဘာနှင့် စပယ်ယာကို "ထွက်ဟေ့"၊ "စောင့်ဦး"ဟု အမိန့်ပေးသူမှာ ဒရိုင်ဘာဘေးရှိ ထိုင်ခုံမှ 'မွှေးထုံ'ဖြစ်သည်။ ထိုနေရာကို သူမသာ ထိုင်ခွင့်ရှိပြီး စပယ်ယာက နေ့စဉ် ဦးပေးထားရခြင်းပါ။ အကြောင်းကို စုံစမ်းကြည့်တော့ ဒရိုင်ဘာနှင့် မွှေးထုံတို့က ချစ်သူစုံတွဲ ဖြစ်နေကြခြင်းကြောင့်ဟု သိရသည်။ ရံဖန်ရံခါ ရုံးဆင်းချိန် နောက်ကျလျှင်ဖြစ်စေ၊ ဈေးဝယ်နေ၍ နောက်ကျလျှင်ဖြစ်စေ ဒရိုင်ဘာကို ကြောက်ရန်မလို၊ မွှေးထုံက သာ မျက်နှာထားနှင့်

"စည်းကမ်းရှိကြမှပေါ့။ ဖယ်ရီထွက်ချိန်အမီ ရောက်အောင်လာပေါ့။ တစ်ယောက်ချင်းကို စောင့်နေရရင် ဘယ်ဖြစ်မလဲ"

မွှေးထုံ၏ လေသံတင်းတင်းကြောင့် နောက်ကျသူလည်း အောင့်သက်ရှက်ရွံ့၍ မျက်နှာပူရစမြဲ။ အေးလေ . . . စည်းကမ်းရှိစေချင်လို့ ဖြစ်မှာပေါ့ဟု စိတ်ကိုဖြေ၍ ရသလို . . .။

"ဟွန်း . . . ဒရိုင်ဘာကတော် ကျနေတာပဲ။ သူ့ပဲ ကြောက်နေရတယ်။ စည်းကမ်း၊ စည်းကမ်းနဲ့ ပြောနေတော့ သူ့ကျတော့ ယာဉ်စည်းကမ်းတွေ၊ လမ်းစည်းကမ်းတွေ တစ်ခုမှ မလိုက်နာဘူး"ဆိုသော တီးတိုး အပြောမျိုးကို ပြောမိတတ်ကြသည့် ဝန်ထမ်းများလည်း ရှိသည်။

မွှေးထုံက စည်းကမ်းစကားပြောနေပေမယ့် သူကိုယ်တိုင်ကတော့ ယာဉ်စည်းကမ်း မလိုက်နာပါ။ သူဆင်းချင်သည့် နေရာဆိုလျှင် "အရှိန်လျှော့ပေး"ဆိုပြီး ဖျတ်ခနဲဆင်းသွားတတ်သည်။ မီးပွိုင့်သော၊ မျဉ်းကြားသော မရှောင်။ ဒရိုင်ဘာကလည်း အလိုလိုက် အပြတ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်၍ လိုက်လျှောစမြဲ၊ သူမ၏ အမည်ရင်းမှာ 'ထွေးထွေးသုန်' ဖြစ်ပေမယ့် ရုံးတက်ရုံးဆင်းချိန်တိုင်း မွှေးထုံသင်းပျံ့နေအောင် ဘယ်လို ရေမွှေးများ ဖျန်းပက်လေသလဲမသိ၊ မွှေးနေလိုက်တာမှ ဖယ်ရီကားပေါ် မတက်သေးလည်း ရနံ့ရှူရှိုက်မိသည်သာ၊ ရုပ်လေးကလည်း ချောချောသန့်သန့်၊ အရပ်လေး သွယ်သွယ်လျလျနှင့် သူမကို ဘယ်သူကစပြီး ခေါ်သည်မသိ၊ ထွေးသုန်မှ မွှေးထုံ ဖြစ်နေပြီ၊

ဒရိုင်ဘာကလည်း ရုပ်တော့ ဖြောင့်သား၊ ဒရိုင်ဘာရဲနောင်နှင့် ဘဏ်စာရေးမလေး မွှေးထုံတို့နှစ်ဦး ရယ်ရယ်မောမောနှင့် ကြည်နေလျှင် ကားစီးရတာ အဆင်ပြေသည်၊ ကားပေါ်ရှိ ကက်ဆက်လေးမှ အချစ်သီချင်းများ လွှင့်ပျံ့၍ ကြည်နူးစရာ၊ သူတို့ချစ်သူချင်း အဆင်မပြေ၊ စိတ်ကောက်သည့်နေ့ဆိုလျှင်တော့ ကားတစ်စီးလုံး ဘုရားတရပ်ပြီသာမှတ်၊ ရဲနောင်က တွေ့ချ၊ ဝိုက်ချ၊ အမြန်မောင်း၊ ကျော်တက် စသည်ဖြင့် နည်းစုံသုံး၍ မွှေးထုံကို မကြည်ကြောင်းပြသည်၊

"ဟဲ့ . . . ဟဲ့ ဘုရားစာရွတ်ကြနော်၊ ရဲနောင်နဲ့ မွှေးထုံ ရန်ဖြစ်ထားပုံရတယ်၊ ရဲနောင် မျက်ထောက်နီနဲ့ ကားမောင်းနေပြီ၊ မွှေးထုံကလည်း နှုတ်ခမ်းစူပြီး ကျောပေးထိုင်နေတယ်"

ဖြိုးဖြိုးတို့ ဝန်ထမ်းတစ်စုမှာ ပိုက်ဆံလည်း ပေး၍စီးရသေး၊ သူတို့ မျက်ရိပ် မျက်နှာကဲလည်း ကြည့်ရသေး၊ စိတ်ကုန်ဖို့ ကောင်းတာအမှန်၊

★★★★★

(၈)

"ဒီနေ့ တို့ရုံးမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ပညာပေးဟောပြောပွဲရှိတယ်၊ ညနေ နည်းနည်း နောက်ကျမယ်နော် ရဲနိုင်"

အလုပ်သမားရုံးမှ ခင်ခင်က ဒရိုင်ဘာကို အသိပေးသလိုလို၊ ခွင့်တိုင်သလို ပြောရင်း မွှေးထုံဘက်သို့ လှည့်၍ပြုံးပြရသည်၊ ဝန်ထမ်းရွေးချယ်ရေးရုံးမှ မိုးသူကလည်း . . .

"ကျွန်မလည်း နောက်ကျမယ်နော်၊ ဒီနေ့ ယာဉ်စည်းကမ်း ပညာပေးဟောပြောပွဲရှိလို့ ဝန်ထမ်းတိုင်းတက်ရမှာမို့ပါ၊ ကျွန်မတို့အားလုံး သိထားသင့်တဲ့ အကြောင်းအရာပဲ မဟုတ်လား"

ဒရိုင်ဘာကိုပြောပြီး မွှေးထုံဘက်သို့ သွားဖြီးပြရသေးသည်၊ မွှေးထုံက မပြုံးချင်ချင်၊ ပြုံးချင်ချင်ဖြင့် ခေါင်းညိတ်ပြသည်၊ သည်ကားမှာက ဒရိုင်ဘာကို အပိုင်ကိုင်ထားသော မွှေးထုံဆိုတော့ သူမကို မျက်နှာချိုသွေးရသည်ပေါ့၊ တချို့က လက်ဆောင်ပေး၍ ဖားရသည်၊ ကြက်မောက်သီး၊ ပန်းသီး၊ စပျစ်သီး၊ အချဉ်ထုပ်၊ အာလူးကြော်ထုပ် စသည်ဖြင့် တစ်ယောက်တစ်မျိုး ပေးကြသဖြင့် မွှေးထုံ၏ ပလတ်စတစ်ခြင်းလေးတွင် အပြည့်၊

ဒါတောင် မွှေးထုံက စိတ်လိုနေမှသာ စောင့်ပေးသည်၊ သူမစိတ်အခန့်မသင့်လျှင် . . .

"သူတို့ကိစ္စတွေပဲ မပြီးနိုင်ဘူး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောတာများ နားထောင်နေရသေးတယ်၊ လိုက်နာမှာလည်း မဟုတ်ဘဲနဲ့ ဘာမှ အရေးကြီးတာလည်း မဟုတ်ဘဲနဲ့"

စူပွစူပွနှင့် မဲ့မဲ့ရွဲ့ရွဲ့ ပြောတတ်သည်၊ သူမတို့ကတော့ ဘယ်စည်းကမ်းကိုမှ အလေးထားသူ မဟုတ်၊ ရုံးစောစောဆင်းတာလည်း သူမ၊ ကြုံရာနေရာမှတား၍ စီးတာလည်း သူမ၊ ဆင်းချင်သည့်နေရာတွင် ဆင်းတာလည်း သူမ၊ ကံကောင်းနေသေးတော့ ဒဏ်ရိုက်ခံရခြင်းလည်း မရှိသေး၊ ပညာပေးခံရခြင်းလည်း မရှိသေး၊ မွှေးထုံတို့ ကံကောင်းနေလိုက်ပုံများ၊ ဒရိုင်ဘာရဲနောင်ကလည်း ချစ်သဖြင့် အလိုလိုက် အကြိုက်ဆောင်နေပုံများ၊ စည်းကမ်းဆိုတာ မေ့နေပြီ၊

ကားခေါင်းဘက်တွင် ရေးထားသော စာတန်းလေးကတော့ ဝင့်ဝင့်ထယ်ထယ်၊

"သင့်အား . . . သင့်မိဘ၊ ဇနီး၊ သား၊ သမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန် စောင့်မျှော်နေသည်ကို သတိပြုပါ"

ဟု ရေးထားသည့် စာတန်း ရန်ကုန်တိုင်း အေးချမ်းသာယာရေး

www.burmeseclassic.com

နှင့် ဖွံ့ဖြိုးရေးကောင်စီမှ သတိပေးထားသော ထိုစာတန်းကို အကြိမ်ကြိမ်ဖတ်ပေမယ့် မှတ်ဉာဏ်ထဲ ရောက်ပုံမရ။ မွေးထုံ၏ အမိန့်သည်သာ ရဲနောင်၏ အာရုံတွင် ရှိသည်။ ရဲနောင်တွင် အမှုတွေက များနေပြီ။ မီးနီဖြတ်မှု၊ မြို့လယ်ကောင်မှာ မိုင်နှုန်းတင်မောင်းမှု၊ တစ်လမ်းမောင်းတွင် ပြောင်းပြန်မောင်းမှု၊ ယာဉ်ထိန်းရဲက ရပ်ခိုင်းပေမယ့် မောင်းပြေးမှု စသည်ဖြင့် ကျူးလွန်ထားသည့် အမှုကို ရှင်းနေဆဲပါ။ ဒါပေမယ့် မွေးထုံ၏အမိန့်ဆိုလျှင် နောက်တစ်မှုတပ်ထားလည်း မကြောက်ပါ။ ရှင်းရဲသည့် အချစ်သူရဲကောင်း ယာဉ်မောင်းဟု ကြွေးကြော်နေဦးမည်သာ။

သည်ဖယ်ရီကားက ရုံးပေါင်းစုံမှ ဝန်ထမ်းများဖြစ်သဖြင့် အကြောင်းအရာစုံ ကြားရတတ်သည်။ စပ်စုသူ၊ စွာကျယ်သူ၊ စကားများသူ စသည်ဖြင့် လူစုံ၊ စိတ်ထားစုံ ဖြစ်သည်။ ယာဉ်စည်းကမ်းလိုက်နာသူ၊ မလိုက်နာသူတို့ အချိုးကျ ပါဝင်နေသေးသည်။

လမ်းပေါ်သို့ မုန့်ထုတ်စက္ကူ၊ ပလတ်စတစ်ခွံများ ကားပေါ်မှ အမှတ်တမဲ့ ပစ်ချသူလည်း ရှိသည်၊ ဟန့်တားသူလည်း ရှိသည်။

"ဟဲ့ . . . မပစ်ချနဲ့လေ။ စည်ပင်သန့်ရှင်းရေးတွေ လှည်းကျင်းထားတာ မတွေ့ဘူးလား"

"ဒါက စည်ပင်သန့်ရှင်းရေးတွေရဲ့ အလုပ်လေ။ ဟဲ့ . . ဟဲ့ မကျေနပ်ရင် နင်ပါ သွားကူညီပါလား"

သည်လို အထေ့အငေါ့ဖြင့် ရှုးချင်ယောင်ဆောင်သူများလည်း ရှိရဲ့။ တချို့ကျတော့ ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးချတတ်သည်။ "ကွမ်းတံတွေး မထွေးရ"ဆိုသော စာတန်းလေးကိုမျှ အားမနာ။ ယာဉ်မောင်း ရဲနောင်က ပိုဆိုးသေး။ သူ့ကို ဘယ်သူကမှ မပြောရဲ၊ ဂျစ်တစ်တစ် မာကျောကျော သူ့ပုံစံကို လန့်ကြသည်။ ရီဝေဝေမျက်လုံးဖြင့် ဝေစောင်းစောင်းကြည့်၍ တခြားယာဉ်မောင်းများ၊ စပယ်ယာများကို လှမ်းဆဲတတ်သည့် သူ့ပါးစပ် ဝသီကိုလည်း ကြောက်ကြ၏။

ရဲနောင် မျက်နှာချိုချိုနှင့် စကားပြောဆိုနေချိန်ကတော့ မွေးထုံနှင့် ပြောချိန်သာရှိသည်။ မွေးထုံကိုတော့ အလိုလိုက် အကြိုက်ဆောင်စမြဲ။ ကားမရပ်သင့်သော နေရာလည်း သူကရပ်ပေးလေ့ ရှိစမြဲ။

"ကိုရဲရေ . . . ဟိုရှေ့က စတိုးဆိုင်ကြီးရှေ့မှာ ခဏလောက် အရှိန်လျှော့ပေးနော်၊ ပစ္စည်းဝယ်စရာရှိလို့"

မွေးထုံက သည်လိုပြောတာနဲ့ ရဲနိုင်က ခေါင်းညိတ်ပြီးသား၊ ဖိုးဇော်က အထိတ်တလန့်ဖြင့် တားသည်။

"မရှည်စမ်းပါနဲ့ ဖိုးဇော်ရယ်၊ ငါတွန်းပြီးသားပါ အေးဆေးပါ"

ဆံနွယ်လေး တခါခါဖြင့် ရယ်ရယ်မောမော ခုန်ချသွားတတ်တာလည်း အကြိမ်ကြိမ်ပင်။ ရုံဖန်ရံခါမှာတမ်းချွေနေကြသေးသည်လည်း မကြားချင်မှအဆုံး။ ကားကို အရှိန်လျှော့ပေးပြီး . . .

"ညနေ ဖုံစောစော လစ်ခဲ့နော်၊ မေးစရာရှိတယ်"ဟု ရဲနောင်က မှာတတ်သလို မွေးထုံကလည်း ခေါင်းလေးငဲ့ အပြုံးလဲ့လဲ့ဖြင့် . . .

"ကိုရဲစားဖို့ တစ်ခုခုဝယ်ခဲ့မယ်နော်၊ တာ့တာ"ဟုပြော၍ ခုန်ဆင်းသွားတတ်ပြီး ကားကြိုကားကြားမှ ပလက်ဖောင်းပေါ် အရောက် နှုတ်ခမ်းလေးစူချွန်လျက် 'ပြွတ်'ခနဲ နှုတ်ဆက်တတ်သေး။ သူတို့ကို ကြည့်ရမြင်ရသည်မှာ တစ်ခါတစ်ရံတော့လည်း ကြည်နူးစရာ၊ တစ်ခါတစ်ရံတော့ အမြင်ကတ်လှပါဘိ၊ နောက်မှကားတွေလည်း ကသိကအောက်ဖြင့် ဝိုင်း၍ မေတ္တာပို့သံများ ဆူညံနေတတ်စမြဲ။

"သေချင်လို့လား၊ ညစာမစားချင်တော့ဘူးလား"

'လင်မရဘဲ ကားတိုက်သေတော့မှာပဲ"

ဆဲသံ၊ ဆူသံ ညံနေလျှင်လည်း မွေးထုံတို့က မမှု၊ ဆံနွယ်လေးတခါခါ၊ စလင်းဘက်လေး တခါခါ၊ တင်လေး တလှုပ်လှုပ်ဖြင့် သူလိုရာသို့ သွားတော့သည်။ စည်းကမ်းမလိုက်နာခြင်း၏ အန္တရာယ်၊ စိတ်အလိုလိုက်သည့် အန္တရာယ်ကို ကြိုတင်တွေး၍ စိုးရိမ်နေသူများကတော့ ဖြိုးဖြိုးတို့ ဝန်ထမ်းအချို့သာ ရှိကြလိမ့်မည်။

*****



www.burmeseclassic.com

www.burmeseclassic.com

(၈)

သည်နေ့မိုးက တစိမ့်စိမ့်နှင့် တစ်နေကုန် ရွာနေသည်။

ရုံးဆင်းချိန်မှာလည်း ဝန်ထမ်းများ စိုစိုရွှဲပြီ။ ကားလမ်းမပေါ်လည်း ရေဖွေးလို့ပင်။ ဖြိုးဖြိုးလည်း ဈေးမဝယ်တော့ဘဲ ဖယ်ရီပေါ် စောစောတက်လိုက်စဉ် ကားပေါ်တွင် စကားစစ်ထိုးနေသည့် ရဲနိုင်နှင့် မွေးထုံ။ ရဲနိုင်က ဒေါသတကြီး မျက်ထောက်နီကြီးဖြင့်၊ မွေးထုံကလည်း ရန်လိုစိတ်ဖြင့် လေသံက မာဆတ်သည်။

"ကိုရဲ မယုံရင်လည်း မတတ်နိုင်ဘူး။ ဒီကားကို မမီလိုက်တဲ့ မနက်ပိုင်းတွေမှာ ကိုသက်ရဲ့ ဖယ်ရီကို လိုက်စီးတာမျိုးပဲရှိတယ်။ ရိုးရိုးခင်ကြတာ။ ကိုရဲ စွပ်စွဲသလို မဟုတ်ဘူး"

"သူ့ကားကို လိုက်စီးရုံလောက်နဲ့ ငါမပြောဘူး။ နှစ်ယောက်သားတွန်းတွန်းတိုက်တိုက် ရယ်မောနေတာကို မြင်တဲ့လူက မြင်တယ်။ ကိုသက်ပါးစပ်က နင့်နောက်ကွယ်မှာ ပေါက်ကရပြောနေတော့ ငါက နွားဖြစ်တာပေါ့။ ထွီ . . . ဣန္ဒြေကို မရှိဘူး။ ဒါကြောင့်မို့ ဒီကောင့်ကားက နောက်ကနေလိုက်ဖိုက်နေတာကိုး"

"ဟာဗျာ . . . တော်ကြပါတော့။ ကလေးတွေလည်း မဟုတ်ဘဲနဲ့ ရန်ဖြစ်ပြန်ပြီ"

စပယ်ယာဖိုးဇော် ဟန့်တော့မှ သူတို့အသံ တိတ်သွားသည်။ ဝန်ထမ်းအားလုံး ကားပေါ်တွင် စုံပြီဆိုတာနှင့် ဂိတ်မှ ကားထွက်ပြီ။ ဒုတိယဖယ်ရီကလည်း နောက်မှကပ်ပါလာပြီ။

"ဒီနေ့ ဘုရားတ,ထားကြနော်။ ဟိုစုံတွဲ ရန်ဖြစ်ထားတယ်"

"ဘုရား . . . ဘုရား၊ ဒီနေ့ ဂျက်လေယာဉ် စီးရတော့မယ် ထင်ပါရဲ့"

ဝန်ထမ်းများ တထိတ်ထိတ်ဖြစ်နေလောက်အောင်ပင် ရဲနိုင်က တရကြမ်းမောင်းပြီး ဇွတ်တရွတ်လုပ်တတ်သည့် အကျင့်ဆိုးကြောင့် ယာဉ်၊ လမ်းစည်းကမ်းတွေ မေ့လောက်ပြီ။ ခါတိုင်းဝင်အောင်း မလား။ လမ်းဖြတ်ကူးတဲ့လူပဲ ဝင်ကြုံးမလား။ ရှေ့ကဖင်ကိုပဲ နမ်းမလား။ ကားစီးရင်းရင်မောနေကြရပြီ။ ရဲနိုင်ပါးစပ်မှလည်း မကျေမချမ်း ပွစိပွစိနှင့်။

"နောက်ကို အဲဒီဘဲနာမောင်းတဲ့ကားပဲ သွားစီးပေါ့။ ငါ့ကားကို မစီးနဲ့တော့"

"ရှင် ဒီလောက်စွပ်စွဲနေတာ အခုဆင်းမယ် . . . ရပ်ပေး။ အခုရပ်ပေး"

မွေးထုံက ပလတ်စတစ်ခြင်းငယ်လေးကို ဆွဲ၍ ချက်ခြင်းထရပ်သည်။

"ဆင်းပေါ့။ နောက်မှာ ကိုသက်ကား လိုက်ဖိုက်နေတာပဲ။ အားကိုးရှိနေတာပဲ၊ အဲဒီကားပေါ် ခုန်တက်လိုက်ပေါ့"

ရဲနိုင်၏ ခပ်ထေ့ထေ့ အပြောကြောင့် မွေးထုံက တံခါးဝရောက်နေပြီ။ ဖိုးဇော်က သူ့ကိုယ်လုံးလေးဖြင့် ကာလျက် . . .

"ဟာဗျာ . . . မဆင်းပါနဲ့။ ယာဉ်ထိန်းရဲတွေ စောင့်နေတယ်။ မိုးလည်း ရွာနေတယ်ဗျာ"

"လျှာမရှည်နဲ့ ဖိုးဇော်။ ငါဆင်းနေကျပဲ။ ဖယ်စမ်းပါဟာ"

စကားမဆုံးမီ၊ ကားအရှိန်မလျော့မီ မွေးထုံက တွန်းတိုး၍ ဘေးတံခါးမှ ခုန်ချလိုက်တော့သည်။ ဖိုးဇော် လှမ်းဆွဲပေမယ့် မမီလိုက်တော့။

"ကျိုး . . ."

"အား . . ."

"ဟာ . . လုပ်ကြပါဦး၊ လဲကျသွားပြီ"

"အိုး . . . တိုက်ပြီဟာ"

အာမေဋိတ်သံ၊ အော်ဟစ်သံဖြင့် ဆူဆူညံသွားတော့သည်။ နောက်မှ ကားက အရှိန်မထိန်းနိုင်ဘဲ ကြိတ်မိလိုက်ပြီ။ သွေးအိုင်ထဲမှာတော့ လူးလွန့်နေသည့် မွေးထုံ။

စိတ်လိုက်မာန်ပါ ခုန်ဆင်းသူကို အပြစ်တင်သံ၊ အူနုကျွဲခတ်နေသော ရဲနိုင်ကို ရှုံ့ချသံ၊ အနိုင်ယူလိုစိတ်ဖြင့် အကြမ်းဖက်သော နောက်ကားမှ ယာဉ်မောင်းအား ကြိမ်းမောင်းသံ၊ ထိုအသံပေါင်းစုံ ပွက်ပွက်ညံသည့်ကြားမှ မွေးထုံကို ဆွဲယူပွေ့ပိုက် ငိုရှိုက်နေသော ရဲနိုင်၏ အသံကိုတော့ ဘယ်သူမှ မကြားနိုင်တော့ပါ . . .။

မိုးမန်းမှုန်(ရွှေမြည)



www.burmeseclassic.com

www.burmeseclassic.com



# ကြွက်ငယ်တစ်ခု အရင်းပြု

သောင်းညဏ် (ပန်းထော်ကျွန်း)

သိပ္ပံသုတေသီတို့ ကမ္ဘာအနှံ့သို့ လေ့လာကြည့်ကြသောအခါ ကလေးသူငယ်တို့သည် တိရိစ္ဆာန်များအကြောင်းကို ဦးစွာ ပထမ အသိလိုဆုံး ဖြစ်ကြသည်ဟု တွေ့ရှိခဲ့ကြပြီး ဖြစ်သည်ဟူ၍ စာပေများ ဖတ်မှတ်ရာတွင် တွေ့ရှိဖူးပါသည်။ ကလေးသူငယ်တို့သည် ပတ်ဝန်းကျင်တွင် သူတို့နှင့်မတူ တစ်မူထူးခြားစွာ သက်ဝင်လှုပ်ရှား သွားလာနေသော ကြောင်၊ ခွေး၊ ဝက်၊ ကြက်၊ ဘဲ၊ မြင်း၊ ဆိတ်၊ ကြွက်၊ ငှက်၊ အိမ်မြှောင်၊ ပင့်ကူ၊ ပိုးဖလံ စသည်တို့ကို မြင်တွေ့သောအခါ အလွန်စိတ်ဝင်စားကြသည်ကို ကလေးဘဝ ဖြတ်သန်းကြီးပြင်းလာသူ၊ ကလေးမျိုးဆက်များနှင့် အတူ နေထိုင်လာဖူးသောသူတိုင်း သတိပြုမိကြပေမည်။ ကလေးဘဝမှပင် မိမိတို့နေထိုင်ရာ ဝန်းကျင်ရှိ ပိုးမွှားတိရစ္ဆာန်မျိုးစုံ ရှိနေသည်ကို သိမြင်လာရာ ချစ်ခင်နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ်၊ ကြောက်ရွံ့ရှုံ့ရှာဖွယ် စသည်ဖြင့် အမျိုးမျိုး ကွဲပြားစွာ ရှိနေပြန်သည်။ လိပ်ပြာကလေးများ ပန်းဝတ်ရည်ကို ဝဲပျံရှာဖွေ စုပ်ယူနေသည့် အလှကို လူတို့နှစ်သက် ခံစားနိုင်ကြသကဲ့သို့ ယင်ကောင်များ ပျားကောင်များ လူတို့အနီး ပျံဝဲကာ အစာရှာကြသည်ကို မနှစ်သက်နိုင်ကြပေ။ ငှက်ကလေးများ တေးဆိုကာ အစာရှာနေကြလျှင် စပါးနှံ၊ ပဲ၊ ပြောင်းဆန် စသည်တို့ကိုပင် ကျွေးမွေးကြပါသည်။ ကြောင်ကလေးများကို အစာကျွေးကာ မွေးမြူကြသော်လည်း ကြွက်များ လူတို့နေထိုင်ရာသို့ ကျူးကျော်ရောက်ရှိလာသည်ကို မလိုလားနိုင်ကြပေ။ ကြွက်တို့ လူတို့ဝန်းကျင်၌ ရှိနေကြသည်ကို မကြိုက်။ ကြွက်ကိုသဘာဝအလျောက် မလိုလား၊ မနှစ်သက်ကြသော်လည်း ကြွက်ကို လူတို့ အသုံးချမှုများ ရှိနေပါသည်။ ကြွက်သေတစ်ခု အရင်းပြုသည့် ဥပမာစကားသည် အလိုအလျောက်ပေါ်ပေါက်လာသည် မဟုတ်သည်ကို သတိထားမိပါသည်။

သိပ္ပံပညာရှင်များ၊ သုတေသီများသည် လူသားအကျိုးပြု တစ်စုံတစ်ရာ

www.burmeseclassic.com

အတွက် လက်တွေ့စမ်းသပ်ရာ၌ ကြွက်များကို အသုံးချ စမ်းသပ်ကြကြောင်း စာပေများတွင် ဖတ်ဖူးပါသည်။ သိပ္ပံပညာရှင်များတို့သည် ကြွက်ကိုအသုံးချကာ လေ့လာစူးစမ်း ကြည့်ရှုစမ်းသပ်ပြီးသော် ထိုသဘာဝခြင်းရာများကို စိုးမိုးကွပ်ကဲလျက်ရှိသော နိယာမများကို ထုတ်ဖော်တတ်သော ဉာဏ်ပညာစွမ်းရည် ထက်မြက်သည့် ပညာရှင်ကြီးများ ဖြစ်ပါသည်။ သိပ္ပံပညာရှင်များ ကြွက်တို့သဘာဝနှင့် ဆက်စပ်ကာ ကြွက်များဖြင့် အရင်းပြုခြင်းမှာ လူသားများ အကျိုးပြုခြင်းဖြစ်၍ ကြွက်တို့သည် လူတို့နှင့် မကင်းနိုင်သော လူတို့မနှစ်သက်၊ မလိုလားသော ပိုးမွှားတိရစ္ဆာန်များဖြစ်စေကာမူ ကလေးအရွယ်မှစ၍ စိတ်ဝင်စားရာ ပိုးမွှားပေတည်း။

ယနေ့အချိန်တွင် တိရစ္ဆာန်က မိမိစိတ်အာရုံကို ခံစားလှုပ်ရှားစေသည်မှာ ကြွက်သတ္တဝါပင် ဖြစ်နေပါသည်။ လူတို့နေထိုင်ရာဝန်းကျင်၌ လူတို့အား ပြဿနာရှာကာ စိတ်ခံစားလှုပ်ရှားစေနိုင်းမှုများကို ကြွက်တို့ပြုမူနေကြောင်း နေ့စဉ် မြင်တွေ့ကြားသိနေရပါသည်။ မိမိတို့နေထိုင်ရာဝန်းကျင်၌ ကြွက်တို့ ထကြွလှုပ်ရှားမှု အန္တရာယ်ကင်းရာကင်းကြောင်း ကြွက်ကပ်ဆေးဘူးများဖြင့် ထောင်ချောက်ဆင်ကာပြုလုပ်ကြသဖြင့် ကြွက်တို့သည် လူတို့ထောင်ချောက်ဘေးကိုပင် နားလည်သဘောပေါက်လျက် ရှောင်ရှားတတ်လာကြပါသည်။ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသည့် ငါးတန်းနှင့်ပြိုင် မနိုင်ပါဟူသကဲ့သို့ ယနေ့မြို့နေလူတန်းစား အသီးသီးမှာ ကြွက်နှင့်ပြိုင်လျှင် မနိုင်ပါဟု ပြောလိုက်ချင်ပါသည်။

တစ်နေ့တွင် အိမ်ရှေ့တံခါးထောင့်၌ ထားသောအမှိုက်ပုံးတွင် ကြပ်ကြပ်အိတ်ခံထားသဖြင့် တချတ်ချတ်သံပေး၍ ကြွက်ကန္ဒီးလိုက်၍ နိုးလာရပါသည်။ အိပ်ရာမှ တိုးတိတ်စွာထလာပြီး ကြည့်လိုက်ရာ ကြွက်တစ်ကောင်သည် အမှိုက်မရှိသော အိတ်ထဲသို့ ဝင်မွှေနေသည်ကို တွေ့ရာ ချက်ချင်းပင်အိတ်ကိုစုချည်လိုက်ပါသည်။ ညမှောင်၍ စားသောက်ပြီးသော စွန့်ပစ်အမှိုက် အစုံအလင်ကို အမှိုက်ထည့်ရမည့် အမှိုက်ပုံးကြီးရှိရာသို့ သွားရောက်ထည့်ထားပြီးဖြစ်သဖြင့် ကြွက်တို့မှာအစာရှာ မရနိုင်ဖြစ်သဖြင့် အိတ်ခွံတွင် မွှေနှောက်နေခြင်းဖြစ်ပေမည်။ မိမိသည် ကြွက်ကိုချည်ထားသည့် အိတ်ထုပ်အား သံတန်းတွင်တွဲပြီး အနီးရှိထိုင်ခုံ၌ထိုင်ကာ စောင့်ကြည့်နေမိပါသည်။ ဤကြွက်တစ်ကောင်ကို ညှဉ်းပန်းနှိပ်စက်လိုက်သော် မိမိနေထိုင်ရာအိမ်နှင့် ဝန်းကျင်တွင် ကြွက်နှောင့်ယှက်သည့် ပြဿနာ ဆုံးခန်းတိုင်မည် မဟုတ်ပေ။ ဒီတစ်ကောင်မရှိလျှင် နောက်ကြွက်များ ရောက်လာမည်မှာ မလွဲတည်း။ လောက၌ ဖျက်ဆီးနှောင့်ယှက်မှုအန္တရာယ် ပြဿနာပေးတတ်သော သက်ရှိတိုင်းပင် တစ်ဦးတစ်ကောင်ကို တွန်းဖယ်ထုတ်၍ မရနိုင်ပေ။ ကိုယ်တိုင် ချွေးကိုဆီအဖြစ် အသုံးချ၍သော်လည်းကောင်း၊ ဦးနှောက်ကို အရည်ပျော်အောင် ညှစ်ထုတ်၍ ကြံဖတ်ဖြစ်သည်ထိ အသုံးချ၍သော်လည်းကောင်း ရှာဖွေစုဆောင်း ဖန်တီးထားသော ပိုင်ဆိုင်မှု အဆောက်အဦ၊ စားဖွယ်သောက်ရာ၊ အသုံးအဆောင်တို့ကို အဖျက်အဆီး မခံရအောင် စည်းစနစ်ကကျ ထိန်းသိမ်းပြုပြင်စောင့်ရှောက်မှသာ အဖျက်အန္တရာယ်ကို တားဆီးနိုင်မည်ဟု ကြွက်ငယ်တစ်ခု အရင်းပြုလျက် တွေးနေမိပါသည်။

လူဖြစ်စေ၊ ကြွက်ဖြစ်စေ မည်သည့်သတ္တဝါမဆို မိမိနှင့်ဆိုင်ရာ သဘာဝဖြစ်အင်ကို လွှမ်းမိုးပြုပြင်ပေးသော ပတ်ဝန်းကျင်ကို အလေးထား စဉ်းစားတတ်ကြသည်ဟူသော ပညာရှိများ မိန့်ဆိုစကားကို ဖတ်မှတ်ဖူး၍ သတိရလာပါသည်။ ကြွက်တို့သည် လူတို့စွန့်ပစ်ပစ္စည်းများပေါများရာ ဝန်းကျင်ကို လေ့လာလျက် လူတို့ကို နှောင့်ယှက်မှု ပြုလုပ်ကြသည်မှာ သဘာဝဖြစ်အင်ပေတည်း။ လူတို့စွန့်ပစ်ပစ္စည်း၊ အမှိုက်ပေါ်ရာဌာနသည် ကြွက်တို့အဖို့ စတုဒိသာအရပ်တည်း။ လူတို့ထားသိုရာပစ္စည်းများ၊ အဆောက်အဦ၊ ပရိဘောဂ ရှုပ်ပွရာသည် ကြွက်တို့စတည်းချရာ မြေပေါ်မြေအောက် တည်းခိုခန်း၊ ဟိုတယ်များတည်း။ ပိုးမွှားတိရစ္ဆာန်များသည် သဘာဝအလျောက် အလေးထားစဉ်းစားတတ်သော အသိဉာဏ်ရှိကြပါသည်။ လူသည် အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်၍ သတိမထားမိ၊ မဆင်ခြင်မိသော အပြုအမူ လစ်ဟာချက်ကြောင့်သာ ကြွက်တို့ ထိုးနှက်နှောင့်ယှက်ခြင်းနှင့် ကြုံရသည်ဟု၊ မိမိအား ကြွက်နှောင့်ယှက်မှုမှာ မိမိကြောင့်သာ ဖြစ်သည်ဟု ကြွက်ငယ်တစ်ခု အရင်းပြုလျက် တွေးမြင်မိပါသည်။

ယခုနှစ်သည် မိုးမပြတ်မလပ် ရွာသွန်းသော ဥတုရာသီဖြစ်၍ ကြွက်ဘေးအန္တရာယ်များရသည်ဟု ထင်ပါသည်။ ရေမြောင်းများ ပြည့်လျှံအောင် မိုးအဆက်မပြတ် ရွာသွန်းသဖြင့် မြို့တွင်းရေ[illegible] ရေမြောင်းဘေး အုတ်နံရံ အကွဲအအက်များကို တူးဆွ ခိုအောင်းနေကြသော ကြွက်များသည် ရေဘေးဒုက္ခသည်[illegible] အဖြစ် လူတို့နေထိုင်ရာ တိုက်ခန်း[illegible] သို့ ခိုလှုံကြပါသည်။ ကြုံရာတိုက်ခန်း[illegible] ခြေအနေကို လေ့လာပြီး အုတ်နံရံ[illegible] များ၌ဖွဲ့ရှိသော အအက်အကွဲ[illegible] တိုးချဲ့ကိုက်ဖောက်ကာ အခေါင်း[illegible] ထိ ပြုလုပ်ကြသည်။ ထပ်ခိုးရှိသော [illegible] ခန်းများတွင် ထပ်ခိုးနှင့် [illegible] ကြား နေရာကိုသည်း ကစား[illegible] ပြေးလွှားကစား ပျော်[illegible]

www.burmeseclassic.com

သမျှ အမှိုက်များနှင့် အသိုက်အမြုံလုပ်ကာ ပတ်ဝန်းကျင်တွင် လိုက်လျောညီထွေ ရှာဖွေစားသောက် စတည်းချကြပါသည်။ ထိုကဲ့သို့ ကြွက်များနှစ်စဉ် မျိုးပွားလျက်ရှိရာ မြို့တော်ဧရိယာတွင်း မည်မျှများပြားမည်ကို မခန့်မှန်းနိုင်ပေ။ မိမိကြားဖူးသော ပုံပြင်ထဲမှ ကြွက်များကို ခေါ်နိုင်သော ပလွေဆရာ၏ ပလွေသံသာ ယနေ့ချိန်၌ ကြားနိုင်ပါက မြို့တော်အတွင်း မှီတင်းပျော်စံနေကြသော ကြွက်အပေါင်း မြစ်ထဲသို့ ဆင်းကြလျှင် မြစ်ကောနိုင်လောက်သည်ဟု အတွေးပိုကဲမိပါတော့သည်။

ကြွက်ဟူသော အဖျက်သမား မတရားပိုးမွှားတို့သည် သူတို့မှီခိုနေထိုင်ရာ ပတ်ဝန်းကျင်အခြေအနေ မသန့်ရှင်းမှုနှင့် လိုက်လျောညီထွေ ပျော်ပါးမြူးကြွနေထိုင်ကြပြီး မျိုးဆက်တိုးပွား အင်အားများအောင် ကြံဆောင်ပြုမူကြပါသည်။ ဤသို့ ကြွက်တို့သဘာဝကို သတိမူလေ့လာလျက် ကြွက်ပေါရာဝန်းကျင်၌ နေထိုင်ကြသူအပေါင်း မိမိတို့ပိုင်ဆိုင်ရာ အဆောက်အဦ၊ အသုံးအဆောင်၊ အစားအစာ စသည်တို့ကို ပြုပြင်ထိန်းသိမ်း၊ စောင့်ရှောက်လျှက် စည်းကမ်းတကျ အမှိုက်စွန့်ခြင်းများကို နေ့စဉ်မှန်မှန် အလေ့အကျင့် ပြုကြပါလျှင် ကြွက်တို့ နှောင့်ယှက်မှုအန္တရာယ် လျော့ပါးကွယ်ပျောက်နိုင်ဖွယ်ဖြစ်ကြောင်း ကြွက်ငယ်တစ်ခု အရင်းပြုလျက် ကြွက်များသဖွယ် အန္တရာယ်ပြဿနာများ ဖြစ်စေသည့် လူတို့၏ အရေးအရာအဖြာဖြာတို့ အဆင့်ဆင့်လျော့ပါးကွယ်ပျောက် ငြိမ်းချမ်းသော အနာဂတ်ဆီသို့ မျှော်မှန်းတွေးတောမိပါသည်။ နှောင့်ယှက်ဖျက်ဆီးမှု ပြဿနာဆိုသည်မှာ ကြွက်ဟူသည့် ပိုးမွှားအဖျက်သမားအန္တရာယ်သာ လူတို့နေရာဝန်းကျင်၌ ရှိသည်မဟုတ်။ တခြားတစ်ပါးသော လူနေမှုစနစ်၏ စည်းကမ်းမဲ့မှု၊ မဆင်ခြင် မတွေးဆတတ်မှုများကြောင့် တွေ့ကြုံရသည့် ဘေးအန္တရာယ်မျိုးစုံတို့လည်း ရှိကြပေသည်။ မိမိကိုယ်တိုင် ကြွက်ငယ်တစ်ခု အရင်းပြုလျက် ကိုယ်တွေ့ကြုံရ၊ ကြားမြင်သိသမျှ ပြဿနာအထွေထွေတို့ကို အတွေးနယ်ချဲ့မိရာ ကြွက်တို့၏ အဖျက်သမား ပြုမှုခြင်းလုပ်ရပ်သည် မိမိတို့၏ စွန့်ပစ်အမှိုက်၊ မိမိတို့၏ပစ္စည်းအထားအသိုမသေချာမှု၊ ထိန်းသိမ်းသောအကျင့် မရှိမှုတို့ကြောင့် ဖြစ်ရသကဲ့သို့တည်း။

သက်ရှိသတ္တဝါတို့အား ပတ်ဝန်းကျင်သဘာဝ တောတောင်ရေမြေ ရာသီဥတုတို့က လှုပ်ရှားပြုမူစေရန် လေ့ကျင့်ပေးတတ်သည်မှာ သဘာဝတည်း။ ကြွက်တို့၏အဖျက်လုပ်ရပ်ကို လျော့ပါးအောင် နေ့စဉ်မပျက်မကွက် အမှိုက်ကြီးငယ် မကျန် စွန့်ပစ်ခြင်း၊ အသုံးအဆောင်၊ စားဖွယ်စားရာ အဝတ်အထည်တို့ကို သိမ်းဆည်းစောင့်ရှောက်ခြင်း၊ ကြွက်ခိုအောင်းဖောက်ထွင်း တူးဆွနိုင်မည့် လစ်ဟာလျက်ရှိသည့် နေရာတို့ကို ရှာဖွေပြုပြင် ပိတ်ဆို့ခြင်းများကို ပြုလုပ်သောအခါ တစ်ပတ်ဆယ့်ကိုးရက်အတွင်း ကြွက်တို့၏ ပြေးလွှားမြူးထူး ကိုက်ဖောက်မှုများ တိတ်ဆိတ်သွားပါသည်။ လူတိုင်းကိုယ်စီ ကြွက်တို့နှစ်သက်ရာမရှိအောင် ပြုလုပ်ကြပါက ကြွက်ဘေးအန္တရာယ် ကင်းဝေးဖွယ်ကို ဖြစ်နိုင်ပေမည်။ လူတို့၏ စည်းကမ်းရှိမှု၊ စနစ်တကျ ပြုပြင်ဖန်တီး တွေးဆဆင်ခြင် ထိန်းသိမ်းစောင့်ရှောက်မှုသည် အရာရာတွင် အကျိုးခံစားနိုင်ကြောင်း ကြွက်ငယ်တစ်ခု အရင်းပြုရာမှ သိမြင်ရပါသည်။

ကမ္ဘာ့သိပ္ပံပညာရှင်ကြီး နယူတန်သည် မိမိမျက်မှောက်တွင် ပန်းသီးတစ်လုံး အောက်သို့ပြုတ်ကျသည်ကို မြင်ခဲ့ရာမှ ကမ္ဘာမြေကြီး၏ ဆွဲငင်အားနိယာမကို ထုတ်ဖော်ခဲ့ကြောင်း ကမ္ဘာပေါ်ရှိ လူအပေါင်း အသိပင်ဖြစ်ပါသည်။ ပန်းသီးတစ်လုံး ကြွေကျသည်ကို ကြည့်မြင်ရာမှ လူသားအပေါင်း အကျိုးရှိရာ ယနေ့တိုင်မပျောက်ကွယ်သော ပညာရပ် အခွန့်ရှည်ကြာ တည်တံ့စေအောင် တွေးမြင်ကြံဆသည့် ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။ မိမိသည် ထိုပညာရှင်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် ဂါရဝ၊ နိဝါတထားကာ အတွေးပိုမိခြင်းသာ ဖြစ်ပါသည်။ မိမိ၏ ရောက်တတ်ရာရာ အတွေးများနှင့် ကြီးကြီးကျယ်ကျယ် နိုင်းနှိုင်းခြင်းမဟုတ်သည်မှာ အမှန်ဖြစ်ပါသည်။ မိမိသည် ကြွက်ငယ်တစ်ကောင်ကို ဖမ်းဆီးချုပ်နှောင်မိရာမှ အတွေးလွန့်ခြင်းသာ ဖြစ်သည်ဟု ဝန်ခံပါသည်။

ကြွက်တို့သဘာဝအရ ပြုမူကြသည့် အသွင်တူဖြစ်ရပ်များစွာ လူတို့နေထိုင်ရာ ဝန်းကျင်တို့၌ ကမ္ဘာနှင့်အဝှမ်း ရှိကြပါမည်။ ‘ကြွက်ငယ်တစ်ခု အရင်းပြု’၍ သိမြင်တွေ့ရှိရသည်ကဲ့သို့ လက်တွေ့ကျင့်သုံး ပြုပြင်ထိန်းသိမ်းမှုတို့ကို စည်းကမ်းတကျ ညီညွတ်ဆောင်ရွက်ကြပါလျှင်ဟု အတွေးဆန့်မိပါသည်။ မည်သည့် သက်ရှိသတ္တဝါမဆို အပေါင်းအသင်း၊ အသိုက်အဝန်း အစုအအုပ်ဖွဲ့ကာ နေတတ်ကြပေသည်။ အချင်းချင်း ညီညွတ်စွာ လေ့ကျင့်ပြုမူကြပါက ဘေးအန္တရာယ်ဆိုးရွားမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်အင်အား ပြည့်ဝကာ ကောင်းမှုအကျိုး သက်ရောက်စေမည်ဟု တွေးဆယုံကြည်မိပါသည်။

**ဓမ္မာဘိဉာဏ်(ပန်းဆော်ကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သိုးထိန်း

ဗန်းမော်ဇော်လှိုင်

လေကြောင်း ကွပ်ကဲရေး မျှော်စင်မှ ပျံသန်းခွင့် စောင့်စားနေသည့် တိုတောင်းသော အချိန်ကာကလေး ဖြစ်သည်။ ကျွန်တော် လေယာဉ် မောင်းခန်းမှန်ကို ထွင်းဖောက်၍ ဂျာမဏီ၏ ကျေးလက်မြင်ကွင်းကို တစ်ချက်ကြည့်မိသည်။ ဒီဇင်ဘာ လရောင်က ၎င်းကို ဖြူဖြူဖွေးဖွေးနှင့် ကြွရွလှပနေစေသည်။

ကျွန်တော့်နောက်ဘက်တွင် တော် ဝင်လေတပ် အခြေစိုက်စခန်း၏ နယ်နိမိတ် စည်းရိုးက ရှိနေသည်။ ကျွန်တော့်လေယာဉ်ကို ကွေ့ဝိုက်ကာ ပြေးလမ်းပေါ် တင်လိုက်စဉ် ခြံစည်းရိုး အလွန်တွင် နှင်းပြင်ကြီး ဖုံးလွှမ်းနေသည့် ပြန့်ပြူးသော စိုက်ပျိုးမြေကို တွေ့ရသည်။ ၎င်းမြေအပြင်က ထင်းရှူးတောတို့ဆီထိ ဖြန့်ကျက်လျက်ရှိသည်။ ညဉ့်အချိန်၌ပင် နှစ်မိုင်အကွာ အဝေးထိ မြင်ကွင်းမှာ ကြည်လင်လှရာ အပင်တို့၏ အရိပ်ကိုပင် တွေ့မြင်နိုင်သည်။

နားကြပ်ကို ဖောက်ထွင်းဝင်ရောက်လာမည့် လေကြောင်းထိန်း၏ အသံကိုစောင့်စားနေစဉ် ကျွန်တော့် ရှေ့တည့်တည့်၌ လေယာဉ်ပြေးလမ်းက ရှိနေခဲ့ပြီ။ ၎င်းမှာ ချောမွေ့သည့် အနက်ရောင် ဖဲကြိုးတစ်စကဲ့သို့ ဖြစ်၍ တစ်ဖက်တစ်ချက်၌မူ ထိန်ထိန်လင်းနေသည့် မီးတန်းတစ်စုံက ရှိသည်။ စောစောပိုင်းကပင် 'နှင်းရှင်းယာဉ်' ဖြင့် တွန်းရွှေ့ခံထားရသည့် နှင်းထုနှင့် ပြေးလမ်းအဆက်အစပ်ကို မီးရောင်တို့က လင်းလင်းရှင်းရှင်း ပြသနေသည်။ အလင်းရောင်တို့ နောက်၌မူ မာကျောအေးခဲနေသည့် ဖယ်ရှားခံ နှင်းထု အစုအပုံတို့ ရှိသည်။

ကျွန်တော့်ညာဘက် ခပ်လှမ်းလှမ်းတွင် လေကြောင်းထိန်း မျှော်စင်မှာ တောက်ပနေသည့် လေယာဉ် ချိတ်များ အလယ်၌ တစ်စုတည်းသော ထွန်းညှိထားသည့် ဖယောင်းတိုင်ပမာ ဖြစ်သည်။ မျှော်စင်၌မူ နွေးနွေးထွေးထွေး ဝတ်ဆင်ထားကြသည့် ဝန်ထမ်းတို့က ထိုညအဖို့ အလုပ်သိမ်းရန် ယခုပင် ပြင်ဆင်နေကြပြီ။

မျှော်စင်တွင်း၌ အားလုံးက တက်တက်ကြွကြွနှင့် ပျော်ရွှင်နေကြမည်ကို ကျွန်တော်သိသည်။ သူတို့က အလုပ်သိမ်းရန် ကျွန်တော့်လေယာဉ် ပျံသန်းထွက်ခွာဖို့ တစ်ခုတည်းကိုသာ စောင့်စားနေခြင်းဖြစ်သည်။ ပြီးလျှင် အပြေးအလွှား ကားထဲဝင်ကာ စားသောက်ဆောင်ရှိ ပါတီပွဲသို့ သွားကြပေလိမ့်မည်။ ကျွန်တော် ပျံသန်းထွက်ခွာပြီး မိနစ်ပိုင်းအတွင်း မီးများငြိမ်းလိုက်ကြလိမ့်မည်။ ခိုက်ခိုက်တုန်အောင်အေးသည့် ညနေခင်း၌ လေယာဉ် ချိတ်သည့် ချိတ်များနှင့် ဆီဖြည့်သည့်ကားများသာ ကျန်ရစ်တော့မည်။

၎င်းတို့အထက်တွင်တော့ အဖြူနှင့်အနက်ရောင် လေယာဉ်ကွင်း၌ ကွင်းအမည် 'ဆယ်လီ'(CELLE)ကို မော့(စ်)သင်္ကေတဖြင့် တဖျပ်ဖျပ် ဖော်ပြနေမည့် တောက်ပသော အနီရောင်မီးသာ ဆက်လက်ရှိနေပေလိမ့်မည်။ ယနေ့ညအဖို့မူ လေယာဉ်ပျံသန်းမှုတို့ကို စစ်ဆေးကြည့်ရှုမည့် ဝန်ထမ်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ချေ။ ယနေ့ညမှာ မင်္ဂလာရှိသော ၁၉၅၇ ခုနှစ်၏ ခရစ်စမတ် အကြိုညဉ့်ဖြစ်သည်။ ကျွန်တော်က ငယ်ငယ်ရွယ်ရွယ် လေယာဉ်မောင်း (ပိုင်းလော့)တစ်ဦးဖြစ်ပြီး ခရစ်စမတ် ခွင့်ဖြင့် 'ဘလိုက်တီ'(Blighty)ရှိ အိမ်အပြန်ခရီးအတွက် လုံးပန်းနေခြင်းဖြစ်သည်။

ကျွန်တော်က စိတ်စောလျက် ရှိသည်။ လှုပ်ယမ်း၊ ကခုန်နေကြသည့် ဒိုင်ခွက်များရှိရာ ရှေ့ရှိ ယာဉ်မောင်းစင်မှ ခပ်မှိန်မှိန် အပြာရောင်မီး၌ ကျွန်တော့်လက်ပတ်နာရီက ၁၀ နာရီ ၁၅ မိနစ်ကို ပြသလျက်ရှိသည်။ ယာဉ်မောင်းခန်းမှာ နွေးထွေးပြီး သက်

www.burmeseclassic.com

သောင့်သက်သာ ရှိလှသည်။ 'ပါစပက်'မှန်ကို ရေမခဲစေရန် အပူပေးကိရိယာကို အမြင့်ဆုံးထိ တင်ထားခဲ့ပြီး ၎င်းမှာ ပိုးအိမ်ကလေးတစ်ခုလိုဖြစ်နေသည်။ နွေးထွေး လုံခြုံမှုလည်းရှိသည်။ ဤခေါင်းခန်းလေးက တစ်နာရီ မိုင်ခြောက်ဆယ် ရာနှုန်း ပျံသန်းနေသည့် တိုက်လေယာဉ်မှ လေယာဉ်မှူးကို တစ်မိနစ်လောက်အတွင်း သေစေနိုင်သည့် ပြင်ပ ညချမ်းအအေးဒဏ်မှ ကာကွယ်ပေးထားခဲ့သည်။

"ချာလီဒယ်(လ်)တာ"

လေကြောင်းထိန်းအသံက ကျွန်တော့်ပျံ့လွင့်နေသည့် စိတ်အစဉ်ကိုနှိုးကြားစေခဲ့သည်။ သေးငယ်သည့်ယာဉ်မောင်းခန်းလေးထဲ၌ နားကြပ်မှအသံက နားအနီး ကပ်အော်သကဲ့သို့ထင်ရသည်။ သူ့အနေဖြင့် တစ်ဂျား၊ နှစ်ဂျားလောက်တော့ မော့ကုန်ခဲ့ပြီးလောက်ပြီဟု ထင်ရသည်။ ၎င်းမှာ တင်းကျပ်သည့် အမိန့်တို့ကို ချိုးဖောက်ခြင်းဖြစ်သည်။ သို့သော် ဘာအရေးလဲ။ ဒီအချိန်က 'ခရစ်စမတ်အကြိုည'ပင်။

"ချာလီဒယ်(လ်)တာ . . . ကွပ်ကဲရေးစင်"ကျွန်တော်က တုံ့ပြန်ပြောကြားခဲ့သည်။

"ချာလီဒယ်(လ်)တာ . . . လမ်းရှင်းပြီ ပျံတက်တော့"

ပြန်လည်ပြောကြားဖို့ အကြောင်းမမြင်ပါ။ လေယာဉ်စက်ရှိန် မြှင့်တင်သည့် မောင်းတံကို ဘယ်လက်ဖြင့်ရှေ့သို့ ဖြေဖြေးချင်းတွန်းကာ ညာလက်က 'ဗင်ပိုင်ယာ' (Vampire) တိုက်လေယာဉ်ကို ပြေးလမ်းဗဟိုသို့ တည့်တည့်ငြိမ်ငြိမ် ထိန်းကိုင်ထားခဲ့သည်။ ကျွန်တော့်နောက်ဖက်၌မှု 'ဂေါဘလင်' (Goblin)အင်ဂျင်စက်က တဝီဝီမြည်ကာ စက်ရှိန်မြင့်တက်လာခဲ့ပြီးနောက်တွင်တော့ ကျယ်ကျယ်လောင်လောင် မြည်ဟီးသံတစ်ခု ပြုခဲ့သည်။ နှုတ်သီးတိုတိုနှင့် တိုက်လေယာဉ်က အရှိန်နှင့် ပြေးလွှားလာခဲ့သည်။ ပြေးလမ်းတစ်ဖက်တစ်ချက်ရှိမီးတို့က တရိပ်ရိပ်ပြေးလွှားနေရာမှမှုန်ဝါးသွားခဲ့သည်။ လေယာဉ်က ပေါ့ပါးလာသည်။ ဦးက တစ်စိတ်တစ်ပိုင်းကြွတက်လာပြီး ရှေ့ဘီးက ပြေးလမ်းမှ လွတ်သွားခဲ့သည်။ တဝေါဝေါ မြည်သံလည်း ချက်ချင်းပျောက်သွားခဲ့ပြီ။ စက္ကန့်အနည်းငယ်ကြာပြီးနောက်နောက်ဘီးများ ကြွတက်လာပြီး သူတို့၏ ပျော့ပျော့ပျောင်းပျောင်း ရိုက်ခတ်သံလည်း ရပ်ဆိုင်းသွားသည်။

ကျွန်တော်က ဘီးတို့ကို လေယာဉ်ဝမ်းအောက်၌ ထိန်းထားခဲ့ပြီးလေယာဉ်ပြေးနှုန်းကို မြင့်တက်လာစေသည်။ မီတာကို တစ်ချက်ကြည့်လိုက်ရာ လေမိုင် ၁၂၀ ကို ကျော်လွန်ပြီး ၁၅၀ သို့ ဦးတည်နေသည်။ ပြေးလမ်းဆုံးက ကျွန်တော့်ခြေထောက်အောက်မှ လွန်သည်နှင့် လေယာဉ်ကို ညင်ညင်သာသာ ဘယ်ဘက်သို့ ကွေ့ဝိုက်ကာ အထက်သို့တက်ခဲ့သည်။ ဝမ်းအောက်ရှိ ဘီးတို့ကိုလည်း တင်နေကျအတိုင်း ဖြည်းဖြည်းတင်လိုက်သည်။

ကျွန်တော့်အောက် ဘေးဘက်မှ ဘီးများ နေရာတကျ ဖြစ်သွားသည့်အသံကို ချောက်ခနဲ ကြားရသည်။ ဘီးတို့ကြောင့် တုန့်ဆိုင်းထားမှုပျောက်ကွယ်သွားသည်နှင့် လေယာဉ်မှာ ရှေ့သို့ တစ်ဟုန်ထိုး ပြေးသွား

**ထိုအရပ်တို့တွင်**
**မီးရောင်စုံလှလှပပ**
**ထွန်းညှိထားသည့်လမ်းတစ်လျှောက်**
**ခရစ်စမတ်တေးသီသူတို့**
**ရှိနေပေလိမ့်မည်။ သူတို့က**
**သစ်ခက်စိမ်းနှင့်**
**အနီရောင်ဘယ်ရီသီးများ**
**ချိတ်ဆွဲထားသည့်**
**တံခါးတို့ကိုခေါက်၍**
**'ဆိတ်ငြိမ်ညဉ့်' (Silent night)**
**သီချင်းကို သီဆိုကာ**
**အလှူငွေစည်းများစုဆောင်းကြလိမ့်မည်။**

သည်ကို ခံစားရသည်။ ကျွန်တော့်ရှေ့ရှိ ဘီးသုံးလုံးကို ကိုယ်စားပြုသည့်မီးနီသုံးလုံးလည်း ငြိမ်းသွားပြီ။ ကျွန်တော်က လေယာဉ်ကို အထက်သို့ ပျံတက်ခဲ့ပြီး ရေဒီယိုခလုတ်ကို ဘယ်လက်မဖြင့် ဖိထားခဲ့သည်။

"ချာလီဒယ်(လ်)တာ လေယာဉ်ကွင်းမှ ကင်းရှင်းပြီ။ ဘီးတင်ပြီး ချုပ်ထားပြီ" ကျွန်တော်က အသက်ရှူကိရိယာထဲ ပြောခဲ့သည်။

"ချားလီဒယ်(လ်)တာ ရော်ဂျာ လိုင်း'ဒီ'သို့ ပြောင်းပါ" လေကြောင်းထိန်း၏ အသံကိုကြားရပြီး ကျွန်တော် ရေဒီယိုလိုင်းကို 'ဒီ'သို့ မပြောင်းမီ သူက ထပ်လောင်း၍ "ပျော်ရွှင်ဖွယ် ခရစ်စမတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

၎င်းမှာ ရေဒီယို အစီအစဉ်နှင့် ပတ်သက်၍ ဥပဒေများကို လုံးဝချိုးဖောက်ခြင်းဖြစ်သည်။ ယနေ့အဖို့တွင်တော့ အကြောင်းမဟုတ်ပါ။ ကျွန်တော်က အလွန်အမင်းငယ်ရွယ်ပြီး အသိတရားလည်း ကြီးမားနေသေးသည်။ သို့သော်လည်း ကျွန်တော်က ''ကျေးဇူးတင်ပါတယ်။ ခင်ဗျားအဖို့လည်း ပျော်ရွှင်ဖွယ် ခရစ်စမတ်ပါပဲ'' ဟု အကြောင်းပြန်ခဲ့သည်။ ထို့နောက် ကျွန်တော့်ဆက်သွယ်ရေး လေလှိုင်းကို ''တော်ဝင်လေတပ်၏ ဂျာမဏီမြောက်ပိုင်း လေကြောင်းထိန်းသိမ်းရေး''လှိုင်းသို့ ပြောင်းလိုက်သည်။

ကျွန်တော့်ညာဘက် ပေါင်ပေါ်၌မူ ပျံသန်းရမည့်လမ်းကြောင်းပြ မြေပုံကို မင်ပြာဖြင့်ချယ်ကာ ပတ်ထားသည်။ သို့သော်လည်း ကျွန်တော့်အဖို့ ၎င်းကို မလိုအပ်ပါ။ ကျွန်တော်က အသေးစိတ်ကို အလွတ်ရပြီးဖြစ်သည်။ လေကြောင်းပျံသန်းရေး ရုံးအရာရှိဖြင့် စောစောကပင် ဆွေးနွေးပြောဆိုခဲ့ပြီးဖြစ်သည်။ 'ဆယ်လီ' လေယာဉ်ကွင်းပေါ် ရောက်သည်နှင့် ပျံသန်းရာ လမ်းကြောင်းကို ၂၆၅ ဒီဂရီနှင့် အမြင့်ပေ ၂၇၀၀၀ သို့ ဆက်လက်ပျံတက်၊ အမြင့်သို့ရောက်သည်နှင့် လမ်းကြောင်းနှင့် အမြန်နှုန်း ၄၈၅ ရှိ လေမိုင်ကို ထိန်းသိမ်းထားရန်သာဖြစ်သည်။ သူတို့လေကြောင်း နယ်နိမိတ်တွင် ရှိနေကြောင်း သိရှိနိုင်ရန် ရေဒီယိုလှိုင်း 'ဒီ'ဖြင့် ဆက်သွယ်စစ်ဆေးခဲ့ပြီးနောက် မြောက်ပင်လယ် 'ဘီဗီလင်း'(Bevelands)၏ ဒတ်(ချ်) ကမ်းရိုးတန်း တောင်ဘက်အပေါ်မှ တည့်တည့်ပျံသန်းရန်ဖြစ်သည်။ ပျံသန်းချိန် မိနစ်လေးဆယ် ကုန်လွန်ပြီးနောက် လေလှိုင်းကို 'အက်(ဖ်)'သို့ ပြောင်းရွှေ့၍ 'လာကင်ဟစ် ကွပ်ကဲရေးစခန်း'သို့ ဆက်လက်ထိန်းကျောင်းရန် ခေါ်ယူရမည်။ နောက်ထပ် ၁၄ မိနစ် ကြာမြင့်ပြီးလျှင် 'လာကင်ဟစ်' အပေါ်သို့ရောက်ရှိပြီ။ ထို့နောက်တွင်တော့ သူတို့ညွှန်ကြားချက်များကို လိုက်နာရုံသာရှိ ၍ ဆင်းသက်နိုင်ရန် သူတို့က ဆက်သွယ်ပြောဆိုပေလိမ့်မည်။ ပြဿနာမရှိပါ။ အားလုံးမှာ လုပ်ရိုးလုပ်စဉ်အတိုင်းပင် ပျံသန်းချိန် ၆၆ မိနစ်နှင့် ပုံမှန်ဆင်းသက်ရန်အတွက် 'ဗင်ပိုင်ယာ'၌ လေထဲပျံသန်းချိန် ၈၈ မိနစ်စာ လောင်စာဆီ အလုံအလောက် ရှိသည်။

'ဆယ်လီ'လေယာဉ်ကွင်းပေါ် ပေ ၅၀၀၀ အမြင့်၌ ကွေ့ဝိုက်ပျံသန်းပြီးနောက် သံလိုက်အိမ်မြှောင်ပေါ်ရှိ လက်တံကို ကြည့်ရှုလိုက်ရာ ၁၆၅ ဒီဂရီ၌ တည်တည်ငြိမ်ငြိမ် ရှိနေသည်ကို တွေ့ရသည်။ လေယာဉ်ဦးဖျားက ညဉ့်ကောင်းကင်ယံ၏ နက်မှောင်အေးခဲနေသော မျဉ်းကွေးသို့ ဦးတည်နေသည်။ ကောင်းကင်ယံမှာ တောက်ပသည့် ကြယ်တို့ဖြင့် ခြယ်သထားသည်။ ကျွန်တော့်မျက်လုံးတို့ကို ထိုကြယ်တို့မှ အဖြူရောင်မီးက တဖျပ်ဖျပ် ရိုက်ခတ်နေသည်။ အောက်ရှိ အဖြူအမည်း ဂျာမနီမြေပုံမှာ သေးငယ်လာခဲ့သည်။ နက်မှောင်သည့် ထင်းရှူးတောတို့မှာ ကျယ်ပြောသည့် ကွင်းမြေတို့၏ အဖြူရောင်နှင့် ရောယှက်သွားခဲ့ပြီ။ ဟိုနေရာ သည်နေရာ၌ ရွာတစ်ရွာ သို့မဟုတ် မြို့ငယ်တစ်မြို့က မီးရောင်တို့ဖြင့် တလက်လက် တောက်ပနေသည်။ ထိုအရပ်တို့တွင် မီးရောင်စုံ လှလှပပထွန်းညှိထားသည့် လမ်းတစ်လျှောက် ခရစ်စမတ်တေးသီသူတို့ ရှိနေပေလိမ့်မည်။ သူတို့က သစ်ခက်စိမ်းနှင့် အနီရောင် ဘယ်ရီသီးများ ချိတ်ဆွဲထားသည့် တံခါးတို့ကိုခေါက်၍ 'ဆိတ်ငြိမ်ညဉ့်'(Silent night)သီချင်းကို သီဆိုကာ အလှူပစ္စည်းများ စုဆောင်းကြလိမ့်မည်။ 'ဝက်(စ်)ပါးလီးယန့်'အိမ်သူတို့က ဝက်ပေါင်ခြောက်နှင့် ငန်းတို့ကို ပြင်ဆင်နေကြလိမ့်မည်။

ရွှေ့မိုင်လေးရာ၌လည်း ထိုနည်းတူပင် ဖြစ်လိမ့်မည်။ ခရစ်စမတ်တေးတို့မှာ ကျွန်တော့်ဘာသာစကားနှင့်ဖြစ်မည်။ သို့သော် သံစဉ်အများစုမှာမူ အတူတူပင်။ ငန်းတို့အစား ကြက်ဆင်များ ဖြစ်မည်။ သို့သော်လည်း ၎င်းကို 'ဝိန်းနတ်(ချ်)'ဟု ခေါ်ခေါ် သို့မဟုတ် 'ခရစ်စမတ်'ဟုခေါ်ခေါ် မည်သို့ပင်ခေါ်စေ ခရစ်စမတ်ကမ္ဘာ၌မူ အတူတူပင်ဖြစ်သည်။ သည့်အချိန် အိမ်ပြန်ဖို့ဖြစ်ရသည့်မှာလည်းကောင်းခြင်းဖြစ်သည်။

'လာကင်ဟစ်'(Laken heath) မှ 'လန်ဒန်'သို့ ခရီးဝေးပြေးဆွဲသည့် ဘက်(စ်)ကားတစ်စီးနှင့် လိုက်ပါနိုင်မည်ကို ကျွန်တော်သိပြီး ဖြစ်သည်။ ၎င်းကားမှာ သန်းကောင်ယံ လွန်ခါစ၌ ထွက်ခွာပေလိမ့်မည်။ လန်ဒန်မှ မိဘများအိမ်ရှိရာ 'ကင့်'(Kent)သို့လည်း ကားတစ်စီး စီးရလိမ့်မည်ဟု ယုံကြည်သည်။ နံနက်စာ စားချိန်၌မူ မိသားစုဖြင့် ပွဲတော်ကို ဆင်နွှဲနိုင်ပေလိမ့်မည်။ အမြင့်ပြမီတာမှ ပေ ၂၇၀၀၀ ကို ပြသလျက်ရှိသည်။ ကျွန်တော်က လေယာဉ် အမြန်နှုန်းကို အနည်းငယ် လျှော့ချလိုက်ပြီး လေမိုင် ၄၈၅၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ၂၆၅ ဒီဂရီ၌ ထိန်းထားလိုက်သည်။ ကျွန်တော့်အောက် မှုန်ဝါးဝါး၌မူ ဒတ်(ချ်)နယ်စပ်က ဖြည်းဖြည်းချင်း ဝေးကွာစပြုပြီ။ ပျံသန်းချိန်မှာ ၂၁ မိနစ် ရှိခဲ့ပြီ။ ပြဿနာမရှိ။

ပြဿနာမှာ မြောက်ပင်လယ်ပေါ်ရောက်ပြီး ဆယ်မိနစ်အကြာ၌ စတင်ခဲ့သည်။ မိနစ်အတော်ကြာ ကျွန်တော့်မှာ ပြဿနာတစ်စုံတစ်ရာ လုံးဝရှိနေကြောင်း သတိမပြုမိ။ ၎င်းက အလွန်တိတ်ဆိတ်စွာ အစပျိုးခဲ့သည်။

နားကြပ်မှတဆင့် ကျွန်တော့်နားထဲ တိုးတိုးညင်းညင်းဝင်နေသော အသံတစ်ခု အချိန်အနည်းငယ်မျှ ရပ်ဆိုင်းသွားသည်ကို ကျွန်တော် သတိမပြုမိ။ လုံးဝတိတ်ဆိတ်မှုက ၎င်းကို အစားထိုး ဝင်ရောက်ခဲ့သည်။ ကျွန်တော်က အာရုံစူးစိုက်ရန် ပျက်ကွက်ခဲ့သည်။ စိတ်အတွေးတို့မှာ အိမ်နှင့် စောင့်စားနေသည့် မိသားစုထံ ရောက်နေခဲ့သည်။ ပထမဆုံး သိသည့်အချိန်မှာ ကျွန်တော်ပျံသန်းရာ လမ်းကြောင်းအတွက် လမ်းပြအိမ်မြှောင်ကို ကြည့်မိသည့်အခါ ဖြစ်သည်။ ၂၆၅ ဒီဂရီ၌ တည်တည်ငြိမ်ငြိမ်လေး လှုပ်ယမ်းနေရမည့်အစား ညွှန်တံက ဒိုင်ခွက်တဝှန်း ပျင်းပျင်းရိရိ ပြေးလွှားနေခဲ့သည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်တဝှန်း အပတ်ပြည့် လည်လျက်။

ကျွန်တော်က လမ်းပြအိမ်မြှောင်ကိုကြည့်ကာ အလေ့အထမရှိသည့် စိတ်ခံစားချက် တစ်ခုဖြင့် ကျိန်ဆဲမိသည်။ ကိရိယာကို တပ်ဆင်သူက တစ်ရာရာနှုန်း သေချာအောင် စစ်ဆေးရမည်ဖြစ်သည်။ လရောင်ထိန်ထိန်လင်းသည့် ညဉ့်မျိုး၌ပင်ဖြစ်စေ၊ ဤလိုလေယာဉ်ခေါင်းခန်းတွင်း ရှိနေသူတစ်ဦးအဖို့ လမ်းပြအိမ်မြှောင် ယိုယွင်းခြင်းမှာ အသေးအဖွဲမဟုတ်ပါ။ သို့သော်လည်း အလွန်တရာတော့ ယခုအချိန်အထိ အရေးမကြီးလှသေး

**တုန်လှုပ်ခြောက်ခြားမှုက မြင့်မားလာနေသည်။ ၎င်းအချက်က ပိုင်းလော့တစ်ယောက်ကို အခြားအရာတို့ထက် အလျင်အမြန် သေစေနိုင်သည်။ ကျွန်တော်က မျိုသိပ်လိုက်ပြီး တစ်မှ တစ်ဆယ်အထိ ဖြည်းဖြည်းချင်း ရေတွက်နေခဲ့သည်။**

ပါ။ ၎င်းမှာ အပိုအိမ်မြှောင်တစ်ခု အဆင်သင့်ရှိသေးသည်။ ၎င်းမှာ အရက်ပုံ အမျိုးအစားဖြစ်သည်။ သို့သော်လည်း ၎င်းကို ကွက်ခနဲ တစ်ချက်ကြည့်လိုက်ရာ ၎င်းမှာလည်း ကောင်းကောင်းအလုပ်မလုပ်ဟု ထင်ရသည်။ ညွှန်တံက ဆိုးဆိုးဝါးဝါး လှုပ်ယမ်းလျက်ရှိသည်။ ထင်ရှားသည့်အချက်မှာ တစ်စုံတစ်ခုက ပြဿနာကို ဖန်တီးနေပြီ။ ၎င်းမှာ ဖြစ်လေ့ဖြစ်ထ မဟုတ်ပါ။ ပြဿနာတစ်စုံတစ်ခု ကြုံခဲ့လျှင် ကျွန်တော့်အနေဖြင့် 'လာကင်ဟာစ်'သို့ မိနစ်အနည်းငယ်အတွင်း ခေါ်နိုင်သည်။ သူတို့အနေဖြင့် ကျွန်တော့်ကို 'မြေပြင်အထိန်းချုပ်ခံ ချဉ်းကပ်မှု'(Ground Controlled Approach) (ဂျီ၊ စီ၊ အေ)ကို ပေးလိမ့်မည်။ ၎င်းမှာ ကိရိယာအပြည့်အစုံ တပ်ဆင်ထားသည့် လေယာဉ်ကွင်းတစ်ခုမှ အဆိုးဆုံး ရာသီဥတုတို့၌ပင် လေယာဉ်မောင်းတစ်ဦးအား အပြန်ခရီးအတွက် ညွှန်ကြားချက်များ စက္ကန့်တိုင်း၌ ပေးနိုင်သည်။ အဆင့်မြင့် တိကျသော ရေဒါဖန်သားပြင်တို့ဖြင့် တိုးတက်ဖြစ်ပေါ်မှုတို့ကို ခြေရာခံ၍ လေယာဉ်ဆိုက်ကပ်မည့် နေရာထိ ပျံသန်းဆင်းသက်မှု တစ်လျှောက်လုံးကို စောင့်ကြည့်နေမည်ဖြစ်၏။ ကောင်းကင်ယံရှိနေစဉ်လည်း စက္ကန့်တိုင်း၊ ရွေ့လျားမှုတိုင်း၌ တည်နေရာကို စူးစမ်းနေမည်ဖြစ်သည်။ ကျွန်တော့်နာရီကို တစ်ချက်ကြည့်လိုက်ရာ ပျံသန်းချိန် ၃၄ မိနစ် ရှိပြီဖြစ်သည်။ ကျွန်တော့်အနေဖြင့် 'လာကင်ဟာစ်'ကို ယခုအချိန်၌ တပ်လှန့်နိုင်ပြီ။ ၎င်းမှာ ရေဒီယိုဆက်သွယ်ရေး ပြင်ပ၌မူ ရှိနေသေးသည်။

'လာကင်ဟာစ်'သို့ ဆက်သွယ်ဖို့ မကြိုးစားမီ လေလှိုင်း'ဒီ'သို့ အကြောင်းကြားရန်မှာ မှန်ကန်သည့်နည်းလမ်းဖြစ်သည်။ ၎င်းကို ကျွန်တော့်အသေးအဖွဲပြဿနာတစ်ခုအတွက် စမ်းသပ်ဖမ်းယူနိုင်သည်။ သူတို့အနေဖြင့် 'လာကင်ဟာစ်'သို့ လမ်းပြအိမ်မြှောင်မပါဘဲ ကျွန်တော့်အနေဖြင့် ပျံသန်းလာနေကြောင်း ကြိုတင်အသိပေးနိုင်သည်။ ကျွန်တော်က အသံလွှင့်ခလုတ်ကို လိုက်ပြီး 'ဆယ်လီ၊ ချာလီ၊ ဒယ်(လ်)



www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဆယ်လီ၊ ချာလီ၊ ဒယ်(လ်)တာ၊ မြောက်ဘီဗွီလင်းကွပ်ကဲရေး''ဟု ခေါ်ခဲ့သည်။

ကျွန်တော် ရပ်ဆိုင်းခဲ့ရသည်။ ဆက်လက်ခေါ်နေစရာ အကြောင်းမရှိပါ။ နှစ်လိုဖွယ် တည်ငြိမ်ပြတ်သားသည့်အသံက ကျွန်တော့်နားထဲ ပြန်ရောက်လာရမည့်အစား ကျွန်တော့်အောက်ဆီဂျင် အသက်ရှူကိုယ်ထဲ၌ ညည်းတွားသံသဲ့သဲ့ကိုသာ ကြားခဲ့ရသည်။ ကျွန်တော့်ကိုယ်ပိုင် အသံကပြောနေသည်။ ဘယ်ကိုမှုမရောက်ပါ။ ထပ်မံ ကြိုးစားကြည့်သေးသည်။ ရလဒ်မှာ အတူတူပင်။ ကျွန်တော့်နောက် အဝေးဆီ နက်မှောင်အေးချမ်းလှသည့် မြောက်ပင်လယ်အလွန်ရှိ 'မြောက်ဘီဗွီလင်းလေကြောင်း ကွပ်ကဲရေး'ကွန်ကရစ် အဆောက်အအုံထဲ၌ ဝန်ထမ်းတို့က ဆက်သွယ်ရေးစင်မှ နောက်လှမ်းလှမ်း၌ ထိုင်ကာ အငွေ့တထောင်းထောင်း ကော်ဖီနှင့် 'ကိုကာ'သောက်ပြီး စကားကောင်းနေကြလိမ့်မည်။ သူတို့က ကျွန်တော့်ခေါ်သံကို မကြားနိုင်ပါ။ ရေဒီယို အဆက်အသွယ်က လုံးဝ ချုပ်ငြိမ်းသွားခဲ့ပြီ။

တုန်လှုပ်ခြောက်ခြားမှုက မြင့်မားလာနေသည်။ ၎င်းအချက်က ပိုင်းလော့တစ်ယောက်ကို အခြားအရာတို့ထက် အလျှင်အမြန် သေစေနိုင်သည်။ ကျွန်တော်က မျိုသိပ်လိုက်ပြီး တစ်မှတစ်ဆယ်အထိ ဖြည်းဖြည်းချင်း ရေတွက်နေခဲ့သည်။ ထို့နောက် ရေဒီယိုလှိုင်းကို 'အက်(ဖ်)'သို့ ပြောင်းပြီး 'လာကင်ဟာစ်'ကို တပ်လှန့်ရန် ကြိုးစားခဲ့သည်။ ကျွန်တော့်ရှေ့ 'ဆဖ်ဖောက်'(Suffolk) ကျေးလက်ဒေသဗဟို 'သက်ဖို့ဒ်'ဒေသ တောင်ဘက်ရှိ ထင်းရှူးတောထဲ၌ လှလှပပ တပ်ဆင်ထားသည့် ဂျီ၊ စီ၊ အေ စနစ်က ရှိနေသည်။ ၎င်းစနစ်က လမ်းပျောက်နေသည့် လေယာဉ်ကို အိမ်အပြန် လမ်းညွှန်နိုင်သည်။ လေလှိုင်း 'အက်(ဖ်)'မှာလည်း ထာဝရချုပ်ငြိမ်းနေခဲ့ပြီ၊ အောက်ဆီဂျင် အသက်ရှူကိရိယာထဲ ကျွန်တော့်ကိုယ်ပိုင် တီးတိုးရေရွတ်သံကိုဝန်းရံထားသည့် ရာဘာတို့ကသာ လွှမ်းခြုံပျောက်ကွယ်သွားစေခဲ့သည်။ လေချွန်သံကဲ့သို့ မှန်မှန်မြည်နေသော နောက်ဘက်ရှိ ဂျက်အင်ဂျင်စက်သံက ကျွန်တော်၏ တစ်ခုတည်းသော အဖြေဖြစ်သည်။

၎င်းမှာ အလွန်တရာ အထီးကျန်သည့် နေရာတစ်ခု ဖြစ်သည်။ ထိုထက် ပိုပြောရလျှင် ဆောင်းရာသီညဥ့်တစ်ခုရှိ ကောင်းကင်ပြင်ဖြစ်သည်။ တစ်ယောက်မောင်း ဂျက်တိုက်လေယာဉ်လေးမှာ အထီးကျန်အိမ်ကလေးတစ်လုံးသာ ဖြစ်သည်။ တိုတောင်းပြီး ကူထဲသည့် တောင်ပံတို့က သံမဏိ သေတ္တာငယ်လေးတစ်လုံးကို အမြှင့်တွင် ပင့်တင်ထားခဲ့သည်။ စက္ကန့်တိုင်း၌ မြင်းကောင်ရေ ခြောက်ထောင်အင်အားရှိ တောက်ပသော ပြွန်ချောင်းလေးတစ်ခုက ဟင်းလင်းပြင်ကို ဖြတ်သန်းထိုးဖောက်ကာ ရွေ့လျားလျက်ရှိသည်။ သို့သော်လည်း အထီးကျန်ဆန်ခြင်း ဆိုသည်မှာ လွဲချော်သည့်အတွေးသာ ဖြစ်သည်။ ချောက်ပစ်လိုက်။

အသိအမြင်အရ စက်ရှိန်မြင့်သည့် မောင်းတံပေါ်ရှိ ခလုတ်တစ်ခုကို ထိရုံမျှဖြင့် ပိုင်းလော့တစ်ယောက်အနေဖြင့် အခြားလူသားတို့ကို ထိတွေ့နိုင်သည်။ သူ့ကို ဂရုပြုညှိသူများ ကမ္ဘာတစ်ဝန်း ကွန်ယက်စခန်းများရှိ ဝန်ထမ်းအမျိုးသား အမျိုးသမီးများ ဖြစ်သည်။ အသံလွှင့်ခလုတ်ကို တစ်ချက်ထိလိုက်ရုံမျှဖြင့် အကူအညီခေါ်သည့် သူ၏လေလှိုင်းကို ဖမ်းယူနေသည့် မြေပြင်တစ်လွှားရှိ လေကြောင်းထိန်း မျှော်စင်တို့က ကြားနိုင်ကြသည်။ ပိုင်းလော့က ဆက်သွယ်ခေါ်ယူသည့်အခါ မျှော်စင်တို့မှ ဖန်သားပြင်တစ်ခုခုပေါ်တွင် အလင်းလှိုင်းတစ်ခုခုက ဗဟိုမှ အပြင်စက်ဝိုင်းသို့ အလျှင်အမြန် ရွေ့ရှားလျက်ရှိသည်။ ၎င်းစက်ဝန်းကို သုညမှ သုံးရာ့ခြောက်ဆယ်အထိ မျဉ်းစိပ်များ ခွဲထားသည်။ ထိုဖန်သားပြင်ပေါ်တွင် အလင်းရောင်အစင်းကြောင်းက စက်ဝိုင်းကို ရိုက်ခတ်ခဲ့လျှင် ထိုနေရာမှာ နားထောင်နေသည့် မျှော်စင်နှင့် လေယာဉ်တည်ရှိရာနေရာ အဆက်အစပ် ဖြစ်သည်။ လေကြောင်းထိန်း မျှော်စင်တို့မှာ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားကြသည်။ ထို့ကြောင့် ဖြတ်သန်းနေသည့် တည်နေရာ နှစ်ခုအားဖြင့် သူ၏ တည်ရှိရာကို ကိုက်ရာဂဏန်း အနည်းငယ်အတွင်း သူတို့ တိတိကျကျရှာဖွေတွေ့ရှိနိုင်သည်။ သူ့အနေနှင့် ထပ်မံပျောက်ဆုံးရန် အကြောင်းမရှိတော့ချေ။ ထိုသူတို့က လေယာဉ်ကို ဆင်းသက်ဖို့ စီမံနိုင်ကြသည်။

ရေဒါ အော်ပရေတာတို့က ဖန်သားပြင်တို့အပေါ် သူတို့လုပ်ခဲ့သည့် အစက်ကလေးတစ်စက်ကို အခြားအစက်အပြောက်များ အားလုံးအနေ

www.burmeseclassic.com

မှ ရွေးချယ်ယူနိုင်သည်။ ပိုင်းလော့ကို ဆက်သွယ်ခေါ်ယူကာ ညွှန်ကြားချက်များလည်း ပေးနိုင်သည်။ “ခင်ဗျား ခုချိန်ကစတင်ပြီး ဆင်းသက်နိုင်ပြီ။ ချာလီဒယ်(လ်)တာ။ ခင်ဗျားကို ခုချိန်မှာ တွေ့ပါပြီ”နွေးထွေးပြီး အတွေ့အကြုံရင့်ကျက်သည့် အသံများဖြစ်သည်။ ထိုအသံတို့က အီလက်ထရောနစ်ပစ္စည်း တသီတတန်းကြီးကို ထိန်းချုပ်နိုင်သည်။ ထိုပစ္စည်းတို့က ဆောင်းရာသီကောင်းကင်ပြင်၏ ရေခဲနှင့် မိုးပေါက်နှင်းနှင့် တိမ်ထုအထက်ထိ ထိုးဖောက်ဖြတ်သန်းကာ ရောက်ရှိနိုင်ပြီး အဆုံးအစမရှိ ပျောက်ဆုံးနေသည့် လေယာဉ်တစ်စီးကို ဆွတ်ချူနိုင်သည်။ ၎င်းကို မီးထိန်ထိန်လင်းသည့် ပြေးလမ်းပေါ်အရောက် ပြန်လည်ယူဆောင်ပေးလိမ့်မည်။ ၎င်းပြေးလမ်းမှာ သူ့အိမ်နှင့် သူ့အသက်ဟုဆိုလိုသည်။

ပိုင်းလော့က သတင်းပို့သောအခါ။ သို့သော် ထို့အတွက် သူ့ဆီမှာ ဆက်သွယ်ရေး ရေဒီယိုစက်တစ်လုံး ရှိရမည်။ ကျွန်တော့်အနေနှင့် နိုင်ငံတကာအရေးပေါ်လေလှိုင်း‘ဂျေ’ကို စမ်းသပ်လို့ မပြီးမီပင် တူညီသော အနုတ်လက္ခဏာဆောင်သည့် ရလဒ်ကိုသာ ရရှိခဲ့သည်။ ကျွန်တော့်လေလှိုင်းဆယ်ခုပါ ရေဒီယိုစက်မှာ ပျံသန်းခြင်းမရှိသည့် ငှက်ကဲ့သို့ သေဆုံးခဲ့ပြီ။

အာရ်အေအက်(ဖ်)အနေဖြင့် သူတို့လေယာဉ်များကို ပျံသန်းရန် နှစ်နှစ်တာ အချိန်ယူ လေ့ကျင့်သင်ကြားပေးခဲ့သည်။ အချိန်အများစုမှာ အရေးပေါ်အခြေအနေတို့အတွက် လုပ်ထုံးလုပ်နည်းတို့ကို တိတိကျကျ လေ့ကျင့်ပေးခြင်းအားဖြင့် ကုန်ဆုံးစေသည်။ ပျံသန်းလေ့ကျင့်ရေးကျောင်း၌ ပြောလေ့ပြောထရှိသည်မှာ အရေးကြီးသည့်အချက်က အခြေအနေအရပ်ရပ်အားလုံး ပုံမှန်ဖြစ်နေစဉ် မည်သို့ပျံသန်းရမည်ကို သိစရာမလို။ အရေးပေါ်အခြေအနေကို ဖြတ်ကျော်ပျံသန်းပြီး အသက်ရှင်နေရန်အတွက်သာ ဖြစ်သည်။ ယခုအချိန်တွင်တော့ လေ့ကျင့်သင်ကြားပေးမှုက စတင် အကျိုးသက်ရောက်ချေပြီ။

ကျွန်တော့်အနေဖြင့် ရေဒီယိုလှိုင်းတို့ကို အချည်းနှီး စမ်းသပ်နေစဉ် မျက်လုံးတို့က ရှေ့ရှိ ကိရိယာတို့ တပ်ဆင်ထားသည့် စင်ကို လေ့လာကြည့်ရှုနေမိသည်။ ကိရိယာတို့က သူတို့ကိုယ်ပိုင် သတင်းစကားတို့ကို ပြောနေသည်။ လမ်းပြအိမ်မြှောင်နှင့် ရေဒီယိုအတူတကွ ပျက်ယွင်းခြင်းမှာ တိုက်ဆိုင်မှု မဟုတ်ပါ။ နှစ်ခုစလုံး အလုပ်မလုပ်ခြင်းမှာ လျှပ်စစ်ပတ်လမ်းများ ချို့ယွင်းမှုကြောင့် ဖြစ်သည်။ ကျွန်တော့်ခြေထောက်အောက် တစ်နေရာရာ လျှပ်စစ်ပတ်လမ်းများကို ဖွဲ့စည်းထားသည့် တောက်ပြောင်သော ဝါယာကြိုး မိုင်ပေါင်းများစွာ အလယ်၌ အဓိက ‘ဖြူစ်’တစ်ခု လောင်ကျွမ်းသွားခြင်းဖြစ်သည်။ ကျွန်တော်က လူမိုက်တစ်ယောက်ကဲ့သို့ ကိရိယာတပ်ဆင်သူကို ခွင့်လွှတ်ဖို့နှင့် လျှပ်စစ်ပညာရှင်ကို အပြစ်တင်ဖို့ သတိပေးမိသည်။ ထို့နောက် သဘာဝဘေးဆိုး အစုအပုံကို ကျွန်တော့်ဘာသာ ခံယူခဲ့သည်။

လေ့ကျင့်ပျံသန်းရေး ဆရာကျင်လူအိုကြီး ‘နောရစ်’ပြောစကားကို သတိရမိသည်။ ထိုသို့ အရေးကိစ္စအတွက် ပထမဆုံးပြုလုပ်ရမည့် အရာမှာ လေယာဉ်ကို ပုံမှန်ပျံသန်းနေသည့် အမြန်နှုန်းမှ နိမ့်ကျသည့် အဆင့်တစ်ခုသို့ လျှော့ချရန်ဖြစ်သည်။ လောင်စာဆီကို အမြင့်ဆုံးပျံသန်းချိန် ရရှိနိုင်ရန်ဖြစ်သည်။

“ငါတို့အနေနဲ့ တန်ဖိုးရှိတဲ့ဆီကို အလဟဿ အဖြစ်မခံနိုင်ဘူး။ ဟုတ်သလား လူကြီးမင်းတို့။ နောင်တစ်ချိန် ဒီဆီက လိုကောင်းလိုလာမယ်။ ဒါကြောင့် စွမ်းအင်ကို တစ်မိနစ် စက်ပတ်ရေ ၁၀၀၀၀ ကနေ ၇၂၀၀ ထိ လျှော့ချရမယ်။ ဒီနည်းနဲ့ ငါတို့ ခပ်ဖြည်းဖြည်း ပျံသန်းနေလိမ့်မယ်။ ဒါပေမယ့် လေထဲမှာတော့ အတော်အသင့်အချိန်ကြာကြာ ပိုပြီးနေနိုင်လိမ့်မယ်။ ဟုတ်တယ်မဟုတ်လား လူကြီးမင်း”

တစ်ချိန်တည်းမှာပင် အရာရာတိုင်းက အရေးပေါ် အခြေအနေ ဖြစ်နေသည်ကို ကျွန်တော်တို့အား သူက ကိုးကားပြောဆိုခဲ့သည်။ ထိုသူမှာ ဆရာကျင်‘နောရစ်’ပင်။ ကျွန်တော်က လောင်စာဆီကို အနည်းငယ် လျှော့လိုက်ပြီး စက်ပတ်ရေပြဒိုင်ခွက်ကို စောင့်ကြည့်နေခဲ့သည်။ ၎င်းက သူ့ကိုယ်ပိုင် လျှပ်စစ်ထုတ်စက်ဖြင့် အလုပ်လုပ်နေသည်။ ကျွန်တော့်အနေဖြင့် အနည်းဆုံး ၎င်းကိုတော့ မဆုံးရှုံးခဲ့ပါ။ ‘ဂေါ်ဘလင်’အင်ဂျင်က အပတ်ရေ ၇၂၀၀ တိုင် ကျဆင်းလာသည်ကို ကျွန်တော်စောင့်စားနေခဲ့သည်။ လေယာဉ်နှေးကွေးလာသည်ကို ခံစားမိသည်။ လေယာဉ်ဦးဖျားက အနည်းငယ် မြင့်တက်လာခဲ့သည်။ ကျွန်တော်က လေယာဉ်ကို တစ်ပြေးညီ ဖြစ်နေစေရန် ညှိခဲ့သည်။

www.burmeseclassic.com

**မြောက်ပင်လယ်အတွင်း ဆောင်းတစ်ညဉ့် မြူပ်ချည်၊ ပေါ်ချည်ဖြင့် အေးခဲနေသည့်မျက်နှာကို သုညအောက် အပူရှိန်လေက ရိုက်ခတ်လျက်ရှိမည်။ အဝါရောင် သက်ကယ်အင်္ကျီတစ်ခု၏ ကူပံ့မှုဖြင့်သာ နှုတ်ခမ်း၊ မျက်ခုံး၊ နားတို့ကို ရေခဲလွှာက ဖုံးလွှမ်းလျက်ရှိမည်။**

ပိုင်းလော့ မျက်လုံးရှေ့ အဓိက ကိရိယာတို့မှာ ခြောက်ခုဖြစ်သည်။ လမ်းပြအိမ်မြှောင် အပါအဝင်ဖြစ်၏။ အခြားငါးခုမှာ လေမိုင်ဖြင့် အမြန်နှုန်းပြကိရိယာ၊ အမြင့်ပြမီတာ၊ ဒေါက်လိုက် မြန်နှုန်းပြကိရိယာ၊ ဘယ်ညာ အရွေ့ပြ ကိရိယာ(bank indicator) နှင့် လွှင့်မျှောပြကရိယာ(slip indicator)တို့ ဖြစ်သည်။ ထိုကိရိယာတို့အနက် နှစ်ခုမှာ လျှပ်စစ်စွမ်းအင်ဖြင့် အလုပ်လုပ်သည်။ ထိုကိရိယာ နှစ်ခုမှာလည်း အိမ်မြှောင်ကဲ့သို့ပင် နိဂုံးချုပ်လေပြီ။ ၎င်းအချက်က ဖိအားဖြင့်-အလုပ်လုပ်သည့် ကိရိယာသုံးခုသာ ကျွန်တော့်အဖို့ ကျန်ရှိတော့သည်။ တစ်နည်းအားဖြင့် မည်မျှမြန်မြန် မည်သည့်အမြင့်နှင့် ဦးစိုက်ဆင်းနေသလော၊ တက်နေသလောဆိုသည်ကိုသာ ကျွန်တော် သိနိုင်တော့သည်။

လေယာဉ်တစ်စင်းကို ဤကိရိယာ သုံးခုတည်းဖြင့် အမှန်တကယ် ဆင်းသက်ရန် ဖြစ်နိုင်သည်။ ကျန်ရှိသည်ကို ရှေးဟောင်းလေကြောင်း အကူအညီတို့ဖြင့် ချင့်ချိန်ဆုံးဖြတ်နိုင်သည်။ ၎င်းမှာ လူသား၏ မျက်လုံးတို့ ဖြစ်သည်။ ၎င်းမှာ ကြည်လင်သည့် ရာသီဥတု၊ နေသာသည့် နေ့ခင်းနှင့် အတူ တိမ်ကင်းစင်သည့် ကောင်းကင်ယံတို့ ဖြစ်ဖို့လိုသည်။ ဖြစ်နိုင်ခြေရှိသည်။ ဖြစ်နိုင်ခြေရှိသည် ဆိုရုံမျှသာ။ သို့သော် တစ်ဟုန်ထိုး ရွေ့လျားနေသည့် ဂျက်လေယာဉ်တစ်စီးကို ချင့်ချိန်တွက်ဆရုံဖြင့် ပျံသန်းမောင်းနှင်ရန် ကြိုးစားဖို့ မျက်လုံးသက်သက်တို့ကိုသာ အသုံးပြု၍ အလွယ်တကူ သိရှိနိုင်သည့် ကမ်းရိုးတန်းအကွေ့အကောက် ပုံစံတို့ကို မှတ်မိဖို့ကြည့်ရုံမျှဖြင့် ၎င်းမှာ 'အောစ်'(Ouse)၊ သို့မဟုတ် 'ထရင်'(Trent)၊ သို့မဟုတ် 'သိမ်း(စ်)'(Thames)ဖြစ်ကြောင်း ပေါင်ပေါ်ပတ်ထားသည့် မြေပုံက ပြောနိုင်ရုံ မြစ်တစ်စင်း၏ တောက်ပမှုကို သတိပြုမိရုံဖြင့်မူ ပျံသန်းဆင်းသက်ရန် အကြံမပြုလိုပါ။ အောက်ဘက်၌မူ 'လင်ကွန်း ဘုရားရှိခိုးကျောင်းမျှော်စင်'ကို 'နော ဝစ်(ချ်)ဘုရားရှိခိုးကျောင်းမျှော်စင်'နှင့် ခွဲခြားသိနိုင်သည်။ သင့်အနေဖြင့် ကျေးလက်ဒေသကို အကျွမ်းတဝင်ရှိလျှင် ဖြစ်သည်။ ညဉ့်အချိန်၌မူ မဖြစ်နိုင်ပါ။

ညဉ့်အချိန် တစ်ခုတည်းသော ပြသနိုင်သည့် အရာတို့မှာ မီးအလင်းရောင်များသာ ဖြစ်သည်။ ငွေလထိန်ထိန်သာသည့် ညဉ့်မျိုးမှာဖြစ်သည်။ ကောင်းကင်ယံမှ ကြည့်သည့်အခါ ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်နိုင်သည်။ 'မန်ချက်စတာ'ကို ကြည့်ရသည်မှာ 'ဘာမင်ဟန်'နှင့် ကွဲပြားခြားနားသည်။ 'ဆောက်သမ်ပသန်'မှာ ၎င်း၏ ထုနှင့်ထည်နှင့် ဆိပ်ကမ်းတို့ ပုံစံကြောင့် မှတ်မိနိုင်သည်။ 'ဆိုလင့်'(Solent)မှာ မီးအလင်းရောင် ကော်ဇောတွင် အနက်ရောင်ဖြင့် (ပင်လယ်ပြင်မှာ အမြင့်မှကြည့်လျှင် အနက်ရောင်အဖြစ်သာ ပြသသည်။) ဖြတ်တောက်ခြင်း ခံထားရသည်။ ကျွန်တော့်အနေဖြင့် 'နော်ဝစ်(ချ်)'ကို ကောင်းကောင်းသိသည်။ ကျွန်တော့်အနေဖြင့် 'လိုဝက်(စ်)တော့(ဖ်)'(Lowestoft)မှ မဟာကွေ့ကောက် ဖောင်းကားနေသော 'နော်ဖော့(က်)'(Norfolk) ကမ်းရိုးတန်းကို အသိအမှတ်ပြု တွေ့ရှိနိုင်ခဲ့လျှင် 'ယာမောက်'(Yarmouth)ကို ဖြတ်သန်းကွေ့ဝိုက်၍ 'ခရိုမာ'ကို တွေ့ရှိခဲ့လျှင် ကျွန်တော့်အနေဖြင့် 'နော်ဝစ်(ချ်)'ကို တွေ့ရှိနိုင်သည်။ ၎င်းမှာ ကမ်းရိုးတန်းနေရာ အားလုံးမှာ အတွင်းကုန်းမြေ မိုင်နှစ်ဆယ်၌ တစ်ခုတည်းသော အဓိကကျသည့် မီးရောင်များ ပျံ့နှံ့ခြင်းဖြစ်သည်။ 'နော်ဝစ်(ချ်)'၏ မြောက်ဘက် ငါးမိုင်အကွာ၌ 'မာရီယမ်စိန့်ဂျော့'(Merriam St. George)၏ တိုက်လေယာဉ်ကွင်း ရှိသည်ကို ကျွန်တော်သိသည်။ ညဉ့်အချိန်၌ ၎င်း၏ မော့စ်သင်္ကေတမီးနီမှာ မှိတ်တုတ်ချည် လင်းတစ်လှည့် ဖြစ်နေမည်။ ထိုနေရာ အနိမ့်ပိုင်း၌ ကျွန်တော်က

www.burmeseclassic.com

တက်လိုက်၊ ဆင်းလိုက် လုပ်နေသည့် အသံကို သူတို့ကြား၍ လေယာဉ်ကွင်းမီးများဖွင့်ရန် အာရုံရခဲ့လျှင် ကျွန်တော့်အနေဖြင့် အန္တရာယ်ကင်းကင်း ဆင်းသက်နိုင်သည်။

ရှေ့တွင် ရောက်ရှိလာတော့မည့် ကမ်းရိုးတန်းဆီ ‘ဗင်ပိုင်ယာ’လေယာဉ်ကို ကျွန်တော်က ဖြည်းဖြည်းချင်း ဆင်းသက်စေခဲ့သည်။ လျှော့ချထားသည်။ အမြန်နှုန်းဖြင့် သတ်မှတ်သည့် အချိန်ထက် မည်မျှနောက်ကျရောက်ရှိမည်ကို ကျွန်တော့်စိတ်ကူးက အရှုးအမူး တွက်ဆနေခဲ့သည်။ ကျွန်တော့်လက်ပတ်နာရီက ပျံသန်းချိန် လေးဆယ့်သုံးမိနစ်ရှိပြီဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။ ‘နော်ဖော့(က်)’၏ ကမ်းရိုးတန်းက ကျွန်တော့်လေယာဉ်ဦးဖျား ရှေ့တစ်နေရာရာမှာ ရှိသည်။ အောက်ဘက် ငါးမိုင်တွင် ဖြစ်သည်။ ကျွန်တော်က တောက်ပသည့် ကောင်းကင်ယံတွင် ‘ဆလိုက်မီး’လို ဖြစ်နေသည့် လပြည့်ဝန်းကို မေ့မောကြည့်မိသည်။ သာနေသည့်လဝန်းကို ကျေးဇူးတင်မိသည်။

တိုက်လေယာဉ်က နော်ဖော့(က်)သို့ ရှေ့ရှုလွင့်မျောလာခဲ့စဉ် အထီးကျန်ဆန်မှုအသိက တင်းကျပ်သထက် တင်းကျပ်လာခဲ့သည်။ ‘လိုဝါဆက်ဇိုနီ’(Lower Saxony)ရှိ လေယာဉ်ကွင်းမှ ကျွန်တော်ပျံတက်လာစဉ် လုပနေသည်ဟု ထင်မြင်ခဲ့သော အရာရာတိုင်းမှာ ယခုအခါ အဆိုးဝါးဆုံးရန်သူများဟု ထင်မြင်ရသည်။ ကြယ်တို့က ချီးမွမ်းခံလောက်အောင် မတောက်ပတော့ပါ။ ထောင်ထားထကြွမှုဟု ကျွန်တော်တွေးတောမိခဲ့သည်။ အချိန်မဲ့ဝေးရာအရပ်သို့ တောက်ပမှုတို့က ခရီးဆန့်လျက်ရှိသည်။ အဆုံးမရှိသည့် အာကာသသို့ အတိုင်းအဆမရှိ ပျောက်ဆုံးလျက်ရှိသည်။ ညဥ့်ကောင်းကင်ယံမှာ ၎င်း၏ လေထုအထက် အပူချိန်ကို သတ်မှတ်ပြီး ဖြစ်သည်။ နေ့ရောညပါ မပြောင်းမလဲ သုညအမှတ်အောက် ၅၅ ဒီဂရီ ဖြစ်သည်။ ကျွန်တော့်စိတ်အစဉ်၌ အရိုးကွဲအောင် အေးသည့် အကန့်အသတ်မဲ့ အကျဉ်းစခန်းတစ်ခု ဖြစ်သည်။ အောက်ဘက်၌မူ အဆိုးတကာ့အဆိုးဆုံး မြောက်ပင်လယ်၏ ပြင်းထန်သည့် ရက်စက်ကြမ်းကြုတ်မှုက ရှိနေသည်။ ၎င်းက ကျွန်တော်နှင့် ကျွန်တော့်လေယာဉ်ကို ဝါးမျိုရန် စောင့်စားနေခဲ့သည်။ အနက်ရောင်ရေသချိုင်းတစ်ခုတွင် မကုန်ဆုံးနိုင်သည့် အချိန်တို့အတွက် မြှုပ်နှံပေလိမ့်မည်။ ထိုအရပ်၌ မည်သည့်အရာမျှ မရွေ့ရှားချေ။ ထပ်မံ၍လည်း မည်သည့်အရာမျှ ထာဝရ ရွေ့ရှားလိမ့်မည် မဟုတ်ချေ။ မည်သူမျှလည်း သိလိမ့်မည် မဟုတ်။

ပေ ၁၅၀၀၀ နှင့် ဦးစိုက်ဆင်းနေစဉ်မှာပင် ကျွန်တော့်အတွက် သစ်လွင်ပြီး နောက်ဆုံးရန်သူက နယ်ပယ်ထဲ စတင်ဝင်ရောက်လာကြောင်း သတိပြုမိသည်။ ကျွန်တော့်အောက် သုံးမိုင်တွင် နက်မှောင်သည့် မှင်အရောင် ပင်လယ်ပြင်က ရှိမနေပါ။ ရှေ့တစ်နေရာတွင်လည်း မှိတ်တုတ်မှိတ်တုတ် ကမ်းခြေမီးရောင်တို့၏ လည်ဆွဲတန်ဆာ မရှိပါ။ အဝေးတစ်နေရာ ဘယ်နှင့်ညာ၊ ရှေ့နှင့် သံသယဖြစ်ဖွယ် မရှိသည့် နောက်ဘက်တွင် ပြန့်ပြန့်ပြူးပြူးနှင့် အဆုံးမရှိသည့် အဖြူရောင်ပင်လယ်ပြင်တစ်ခုပေါ် လရောင်က ရောင်ပြန်ဟပ်လျက်ရှိ၏။ ပေတစ်ရာ၊ ပေနှစ်ရာထု ဖြစ်ကောင်းဖြစ်မည်။ သို့သော် လုံလောက်ပေသည်။ စကြာအာရုံအားလုံးကို ဖျက်ဆီးပစ်နိုင်လောက်အောင် လုံလောက်မှုရှိသည်။ ကျွန်တော့်ကို သတ်ဖြတ်ရန်လည်း လုံလောက်သည်။ ‘အရှေ့အင်ဂျလီယာ’မြူထုက ဝင်ရောက်လာခဲ့ပြီ။

ကျွန်တော့်အနေဖြင့် ဂျာမနီမှ အနောက်ဘက်သို့ ရှေ့ရှုပျံသန်းလာရာတွင် မိုးလေဝသပညာရှင်တို့ ကြိုတင်မမြင်နိုင်သည့် လေပြေလေးတစ်ခု ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။ ၎င်းက မြောက်ပင်လယ်မှ ‘နော်ဖော့(က်)’သို့ တိုက်ခတ်နေခဲ့ပြီ။ လွန်ခဲ့သောရက်အတွင်း ပြန့်ပြူးသည့် ‘အရှေ့အင်ဂျလီ ယာ’ဟင်းလင်းပြင်က လေနှင့် သုညအောက် အပူချိန်တို့ကြောင့် အေးခဲမာကျောလာခဲ့သည်။ ညနေခင်း ကာလအတွင်း မဆိုစလောက်ပူနွေးသည့် လေကြောင်းတစ်ခုက မြောက်ပင်လယ်မှ ‘အရှေ့အင်ဂျလီယာ’လွင်ပြင်များပေါ်သို့ ရွေ့ရှားခဲ့သည်။

ထိုအရပ်၌ ရေခဲတမျှအေးသည့် မြေထုနှင့် ထိတွေ့သည့်အခါ ပင်လယ်လေရှိ သန်းထောင်ပေါင်းများစွာသော မှုန်မွှားသည့် ရေငွေ့လေးများက ငွေ့ရည်ဖြစ်ခဲ့သည်။ ၎င်းတို့က မြူအမျိုးအစားအဖြစ် ဖွဲ့စည်းပြီး မိနစ်သုံးဆယ်ဆိုသည့် အချိန်အတိုင်းအတာတစ်ခုအတွင်း နိုင်ငံငါးခုကို မြင်ကွင်းဖျောက်ပျက်ပစ်ခဲ့သည်။ အနောက်

www.burmeseclassic.com

ဘက်သို့ မည်မျှကျယ်ပြန့်နေမည်ကို ကျွန်တော့်အနေဖြင့် မပြောနိုင်ပါ။ 'ဝက်(စ်)မစ်လင်း'(West Midland) ထိ၊ 'ပင်နိုင်း(စ်)'(Pennines)၏ အရှေ့တောင်ကုန်းငယ်များထိ ဖြစ်နေမလား။ အနောက်ဘက်သို့ ရှေးရှုရန် မြို့တို့ကို ဖြတ်ကျော်ပျံသန်းရမည်ကို မေးစရာမလိုချေ။ လေကြောင်းပျံသန်းရေး အကူအပံ့၊ သို့မဟုတ် ရေဒီယို စက်မပါရှိခဲ့လျှင် အကျွမ်းတဝင်မရှိ။ အဆန်းတကြယ်နိုင်ငံပေါ်၌ ကျွန်တော့်အနေဖြင့် လမ်းပျောက်သွားနိုင်သည်။ မေးစရာမလိုသည့် အချက်တစ်ခုမှာလည်း ဟော်လန်သို့ နောက်ကြောင်းပြန်၍ ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ဒတ်(ချ်)လေယာဉ်ကွင်းတစ်ခုခု၌ ဆင်းသက်ရန်ဖြစ်သည်။ ကျွန်တော့်မှာ လောင်စာဆီ မရှိတော့ပါ။ ကျွန်တော့်ကို ရှေ့ဆောင် လမ်းပြရန် မျက်လုံးများသက်သက် အားကိုးရုံမျှဖြင့်ဆိုလျှင် မေးစရာတစ်ခုသာ ရှိပေသည်။ 'မာရီယမ်စိန့်ကျော့'၌ ဆင်းသက်မည်လော။ သို့မဟုတ် 'နော်ဖော့(က်)'၏ မြို့တို့ဆိုင်းသည့် ရွှံ့နွံတောတစ်နေရာရာ 'ဗင်ပိုင်ယာ' အပျက်အစီးပုံတွေအကြားအသေခံမည်လား။

ပေ ၁၀၀၀၀ အမြင့်တွင် ဦးစိုက်ဆင်းနေမှုမှ ကျွန်တော်ရုန်းထွက်ပြီး အဖိုးတန် လောင်စာဆီကို ပိုသုံးကာ စွမ်းအင်ကို တိုးမြှင့်သည် ဆိုရုံမျှဖြင့် ပျံသန်းမှုကို ထိန်းထားခဲ့သည်။ ကျွန်တော့်လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်၍ သတ္တဝါတစ်ကောင် ဖြစ်နေသေးသည့် ဆာဂျင်'နောရစ်'၏ ညွှန်ကြားချက်များကို တစ်ကြိမ်ပြန်လည်သတိရမိခဲ့ပြန်သည်။

"ငါတို့အနေနဲ့ တိမ်ထုအထက်မှာ ထုံးထောင်းပျောက်နေပြီ ဆိုရင်တော့ လူကြီးမင်းတို့ ငါတို့လေယာဉ်ထဲက အရေးပေါ်လေထီးနဲ့ ခုန်ထွက်ဖို့ လိုအပ်ချက်ကို စဉ်းကိုစဉ်းစားရမယ်။ မစဉ်းစားရဘူးလား"

ဟုတ်ပါသည်။ ဆာဂျင် ကံအကြောင်း မလှသည်ကတော့ တစ်ယောက်မောင်း 'ဗန်ပိုင်ယာ'တိုက်လေယာဉ်တွင် 'မာတင်ဘေ ကာ'လွတ်ထုတ်နိုင်သည့် ထိုင်ခုံတပ်ဆင်မထားနိုင်ပါ။ ထိုသို့ လွတ်မြောက်ရန် ဖြစ်နိုင်ခြေ နည်းပါးလှသောကြောင့်လည်း ၎င်းမှာ အမည်ဆိုးဖြင့် ကျော်ကြားသည်။ အောင်မြင်သော အရွေးခံနှစ်ဦးတည်းမှာလည်း ထိုလုပ်ရပ်တွင် ခြေထောက်များ ဆုံးရှုံးခဲ့ရသည်။ ကံကောင်းသည့် အရာတစ်ခုကတော့ ယခုတိုင် ရှိပေသည်။ ဘာများပါလဲ ဆာဂျင်ကြီး။

"ငါတို့ရဲ့ ပထမဆုံး လုပ်ရှားချက်ကတော့ ငါတို့လေယာဉ်ကို ပင်လယ်ပြင်ဆီ ဦးတည်ဖို့ပါပဲ။ လူနေထူထပ်တဲ့ ဧရိယာအားလုံးကနေ အဝေးဆီကိုပါ"

မြို့ပြများဟု ဆိုလိုသလား ဆာဂျင်ကြီး။ ထိုအောက်အရပ်ရှိ ပြည်သူတို့က သူတို့တစ်တွေအတွက် ကျွန်တော်တို့ကို ပျံသန်းရန် ငွေကြေးပေးထားသည်။ ကြောက်မက်ဖွယ် မြည်ဟီးနေသော အလေးချိန် ဆယ်တန်ရှိ ရောမ သံမဏိပစ္စည်းကြီးကို 'ခရစ်စမတ် အကြိုညဉ့်'၌ သူတို့အပေါ် ကျရောက်စေရန် မဟုတ်ပါ။ အောက်တွင် ကလေးငယ်များလည်းရှိသည်။ ကျောင်း၊ ဆေးရုံ၊ အိမ်များ။ သင့်အနေဖြင့် မိမိလေယာဉ်ကို ပင်လယ်ပြင်ကျယ်ဆီ ဦးတည်ပါ။

လုပ်ထုံးလုပ်နည်းများက အားလုံး စီစဉ်ပြီးဖြစ်၏။ ပိုင်းလော့တစ်ယောက်အနေဖြင့် အချိန်တစ်နာရီထက်ပို၍ အသက်ရှည်ရှည်နေနိုင်ဖို့ မျှော်လင့်ချက်မှာ တစ်ရာပုံ တစ်ပုံထက် နည်းပါးသည်ကို သူတို့က မဖော်ပြကြပါ။ မြောက်ပင်လယ်အတွင်း ဆောင်းတစ်ညဉ့် မြုပ်ချည်၊ ပေါ်ချည်ဖြင့် အေးခဲနေသည့် မျက်နှာကို သုညအောက် အပူချိန်လေက ရိုက်ခတ်လျက်ရှိမည်။ အဝါရောင် သက်ကယ်အင်္ကျီတစ်ခု၏ ကူပံ့မှုဖြင့်သာ နှုတ်ခမ်း၊ မျက်ခုံး၊ နားတို့ကို ရေခဲလွှာက ဖုံးလွှမ်းလျက်ရှိမည်။ မိုင်သုံးရာအကွာ နွေးထွေးသည့် အခန်းများအတွင်း ခရစ်စမတ် ယမကာတို့ကို စုပ်ယူသောက်သုံးနေသူတို့က သူ၏ တည်ရှိရာကို မသိ။ လေ့ကျင့်သင်ကြားရေး ရုပ်ရှင်တို့တွင် ပျော်ရွှင်နေကြသူတို့၏ ပုံကို သူတို့က ပြသခဲ့ကြသည်။ ထိုသူတို့က ရေဒီယိုမှ ကြေညာရာတွင် သူတို့တတွေ အန္တရာယ်တွင်း သက်ဆင်းခဲ့ပြီး မိနစ်ပိုင်းအတွင်း မှာပင် ရဟတ်ယာဉ်မှ ဆယ်ယူခြင်း ခံခဲ့ရသည်။ အရာအားလုံးမှာ နွေးရာသီ ကြည်လင်နွေးထွေးသည့် နေ့တစ်နေ့ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်။)

**ဗန်းမော်ဇော်လှိုင်**



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....



■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ထိုပညာရပ်ဟာ ကိုယ့်ကို အကျိုးပေးနေတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ လုပ်ငန်းသစ်များ ညှိတယ်ဆိုပေမယ့်လည်း မဖြစ်မနေ လုပ်ရမယ်ဆိုရင်တော့ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မယ်။ လူငယ်လူရွယ်တွေအဖို့ အချစ်ရေး စန်းပွင့်တဲ့ အချိန်ဖြစ်တယ်။ စေ့စပ်မင်္ဂလာပွဲများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန်ဖြစ်တတ်တယ်။ အဖျော်အပါး မက်သူများအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာ၊ ခါးနာ၊ နှလုံး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညှို့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၄၃၊ ၈၅၊ ၁၃၊ ၁၁

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း LUX ဆပ်ပြာခဲပေါ်တွင် အမွှေးတိုင်ထွန်းပြီး ပူဇော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အလုပ်သစ်ပေါ် ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်အသစ်များ ပေါ် လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရ ခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဤကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက် လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသောစက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူ လိုက်ပါ။ လူမျိုးခြား ဘာသာခြားတွေ မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံ မှန်သမျှ အနိုင်ရမယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ ထီ၊ပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေး ထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုဟ်ရှင် (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်အိမ်ပိုင် ရနိုင်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိနေအိမ်တွင် ခေတ္တခဏထားခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့၌ အသင်္ချေ ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စီးပွားတက်ခြင်း၊ ပစ္စည်းဥစ္စာ အမွေအနှစ်များ ရရှိတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရမယ်။ ထီပေါက်သလို ငွေများ အစုလိုက် အပုံလိုက် ဝင်လာတတ်ပါတယ်။ ခရီးအကျိုးပေးသောကာလ ဖြစ်သောကြောင့် မကြာခဏ ခရီးသွားရပါလိမ့်မယ်။ အတူနေ မိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးကြုံရတတ်တယ်။ ကံကောင်းသောကာလ ဖြစ်ပေမယ့်လည်း ငွေနှင့်ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်နိုင်တယ်။ ကိုယ့်ဆီဝင်တဲ့ငွေတွေဟာ မတည်မမြဲ ဖြစ်တတ်ပါတယ်။ စာရွက်စာတမ်းကိစ္စနှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ အမှုထမ်း၊ အရာထမ်းတွေ ဖြစ်နေရင်တော့ မိမိကို ပစ်စာ၊ တိုင်စာ ရောက်ရှိလာတတ်ပါတယ်။ လက်ရှိအလုပ်အကိုင်ကို စိတ်မဝင်စားခြင်း၊ ပြောင်းလိုစိတ်ပေါ်ခြင်းမျိုး မကြာခဏ ဖြစ်ပေါ်လာတတ်တယ်။ မိမိအိမ်၏ အရှေ့အရပ်၊ အနောက်အရပ်မှာရှိသော ထီဆိုင်များတွင် ထီထိုးပေးပါ။ သင်သည် ယခုကာလတွင် ဝါခေါင်လ၊ ကဆုန်လနှင့် တန်ဆောင်မုန်းလများ ပါနေရင်တော့ ထိုလများမှာ ကျိန်းသေ ငွေဝင်ပါလိမ့်မယ်။ အပျို၊ လူပျိုတွေ အဖို့ ကြင်သူကြင်ဖက် တွေ့မယ့်ကာလဖြစ်ပါတယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့အထဲမှာ တနင်္လာသားသမီး၊ စနေသားသမီးတွေ ပါတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးအကြောနှင့် ပတ်သက်တာတွေ ဖြစ်တတ်တယ်။ သင်သည် မိန်းကလေး ဖြစ်နေရင်တော့ သွေးသားနဲ့ပတ်သက်တဲ့ ဝေဒနာ၊ အလုံးအကျိတ်ဖြစ်တဲ့ ဝေဒနာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကံ့ကော်(၂)ညွန့်၊ ဆီးညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကနက္ကဒန်ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၃၊ ၃၂

### အထူးသတိပြုရန်

ယခုကာလတွင် ခိုင်မာသော စီးပွားရေးတစ်ခု တည်ထောင်လိုက်ပါ။ လက်ရှိအခြေအနေမှ အဆပေါင်းများစွာ စီးပွားတက်လာလိမ့်မယ်။ အရက်သေစာ လုံးဝမသောက်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကျောက်ကျောနှစ်တုံးနှင့် နှမ်းကြီးသုပ် နှစ်ပွဲ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့နေပါတဲ့ယ်။ အညံ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလလေးပဲ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်၊ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်ပါတယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံ၌မွေးပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ဤကာလတွင် လက်ခံလိုက်လျှင် အလဟသ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတတ်တယ်၊ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းမစရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ငါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၊ ၁၄၊ ၂၃

### အထူးသတိပြုရန်

ယခုကာလတွင် ဓိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ရ၊ အိပ်လျှင် ကျန်းမာရေးချို့ချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ ခရီးများ သွားနေရမယ်။ သွားရတဲ့ခရီးတွေကလည်း သင့်အတွက် အကျိုးထူးစေတဲ့ခရီး ဖြစ်ပါတယ်။ မထင်မှတ်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူအဖို့ မိမိရဲ့အကြီးအကဲက မိမိကို ကူညီထောက်ပံ့မှုတွေ ပေးလိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ဌာနဆိုင်ရာ အကြီးအကဲက မိမိကို မျက်နှာသာပေးတဲ့အချိန် ဖြစ်ပါတယ်။ ကိုယ်ပိုင်စီးပွားရေးသမား ဆိုရင်တော့ ဒီကာလမှာ လုပ်ငန်းမချဲ့ပါနှင့်ဦး။ ငွေနှင့် ရင်းနှီးရတဲ့ အရင်းအနှီးမျိုးကိုလည်း မတိုးချဲ့သင့်ပါ။ လက်ရှိလုပ်ငန်းနဲ့ပဲ လည်ပတ်သင့်ပါတယ်။ သင်သည် ယောကျ်ားကလေးဖြစ်နေရင် ဒီကာလအတွင်းမှာ အိမ်ထောင်မပြုသင့်ပါ။ မိဘတွေနဲ့ အတိုက်အခံ ပြုရတတ်တယ်။ မိမိအိမ်ကို ကျန်းမာရေးညံ့နေတဲ့ သက်ကြီးရွယ်အိုတွေ လာတည်းရင် ကျန်းမာရေး ပိုညံ့သွားလိမ့်မယ်။ မိမိကိုယ်တိုင်လည်း မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ရေနွေးပူလောင်ခြင်း၊ မီးတပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၁၊ ၁၆၊ ၆၁၊ ၆၆

### အထူးသတိပြုရန်

ယခုကာလတွင် မိမိလက်ရှိလုပ်နေတဲ့ လုပ်ငန်းရဲ့ ဆိုင်းဘုတ်ကို မပြင်ရပါ။ ခရေစက်ချပြီး အလှူကြီး မလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

တနင်္ဂနွေနေ့နှင့် သောကြာနေ့များတွင် မိတ်သင်္ဂဟများကို အုန်းထမင်းချက်ပြီး ဒါနပြုပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်၊ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့် ဒီကာလမှာ ငွေအနည်းငယ် ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ပြန်ဝင်မယ်။ ခွဲခွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံတတ်တယ်။ အိမ်မှာ လူလွတ်များရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သားတွေ ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ နာရေးကိစ္စကိုအကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**အထူးသတိပြုရန်**

ယခုကာလတွင် မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

**ညံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

**ကံကောင်းသောနံပါတ်**

၂၄၊ ၄၂၊ ၄၆၊ ၆၄

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေ တွေ့ရတတ်တယ်။ အလုပ်တွေ အများကြီး လုပ်နေရတတ်တယ်။ နားချိန် မရလောက်အောင် အလုပ်ရှုပ်မယ်၊ လွန်စွာပင်ပန်းလိမ့်မယ်။ ထိုအလုပ်များ ကလည်း ကိုယ့်အတွက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ သင်သည် အမျိုးသားဖြစ်လျှင် ယခုကာလတွင် ပဋိပက္ခ ခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ် မျိုးပြတ် ဖြစ်ကုန်တတ်ပါတယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ သူခိုး,ခိုးခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

55၊ 52၊ 25၊ 22

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ပေါင်မုန့်(၂)ချပ်နှင့် နွားနို့(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီအချိန်ဟာ အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ စက်ပစ္စည်းအသစ်များ ဝင်တတ်ပါတယ်။ စိန်ထည်ပစ္စည်းလည်း ဝင်တတ်တယ်။ မိမိနေအိမ်ကို ဘေးမှာတိုးချဲ့ခြင်း၊ အခန်းဖွဲ့ခြင်း၊ အသေးစား ပြင်ဆင်မှုတွေ ပြုလုပ်ရတတ်ပါတယ်။ ယခုကာလတွင် မိမိပိုင်ပစ္စည်းတွေကို ထုခွဲရောင်းချပြီး လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ငွေတွေကလည်း ဝင်လာစရာရှိတာ မဝင်ဘဲနဲ့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတတ်ပါတယ်။ လုပ်ငန်းအသစ်ပြောင်းပြီးလုပ်ဖို့ စိတ်ကူးထားရင်တော့ ရေတိုလုပ်ငန်း ဒါမှမဟုတ် စပ်တူလုပ်ငန်းဆိုရင် အောင်မြင်မှု ရတတ်ပါတယ်။ ငယ်ရွယ်သူတွေအဖို့ ပညာရေးနဲ့ ပတ်သက်ပြီး အထစ်အငေါ့ ဖြစ်တတ်ပါတယ်။ မြေကိစ္စ၊ အမွေကိစ္စများကတော့ ယခုကာလတွင် ခွဲဝေခြင်း၊ အမှုဖြစ်ခြင်းမျိုး မပြုလုပ်ပါနှင့်။ မသွားချင်ဘဲနဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ ကားဖွတ်တိုက်မိတတ်တယ်။ ဘိုးတော်တု၊ ဆရာတုတွေ ရောက်လာတတ်တယ်။ သင်သည် အမျိုးသမီးဖြစ်လျှင်တော့ အစွပ်အစွဲတွေ ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကုက္ကားအဖြူ (၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC .com

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညံ့သောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၁၃၊ ၁၄၊ ၁၈၊ ၃၁၊ ၃၆

**အထူးသတိပြုရန်**

ယခုကာလတွင် အိမ်အနီးအနား၌ အိမ်အသစ်ဆောက်ခြင်း၊ သွားလာနေရင်း အိုးစည်ဗိုင်းများ တီးမှုတ်နေသော နိမိတ်တွေ [illegible] အကြံအစည်များ အောင်မြင်တတ်ပါတယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း [illegible] ထမင်းဆီဆမ်း ကပ်လှူပေးပါ။

www.burmeseclassic.com